# LIVING COLOR

စီးပွားရေး ကြော်ငြာနှင့်ဈေးဝယ်လမ်းညွှန် သတင်းမဂ္ဂဇင်း

No. 115, February, 2005



## ၂၀၀၄-မှတ်တိုင်များ

Cover: Maung Maung Zaw

## ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး၊
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

## (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊
(၂) တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊
(၃) ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊
(၄) နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊
(၅) နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စု တိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး၊

# နှစ်သစ်ကူးသဝဏ်လွှာ

ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသော နှစ်သစ်ကူး အခါသမယတွင် စာဖတ်သူများနှင့်တကွ ပြည်ထောင်စု မြန်မာနိုင်ငံသူ နိုင်ငံသားအပေါင်း ကိုယ်စိတ်နှလုံး သုံးပါးစလုံး ကြည်လင်ချမ်းမြေ့၍ တစ်ပြေးညီ မျှော်လင့်တောင့်တနေသော ဆန္ဒမွန်များအားလုံး ပြည့်ဝကြပါစေကြောင်း Living Color မဂ္ဂဇင်းမှ ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

## EDITORIAL

# မှတ်တိုင်များ

မှတ်တိုင်ဟူသော ဝေါဟာရကို မြန်မာအဘိဓာန်တွင် 'အများမြင်သိအောင် အမှတ်အသားတစ်စုံတစ်ရာ ရေးထိုး စိုက်ထူထားသောတိုင်' ဟု တိုက်ရိုက်အနက်ဖွင့်၍ 'အစဉ်သတိရဖွယ်ဖြစ်သော ထူးခြားသည့် အဖြစ်အပျက်' ဟု ဥပစာအဓိပ္ပာယ်ပေးထားသည်။ အင်္ဂလိပ်ဘာသာဖြင့်မူ Milestone ဟု တစ်လုံးတည်းညွှန်းဆို၍ အင်္ဂလိပ်-မြန်မာအဘိဓာန်အချို့တွင် 'သမိုင်းမှတ်တိုင်'၊ 'အရေးပါအရာရောက်သည့်အဖြစ်အပျက်' ဟု ဘာသာပြန်အနက်ပေးကြသည်။

လူသားတို့ဖြင့် ဖွဲ့တည်ထားသော လောကလူ့ဘောင်တွင် ရှိနေကြသည့်အတွက် လူသားတို့၏ ဖန်တီးမှုကြောင့် အဖြစ်အပျက်အရေးကိစ္စများစွာ ဖြစ်ပေါ်ခဲ့ ဖြစ်ပေါ်ဆဲ၊ ဖြစ်ပေါ်လာဦးမည် ဖြစ်ပေသည်။ စက္ကန့်နှင့်အမျှ အပြောင်းအလဲ လျင်မြန်လွန်းလှသည့် မျက်မှောက်ကာလတွင် အကြောင်းအရာအဖြစ်အပျက်များက အချိန်နှင့်အမျှ ဖြစ်ပေါ်နေပါသည်။ မိမိတို့ကျင်လည်ရာ လောကပတ်ဝန်းကျင်အလိုက် တခုတ်တရ မှတ်တမ်းတင် ကမ္ပည်းထိုးသင့်သည့် ကိစ္စရပ်များရှိသကဲ့သို့ လွယ်လွယ်ကူကူ မေ့ဖျောက်ပစ်လိုက်သည့် အရေးအရာများလည်း ရှိပါသည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် စာပေအနုပညာ စသဖြင့် ကဏ္ဍအသီးသီးအလိုက် အဆုံးအဖြတ်ပေးသူ၊ စီမံခန့်ခွဲသူနှင့် လူထုအပေါ် ဩဇာသက်ရောက်သူများအနေဖြင့် နေ့စဉ်နှင့်အမျှ အလုပ်တာဝန်များ ထမ်းဆောင်ရင်း မှတ်တိုင်များ စိုက်ထူနေကြသည်ဟုဆိုလျှင် မှားအံ့မထင်။ မှတ်တိုင်ဟုဆိုလိုက်သည်နှင့် ဝမ်းနည်းစရာ၊ ဝမ်းသာစရာ၊ လေးစားချီးကျူးစရာ၊ ရှုတ်ချအပြစ်တင်စရာ၊ ကြည်ညိုချစ်ခင်စရာ၊ စက်ဆုပ်မုန်းတီးစရာ၊ အံ့သြထိတ်လန့်ဖွယ်ရာ၊ ပြုံးပျော်ကြည်နူးဖွယ်ရာ အစုံစုံအကြောင်းကြောင်း ဖြစ်နိုင်ပေသည်။ များစွာ သေချာသောအချက်မှာ မှတ်တိုင်စိုက်ထူသူ လူပုဂ္ဂိုလ်အပေါ် မူတည်၍ လူထုအတွက် အကျိုးဖြစ်ထွန်းမှုနှင့် ဆုံးရှုံးနစ်နာမှု နှစ်ခုသာ ရှိမည်ဟု ယေဘုယျ ကောက်ချက်ချနိုင်ခြင်းပင်။

မှန်ပါသည်။ ကျွန်ုပ်တို့အပါအဝင် လူသားအားလုံးတို့အနေဖြင့် မိမိကျင်လည်ရာအသိုင်းအဝိုင်း နယ်ပယ်အပေါ် မူတည်၍ မှတ်တိုင်ကိုယ်စီ စိုက်ထူနေကြသူချည်း ဖြစ်ပါသည်။ စိုက်ထူသော မှတ်တိုင်တို့သည် ကာယကံရှင်တို့၏ အသိပညာ၊ အတ္တ၊ မာနနှင့် ခံယူချက်တို့အပေါ် မူတည်၍ ကွဲပြားခြားနားနိုင်ပါသည်။ ယင်းမှတ်တိုင်တို့ကိုလည်း သမိုင်းဟူသည့် အချိန်ရေစီးကြောင်းအလိုက် ပြည်သူလူထုက သုံးသပ်အကဲဖြတ်၍ မှတ်တမ်းတင် အမှတ်ပေးကြမည် ဖြစ်ပေသည်။

Living Color အနေဖြင့်လည်း မဂ္ဂဇင်း စတင်ထုတ်ဝေစဉ်ကာလမှ ယနေ့အချိန်အထိ နှစ်စဉ် ဖြစ်ပျက်ခဲ့သမျှ အကြောင်းအရာအရေးကိစ္စများကို ကဏ္ဍသုံးခုခွဲ၍ မှတ်တိုင်အဖြစ် အသိအမှတ်ပြု မှတ်တမ်းတင်လျက် ရှိပါသည်။ ထိုသို့ မှတ်တမ်းတင်ရာတွင်လည်း 'ဆန္ဒ'၊ 'မောဟ'၊ 'ဘယာ'၊ 'ဂတိ' ဟူသော အဂတိတရားလေးပါးကို ရှောင်၍ တတ်နိုင်သမျှ ဘက်လိုက်မှုကင်းကင်း ရွေးချယ်ကောက်နုတ်ဖော်ပြခြင်း ဖြစ်ပါသည်။ Living Color သည်လည်း ပြည်ထောင်စုမြန်မာနိုင်ငံသူ နိုင်ငံသားအားလုံးအတွက် မှတ်တိုင်စိုက်ထူနိုင်ရန် တတ်အားသရွေ့ ကြိုးစားအားထုတ်နေပါကြောင်း အလေးအနက် ဖော်ပြလိုပါသည်။

ကျွန်ုပ်တို့အပါအဝင် နယ်ပယ်အသီးသီးတွင် နိုင်ငံ့အကျိုးသယ်ပိုးနေသူများအားလုံးကိုလည်း သမိုင်းတွင် လေးစားချီးကျူးဖွယ်မှတ်တိုင်များ ကိုယ်စီ စိုက်ထူနိုင်ကြရန် အလေးအနက်ထား လုပ်ဆောင်သင့်ပါကြောင်း Living Color က တိုက်တွန်းလိုပါသည်။

**အယ်ဒီတာ**

၁၄-၁၂-၂၀၀၄

# လုပ်ငန်းမှတ်တမ်း


**Board of Editors**

Chief Editor – ကျော်မင်းဆွေ
Editor In Charge (Production) – မင်းဇင်
Editor In Charge (News) – ကျော်ကျော်အောင်
Senior Executive Editors – ကျော်နိုင်၊ မင်းနိုင်စိုး
Executive Editors – မျိုးညွန့်မောင်၊ အောင်ကျော်မင်း၊ နွေးအိငြိမ့်၊ ခိုင်ချိုဇော်ဝင်းတင်
Research & Development Editor – ဇင်ဇင်သော်
Chief Reporter – သောင်းထိုက်
Staff Reporters – ဆန်းဦး(စီးပွားပညာ)၊ စိုးယုဝေ၊ ထားထားမြင့်၊ ငြိမ်းအိ၊ ကေခိုင်ကျော်

**Art Director**

စိုးသော်တာ

**DTP Department**

Supervisor – မခိုင်
Staff Operators – မင်းမင်းသူ၊ ငုဝါခိုင်

**Accountant**

အေးအေးဆင့်

**Advertising Department**

General Manager – ဖေအောင်ဇင်
Manager (Marketing) – ကျော်သူမြင့်အောင်
Assistant Manager (Design & Planning) – ဇာနည်ဝင်း
Assistant Manager (Admin & Marketing) – စန်းသီတာ
Senior Marketing Assistants – စောဂေးနေထူး၊ စောဆာကီးလား
Marketing Assistants – ဖြူဖြူသီ၊ ယုဇနလွင်၊ စောမောင်မောင်လေး

**Printing House**

General Manager – ကျော်စိုး

**Production**

Manager – တင်ဝင်းထွဋ်

**Admin**

Office Superintendent – အောင်ကျော်ဆန်း
Assistant – မိုးကျော်လွင်

**Distribution Department**

သိန်းလွင်၊ စောကပေါ်ထူး

Cover Design – မောင်မောင်ဇော်
Color Seperation – Stars Colour
Cover Logo – အောင်မင်း၊ ဘငွေးကြည်၊ မြင့်မောင်ကျော်
Illustrator – soe thaw dar



**Publisher**

ဦးရဲနိုင်ဝင်း (မြ– ၃၇၅၅)
အမှတ် ၇၀(တ)၊ ငွေဝတ်မှုန်ရိပ်သာ
ရွှေတောင်ကြား၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။

**Printer**

ခိုင်သန်း၊ Living Color ပုံနှိပ်တိုက် (မြ–၀၆၃၄၈)
အမှတ် ၂၇၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်။

**Office**

အမှတ် ၃၈၊ (ပ–ထပ်၊ ယာ) မပိုလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်။
ရန်ကုန်။ ဖုန်း–၅၂၆၃၀၂၊ ၄၄၁၂၁၆၃၊ ဖက်စ်–၅၂၆၃၀၂

**E-mail**

Chief Editor - c-editor@myanmarpartners.com.mm
News Room - myanfo@myanmarpartners.com.mm
Marketing - paz@myanmarpartners.com.mm

**Web Site - www.foreverspace.com.mm**

Photographer – K.M.S (Super King), P.A.Z
B/W Film – PERFECT
Binding – သစ္စာ စာအုပ်ချုပ်

**Upper Myanmar Distributor**

ထွန်းဦးစာပေ၊ မန္တလေး။
Cover Permission – ၅၄၀၀၇၅၀၅၀၁
Circulation – ၁၀၀၀
Price – ၇၀၀ ကျပ်
Copyright – Living Color


**ကြော်ငြာနှင့် ဈေးဝယ်လမ်းညွှန်**


## ကျေးဇူးတင်လွှာ

ဤမဂ္ဂဇင်းပါ သတင်း၊ ဆောင်းပါးနှင့် ကုန်ဈေးနှုန်းများအတွက် အကူအညီပေးခဲ့ကြသော OK အီလက်ထရောနစ်၊ ဂမုန်းပွင့်ကုန်တိုက်၊ ကျောက်မြောင်းစတိုး၊ ဘုရင့်နောင်ကုန်စည်ဒိုင်၊ ရွှေအိုးဆန်ဆိုင် (သက်နှင်းကျွန်း)၊ ဦးဘစိန် အဆင့်မြင့် လျှပ်စစ်၊ ဒေါ်အေး အဆင့်မြင့်လျှပ်စစ်၊ Mr. Slim, Ever Fine, KMD Computer Center, Client Focus Technology Group, Bagan Cybertech, e-Empire၊ စာပေလောက(၃)တိုက်နှင့် ညောင်ပင်လေးဈေး၊ မင်္ဂလာဈေးမှ မိတ်ဆွေများ၊ စာရေးဆရာ၊ ပန်းချီဆရာ၊ ကာတွန်းဆရာ၊ ဒီဇိုင်းဆရာနှင့် မိတ်ဆွေသင်္ဂဟများ၊ ပုံနှိပ်၊ ဖလင်၊ စာအုပ်ချုပ်အဖွဲ့၊ ရောင်းဝယ်သူများ၊ ငှားရမ်းသူများ၊ ဖတ်ရှုအားပေးသူများနှင့် စာအုပ်ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ပါဝင်ကူညီသူအားလုံးကို Myanmar Partners Think Tank Group မှ ကျေးဇူးတင်ရှိပါသည်။

# မာတိကာ


၁ အယ်ဒီတာ့အာဘော်

၄ ယခုလ သတင်းအညွှန်း

၆ ယခုနှစ် စိတ်ကြိုက်ကုန်ပစ္စည်း

၇ ယခုနှစ် အကြိုက်ဆုံးကြော်ငြာ

၈ မြန်မာ့စီးပွားရေးသတင်း

၂၄ သတင်းဆောင်းပါး

၃၂ မျက်နှာဖုံးဆောင်းပါး
**၂၀၀၄ ခုနှစ် မှတ်တိုင်များ (၁)**
**နိုင်ငံရေး၊ စီးပွားရေး** အယ်ဒီတာအဖွဲ့

၃၄ **၂၀၀၄ ခုနှစ် မှတ်တိုင်များ (၂)**
**လူမှုရေး** အယ်ဒီတာအဖွဲ့

၆၂(၂၅) **၂၀၀၄ ခုနှစ် မှတ်တိုင်များ (၃)**
**စာပေ၊ အနုပညာ** အယ်ဒီတာအဖွဲ့

၆၄ ယနေ့စီးပွားရေးမြင်ကွင်း
**ပညာဒါနကျောင်းများနှင့် လူငယ်များ၏**
**လိုအပ်ချက်** ဘုန်းမြင့်ဦး

၆၆ **၂၀၀၄ ခုနှစ် မြန်မာ** ICT **ဈေးကွက်**
ကျော်နိုင်

၇၁ **၂၀၀၄ ဖြိုပြက်တုစလောင်းဈေးကွက်**
ကံရှင်

၇၄ **အနာဂတ်ဟောကိန်းစာအုပ်ငယ်များ**
**အနာဂတ်အရေးနှင့် အနာဂတ်ဈေးကွက်**
မင်းညိုစင်

၇၇ **ရန်ကုန် ကုန်စည်ဈေးကွက်** မင်းညွန့်(L.C)

၈၀ **ဈေးကွက်တစ်ရပ်ဖြစ်လာသော အသားအရေထိန်း**
**အလှကုန်ပစ္စည်းများ** ထားထားမြင့်

၈၄ မြန်မာ့စီးပွားရေးအမြင်
**စီးပွားရေးဖွံ့ဖြိုးမှုနှင့် အခြေခံလူမှုစီးပွား**
**အဆောက်အဦအဆင့်မြှင့်ရေးမူဝါဒ**
အံ့ဘွယ်မျိုး

၈၆ **မျိုးရိုးဗီဇပြုပြင်ထားသော သီးနှံတိရစ္ဆာန်များနှင့်**
**မီဒီယာများ၏ တာဝန်** မင်းနိုင်စိုး

၈၈ **ခဲဆိပ်အန္တရာယ်ကာကွယ်ရေး**
ဇော်ရဲနိုင် (YIT)

၉၂ **ပို့ကုန်တိုးချဲ့တင်ပို့ခြင်းနှင့် ပြည်တွင်းစီးပွားရေး**
**အဖွဲ့အစည်း** အဂ္ဂ

၉၄ ဈေးဝယ်လမ်းညွှန်

၉၆ ကာတွန်း
**ဒါရိုက်တာအောင်ကြူကြူ** စိုးသော်တာ

၁၁၀ ပညာရှင်စာတမ်း
**မြန်မာ့စတော့နှင့် ရှယ်ယာဈေးကွက်အလားအလာ**
ဒေါက်တာမောင်မောင်စိုး(ဘောဂဗေဒ)

၁၁၆ ၂၀၀၄ ခုနှစ်-ရက်စွဲမှတ်တမ်း

၁၃၀ ကုန်ဈေးနှုန်း

၁၃၇ တစ်ဦးတည်းကိုယ်စားလှယ်

၁၃၈ တွေ့ဆုံဆွေးနွေးမှုများ

၁၄၀ ကုမ္ပဏီနှင့် စက်မှုလက်မှုလုပ်ငန်းများမိတ်ဆက်
HEIN Engineering Group

၁၄၂ မြန်မာပြည်တွင်လုပ်သည်

၁၄၃ ဘယ်ပစ္စည်းဘာ့ကြောင့်

၁၄၇ အတွေးအမြင်
**ဗုဒ္ဓအလိုကျဘောဂဗေဒ** ကျော်ဝင်း

၁၅၁ **စီးပွားရေးလုပ်ငန်းသုံး ၃၆ ပါး**
**စစ်ဗျူဟာကျမ်း (၂၂)** လူထုစိန်ဝင်း

၁၅၄ **ကျွန်တော် ပန်းချီကုန်သည် (၂၇)**
ဦးလှဝင်း(လေသူရဲတစ်ဦး)

## NEWSMAKER OF THE MONTH

# ယခုလ သတင်းအညွန်း

'ယခုလ သတင်းအညွှန်း'ကဏ္ဍကို လတစ်လအတွင်း ဖြစ်ပေါ်ခဲ့သည့် ထူးခြားသည့် သတင်းတစ်ရပ်ကို ရည်ညွှန်းမှတ်တမ်းတင်သည့်ကဏ္ဍအဖြစ် ဖွင့်လှစ်ထားခြင်း ဖြစ်ပါသည်။ ဤကဏ္ဍကို လစဉ် ဖောင်ပိတ်ရက်ဖြစ်သော လ၏ ၂၅ ရက်ကို မှတည်၍ ရက်ပေါင်း ၃၀ အတွင်း မီဒီယာမျိုးစုံမှ ဖော်ပြခဲ့သော သတင်းများအနက်မှ အထူးခြားဆုံးသတင်းကို အယ်ဒီတာက စာဖတ်သူများအား သတိပြုမိစေလို၍ ဖော်ပြခြင်း ဖြစ်ပါသည်။ **အကြောင်းအရာ ရွေးချယ်သည့် မူဝါဒမှာ အယ်ဒီတာအဖွဲ့၏အာဘော် ဖြစ်ပြီး ဖော်ပြချက်များသည် မူလ သတင်းဇာစ်မြစ်၏ အာဘော်အတိုင်း ဖြစ်ပါသည်။**

> "...သူတို့အဆို နိုင်ငံရေးသမားပဲဖြစ်ဖြစ်၊ ဘယ်သူပဲဖြစ်ဖြစ် ဘယ်သူမှ ဥပဒေအထက်မှာ မရှိကြဘူးကွာ။ ပြစ်မှုဖြစ်ရင် ဥပဒေနဲ့အညီ အရေးယူ အပြစ်ပေးခံကြရမှာပဲ။ အရေးယူခဲ့တဲ့ဖြစ်စဉ်တွေလည်း ရှိခဲ့တာ မင်းတို့အမြင်ပဲ။ အခု ပြန်လွှတ်ပေးနေတဲ့ အကျဉ်းသားတွေဟာ အရင်က မလျော်မကန် ပြုခံခဲ့ရတယ်လို့ သုံးသပ်ရတဲ့သူတွေပဲလေ။ ဒါကြောင့် အရင်ကတည်းက ဥပဒေနဲ့အညီ မှန်မှန်ကန်ကန် အရေးယူ အပြစ်ပေးခံထားရတဲ့သူတွေ ဆိုရင်တော့ အခု လွှတ်တဲ့အထဲမှာ ပါမှာမဟုတ်ဘူးလို့ ထင်တယ်လေ။..."

၂၀၀၄ ခုနှစ် ဒီဇင်ဘာလ ၁၇ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၀ ရှိ ဆောင်းပါးရှင် ဟိန်းမြင့်၏ 'အငြိမ်းစားတို့စကားဝိုင်း(၂)' ဆောင်းပါးမှ ကောက်နုတ်ဖော်ပြထားခြင်း ဖြစ်ပါသည်။

## NEWSMAKER OF THE MONTH

# ယခုလ သတင်းအညွှန်း

'ယခုလ သတင်းအညွှန်း'ကဏ္ဍကို လတစ်လအတွင်း ဖြစ်ပေါ်ခဲ့သည့် ထူးခြားသည့်သတင်းတစ်ရပ်ကို ရည်ညွှန်းမှတ်တမ်းတင်သည့်ကဏ္ဍအဖြစ် ဖွင့်လှစ်ထားခြင်း ဖြစ်ပါသည်။ ဤကဏ္ဍကို လစဉ်ဖောင်ပိတ်ရက်ဖြစ်သော လ၏ ၂၅ ရက်ကို မူတည်၍ ရက်ပေါင်း ၃၀ အတွင်း မီဒီယာမျိုးစုံမှ ဖော်ပြခဲ့သော သတင်းများအနက်မှ အထူးခြားဆုံးသတင်းကို အယ်ဒီတာက စာဖတ်သူများအား သတိပြု မိစေလို၍ ဖော်ပြခြင်း ဖြစ်ပါသည်။ **အကြောင်းအရာရွေးချယ်သည့် မူဝါဒမှာ အယ်ဒီတာအဖွဲ့၏ အာဘော်ဖြစ်ပြီး ဖော်ပြချက်များသည် မူလသတင်းဇာစ်မြစ်၏ အာဘော်အတိုင်း ဖြစ်ပါသည်။**

စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာအစည်းအဝေးကြီးမှာ ဂျပန် နင်ဘုစုရှုဂိုဏ်း၏ အထောက်အပံ့အကူအညီမှာ အသုံးစရိတ်အားလုံး၏ ၁၀ ပုံ တစ်ပုံမျှသာ ရှိသည်။ သို့ဖြစ်ခြင်းကြောင့် နင်ဘုစုရှု၏ အထောက်အပံ့မပါသည့်အတွက် အစည်းအဝေးကြီးကို မည်သို့မျှ မထိခိုက်ကြောင်း ထင်ရှားသည်။

နင်ဘုစုရှုဂိုဏ်းဆရာတို့သည် မြန်မာဝန်ကြီးချုပ် အပြောင်းအလဲကို အကြောင်းပြကာ သူတို့ သဘောတူလက်မှတ်ထိုးထားခဲ့သော နားလည်မှုစာချွန်လွှာ MoU ကို ဖောက်ဖျက်ကာ အစည်းအဝေးမလုပ်တော့ကြောင်း ကြေညာခဲ့လေသည်။ ဖိတ်ကြားပြီးသောနိုင်ငံများမှ ဗုဒ္ဓဘာသာခေါင်းဆောင်များကိုလည်း အစည်းအဝေးဖျက်သိမ်းကြောင်း၊ Summit ကို ဆက်လုပ်လျှင် တရားမဝင်ကြောင်း ကြေညာခဲ့လေသည်။ နင်ဘုစုရှုသည် အသင်းအဖွဲ့သာ ဖြစ်သည်။ မြန်မာဘက်က အစိုးရကိုယ်တိုင် ဦးဆောင်ခြင်း ဖြစ်သည်။ နင်ဘုစုရှုကဲ့သို့ သာမန်အသင်းကလေးတစ်ခုက မည်သည့်အစိုးရကိုမျှ တုပြိုင်ကြေညာဆန့်ကျင်နိုင်ခြင်း၊ ဆန့်ကျင်နိုင်ခွင့်မရှိချေ။ နှစ်ဖက်လက်မှတ်ရေးထိုးထားသော သဘောတူညီချက်ကို ဖျက်သိမ်းလိုလျှင် နှစ်ဖက်သဘောတူညီချက်ဖြင့်သာ ဖျက်သိမ်းရမည်။ နင်ဘုစုရှုတို့က ဖျက်သိမ်းသွားခဲ့သော်လည်း မြန်မာအစိုးရက မဖျက်သိမ်းလျှင် သူတို့ ဘာများ လုပ်နိုင်ပါအံ့နည်း။ နင်ဘုစုရှုတို့ အထောက်အပံ့မှ ရုပ်သိမ်းသွားသော ၁၇ နိုင်ငံကို မြန်မာအစိုးရက တာဝန်ယူထောက်ပံ့လျှင်ရော နင်ဘုစုရှုတို့ ဘာများ လုပ်နိုင်ပါတော့မည်နည်း။ ကန့်ကွက်ပိုင်ခွင့်ရော ရှိပါရဲ့လား။ World Buddhist Summit ဆိုသော စကားကလည်း နင်ဘုစုရှုတို့ ကမ္ဘာ့တရားရုံးတစ်ခုခုမှာ မှတ်ပုံတင် အပိုင်ယူထားသောစာလုံး မဟုတ်ပေ။ ကမ္ဘာ့ဘုံဆိုင် စကားလုံးသာ ဖြစ်သည်။ **နိုဝင်ဘာလ ၃၀ ရက်မှ စတင်၍ World Buddhist Summit ကို လုမ္ဗိနီမှာ ကျင်းပလျက် ရှိသည်။ မြန်မာကိုယ်စားလှယ်အဖွဲ့လည်း တက်ရောက်လျက် ရှိသည်။ နင်ဘုစုရှုတို့အနေဖြင့် ဘာမျှ ပြောပိုင်ခွင့်မရှိပါ။**


၂၀၀၄ ခုနှစ် ဒီဇင်ဘာလ ၃ ရက်နေ့ထုတ် နိုင်ငံပိုင် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၀ နှင့် ကြေးမုံသတင်းစာ စာမျက်နှာ ၆ တွင် ပါရှိသော ဆောင်းပါးရှင် သီတဂူဆရာတော်၏ 'ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်တန်းခေါင်းဆောင်များ၏ အစည်းအဝေးကြီး The World Buddhist Summit ဘူမိနက်သန် နေရာမှန်' ဆောင်းပါးမှ ကောက်နုတ်ဖော်ပြထားခြင်း ဖြစ်ပါသည်။

## PRODUCT OF THE YEAR

# ယခုနှစ် စိတ်ကြိုက်ကုန်ပစ္စည်း

ယခုနှစ် စိတ်ကြိုက်ကုန်ပစ္စည်းအဖြစ် အမေရိကန်သံရုံး ပြည်သူ့ရေးရာနှင့် ပြန်ကြားရေးဌာနမှ ၂၀၀၄ ခုနှစ် အောက်တိုဘာလတွင် ထုတ်ဝေသည့် 'လက်ဇပ်ကားနှင့် သံလွင်ပင်' စာအုပ်ကို ရွေးချယ်လိုက်ပါသည်။ ယင်းစာအုပ်သည် ပူလစ်ဇာဆု နှစ်ဆုရ ကမ္ဘာကျော် သတင်းစာဆရာ Thomas L.Friedman ရေးသားသည့် The Lexus and the Olive Tree စာအုပ်ကို မောင်စူးစမ်းက ဘာသာပြန်ထားခြင်း ဖြစ်သည်။ မြန်မာဘာသာပြန်တွင် မူရင်းစာရေးသူ သတင်းစာဆရာ၏ အလွန်သွက်လက်ထိမိလှသော အရေးအသားအတိုင်း မတွေ့ရသော်လည်း ဂလိုဘယ်လိုက်ဇေးရှင်း၏ အားသာချက်များ၊ စိန်ခေါ်မှုများကို လေ့လာသိရှိလိုသူများအတွက် အထူးအကျိုးရှိမည့် စာအုပ် ဖြစ်သည်။ ဂလိုဘယ်လိုက်ဇေးရှင်းနှင့် ပတ်သက်၍ ထွက်ရှိသမျှ စာအုပ်များတွင် ထင်ရှားကျော်ကြားမှု အရှိဆုံး၊ စောင်ရေအများဆုံး၊ သက်ဆိုင်ရာ မိခင်ဘာသာများသို့ ဘာသာပြန်ဆိုမှု အများဆုံး စာအုပ်တစ်အုပ် ဖြစ်ခြင်း၊ ရာစုသစ်၏ လျင်မြန်လှသော အပြောင်းအလဲများ၊ အနာဂတ်ကာလတွင် မဖြစ်မနေ သင်ကြားတတ်မြောက် ရတော့မည့် အထူးပြု ကျွမ်းကျင်မှုအရည်အချင်းများကို ကွက်ကွက်ကွင်းကွင်း မြင်လာစေရန် ရေးသားထားနိုင်ခြင်း၊ စာအုပ်ပါ အခန်းတစ်ခန်းဖတ်ပြီးတိုင်း မိမိနှင့် မိမိပတ်ဝန်းကျင်၏ လက်ရှိသွားနေသော အရှိန်နှုန်းအပေါ် အားမလို အားမရဖြစ်လာစေခြင်း စသော ခံစားချက်နှင့် အတွေးသစ်တို့ကို ပေးစွမ်းနိုင်ခြင်း၊ အထူးသဖြင့် အနာဂတ်နိုင်ငံ၏ အကျိုးကို အမှန်တကယ် သယ်ပိုးထမ်းရွက်လိုစိတ်ရှိသူတိုင်း မဖြစ်မနေ ဖတ်ရှုသင့်သောစာအုပ်ဖြစ်ခြင်းတို့ကြောင့် ယခုကဲ့သို့ ရွေးချယ်ရခြင်း ဖြစ်ပါသည်။

**အယ်ဒီတာ**



# ADVERTISEMENT OF THE YEAR

# ယခုနှစ် အကြိုက်ဆုံးကြော်ငြာ

ယခုနှစ်အကြိုက်ဆုံးကြော်ငြာအဖြစ် ၂၀၀၄ ခုနှစ် မေလအတွင်း ထုတ်ဝေသော မြန်မာမဂ္ဂဇင်းနှင့် ဂျာနယ်အချို့တွင် ပါရှိသည့် APPETON ကလေးအားဆေးကြော်ငြာကို ရွေးချယ်လိုက်ပါသည်။ အားဆေးကြောင့် ဖွံ့ဖြိုးကျန်းမာ ... ဗွန်းခက်ရင်းတပြင်ပြင်ဖြင့် စားချင်သောက်ချင်စိတ် ပြင်းပြနေသော ကလေးငယ်တစ်ဦးအား သစ်ပင်ပေါ်မှ ဆင်ကြီးက ကြောက်ရွံ့ထိတ်လန့်သောအသွင်ဖြင့် ကြည့်နေသည်ကို ဆေးရောင်စုံ ရုပ်ကြွကာတွန်းဖြင့် သရုပ်ဖော်ထားခြင်း ဖြစ်သည်။ အားဆေး၏ အာနိသင်ထက်မြက်မှုကို ထင်ရှားပေါ်လွင်စေရန် ဟာသရသမြောက်သော ကာတွန်းလက်ရာဖြင့် ထိထိမိမိ တင်ပြနိုင်သည့်အပြင် ရှင်းလင်းထိရောက်၍ လိုက်ဖက်ညီသောပုံစာဖြင့် ဆိုလိုရင်းအဓိပ္ပာယ်ကို ချက်ချင်းသဘောပေါက် ပေါ်လွင်နိုင်ခြင်းကြောင့် ယခုကဲ့သို့ ရွေးချယ်ရခြင်း ဖြစ်ပါသည်။ အဆိုပါကြော်ငြာအပါအဝင် ယခုနှစ်အတွင်းရှိ APPETON မှ ကြော်ငြာများအားလုံး ဆွဲဆောင်မှုရှိသည်ကိုလည်း တွေ့ရသည်။

| | | |
|---|---|---|
| စိတ်ကူးနှင့် Idea | – | Naga DDB (Malaysia) |
| စာသား | – | Zaw Zaw (Future Com. Advertising) |
| ကာတွန်းဆွဲသူ | – | Naga DDB (Malaysia) |
| စီစဉ်သောအဖွဲ့အမည် | – | Future Com. Advertising |

**အယ်ဒီတာ**



# မြန်မာ့စီးပွားရေးသတင်း

**B U S I N E S S N E W S**

အမှတ် ၁၁၅ ၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီလ

## အမျိုးသားအဆင့် ဇီဝလုံခြုံမှုအဖွဲ့ ဖွဲ့စည်း

**ရန်ကုန်၊ ဒီဇင်ဘာ ၅**

မြန်မာနိုင်ငံ၏ မူရင်းသဘာဝမျိုးကွဲများ ပျက်စီးမှုမှကာကွယ်ရန်နှင့် ကျန်းမာရေးအတွက် လုံခြုံစိတ်ချရသော ရိက္ခာထုတ်လုပ်ရန် ရည်ရွယ်၍ ကုလသမဂ္ဂ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ်၊ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းထောက်ပံ့ရေးအဖွဲ့နှင့် စိုက်ပျိုးရေးစီမံကိန်းအဖွဲ့တို့မှ ညှိနှိုင်းပူးပေါင်း၍ ရေးဆွဲသော မြန်မာနိုင်ငံ အမျိုးသားအဆင့်ဇီဝလုံခြုံမှု မူဘောင်ရေးဆွဲရေးစီမံကိန်းအရ အမျိုးသားပူးပေါင်းဆောင်ရွက်မှု ညှိနှိုင်းရေးကော်မတီကို ဖွဲ့စည်းပြီးဖြစ်ကြောင်း ဇီဝနည်းပညာဌာနမှ ဒီဇင်ဘာလအတွင်း ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါအဖွဲ့ကို ဝန်ကြီးဌာနများ၊ ဦးစီးဌာနများနှင့် ပူးပေါင်းဖွဲ့စည်းခဲ့ပြီး စီမံကိန်းပထမအဆင့်ကို ၂၀၀၄ ခုနှစ် ဇွန်လမှ နိုဝင်ဘာလအထိ သတ်မှတ်၍ ဒုတိယအဆင့်ကို ၂၀၀၄ ခုနှစ် ဒီဇင်ဘာလမှ ၂၀၀၅ ခုနှစ် နိုဝင်ဘာလအထိ သတ်မှတ်ကာ စုစုပေါင်း ၁၈ လကြာမြင့်မည် ဖြစ်သည်။ စီမံကိန်းကာလ ဒုတိယအဆင့်တွင် မြန်မာနိုင်ငံ ဇီဝနည်းပညာအသုံးချမှု အခြေအနေ၊ GMO နှင့် ဇီဝနည်းပညာလုပ်ငန်းဆိုင်ရာ တည်ဆဲဥပဒေ၊ ညွှန်ကြားချက်များ၊ GMO သုံးစွဲခြင်း၊ GMO ဆိုင်ရာ ထွက်ကုန်များ ရောင်းဝယ်ခြင်းနှင့် ကြုံတွေ့ရသော အခြေအနေများကို သိရှိစေရန် စာရင်းကောက်ယူပြုစုခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်မည်ဖြစ်ကြောင်း ယင်းထုတ်ပြန်ချက်က ဆိုသည်။

အဆိုပါအဖွဲ့အစည်း ဖွဲ့စည်းရန် ပြင်ဆင်နေကြောင်းကို စက်တင်ဘာလ ၂၄ ရက်နေ့က လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၌ ကျင်းပသော မျိုးရိုးဗီဇ ပြုပြင်ထားသော သီးနှံများနှင့် ပတ်သက်သော အလုပ်ရုံဆွေးနွေးပွဲတွင် [သတင်းဖော်ပြပြီး The Voice Weekly Vol 1/ No.8] စိုက်ပျိုးရေးပညာရှင်များက ဆွေးနွေးခဲ့ကြသည်။

## ကလေးတိုင်းတွင် အခွင့်အရေးရှိ

**ရန်ကုန်၊ နိုဝင်ဘာ ၁၇** **Ms.Carroll Long**

မြန်မာနိုင်ငံအပါအဝင် ကမ္ဘာအရပ်ရပ်မှ ကလေးတိုင်းသည် တုန့်နိုင်း၍ မရသူများဖြစ်ပြီး ကလေးတိုင်းတွင် အခွင့်အရေးများရှိကြောင်း မြန်မာနိုင်ငံဆိုင်ရာ UNICEF ဌာနေကိုယ်စားလှယ် Ms.Carroll Long က နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ထုတ်ဖော်ပြောကြားသည်။

ထိုနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ လသာမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း မြည်ီလာခန်းမတွင် ကျင်းပသည့် ကလေးသူငယ်အခွင့်အရေးများနေ့ အခမ်းအနားတွင် သူမက အထက်ပါအတိုင်း ပြောကြားလိုက်ခြင်း ဖြစ်သည်။

ကလေးများ၏ ထင်မြင်ယူဆချက်များကို ပြောဆိုခွင့်ရှိကြောင်း၊ ကလေးများ၏ စိတ်ကူးထင်မြင်ချက်များကို အရေးတယူလက်ခံရမည်ဖြစ်ကြောင်း၊ မိမိတို့၏ အခွင့်အရေးများနှင့် အခြား အရေးကြီးသည့် အကြောင်းအရာများကိုလည်း သိခွင့် နားလည်ခွင့်ရှိကြကြောင်း ၎င်းက ဆိုသည်။

ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF)၊ ကလေးဗဟိုပြုကွန်ရက်အဖွဲ့ (CFN) နှင့် ကလေးများကို ဦးတည်၍ ဖွဲ့စည်းထားသော NGO အဖွဲ့အစည်းများ ပူးပေါင်းကျင်းပသည့် အဆိုပါ အခမ်းအနားသို့ ရန်ကုန်နှင့် မန္တလေးမြို့

များမှ မိဘမဲ့ကလေးငယ်ပေါင်း ၁၇၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

မြန်မာနိုင်ငံ၌ ကလေးသူငယ်များအခွင့်အရေးနေ့ အခမ်းအနားများကို ကျင်းပလာခဲ့သည်မှာ ယခုနှစ်သည် (၅) ကြိမ်မြောက်ဖြစ်ကြောင်း၊ တစ်ချိန်က ရက်ရွံ့အားငယ်နေခဲ့သော အဆိုပါ ကလေးသူငယ်များသည် ယခုကဲ့သို့ တွေ့ဆုံပွဲများ၊ အခမ်းအနားများ မကြာခဏ ကျင်းပပေးခြင်းအားဖြင့် ဘဝတူအချင်းချင်း တွေ့ဆုံရင်းနှီးမှုရကြရုံမက ပရိသတ်ရှေ့သို့ပင်ထွက်၍ စကားပြောဆိုရဲသည့်သတ္တိများ ရှိလာကြသည်ကို တွေ့ရကြောင်း ကလေးသူငယ်များအား စောင့်ရှောက်ပေးလျက်ရှိသော နိုင်ငံတကာ NGO အဖွဲ့အစည်းတစ်ခုဖြစ်သည့် World Vision မှ Communication Officer ဒေါ်ဂျူိုင်းစ်လှကျော်က သုံးသပ်ပြောကြားသည်။

# လူမှုရေးအကျိုးပြုလုပ်ငန်းများ လုပ်ဆောင်ရန် ဂျပန်နိုင်ငံမှ ကန်ဒေါ်လာတစ်သိန်းကျော် အကူအညီပေးမည်ဟုဆို

**ရန်ကုန်၊ နိုဝင်ဘာ ၂၅**

ဂျပန်နိုင်ငံ၏ Grassroots Grant Assistance Program အရ မြန်မာနိုင်ငံတွင် လူမှုရေးအကျိုးပြုစီမံကိန်းလေးခု လုပ်ဆောင်ရန်အတွက် အမေရိကန်ဒေါ်လာ ၁၉၇,၁၉၃ တန်ဖိုးရှိသော အကူအညီများပေးအပ်ရန် သဘောတူ ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း နိုဝင်ဘာလနှောင်းပိုင်းအတွင်း ဂျပန်သံရုံး၏ ထုတ်ပြန်ကြေညာချက်အရ သိရသည်။

အဆိုပါသဘောတူညီမှုအရ ဆောင်ရွက်မည့်အစီအစဉ်များနှင့် ခွင့်ပြုထားသော တန်ဖိုးများမှာ ရန်ကုန်မြို့တွင် သက်ကြီးရွယ်အိုများအတွက် အရိုး၊ အကြော၊ အဆစ်ဆိုင်ရာ လေ့ကျင့်မှုကိရိယာများပါဝင်သော ရိပ်သာတစ်ခု တည်ထောင်ရန်အတွက် အမေရိကန်ဒေါ်လာ ၇၀,၁၄၂ ခန့်၊ ရန်ကုန်မြို့၏ အနောက်မြောက်ဘက် ၂၂၀ ကီလိုမီတာအကွာရှိသော ညောင်စာရေးကျေးရွာတွင် ကျောင်းဆောက်လုပ်ရန်အတွက် အမေရိကန်ဒေါ်လာ ၅၉,၂၇၃ ခန့်၊ မြန်မာ–တရုတ်နယ်စပ်မြို့ တစ်မြို့ဖြစ်သော မူဆယ်မြို့တွင် ရေသိုလှောင်ကန်တစ်ခု တည်ဆောက်ရန်အတွက် ကန်ဒေါ်လာ ၁၁,၉၃၀ ခန့်၊ ရန်ကုန်မြစ်တစ်ဖက်ကမ်း ဒလမြို့နယ်တွင် မူလတန်းကျောင်းတစ်ကျောင်း ဆောက်လုပ်ရန်အတွက် ကန်ဒေါ်လာ ၅၅,၈၄၈ ခန့်တို့ဖြစ်ကြောင်း ယင်းထုတ်ပြန်ချက်တွင် ဖော်ပြပါရှိသည်။

# စင်ကာပူဆေးရုံနှစ်ရုံ မြန်မာဈေးကွက်သို့ တစ်ပြိုင်တည်း ဝင်ရောက်

**ရန်ကုန်၊ ဒီဇင်ဘာ ၁၈**

စင်ကာပူအစိုးရဆေးရုံတစ်ခုဖြစ်သော Tan Tock Seng ဆေးရုံနှင့် ပုဂ္ဂလိကဆေးရုံတစ်ခုဖြစ်သည့် Mount Alvernia ဆေးရုံနှစ်ရုံသည် ဒီဇင်ဘာလ ၁၈ ရက်နေ့က မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမဆောင်တွင် ဆေးဘက်ဆိုင်ရာဟောပြောပွဲများပြုလုပ်၍ မြန်မာဆရာဝန်များနှင့် မိတ်ဆက်ကာ မြန်မာ နိုင်ငံခြားဆေးရုံဈေးကွက်သို့ တစ်ပြိုင်တည်းဝင်ရောက်လာကြသည်ကို တွေ့ရသည်။

နိုင်ငံတကာမှ စင်ကာပူသို့ လာရောက်ဆေးကုသသူများအတွက် စီစဉ်ဆောင်ရွက်ပေးနေသော Singapore Medicine အဖွဲ့ လက်အောက်ရှိ အဆိုပါဆေးရုံနှစ်ရုံ၏ အတိုင်ပင်ခံရုံးခွဲအဖြစ် ရန်ကုန်အခြေစိုက် စင်ကာပူကုမ္ပဏီ Tour Asia World Wide မှ တာဝန်ယူဆောင်ရွက်ပေးသွားမည်ဟု Tour Asia World Wide ၏ မန်နေဂျာ ဒေါ်ဖြူဖြူအောင်က ပြောကြားသည်။

မြန်မာနိုင်ငံတွင် စင်ကာပူဆေးရုံနှစ်ရုံနှင့် ထိုင်းနိုင်ငံမှ ဆေးရုံရုံးခွဲများ ရှိနှင့်ပြီးဖြစ်သော်လည်း လူဦးရေ ၅၃ သန်းကျော်ရှိသော မြန်မာနိုင်ငံအတွက် မိမိတို့နောက်ကျခြင်းမရှိသေးပါဟု Tan Tock Seng ဆေးရုံ၏ Business Manager မစ္စတာဒေးဗစ်လီက ဆိုသည်။

စင်ကာပူနိုင်ငံ၏ ရုံးသုံးဘာသာစကားမှာ အင်္ဂလိပ်ဘာသာစကားဖြစ်ပြီး နိုင်ငံသားအများစုမှာ အင်္ဂလိပ်စကားကျွမ်းကျင်စွာ ပြောတတ်သဖြင့် မြန်မာလူနာများနှင့် အဆင်ပြေနိုင်ကြောင်း၊ လူနာများ ဗီဇာအမြန်ဆုံး ရရှိနိုင်ရေးအတွက် မြန်မာနိုင်ငံရှိ စင်ကာပူသံရုံးကို အကူအညီတောင်းခံသွားမည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်း ပြောကြားသည်။

စင်ကာပူကျန်းမာရေးဈေးကွက်သည် မြန်မာနိုင်ငံအပါအဝင် အာရှနိုင်ငံအတော်များများသို့ ရောက်ရှိနေပြီး Singapore Medicine အဖွဲ့၏အဆိုအရ နှစ်စဉ်စင်ကာပူနိုင်ငံသို့ နိုင်ငံတကာမှ ဆေးလာရောက်ကုသသူ လူနာပေါင်း ၂၀၀,၀၀၀ ခန့် ရှိသည်ဟု သိရှိရသည်။

■

# မြန်မာ့သလေးဆန် ပါကစ္စတန်နိုင်ငံမှ ဝယ်ယူရန် ကမ်းလှမ်း

**ရန်ကုန်၊ ဒီဇင်ဘာ ၄**

မြန်မာ့မျိုးရင်းဆန်တစ်မျိုးဖြစ်သည့် သလေးဆန်ကို ပါကစ္စတန်နိုင်ငံမှ ဝယ်ယူရန် ကမ်းလှမ်းထားကြောင်း မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များ အသင်းမှ အမှုဆောင် ဦးချစ်ကိုကိုက Living Color သို့ ပြောကြားသည်။

ယခင်က သလေးဆန်၏အမည်ကို ဇာတ်နိပါတ်တော်တွင်သာ ကြားဖူးကြသော်လည်း ယခုအခါ သလေးဆန်ကို Royal Rice အမည်ဖြင့် ပလတ်စတစ်အိတ်နှင့် ပါကင်ထုပ်ပိုးပြီး ဈေးကွက်ကို တင်ပို့လာသည်ဟု ၎င်းက ထပ်လောင်းပြောကြားသည်။ သလေးဆန်ကို စစ်ကိုင်းတိုင်း ဖောင်းပြင်မြို့နယ်၌သာ အနည်းအကျဉ်း စိုက်ပျိုးသည်။

၂၀၀၂–၂၀၀၃ ခုနှစ် စာရင်းအရ ပြည်တွင်းထွက် ဆန်များကို နိုင်ငံပေါင်း ၂၁ နိုင်ငံသို့ ဆန်မက်ထရစ်တန်ချိန် ၄၅၅,၀၀၀ ခန့် တင်ပို့ရောင်းချခဲ့ရသည်ဟု မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးမှ ထုတ်ပြန်သော စာရင်းဇယားများအရ သိရသည်။

# မြန်မာနိုင်ငံတွင် AIDS ဝေဒနာရှင် နိုင်ငံတကာမှ ခန့်မှန်းသလောက် မရှိနိုင်

**ဒေါက်တာခင်ဥမ္မာစံ**

**ရန်ကုန်၊ ဒီဇင်ဘာ ၄**

နိုင်ငံတကာမှ ခန့်မှန်းနေသကဲ့သို့ မြန်မာနိုင်ငံတွင် HIV/AIDS ဝေဒနာရှင် ခြောက်သိန်းခန့် မရှိနိုင်ကြောင်း အမျိုးသား အေအိုင်ဒီအက်စ်တိုက်ဖျက်ရေးအစီအစဉ်မှ ဒေါက်တာခင်ဥမ္မာစံက မြန်မာနိုင်ငံ ဆရာဝန်အသင်းတွင် ဒီဇင်ဘာလ ၄ ရက်နေ့က ပြုလုပ်သော ကမ္ဘာ AIDS နေ့အခမ်းအနား၌ ပြောကြားသည်။

အမျိုးသား AIDS တိုက်ဖျက်ရေး အစီအစဉ်၏ စာရင်းများအရ မြန်မာနိုင်ငံတွင် ၂၀၀၄ ခုနှစ် ဇွန်လ ၃၀ ရက်နေ့အထိ HIV/AIDS ဝေဒနာရှင် ၃၃၈,၉၂၁ ဦးသာ ရှိကြောင်း ၎င်းက ဆိုသည်။

မြန်မာနိုင်ငံတွင်လည်း ကမ္ဘာ့နိုင်ငံများကဲ့သို့ HIV ပိုး ကူးစက်ခံရသူမှာ အမျိုးသမီးများ ပိုမိုများပြားလာကြောင်းနှင့် အသက် ၂၅ နှစ်ဝန်းကျင်တွင် အများဆုံး တွေ့ရကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

မြန်မာနိုင်ငံ၌ နယ်စပ်ဒေသများဖြစ်သော တနင်္သာရီနှင့် ရှမ်းပြည်နယ်တို့တွင် HIV ပိုး ကူးစက်ခံရသူ အများဆုံးဖြစ်ပြီး ရန်ကုန်သည်လည်း အဖြစ်များဆုံးနေရာတစ်ခုဖြစ်ကြောင်း အမျိုးသား အေအိုင်ဒီအက်စ် တိုက်ဖျက်ရေးအဖွဲ့၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။ ■

# ပြည်တွင်းထုတ် အိမ်သုံးဆေးဝါးများ ဈေးကွက်မတွင်ကျယ်

**ဒေါ်စန်းစန်းရီ**

**ရန်ကုန်၊ ဒီဇင်ဘာ ၄**

ကျန်းမာရေးဝန်ကြီးဌာနတွင် မှတ်ပုံတင်ထားသည့် ပြည်တွင်းထုတ် အိမ်သုံးဆေးဝါးများသည် ကြော်ငြာအားနည်းမှုကြောင့် ပြည်တွင်းပြည်ပဈေးကွက်ကို ထင်သလောက် မတိုးနိုင်ကြောင်းကို CREDIT Co., Ltd. မှ ဒေါ်စန်းစန်းရီက ပြောကြားသည်။

ပြည်တွင်းထုတ် အိမ်သုံးဆေးဝါးများသည် တိုင်းရင်းဆေးပင်ဆေးမြစ်များကို အခြေခံပြီး နိုင်ငံခြားဆေးဝါးဆေးပြားပုံစံ ထုတ်လုပ်ထားခြင်း ဖြစ်သည်။ အိမ်နီးချင်းနိုင်ငံများမှ တင်သွင်းလာသည့် ဆေးဝါးများ ပြိုင်ဆိုင်နိုင်ရန်အတွက် သက်ဆိုင်ရာမှ နည်းပညာနှင့် လိုအပ်သော အကူအညီများပေးလျှင် ပြည်ပမှ တင်သွင်းလာသော ဆေးဝါးနေရာတွင် ပြည်သူအများစုက ယုံကြည်မှုရှိရှိနှင့် သုံးစွဲလာနိုင်ကြောင်း ၎င်းက ဆိုသည်။

ယခုအချိန်တွင် ရောဂါအသီးသီးအတွက် တရားဝင်မှတ်ပုံတင်ထားသော ဆေးဝါး ၆၀၀၀ ခန့်ရှိပြီး ရုပ်မြင်သံကြားကြော်ငြာများတွင် အများစုမှာ တိုင်းရင်းဆေးဝါးများသာ ဖြစ်နေသည်။ ပြည်တွင်းရှိ နိုင်ငံခြားဆေးဝါးဈေးကွက်တွင် အိမ်နီးချင်းနိုင်ငံများမှ ဆေးဝါးများက ၇၅ ရာခိုင်နှုန်းကျော်ကျော် နေရာယူထားသည်ဟု ဈေးကွက်သုတေသနပြုလုပ်နေသူတစ်ဦးက ထပ်လောင်း၍ ပြောကြားသည်။ ■

# မြန်မာ့လေကြောင်းပို့ဆောင်ရေး နည်းပညာတိုးမြှင့်ဆောင်ရွက်မည်

**ရန်ကုန်၊ ဒီဇင်ဘာ ၇**

လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် လေကြောင်းသွားလာမှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် စင်ကာပူနိုင်ငံအခြေစိုက် Credent Technology Asia (ယခင် Intergraph System SEA) မှ Digital Aeronautical Mapping System Phase I ကို ဝယ်ယူသုံးစွဲရန် နိုဝင်ဘာလအတွင်းက စာချုပ်ချုပ်ဆိုခဲ့ပြီး ပစ္စည်းများတင်သွင်းရန် ဆောင်ရွက်လျက်ရှိကြောင်း Credent Technology မြန်မာရုံးခွဲမှ အထွေထွေမန်နေဂျာ ဦးဇော်နိုင်က နိုဝင်ဘာလဆန်းပိုင်းတွင် ပြောကြားသည်။

လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက အသုံးပြုမည့် အဆိုပါ Digital Aeronautical Mapping System (DAMS) စနစ်သည် လေကြောင်းပြပုံများ ထုတ်လုပ်နိုင်မည့် Software များ၊ လေယာဉ်ကွင်းသစ်များတည်ဆောက်ရေးအတွက် Site Selection ပြုလုပ်နိုင်ရန် ဂြိုဟ်တုဓာတ်ပုံများကို အသုံးပြုသည့် Software များ ပါဝင်ကြောင်း၊ Credent Technology အနေဖြင့် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနတွင် အဆိုပါနည်းပညာများ အသုံးပြုနိုင်ရေးအတွက် Implementation, Technology Training နှင့် အခြား လိုအပ်ချက်များကို ယခုနှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

ထို့အပြင် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် Flight Procedures Design and Airspace Management (FPDAM) ကို ဆောင်ရွက်နိုင်ရန် Credent Technology နှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဟု ၎င်းက ထပ်လောင်းပြောကြားသွားသည်။

# ပုဂ္ဂလိကရော်ဘာစိုက်ပျိုးရေးအတွက် ပြည်ပမှ မျိုးပေါင်း ၄၀ ကျော် တင်သွင်း

**ရန်ကုန်၊ ဒီဇင်ဘာ ၈**

ရော်ဘာကို စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်ရန် လုပ်ဆောင်လျက်ရှိရာတွင် ရော်ဘာစိုက်ပျိုးရေးအတွက် ပြည်ပနိုင်ငံများမှ မျိုးပေါင်း ၄၀ ကျော်မျှ တင်သွင်း၍ စိုက်ပျိုးလျက်ရှိသည်ဟု ပုဂ္ဂလိကရော်ဘာစိုက်ပျိုးရေးလုပ်ငန်းရှင်တစ်ဦးက ဒီဇင်ဘာလဆန်းပိုင်းက ပြောကြားခဲ့သည်။

အဆိုပါရော်ဘာစိုက်ပျိုးရေးအတွက် မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းမှ ရော်ဘာစိုက်ပျိုးခင်းများ တိုးချဲ့လုပ်ကိုင်လျက်ရှိရာ အင်းတကော် ရော်ဘာပျိုးခင်းတွင် အင်ဒိုနီးရှားနိုင်ငံ BPM ၂၄ ရော်ဘာမျိုး၊ သီရိလင်္ကာ RRIC ၁၀၀ နှင့် မလေးရှား RRIM ၇၁၇၊ PB ၂၃၅ နှင့် PB ၂၆၀ စသည့် မျိုးများ စမ်းသပ်လျက်ရှိသည်ဟု ၎င်းက ဆိုသည်။ ယင်းမျိုးများသည် လေတိုက်ခံနိုင်မှု၊ ရောဂါဘယဒဏ်ခံနိုင်မှု၊ အပင်ကြီးထွားမှုနှုန်းကောင်းမွန်မှု၊ အစေးထွက်ကောင်းခြင်း၊ မျိုးထွက်တည်ငြိမ်မှုရှိသောမျိုးများဖြစ်သည်ဟု သက်ဆိုင်ရာနိုင်ငံများက ဆိုသည်။

အဆိုပါပျိုးခင်းတွင် ပျိုးပင်ပေါင်းလေးသိန်းနှင့် အဖူးဆက်ပင် နှစ်သိန်းစိုက်ပျိုးမည်ဖြစ်ကြောင်း၊ ယင်းပျိုးခင်းကို မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ ပူးပေါင်း၍ မြေဧက ၃၅ ဧကတွင် စမ်းသပ်လျက်ရှိကြောင်း၊ ၂၀၀၅ ခုနှစ် ဒီဇင်ဘာလတွင် ပျိုးခင်းကိုင်းဆက်ပင်များ ရရှိမည်ဖြစ်ပြီး ၂၀၀၆ ခုနှစ် ဧပြီနှင့် မေလတွင် ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ စတင်ရောင်းချပေးမည်ဖြစ်ကြောင်း အဆိုပါ ပုဂ္ဂလိကလုပ်ငန်းရှင်ထံမှ သိရှိရသည်။

ရော်ဘာစိုက်ပျိုးမှုနှင့် အခြားနှစ်ရှည်ပင်စိုက်ပျိုးရေးလုပ်ငန်းတွင် နှစ်ပေါင်းများစွာ အတွေ့အကြုံရှိသူ စိုက်ပျိုးရေးပညာရှင်တစ်ဦးကမူ ပြည်ပမှ မျိုးများတင်သွင်းပါက မြန်မာနိုင်ငံ၏ ရာသီဥတုနှင့် ကိုက်ညီအောင် ပြည်တွင်းမျိုးများနှင့် အချိုးညီစွာ ပေါင်းစပ်သုတေသနပြုပြီးမှ လက်တွေ့စိုက်ပျိုးသင့်ကြောင်း၊ သို့မဟုတ်ပါက သက်ဆိုင်ရာနိုင်ငံတွင် အထွက်နှုန်းကောင်းမျိုးဖြစ်သော်လည်း ရေ၊ မြေ၊ ရာသီဥတု အပြောင်းအလဲကြောင့် မြန်မာနိုင်ငံတွင် စိုက်ပျိုးမှု အထွက်လျော့ကျသွားပါက နိုင်ငံခြားငွေ များစွာ ဆုံးရှုံးနစ်နာသွားနိုင်ကြောင်း အကြံပြုသုံးသပ်သည်။

■

## မြန်မာနိုင်ငံ၏ ICT Master Plan ၂၀၀၅ ခုနှစ် နှစ်လယ်ပိုင်းတွင် ရေးဆွဲပြီးစီးမည်

**ရန်ကုန်၊ ဒီဇင်ဘာ ၈**

မြန်မာကွန်ပျူတာပညာရှင်များ ရေးဆွဲနေသော Myanmar ICT Development Master Plan Project ကို လာမည့် ၂၀၀၅ ခုနှစ် နှစ်လယ်ပိုင်းခန့်တွင် ရေးဆွဲပြီးစီးမည်ဟု ခန့်မှန်းထားကြောင်း အဆိုပါ ICT Master Plan ရေးဆွဲရေးအဖွဲ့တွင် ပါဝင်သည့် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း ဥက္ကဋ္ဌ ဦးသောင်းတင်က ဒီဇင်ဘာလ ဒုတိယပတ်အတွင်း ပြောကြားသည်။

အဆိုပါ ICT Master Plan ရေးဆွဲ အကောင်အထည်ဖော်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် ကွန်ပျူတာအသင်းများမှ ပညာရှင်များ ပါဝင်သော သတင်းအချက်အလက် နည်းပညာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲရေးအဖွဲ့ (ICT Master Plan Preparation Team) ကို ၂၀၀၄ ခုနှစ်အတွင်း e-National Task Force မှ အတည်ပြုဖွဲ့စည်းခဲ့ပြီး ရန်ကုန်မြို့ MICT Park ပင်မအဆောက်အအုံ၌ သြဂုတ်လမှစတင်၍ လုပ်ငန်းများ ဆောင်ရွက်နေလျက်ရှိကြောင်း၊ ထိုသို့ ရေးဆွဲအကောင်အထည်ဖော်နိုင်ရန်အတွက် ကိုရီးယားနိုင်ငံ အစိုးရက အမေရိကန်ဒေါ်လာ ကိုးသိန်းခွဲ ပံ့ပိုးကူညီခဲ့ကြောင်း ၎င်းက ဆိုသည်။

## စက်ရုံအလုပ်ရုံနှင့် ဝေးသောနေရာတွင်သာ ရေချိုပုစွန်မွေးမြူသင့်

**ရန်ကုန်၊ ဒီဇင်ဘာ ၄**

ရေချိုပုစွန် မွေးမြူမည်ဆိုပါက စက်ရုံအလုပ်ရုံ မြေနေရာများနှင့်ဝေးသည့် နေရာတွင် မွေးမြူသင့်သည်ဟု မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူ ဦးခင်မောင်သန်းက ပြောကြားသည်။

စက်ရုံအလုပ်ရုံနှင့် နီးသည့်နေရာ၌ ပုစွန်မွေးမြူရေးလုပ်ငန်း စတင်မည်ဆိုလျှင် ပုစွန်သားပေါက်နှုန်း ကျဆင်းနိုင်ပြီး ရေ၊ လေမသန့်ရှင်းမှုသည် ပုစွန်မွေးမြူရေး အပေါ် ထိခိုက်မှု ရှိလာနိုင်ကြောင်း၊ ရေချိုပုစွန်မွေးမြူမည်ဆိုပါက မြေအနေအထား၊ ဆက်သွယ်ရေးလမ်းကြောင်း ကောင်းမကောင်းနှင့် ရေချိုထွက်နိုင် မထွက်နိုင်ပေါ် မူတည်၍ လုပ်ငန်းစသင့်သည်ဟု ၎င်းက ဆိုသည်။

ရေချိုပုစွန်ကို ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် မွန်ပြည်နယ်တို့တွင် မွေးမြူကြပြီး မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းမှ ရေချိုပုစွန်မွေးမြူလိုသူများကို သားပေါက်၊ အစာ၊ နည်းပညာနှင့် ပတ်သက်၍ အကြံဉာဏ်များ ပေးနေသည်ဟု လက်တွေ့မွေးမြူသူများထံမှ သိရသည်။ ■

## လော်ကားဥယျာဉ်၌ ငှက်မျိုးစိတ်သစ် လေးမျိုး ရှာဖွေတွေ့ရှိ

**ရန်ကုန်၊ ဒီဇင်ဘာ ၁၈**

ရန်ကုန်မြို့နှင့် အနီးဆုံး သဘာဝ အခြေခံအပန်းဖြေစခန်းတစ်ခုဖြစ်သော မင်္ဂလာဒုံမြို့နယ် လော်ကားဥယျာဉ်၌ ယခင်က တွေ့ရှိမှတ်တမ်းတင်ခဲ့ဖူးခြင်း မရှိသေးသည့် ငှက်မျိုးစိတ်သစ်လေးမျိုး အပါအဝင် ငှက်မျိုးစိတ် ၇၁ မျိုးကို တွေ့ရှိမှတ်တမ်းတင်နိုင်ခဲ့ကြောင်း မြန်မာငှက်နှင့် သဘာဝဝန်းကျင်ထိန်းသိမ်းရေး အသင်း အတွင်းရေးမှူး ဦးသက်ဇော်နိုင်က ပြောကြားသည်။

မြန်မာငှက်နှင့် သဘာဝဝန်းကျင် ထိန်းသိမ်းရေးအသင်း၊ သစ်တောဦးစီးဌာန သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးဌာန၊ ရန်ကုန်တက္ကသိုလ် သတ္တဗေဒဌာနတို့မှ တာဝန်ရှိသူများနှင့် ပညာရှင်များ၊ သင်တန်းသားသင်တန်းသူများ ပါဝင်သော သုတေသနအဖွဲ့သည် အဆိုပါဥယျာဉ်အတွင်း ဒီဇင်ဘာလ ၄ ရက်မှ ၆ ရက်နေ့အထိ ဖွင့်လှစ်ခဲ့သည့် ဒုတိယအကြိမ် ငှက်ကြည့်အခြေခံသင်တန်းကာလအတွင်း ကွင်းဆင်းလေ့လာ သုတေသနပြုခဲ့ကြရာမှ ယင်းကဲ့သို့ ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာအမည်မပေးရသေးသည့် အဆိုပါငှက်မျိုးစိတ်သစ်လေးမျိုးမှာ Collared Scops Owl, Large-tailed Nightjar, Blue-throated Flycatcher နှင့် Grey-headed Flycatcher တို့ ဖြစ်ကြကြောင်း ၎င်းက ဆိုသည်။ ဧရိယာစုစုပေါင်း ၁၅၄၀ ဧကခန့် ကျယ်ဝန်းသည့် လော်ကားဥယျာဉ်၌ ငှက်မျိုးစိတ်စုစုပေါင်း ၁၈၈ မျိုး ရှာဖွေတွေ့ရှိထားကြောင်း အဆိုပါဥယျာဉ်အုပ်ချုပ်ရေးမှူး ဦးမြင့်စိန်က ဆိုသည်။ ■

## ၂၀၀၆ ခုနှစ်နောက်ပိုင်း အာဆီယံ-တရုတ် ကုန်သွယ်ရေး တိုးတက်လာမည်

**ရန်ကုန်၊ ဒီဇင်ဘာ ၁၈**

၂၀၀၆ ခုနှစ်တွင် အပြီးသတ်ဆောင်ရွက်မည့် မြန်မာ–တရုတ် မဟာဗျူဟာမြောက် ကုန်သွယ်မှုလမ်းမကြီး အဆင့်မြှင့်ပြင်ဆင်မှု ပြီးစီးသည့်နောက်ပိုင်း အာဆီယံနိုင်ငံများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ကြား အပြန်အလှန် ကုန်သွယ်မှုပမာဏမှာ တိုးတက်လာမည်ဖြစ်သည်ဟု ဒီဇင်ဘာလအတွင်း အာဆီယံ သတင်းထုတ်ပြန်ချက်များတွင် ဖော်ပြထားသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အနောက်တောင်ပိုင်းရှိ ယူနန်ဒေသနှင့် မြန်မာနိုင်ငံမြောက်ဖျား ကချင်ပြည်နယ်ရှိ ဗန်းမော်မြို့တို့ကို ဆက်သွယ်သော ၇၉ ကီလိုမီတာ ရှည်လျားသည့် ကုန်သွယ်မှုလမ်းမကြီးအား အမေရိကန်ဒေါ်လာ ၃.၃၈ မီလီယံ အကုန်အကျခံ၍ အဆင့်မြှင့်တင်ရန်အတွက် နိုဝင်ဘာလ ၄ ရက်နေ့က ရန်ကုန်မြို့၌ နှစ်နိုင်ငံ အကြီးတန်းအရာရှိများ လက်မှတ်ရေးထိုးပြီး ဖြစ်သည်။ အဆင့်မြှင့်တင်ရေးလုပ်ငန်းများကို မြန်မာနိုင်ငံရှိ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Zhangfeng-Momauk Road Construction Company တို့ ပူးပေါင်းဆောင်ရွက်သွားမည်ဟု တရားဝင် ထုတ်ပြန်ချက်များအရ သိရသည်။

မြန်မာ–တရုတ် မဟာဗျူဟာမြောက် ကုန်သွယ်မှုလမ်းမကြီးသည် အာရှဒေသအတွင်းနိုင်ငံများအကြား ကုန်သွယ်မှုအတွက် ပင်မသွေးကြောသဖွယ် အထောက်အကူပြုနိုင်ရာ ယခင်က မိုးရာသီတွင် အသုံးပြု၍ မရခဲ့သောဖြစ်ရပ်များ ၂၀၀၆ ခုနှစ်တွင်ရှိတော့မည်မဟုတ်ကြောင်း မန္တလေးမြို့တော်မှ နယ်စပ်ကုန်သွယ်ရေး ကျွမ်းကျင်သူကုန်သည်ကြီးတစ်ဦးက ပြောကြားသည်။ ■

## တန်ချိန် ၁၂၀၀၀ သင်္ဘောများ ပြင်ဆင်နိုင်မည့် သင်္ဘောကျင်း ဒီဇင်ဘာလအတွင်းတွင် ဖွင့်လှစ်မည်

**ရန်ကုန်၊ ဒီဇင်ဘာ ၁၀**

မြန်မာ့သင်္ဘောကျင်းလုပ်ငန်းမှ တည်ဆောက်လျက်ရှိပြီး တန်ချိန် ၁၂၀၀၀ ရှိ သင်္ဘောများ လွန်းတင်ပြင်ဆင်နိုင်သည့် ရေလုံသင်္ဘောကျင်းကို ယခု ဒီဇင်ဘာလအတွင်းတွင် ဖွင့်လှစ်နိုင်တော့မည်ဖြစ်ကြောင်း သင်္ဘောကျင်း အင်ဂျင်နီယာတစ်ဦးက ပြောကြားသည်။

အဆိုပါသင်္ဘောကျင်းကို မြန်မာ့သင်္ဘောကျင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ ပူးပေါင်းတည်ဆောက်ခဲ့ခြင်း ဖြစ်သည်။ မြန်မာ့သင်္ဘောကျင်းသည် ၁၉၉၅ ခုနှစ်မှစတင်၍ အင်ဒိုနီးရှား၊ စင်ကာပူနှင့် တရုတ်နိုင်ငံ သင်္ဘောကုမ္ပဏီများအတွက် တွန်းဆွဲရေယာဉ်၊ ပင်လယ်ပြင်ညစ်ညမ်းမှု ထိန်းသိမ်းရေးရေယာဉ်၊ ရေတိမ်သွားခရီးသည်တင်ရေယာဉ်၊ ကမ်းလွန်ပင်လယ်သုံး ထောက်ပံ့ရေးရေယာဉ်၊ ယန္တရားတင်ရေယာဉ် စသည့် ရေယာဉ်အမျိုးမျိုးကို တည်ဆောက်ပေးခဲ့သည်။

မြန်မာ့သင်္ဘောကျင်းသည် ၁၉၇၉ ခုနှစ်မှ ၂၀၀၄ အထိ သင်္ဘောအစီးပေါင်း ၃၉၂ စီးကို တည်ဆောက်ပြီးစီးခဲ့ပြီး ၁၂၅၂ စီးကို ပြင်ဆင်ပေးနိုင်ခဲ့သည်။ တန်ချိန် ၁၂၀၀၀ သင်္ဘောများ ပြင်ဆင်နိုင်မည့် သင်္ဘောကျင်းဖွင့်လှစ်ခဲ့လျှင် ယခုထက်ပို၍ သင်္ဘောနှင့် ရေယာဉ်များ တည်ဆောက်နိုင်တော့မည်ဖြစ်သည်ဟု အဆိုပါ အင်ဂျင်နီယာက ထပ်လောင်းပြောကြားသည်။

## မြန်မာ့ပင်လယ်ပြင်သဲ ရောင်းချခြင်း ပင်လယ်တိမ်ကောမှု ကာကွယ်ရေးကို အထောက်အကူပြု

**ရန်ကုန်၊ နိုဝင်ဘာ ၂၆**

မလေးရှားနိုင်ငံသည် ရေလယ်ကျွန်းများ တည်ဆောက်ရာတွင် အသုံးပြုရန်အတွက် မြန်မာ့ပင်လယ်ပြင်မှ သဲများ ဝယ်ယူရန် ကမ်းလှမ်းထားရာ ပင်လယ်သဲရောင်းချခြင်းဖြင့် ပြည်ပဝင်ငွေ ရရှိရုံမျှမက မြန်မာ့ရေပိုင်နက် ပင်လယ်ကြမ်းပြင်တိမ်ကောမှုမှ ကာကွယ်ရာ ရောက်စေသည့်အပြင် ရေကြောင်းရှင်းလင်းစေမည်ဟု မလေးရှားကုမ္ပဏီ L'Oiseou Royale Sdn.Bhd မှ Director Mr.K.T Abdhul က နိုဝင်ဘာလလယ်ပိုင်းတွင် ပြောကြားသည်။

ပင်လယ်သဲ ဝယ်ယူရေးအတွက် သဲတစ်တန်၏တန်ဖိုးကို သတ်မှတ်ရန် ညှိနှိုင်းနေဆဲဖြစ်သည်ဟု ၎င်းက ဆိုသည်။ ■

# တနင်္သာရီတိုင်းအတွင်း ဘေးမဲ့တောတစ်ခု တိုးချဲ့သတ်မှတ်

**ရန်ကုန်၊ ဒီဇင်ဘာ ၁၁**

မြန်မာနိုင်ငံအတွင်း၌ သစ်တော၊ သားငှက်တိရစ္ဆာန်နှင့် သဘာဝဝန်းကျင်ကာကွယ်ထိန်းသိမ်းရန်အတွက် သစ်တောဦးစီးဌာန သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနက သဘာဝထိန်းသိမ်းရေးနယ်မြေနှင့် ဘေးမဲ့တောများအဖြစ် ဇရိယာသတ်မှတ်ပြီး ဆောင်ရွက်လျက်ရှိရာ တနင်္သာရီတိုင်း ထားဝယ်ခရိုင်အတွင်းရှိ မြင်းမိုရ်လက်ခတ်ဘေးမဲ့တောအား မကြာမီ တိုးချဲ့သတ်မှတ်သွားမည်ဖြစ်ကြောင်း အဆိုပါဌာနမှ အုပ်ချုပ်ရေးမှူး ဦးသိန်းအောင်က ဒီဇင်ဘာလ ဒုတိယပတ်အတွင်း ပြောကြားသည်။

ယခုအခါ မြန်မာနိုင်ငံအတွင်း၌ သစ်တောဦးစီးဌာနက သတ်မှတ်တည်ထောင်ထားသော သဘာဝထိန်းသိမ်းရေးနယ်မြေနှင့် ဘေးမဲ့တော ၄၀ ခုရှိရာ အဆိုပါမြင်းမိုရ်လက်ခတ်တောကို ဇရိယာသတ်မှတ်ပြီးပါက ၄၁ ခုမြောက် ဖြစ်လာမည် ဖြစ်သည်။

လက်ရှိ မြန်မာနိုင်ငံ ဇရိယာစုစုပေါင်း၏ ၅၂.၂၈ ရာခိုင်နှုန်းကို သစ်တောများ ဖုံးလွှမ်းလျက်ရှိနေပြီး ယင်းတို့အနက် ငါးရာခိုင်နှုန်းမှ ခုနစ်ရာခိုင်နှုန်းခန့်မှာ ကာကွယ်တောများအဖြစ် သတ်မှတ်ထားကြောင်း အစိုးရ၏ တရားဝင်ထုတ်ပြန်ချက်များက ဆိုသည်။

# စပါးစိုက်တောင်သူများ မတ်ပဲရာသီကို အားထား

**ရန်ကုန်၊ နိုဝင်ဘာ ၁၉**

လက်ရှိ ဆန်စပါးဈေးကွက်တွင် စပါးတင်း ၁၀၀ လျှင် ကျပ်တစ်သိန်း ဈေးသာရှိသည့်အတွက် ထုတ်လုပ်မှုစရိတ်၏ အရင်းမျှသာရှိရာ မတ်ပဲရာသီကိုသာ အဓိက အားထားမျှော်လင့်ကြောင်း လှည်းကူးမြို့နယ် ဖောင်ကြီးအုပ်စုမှ တောင်သူဦးကြည်တင်က နိုဝင်ဘာလလယ်တွင် ပြောကြားသည်။

ယခင်လက တင်းတစ်ရာလျှင် ကျပ်ရှစ်သောင်းခွဲရှိခဲ့ပြီး ယခုတလင်းဝင်အချိန်တွင် ဧည့်မထအုပ်စု ဇေယျာမင်းအမျိုးအစား စပါးမှာ ကျပ်တစ်သိန်းအထိရှိပြီး ယခင်နှစ်က ပေါက်ဈေးထက် များစွာလျော့နည်းကြောင်း၊ ထို့ကြောင့် တောင်သူများအနေဖြင့် ဈေးကောင်းရနိုင်မည့် မတ်ပဲကို အဓိက စိုက်ပျိုးလျက်ရှိကြောင်း ၎င်းက ဆိုသည်။

မတ်ပဲမျိုးဈေးမှာ စိုက်ပျိုးရာသီတွင် တစ်တင်းလျှင် ကျပ်တစ်သောင်းရှိပြီး တစ်ဧကလျှင်၁၄ ပြည်ဝင်ကြောင်း၊ အထွက်ရာသီတွင် ပျမ်းမျှ ၁၀ တင်းနှင့် အထက် ထွက်ရှိပြီး ပေါက်ဈေးမှာ တစ်တင်း ၃၅၀၀ ကျပ်မှ ၈၀၀၀ အထိ ရှိတတ်ကြောင်း၊ တစ်ဧကစိုက်ပျိုးစရိတ်မှာ မိမိယာ၊ မိမိနွားဖြင့် လုပ်ကိုင်လျှင် ကျပ် ၂၃၀၀၀ ကုန်ကျကြောင်း ဦးကြည်တင်က ပြောကြားသည်။

# ကိုက်ဖြတ်စားသောက်တတ်သော နို့တိုက်သတ္တဝါငယ်များအကြောင်း အမေရိကန်သုတေသီ ဟောပြော

**ရန်ကုန်၊ နိုဝင်ဘာ ၈**

Impact of Invasive Species Lessons From Small Mammals ခေါင်းစဉ်ဖြင့် နေအိမ်အဆောက်အအုံများ၏ ပတ်ဝန်းကျင်၌ နေထိုင်ပြီး ကိုက်ဖြတ်စားသောက်တတ်သော နို့တိုက်သတ္တဝါငယ်များ၏ အန္တရာယ်အကြောင်း Seminar တစ်ရပ်ကို နိုဝင်ဘာလ ၅ ရက်နေ့က ရန်ကုန်တက္ကသိုလ် သတ္တဗေဒဌာန၌ ကျင်းပခဲ့သည်။

အဆိုပါ Seminar ၌ အမေရိကန်ပြည်ထောင်စု Commonwealth Scientific-Industrial Research Organization မှ သုတေသီ Mr.Grant Sinleton က ရှဉ့်များ၊ ကြွက်များ အပါအဝင် နေအိမ်အဆောက်အအုံပတ်ဝန်းကျင်၌ နေထိုင်ပြီး ကိုက်ဖြတ်စားသောက်တတ်သော နို့တိုက်သတ္တဝါငယ်များနှင့် ၎င်းတို့၏ အန္တရာယ်အကြောင်းကို ဆွေးနွေးသွားခဲ့ကြောင်း အဆိုပါ Seminar သို့ တက်ရောက်ခဲ့သူ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်မှ မဟာသုတေသနကျမ်းပြုကျောင်းသူ မညွန့်ရွှေက ဆိုသည်။ ■

# ပထမပုဂ္ဂလိကဘဏ် အပ်ငွေတိုးသော်လည်း အမြတ်နည်း

**ရန်ကုန်၊ ဒီဇင်ဘာ ၁၈**

၂၀၀၃ ခုနှစ် ဖေဖော်ဝါရီလတွင် ဖြစ်ပေါ်ခဲ့သော ဘဏ်များ၏ လုပ်ငန်းပုံစံ အပြောင်းအလဲနောက်ပိုင်း ပထမပုဂ္ဂလိကဘဏ်လီမိတက်သို့ လာရောက်အပ်နှံငွေ လေးဆဝန်းကျင် တိုးတက်လာသော်လည်း အကန့်အသတ်ရှိသော ချေးငွေပမာဏကြောင့် အမြတ်ငွေလျော့နည်းကြောင်း ဥက္ကဋ္ဌ ဒေါက်တာစိန်မောင်က  အဆိုပါဘဏ်၏ (၁၃) ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးတွင် ပြောကြားသည်။

အပ်နှံငွေ တိုးတက်သည့်အတွက် ဘဏ်၏အရင်းငွေ (Paid-Up Capital) ကိုပါ ကျပ်သန်း ၃၀ ခန့် တိုးတက်စေလိုကြောင်း ဒေါက်တာစိန်မောင်က ပြောကြားသည်။ ဘဏ်၏အရင်းငွေ တိုးတက်စေရန်အတွက် လူအများစုက ရှယ်ယာအနည်းငယ်စီ ဝယ်သည်ကို လူနည်းစုက ရှယ်ယာအများအပြား ဝယ်ယူသည်ထက် လိုလားပါကြောင်း ၎င်းက ဆိုသည်။ ပထမပုဂ္ဂလိကဘဏ်လီမိတက်မှ ထုတ်ပြန်ချက်များအရ အစုရှယ်ယာအရေအတွက် တစ်စုမှ ငါးစုအထိ ဝယ်ယူသူမှာ စုစုပေါင်းအရေအတွက်၏ ၇.၂၁ ရာခိုင်နှုန်းသာရှိပြီး အများဆုံးဖြစ်သော စုစုပေါင်းအရေအတွက်၏ ၄၇.၁၄ ရာခိုင်နှုန်း ဝယ်ယူထားသူများမှာ အစုရှယ်ယာအရေအတွက် ၅၁ စုမှ ၁၀၀၀ ထိ ဝယ်ယူသူများဖြစ်ကြောင်း သိရသည်။ အဆိုပါဘဏ်တွင် ၉၄၈,၁၅၀,၀၀၀ ကျပ် တန်ဖိုးရှိ ရှယ်ယာအရေအတွက် ၉၄၈၁၅ စုကို ရှယ်ယာရှင် ၄၇၆၉ ဦးက ပိုင်ဆိုင်ပြီး ၂၀၀၃–၂၀၀၄ ဘဏ္ဍာနှစ်တွင် အခွန်ဆောင်ပြီး အမြတ်ပျမ်းမျှ ရာခိုင်နှုန်း ၁၃.၁၉ ရှိသည့်အတွက် ၂၀၀၂–၂၀၀၃ ဘဏ္ဍာနှစ်နှင့် နှိုင်းယှဉ်ပါက ၁.၀၉ ရာခိုင်နှုန်း တိုးတက်သည်ကို တရားဝင်ထုတ်ပြန်ချက်တွင် တွေ့ရသည်။ ဘဏ်၏ ကြန့်ကြာနေသော ကြွေးပမာဏမှာ သိန်း ၂၀၀ ကျပ်သာရှိကြောင်းနှင့် ၂၀၀၄–၂၀၀၅ ဘဏ္ဍာနှစ်တွင် ဝန်ဆောင်မှုကဏ္ဍသို့ ၁၃ ရာခိုင်နှုန်း၊ ထုတ်လုပ်ရေးကဏ္ဍသို့ ၂၆ ရာခိုင်နှုန်း၊ ကုန်သွယ်ရေးကဏ္ဍသို့ ခြောက်ရာခိုင်နှုန်း ချေးငှားထားကြောင်း ဒေါက်တာစိန်မောင်က ပြောကြားသည်။

# မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနသို့ JICA မှ ဆက်လက်ကူညီပံ့ပိုးသွားရန်ရှိ

**ရန်ကုန်၊ နိုဝင်ဘာ ၃၀**

ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ JICA မှ မြန်မာနိုင်ငံ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်နေသော ပံ့ပိုးမှုများကို ဆက်လက်ကူညီသွားရန်ရှိကြောင်း မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး (စီမံကိန်း) ဒေါက်တာသန်းမြင့်က နိုဝင်ဘာလကုန်တွင် ပြောကြားသည်။

ဂျပန်နိုင်ငံ JICA အဖွဲ့မှ အကြီးတန်းအကြံပေးအရာရှိ Dr.Yasuke Tada ဦးဆောင်သော ကိုယ်စားလှယ် ခုနစ်ဦးသည် နိုဝင်ဘာ ၂၉ ရက်နေ့က မြန်မာနိုင်ငံသို့လာရောက်၍ မွေး/ရေ ဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်နေသော အစီအစဉ်များကို လေ့လာပြီး ဆက်လက်အကူအညီပေးရန် ဆွေးနွေးခဲ့ကြောင်း ၎င်းက ဆိုသည်။

JICA သည် ၂၀၀၂–၂၀၀၃ ခုနှစ်ကတည်းက နိုင်ငံခြားသို့ မြန်မာမွေးမြူရေးသင်တန်းသားများ ခေါ်ယူခြင်း၊ ဓာတ်ခွဲခန်းများ တည်ဆောက်ပေးခြင်း၊ ဓာတ်ခွဲခန်းသုံးပစ္စည်းများ ထောက်ပံ့ခြင်း၊ ကျွမ်းကျင်ပညာရှင်များ ခေါ်ယူ၍ အကူအညီပေးခြင်း စသည်ဖြင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနအား ပံ့ပိုးကူညီမှုများ ပေးခဲ့ကြောင်း အဆိုပါဝန်ကြီးဌာနထံမှ သိရှိရသည်။

■

## ရွှေပြည်သာစက်မှုဇုန် မြေကွက်သစ်များ ဖော်ထုတ်ရောင်းချ၊ အရစ်ကျစနစ်ဖြင့် မြေတန်ဖိုးပေးချေနိုင်

**ရန်ကုန်၊ ဒီဇင်ဘာ ၂**

ရန်ကုန်မြို့ ရွှေပြည်သာမြို့နယ်ရှိ အမှတ်(၄) လမ်းမကြီးနှင့် သာခုကန်လမ်းထောင့် ကွန်ပျူတာတက္ကသိုလ်အနီး မြေတိုင်းရပ်ကွက် (ခ–၅၁)အား စက်မှုမြေကွက်များအဖြစ် အကောင်အထည်ဖော် ရောင်းချပေးလျက် ရှိသည်။

အဆိုပါမြေကွက်များ ဖော်ထုတ်မှုကို High Rise Construction Group Ltd. မှ တာဝန်ယူဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ မြေတစ်ဧကဈေးနှုန်းသည် ငွေကျပ် ၁၃၀ သိန်းဖြစ်ပြီး ငွေပေးချေမှုကို ကုမ္ပဏီတွင် ပြုလုပ်ရကြောင်း မြေကွက်ဝယ်ယူမည့် စက်မှုလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

ငွေပေးချေမှုစနစ်ကိုလည်း တစ်လလျှင် တစ်ရစ်ကျနှင့် ငါးရစ်ပေးချေရမည် ဖြစ်သည်။ စက်မှုမြေကွက် ဝယ်ယူမှုစာချုပ် ချုပ်ဆိုသည်နှင့် ၃၅ ရာခိုင်နှုန်း၊ ဒုတိယလအတွက် ၂၀ ရာခိုင်နှုန်း၊ တတိယလအတွက် ၁၅ ရာခိုင်နှုန်း၊ စတုတ္ထလအတွက် ၁၅ ရာခိုင်နှုန်းနှင့် ကျန် နောက်ဆုံးလတွင် ၁၅ ရာခိုင်နှုန်း အသီးသီး ပေးချေရမည်ဖြစ်ကြောင်း အဆိုပါပုဂ္ဂိုလ်က ပြောကြားသည်။

## လယ်ယာသုံး ခိုင်းကျွဲ၊ နွားအမျိုးအစားများ ကောင်းရေထိန်းသိမ်းရန်လို

**ရန်ကုန်၊ ဒီဇင်ဘာ ၄**

လယ်ယာလုပ်ငန်းခွင်သုံး ခိုင်းကျွဲ၊ နွားများအကောင်ရေသည် ယခု နှစ်ပိုင်းများအတွင်း လျော့ကျလာသည့်အတွက် ခိုင်းကျွဲ၊ နွားကောင်ရေများကို ထိန်းသိမ်းရန် လိုအပ်လျက်ရှိကြောင်း တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဆရာဝန်တစ်ဦးဖြစ်သူ Dr.လေးဖြူက နိုဝင်ဘာလဆန်းတွင် ပြောကြားသည်။

မြန်မာနိုင်ငံသည် စက်မှုလယ်ယာသို့ ကူးပြောင်းဆဲကာလဖြစ်၍ လယ်ယာလုပ်ငန်းခွင်သုံး ခိုင်းကျွဲ၊ နွားများ အရေးပါလျက်ရှိကြောင်း၊ ကျွဲ၊ နွားများ နယ်စပ်မှတစ်ဆင့် ပြည်ပသို့ တင်ပို့ရောင်းချရာတွင် လယ်ယာလုပ်ငန်းခွင်သုံး ကျွဲ၊ နွားများကို မပါဝင်စေရန် ထိန်းသိမ်းသင့်ပြီး ကျွဲ၊ နွား မွေးမြူရေးလုပ်ငန်းများ ထူထောင်၍ တင်ပို့သင့်ကြောင်း၊ စက်မှုလယ်ယာသို့ ကူးပြောင်းရာတွင် စက်သုံးဆီနှင့် ဘဏ္ဍာရေးဆိုင်ရာ ပံ့ပိုးမှုများ ပိုမိုထည့်ဝင်ပေးသင့်ကြောင်း ၎င်းက သုံးသပ်သည်။

## မလေးရှားအစိုးရက တရားမဝင်အလုပ်သမားများအား စီမံချက်ဖြင့် အရေးယူမည်

**ကွာလာလမ်ပူ၊ နိုဝင်ဘာ ၂၆**

မလေးရှားနိုင်ငံတွင် လာရောက်အလုပ်လုပ်ကိုင်နေသော တရားမဝင်အလုပ်သမားများကို မလေးရှားအစိုးရက ၂၀၀၄ ခုနှစ် ဒီဇင်ဘာလကျော်လျှင် စီမံချက်ဖြင့် ပြတ်ပြတ်သားသား ဖမ်းဆီးအရေးယူတော့မည်ဟု သတင်းထုတ်ပြန်ထားကြောင်း မလေးရှားနိုင်ငံရောက် မြန်မာတစ်ဦးက အတည်ပြုပြောကြားသည်။

တရားမဝင်အလုပ်သမားများကို ၂၀၀၄ ခုနှစ် ဒီဇင်ဘာလ မကျော်ခင်အချိန်ထိ အရေးယူမှုများ ပြုလုပ်မည်မဟုတ်ဘဲ ၎င်းတို့၏ ဌာနေမိခင်နိုင်ငံများသို့ ပြန်ရန်အတွက် မလေးအစိုးရက စီစဉ်ပေးမည်ဖြစ်ကြောင်း၊ တရားမဝင်အလုပ်သမားများအား လက်ခံထားသောလုပ်ငန်းရှင်များအနေနှင့်လည်း ထိုအလုပ်သမားများကို သက်ဆိုင်ရာနိုင်ငံများသို့ ပြန်ရန်တိုက်တွန်းခွင့်ပြုစေလိုကြောင်း သတင်းတွင် ဖော်ပြပါရှိသည်ဟု ၎င်းက ဆိုသည်။ ယခု နိုဝင်ဘာလကုန်အထိ မလေးရှားနိုင်ငံမှ ထွက်ခွာသွားသော တရားမဝင် အလုပ်သမားအရေအတွက်မှာ ကိုးသောင်းနီးပါး ရှိနေပြီဖြစ်ပြီး ထိုအထဲတွင် မြန်မာအလုပ်သမားအများအပြား ပါဝင်နေသည်။ တရားမဝင်အလုပ်သမားများကို မလေးရှားလူဝင်မှုကြီးကြပ်ရေး အက်ဥပဒေအရ အရေးယူချမှတ်နိုင်သော ပြစ်ဒဏ်မှာ ထောင်ဒဏ်ငါးနှစ်၊ ငွေဒဏ်နှင့် ကြိမ်ဒဏ်တို့ဖြစ်ပြီး ကြိမ်ဒဏ်မှာ ပြင်းထန်သော အပြစ်ပေးမှုဖြစ်သည်။ တရားမဝင်အလုပ်သမားများကို ကြိမ်ဒဏ်အပြစ်ပေးခြင်းဥပဒေ ထုတ်ပြန်သော နိုင်ငံများအနက် အရှေ့တောင်အာရှတွင် စင်ကာပူနိုင်ငံသည် ပထမဆုံးဖြစ်ပြီး ယခုအခါ မလေးရှားသည် ဒုတိယနိုင်ငံဖြစ်လာကြောင်း အဆိုပါမြန်မာက အတည်ပြု ပြောဆိုသည်။ ■

# ကမ္ဘာလှည့်ခရီးသည်တင် ကားငှားရမ်းခနှုန်းထား ပြောင်းလဲခွင့် ရရှိ

**ရန်ကုန်၊ ဒီဇင်ဘာ ၄**

ခရီးသွားကုမ္ပဏီများနှင့် ချိတ်ဆက်၍ ကမ္ဘာလှည့်ခရီးသည်များကို ပို့ဆောင်ပေးရန် မော်တော်ယာဉ်ကြီး၊ ငယ်များ ငှားရမ်းနေသော ကားအငှားကုမ္ပဏီအသင်းများ၏ ငှားရမ်းခနှုန်းထားများ ယခု ဒီဇင်ဘာလဆန်းပိုင်းမှစ၍ ပြောင်းလဲရန် ခွင့်ပြုချက် ရရှိသွားပြီဖြစ်ကြောင်း ခရီးသွားလုပ်ငန်းရှင်အချို့ထံမှ သတင်းရရှိသည်။

ယခုနှစ်အတွင်း ဖြစ်ပေါ်သော လောင်စာဆီဈေးနှုန်း ပြောင်းလဲမှုကြောင့် ယာဉ်ပိုင်ရှင်များအနေဖြင့် တွက်ခြေကိုက်မည့် ဈေးနှုန်းများ ပြောင်းလဲသတ်မှတ်ရန်အတွက် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းမှတစ်ဆင့် အထက်အဆင့်ဆင့်သို့ တင်ပြတောင်းခံခဲ့ရာမှ ခွင့်ပြုချက် ရရှိသွားခြင်းဖြစ်ကြောင်း ခရီးသွားကုမ္ပဏီတစ်ခုထံမှ သတင်းရရှိသည်။ ရန်ကုန်မှ မန္တလေးခရီးစဉ်တွင် ၁၅ ရာခိုင်နှုန်းခန့်၊ ရန်ကုန်–ပုဂံခရီးစဉ်တွင် ၂၀ ရာခိုင်နှုန်းခန့် ရန်ကုန်နှင့် ရှမ်းပြည်နယ်ခရီးစဉ်တွင် ၂၅ ရာခိုင်နှုန်းခန့် ဈေးနှုန်းပြောင်းလဲသွားကြောင်း၊ ပြည်တွင်း ခရီးစဉ်များ၌ ရိုးရိုးကားလိုင်းများတွင် ပြေးဆွဲနေသော ကားအသင်းများ၌ ဈေးနှုန်းပြောင်းလဲမှုမရှိသေးကြောင်း ယင်းကုမ္ပဏီက ဆိုသည်။

အဆိုပါကိစ္စနှင့် ပတ်သက်၍ Leo Express အား မေးမြန်းစုံစမ်းကြည့်ရာ မိမိတို့ Express ယာဉ်လိုင်းများတွင် ရန်ကုန်–မန္တလေးခရီးစဉ်၌ ပြည်တွင်းခရီးသည်တစ်ဦးလျှင် ၄၅၀၀ ကျပ်နှင့် နိုင်ငံခြားသားတစ်ဦး ၁၀ ဒေါ်လာမှာ မပြောင်းလဲသေးကြောင်း ပြောကြားသွားပြီး Car Rental Service တစ်ခုကမူ ယခုပြောင်းလဲသော ဈေးနှုန်းမှာ ယာယီသာဖြစ်မည်ထင်ကြောင်း၊ လောင်စာဆီဈေးနှုန်း အောက်သို့ အပြောင်းအလဲဖြစ်ပေါ်ပါက ကျဆင်းသွားဖွယ်ရှိကြောင်း၊ ဈေးနှုန်းတိုးသည်ဆိုရာတွင် ဆီတစ်ဂါလံချင်းအလိုက် ပြောင်းလဲလာသည့် အစွန်းထွက်ဈေးနှုန်းကိုသာ တွက်ချက်ပြောင်းလဲခြင်းဖြစ်ပြီး နှုန်းသေမဖြစ်နိုင်ပါကြောင်း ရှင်းပြသည်။

■

# MPEC သင်တန်းများ လုပ်ငန်းခွင်၌ ကျွမ်းကျင်စေရန် အာမခံဟုဆို

**ရန်ကုန်၊ ဒီဇင်ဘာ ၁၂**

Myanmar Information Technology (MIT) နှင့် Queen Star Computer Center တို့ ပူးပေါင်းဖွင့်လှစ်သော Myanmar Professional Education Center (MPEC) မှ သင်ကြားပို့ချလျက်ရှိသည့် အဆင့်မြင့်ကွန်ပျူတာသင်တန်းများမှ သင်တန်းပြီးဆုံးသွားသူများသည် လုပ်ငန်းခွင်သို့ ဝင်ရောက်ရန်နှင့် လုပ်ငန်းခွင်အတွင်း ကျွမ်းကျင်၍ အရည်အချင်းပြည့်ဝသူများဖြစ်စေရန် အာမခံကြောင်း MIT ကုမ္ပဏီမှ ဒါရိုက်တာ ဦးအောင်စိုးသာက ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် ပြောကြားသည်။

ထိုနေ့က ရန်ကုန်မြို့ ပြည်လမ်း ရှစ်မိုင်ရှိ MPEC ၌ ကျင်းပသည့် MPEC နေရာပြောင်းရွှေ့ဖွင့်လှစ်သည့် အထိမ်းအမှတ် စာနယ်ဇင်းများနှင့် တွေ့ဆုံသည့် အခမ်းအနားတွင် ၎င်းက အထက်ပါအတိုင်း ပြောကြားသွားခြင်း ဖြစ်သည်။

အဆိုပါသင်တန်းတွင် Web Application Development With Java သင်တန်းသုံးမျိုး၊ Web Application Development With. NET သင်တန်းသုံးမျိုး၊ Windows Application Development With VB သင်တန်းသုံးမျိုး၊ System and Database Administration သင်တန်းသုံးမျိုး၊ Software Engineering နှင့် Programming Techniques (Bridging Course) သင်တန်းများအပြင် Computer Basic နှင့် Graphic Design သင်တန်း များကိုပါ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး သင်တန်းပြီးဆုံးသွားပါက မိမိတက်ရောက်သင်ကြားထားသော Certified Course နှင့် ညီမျှသည့်အလုပ်အကိုင်များကို ရရှိနိုင်မည်ဖြစ်ကြောင်း၊ ကွန်ပျူတာတက္ကသိုလ်များမှ ကျောင်းသားကျောင်းသူများအား အထူးနှုန်းဖြင့် တက်ရောက်နိုင်ရန် စီစဉ်ထားကြောင်းနှင့် မကြာမီ နိုင်ငံတကာအသက်မွေးဝမ်းကျောင်း ICT ဆိုင်ရာ အောင်လက်မှတ်များကို လက်ခံကျင်းပစစ်ဆေးပေးနိုင်မည့် Exam Center တစ်ခုအဖြစ် တိုးချဲ့ဖွင့်လှစ်သွားရန် ရည်ရွယ်ထားကြောင်း လက်ထောက်အထွေထွေမန်နေဂျာ ဦးနေလင်းသန်းက ဆိုသည်။

■

# World Vision ရုံးခွဲသစ် တိုးချဲ့ဖွင့်လှစ်မည်

**ရန်ကုန်၊ ဒီဇင်ဘာ ၂၄**

မြန်မာနိုင်ငံအတွင်း ကလေးသူငယ်များ၏ လူမှုဘဝတိုးတက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အဓိကဆောင်ရွက်လျက်ရှိသည့် အစိုးရမဟုတ်သော အပြည်ပြည်ဆိုင်ရာ လူမှုရေးအဖွဲ့အစည်းတစ်ခုဖြစ်သည့် World Vision Myanmar သည် ၎င်း၏ ရုံးခွဲများကို ကယားပြည်နယ် လွိုင်ကော်မြို့နယ်နှင့် ချင်းပြည်နယ် တီးတိန်မြို့နယ်တို့တွင် မကြာမီ တိုးချဲ့ ဖွင့်လှစ်သွားရန် စီစဉ်လျက်ရှိကြောင်း အဆိုပါအဖွဲ့အစည်းမှ ဆက်သွယ်ရေးအရာရှိ ဒေါ်ဂွိုင်းစ်လှကျော်က ပြောကြားသည်။

မြန်မာနိုင်ငံ၌ ၁၉၆၂ ခုနှစ်တွင် ကလေးသူငယ်ထောက်ပံ့ရေးအစီအစဉ်ဖြင့် လုပ်ငန်းများ စတင်ခဲ့သည့် World Vision အဖွဲ့အစည်းသည် ယခုအခါ လှိုင်သာယာ၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ ဒေါပုံ၊ သာကေတ၊ ပြည်ကြီးတံခွန်၊ အောင်မြေသာစံ၊ ချမ်းမြသာစည်၊ သာပေါင်း၊ ပုသိမ်၊ ကျိုင်းတုံ၊ တာချီလိတ်၊ ဘားအံ၊ မြဝတီ၊ မော်လမြိုင်၊ ရေး၊ ထားဝယ်၊ မြိတ်နှင့် ကော့သောင်းမြို့နယ်တို့တွင် ရုံးခွဲများ ဖွင့်လှစ်ထားပြီး ဌာနဆိုင်ရာများ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ကျန်းမာရေး၊ ပညာရေး၊ HIV/AIDS၊ လူကုန်ကူးမှု ကာကွယ်တားဆီးရေး၊ အထူးအခြေအနေတွင်ရှိသော ကလေးများအတွက် စီမံချက်၊ စားနပ်ရိက္ခာဖူလုံရေး၊ လူသားချင်းစာနာထောက်ထားသော ကူညီထောက်ပံ့မှု၊ အသေးစားစီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များကို ဆောင်ရွက်လျက် ရှိသည်။

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရန်အတွက် ၂၀၀၄ ခုနှစ်အတွင်း သာပေါင်းမြို့နယ်အတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရန် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့်လည်းကောင်း၊ ရှမ်းပြည်နယ်ကိုးကန့်ဒေသ၌ ဘိန်းအစားထိုးသီးနှံများ စိုက်ပျိုးနိုင်ရန် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်လည်းကောင်း အသီးသီးပူးပေါင်းဆောင်ရွက်သွားရန် နားလည်မှုစာချွန်လွှာသစ်များ လက်မှတ်ရေးထိုးခဲ့ကြောင်း၊ မကြာမီ ရုံးခွဲဖွင့်လှစ်မည့် လွိုင်ကော်နှင့် တီးတိန်မြို့နယ်တို့တွင် ဝန်ထမ်းများ ခန့်အပ်ထားပြီး လုပ်ငန်းများ စတင်လျက်ရှိကြောင်းနှင့် ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်၌ပါ ရုံးခွဲတစ်ခု ထပ်မံတိုးချဲ့ဖွင့်လှစ်သွားရန် စီစဉ်ထားကြောင်း ၎င်းက ဆိုသည်။

# မလေးရှားနိုင်ငံမှ Clara International Beauty Group ဖရန်ချိုက်(စ်)ဆိုင်ခွဲ စျေးသက်သာသော အလှကုန်ပစ္စည်း ၂၀၀ ခန့် ဖြန့်ချိမည်

**ရန်ကုန်၊ ဒီဇင်ဘာ ၅**

မလေးရှားနိုင်ငံတွင် ဆိုင်ခွဲပေါင်း ၆၀ ရှိ၍ စင်ကာပူ၊ တရုတ်၊ ဟောင်ကောင်၊ ထိုင်ဝမ်၊ အင်ဒိုနီးရှား၊ အမေရိကန်၊ ထိုင်း၊ ဗီယက်နမ်၊ အိန္ဒိယ၊ ဆွစ်ဇာလန်နိုင်ငံတို့တွင်ပါ ဖရန်ချိုက်စ်ဆိုင်ခွဲများ ဖွင့်လှစ်ထားရှိသော Clara International Beauty Group ၏ ဖရန်ချိုက်(စ်)ဆိုင်ခွဲကို ရန်ကုန်မြို့ ရှစ်မိုင်လမ်းဆုံ မြိုင်ဟောင်ပန်းခြံ၏ မျက်နှာချင်းဆိုင်တွင် ဒီဇင်ဘာ ၅ ရက်နေ့က ဖွင့်လှစ်လိုက်ပြီး စျေးနှုန်းသက်သာသော အလှကုန်ပစ္စည်းများကိုပါ ဖြန့်ချိသွားမည်ဟု ဒါရိုက်တာဖြစ်သူ Dr. Claral Chee က ပြောကြားသည်။

မြန်မာအမျိုးသမီးတို့၏ အသားအရေကို စမ်းသပ်၍ ကုသမှုပေးမည့် ရန်ကုန် Clara ဆိုင်ခွဲကို ရန်ကုန်အခြေစိုက် Ranjo ကုမ္ပဏီနှင့် ပူးပေါင်းဖွင့်လှစ်သွားမည်ဖြစ်ပြီး ရန်ကုန်တွင် ဖွင့်လှစ်အောင်မြင်သွားပါက မြန်မာနိုင်ငံ မြို့ကြီးများတွင်ပါ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း Ranjo မှ တာဝန်ရှိသူ မဂျူဒီက ပြောကြားသည်။

Clara Beauty Group သည် ဆေးဘက်ဝင်အပင်ငယ်များမှ ထုတ်လုပ်သော Skin Care Product များဖြင့် အသားအရေဆိုင်ရာပြဿနာများကို ကုသဝန်ဆောင်မှုပေးနေသော နိုင်ငံတကာကုမ္ပဏီဖြစ်ပြီး Clara Skin Care ထုတ်ကုန် ၂၀၀ ခန့်ကို Ranjo မှ မြန်မာနိုင်ငံတွင် တစ်ဦးတည်း ဖြန့်ချိသွားမည်ဟု ၎င်းက ဆိုသည်။

လက်ရှိ မြန်မာနိုင်ငံတွင် ဖြန့်ချိနေသော ပြင်သစ်နိုင်ငံထုတ် အလှကုန်ပစ္စည်းများထက် Clara Skin Care Product များက လေးပုံတစ်ပုံခန့် စျေးသက်သာပြီး အမျိုးသမီးတိုင်း လှလိုကြသည့်အတွက် မိမိအလှကုန်များသည် စျေးကွက်တွင် အောင်မြင်မှုရရှိမည်ဟု Clara Group ၏ အကြီးအကဲ Malaysia Herbal Corporation ၏ ဒါရိုက်တာဖြစ်သူ Dr. Claral Chee က ပြောကြားသည်။

ထို့ပြင် Ranjo ကုမ္ပဏီနှင့် ပူးပေါင်း၍ အလှပြုပြင်ရေးဆိုင်ရာ Clara Academy School ကိုလည်း ရန်ကုန်တွင် ဖွင့်လှစ်သင်ကြားရန် စီစဉ်နေကြောင်း ၎င်းက ဆိုသည်။ ■

# နယ်စပ်မှတင်သွင်းရောင်းချနေသော Chik ခေါင်းလျှော်ရည် Mega မှ ဖြန့်ချိမည်

**မန္တလေး၊ ဒီဇင်ဘာ ၁၅**

တမူးနယ်စပ်မှတစ်ဆင့် မြန်မာနိုင်ငံဈေးကွက်အတွင်း တင်သွင်းရောင်းချနေသော Chik ခေါင်းလျှော်ရည်အထုပ်နှင့် ပုလင်းများကို Mega ဖြန့်ချိရေးကုမ္ပဏီက တရားဝင် တင်သွင်းဖြန့်ဖြူးသွားမည်ဖြစ်ကြောင်း ဒီဇင်ဘာလ ၁၅ ရက်နေ့က ရန်ကုန်မြို့ Grand Plaza Park Royal ဟိုတယ်တွင်ကျင်းပသော Chik ခေါင်းလျှော်ရည် မိတ်ဆက်ပွဲအခမ်းအနား၌ Mega မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

Chik ခေါင်းလျှော်ရည်သည် အိန္ဒိယနိုင်ငံ ခေါင်းလျှော်ရည်ဈေးကွက်၌ ဒုတိယဈေးကွက်အများဆုံး ရရှိထားသော အမှတ်တံဆိပ်တစ်ခုဖြစ်ပြီး ထုတ်လုပ်သည့် Kavin Care ကုမ္ပဏီမှ မြန်မာနိုင်ငံဈေးကွက်သို့ Fairever အလှကုန်များကိုလည်း ဖြန့်ချိလျက်ရှိကြောင်း အဆိုပါတာဝန်ရှိသူက ဆိုသည်။

မြန်မာခေါင်းလျှော်ရည်ဈေးကွက်သည် အပြိုင်အဆိုင်များပြီး အလားအလာကောင်းလှသဖြင့် Chik ခေါင်းလျှော်ရည်ကို ချိုသာသောဈေးနှုန်းဖြင့် ဈေးကွက်ယူ ထိုးဖောက်မည်ဖြစ်ပြီး တီဗီ၊ ရေဒီယို၊ စာနယ်ဇင်းကြော်ငြာအားကိုပါ အသုံးပြုသွားမည်ဟု Cavin Care ကုမ္ပဏီမှ ပြောကြားသည်။

မြန်မာနိုင်ငံ ခေါင်းလျှော်ရည်ဈေးကွက်၌ ပြည်တွင်းပြည်ပ ခေါင်းလျှော်ရည်အမျိုးအစား ၃၀ ခန့် ရောင်းချလျက်ရှိရာ ခေါင်းလျှော်ရည်ဘူးထက် အထုပ်ငယ်များကို သုံးစွဲသူပိုမို များပြားကြောင်း Mega မှ သုတေသနပြုချက်များက ဖော်ပြထားသည်။

ရုပ်မြင်သံကြားကြော်ငြာများကို ညစဉ် ငွေသိန်းပေါင်းများစွာ အကုန်အကျခံကာ ကြော်ငြာနေသော ပြည်တွင်းခေါင်းလျှော်ရည်ထုတ်လုပ်ရေးလုပ်ငန်းအချို့၏ အဆင့်အတန်းမှာ အိမ်တွင်းတစ်ပိုင်တစ်နိုင် လုပ်ငန်းသာသာအဆင့်တွင် ရှိသည်ဟု လက်တွေ့သွားရောက်လေ့လာခဲ့သူတစ်ဦးက သုံးသပ်ပြောကြားသည်။

# ပညာတန်ဆောင်အဖွဲ့မှ ကလေး ၁၁၁၀၀ ပြုစုစောင့်ရှောက်မှုပေး

**ရန်ကုန်၊ ဒီဇင်ဘာ ၁၁**

ကမ္ဘာ့ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF)၏ ပံ့ပိုးကူညီမှုဖြင့် ပညာတန်ဆောင်အဖွဲ့မှ ရှေးဦးကလေးသူငယ်ပြုစုစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲကာ ကလေးသူငယ်ပေါင်း ၁၁၁၀၀ ကို ပြုစုစောင့်ရှောက်မှုပေးနေသည်ဟု စီမံချက်မန်နေဂျာ ဦးကံညွန့်က ပြောကြားသည်။

ကလေးသူငယ်များ၏ ဉာဏ်ပညာ၊ အသိပညာ၊ ကာယ၊ စိတ်ခံစားမှုနှင့် ပေါင်းသင်းဆက်ဆံရေး ဖွံ့ဖြိုးမှုတို့အပေါ် အထောက်အကူဖြစ်စေရန် ယခုစီမံချက်ကို အကောင်အထည်ဖော်ရခြင်း ဖြစ်သည်ဟု ၎င်းက ဆိုသည်။

ယင်းစီမံချက်တွင် လှိုင်၊ မြောက်ဥက္ကလာပ၊ သာကေတ၊ ဒေါပုံနှင့် ကြည့်မြင်တိုင် ငါးမြို့နယ်၌ မိခင်အုပ်စု ၈၅၅ အုပ်စုမှ တစ်အုပ်စုလျှင် သုံးနှစ်အောက်ကလေး ၁၀ ယောက်ကို ပြုစုနေပြီး မူကြိုကျောင်း ၅၁ ကျောင်းမှ တစ်ကျောင်းလျှင် သုံးနှစ်မှ ငါးနှစ်အထိ ကလေးအယောက် ၅၀ ကို မူကြိုဆရာများက ပြုစုစောင့်ရှောက်ရန် သတ်မှတ်ထားသည်။

ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန၏ ပူးပေါင်းကူညီမှုဖြင့် ကလေးပြုစုစောင့်ရှောက်ရေးနည်းပညာရပ်များကို ပညာတန်ဆောင်အဖွဲ့မှ မိဘနှင့် ဆရာများအား သင်တန်းများ ပို့ချပေးလျက်ရှိပြီး ကျောင်းနှင့် မြို့နယ်များ ရွေးချယ်မှုကို UNICEF နှင့် ပညာတန်ဆောင်အဖွဲ့တို့ ပူးပေါင်း ရွေးချယ်ခဲ့သည်ဟု ပညာတန်ဆောင်အဖွဲ့၏ တာဝန်ရှိသူတို့ထံမှ သိရသည်။

ကလေးများကို ပြုစုစောင့်ရှောက်ချိန်တွင် ကစားစရာအရုပ်များပေးခြင်း၊ အာဟာရတိုက်ကျွေးခြင်း၊ အားဆေးနှင့် ခြောက်လတစ်ကြိမ် သံကျဆေးများကို တိုက်ကျွေးပြီး ပညာတန်ဆောင်အဖွဲ့မှ အာဟာရဖြစ်စေနိုင်သည့် အစားအစာများကို သတ်မှတ်ထားသည့် ငါးမြို့နယ်အတွင်းသို့ အရောက်ပို့ဆောင်ပေးရသည်ဟု စီမံချက်မန်နေဂျာက ထပ်လောင်းပြောကြားသည်။

ပညာတန်ဆောင်အဖွဲ့သည် ၁၉၅၂ ခုနှစ်တွင် တည်ထောင်ခဲ့သော အစိုးရမဟုတ်သည့် NGO အဖွဲ့ဖြစ်ပြီး မြန်မာပြည်တွင် ပထမဆုံးပေါ်ပေါက်ခဲ့သော လူမှုရေးအဖွဲ့အစည်းဖြစ်သည်။ ကလေးသူငယ်များ ပြုစုစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးရေးစီမံချက်ကို ၂၀၀၀–၂၀၀၅ ခုနှစ်အထိ သတ်မှတ်အကောင်အထည်ဖော်မည်ဟု ယင်းအဖွဲ့၏ ထုတ်ပြန်ကြေညာချက်အရ သိရသည်။ ■

# ကွန်ပျူတာအရောင်းဆိုင်များ ပေါများလာသော်လည်း ပြုပြင်ထိန်းသိမ်းမှုအားနည်း

**ရန်ကုန်၊ ဒီဇင်ဘာ ၂၀**

ရန်ကုန်မြို့တော်၌ ယခုနှစ်အတွင်း ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းအရောင်းဆိုင်အရေအတွက် သိသိသာသာ တိုးပွားလာသော်လည်း ပြုပြင်ထိန်းသိမ်းမှုနှင့် အာမခံအပိုင်းတွင်မူ အားနည်းနေလျက်ရှိကြောင်း Client Focus Technology Group မှ အထွေထွေမန်နေဂျာ ဦးအောင်ကျော်မိုးက ဒီဇင်ဘာလဆန်းပိုင်းတွင် ပြောကြားသည်။

ရန်ကုန်မြို့တော်တွင်သာမက မန္တလေးမြို့၌ပါ ICT Park များ ပေါ်ထွန်းလာခဲ့ပြီးနောက် Computer Sales and Service Centre အရေအတွက် သိသိသာသာတိုးပွားလာခဲ့ကြောင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းမှ စာရင်းများအရ ရန်ကုန်မြို့တစ်မြို့တည်းပင်လျှင် ယခုနှစ်အတွင်း အဆိုပါအရောင်းဆိုင်ပေါင်း ၁၅၀ ခန့် ရှိနေပြီဖြစ်ကြောင်း၊ အရောင်းဆိုင်များတွင် ကုမ္ပဏီပုံစံ ခိုင်ခိုင်မာမာဖွဲ့စည်းပြီး Branded ပစ္စည်းများကို ကိုယ်စားလှယ်ရယူ တင်သွင်းရောင်းချသည့်ဆိုင်ကြီးများ နည်းပါးပြီး မိသားစု ကုမ္ပဏီလုပ်ငန်းနှင့် အရောင်းဆိုင်ပုံစံ ခင်းကျင်းရောင်းချနေသူက များပြားလာကြောင်း၊ ရန်ကုန်မြို့အတွင်း ဆိပ်ကမ်းသာလမ်း၊ ပန်းဆိုးတန်းလမ်း၊ ဘိုကလေးဈေးလမ်း၊ မဟာဗန္ဓုလပန်းခြံလမ်းတစ်ဝိုက်တွင် ကွန်ပျူတာအရောင်းဆိုင်များ စုစည်းလာကြသည်ကို တွေ့ရကြောင်းနှင့် ပြည်ပနိုင်ငံများကဲ့သို့ IT Mall များ မပေါ်ထွန်းသေးသဖြင့် တစ်ဆိုင်စီပြန့်ကျဲနေခဲ့ကြရာမှ သူ့နည်းသူ့ဟန်နှင့် Informally စုစည်းရောင်းချလာသည့်သဘောပင်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

ကွန်ပျူတာလက်လီအရောင်းဆိုင်များ အရေအတွက် ပေါများလာသဖြင့် ဈေးနှုန်းများ ကျဆင်းသက်သာသွားသလို ရွေးချယ်ဝယ်ယူစရာ အခွင့်အရေးများ ပိုမိုရရှိလာကြကြောင်း၊ သို့သော် ပြုပြင်ထိန်းသိမ်းမှု (Service) အပိုင်းတွင်မူ ကျွမ်းကျင်ဝန်ထမ်းများ မရှိကြသဖြင့် အချို့သော လက်လီဆိုင်များက ၎င်းတို့တစ်ဆင့် ဝယ်ယူခဲ့သည့် Distributer ကုမ္ပဏီများထံ ပြန်ပို့ကြကြောင်း၊ အချို့သောကုန်ပစ္စည်းများမှာ တစ်ဆင့်ပြီးတစ်ဆင့် ရောင်းချနေရသဖြင့် အာမခံသက်တမ်းကုန်မှ End User လက်အတွင်း ရောက်ရှိသွားတတ်ကြကြောင်း၊ ယင်းအာမခံသက်တမ်း ကုန်သွားသည့် ကွန်ပျူတာကို တာဝန်ယူ ပြုပြင်ပေးမည့်သူ မရှိသည့်အခါတွင် စားသုံးသူ End User များပင် ဒုက္ခရောက်ကြရကြောင်း ၎င်းက သုံးသပ်ပြောကြားသည်။

# ကွန်ပျူတာရောင်းချသောဆိုင် များပြားလာ၍ ကွန်ပျူတာပစ္စည်းများ ဈေးတက်ရောင်း၍မရ

**ရန်ကုန်၊ ဒီဇင်ဘာ ၇**

၂၀၀၄ ခုနှစ်အတွင်း ရန်ကုန်မြို့တော်တွင် ကွန်ပျူတာနှင့် အပိုပစ္စည်းရောင်းချသည့်ဆိုင်များ သိသိသာသာများပြားလာသဖြင့် ဖောက်သည် လက်မလွှတ်စေရန်အတွက် ဈေးတက်ရောင်းချ၍မရပါဟု ထိုင်ဝမ်ထုတ် MSI ကွန်ပျူတာပစ္စည်းများကို မြန်မာနိုင်ငံ၌ ရောင်းချပေးနေသော Smart Computer Co., Ltd. မှ ဦးအောင်အောင်က ဒီဇင်ဘာလဆန်း၌ ပြောကြားသည်။

၂၀၀၄ ခုနှစ် ရန်ကုန်လမ်းညွှန်တွင် ဖော်ပြထားသော စာရင်းများအရ ရန်ကုန်မြို့တော်တွင် ကွန်ပျူတာနှင့် ကွန်ပျူတာအပိုပစ္စည်းရောင်းချသော ဆိုင်ပေါင်း ၂၄၀ ခန့် ရှိနေပြီဖြစ်ရာ ဆိုင်များအနေဖြင့် ကွန်ပျူတာဂိမ်းဆိုင်များ၊ သင်တန်းများသို့ Marketing ပြုလုပ်ရန် အပြိုင်အဆိုင်သွားရောက်ရလေ့ရှိပြီး တစ်နှစ်အတွင်း ဝယ်ယူထားသော ကွန်ပျူတာပစ္စည်း ချို့ယွင်းမှုရှိပါက ပြင်ဆင်ပေးနိုင်သည့် သီးသန့် Service Center ကိုလည်း ထားရှိရသည်ဟု ဦးအောင်အောင်က ဆိုသည်။

မြန်မာနိုင်ငံတွင် ရောင်းရအတွင်ကျယ်ဆုံး ကွန်ပျူတာနှင့်အရန်ပစ္စည်းများမှာ ထိုင်ဝမ်ထုတ် ကွန်ပျူတာပစ္စည်းများဖြစ်၍ ထိုင်ဝမ်ထုတ် MSI တံဆိပ်ကွန်ပျူတာ Mother Board များကို Network Game ဆိုင်များမှ အများဆုံးဝယ်ယူအသုံးပြုသည်ဟု ၎င်းကထပ်လောင်းပြောကြားသည်။

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနသည် ၂၀၀၄ ခုနှစ် ဇွန်လ ၁၅ ရက်နေ့တွင် ကွန်ပျူတာနှင့် အရန်အပိုပစ္စည်းများအပေါ် ကုန်သွယ်လုပ်ငန်းခွန် စည်းကြပ်ကောက်ခံမှုကို ၁၀ ရာခိုင်နှုန်းအထိသာ အခွန်ကျသင့်စေရန် လျှော့ပေါ့သက်သာခွင့်ပြုခဲ့သည်။

■

# ယုဇနကုမ္ပဏီ၏ လှောင်အိမ်စနစ် မွေးမြူခြင်းမှ ငါးတန် ပိသာချိန် လေးသိန်းကျော် ဖော်ထုတ်

**ရန်ကုန်၊ ဒီဇင်ဘာ ၁၀**

ယုဇနကုမ္ပဏီသည် ပုသိမ်မြို့နယ် မရမ်းချောင်ကျေးရွာအုပ်စု ငွေးချိုကျေးရွာဒေသတွင် လှောင်အိမ်စနစ်ဖြင့် ငါးတန်မွေးမြူခြင်းပြုလုပ်ခဲ့ရာ ပြီးခဲ့သည့်လအတွင်း လှောင်အိမ်ကိုးလုံး ဖော်ထုတ်ရာမှ ငါးတန် ပိသာချိန် လေးသိန်းနှစ်သောင်းကျော်ထွက်ရှိခဲ့သည်ဟု ငါးဒိုင်ကြီးတစ်ခုက ဒီဇင်ဘာလ ဒုတိယပတ်တွင် ပြောကြားသည်။

အဆိုပါလှောင်အိမ်စနစ်ဖြင့် မွေးမြူခြင်းကို ၂၀၀၁-၂၀၀၂ ခုနှစ်မှ စတင်ခဲ့ပြီး ၂၀၀၂-၂၀၀၃ ခုနှစ်တွင် လှောင်အိမ်နှစ်လုံးဖော်ထုတ်မှုမှ ငါးပိသာချိန် ခြောက်သောင်းကျော်နှင့် ၂၀၀၃-၂၀၀၄ တွင် လှောင်အိမ် ၁၀ လုံး ဖော်ထုတ်မှုမှ ပိသာချိန် ငါးသိန်းကျော် ရရှိခဲ့သည်။ ယခုနှစ် ၂၀၀၄-၂၀၀၅ တွင် လှောင်အိမ် အလုံးရေ ၂၄ လုံး ရေချမွေးမြူခဲ့ရာ မွေးမြူခဲ့သည့် လှောင်အိမ် အလုံးရေ ၁၉ လုံးအနက် လှောင်အိမ်ကိုးလုံး ဖော်ထုတ်ခြင်းမှ ရရှိခဲ့ခြင်းဖြစ်သည်ဟု အဆိုပါငါးဒိုင်ကြီးထံမှသိရှိရသည်။

အဆိုပါဒေသတွင် ပုဂ္ဂလိကကုမ္ပဏီများအပြင် အသင်းအဖွဲ့နှင့် ဌာနဆိုင်ရာများမှလည်း လှောင်အိမ်စနစ်ဖြင့် ငါးမွေးမြူရေး လုပ်ကိုင်လျက် ရှိကြသည်။

# မြိတ်ဒေသ ရေလုပ်ငန်းရှင်များ စက်အားပိုကောင်းသည့် အအေးခန်းများတွင် စုပေါင်းအေးခဲ

**ရန်ကုန်၊ ဒီဇင်ဘာ ၅**

တနင်္သာရီတိုင်း မြိတ်ဒေသ ငါး ပုစွန်လုပ်ငန်းရှင်များ၏ အအေးခန်းစက်ရုံများသည် ရရှိထားသည့်အမှာစာများကို စုပေါင်း၍ စက်အားပိုကောင်းသည့်စက်ရုံ တစ်ခုတည်း၌ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်ဟု တနင်္သာရီဒေသ ရေလုပ်ငန်းရှင်တစ်ဦးက ဒီဇင်ဘာလဆန်းပိုင်းတွင် ပြောကြားသည်။

အဆိုပါစက်ရုံများအတွက် လိုအပ်သော ဓာတ်ဆီများသည် ကမ္ဘာ့ရေနံဈေးနှုန်းကြီးမြင့်မှုကြောင့် လောင်စာဆီစရိတ်ချွေတာသည့်အနေဖြင့် ယခုကဲ့သို့ လုပ်ဆောင်ခြင်းဖြစ်သည်ဟု ၎င်းက ဆိုသည်။

အအေးခန်းစက်ရုံများ၏ ထုပ်ပိုးအေးခဲမှုအတွက် လိုအပ်သော အအေးဓာတ်မရရှိပါက ငါးပုစွန်ကဲ့သို့ ရေထွက်ကုန်ပစ္စည်းများ ပျက်စီးဆုံးရှုံးမှု ဖြစ်ပေါ်စေသည်ဟု အဆိုပါရေလုပ်ငန်းရှင်က ထပ်လောင်းပြောကြားသည်။

# သမီးလှကျွန်း၌ ပင်လယ်လိပ်ကောင်ရေ သိသိသာသာ လျော့ပါး

**ရန်ကုန်၊ ဒီဇင်ဘာ ၁၁**

မြန်မာနိုင်ငံ၌ ပင်လယ်လိပ်ပေါများစွာ တွေ့ရှိရာဒေသတစ်ခုဖြစ်သည့် ဧရာဝတီတိုင်း ငပုတောမြို့နယ်အတွင်းရှိ သမီးလှကျွန်းပေါ်၌ ပင်လယ်လိပ်ကောင်ရေ သိသိသာသာ လျော့ပါးကျဆင်းစပြုနေပြီဖြစ်ကြောင်း အဆိုပါကျွန်းပေါ်၌ ပင်လယ်လိပ်များအကြောင်း လေ့လာသုတေသနပြုခဲ့သူ ရန်ကုန်တက္ကသိုလ် သတ္တဗေဒဌာနမှ ပါရဂူဘွဲ့စာတမ်းပြုစုနေသူ သရုပ်ပြဦးကိုမြင့်က ပြောကြားသည်။

မြန်မာနိုင်ငံ၌ ပင်လယ်လိပ်မျိုးစိတ်ငါးမျိုးတွေ့ရှိရသည့်အနက် မျိုးစိတ်သုံးခုဖြစ်သော ပြင်သာလိပ် (Green Turtle)၊ လိပ်လှောင်း (Olive Ridley Turtle)နှင့် လိပ်ကြက်တူရွေး (ခ) စွန်လိပ် (Hawisk Bill Turtle)တို့ကို ဤကျွန်းပေါ်၌ တွေ့ရှိရကြောင်း၊ ဤကျွန်းသည် မြန်မာနိုင်ငံ၌ ပြင်သာလိပ် အပေါများဆုံး တွေ့ရှိရာကျွန်းဖြစ်ပြီး ၁၉၈၀ ခုနှစ်ဝန်းကျင်ခန့်က တစ်နှစ်လျှင် လိပ်မကောင်ရေ ၅၀၀၀ ခန့်က လိပ်ဥပေါင်း တစ်သန်းကျော်ခန့်ကို တက်ရောက်ဥအုခဲ့ကြကြောင်း၊ ယခုအခါတွင်မူ တစ်နှစ်လျှင် ပြင်သာလိပ်ကောင်ရေ ၃၀၀ ခန့်၊ လိပ်လှောင်းကောင်ရေ ၁၀ ကောင်ခန့်နှင့် လိပ်ကြက်တူရွေး နှစ်ကောင်မှ သုံးကောင်ခန့်သာ တက်ရောက်ဥအုကြသည်ကို တွေ့ရကြောင်း၊ ယင်းတို့အနက် လိပ်ကြက်တူရွေးမှာ မျိုးတုံးပျောက်ကွယ်ရန် လုံးဝအန္တရာယ်ရှိနေသောအဆင့် (Critical Endangered Species) အဖြစ် သတ်မှတ်ထားကြောင်း ၎င်းက ဆိုသည်။

ပင်လယ်လိပ်ကောင်ရေ သိသိသာသာ လျော့ပါးသွားရခြင်းမှာ လွန်ခဲ့သော လေးငါးရှစ်နှစ်ခန့်မှစ၍ ဤကျွန်းပေါ်ရှိ ခုံးကြမ်းခေါ် ခရုခွံငယ်ကလေးများကို ကြက်စာအတွက် ပမာဏအမြောက်အမြား သယ်ယူကြခြင်းနှင့် သုံးနှစ်အတွင်း ပင်လယ်ဒီရေနှင့် လှိုင်းလုံးများ သိသိသာသာ တက်လာခြင်းတို့ကြောင့် ၎င်းတို့၏ ဥအုရာ စားကျက်မြေ (Habitat) လျော့ပါးပျောက်ဆုံးလာခြင်း၊ ခေတ်မီ တရွတ်ဆွဲငါးဖမ်းပိုက်များ အသုံးပြု၍ ငါးဖမ်းဆီးခြင်းနှင့် လိပ်နှင့် လိပ်ဥများကို တရားမဝင်ဖမ်းဆီးသတ်ဖြတ်စားသောက်ခြင်းတို့ကြောင့် ဖြစ်ကြောင်း ၎င်းက သုံးသပ်ပြောကြားသည်။

ဤကျွန်းပေါ်၌ ရက်သတ္တပတ်နှစ်ပတ်အကြာ လေ့လာသုတေသနပြုချက်များအရ အလျားလေးပေခန့်နှင့် အလေးချိန်ပေါင် ၂၅၀ မှ ၃၀၀ အထိရှိသော ပြင်သာလိပ်မျိုးစိတ်များကို တွေ့ရှိမှတ်တမ်းတင်နိုင်ခဲ့ကြောင်း ၎င်းကထပ်လောင်းပြောကြားသည်။

# ဇီဝမျိုးစုံထိန်းသိမ်းကာကွယ်ရေး သတင်းဖလှယ်ရေးညီလာခံ မြန်မာတက်ရောက်ရန်ရှိ

**ရန်ကုန်၊ ဒီဇင်ဘာ ၂၄**

ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလအတွင်း ကျင်းပပြုလုပ်မည့် ဇီဝမျိုးစုံထိန်းသိမ်းကာကွယ်ရေး Biodiversity Convention ကို သတင်းအချက်အလက်ဖလှယ်ရေး အလုပ်ရုံဆွေးနွေးပွဲ Information Exchange သို့ မြန်မာအပါအဝင် အာရှ၊ ပစိဖိတ် နိုင်ငံများ တက်ရောက်ကြမည်ဖြစ်ကြောင်း ၎င်းတို့၏ အင်တာနက် Website တွင် ဖော်ပြထားသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို မူလက ဂျော်ဒန်နိုင်ငံတွင် ကျင်းပရန် စီစဉ်ထားခဲ့ရာမှ ယခု ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့ ပြောင်းရွှေ့ကျင်းပရန် စီစဉ်ခြင်းဖြစ်ကြောင်း၊ ယင်းဆွေးနွေးပွဲတွင် ဇီဝ မျိုးကွဲမျိုးစုံထိန်းသိမ်းရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာအခြေအနေများ၊ ပြည့်စုံသောဇာတ်လမ်းများ (Successful Stories)၊ နိုင်ငံအလိုက် ဆောင်ရွက်နေသည်များ၊ အခက်အခဲများ၊ နည်းပညာများနှင့် ပတ်သက်၍ အပြန်အလှန် သတင်းဖလှယ်ရေးဆိုင်ရာမူဝါဒ၊လုပ်ငန်းစဉ်များကို ဆွေးနွေးကြမည်ဖြစ်ကြောင်း Website တွင် ဖော်ပြထားသည်။ မြန်မာနိုင်ငံသည် ဇီဝမျိုးကွဲမျိုးစုံထိန်းသိမ်းရေး Biodiversitys Convention အဖွဲ့ဝင်တစ်နိုင်ငံ ဖြစ်သည့်အတွက် အဆိုပါညီလာခံသို့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင် အနည်းဆုံး တစ်ဦးခန့် တက်ရောက်ဖွယ်ရှိသည်။

# သတ္တမအကြိမ်မြောက် နိုင်ငံတကာ အာရှပစိဖိတ်ဒေသ AIDS ရောဂါဆိုင်ရာ ကွန်ဂရက် ဂျပန်တွင် ပြုလုပ်မည်

**ရန်ကုန်၊ဒီဇင်ဘာ ၂၃**

သတ္တမအကြိမ်မြောက် နိုင်ငံတကာ အာရှပစိဖိတ်ဒေသ AIDS ရောဂါဆိုင်ရာ ကွန်ဂရက်ကို ဂျပန်နိုင်ငံ ကိုဘီမြို့တွင် ၂၀၀၅ ခုနှစ် ဇူလိုင်လ ၁ ရက်မှ ၅ ရက်နေ့အထိ ကျင်းပမည်ဖြစ်ကြောင်း HIV Information For Myanmar မှ ဒီဇင်ဘာလ ၂၃ ရက်နေ့စွဲဖြင့် ထုတ်ပြန်သော E-mail သတင်းလွှာတစ်စောင်တွင် ဖော်ပြထားသည်။ ယင်းကွန်ဂရက်သို့ တက်ရောက်လိုသူများအနေဖြင့် မိမိတို့ ဆွေးနွေးဖတ်ကြားလိုသည့် ဘာသာရပ်များနှင့် သက်ဆိုင်သည့် အဆိုပြုချက်များကို www.icaap7.jp သို့ ဇန်နဝါရီလ နောက်ဆုံးထား၍လည်းကောင်း၊ 7th ICAAP Secretariat c/o Convention Linkage, Inc. PIAS TOWER 11F, 3-19-3 Toyosaki, Kita-ku, Osaka 531-0072, Japan Tel: +81-6-6377-2188 Fax: +81-6-6377-2075, E-mail: info_icaap7 @secretariat. ne.jp သို့ ဇန်နဝါရီလ ၅ ရက်နေ့နောက်ဆုံးထား၍ စာဖြင့်လည်းကောင်း တင်သွင်းနိုင်ကြောင်း ယင်းသတင်းလွှာတွင် ဖော်ပြထားသည်။

# စစ်တောင်းမြစ်ဝ၌ မြစ်ဝကျွန်းပေါ် စတင် သန္ဓေတည်လျက်ရှိ

**ရန်ကုန်၊ ဒီဇင်ဘာ ၂၅**

ယခင်က မြစ်ဝကျယ်ဖြစ်ပြီး ဒီရေအတက်အကျကြမ်းသော စစ်တောင်းမြစ်ဝတွင် မြစ်ဝကျွန်းပေါ်ဖြစ်ထွန်းမည့် သန္ဓေတည်လက္ခဏာများကို တွေ့မြင်လာရကြောင်း သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လေ့လာနေသူ ဦးလှမောင်က ဒီဇင်ဘာလ တတိယအပတ်အတွင်း ပြောကြားသည်။

စစ်တောင်းမြစ်သည် ကတော့ပုံမြစ်ဝကျယ်ဖြစ်ပြီး ဒီရေအတက်အကျကြမ်းသော မြစ်ဖြစ်သော်လည်း ယခုအခါ သဲနုန်းပို့ချမှု များပြားလာသည့်အတွက် မြစ်လယ်တွင် ကျွန်းများ စတင်ဖြစ်ထွန်းလျက်ရှိသည်ကို တွေ့ရကြောင်း၊ ကောင်းကင်ဓာတ်ပုံများအရလည်း မြစ်ဝကျွန်းပေါ်ဖြစ်ထွန်းလာမည့် လက္ခဏာများကို တွေ့မြင်နေရကြောင်း ၎င်းက ဆိုသည်။ လယ်မြေဧကအမြောက်အမြား စိုက်ပျိုးနိုင်သော ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသသည် နှစ် ၁၀၀ လျှင် သုံးမိုင်ခန့် ပင်လယ်တွင်းသို့ ထိုးထွက်နေပြီး မြန်မာနိုင်ငံ၏ ရိက္ခာအိုးကြီးအဖြစ် သတ်မှတ်ထားသည်။ ယခုအသစ်ဖြစ်ထွန်းလာမည့် စစ်တောင်းမြစ်ဝကျွန်းပေါ်သည် တစ်ချိန်၌ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍအတွက် အရေးပါလာဖွယ်ရှိသည်ဟု ဦးလှမောင်က သုံးသပ်ခန့်မှန်းသည်။

■

# ချင်းတွင်း၊ သံလွင် စီးလုံးငှားသင်္ဘောလက်မှတ်ခ ဈေးပြောင်းလဲ

**ရန်ကုန်၊ ဒီဇင်ဘာ ၁၀**

ကန်ထရိုက် ရယူသူများမှတစ်ဆင့် ထပ်မံ လွှဲပြောင်းငှားရမ်းမှုများကြောင့် ချင်းတွင်းနှင့် သံလွင်စီးလုံးငှားသင်္ဘောများ၏ သင်္ဘောစီးနင်းခ နှုန်းထားများ နှစ်ဆ ပြောင်းလဲကွာဟသွားကြောင်း ပုဂ္ဂလိက အပတ်စဉ်ထုတ်ဂျာနယ်များတွင် ထည့်သွင်းထားသော ကြော်ငြာများအရ သိရသည်။ ယခင် ရန်ကုန်–ကော့သောင်း ခရီးစဉ်တစ်ခုလုံးအတွက် လက်မှတ် တစ်စောင်လျှင် ၆၀၀၀ ကျပ်ဖြင့် မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်းမှ သတ်မှတ်ခဲ့ရာ ကန်ထရိုက်စနစ်များကြောင့် လက်မှတ်တစ်စောင်လျှင် သုံးသောင်းကျပ်အထိ တိုးမြှင့်သွားကြောင်း၊ ယခုအခါ ကန်ထရိုက်ရယူသူများမှ အပြင်ပုဂ္ဂလိကသို့ ထပ်ဆင့်ထပ်မံငှားရမ်းလုပ်ကိုင်မှုများကြောင့် လက်မှတ်တစ်စောင်လျှင် ခြောက်သောင်းကျပ်အထိ နှစ်ဆကွာဟသွားခြင်းဖြစ်ကြောင်း အဆိုပါသင်္ဘောများကန်ထရိုက် လျှောက်ထားသူတစ်ဦးက သုံးသပ်သည်။

# ငါးနိုင်ငံ ကုန်စည်ပြပွဲအတွက် ပြည်ပကုမ္ပဏီများ ပြင်ဆင်ချိန်မရ

**ရန်ကုန်၊ ဒီဇင်ဘာ ၅**

မြန်မာနိုင်ငံတွင် ကျင်းပခဲ့သော CLMTV ငါးနိုင်ငံ ကုန်စည်ပြပွဲတွင် လာအိုနိုင်ငံမှ အရောင်းပြခန်း လေးခန်းခန့်သာ ဖွင့်လှစ်ရခြင်းမှာ မြန်မာနိုင်ငံ UMFCCI မှ ပေးပို့သော အကြောင်းကြားစာအရ ပြင်ဆင်ချိန်မရခြင်းနှင့် မြန်မာလူထုအကြိုက်ကို မခန့်မှန်းနိုင်၍ အဝတ်အထည်များကိုသာ ပြသနိုင်ခြင်းတို့ကြောင့်ဖြစ်ကြောင်း လာအိုနိုင်ငံ ကုန်သွယ်မှုဝါဒရေးရာအရာရှိ Mr.Viengso Sombath က ပြောကြားသည်။

ဒီဇင်ဘာလ ၃ ရက်နေ့မှ ၇ ရက်နေ့အထိ ရန်ကုန်မြို့ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ကျင်းပသော ငါးနိုင်ငံ ကုန်စည်ပြပွဲတွင် ပြည်တွင်းပြခန်း ၁၃၅ ခန်း ရှိသော်လည်း ပြည်ပကုမ္ပဏီပြခန်းမှာ ၂၅ ခုသာ ဖွင့်လှစ်ပြသခဲ့သည်။

မြန်မာနိုင်ငံသို့ ပထမဆုံးအကြိမ် လာရောက်ခြင်းဖြစ်၍ မိမိတို့၏ ထွက်ကုန်များကို အပြည့်အဝ မယူဆောင်လာနိုင်ကြောင်း၊ နောက်ကုန်စည်ပြပွဲများတွင် ပိုမိုပြည့်စုံစွာ ပြသနိုင်မည်ဟု Mr.Vieng Sombath က ဆိုသည်။

ပြည်ပကုမ္ပဏီပြခန်းများ နည်းပါးခြင်း၊ တချို့မှာ ပြသရန်သက်သက် လာရောက်ခြင်း၊ ပြည်တွင်းကုမ္ပဏီများ များပြားခြင်းတို့ကြောင့် ပြည်တွင်းကုန်စည်ပြပွဲများနှင့် ကွာခြားမှု သိပ်မရှိကြောင်း ကုန်စည်ပြပွဲလာသူတစ်ဦးက ဆိုသည်။

သို့ရာတွင် ကုန်စည်ပြပွဲနှင့်အပြိုင် Talents & Models နှင့် နိုင်ငံအသီးသီးမှ ဖျော်ဖြေတင်ဆက်မှုများ ပြုလုပ်ခဲ့ရာ ဖျော်ဖြေရေးစင် ပတ်ဝန်းကျင်တွင် ကြည့်ရှုသူအထူးများပြားကြောင်း တွေ့ရှိရသည်။

ပြပွဲကော်မတီ၏ ထုတ်ပြန်ချက်အရ ပြပွဲဖွင့်လှစ်သည့် ဒီဇင်ဘာလ ၃ ရက်နေ့တွင် ပင် လူဦးရေ လေးသောင်းခန့် လာရောက်ခဲ့ပြီး ငွေကျပ် ၁,၆၆၆,၁၂၄ ကျပ်၊ အမေရိကန် ၂၅ ဒေါ်လာ တန်ဖိုးခန့် ရောင်းချခဲ့ကြောင်း သိရှိရသည်။ ■

# အမျိုးသမီးများသည် အမျိုးသားများထက် HIV ပိုး ကူးစက်ခံရရန် နှစ်ဆခွဲခန့် ပိုမိုလွယ်ကူ

**ရန်ကုန်၊ ဒီဇင်ဘာ ၅**

အမျိုးသမီးများသည် အမျိုးသားများထက် HIV ပိုး ကူးစက်ခံရရန် နှစ်ဆခွဲခန့် ပိုမိုလွယ်ကူကြောင်း ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာမြဦးက ဒီဇင်ဘာလ ၁ ရက်နေ့၌ ကျင်းပသော World AIDS Day အခမ်းအနားတွင် ပြောကြားသော မိန့်ခွန်းတွင် ထည့်သွင်း ပြောဆိုသွားခဲ့သည်။

အဆိုပါမိန့်ခွန်းတွင် UNAIDS ၏ ၂၀၀၃ ခုနှစ် ခန့်မှန်းချက်များအရ ကမ္ဘာပေါ်တွင် HIV ပိုး ကူးစက်ခံရသူပေါင်း ၃၈ သန်းရှိပြီး ၂၀၀၃ ခုနှစ်တွင် HIV ပိုး ကူးစက်ခံရသူ အသစ်ပေါင်း ၄.၈ သန်း ရှိသည့်အနက် ကူးစက်ခံရသူထက်ဝက်မှာ အမျိုးသမီးများဖြစ်ကြောင်း ထည့်သွင်းပြောကြားသွားသည်။ UNAIDS အမှုဆောင်ညွှန်ကြားရေးမှူး Dr.Peter Piot ပေးပို့သော World AIDS Day သဝဏ်လွှာတွင် AIDS ရောဂါ ကာကွယ်ရေးနည်းလမ်းများဖြစ်သည့် လိင်ဆက်ဆံမှုမပြုခြင်း၊ အိမ်ထောင်ဖက်ကို သစ္စာရှိခြင်းနှင့် ကွန်ဒုံးအစွပ်သုံးခြင်းတို့သည် ကောင်းသော နည်းလမ်းများ ဖြစ်သော်လည်း ကျား/မ ညီမျှမှု (Genter Equality) နည်းပါးနေသော အခြေအနေများတွင် အမျိုးသမီးများအတွက် မိမိလက်ထပ်မည့်သူကို ရွေးချယ်ခွင့်ရရှိအောင် အာမခံသင့်ကြောင်း၊ သို့မှသာ အမျိုးသမီးများအနေဖြင့် မည်သည့်အချိန်တွင် မည်သူနှင့်ပေါင်းသင်းရန် ဆုံးဖြတ်ခြင်း၊ ကွန်ဒုံးအသုံးပြုစေရန် ညှိနှိုင်းဆောင်ရွက်နိုင်ခြင်းတို့ကို လုပ်ဆောင် နိုင်မည်ဖြစ်ကြောင်း ဖော်ပြထားသည်။ ■

# Nu Life အသင်းသို့ ဆရာဝန်အများအပြား ဝင်ရောက်

**ရန်ကုန်၊ ဒီဇင်ဘာ ၁၅**

မြန်မာနိုင်ငံအတွင်း Nu Life သဘာဝအာဟာရဆေးဝါးဖြန့်ဖြူးရေးတွင် ရန်ကုန်မြို့ရှိ ဆရာဝန်အတော်များများ အသင်းဝင်အဖြစ် ဝင်ရောက်လုပ်ကိုင်နေကြောင်း Nu Life အဖွဲ့အသင်းဝင် ဒေါက်တာကျော်ဦးက ပြောကြားသည်။ Nu Life အသင်းဝင် ဆရာဝန်များတွင် သာမန်အထွေထွေရောဂါကု ဆရာဝန်များသာမက နှလုံးရောဂါအထူးကုသမားတော် ဆရာဝန်တစ်ဦးပါ ပါဝင်နေပြီဖြစ်ကြောင်း ၎င်းက ဆိုသည်။

Nu Life သဘာဝအာဟာရဆေးဝါးမှာ မြန်မာနိုင်ငံ အာဟာရနှင့် ဆေးဝါးလိုင်စင် အမှတ်ရရှိထားပြီး ဂျပ်ပန်နှင့် ပဲပင်ပေါက်အဆီအနှစ်ဖြင့် အမေရိကန်နိုင်ငံတွင် ထုတ်လုပ်ထားသည်ဟု ၎င်း၏ လက်ကမ်းစာစောင်တွင် ဖော်ပြထားသည်။

Nu Life အသင်းဝင်ဆရာဝန်များက Nu Life ကို အသုံးပြုရန် Marketing များ သဖွယ် လုပ်ဆောင်နေပြီး ၎င်းတို့၏ အကျိုးခံစားခွင့်မှာ မြန်မာနိုင်ငံရှိ လင်ဇီးကုမ္ပဏီများ၏ ခံစားခွင့်ကဲ့သို့ ဆပွားစနစ်ဖြစ်သည်ဟု အသင်းဝင်ဆရာဝန်တစ်ဦးက ဆိုသည်။

ဆရာဝန်များ ဖြစ်နေသဖြင့် ဈေးကွက်ရှာဖွေရာတွင် သာမန်လူများထက် ပိုမိုလွယ်ကူကြောင်း၊ အချို့ဆရာဝန်များမှာ မိမိလူနာကို အဆိုပါဆေးဖြင့် ကုသမှုပေးနေကြောင်း၊ Nu Life အဖွဲ့ဝင်ဖြစ်ရန် Nu Life အားဖြည့်ဆေးတစ်ပုလင်း ၃၆၀၀၀ ကျပ်ဖြင့် ဝယ်ယူရပြီး Member ကြေးမှာ ၅၀၀၀ ကျပ်ဖြစ်သည်ဟု အသင်းဝင်များထံမှ သိရှိရသည်။

# Global Business Coaltion on AIDS Asia ၏ Website မြန်မာဘာသာဖြင့် ကြည့်ရှုနိုင်မည်

**ရန်ကုန်၊ ဒီဇင်ဘာ ၈**

အေအိုင်ဒီအက်စ်ရောဂါနှင့် ပတ်သက်၍ Global Business Coaltion on AIDS Asia အဖွဲ့၏ ဆောင်ရွက်ချက်များ၊ ပညာရေးမှတ်တမ်းများပါဝင်သည့် www.abcoaids.org Website အား မြန်မာဘာသာဖြင့် မကြာမီဖတ်ရှုနိုင်ရန် စီစဉ်နေကြောင်း အဆိုပါအဖွဲ့၏ တာဝန်ရှိသူ မစ္စတာဆိုင်မွန်ဂရေဟမ်က ရန်ကုန်မြို့ ကုန်သည်ကြီးများ ဟိုတယ်တွင် ကျင်းပသော Myanmar Business Coaltion on AIDS ၏ ဒေသတွင်း စီးပွားရေးကဏ္ဍများအပေါ် AIDS ပညာပေးလုပ်ငန်း အတွေ့အကြုံ နှီးနှောဖလှယ်ပွဲ အခမ်းအနားတွင် ပြောကြားသည်။ အဆိုပါ Website ကို ထိုင်းဘာသာ၊ အင်္ဂလိပ်ဘာသာ၊ တရုတ်ဘာသာတို့နှင့် ထုတ်လွှင့်ထားပြီးဖြစ်သည်ဟု ၎င်းက ဆိုသည်။

ဒီဇင်ဘာလ ၈ ရက်နေ့က ပြုလုပ်ခဲ့သော MBCA (Myanmar Business Coaltion on AIDS) ၏ အတွေ့အကြုံဖလှယ်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံတွင် HIV/AIDS ကာကွယ်ပညာပေးလုပ်ဆောင်နေသော အဖွဲ့အစည်းများနှင့် MBCA ကို ငွေကြေးထောက်ပံ့မှုပြုလုပ်နေသော Total ရေနံကုမ္ပဏီအပါအဝင် ကုမ္ပဏီ ၁၈ ခုမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ MBCA သည် ၂၀၀၄ ခုနှစ်အတွင်း ကုမ္ပဏီနှင့် စက်ရုံအလုပ်ရုံ ၄၅ ခုကို AIDS ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ပြည်တွင်းလုပ်ငန်းရှင်အချို့မှာ AIDS ပညာပေးနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်လိုသော စိတ်ဓာတ်နည်းပါးမှုကြောင့် အခက်အခဲအချို့ရှိကြောင်း MBCA ၏ အမှုဆောင်ဒါရိုက်တာ ဒေါက်တာခင်အေးအေးက ဆိုသည်။ ■

# ပြင်ဆင်ချက်

Living Color မဂ္ဂဇင်း အမှတ်(၁၁၄) ဒီဇင်ဘာလထုတ်၊ စာမျက်နှာ ၁၀ တွင်ပါရှိသည့် "မုံရွာတွင် သုံးဘီးတပ်မော်တော်ဆိုင်ကယ်များ အခကြေးငွေဖြင့် ပြေးဆွဲခွင့်ရပ်နား" သတင်းတွင် "ယင်းသို့ မပိတ်ပင်မီက က.ည.န သို့ ကျပ်ငွေ ငါးထောင်ပေးသွင်းကာ ယာယီလိုင်စင်ဖြင့် ပြေးဆွဲနေခြင်းဖြစ်သည်" ဟူသော စာသားအစား "မြို့နယ်ယာဉ်ထိန်းရဲတပ်ဖွဲ့သို့ ကျပ်ငွေငါးသောင်းပေးသွင်းကာ ယာယီလိုင်စင်ဖြင့် ပြေးဆွဲနေခြင်းဖြစ်သည်"ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

Living Color မဂ္ဂဇင်း အမှတ်(၁၁၄) ဒီဇင်ဘာလထုတ်၊ စာမျက်နှာ ၁၀၂ ရှိ "စက်မှုအသွင်ပြောင်းလဲရေးနှင့် ပြည်တွင်းဈေးကွက်" ဆောင်းပါး၏ ကော်လံ(၂) အောက်ဆုံးစာပိုဒ်ပါ "လူဦးရေများပြားသည့် အိမ်နီးချင်းနိုင်ငံများထက် စင်ကာပူဈေးကွက်တွင် ဈေးနှုန်းပိုမိုကြီးမြင့်ကြောင်း"အစား "စင်ကာပူနိုင်ငံ၏ ဈေးကွက်သည် ပိုမိုကြီးမားကြောင်း" ဟု ပြင်ဆင်ဖတ်ရှုပါရန်။

Living Color မဂ္ဂဇင်း အမှတ်(၁၁၄) ဒီဇင်ဘာလထုတ်၊ စာမျက်နှာ ၁၆ တွင်ပါရှိသော "ဟိုတယ်/ခရီး Website လွှင့်တင်" ခေါင်းစဉ်ဖြင့် ဖော်ပြထားသည့်သတင်းတွင် "အဆိုပါ Website ဒီဇိုင်းရေးဆွဲပေးသည့် Myanmars.Net မှ Web Development Director ဒေါ်အေးသဉ္ဇာက Living Color သို့ ပြောကြားသည်" ဟု ဖော်ပြခဲ့ပါသည်။ အမှန်မှာအဆိုပါ Website ကို Win Win War Media မှ ရေးဆွဲထားခြင်းဖြစ်ပြီး ယင်းကုမ္ပဏီ၏ ပြောရေးဆိုခွင့်ရှိသူမှာ ဒေါ်မြင့်မြင့်မော် ဖြစ်ပါသည်။ အဆိုပါ www.myanmartourism.org website တွင် ပါဝင်သော အချက်အားလုံးသည် www.myanmar.com/ministry/hotel tour မှ အချက်အလက်များနှင့် တစ်ပြေးညီတူညီအောင် ဆောင်ရွက်ထားပါသည်။ Myanmars.Net မှ ရေးဆွဲလွှင့်တင်သည့် Website လိပ်စာအမှန်မှာ www.tourismmyanmar.org ဖြစ်ပါသည်။ **အယ်ဒီတာ**

# ဗိုလ်မြတ်ထွန်းတံတားအသုံးပြုခ လေလံ ကျပ်သိန်း ၁၇၀၀ ကျော် ရရှိ

**ရန်ကုန်၊ ဒီဇင်ဘာ ၁၂**

လာမည့်နှစ်အတွက် ဧရာဝတီတိုင်းအတွင်းရှိ တံတားအသုံးပြုခများအား ဈေးပြိုင်စနစ်ဖြင့် လေလံတင်ခဲ့ရာ ဗိုလ်မြတ်ထွန်းတံတားမှာ လေလံနှုန်း အမြင့်ဆုံးဖြစ်ပြီး ကျပ်သိန်း ၁၇၉၂ ရရှိခဲ့ကြောင်း လေလံပွဲတွင် ပါဝင်ခဲ့သူ လုပ်ငန်းရှင်တစ်ဦးက ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် ပြောကြားသည်။

ဧရာဝတီတိုင်းအတွင်းရှိ တံတား ၁၂ စင်းအား လုပ်ကိုင်လိုသူ အများပြည်သူသို့ ယခုလအတွင်း လေလံတင်ရောင်းချခဲ့ခြင်း ဖြစ်သည်။

**ဧရာဝတီတိုင်းအတွင်းရှိ တံတားများ၏ လေလံနှုန်းများ**

| စဉ် | တံတားအမည် | ကြမ်းခင်းဈေး<br>ကျပ် (သိန်း) | လေလံနှုန်း<br>ကျပ် (သိန်း) |
|---|---|---|---|
| ၁။ | မအူပင် | ၁၅၀ | ၁၈၈ |
| ၂။ | ဗိုလ်မြတ်ထွန်း | ၁၄၀၀ | ၁၇၉၂ |
| ၃။ | မြောင်းမြ | ၃၀ | ၁၃၉ |
| ၄။ | လပွတ္တာ | ၁၂ | ၃၀ |
| ၅။ | ဥတို | ၃၀ | ၅၆ |
| ၆။ | ဒါးက | ၁၅၀ | ၄၅၈ |
| ၇။ | ဒေးဒရဲ | ၉၀ | ၁၀၅ |
| ၈။ | ဝါးခယ်မ | ၂၅ | ၃၄ |
| ၉။ | ရွှေလောင်း | ၂၅ | ၃၆ |
| ၁၀။ | ကျောင်းကုန်း | ၁၀၀ | ၆၁၉ |
| ၁၁။ | ခဲပေါင် | ၃၀ | ၉၆ |
| ၁၂။ | ငဝန် | ၃၀ | ၂၃၀ |

## "တောင်းပန်လွှာ"

၂၀၀၄ ခုနှစ် ဒီဇင်ဘာလထုတ် Living Color မဂ္ဂဇင်းအား အခြေအနေအရပ်ရပ်အရ ရောင်းဈေး ၅၀၀ ကျပ်မှ ၇၀၀ ကျပ်သို့ တစ်လ ကြိုတင်အသိမပေးနိုင်ဘဲ ရုတ်တရက် ပြောင်းလဲလိုက်ခြင်း၊ ဈေးနှုန်းပြောင်းသော်လည်း ပုံနှိပ်အရည်အသွေးနှင့် စက္ကူအရည်အသွေး ကျဆင်းသွားခြင်းတို့ကို သည်းခံခွင့်လွှတ်ကြပါရန် အယ်ဒီတာအဖွဲ့မှ အနူးအညွတ် တောင်းပန်အပ်ပါသည်။

၂၀၀၄ ခုနှစ် ဒီဇင်ဘာလထုတ် Living Color မဂ္ဂဇင်း စာမျက်နှာ ၃၀(A)ရှိ 'အိမ်သုံးပရိဘောဂများ အီတလီဒီဇိုင်းဖြင့် ထုတ်လုပ်၍ ပြည်ပတင်ပို့' ခေါင်းစဉ်ပါ သတင်းဆောင်းပါးတွင် SINMA ပရိဘောဂမှ ထုတ်လုပ်ထားသော ပရိဘောဂပုံများကို သက်ဆိုင်ရာကုမ္ပဏီ၏ ခွင့်ပြုချက်မတောင်းခံဘဲ သုံးစွဲထားသည့်အတွက် အယ်ဒီတာအဖွဲ့မှ အနူးအညွတ် တောင်းပန်အပ်ပါသည်။

**အယ်ဒီတာ**

# စီမံကိန်းကုန်ကျစရိတ် တွက်ချက်နိုင်သည့် BizAcc Gold Accounting Software မိတ်ဆက်

**ရန်ကုန်၊ နိုဝင်ဘာ ၁၆**

Myanmar Information Technology Pte. Ltd. (MIT) မှ ၂၀၀၄ ခုနှစ်အတွင်း ထုတ်ပြန်ဖြန့်ချိလိုက်သည့် BizAcc Gold Accounting Software သည် ရုံးသုံးစရိတ် (Asset Cost) များကိုသာမက စီမံကိန်းတစ်ခု၏ ကုန်ကျစရိတ် (Project Cost) များကိုပါ ထည့်သွင်းတွက်ချက်နိုင်ကြောင်း MIT မှ Product Manager ဒေါ်ခင်သီတာကိုက နိုဝင်ဘာလ ၁၆ ရက်နေ့က ပြောကြားသည်။ ထိုနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ အလုံလမ်းရှိ Summit Parkview ဟိုတယ် ဒုတိယထပ်၌ ကျင်းပသော BizAcc Gold Accounting Software အကြောင်း မိတ်ဆက်ရှင်းလင်းသည့် အခမ်းအနားတွင် ၎င်းက အထက်ပါအတိုင်း ပြောကြားလိုက်ခြင်း ဖြစ်သည်။ အဆိုပါ Software ကို အသုံးပြုကြရာ၌ လုံခြုံစိတ်ချမှုရှိစေရန် အသုံးပြုသူ User Level အလိုက် ID နံပါတ်နှင့် Passward များ ခွဲခြားသတ်မှတ်နိုင်ကြောင်း၊ နှစ်အလိုက်ဖြစ်စေ၊ လအလိုက်ဖြစ်စေ၊ ဘဏ္ဍာရေးနှစ်ကုန်သည့်အခါတွင်ဖြစ်စေ မိမိတို့ စာရင်းပိတ်လိုသည့်အခါတွင် စာရင်းပိတ်နိုင်ကြောင်း ၎င်းက ဆိုသည်။ ယင်း Software ကို Standand, Professional နှင့် Entreprise ဟူ၍ Edition သုံးမျိုးခွဲပြီး ထုတ်လုပ်ဖြန့်ချိလျက်ရှိရာ မိမိတို့လုပ်ငန်းနှင့်ကိုက်ညီမည့် Edition အလိုက် ရွေးချယ်ဝယ်ယူနိုင်ကြကြောင်း၊ ယခုအခါ မြန်မာနိုင်ငံတစ်ဝန်းလုံး၌ MIT မှ ထုတ်ဝေခဲ့သည့် BizAcc ကွန်ပျူတာစာရင်းကိုင်စနစ်ကို အသုံးပြုနေကြသူ စုစုပေါင်း ၄၀၀ ကျော် ရှိသွားပြီဖြစ်ကြောင်း MIT မှ အရောင်းနှင့် ဈေးကွက်အထွေထွေမန်နေဂျာ ဒေါ်ယဉ်မင်းဦးက ပြောကြားသည်။

ဤကဏ္ဍတွင်......

၂၄ မြန်မာ့ခရီးသွားလုပ်ငန်း Package Tour ခရီးစဉ်များ ပိုမိုများပြား

၂၅ နိုင်ငံတကာအသိအမှတ်ပြု ICT Ceritificate များ ပြည်တွင်းမှပင် ဖြေဆိုရယူနိုင်

၂၇ ပြည်ပသို့သွားရောက်၍ အလုပ်လုပ်ကိုင်ခြင်း၊ ပညာသင်ကြားခြင်းဖြင့် အနာဂတ် မြန်မာနိုင်ငံ ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေနိုင်

၂၉ ကျိုက်ထီးရိုးခရီးသည် ဗုဒ္ဓဘာသာ ဘုရားဖူးသက်သက်သာမက သဘာဝ အခြေခံနှင့် ဈေးတာရေးခရီးသွားရပ်ဝန်းဖြစ်



ပုဂံရောက် ကမ္ဘာလှည့်ခရီးသည်အချို့

# မြန်မာ့ခရီးသွားလုပ်ငန်း Package Tour ခရီးစဉ်များ ပိုမိုများပြား

ထိုက်အောင်

၁၅-၁၂-၂၀၀၄

**၂၀၀၄ ခုနှစ် နိုဝင်ဘာလ ၂၉ ရက်နေ့မှ ဒီဇင်ဘာလ ၅ ရက်အထိ ရန်ကုန်နှင့် မန္တလေးဝင်ပေါက်များမှ ဝင်ရောက်ခဲ့သော ကမ္ဘာလှည့်ခရီးသည် စုစုပေါင်း (၅၈၂၄) ဦးတွင် Package Tour (၃၁၆၁) ဦးနှင့် FIT (၈၁၉) ဦး ပါဝင်ခဲ့ကြောင်းနှင့် တရားဝင်စာရင်းများအရ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးလာသော ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းတွင် Package ခရီးစဉ်များဖြင့် လာရောက်လည်ပတ်မှုသည် ယခင်နှစ်များထက် ပိုမိုများပြားလာကြောင်း ခရီးသွားလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။**

မြန်မာနိုင်ငံ၏ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းတွင် ရန်ကုန်၊ မန္တလေး၊ ပုဂံစသည့် နိုင်ငံတကာဝင်ပေါက်မြို့များအပါအဝင် နယ်စပ်ဝင်ပေါက်များမှ ဝင်ရောက်လျက်ရှိသည့်အရေအတွက်သည် နှစ်စဉ်တိုးတက်လျက် ရှိသည်။ သို့သော် ဒေသတွင်းနိုင်ငံများ၏ ခရီးသွားဈေးကွက်များသို့ ဧည့်သည်လာရောက်မှုများနှင့် နှိုင်းယှဉ်လျှင် များစွာ လျော့နည်းလျက်ရှိသေးသည်ဟု ဆိုရမည် ဖြစ်သည်။

မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းသည် ယခုမှ စတင်ဖွံ့ဖြိုးလာသည့်သဘောရှိပြီး နောင်နှစ်အနည်းငယ်ကြာလျှင်မူ ယခုထက်ပိုမို၍ အခြေအနေကောင်းများကို မြင်တွေ့နိုင်မည်ဟု အဆိုပါပုဂ္ဂိုလ်က ဆိုသည်။

ယင်း ခရီးသွားလုပ်ငန်းသည် ဝန်ဆောင်မှုလုပ်ငန်းတစ်ခုဖြစ်ပြီး ယင်းလုပ်ငန်း အမှန်တကယ် ဖွံ့ဖြိုးလာပါက နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုအတွက် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ရာ သက်ဆိုင်ရာဒေသများရှိ လူတန်းစားအလွှာအသီးသီးကိုလည်း အကျိုးဖြစ်ထွန်းစေမည်ဖြစ်သည်။

ထို့ကြောင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးခြင်းနှင့်အတူ သက်ဆိုင်ရာဒေသအသီးသီး၏ လူတန်းစားအလွှာအသီးသီးအတွက် အကျိုးဖြစ်ထွန်းပျံ့နှံ့စေမည့်အစီအမံများ ပြုလုပ်သွားနိုင်ရန် အရေးကြီးပါသည်။

မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးလာမှုတွင် Package Tour အစီအစဉ်များဖြင့် လာရောက်လည်ပတ်မှု ပိုမိုများပြားလာရာ ဥပမာအားဖြင့် ပုဂံဒေသသို့ Package ခရီးသည်များ လာရောက်မှု၌ ခရီးစဉ်တစ်ခု၏ ရောင်းချသော နှုန်းထားအပေါ်မူတည်ကာ နေထိုင်စားသောက်သွားလာရေးအတွက် သက်ဆိုင်ရာကုမ္ပဏီများမှ အသင့်ပြုလုပ် စီမံထားသော အစီအစဉ်များကြောင့် ဒေသခံများအဖို့ အကျိုးအမြတ်ရရှိရန် နည်းပါးသည်ဟု ပုဂံဒေသခံ

ပုဂ္ဂိုလ်တစ်ဦးက ဆိုသည်။

ဒေသထွက် ရိုးရာအမှတ်တရပစ္စည်း ရောင်းချခြင်းလုပ်ငန်းများ၌ပင် ဧည့်လမ်းညွှန်များသည် ခရီးသွားများ ပစ္စည်းဝယ်ယူမှုမှ ရရှိသော ကော်မရှင်များကြောင့် ကော်မရှင်နှုန်းထား ကောင်းစွာရရှိသည့် ရိုးရာအမှတ်တရပစ္စည်း အရောင်းဆိုင်များသို့သာ ခေါ်ယူ၍ ဝယ်စေသဖြင့် ဒေသခံ လက်လီရောင်းချသူများအတွက် မျှော်လင့်၍ မရနိုင်ကြောင်း ဈေးသည်တစ်ဦးက ပြောကြားသည်။

သို့ဖြစ်၍ မိမိအစီအစဉ်ဖြင့် လာရောက်သော FIT ခရီးသွားများက ဒေသခံအများစုအတွက် အကျိုးတစ်စုံတစ်ရာ ဖြစ်ထွန်းစေနိုင်သည်ဟု ထင်မြင်မိကြောင်း ပုဂံဒေသခံပုဂ္ဂိုလ်တစ်ဦးက ဆိုသည်။

ဒေသအကျိုးအမြတ် ဖြစ်ထွန်းမှုဟု ဆိုရာတွင် ဥပမာအားဖြင့် ပုဂံမြို့ဟုဆိုလျှင် ယင်းမြို့ဧရိယာပတ်လည်မျှသာ မဟုတ်ဘဲ ပုဂံကိုအမှီပြုသည့် ပတ်ဝန်းကျင်ဒေသများကိုပါ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရန် ဖန်တီးရမည်ဖြစ်ရာ ပုဂံမြို့ပတ်ဝန်းကျင်၊ ဧရာဝတီမြစ်တစ်ဖက်ကမ်းရှိ မြစ်ခြေကဲ့သို့ ကျေးရွာများရှိ မြန်မာမှုအနုပညာမြောက်လုပ်ငန်းများ (ဥပမာ–ကြိမ်ထည်) ထွန်းကားရာ ဒေသအား ပုဂံခရီးစဉ်ဒေသ ရေးဆွဲမှုတွင် ခရီးစဉ်သစ်တစ်ခုအဖြစ် ထည့်သွင်းရေးဆွဲရမည်ဖြစ်ကြောင်း ခရီးသွားလုပ်ငန်းပညာရှင်တစ်ဦးက ပြောဆိုသည်။

ထို့ကြောင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးလာခြင်းကြောင့် အကျိုးဖြစ်ထွန်းရေးတွင် သက်ဆိုင်ရာခရီးသွားဒေသဇုန်များတွင် လာရောက်လုပ်ကိုင်သော ဟိုတယ်၊ စားသောက်ဆိုင်၊ ပို့ဆောင်ရေး စသည့် လုပ်ငန်းများ၏ အကျိုးဖြစ်ထွန်းမှု တစ်ခုတည်းသာမက ဒေသခံများအတွက်လည်း အမှန်တကယ် အကျိုးအမြတ်ရရှိစေရန် လိုအပ်ပေသည်။

သို့မှသာ ရရှိလာသော အသီးအပွင့်များသည် ဒေသခံလူတန်းစားအလွှာအသီးသီးသို့ ရောက်ရှိပျံ့နှံ့စေမည်ဖြစ်ရာ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး လုပ်ဆောင်ရာတွင် သက်ဆိုင်ရာခရီးစဉ်ဒေသအသီးသီး၏ လူတန်းစားအသီးသီးအား ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှုနှင့်အတူ ဟန်ချက်ညီ တိုးတက်လာစေရန် လုပ်ဆောင်ရမည် ဖြစ်ပေသည်။ ■

# နိုင်ငံတကာအသိအမှတ်ပြု ICT Certificate များ ပြည်တွင်းမှပင် ဖြေဆိုရယူနိုင်

KKN

၁၅–၁၂–၂၀၀၄

**နိုင်ငံတကာအသိအမှတ်ပြု ICT စာမေးပွဲများကို ပြည်တွင်း၌ပင် Online မှတစ်ဆင့် ဖြေဆိုပြီး Certificate များကို ရယူနိုင်ပြီဖြစ်ကြောင်းနှင့် မိမိတို့ကုမ္ပဏီအနေဖြင့် Products ၆၀ ခန့်ကို မြန်မာနိုင်ငံတွင် ဖြေဆိုနိုင်ရန် စီစဉ်ထားကြောင်း မြန်မာနိုင်ငံအတွက် ပထမဦးဆုံး Exam Center အဖြစ် နိုင်ငံတကာအသိအမှတ်ပြု ICT Certificate များကို တာဝန်ယူ စစ်ဆေးပေးနေသော Thomson Prometric မှ Authorized Prometric Testing Center အဖြစ် အသိအမှတ်ပြုထားသည့် GlobalNet ၏ အုပ်ချုပ်မှုဒါရိုက်တာ ဦးရှိန်းသူအောင်က ပြောကြားသည်။**

"မြန်မာနိုင်ငံအတွက် အလွန်လိုအပ်ပြီး IT Professional အများစုဖြေဆိုဖို့ ပြင်ဆင်နေကြတဲ့ Microsoft ရဲ့ MCP၊ MCSA၊ MCSE၊ MCDBA၊ MCSD၊ MCAD အစရှိတဲ့ Certificate တွေ၊ Sun Microsystems ရဲ့ Certificate တွေ၊ Oracle ရဲ့ Oracle Certified Certificate တွေ၊ e-Commerce Certificate တွေ၊ Comp TIA ရဲ့ $A^{+}$၊ $Network^{+}$၊ $Server^{+}$၊ $Securiry^{+}$၊ $iNet^{+}$၊ $Linux^{+}$ စတဲ့ Certificate တွေကို ဖြေဆိုနိုင်ပါပြီ" ဟု ၎င်းက ဆိုသည်။

ယခင်က ICT Certificate များ ရယူနိုင်ရန် ပြည်ပနိုင်ငံများသို့ သွားရောက်ပြီး ဖြေဆိုကြရကြောင်း၊ ယင်းအတွက်ကြောင့် ပြည်ပသို့ ထွက်ခွာရန် ပြင်ဆင်ရသည့်ကိစ္စ၊ ပြည်ပတွင် နေထိုင်ရန် စီစဉ်ရသည့်ကိစ္စ စသည့် အခက်အခဲများ ရှိခဲ့သလို သွားလာနေထိုင်စရိတ်နှင့် စာမေးပွဲဈေးနှုန်းမှအစ ကုန်ကျစရိတ်ကြီးမြင့်ခဲ့ကြောင်း၊

ယခုမူ Exam Fees တစ်မျိုးတည်းသာ ပေးသွင်းရန် လိုတော့ကြောင်း ၎င်းက ရှင်းပြသည်။

"ဖြေဆိုရမယ့်ပုံစံက Online က ဖြေရမှာပါ။ ဖြေပြီးတာနဲ့ Exam Result က အင်တာနက်ကနေ ချက်ချင်း Printout ထွက်လာမှာမို့ ကိုယ့်ရဲ့ Result ကို ချက်ချင်း သိနိုင်ပါတယ်။ Certificate ပါတဲ့ Welcome Kit ကို ဖြေဆိုသူကပေးထားတဲ့ လိပ်စာအတိုင်း Microsoft ဆိုရင် Microsoft ကနေ၊ Sun ဆိုရင် Sun ကနေ တိုက်ရိုက်ပို့ပေးမှာပါ။ ဖြေတဲ့အခါမှာလည်း ကိုယ်ဖြေချင်တဲ့အချိန်မှာ Exam Fees သွင်းပြီး ဖြေချင်တဲ့ Exam ကို ဖြေရုံပါပဲ။ ငွေကြိုသွင်းစရာတို့၊ Exam တွေကို ဆက်တိုက်ဖြေရတာတို့ မရှိပါဘူး။ Fail ဖြစ်သွားရင်လည်း ချက်ချင်း ပြန်ဖြေလို့ရတယ်" ဟု စာမေးပွဲဖြေဆိုပုံကို ပြောပြသည်။

GlobalNet သည် ကွန်ပျူတာ Networking လုပ်ငန်းများနှင့် ICT သင်တန်းများ ပို့ချပေးနေသော ကုမ္ပဏီဖြစ်ပြီး အစိုးရ၏ e-Government စီမံကိန်းများတွင်လည်း Networking လုပ်ငန်းများကို လုပ်ကိုင်လျက် ရှိသည်။ ယခုအခါ GlobalNet တွင် MCSE ရရှိပြီးသူ သုံးဦးရှိပြီး ၂၀၀၄ ခုနှစ် ဧပြီလမှစတင်၍ အဆိုပါ Certificate စာမေးပွဲများကို ဖြေဆိုနိုင်ရန်အတွက် အဆင့်မြင့် ICT သင်တန်းများကိုပါ ပို့ချပေးလျက်ရှိသည်။ ယင်းကုမ္ပဏီအား Authorized Prometric Testing Centre အဖြစ် အသိအမှတ်ပြုထားသည့် ဩစတြေးလျနိုင်ငံအခြေစိုက် Thomson Prometric သည် ကမ္ဘာတစ်ဝန်းလုံးတွင် Centre ပေါင်း တစ်ထောင်ကျော် ဖွင့်လှစ်ထားပြီး ICT လက်မှတ်များအတွက် စစ်ဆေးပေးနေသော အဖွဲ့အစည်းနှစ်ခုအနက် တစ်ခုဖြစ်သည်ဟု သိရသည်။

အဆိုပါအောင်လက်မှတ် စာမေးပွဲများ ဖြေဆိုပြီးပါက ရရှိလာမည့် အကျိုး




**Online မှ ရယူနိုင်တော့မည့် Microsoft ၏ ICT Certificate တစ်ခု**

ကျေးဇူးများနှင့် ပတ်သက်ပြီး ဦးရှိန်းသူအောင်က "ပြည်တွင်းမှာသာမက ပြည်ပမှာပါ ICT ဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းတွေ ရလာနိုင်ပါတယ်။ System Engineer၊ Network Engineer၊ Network Administrator၊ Database Administrator၊ Software Enginee၊ IT Manager၊ Web Administrator၊ Web Master၊ Web Developer စတဲ့ နည်းပညာဆိုင်ရာ ရာထူးတွေ ရရှိနိုင်ပါတယ်" ဟု ရှင်းပြသည်။ ပြည်ပတက္ကသိုလ်များ၌ သွားရောက်ပညာဆည်းပူးလိုသူများအတွက်သာမက ပြည်ပသို့ သွားရောက် အလုပ်လုပ်ကိုင်လိုသူများအတွက်ပါ အထူးလိုအပ်သည့် IT Certificate များပင်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

တက္ကသိုလ်များမှ ပေးအပ်သော ကွန်ပျူတာဘွဲ့များနှင့်တန်းတူ အဆိုပါ Certificate များက အရေးပါလှပုံကို ၎င်းက "တက္ကသိုလ်တွေကပေးတဲ့ ဒီဂရီတွေက Academic Trend အတွက် လိုအပ်သလို ဒီ MCSE, Sun, Oracle စတဲ့ Certificate တွေကလည်း ထမင်းစားလက်မှတ်၊ လုပ်ငန်းခွင်အတွက် လက်မှတ် ဖြစ်ပါတယ်" ဟု ဆိုသည်။ ယင်းနှင့်စပ်လျဉ်း၍ GlobalNet မှပင် Installing Configuring and Administering Microsoft Windows 2000 Professional ဖြေဆိုခဲ့သူ မမျိုးပပဝမ်းကလည်း "ကျောင်းတွေမှာ Academic တွေပဲ သင်ခဲ့ရတာ။ Practical အပိုင်းမှာ အားနည်းခဲ့တယ်။ Practical ပိုင်းမှာ ပိုပြီး အလေ့အကျင့်ရရင်း Professional တစ်ယောက် ဖြစ်ချင်လို့ ရည်ရွယ်ပြီး ဖြေဆိုခဲ့တာပါ" ဟု ရှင်းပြသည်။ သူမသည် ရန်ကုန်မြို့ KMD Computer Centre မှ B.Sc (Computing and Information Systems) ဖြေဆိုအောင်မြင်ခဲ့ပြီး ဗြိတိန်နိုင်ငံ လန်ဒန်မြို့ရှိ Middlesex University မှ M.Sc (Computer Networks) ကို တက်ရောက်ဖြေဆိုအောင်မြင်ခဲ့သူတစ်ဦး ဖြစ်သည်။ "ပြည်ပ IT ကုမ္ပဏီတွေကိုက IT နဲ့ ဘွဲ့တစ်ခုခု ရထားပြီး Professional Certificate တစ်ခုခု ထပ်ပြီး ရထားတဲ့သူတွေကို ပိုလိုချင်ကြတယ်" ဟု သူမက ထပ်လောင်း ရှင်းပြသည်။

"စာမေးပွဲဖြေဆိုဖို့ သင်တန်းတက်တာဟာ အတွေ့အကြုံရယူရုံပဲ။ ကိုယ်ကိုယ်၌က စာတွေရပြီးသား၊ စာအုပ်တွေ ဖတ်ပြီး

သား ဖြစ်နေရမယ်။ သင်တန်းက Polish လုပ်ပေးရုံလောက်ပဲ အသုံးကျတာ" ဟု ဦးရှိန်းသူအောင်က ရှင်းပြသည်။

"လက်ရှိ IT Field ထဲမှာ အလုပ်လုပ်နေတော့ Experience က ရှိပြီးသားပါ။ သင်တန်းတွေ မတက်ဖြစ်ပါဘူး။ လက်တွေ့အလုပ်လုပ်နေရင်း လိုအပ်တာတွေကို အင်တာနက်ကနေ လေ့လာခဲ့ပါတယ်။ စာအုပ်တွေလည်း ဖတ်ခဲ့ပါတယ်" ဟု 70-210 Installing, Configuring and Administering Microsoft Windows 2000 Professional Certificate ဖြေဆိုအောင်မြင်ခဲ့သူ Winner Distribution Network Co., Ltd. မှ ကိုဖြိုးမောင်ဦးက ဆိုသည်။

"အင်တာနက်ခေတ်၊ နည်းပညာတိုးတက်မှု မြန်ဆန်လာတဲ့ခေတ်မှာ Security Issue တွေ မြင့်တက်လာတာနဲ့အမျှ Security Certification တွေနဲ့ ပတ်သက်ပြီး IT ကုမ္ပဏီတွေသာမက စီးပွားရေးကုမ္ပဏီတွေကပါ တောင်းဆိုလာကြတယ်" ဟု Sercurity Certificate များ အရေးပါလာပုံကို ဦးရှိန်းသူအောင်က ရှင်းပြသည်။

"IT Certificate ရထားပြီးသူတွေထဲက ၂၇ ရာခိုင်နှုန်းလောက်က ရာထူးတိုးကြတယ်။ ကျန်တဲ့ ၇၃ ရာခိုင်နှုန်းက အရေးပါတဲ့နေရာ ရနေကြတယ်။ ၇၆ ရာခိုင်နှုန်းက ကိုယ့်ကိုယ်ကိုယ် လုပ်ငန်းခွင်မှာ ယုံကြည်မှုပိုရှိလာကြတယ်။ မန်နေဂျာတွေ၊ လုပ်ဖော်ကိုင်ဖက်တွေရဲ့ လေးစားမှု၊ အသိအမှတ်ပြုမှုကို ရလာကြတယ်။ ၆၄ ရာခိုင်နှုန်းက IT ပြဿနာတွေကို ဖြေရှင်းတဲ့အခါ ပိုမိုမြန်ဆန်လာတာ တွေ့ရတယ်" ဟု ၎င်းက သုံးသပ်ပြောပြသည်။

စာမေးပွဲဝင်ကြေးနှင့် ပတ်သက်ပြီး ဦးရှိန်းသူအောင်က မူလက Microsoft Exam တစ်ဘာသာလျှင် ကျပ်တစ်သိန်း ပေးသွင်းခဲ့ရရာမှ ၂၀၀၅ ခုနှစ် ဇန်နဝါရီလဆန်းမှ စတင်ပြီး အင်တာနက်တွင် ဖြေခွင့်သတ်မှတ်ထားသည့် မူရင်းဈေးနှုန်းအတိုင်း အမေရိကန်ဒေါ်လာ ၅၀ နှင့် ကုမ္ပဏီမှ Register ပြုလုပ်ပေးခ ၁၀ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအထိသာ ထပ်မံပေးသွင်းရတော့မည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

နိုင်ငံတကာ Certificate များ ဖြေဆိုလိုပါက စာကျက်ရုံချည်းဖြင့် မရဘဲ လက်တွေ့လုပ်ငန်းအတွေ့အကြုံရှိမှသာ၊ သီအိုရီနှင့် လက်တွေ့ပေါင်းစပ်ထားမှသာ အောင်မြင်နိုင်မည် ဖြစ်ကြောင်းနှင့် အင်တာနက်ကို အသုံးပြုနိုင်ခြင်းသည် ယင်းအတွက် အားသာချက်တစ်ခုဖြစ်ကြောင်း ကွန်ပျူတာပညာရှင်တစ်ဦးက ဆိုသည်။

နိုင်ငံတကာအသိအမှတ်ပြု ICT Professional တစ်ဦးဖြစ်ရန်အတွက် အဆိုပါအသက်မွေးဝမ်းကျောင်းလက်မှတ်များသည် အရေးပါလာကြောင်း၊ ၂၀၀၄ ခုနှစ်အတွင်း အဆိုပါအောင်လက်မှတ်များကို ပြည်တွင်းမှပင် ဖြေဆိုနိုင်ရန် စီစဉ်ပေးသည့် GlobalNet အပါအဝင် Centre အချို့ပေါ်ထွန်းလာခြင်းသည် ၂၀၀၄ ခုနှစ်အတွက်သာမက မြန်မာနိုင်ငံ၏ ICT နယ်ပယ်အတွက်ပါ ထူးခြားသည့် မှတ်တိုင်တစ်ရပ်ပင်ဖြစ်ကြောင်း မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းဥက္ကဋ္ဌ ဦးသောင်းတင်က သုံးသပ်ပြောကြားသည်။ ■

# ပြည်ပသို့သွားရောက်၍ အလုပ်လုပ်ကိုင်ခြင်း ပညာသင်ကြားခြင်းဖြင့် အနာဂတ်မြန်မာနိုင်ငံ ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေနိုင်

**ဆန်းဦး (စီးပွားပညာ)**

၁၁-၁၂-၂၀၀၄

**မြန်မာနိုင်ငံမှ အဆင့်အမျိုးမျိုးသော လုပ်သားများသည် အနေအထားအမျိုးမျိုးဖြင့် ပြည်ပသို့ သွားရောက်လုပ်ကိုင်ကြခြင်း၊ အဆင့်မြင့်ပညာရပ်များကို ပြည်ပရှိ တက္ကသိုလ် ကောလိပ်များတွင် ဆက်လက်သင်ယူမှု ပိုမိုများပြားလာခြင်းသည် မြန်မာ့လူ့စွမ်းအားအရင်းအမြစ်များကို တစ်ဖက်တစ်လမ်းမှ ပြုစုပျိုးထောင်ပေးခြင်းဖြစ်သည့်အတွက် အနာဂတ်မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးတွင် အထောက်အပံ့ဖြစ်စေနိုင်ကြောင်း လူမှုစီးပွားရေးရာ လေ့လာဆန်းစစ်သူ မြန်မာအင်ဂျင်နီယာတစ်ဦးက ပြောကြားသည်။**

သို့ရာတွင် ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်ရာ၌ အောက်ခြေဝန်ထမ်းများအဖြစ် လုပ်ကိုင်ကြခြင်းထက် အတတ်ပညာရှင် အသိပညာရှင်အဖြစ် အမှုထမ်းလုပ်ကိုင်ခြင်းက ပို၍ ထိရောက်မှုရှိစေကြောင်း၊ အောက်ခြေဝန်ထမ်းအဖြစ် သွားရောက်လုပ်ကိုင်ခြင်းဖြင့် အတတ်ပညာမလိုဘဲ ဝင်ငွေကောင်းစွာ ရရှိနိုင်သော်လည်း အနှိမ်ခံ ဆက်ဆံခံရခြင်းမျိုးနှင့် သက်ဆိုင်ရာနိုင်ငံများမှ အလုပ်ရှင်များ၏ လုပ်သားရပိုင်ခွင့်များအား လျစ်လျူရှုထားတတ်ပြီး ကျန်းမာရေးဆိုင်ရာ အာမခံမှုမပေးခြင်းမျိုးများရှိနေကြောင်း ဆိုက်ပရပ်စ်ရောက် မြန်မာလူမျိုး ဦးထွန်းချစ်က ဆိုသည်။

မလေးရှားမှ ပြန်လာပြီး ကိုယ်ပိုင်



ပြည်ပတက္ကသိုလ်ရောက် ကျောင်းသားကျောင်းသူအချို့

လုပ်ငန်းထူထောင်လုပ်ကိုင်နေသူ မြန်မာအင်ဂျင်နီယာတစ်ဦးကမူ အတတ်ပညာတစ်ခုခု တတ်မြောက်လာနိုင်သည့်အခြေအနေရှိသော လုပ်ငန်းခွင်များတွင် လုပ်ကိုင်ရပါက ပိုမိုအဆင်ပြေနိုင်ကြောင်း၊ ထိုနိုင်ငံမှ နည်းပညာများကို ရယူပြီး မိမိတို့နိုင်ငံ ပြန်ရောက်သည့်အခါ ပြည်ပပို့ကုန်အစားထိုးပစ္စည်းများကို တစ်နိုင်တစ်ပိုင်မှ ပညာရှင်နှင့် အရင်းအနှီးစုပေါင်း၍ လုပ်ငန်းပမာဏ ကြီးမားလာသည်အထိ တိုးတက်ထုတ်လုပ်နိုင်ခြေများ ဖြစ်ပေါ်လာနိုင်ကြောင်း သူ၏ ထင်မြင်ချက်ကို ပြောကြားသည်။

ပြည်ပသို့ ပညာသင်သွားသူအများစုမှာ အစိုးရအစီအစဉ်ဖြင့် သွားရောက်ကြသူများရှိသကဲ့သို့ ပုဂ္ဂလိက ပညာရေးအကျိုးဆောင်အေဂျင်စီများမှတစ်ဆင့် သွားရောက်ကြသူများနှင့် အင်တာနက် Online မှတစ်ဆင့် လျှောက်ထားရယူနိုင်သည့် Scholarship များအဖြစ် သွားရောက်ကြသူများ စသည်ဖြင့် အခြေအနေအမျိုးမျိုး ရှိသည်။ အစိုးရအစီအစဉ်ဖြင့် အစိုးရဝန်ထမ်းများကိုသာ အဓိက ရွေးချယ်စေလွှတ်ခြင်းဖြစ်ပြီး ငွေကြေးတတ်နိုင်သူများက ပြည်ပတက္ကသိုလ် အထူးသဖြင့် အင်္ဂလန်ရှိ တက္ကသိုလ်များသို့ ပညာရေးအေဂျင်စီများ၏ အကူအညီဖြင့် သွားရောက်ကြသည်များ ရှိသည်။

ပညာရေးအေဂျင်စီများ၏ အစီအစဉ်ဖြင့် သွားလာနေကြသူများတွင် ပညာသင်ရင်း အလုပ်လုပ်ကိုင်လိုသူက ပိုများကြောင်း၊ အကြောင်းမှာ ပညာလည်းပြည့်စုံ၊ ပညာသင်စရိတ်လည်း သက်သာပြီး အပိုဝင်ငွေများ ရရှိနိုင်ကြရန်ဖြစ်ကြောင်း၊ သို့သော် အချို့အေဂျင်စီများ၏ အာမခံချက်နှင့် လက်တွေ့သွားရောက်ကြသူတို့ တွေ့ကြုံရမှုများ ကွဲလွဲချက်များရှိနေသည်ဟု ဦးထွန်းချစ်က ဆိုသည်။

လွန်ခဲ့သော လအနည်းငယ်က ဥရောပနိုင်ငံငယ်တစ်ခုသို့ ပညာသင်သွားရောက်ကြသူများ ကြုံတွေ့ရသည်မှာလည်း ပညာရေးအေဂျင်စီတို့၏ ကတိကဝတ်များနှင့် သွေဖည်နေသည့်အတွက် ပညာဆက်လက်မသင်ကြားရန် ၎င်းက ထပ်လောင်းပြောကြားသည်။

ဥရောပသမဂ္ဂဝင်နိုင်ငံများတွင် ယင်းနိုင်ငံများ၏ နိုင်ငံသားများကိုသာ အလုပ်ခန့်ထားခွင့်ရှိသည့်အတွက် မြန်မာနိုင်ငံမှ သွားရောက်ကြသူ ကျောင်းသားများအား ပညာသင်ကြားခွင့်နှင့် နေထိုင်ခွင့်ဗီဇာ ထုတ်ပေးသော်လည်း အလုပ် လုပ်ကိုင်ခွင့်မပြုသည့်အတွက် ကျောင်းသားအချို့ ငွေကြေးအဆုံးခံ၍ ပြန်လာခဲ့ရသည်ဟု အဆိုပါအခြေအနေကို သိခွင့်ရသူတစ်ဦးက ရှင်းပြသည်။

နိုင်ငံတကာတွင် ပညာဆက်လက်သင်ကြားလိုသော ကျောင်းသားအများစုမှာ ပြည်တွင်းရှိ အခြေခံသင်တန်းများ၊ ပြင်ဆင်မှုသင်တန်းများ တက်ရောက်ထားရခြင်း၊ သက်ဆိုင်ရာသံရုံးမှ ကြီးကြပ်သော စာမေးပွဲများကို ဖြေဆိုကြရခြင်းတို့ကြောင့် ငွေကြေးကုန်ကျမှု ရှိနှင့်ပြီးဖြစ်သည်။ လူနည်းစုသာ ပြည်ပသို့ ထွက်ခွာပြီး ကိုယ်ပိုင်ငွေကြေးဖြင့် ဆက်လက်ပညာသင်ကြားနိုင်ပြီး ကျန်အများစုမှာ ကျောင်းတက်ရင်း အချိန်ပိုင်းအလုပ်လုပ်မှ ဆက်လက် ပညာသင်ကြားနိုင်သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ပြည်ပသို့ ထွက်ခွာသွားခွင့်ရခြင်းကပင်လျှင် မိမိတို့ ရောက်ရှိရာ နိုင်ငံများ၏ စီးပွားရေး၊ လူမှုရေးအခြေအနေများအား လေ့လာခွင့်ရခြင်း၊ မိတ်ဆွေသစ်များ တိုးပွားရရှိစေခြင်းတို့အပြင် မိမိတို့ကိုယ်ကို ယုံကြည်စိတ် မြင့်မားလာစေနိုင်ကြောင်း လူမှုစီးပွားရေးရာ ဆန်းစစ်သူတို့က ရှုမြင်ကြပါသည်။

ပြည်ပတွင် အလုပ်လုပ်ကိုင်ရန် သွားရောက်သူများမှာလည်း အလုပ်အကိုင်ကောင်းများရရှိရန် အခက်အခဲများပါ ရှိနေသည့်အပြင် လွန်ခဲ့သော နှစ်များစွာထက် အကျိုးဆောင်ခ ပိုမိုမြင့်တက်လာသောကြောင့် မိမိတို့ စိုက်ထုတ်ရသော အရင်းအနှီးများ ပြန်လည်ရရှိရန်

မလွယ်ကူတော့ကြောင်း၊ အချို့နိုင်ငံများတွင် အလုပ်သင်လုပ်သားအဖြစ်သာ ခန့်ထားသည့်အတွက် လစာခံစားခွင့်နှင့် ကျန်းမာရေးစောင့်ရှောက်မှု အခွင့်အလမ်းတို့ကို အပြည့်အဝရရှိရန် အခက်အခဲရှိနေကြောင်း ပြည်ပအတွေ့အကြုံရှိ မြန်မာလုပ်သားတစ်ဦးက ဆိုသည်။

မည်သို့ဆိုစေ မလေးရှားပြန် မြန်မာအင်ဂျင်နီယာတစ်ဦးကမူ ၎င်းအနေဖြင့် အင်ဂျင်နီယာဆိုင်ရာ ပညာရပ်များ လုပ်ကိုင်ခွင့်ရရှိခဲ့သည့်အတွက် ပြည်ပမှ ဈေးနှုန်းကြီးမြင့်စွာ တင်သွင်းလာသည့် အီလက်ထရွန်နစ်ဆိုင်ရာပစ္စည်းဈေးကွက်မှ ကုန်စည်အချို့ကို သွင်းကုန်အစားထိုးပစ္စည်းအဖြစ် ထုတ်လုပ်နိုင်ခဲ့ကြောင်း၊ ယင်းသို့ ပြည်ပမှ ပြန်ရောက်သူများက ကြိုးပမ်းအားထုတ်လာနိုင်ကြမည်ဆိုလျှင် နိုင်ငံခြားငွေ အကုန်အကျသက်သာမည်ဖြစ်ကြောင်း သူ၏အမြင်ကို ပြောကြားသည်။

ဆိုက်ပရက်စ်ရောက် မြန်မာလူမျိုးတစ်ဦးကမူ ပြည်ပသို့ သွားရောက်လုပ်ကိုင်သူများအနေဖြင့် ပညာရှင်များအဖြစ် သွားရောက်လုပ်ကိုင်ခြင်းက အဆင့်မြင့်ပညာရပ်များကို ပိုမိုတတ်သိနားလည်နိုင်မည်ဖြစ်ကြောင်း၊ အဓိကအချက်မှာ ပညာရှင်အများအပြား ပိုမိုပေါ်ထွက်ရေးဖြစ်ပြီး ယင်းအနေအထားမျိုးမှသာလျှင် နိုင်ငံအတွက် ပိုမိုထိရောက်သော ပံ့ပိုးမှုနှင့် အထောက်အပံ့ ဖြစ်လာနိုင်ကြောင်း ရှုမြင်သုံးသပ်သည်။ ■



ကျိုက်ထီးရိုးဘုရား ရင်ပြင်တော်အတက်မုခ်ဦး

# ကျိုက်ထီးရိုးခရီးသည် ဗုဒ္ဓဘာသာဘုရားဖူးသက်သက်သာမက သဘာဝအခြေခံနှင့် ဈေ္ဗတာရေးခရီးသွားရပ်ဝန်းဖြစ်

L.မုန်ဆန်အောင်

၁၁–၁၂–၂၀၀၄

**သဘာဝအခြေခံခရီးသွားရပ်ဝန်း (Ecotourism Area) အများအပြားရှိသည့်အနက် ကျိုက်ထီးရိုးခရီးသည် ဗုဒ္ဓဘာသာဝင်တို့အတွက် ဘုရားဖူးခရီးသက်သက်သာမဟုတ်ဘဲ ပြည်ပခရီးသွားများ၊ ပြည်တွင်းရှိ ခရီးသွားကြသူများအတွက်ပါ ငွေကြေးကုန်ကျစရိတ် သက်သာစွာဖြင့် သွားရောက်နိုင်သည့် သဘာဝအခြေခံခရီးလည်းဖြစ်ကြောင်း ပြည်တွင်းခရီးသွားကုမ္ပဏီတစ်ခုမှ ဧည့်လမ်းညွှန်တစ်ဦးက ပြောကြားသည်။**

ကျိုက်ထီးရိုးဝန်းကျင်ရှိ တောခွင်တောင်တန်းများ၊ တောတောင်ရိပ်များ၏ အေးမြမှု၊ တောင်ထိပ်မှ ပတ်ဝန်းကျင်ရှုခင်းများ၏ သာယာမှုတို့က ခရီးဝေးခရီးရှည် သွားနိုင်ရန် အခွင့်အလမ်း နည်းပါးသူများအတွက် ရုံးပိတ်ရက်များ၊ တစ်ရက်နှစ်ရက်မျှ အားလပ်ခွင့်ရသည့်ရက်များတွင် အလွယ်တကူ သွားရောက်နိုင်ကြောင်း၊ ဘုရားဖူးယာဉ်များ၊ ခရီးသည်တင် မော်တော်ယာဉ်လိုင်းများ မီးရထားတို့ဖြင့် မိမိနှစ်သက် ရာရွေးချယ်၍ အဆင်သင့်သလို သွားရောက်နိုင်ကြောင်း ၎င်းက ဆိုသည်။

ကျိုက်ထီးရိုးဘုရားသည် မွန်ပြည်နယ် သထုံခရိုင် ကျိုက်ထိုမြို့နယ်အရှေ့ဘက် ရှမ်းရိုးမတောင်တန်းနှင့် တစ်ဆက်တည်း ပေါင်းလောင်းတောင်စွယ် (ပယ်လယ်ရေမျက်နှာပြင်အထက် ၃၆၁၅ ပေ)ပေါ်တွင် တည်ရှိပြီး ရန်ကုန်မြို့မှ မိုင် ၁၄၀ ခန့် ကွာဝေးသည်။ ကျိုက်ထီးရိုးသို့ သွားရောက်မည်ဆိုလျှင် ရန်ကုန်မြို့မှ လေးနာရီကြာကားဖြင့် သွားလာနိုင်သော ကင်မွန်းချောင်းကျေးရွာ (ကင်မွန်းစခန်း)သို့ တိုက်ရိုက်သွားရောက်နိုင်သကဲ့သို့ ရန်ကုန်–မော်လမြိုင် မီးရထားဖြင့် ကျိုက်ထိုမြို့သို့ သွားရောက်

ပြီး ထိုမှ မိနစ် ၂၀ ခန့် စီးနင်းရသောကင်မွန်းချောင်းရွာသို့ တစ်ဦးလျှင် ၂၀၀ ကျပ်နှုန်းဖြင့် လွန်းပျံလိုင်းကားကို တစ်ဆင့်စီ စီးနင်းရမည် ဖြစ်သည်။ ကင်မွန်းချောင်းရွာမှ နံနက်ပိုင်းတွင် တိုက်ရိုက်ကားများရှိပြီး များသောအားဖြင့် ရသေ့တောင်အထိ တစ်ဦးလျှင် ကျပ် ၅၀၀ နှုန်းဖြင့် ဆက်လက်စီးနင်းရသည်။ ရင်ပြင်တော်အထိ တိုက်ရိုက်ဆိုလျှင် တစ်ဦးလျှင် ကျပ်တစ်ထောင်ဖြစ်သည်။ အုပ်စုလိုက် သွားလာသူများအဖို့ ၄၈ ယောက်စီး Canter အမျိုးအစားပစ်ကပ်ကားကြီးအား စီးလုံးငှား ကျပ်နှစ်သောင်းငါးထောင်၊ ၄၅ ယောက်စီး ကျပ် တစ်သောင်းငါးထောင်ဖြင့် စီးနင်းနိုင်သည်။

ကျိုက်ထီးရိုးခရီးသွားရာသီမှာ မြန်မာလများဖြစ်သည့် မိုးအကုန်သီတင်းကျွတ်မှ မိုးအဝင် ကဆုန်လအထိဖြစ်ကြောင်း၊ သောကြာ၊ စနေရက်များနှင့် အခါပွဲတော်ရက်များတွင် ပိုမိုစည်ကားကြောင်း ကျိုက်ထီးရိုးဂေါပကဝန်ထမ်းတစ်ဦးက ဆိုသည်။ ကြားရက်များတွင်မူ လာရောက်သူနည်းပါးတတ်ကြောင်း၊ သက်သောင့်သက်သာလာရောက်လိုသူတို့အနေဖြင့် ကြားရက်များတွင် လာရောက်သင့်ပါကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ကျိုက်ထီးရိုးတောင်၏ အခြားထူးခြားသောနေရာဖြစ်သည့် ကျီးကန်းပါးစပ်ဂူမှ ဝန်ထမ်းများ၏အဆိုအရ စနေ၊ တနင်္ဂနွေရက်များတွင် ခရီးသည်ဦးရေ ငါးသောင်းအထိရှိပြီး ပွဲတော်ရက်များတွင် သိန်းဂဏန်းအထက်ရှိသဖြင့် တည်းခိုရန် အခက်အခဲများ ဖြစ်ပေါ်လေ့ရှိကြောင်း၊ ရင်ပြင်တော်ပေါ်တွင်ပင် လူသွားလမ်းမျှသာ ကျန်တော့သည်အထိ ဖြစ်တတ်ကြောင်း၊ ကျီးကန်းပါးစပ်ဂူသို့ ဝင်ရောက်ရန်အတွက်ပင် တိုကင်ပေးတန်းစီစေရသည်အထိ စည်ကားတတ်ကြောင်း သိရသည်။

ကျိုက်ထီးရိုးခရီးကို မှီတည်သည့် ဝန်ဆောင်မှုလုပ်ငန်းများကြောင့် ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်း အများအပြားကို ဖြစ်ထွန်းစေသည်။ ဒေသခံများသည် ခရီးသွားများ၏ ခရီးဆောင်အိတ်များ သယ်ယူသည့် ကယ်ရီအဖွဲ့များ၊ ရသေ့တောင်မှ ရင်ပြင်အထိ လမ်းလျှောက်ရန် အခက်အခဲရှိသူများအတွက် ထမ်းစင်များ၊ အမှတ်တရပစ္စည်းများ၊ စားသောက်ဆိုင်၊ တည်းခိုဆောင်များ၊ ဟိုတယ်များနှင့် အင်းများတွင် အသီးသီး လုပ်ကိုင်လျက်ရှိကြသည်။

ခရီးသွားများအတွက် အိတ်ပစ္စည်း သယ်ယူစရိတ် ကျပ် ၁၀၀၀ မှ ၂၀၀၀ အထိ၊ လူတင်ယာဉ် ၆၀၀၀ ကျပ်မှ ၁၀၀၀၀ အထိရှိကြောင်း၊ စားသောက်စရိတ်မှာ တစ်ခါပြင် ၆၀၀ ကျပ်၊ အဝစား ၈၀၀ ကျပ်၊ အခြား တရုတ်အစားအစာများမှာ မှာယူစားသုံးမှုအလိုက် ကုန်ကျမည်ဖြစ်ကြောင်း၊ ကြားရက်များ၌ စားသောက်ဆိုင်နှင့် တည်းခိုဆောင် တွဲလျက်ဆိုင်များတွင် တည်းခိုပါက တည်းခိုစရိတ် မယူကြောင်း၊ စနေနှင့် တနင်္ဂနွေနေ့များတွင် အခန်းအကျယ်အဝန်းအလိုက် ကျပ် ၃၀၀၀ မှ ၇၀၀၀ ကျပ်အထိ သတ်မှတ်ထားကြောင်း ကောင်းသစ်လွင်စားသောက်ဆိုင်တာဝန်ခံ ဦးနိုင်ကြီးက ရှင်းပြသည်။

ယင်းကဲ့သို့သော ဆိုင်ခန်းများအား လေလံဆွဲကြရပြီး နေရာအနေအထားပေါ်မူတည်၍ ကျပ်သိန်း ၂၀ မှ သိန်း ၇၀ အထိ လေလံကြေးရှိကြောင်း၊ ရင်ပြင်တော်နှင့် ပိုနီးသောနေရာများတွင် ပို၍ လေလံကြေးမြင့်ပြီး အမြတ်အစွန်းအခြေအနေမှာ ဒီဇင်ဘာလကုန်မှသာ တွက်ချက်သိရှိနိုင်မည်ဖြစ်ကြောင်း ဦးနိုင်ကြီးက ထပ်လောင်းပြောကြားသည်။

ရင်ပြင်နှင့် ကျီးကန်းပါးစပ်ကဲ့သို့သော အခြား ထူးခြားသည့်နေရာများတွင် တိုင်းရင်းဆေးများ၊ လက်မှုပစ္စည်းနှင့် အမှတ်တရပစ္စည်းများ ရောင်းချသည့် ဆိုင်ခန်းများရှိပြီး မိမိတို့စရိတ်ဖြင့် ဆောက်လုပ်ရောင်းချခြင်း ဖြစ်သည်။

ယင်းနေရာများမှာမူ လေလံဆွဲစရာမလိုဘဲ စေတီတော် ရန်ပုံငွေသာ ပေးသွင်းကြရကြောင်း ဒီဇင်ဘာလအတွင်း၌ လာရောက်ကောက်ခံလေ့ရှိပြီး တစ်နှစ်နှင့် တစ်နှစ် ပမာဏမတူကြောင်း၊ မိုးရာသီတွင် နားထားပြီး မိမိတို့နေရပ်များသို့ ပြန်ကြကြောင်း လက်မှုပစ္စည်းအရောင်းဆိုင်တစ်ဆိုင်မှ ပိုင်ရှင်ဖြစ်သူ ဒေါ်မိမြရင်က ဆိုသည်။

မိုးကာလတွင် ရင်ပြင်၌ ထမင်းဆိုင်နှစ်ဆိုင် ပုံမှန် ဖွင့်လှစ်ထားကြောင်း၊ ယင်းကာလတွင် လာရောက်ကြသူများလည်း အထိုက်အလျောက် ရှိနေပြီး အဓိကအားဖြင့် ပွင့်လင်းရာသီမှသာ လာရောက်လေ့ရှိကြောင်း ရင်ပြင်တော် ဂေါပကဝန်ထမ်းတစ်ဦးက ထပ်လောင်းရှင်းပြသည်။

မြို့ကြီးများ၏ လုပ်ငန်းခွင်များ၌ လုပ်ကိုင်နေကြသူများအတွက် သဘာဝအခြေခံခရီးလမ်းတိုဖြစ်ပြီး ငွေကြေးကုန်ကျမှုနည်းကာ စိတ်အေးချမ်းမှုလည်း ရရှိနိုင်သည့် ခရီးဖြစ်သည့်အတွက် စိတ်အပန်းပြေသွားရောက်ရန် သင့်လျော်ကြောင်း၊ တစ်ဦးတည်းဖြစ်စေ၊ အုပ်စုလိုက်ဖြစ်စေ သွားရောက်နိုင်ပြီး စိတ်ရောကိုယ်ပါ ကျန်းမာမှု ရရှိစေနိုင်ကြောင်း ဧည့်လမ်းညွှန်တစ်ဦးက ၎င်း၏အမြင်ကို ပြောကြားသည်။

■

L I V I N G C O L O R M A G A Z I N E

5 2 6 3 0 2



ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း

# ၂၀၀၄ ခုနှစ် မှတ်တိုင်များ(၁) နိုင်ငံရေး ၊ စီးပွားရေး

**အယ်ဒီတာအဖွဲ့**

## ဝန်ကြီးချုပ်သစ် ခန့်အပ်ခြင်းနှင့် အစိုးရအကြီးအကဲများ ပြောင်းလဲတာဝန်ပေးအပ်ခြင်း

၂၀၀၄ ခုနှစ်အတွင်း အစိုးရအဖွဲ့ဝင်ဝန်ကြီးများ ပြောင်းလဲခန့်အပ်တာဝန်ပေးခြင်းနှင့် အနားယူခွင့်ပြုခြင်းများ အများအပြားပြုလုပ်ခဲ့ရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ကြေညာချက်အမှတ် ၁/ ၂၀၀၄ ဖြင့် ဝန်ကြီးချုပ်ရုံးဝန်ကြီးအား တာဝန်မှ အနားယူခွင့်ပြုခြင်းကို ဖေဖော်ဝါရီလ ၅ ရက် နေ့စွဲဖြင့်လည်းကောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ အမိန့်အမှတ် ၈/ ၂၀၀၄ ဖြင့်အစိုးရအဖွဲ့ဝင်ဝန်ကြီး ပြောင်းလဲတာဝန်ပေးခြင်း၊ အမိန့်အမှတ် ၉/ ၂၀၀၄ ဖြင့် အစိုးရအဖွဲ့ဝင် ဝန်ကြီး ပြောင်းလဲတာဝန်ပေးအပ်ခြင်း၊ အမိန့်အမှတ် ၁၁/ ၂၀၀၄ ဖြင့် အစိုးရအဖွဲ့ဝင် ဝန်ကြီး ပြောင်းလဲတာဝန်ပေးအပ်ခြင်း၊ အမိန့်အမှတ် ၁၂/ ၂၀၀၄ ဖြင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ ခန့်အပ်တာဝန်ပေးအပ်ခြင်း၊ အမိန့်အမှတ် ၁၀/ ၂၀၀၄ ဖြင့် အစိုးရအဖွဲ့ဝင် ဝန်ကြီး ပြောင်းလဲတာဝန်ပေးအပ်ခြင်း၊ အမိန့်အမှတ် ၁၃/ ၂၀၀၄ ဖြင့် ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း၊ အမိန့်အမှတ် ၆/ ၂၀၀၄ ဖြင့် ဝန်ကြီးများအား တာဝန်မှ အနားယူခွင့်ပြုခြင်း၊ အမိန့်အမှတ် ၇/ ၂၀၀၄ ဖြင့် ဒုတိယဝန်ကြီးတာဝန်မှအနားယူခွင့်ပြုခြင်းတို့ကို စက်တင်ဘာလ ၁၈ ရက် ရက်စွဲဖြင့်လည်းကောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ကြေညာချက်အမှတ် ၃/ ၂၀၀၄ ဖြင့် နိုင်ငံတော်ဝန်ကြီးချုပ်ခန့်အပ်တာဝန်ပေးခြင်း၊ ကြေညာချက်အမှတ် ၄/ ၂၀၀၄ ဖြင့် အတွင်းရေးမှူး(၁) တာဝန်ပေးအပ်ခြင်း၊ ကြေညာချက်အမှတ် ၂/ ၂၀၀၄ ဖြင့် တာဝန်မှ အနားယူခွင့်ပြုခြင်းတို့ကို အောက်တိုဘာလ ၁၉ ရက် ရက်စွဲဖြင့်လည်းကောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ အမိန့်အမှတ် ၁၄/ ၂၀၀၄ ဖြင့် ဝန်ကြီးများအား တာဝန်မှ အနားယူခွင့်ပြုခြင်း၊ အမိန့်အမှတ် ၁၅/ ၂၀၀၄ ဖြင့် ဒုတိယဝန်ကြီးများအား တာဝန်မှအနားယူခွင့်ပြုခြင်း၊ အမိန့်အမှတ် ၁၆/ ၂၀၀၄ ဖြင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း၊ အမိန့်အမှတ် ၁၇/ ၂၀၀၄ ဖြင့် ဝန်ကြီးဌာနတာဝန် ပူးတွဲထမ်းဆောင်စေခြင်း၊ အမိန့်အမှတ် ၁၈/ ၂၀၀၄ ဖြင့် ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်းတို့ကို နိုဝင်ဘာလ ၅ ရက် ရက်စွဲဖြင့်လည်းကောင်း နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် ထုတ်ပြန်ကြေညာခဲ့သည်။

## အမျိုးသားညီလာခံ ပြန်လည်ကျင်းပဖြစ်ကြောင်း သတင်းထုတ်ပြန်ခြင်း

၁၉၉၆ ခုနှစ်ကတည်းက ရပ်ဆိုင်းသွားခဲ့သော အမျိုးသားညီလာခံကို ၂၀၀၄ ခုနှစ် မေလ ၁၇ ရက်မှ ဇူလိုင်လ ၁၉ ရက်နေ့အထိ ပြန်လည်ကျင်းပခဲ့ပြီးနောက် ညီလာခံကိုယ်စားလှယ်များ လယ်ယာလုပ်ငန်းခွင်ဝင်သည့်ကာလဖြစ်၍ ခြေခင်းလက်ခင်းသာသည့်အချိန်တွင် ပြန်လည်ကျင်းပရန်ဟုဆိုကာ ကျင်းပလျက်ရှိသော အမျိုးသားညီလာခံကို ခေတ္တရပ်ဆိုင်းပြီး နိုဝင်ဘာလ ၂၃ ရက်နေ့တွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ခေတ္တရပ်ဆိုင်းထားရှိသော အမျိုးသားညီလာခံကို ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလတွင် ပြန်လည်ကျင်းပသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

လက်ရှိအစိုးရမှ အဆင့် (၇) ဆင့်ပါသော လမ်းပြမြေပုံ (Road Map) ကို ၂၀၀၃ ခုနှစ် ဩဂုတ်လ ၃၀ ရက်နေ့တွင် ထုတ်

ပြန်ကြေညာခဲ့ပြီး ၁၉၉၃ ခုနှစ်တွင် စတင်ကျင်းပခဲ့ကာ ၁၉၉၆ ခုနှစ်တွင် ဆိုင်းငံ့သွားခဲ့သော အမျိုးသားညီလာခံကို ၂၀၀၄ ခုနှစ် မေလ ၁၇ ရက်နေ့တွင် ရန်ကုန်မြို့မှ မိုင် ၂၀ အကွာရှိ မှော်ဘီမြို့နယ် ညောင်နှစ်ပင်၌ ကျင်းပခဲ့သည်။

အဆိုပါညီလာခံသို့ ငြိမ်းချမ်းရေး ရယူထားသော တိုင်းရင်းသားကိုယ်စားလှယ် ၁၇ ဖွဲ့ ပါဝင်တက်ရောက်ခဲ့ကြသည်။ အဆိုပါညီလာခံနှင့် ပတ်သက်၍ ကုလသမဂ္ဂအထွေထွေညီလာခံ၌ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ်က မေလ ၁၇ ရက်နေ့မှ ဇူလိုင်လ ၁၉ ရက်နေ့အထိ ပြန်လည်ကျင်းပခဲ့သည့် အမျိုးသားညီလာခံ၏ ပထမအကြိမ် အစည်းအဝေးတွင် အလွန်လေးနက်သိမ်မွေ့သော ကိစ္စဖြစ်သည့် ဗဟိုအစိုးရနှင့် ပြည်နယ်ဒေသကြီးများအကြား အာဏာခွဲဝေမှုအား အဓိကထား ဆွေးနွေးခဲ့ကြောင်းနှင့် "ဒီအာဏာခွဲဝေမှုကိစ္စရပ်ဟာ အမှန်တော့ အလွန်အရေးကြီးသိမ်မွေ့လှပါတယ်။ ဘာကြောင့်လဲဆိုတော့ မြန်မာနိုင်ငံအနေနဲ့ ဗဟိုဦးစီးစနစ် ပုံစံကနေ ပြည်ထောင်စုအစိုးရပုံစံကို ပြောင်းမှာဖြစ်တဲ့အတွက် ပြည်နယ်ဒေသကြီးများမှာ တရားဥပဒေပြုမှုအဖွဲ့၊ စီမံအုပ်ချုပ်မှုအဖွဲ့များ သီးခြားစွာ ထူထောင်ထားရှိမှာ ဖြစ်တဲ့အတွက် ဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

အဆိုပါပြန်လည်ကျင်းပသော ညီလာခံ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် လွှတ်တော်ဥပဒေပြုစာရင်းတွင် ပါဝင်ရမည့် အခန်းများနှင့် ခေါင်းစဉ်များကို အောက်ပါအတိုင်း ချမှတ်ခဲ့ကြသည်။

(၁) ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍ
(၂) နိုင်ငံခြားရေးကဏ္ဍ
(၃) ဘဏ္ဍာရေးနှင့် စီမံကိန်းကဏ္ဍ
(၄) စီးပွားရေးကဏ္ဍ
(၅) စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ
(၆) စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍ
(၇) စက်မှုလက်မှုကဏ္ဍ
(၈) ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍ
(၉) လူမှုရေးကဏ္ဍ
(၁၀) စီမံခန့်ခွဲရေးကဏ္ဍ
(၁၁) တရားစီရင်ရေးကဏ္ဍတို့ ဖြစ်ကြသည်။

## ပြည်ပသို့ သွားရောက်သော ချစ်ကြည်ရေးခရီးစဉ်များ

အောက်တိုဘာ ၂၄ မှ ၂၉– နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် အဖွဲ့ဝင်များလိုက်ပါလျက် အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ အေ၊ ပီ၊ ဂျေ အဗ္ဗဒူလ်ကလမ်၏ ဖိတ်ကြားချက်အရ အိန္ဒိယသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး



ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာနဝန်ကြီး ရှရီကော၊ နတ်ဝါဆင်းတို့ ဆွေးနွေးစဉ်

သွားရောက်လည်ပတ်ခဲ့သည်။

## ပြည်ပမှ လာရောက်သော ခရီးစဉ်များ

ဇန်နဝါရီ ၂၆– နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွဲ့တို့၏ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်စီမံကိန်းများ ပူးပေါင်းဆောင်ရွက်ရေးဥက္ကဋ္ဌ ဒေါက်တာထောင်လန်ဆီဆူလစ်နှင့်ဇနီး မဒမ်နာလီဆီဆူလစ်တို့သည် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရန်ကုန်မြို့သို့ လာရောက်ခဲ့သည်။

ဖေဖော်ဝါရီ ၂၁– အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ယခုအတွင်းရေးမှူး(၁)၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့ရေးရာအတိုင်ပင်ခံကွန်ဖရင့်နှင့် အပြည်ပြည်ဆိုင်ရာ သိနားလည်မှု တည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌမစ္စတာလော်ဟောက်ဆိုင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်ခဲ့သည်။

မတ် ၂၃– အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း ယခုနိုင်ငံတော်ဝန်ကြီးချုပ်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် မဒမ်ဂူရီ ချစ်ကြည်ရေးခရီး လာရောက်ခဲ့သည်။

ဧပြီ ၁၀– ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဆူရာကီယက် ဆတ်သီရာထိုင်းသည် မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံသို့ လာရောက်ပြီး ညနေပိုင်းတွင် ပြန်လည်ထွက်ခွာသွားခဲ့သည်။

ဧပြီ ၂၅–၂၆– ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ Major General AIM Mustafa Reza Noor,ndc ဦးဆောင်သော အဖွဲ့ဝင်ရှစ်ဦး ပါဝင်သည့် ဘင်္ဂလားဒေ့ရှ်တပ်မတော်(ကြည်း၊ ရေ၊ လေ) ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ လာရောက်ခဲ့သည်။

ဩဂုတ် ၂၅– မလေးရှားနိုင်ငံ မလေးရှားဘုရင့်လေတပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Datuk Nik Ismail Bin Nik

## ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရအဖွဲ့

| စဉ် | ဝန်ကြီးဌာန | ဝန်ကြီး | ဒု–ဝန်ကြီး |
|---|---|---|---|
| ၁ | ကာကွယ်ရေးဝန်ကြီးဌာန | ဗိုလ်ချုပ်မှူးကြီးသန်းရွှေ | – |
| ၂ | ဝန်ကြီးချုပ် | ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း | – |
| ၃ | လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | ဗိုလ်ချုပ်ဌေးဦး | ဦးအုန်းမြင့် |
| ၄ | အမှတ်(၁)စက်မှုဝန်ကြီးဌာန | ဦးအောင်သောင်း | ဗိုလ်မှူးချုပ်သိန်းထွန်း၊ ဗိုလ်မှူးချုပ်ကျော်ထွန်း |
| ၅ | အမှတ်(၂)စက်မှုဝန်ကြီးဌာန | ဗိုလ်ချုပ်စောလွင် | ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော် |
| ၆ | နိုင်ငံခြားရေးဝန်ကြီးဌာန | ဦးညဏ်ဝင်း | ဦးမောင်မြင့်၊ ဦးကျော်သူ |
| ၇ | အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန | ဦးစိုးသာ | – |
| ၈ | ပို့ဆောင်ရေးဝန်ကြီးဌာန | ဗိုလ်ချုပ်သိန်းဆွေ | ဦးဖေသန်း၊ ဗိုလ်မှူးကြီးညဏ်ထွန်းအောင် |
| ၉ | အလုပ်သမားဝန်ကြီးဌာန | ဦးသောင်း | – |
| ၁၀ | ပညာရေးဝန်ကြီးဌာန | ဦးသန်းအောင် | ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ ဦးမျိုးညွန့် |
| ၁၁ | စွမ်းအင်ဝန်ကြီးဌာန | ဗိုလ်မှူးချုပ်လွန်းသီ | ဗိုလ်မှူးချုပ်သန်းဌေး |
| ၁၂ | ရထားပို့ဆောင်ရေးဝန်ကြီးဌာန | ဗိုလ်ချုပ်အောင်မင်း | သူရဦးသောင်းလွင်၊ ဦးဖေသန်း |
| ၁၃ | ကျန်းမာရေးဝန်ကြီးဌာန | ဒေါက်တာကျော်မြင့် | ဒေါက်တာမြဦး |
| ၁၄ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | ဗိုလ်မှူးချုပ်တင်နိုင်သိန်း | ဗိုလ်မှူးချုပ်အောင်ထွန်း |
| ၁၅ | ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန | ဗိုလ်မှူးချုပ်သိန်းဇော် | ဗိုလ်မှူးချုပ်အေးမြင့်ကြူ |
| ၁၆ | ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန | ဗိုလ်ချုပ်လှထွန်း | ဗိုလ်မှူးကြီးလှသိန်းဆွေ |
| ၁၇ | ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန | ဗိုလ်မှူးချုပ်သိန်းဇော် | – |
| ၁၈ | သာသနာရေးဝန်ကြီးဌာန | ဗိုလ်မှူးချုပ်သူရမြင့်မောင် | ဗိုလ်မှူးချုပ်သူရအောင်ကို |
| ၁၉ | ဆောက်လုပ်ရေးဝန်ကြီးဌာန | ဗိုလ်ချုပ်စောထွန်း | ဗိုလ်မှူးချုပ်မြင့်သိန်း၊ ဦးတင့်ဆွေ |
| ၂၀ | သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ဦးသောင်း | ဦးကျော်စိုး |
| ၂၁ | ယဉ်ကျေးမှုဝန်ကြီးဌာန | ဗိုလ်ချုပ်ကြည်အောင် | ဗိုလ်မှူးချုပ်စိုးဝင်းမောင် |
| ၂၂ | လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | ဗိုလ်ချုပ်စိန်ထွား | ဦးမောင်အောင် |
| ၂၃ | ပြန်ကြားရေးဝန်ကြီးဌာန | ဗိုလ်မှူးချုပ်ကျော်ဆန်း | ဗိုလ်မှူးချုပ်အောင်သိန်း၊ ဦးသိန်းစိန် |
| ၂၄ | သမဝါယမဝန်ကြီးဌာန | ဗိုလ်မှူးကြီးဇော်မင်း | – |
| ၂၅ | နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန | ဗိုလ်မှူးကြီးသိန်းညွန့် | ဗိုလ်မှူးကြီးတင်ငွေ၊ ဗိုလ်မှူးချုပ်သန်းထွန်း |
| ၂၆ | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | ဗိုလ်ချုပ်တင်ထွတ် | ဦးမျိုးမြင့် |
| ၂၇ | အားကစားဝန်ကြီးဌာန | ဗိုလ်မှူးချုပ်သူရအေးမြင့် | – |
| ၂၈ | သစ်တောရေးရာဝန်ကြီးဌာန | ဗိုလ်မှူးချုပ်သိန်းအောင် | – |
| ၂၉ | ပြည်ထဲရေးဝန်ကြီးဌာန | ဗိုလ်ချုပ်မောင်ဦး | ဗိုလ်မှူးချုပ်ဘုန်းဆွေ |
| ၃၀ | သတ္တုတွင်းဝန်ကြီးဌာန | ဗိုလ်မှူးချုပ်အုန်းမြင့် | ဦးမြင့်သိန်း |
| ၃၁ | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ဗိုလ်ချုပ်စိန်ထွား | ဗိုလ်မှူးချုပ်ကျော်မြင့် |
| ၃၂ | မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန | ဗိုလ်မှူးချုပ်မောင်မောင်သိမ်း | ဦးအောင်သိန်း |
| ၃၃ | ဝန်ကြီးချုပ်ရုံး | ဦးသန်းရွှေ | – |

| စဉ် | ဝန်ကြီးဌာန | ဝန်ကြီး | ဒု–ဝန်ကြီး |
|---|---|---|---|
| ၃၄ | ဝန်ကြီးချုပ်ရုံး | ဗိုလ်မှူးချုပ်ပြည့်စုံ | – |
| ၃၅ | တရားသူကြီးချုပ် | ဦးအောင်တိုး | ဦးသိန်းစိုး |
| ၃၆ | ရှေ့နေချုပ် | ဦးအေးမောင် | ဦးဟန်ရှိန်(ဒုတိယရှေ့နေချုပ်) |
| ၃၇ | စာရင်းစစ်ချုပ် | ဗိုလ်ချုပ်လွန်းမောင် | ဒေါ်သင်းသင်း (ဒုတိယစာရင်းစစ်ချုပ်) |
| ၃၈ | ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ | ဒေါက်တာသန်းညွန့် | – |



**ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း လာအိုဝန်ကြီးချုပ် မစ္စတာဘောင်ညံဗိုရာချစ်နှင့် တွေ့ဆုံဆွေးနွေးစဉ်**



**ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ထိုင်းဘုရင့်တပ်မတော်စစ်သေနာပတိချုပ် General Somdhat Attanand အား နှုတ်ဆက်စဉ်**

Mohamed ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ လာရောက်ခဲ့သည်။

ဩဂုတ်–၃၁– နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး မောင်အေး၏ ဖိတ်ကြားချက်အရ ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်)ဦးစီးချုပ် General Chaisit Shinawatra နှင့်ဇနီး Madame Veena Shinawatra ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ လာရောက်ခဲ့သည်။

စက်တင်ဘာ ၁၀– နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၏ ဖိတ်ကြားချက်အရ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General Somdhat Attanand နှင့်ဇနီး Madame Khunying Suppanapa Attanand နှင့်အဖွဲ့ဝင်များ ချစ်ကြည်ရေးခရီး လာရောက်လည်ပတ်ခဲ့သည်။

နိုဝင်ဘာ ၁၁– နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း၏ဖိတ်ကြားချက်အရ အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာ အင်န်ဟတ်ဆန် ဝီရာယုဒသည် လုပ်ငန်းသဘောခရီးလည်ပတ်ရန် ရန်ကုန်မြို့သို့ ရောက်ရှိခဲ့သည်။

နိုဝင်ဘာ ၁၅–၁၉– အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယ လေတပ်ဦးစီးချုပ် Air Chief Marshal S Krishnaswamy, COSC, PVSM, AVSM, VM 8 Bar, ADC Chief of the Air Staff နှင့်ဇနီး Mr.Harveen Krishnaswamy တို့ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ လာရောက်ခဲ့သည်။

ဒီဇင်ဘာ ၁– တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ ဒုတိယကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဂိုကျင့်ဖုန်းနှင့်အဖွဲ့ ချစ်ကြည်ရေးခရီးလာရောက်ခဲ့သည်။

ဒီဇင်ဘာ ၆– တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာဝူတာ့ဝေခေါင်းဆောင်သည့် အဖွဲ့ဝင်ခြောက်ဦး ပါဝင်သော ကိုယ်စားလှယ်အဖွဲ့ ချစ်ကြည်ရေးခရီး လာရောက်လည်ပတ်ခဲ့သည်။

ဒီဇင်ဘာ ၇–၈– ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၏ ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘောင်ညံဗိုရာချစ် ဦးဆောင်သည့်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ လာရောက်ခဲ့သည်။

ဒီဇင်ဘာ ၉– ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၏

ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံဝန်ကြီးချုပ် ဒေါက်တာသက်ဆင် ရှင်နာဝပ် ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ လာရောက်ခဲ့သည်။

ဒီဇင်ဘာ ၁၁–၁၄– နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်း၏ ဖိတ်ကြားချက်အရ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ် သမ္မတနိုင်ငံဝန်ကြီးချုပ် မဟင်ဒါရာဂျာပက်(စ်)စီနှင့် ဇနီး မဒမ်ရှီရန်သီရာဂျာပက်(စ်)စီတို့ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ လာရောက်လည်ပတ်ခဲ့သည်။

ဒီဇင်ဘာ ၁၅– တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် General Logistics Department မှ Deputy Chief of Lieutenant General Sun Zhiqiang ခေါင်းဆောင်သည် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ လာရောက်ခဲ့သည်။

## မြန်မာ-အိန္ဒိယ ဆက်ဆံရေး

ဒေသအတွင်း အင်အားကြီးနိုင်ငံဖြစ်သော အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံ ဆက်ဆံရေးသည် ယခု ၂၀၀၄ ခုနှစ်အတွင်းတွင် အခန်းကဏ္ဍသစ်သို့ ဝင်ရောက်ခဲ့သည်ကို တွေ့ရှိရသည်။

လွန်ခဲ့သော ၂၄ နှစ်နောက်ပိုင်း မြန်မာနိုင်ငံအစိုးရအကြီးအကဲတစ်ဦး၏ ပထမဦးဆုံးအကြိမ် တရားဝင်အလည်အပတ်ခရီးအဖြစ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အိန္ဒိယနိုင်ငံသို့ အောက်တိုဘာလအတွင်း သွားရောက်လည်ပတ်ခဲ့ခြင်းသည် ၁၉၈၈ ခုနှစ်နောက်ပိုင်း နှစ်နိုင်ငံဆက်ဆံရေးသမိုင်းတွင် ထူးခြားသော မှတ်တိုင်တစ်ခု ဖြစ်ခဲ့သည်။

၁၉၈၈ အစောပိုင်းနှစ်များတွင် မြန်မာ–အိန္ဒိယ ဆက်ဆံရေးသည် ပုံမှန်သာရှိခဲ့ပြီး ဗိုလ်ချုပ်ကြီးမောင်အေး ယခု ဒုတိယ ဗိုလ်ချုပ်မှူးကြီး၏ ခရီးစဉ်နှင့် အိန္ဒိယပြည်ပရေးရာဝန်ကြီး ဂျက်ဝန့်ဆင်း ၂၀၀၁ ခုနှစ်တွင် မြန်မာနိုင်ငံသို့ လာရောက်ပြီးချိန်မှစ၍ အရှိန်အဟုန်ဖြင့် တိုးတက်လာခဲ့ရာ ယခု ၂၀၀၄ ခုနှစ်တွင် နှစ်နိုင်ငံဆက်ဆံရေးသည် အဆင့်သစ်တစ်ရပ်သို့ ရောက်ရှိခဲ့သည်။

အိန္ဒိယသည် လွန်ခဲ့သော ဆယ်စုနှစ်အနည်းငယ်က စတင်ကျင့်သုံးခဲ့သော Look East ခေါ် 'အရှေ့မျှော်မူဝါဒ' အရ အာဆီယံဒေသနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေး စိုင်းပြင်းလာခဲ့ရာ အာဆီယံနှင့် အိန္ဒိယအကြားရှိ မြန်မာနိုင်ငံနှင့် ဆက်ဆံရေးအထူးကောင်းမွန်လာခဲ့သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အလွန်ရင်းနှီးသော ဆက်ဆံမှုရှိသည့် မြန်မာနိုင်ငံအနေဖြင့် အလားတူ အိန္ဒိယနှင့် ဆက်ဆံရေးထူထောင်နိုင်ခဲ့ရာ အိမ်နီးချင်းအင်အားကြီး နှစ်နိုင်ငံစလုံးနှင့် ရင်းနှီးသော ဆက်ဆံရေး ဖော်ဆောင်နိုင်ခဲ့ပြီဖြစ်ကြောင်း တွေ့ရသည်။



**ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းတို့ နှုတ်ဆက်စဉ်**

၂၀၀၄ ခုနှစ်တွင် အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံသို့ ရန်ကုန်–မန္တလေး တယ်လီဖုန်းလိုင်းစနစ် အဆင့်မြှင့်တင်ရေး အထူးချေးငွေ အမေရိကန်ဒေါ်လာ ၅၆.၃၅၈ သန်း၊ ရန်ကုန်နှင့် မန္တလေး အကြား အင်တာနက်ဆက်သွယ်ရေးစနစ်နှင့် မိုရေးနှင့် တမူးကြား Optical Fiber Cable တည်ဆောက်ရေး အထူးချေးငွေ အမေရိကန်ဒေါ်လာ ခုနစ်သန်းတို့ကို ပေးအပ်ခဲ့သည်။ (၃၁–၁၀–၂၀၀၄ ထုတ် နိုင်ငံပိုင်သတင်းစာများမှ) ဗိုလ်ချုပ်မှူးကြီးသန်းရွှေခရီးစဉ်အတွင်း 'ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရတို့အကြား သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာ' ကို လက်မှတ်ရေးထိုးခဲ့ကြောင်း၊ ၂၀၀၄ ခုနှစ်တွင် အိန္ဒိယ၌ ကျင်းပခဲ့သော DEFEXPO ကာကွယ်ရေးပြပွဲသို့ မြန်မာနိုင်ငံမှ တက်ရောက်ခဲ့ကြောင်း၊ မြန်မာနိုင်ငံသည် ၎င်း၏ မြေပေါ်မှနေ၍ သောင်းကျန်းသူများ အိန္ဒိယအား ဆန့်ကျင်တိုက်ခိုက်ခြင်းကို ခွင့်ပြုမည်မဟုတ်ကြောင်း စသည့် နှစ်နိုင်ငံရင်းနှီးချစ်ကြည်ရေးဆိုင်ရာများကို ရရှိခဲ့သည်ဟု ၃၁–၁၀–၂၀၀၄ ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြခဲ့သည်။

၂၀၀၆ ခုနှစ်တွင်လည်း နှစ်နိုင်ငံကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ သန်း ၁၀၀၀ ထိ တိုးမြှင့်ရန် သဘောတူညီခဲ့ကြသည်။ မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံအတွက် 'အာဆီယံအဖွဲ့သို့ ဝင်ခွင့်တံခါးပေါက်' ဟု အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းက




ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ခရီးစဉ်အတွင်း ဖွင့်ဟပြောဆိုခဲ့ရာ အာဆီယံဈေးကွက်သို့ အိန္ဒိယထိုးဖောက်ဝင်ရောက်ရေးတွင် မြန်မာနိုင်ငံ၏ ပထဝီဝင်အနေအထားအရ အရေးပါမှုကို ထင်ဟပ်စေခဲ့သည်။

## မြန်မာ-တရုတ် ဆက်ဆံရေး

တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံ၏ ဆက်ဆံရေးသည် အထူးဆက်ဆံရေးဖြစ်သည့်အတွက် ယခု ၂၀၀၄ ခုနှစ်တွင်လည်း လက်မှတ်ရေးထိုးနိုင်ခဲ့သည့် သဘောတူစာချွန်လွှာများတွင် စီးပွားရေးနှင့် ကျွမ်းကျင်မှုအတတ်ပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ တည်ဆောက်ရေး စီမံကိန်းဆိုင်ရာစာလွှာ၊ သန်လျင်–ကျောက်တန်းစက်မှုဇုန်အတွက် ပင်မလုပ်ငန်းစီမံချက်ဆိုင်ရာစာလွှာ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အတိုးမဲ့ချေးငွေ ရင်မင်ဘီယွမ် သန်း ၅၀ ဖြင့် ရထားသံလမ်းများ ရယူရေးဆိုင်ရာစာလွှာ၊ အမှတ် (၄) ယူရီးယား ဓာတ်မြေသြဇာစက်ရုံ (တိုက်ကြီး) တည်ဆောက်ရေးအတွက် ဘဏ္ဍာငွေဖြည့်ဆည်းရေး သဘောတူစာချုပ်၊ မြန်မာနိုင်ငံ ဆက်သွယ်ရေးကွန်ရက် တည်ဆောက်ရေးစီမံကိန်းအတွက် ထောက်ပံ့ရေးစာချုပ်၊ ချေးငွေပေးဆပ်ရေး ပြန်လည်ညှိနှိုင်းမှု သဘောတူစာချုပ်တို့ ပါဝင်သည်ဟု နိုင်ငံပိုင်မီဒီယာများ၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယခုနှစ် ဖေဖော်ဝါရီလပိုင်း၌ တစ်နေ့လျှင် တန် ၂၀၀ ပျော့ဖတ်စက်ရုံစီမံကိန်း (သာပေါင်း) အတွက် မီးထိုးဆီပေးသွင်းရေးနှင့် တစ်နေ့ တန် ၅၀ အဆင့်မြင့်စက္ကူစက်ရုံ တည်ဆောက်ရေးအတွက် သဘောတူစာချုပ် ချုပ်ဆိုနိုင်ခဲ့သည်။

မြန်မာ–တရုတ် နှစ်နိုင်ငံအကြား ကုန်သွယ်မှု နှစ်စဉ် ၁၅ ရာခိုင်နှုန်းခန့် တိုးတက်ခဲ့သည်။ တရားဝင်စာရင်းဇယားများအရ ၂၀၀၂ ခုနှစ်တွင် ဒေသနှစ်ခုအကြား အပြန်အလှန် ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ သန်းထောင်ပေါင်း ၅၄ ရှိခဲ့ပြီး၊ ၂၀၀၃ ခုနှစ်တွင် သန်းထောင်ပေါင်း ၇၈.၂ သို့ ရောက်ရှိခဲ့ကြောင်း၊ ထို့ကြောင့် ၂၀၀၂ ခုနှစ် ပမာဏထက် ၄၂ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်လာခဲ့သည်။ (၇–၁၁–၂၀၀၄ ထုတ် နိုင်ငံပိုင်သတင်းစာများမှ)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ ဟူကျင်တောင်သည် ယခင် သမ္မတဟောင်း ကျန်ဇီမင်းထံမှ ဗဟိုစစ်ကော်မရှင်ဥက္ကဋ္ဌရာထူးကိုပါ ၂၀၀၄ ခုနှစ်အတွင်းတွင် လွှဲပြောင်းရယူခဲ့ပြီဖြစ်သော်လည်း ရင်းရင်းနှီးနှီး ဆက်ဆံရေးရှိသော မြန်မာနိုင်ငံနှင့် ပတ်သက်သည့် မူဝါဒမှာမူ ထူးထူးခြားခြား ပြောင်းလဲမည်မဟုတ်ဟု ယူဆရသည်။

အထူးသဖြင့် အလည်အပတ် လာရောက်ခဲ့သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံတော်ကောင်စီဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းတို့၏ အပြန်အလှန် ပြောစကားများကို နိုဝင်ဘာလ ၇ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ၏ အယ်ဒီတာ့အာဘော်ကဏ္ဍတွင် ဤသို့ ဖော်ပြခဲ့သည်။

*"မြန်မာနိုင်ငံ၏ ပြည်တွင်းရေးပြဿနာများကို မြန်မာပြည်သူများကသာ ဖြေရှင်းဆောင်ရွက်ရမည်ဖြစ်ပြီး ပြည်ပနိုင်ငံများက ဖိအားပေးအကျပ်ကိုင်၍ မရနိုင်ကြောင်း၊ တရုတ်ပြည်သည် မြန်မာပြည်၏ မိတ်ဆွေရင်းချာနိုင်ငံအဖြစ် အမြဲရပ်တည်မည်ဖြစ်ကြောင်း"* (မဒမ်ဝူရီ– နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ)

*"တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အာဆီယံနိုင်ငံများ၊ ဒေသတွင်းအိမ်နီးချင်းနိုင်ငံများက နိုင်ငံတကာနယ်ပယ်မှာရော၊ ဒေသတွင်းမှာပါ မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုများအပေါ် နားလည်မှု၊ အားပေးထောက်ခံမှုများ ပြုလုပ်လျက်ရှိသည့်အတွက်လည်း အထူးကျေးဇူးတင်ရှိကြောင်း"* (ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း၊ ဝန်ကြီးချုပ်၊ မြန်မာနိုင်ငံ)

ဤအပြန်အလှန် ပြောဆိုချက်ကို ကြည့်ခြင်းအားဖြင့် မြန်မာ–တရုတ် နှစ်နိုင်ငံဆက်ဆံရေး၏ အတိမ်အနက်ကို ခန့်မှန်းနိုင်ကြမည် ဖြစ်သည်။

(Ref:၂၆–၂–၂၀၀၄၊ ၂၀–၇–၂၀၀၄၊ ၇–၁၁–၂၀၀၄ နေ့ထုတ် နိုင်ငံပိုင်သတင်းစာများ)

## မြန်မာ-ထိုင်း ဆက်ဆံရေး

မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် နယ်နိမိတ်ချင်း ရှည်လျားစွာ ထိစပ်နေသည့်အားလျော်စွာ နှစ်နိုင်ငံဆက်ဆံရေးမှာ ထူးခြားသည့်သဘောဆောင်နေသည်။



ဗိုလ်ချုပ်ကြီးသူရရွှေမန်း တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ ဒုတိယကာကွယ်ရေးဦးစီးချုပ်အား နှုတ်ဆက်စဉ်



ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာသက်ဆင်

၂၀၀၃ ခုနှစ် နိုဝင်ဘာလတွင် မြန်မာနိုင်ငံ၌ ကျင်းပခဲ့သည့် ပုဂံထိပ်သီးအစည်းအဝေးက ချမှတ်ခဲ့သော ဧရာဝတီ–ကျောက်ဖယား–မဲခေါင်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (ACMECS) အစီအစဉ်အရ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ ငါးလုပ်ငန်းကဏ္ဍ၊ စက်မှုကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ လျှပ်စစ်စွမ်းအားကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကဏ္ဍ၊ ထားဝယ်ဒေသဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကဏ္ဍတို့ကို ယခုနှစ်တွင် ဆွေးနွေးခဲ့သည်။ (၅–၆–၂၀၀၄ ထုတ် နိုင်ငံပိုင်သတင်းစာများမှ)

ထိုင်းဝန်ကြီးချုပ် သက်ဆင်ရှင်နာဝပ်ထရာသည် မြန်မာနိုင်ငံနှင့် ရင်းနှီးချစ်ကြည်သည့် ခေါင်းဆောင်ဖြစ်ရာ မြန်မာ–ထိုင်း ဆက်ဆံရေးမှာ ယခု ၂၀၀၄ ခုနှစ်အတွင်း ယခင်နှစ်ကကဲ့သို့ပင် တည်ငြိမ်ကောင်းမွန်လျက် ရှိသည်။

## မြန်မာနှင့် အင်ဒိုချိုင်းနားနိုင်ငံများ ဆက်ဆံရေး

ယခင်နှစ်ကာလများက ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်တစ်ဦးသာ လာရောက်လည်ပတ်ခဲ့ခြင်းဖြင့် အင်ဒိုချိုင်းနားဒေသတွင်း အခြားနိုင်ငံများထက်စာလျှင် မြန်မာ–ကမ္ဘောဒီးယား ဆက်ဆံရေးက ပိုမို နီးကပ်ခဲ့သည်။

အတိတ်သမိုင်းတစ်လျှောက်ကာလအားလုံး မြန်မာနိုင်ငံနှင့် အင်ဒိုချိုင်းနားဒေသနိုင်ငံများ၏ ဆက်ဆံရေးမှာ ထူးထူးခြားခြား မှတ်တမ်းတင်လောက်စရာ မရှိခဲ့သော်လည်း ယခုနှစ်တွင်မူ အာရှ–ဥရောပ ထိပ်သီးဆွေးနွေးပွဲ ASEM မတိုင်မီ ကာလများအတွင်း အဆိုပါနိုင်ငံများနှင့် ဆက်ဆံရေး တိုးမြှင့်တည်ဆောက်ခဲ့သည်ကို တွေ့ရသည်။

ယခုနှစ် ဩဂုတ်လအတွင်း ဗီယက်နမ်ဝန်ကြီးချုပ် ဖန်ဗန်ခိုင်၏ ဖိတ်ကြားချက်အရ ဝန်ကြီးချုပ် သွားရောက်ခဲ့ခြင်းနှင့် ဒီဇင်ဘာလ ၇ ရက်နေ့က လာအိုနိုင်ငံဝန်ကြီးချုပ် ဗွန်ညံဗိုရာချစ် လာရောက်လည်ပတ်ခြင်းနှင့် ယခုနှစ် အာရှ–ဥရောပ ထိပ်သီးဆွေးနွေးပွဲသို့ မြန်မာ တက်ရောက်ခွင့်ရရေးကို အင်ဒိုချိုင်းနားသုံးနိုင်ငံက ပြိုင်တူထောက်ခံ သဘောတူညီခဲ့ကြခြင်းတို့သည် မြန်မာနှင့် အင်ဒိုချိုင်းနားဒေသတွင်း နိုင်ငံတို့အကြား ယခုနှစ်အတွင်း ထူးခြားသည့်ဆက်ဆံရေး ဖြစ်ခဲ့သည်။

ယင်းသုံးနိုင်ငံမှ ဝန်ကြီးချုပ်များသည် ASEM နှင့် ပတ်သက်၍ မြန်မာနိုင်ငံအပေါ် ထားရှိသော သဘောထားတို့ကို အောက်ပါအတိုင်း ပြတ်ပြတ်သားသား ဖော်ထုတ်ခဲ့ကြသည်။

'အာရှ–ဥရောပ ထိပ်သီးအစည်းအဝေး၌ အာဆီယံနိုင်ငံများအကြား အဆင့်အတန်းခွဲခြားမှုမရှိ၊ အဖွဲ့ဝင်နိုင်ငံအားလုံး အဆင့်အတန်းတူပါဝင်နိုင်ရေး မိမိတို့ အခိုင်အမာရပ်တည်'

**ကမ္ဘောဒီးယားဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင် (၁၃–၈–၂၀၀၄)**

'အာရှ–ဥရောပ ထိပ်သီးအစည်းအဝေး မြန်မာ ပါဝင်တက်ရောက်ရေးကို ဗီယက်နမ်က ထောက်ခံ၊ နှစ်နိုင်ငံအကြား ပိုမိုပူးပေါင်းဆောင်ရွက်သွားရန် ဆန္ဒရှိ'

**ဗီယက်နမ်ဝန်ကြီးချုပ် မစ္စတာ ဖန်ဗန်ခိုင် (၁၁–၈–၂၀၀၄)**

'မိမိတို့ နှစ်နိုင်ငံသည် ညီအစ်ကို နိုင်ငံများကဲ့သို့ပင် ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီးရှိကြပြီး တစ်ဦးနှင့်တစ်ဦး အပြန်အလှန်လေးစားမှုရှိ'

**လာအိုသမ္မတ မစ္စတာ ခန်တေးဆီဖန်ဒုံ (၁၂–၈–၂၀၀၄)**

ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်နှင့် မြန်မာနိုင်ငံတို့သည် အာဆီယံအဖွဲ့တွင်းသို့ ၁၉၉၅ ခုနှစ်နောက်ပိုင်းမှစ၍ ဝင်ရောက်လာသည့် အဖွဲ့ဝင်နိုင်ငံသစ်များ ဖြစ်ကြသည်။



## အာဆီယံဆုများ

ဒီဇင်ဘာလ ၁၈ ရက်မှ ၁၉ ရက်နေ့အထိ မြန်မာနိုင်ငံမှ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခဲ့သော (၂၂) ကြိမ်မြောက် အာဆီယံနိုင်ငံ အင်ဂျင်နီယာအသင်းများအဖွဲ့ချုပ်ညီလာခံတွင် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းအား AFEO Distinguished Honorary Fellowship ကို အလှည့်ကျပေးအပ်ခဲ့သည်။ ယင်းဆုအား ၂၀၀၂ ခုနှစ်က ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက် ဟွန်ဆန်အားလည်းကောင်း၊ ၂၀၀၃ ခုနှစ်တွင် မလေးရှားနိုင်ငံ ဝန်ကြီးချုပ် မဟာသီယာအားလည်းကောင်း ပေးအပ်ခဲ့သည်။ အဝေးရောက်ဘွဲ့ အပ်နှင်းမည့်သူများမှာ အင်ဒိုနီးရှားနိုင်ငံ သမ္မတဟောင်း ဒေါက်တာဟာဘီဘီနှင့် ဖိလစ်ပိုင်နိုင်ငံ သမ္မတဟောင်း ဖီဒယ်ရာမို့စ်တို့ ဖြစ်သည်။ ယင်းညီလာခံတွင် AFEO Honorary Member ဆုအား မြန်မာနိုင်ငံမှ ကိုးဦးနှင့် ASEAN Engineer Registers အသိအမှတ်ပြုလက်မှတ်ကို ၂၂ ဦးက ရရှိခဲ့သည်။

## သတင်းစာရှင်းလင်းပွဲများ

ဇန်နဝါရီ ၂၇–VCD များတွင် ကွန်ပျူတာအား ပျက်စီးစေသည့်ပရိုဂရမ်များ ထည့်သွင်းခြင်းနှင့်ပတ်သက်၍ ရှင်းလင်းသည့် အခမ်းအနားကို ရန်ကုန်မြို့ လှိုင်မြို့နယ် တက္ကသိုလ်များ လှိုင်နယ်မြေရှိ MICT Park တွင် ကျင်းပခဲ့သည်။

မတ် ၃– ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ (International Narcotics Control Board-INCB)၏ ၂၀၀၃ ခုနှစ် မူးယစ်ဆေးဝါးဆိုင်ရာ အစီရင်ခံစာနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မလိခလမ်းရှိ ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး (United Nations Office on Drug and Crime-UNODC) တွင် ကျင်းပခဲ့သည်။

ဇွန် ၂၆– ရန်ကုန်ဘူတာကြီးပတ်ဝန်းကျင်တွင် မိုင်းထောင်ဖောက်ခွဲခဲ့မှုဖြစ်စဉ်နှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်ကို အင်းလျားလမ်းရှိ တပ်မတော်ဧည့်ဂေဟာတွင် ကျင်းပခဲ့သည်။

ဇွန် ၂၆– မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ မြန်မာနိုင်ငံမူးယစ်ဆေးဝါးတိုက်ဖျက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကို မြန်မာနိုင်ငံမူးယစ်ဆေးဝါးပပျောက်ရေးအထိမ်းအမှတ်ပြတိုက်တွင်ကျင်းပခဲ့သည်။

နိုဝင်ဘာ ၉– ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီတို့က စီးပွားရေးလုပ်ငန်းရှင်များ၊ ဘဏ်လုပ်ငန်းရှင်များ၊ ကုန်သည်ကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အဖွဲ့ဝင်များအား ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမတွင် တွေ့ဆုံပြီး ငွေစက္ကူများနှင့်ပတ်သက်၍ဖြစ်ပေါ်သော ကောလာဟလများ၊ တရားမဝင် လိုင်စင်မဲ့မော်တော်ယာဉ်များနှင့်ပတ်သက်သောကိစ္စရပ်များကို ရှင်းလင်းခဲ့သည်။

## အောက်တိုဘာ ၂၄ ရှင်းလင်းပွဲ

အောက်တိုဘာ ၂၄ ရက်နေ့၌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းတို့သည် ဇေယျာသီရိဗိမာန်တွင် နိုင်ငံတော်၌ ဖြစ်ပေါ်ပြောင်းလဲနေသော အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပွဲပြုလုပ်ခဲ့ရာ ထိုရှင်းလင်းချက်များအား ၂၄–၁၀–၂၀၀၄ ရက်နေ့ ည ၈း၀၀ နာရီသတင်းနှင့် ၂၅–၁၀–၂၀၀၄ ရက်နေ့သတင်းစာများတွင် အချိန်နှင့်နေရာ အခက်အခဲကြောင့် အကျဉ်းသာ ဖော်ပြနိုင်ခဲ့သည်ဟု ဖော်ပြထားသော ရှင်းလင်းချက်အပြည့်အစုံ သီးခြားစာစောင်ကို နိုင်ငံပိုင်သတင်းစာများနှင့်အတူ တွဲလျက် ဖြန့်ချိခဲ့သည်ကို တွေ့ရသည်။ ယင်းရှင်းလင်းချက်များမှ ရှင်းလင်းချက်အချို့ကို အောက်ပါအတိုင်း ကောက်နုတ်ဖော်ပြလိုက်ပါသည်။

*(၁) မိမိတို့ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို ဆောင်ရွက်ရာတွင် တပ်မတော်ကိုယ်စား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကို ဖွဲ့စည်းဆောင်ရွက်နေသကဲ့သို့ နိုင်ငံတော်၏ အချုပ်အခြာအာဏာသုံးရပ်ကို စွဲကိုင်ကျင့်သုံးနိုင်ရေးအတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေဖြင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်တကွ အစိုးရအဖွဲ့နှင့် ဗဟိုအာဏာပိုင်အဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း။*

*အစိုးရအဖွဲ့ဝင် ဝန်ကြီးများအပါအဝင် ဝန်ကြီးချုပ်တို့*

**၂၀၀၄ ခုနှစ်အတွင်းထုတ်ပြန်သော ဥပဒေနှင့်အမိန့်များ**

| စဉ် | အကြောင်းအရာ | ဥပဒေ/အမိန့်အမှတ် | ထုတ်ပြန်သည့်ရက်စွဲ |
|---|---|---|---|
| ၁ | ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းခြင်းဆိုင်ရာဥပဒေ | ဥပဒေအမှတ် ၁/ ၂၀၀၄ | ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလ ၁၉ရက် |
| ၂ | စိတ်ကိုပြောင်းလဲစေသော ဆေးဝါးဖြည့်စွက်သတ်မှတ် | အမိန့်ကြော်ငြာစာအမှတ်၁/ ၂၀၀၄ | ၂၀၀၄ ခုနှစ် မေလ ၁၀ ရက် |
| ၃ | အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ | နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၅/ ၂၀၀၄ | ၂၀၀၄ ခုနှစ် ဧပြီလ ၃၀ ရက် |
| ၄ | ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေးဥပဒေ | နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၄/ ၂၀၀၄ | ၂၀၀၄ ခုနှစ် ဧပြီလ ၂၈ ရက် |
| ၅ | ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေးဆိုင်ရာ နည်းဥပဒေ | အမိန့်ကြော်ငြာစာအမှတ် ၃/ ၂၀၀၄ | ၂၀၀၄ ခုနှစ် ဇူလိုင်လ ၁ ရက် |
| ၆ | မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ | နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၆/ ၂၀၀၄ | ၂၀၀၄ ခုနှစ် ဩဂုတ်လ ၂၅ |
| ၇ | ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေးဆိုင်ရာ နည်းဥပဒေ | ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ပြည်ထဲရေးဝန်ကြီးဌာန အမိန့်ကြော်ငြာစာအမှတ် ၅/ ၂၀၀၄ | ၂၀၀၄ ခုနှစ် အောက်တိုဘာ ၁၄ |
| ၈ | အမျိုးသားထောက်လှမ်းရေးအဖွဲ့ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ | နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၇/ ၂၀၀၄ | ၂၀၀၄ ခုနှစ် အောက်တိုဘာ ၂၂ |
| ၉ | တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့်ငွေကြေးနှင့်ပစ္စည်းများထိန်းချုပ်ရေးဥပဒေကိုပြင်ဆင်သည့်ဥပဒေ | နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၈/ ၂၀၀၄ | ၂၀၀၄ ခုနှစ် နိုဝင်ဘာ ၂ |

*သည် ပြည်သူလူထုက ရွေးချယ်တင်မြှောက်ထားသည့် ကိုယ်စားလှယ်များ မဟုတ်ကြကြောင်း။*

*တစ်နည်းပြောရလျှင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက နိုင်ငံတော်က ချမှတ်ထားသော မူဝါဒများ၊ အမိန့်ညွှန်ကြားချက်များ၊ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် မှန်ကန်ညီညွတ်စွာ နိုင်ငံတော်အပေါ် သစ္စာရှိရှိ တာဝန်ထမ်းဆောင်နိုင်မည်ဟု ယူဆသော ပုဂ္ဂိုလ်များကို စိစစ်ရွေးချယ်ပြီး နိုင်ငံတော်၏ တာဝန်အသီးသီးကို ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ခန့်အပ်တာဝန်ပေးထားသည့် Selected Member များဖြစ်ကြောင်း။...*

*(၂) ထောက်လှမ်းရေးတပ်ဖွဲ့နှင့် ပတ်သက်၍ အနည်းငယ်ထပ်မံရှင်းပြလိုပါကြောင်း၊ ကကလှမ်းသည် အခြားညွှန်ကြားရေးမှူးရုံးများ၊ ဦးစီးရုံးများနည်းတူ ကကကြည်း၏ ကွပ်ကဲမှုအောက်တွင်ရှိကြောင်း၊ ကကလှမ်းအောက်တွင် ထောက်လှမ်းရေးတပ်များနှင့် လူဝင်မှုစစ်ဆေးရေးအဖွဲ့ရှိပြီး မူဆယ်၊ မြဝတီ၊ မောင်တောနှင့် တာချီလိတ်တို့တွင်ရှိသည့် အဖွဲ့မျိုးတို့ဖြစ်ကြောင်း။ ၎င်းတို့အချင်းချင်း မသင့်မမြတ်ဖြစ်သည့်အပြင် ပြည်သူများ၊ ဝန်ထမ်းများအပေါ်တွင်လည်း မောက်မောက်မာမာ ဆက်ဆံမှုများ ရှိခဲ့ရာမှ နောက်ဆုံး ယခုကဲ့သို့ ဖြစ်လာသည်ဟု မိမိတို့ သုံးသပ်ပါကြောင်း။ . . .*

*(၃) တပ်မတော်၏ အစိတ်အပိုင်းအားလုံးသည် တပ်မတော်၏ စည်းမျဉ်းစည်းကမ်းများကို လိုက်နာကြရမည်သာဖြစ်ကြောင်း၊ မည်သူမျှ ဥပဒေ၏အထက်တွင် ကင်းလွတ်စွာမရှိကြောင်း၊ ပြည်သူများအပေါ် မောက်မာစွာ ဆက်ဆံခြင်း၊ အနိုင်အထက်ပြုခြင်းများအပါအဝင် ဥပဒေနှင့် မညီညွတ်သော၊ ဥပဒေ*

## ၂၀၀၄ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင် လက်ခံကျင်းပခဲ့သည့် အာဆီယံနှင့် နိုင်ငံတကာအစည်းအဝေးများ

| စဉ် | နေ့စွဲ | အကြောင်းအရာ | ကျင်းပသည့်နေရာ |
|---|---|---|---|
| ၁။ | ၁၁-၄-၂၀၀၄ | အာဆီယံဒေသဆိုင်ရာ ဆွေးနွေးပွဲ ARF အဖွဲ့ဝင်နိုင်ငံများ၏ ၂၀၀၃-၂၀၀၄ ခုနှစ် ကြားကာလ ယုံကြည်စိတ်ချမှု တည်ဆောက်ရေးလုပ်ငန်းများ အထောက်အကူပြုအုပ်စု ဒုတိယအကြိမ်မြောက်အစည်းအဝေး | ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ် |
| ၂။ | ၂၆-၄-၂၀၀၄ မှ ၂၇-၄-၂၀၀၄ | အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ အာဆီယံဒေသစွမ်းအင် မူဝါဒနှင့် စီးပွားရေးကဏ္ဍခွဲ ကွန်ရက်အဖွဲ့၏ ဒုတိယ အကြိမ်အစည်းအဝေး | ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ် |
| ၃။ | ၂၈-၄-၂၀၀၄ မှ ၂၉-၄-၂၀၀၄ | အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ အာဆီယံစွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ် (၂၀၀၄-၂၀၀၉) လုပ်ငန်းကော်မတီ၏ တတိယအကြိမ်အစည်းအဝေး (3rd Consultative Meeting of the Working Committee (APAEC) 2004-2009) | ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ် |
| ၄။ | ၂၈-၆-၂၀၀၄ မှ ၂၉-၆-၂၀၀၄ | (၂၃)ကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်း ဈေးကွက် မြှင့်တင်ရေးလုပ်ငန်းအဖွဲ့အစည်းအဝေး | တောင်ကြီးမြို့ |
| ၅။ | ၂၈-၆-၂၀၀၄ မှ ၂၉-၆-၂၀၀၄ | (၁၁)ကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်း ရင်းနှီး မြှုပ်နှံမှုလုပ်ငန်းအဖွဲ့အစည်းအဝေး | တောင်ကြီးမြို့ |
| ၆။ | ၂၈-၆-၂၀၀၄ မှ ၂၉-၆-၂၀၀၄ | (၁၁)ကြိမ်မြောက် ခရီးသွားလုပ်ငန်း လူ့စွမ်းအား ဖွံ့ဖြိုးမှုလုပ်ငန်းအဖွဲ့အစည်းအဝေး | တောင်ကြီးမြို့ |
| ၇။ | ၃၀-၆-၂၀၀၄ မှ ၁-၇-၂၀၀၄ | (၂၀)ကြိမ်မြောက် ခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့ အစည်းများအစည်းအဝေး | တောင်ကြီးမြို့ |
| ၈။ | ၃၀-၆-၂၀၀၄ မှ ၁-၇-၂၀၀၄ | (၅)ကြိမ်မြောက် အာဆီယံ၊ တရုတ်၊ ဂျပန်နှင့် ကိုရီးယား ခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့အစည်းများအစည်းအဝေး တတိယအကြိမ် အာဆီယံ-အိန္ဒိယ ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးအစည်းအဝေး | တောင်ကြီးမြို့ |
| ၉။ | ၂၉-၆-၂၀၀၄ မှ ၂-၇-၂၀၀၄ | အာဆီယံမျိုးစုံထွက်ကုန်တိုးမြှင့်ရေးလုပ်ငန်းအဖွဲ့ ဒုတိယအကြိမ်အစည်းအဝေး | တောင်ကြီးမြို့ |
| ၁၀။ | ၃၀-၆-၂၀၀၄ | လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောထွက်ကုန်များ တိုးမြှင့်ရေးဆိုင်ရာ အာဆီယံပူးပေါင်းဆောင်ရွက်မှု ကော်မတီ (၁၁)ကြိမ်မြောက်အစည်းအဝေး (11st Meeting of the Joint Committee on ASEAN Cooperation in Agriculture and Forest Promotion Scheme) | ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ် |
| ၁၁။ | ၁၇-၈-၂၀၀၄ မှ | ‘မျိုးဆက်ပျက်သုဉ်းလုဆဲ တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင် ပန်းမန်များ နိုင်ငံတကာ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ကွန်ဗင်းရှင်း၏ အာဆီယံနိုင်ငံများဆိုင်ရာ ကျွမ်းကျင်သူ များအဖွဲ့ တတိယအကြိမ်မြောက်အစည်းအဝေး | ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ် |
| ၁၂။ | ၄-၁၀-၂၀၀၄ | လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများ၏ (၂၆)ကြိမ်မြောက်အစည်းအဝေး | ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ် |

| စဉ် | နေ့စွဲ | အကြောင်းအရာ | ကျင်းပသည့်နေရာ |
|---|---|---|---|
| ၁၃။ | ၆–၁၀–၂၀၀၄ | လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများနှင့် အရှေ့အာရှ ဆွေးနွေးဖက်သုံးနိုင်ငံတို့၏ (၄)ကြိမ်မြောက်အစည်းအဝေး (SOM 4$^{th}$ AMAF+3) | ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ် |
| ၁၄။ | ၇–၁၀–၂၀၀၄ | လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အာဆီယံ ဝန်ကြီးများ၏ (၂၆)ကြိမ်မြောက်အစည်းအဝေး | ။ |
| ၁၅။ | ၇–၁၀–၂၀၀၄ | လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အာဆီယံ ဝန်ကြီးများနှင့် အရှေ့အာရှဆွေးနွေးဖက် သုံးနိုင်ငံတို့၏ (၄)ကြိမ်မြောက်အစည်းအဝေး | ။ |
| ၁၆။ | ၁၃–၁၀–၂၀၀၄ မှ ၁၄–၁၀–၂၀၀၄ | အဋ္ဌမအကြိမ် အာဆီယံပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးအဆင့် အလွတ်သဘောအစည်းအဝေးနှင့် တတိယ အကြိမ် အာဆီယံနှင့် ဆွေးနွေးဖက်သုံးနိုင်ငံ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးအဆင့် အစည်းအဝေး | ။ |
| ၁၇။ | ၂၉–၁၁–၂၀၀၄ မှ ၁–၁၂–၂၀၀၄ | Third Meeting of the ASEAN Committee on Women | ရန်ကုန် |
| ၁၈။ | ၁၈–၁၂–၂၀၀၄ မှ ၁၉–၁၂–၂၀၀၄ | (၂၂)ကြိမ်မြောက် အာဆီယံနိုင်ငံ အင်ဂျင်နီယာအသင်းများ အဖွဲ့ချုပ်ညီလာခံ | ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ် |
| | | ဒုတိယအကြိမ်မြောက် အာဆီယံအင်ဂျင်နီယာနှင့် နည်းပညာအကယ်ဒမီအစည်းအဝေး (2$^{nd}$ All ASEAN Academy of Engineering and Technology-AAET Meeting) | ။ |
| | | အာဆီယံနိုင်ငံ အင်ဂျင်နီယာအသင်းများအဖွဲ့ချုပ် အုပ်ချုပ်ရေးဘုတ်အဖွဲ့အစည်းအဝေး (AFEO Govering Board Meeting) | ။ |
| | | အာဆီယံအင်ဂျင်နီယာ မှတ်ပုံတင်ကော်မတီအစည်းအဝေး | ။ |
| | | အာဆီယံအင်ဂျင်နီယာ ရွေးချယ်ရေးကော်မတီအစည်းအဝေး (AER Committee and ASEAN Engineering Awards Selection Committee Meeting) | ။ |
| | | အာဆီယံအင်ဂျင်နီယာအသင်းများအဖွဲ့ချုပ် လုပ်ထုံးလုပ်နည်းစံများဖိုရမ် (Forum for AFEO Code of Practice) | ။ |
| | | အာဆီယံအင်ဂျင်နီယာအသင်းများအဖွဲ့ချုပ်၏ မျိုးဆက်သစ် အင်ဂျင်နီယာများအစီအစဉ် (YEAFEO Programs) | ။ |

*ကို ဆန့်ကျင်ချိုးဖောက်သော ဖြစ်စဉ်ဖြစ်ရပ်များ ပေါ်ပေါက်သည့်အခါတိုင်း မိမိတို့ တိကျထိရောက်စွာ အရေးယူဆောင်ရွက်ခဲ့သည်သာဖြစ်ကြောင်း။*

*မည်သူမျှ ဥပဒေ၏အထက်တွင်မရှိ၊ လူပုဂ္ဂိုလ်တိုင်း ဥပဒေအရာတွင် တစ်ပြေးညီသာ ဖြစ်သည်ဟူသော သဘောထားနှင့်အညီ အရေးယူဆောင်ရွက်သည်မှာ မိမိတို့ တပ်မတော်က အစဉ်တစိုက် လက်ခံကျင့်သုံးနေသော မူဝါဒပင်ဖြစ်ကြောင်း။*

## မြန်မာနှင့် ASEM

မြန်မာနိုင်ငံသည် အာရှ–ဥရောပ ထိပ်သီးညီလာခံ (Asian-Europe Meeting-ASEM)၏ အဖွဲ့ဝင်အဖြစ် အောက်တိုဘာလ ၇ ရက်နေ့က တရားဝင် ဝင်ရောက်ခဲ့ကြောင်း မြန်မာတိုင်းမ်ဂျာနယ်တွင် သတင်းဖော်ပြခဲ့သည်။

မြန်မာနိုင်ငံကို ASEM အဖွဲ့ဝင်အဖြစ် လက်ခံရန် ကနဦးပိုင်းတွင် အီးယူ (ဥရောပသမဂ္ဂ)က ငြင်းဆိုခဲ့ပြီး အာဆီယံ၏ ဖိအားပေးတောင်းဆိုမှုကြောင့် သဘောထားပြောင်းလဲခဲ့ခြင်း ဖြစ်သည်။

အီးယူအနေဖြင့် ယင်း၏ အဖွဲ့ဝင်သစ် ၁၀ နိုင်ငံကို ASEM အဖွဲ့ဝင်သစ်အဖြစ် လက်ခံစေလိုလျှင် အာဆီယံသုံးနိုင်ငံကိုလည်း လက်ခံရမည်ဟု အာဆီယံက ဖိအားပေး တောင်းဆိုခဲ့သည်။




အာရှ–ဥရောပ ထိပ်သီးညီလာခံ

အဖွဲ့ဝင်အဖြစ် အတည်ပြုခြင်း အခမ်းအနားကို ဟနွိုင်းတွင် ကျင်းပခဲ့ရာ ဗီယက်နမ်ဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်နှင့် အခြားအဖွဲ့ဝင်နိုင်ငံများမှ ခေါင်းဆောင်များ တက်ရောက်ခဲ့သည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်းနှင့် နိုင်ငံခြားရေးဒုတိယဝန်ကြီး ဦးကျော်သူတို့ ပါဝင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ကို ဦးဆောင်တက်ရောက်ခဲ့သည်။

မြန်မာ၊ ကမ္ဘောဒီးယား၊ လာအိုနှင့် ဥရောပသမဂ္ဂအဖွဲ့ဝင်သစ် ၁၀ နိုင်ငံတို့ကို အဆိုပါအခမ်းအနားတွင် ASEM အဖွဲ့ဝင်များအဖြစ် အတည်ပြုခဲ့ကြသည်။

ASEM ကို ၁၉၉၆ ခုနှစ်က ဖွဲ့စည်းခဲ့ပြီး အာဆီယံ၏ အဖွဲ့ဝင်ဟောင်း ခုနစ်နိုင်ငံအပြင် တောင်ကိုရီးယား၊ ဂျပန်နှင့် တရုတ်နိုင်ငံတို့နှင့် ထိုစဉ်က အီးယူ၏ အဖွဲ့ဝင် ၁၅ နိုင်ငံတို့ ပါဝင်သည်။

ASEM သည် ဥရောပနှင့်အာရှကြားနိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုဆိုင်ရာ ထိပ်တန်းကိစ္စရပ်များကို ဆွေးနွေးနိုင်သည့် ထိပ်သီးညီလာခံ ဖြစ်သည်။

## အကျဉ်းသား ၁၄၃၁၈ ဦးကို အပြစ်ဒဏ်ကျခံခြင်းမှရပ်စဲကြောင်း သတင်းထုတ်ပြန်

၂၀၀၄ ခုနှစ်နှောင်းပိုင်းတွင် အကျဉ်းသားများကို ပြစ်ဒဏ်ကျခံနေရခြင်းမှရပ်စဲပေးခဲ့ရာ ပထမအကြိမ် ရပ်စဲပေးခြင်းကို နိုဝင်ဘာ ၁၉ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင်လည်းကောင်း၊ ဒုတိယအကြိမ် ရပ်စဲပေးခြင်းကို နိုဝင်ဘာ ၂၆ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင်လည်းကောင်း၊ နိုဝင်ဘာလ ၂၉ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ပြစ်ဒဏ်ရပ်စဲခြင်းခံရသော အကျဉ်းသားအားလုံးကို ပြန်လွှတ်ပေးပြီးဖြစ်ကြောင်း အောက်ပါအတိုင်း ဖော်ပြခဲ့သည်။

*နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အမျိုးသားထောက်လှမ်းရေးအဖွဲ့ကို ၁၃၆၆ ခုနှစ် သီတင်းကျွတ်လဆန်း ၉ ရက် (၂၀၀၄ ခုနှစ် အောက်တိုဘာလ ၂၂ ရက်) တွင် ဖျက်သိမ်းခဲ့ပြီး ဖြစ်ပါသည်။*

*အဆိုပါ အမျိုးသားထောက်လှမ်းရေးအဖွဲ့၏ ဆောင်ရွက်ခဲ့မှုများအနက် မလျော်ကန်သော ဆောင်ရွက်ချက်များ ပါဝင်နိုင်ကြောင်း သုံးသပ်ရရှိသဖြင့် ပထမအကြိမ်အဖြစ် အကျဉ်းသား ၃၉၃၇ ဦးကို ၁၃၆၆ ခုနှစ် တန်ဆောင်မုန်းလဆန်း ၇ ရက် (၂၀၀၄ ခုနှစ် နိုဝင်ဘာလ ၁၈ ရက်)တွင်လည်းကောင်း၊ ဒုတိယအကြိမ်အဖြစ် အကျဉ်းသား ၅၃၁၁ ဦးကို ၁၃၆၆ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၄ ရက်(၂၀၀၄ ခုနှစ် နိုဝင်ဘာလ ၂၅ ရက်)တွင်လည်းကောင်း စုစုပေါင်း အကျဉ်းသား ၉၂၄၈ ဦးကို ပြစ်ဒဏ်ကျခံနေရခြင်းမှ ရပ်စဲပေးခဲ့ရာ ယခုအခါ ပြစ်ဒဏ်ရပ်စဲခြင်းခံရသော အဆိုပါ အကျဉ်းသားအားလုံးကို အကျဉ်းစခန်းအသီးသီးမှ ပြန်လည်စေလွှတ်ပြီးဖြစ်ကြောင်း သတင်းရရှိသည်။*

ဒီဇင်ဘာလ ၁၂ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် အကျဉ်းသား ၅၀၇၀ ဦးတို့အား ဒီဇင်ဘာလ ၁၁ ရက်မှစ၍ ပြစ်ဒဏ်ကျခံနေခြင်းကို ရပ်စဲပေးလိုက်ပြီး သက်ဆိုင်ရာအကျဉ်းစခန်းအသီးသီးမှ တတိယအကြိမ် ပြန်လည်လွှတ်ပေးသွားမည်ဖြစ်ကြောင်း၊ ယခင် စေလွှတ်ပေးခဲ့သည့် အကျဉ်းသား ၉၂၄၈ ဦးအပါအဝင် စုစုပေါင်း ၁၄၃၁၈ ဦး ရှိသွားပြီဖြစ်ကြောင်း ဖော်ပြခဲ့သည်။

## တရုတ်နိုင်ငံသား တရားခံပြေးများ

၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၂၄ ရက် ည ၁၁ နာရီခွဲတွင် လောက်ကိုင်မြို့ ကျင်းပိုင်ဟိုတယ်သို့ သတင်းအရ ဝင်ရောက်ရှာဖွေရာ တရုတ်နိုင်ငံသား မူးယစ်တရားခံပြေး ကျောက်ကွမ်းမြင် (ခ) ကျောက်ကောင်းမြင်အား ဘိန်းဖြူ ၁၇ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၈၀ တို့နှင့်အတူ ဖမ်းဆီးရမိခဲ့ရာ ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်ညနေတွင် နှစ်နိုင်ငံနယ်စပ် ရန်လုံကျိုင်း တံတားပေါ်တွင် တရုတ်နိုင်ငံသား (ဘ) ဦးကျောက်ပေါင်းချန်၏ သားအသက် (၄၇) နှစ်ရှိ ယင်းတရားခံအား မြန်မာကိုယ်စားလှယ်အဖွဲ့က တရုတ်ကိုယ်စားလှယ်အဖွဲ့သို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း ၁၄–၁–၂၀၀၄ ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်။

ရန်ကုန်မြို့တော်တွင် စီးပွားရေးလုပ်ငန်းများ လာရောက်လုပ်ကိုင်နေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံသား ဇနီးမောင်နှံနှစ်ဦးအား သတ်ဖြတ်၍ အလောင်းဖျောက်ဖျက်ခဲ့သူ တရုတ်ပြည်သူ့သမ္မတနိုင်ငံသား အမျိုးသားတစ်ဦးကို ဖေဖော်ဝါရီလအတွင်းက အင်တာပိုခေါ် အပြည်ပြည်ဆိုင်ရာ ရဲတပ်ဖွဲ့မှတစ်ဆင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရသို့ လွှဲပြောင်းပေးခဲ့သည်။

တရုတ်နိုင်ငံမှ လူသတ်မှု၊ လုယက်မှုဖြင့် အလိုရှိနေသော

တရားခံ ဝမ်ဝိန်ပေါင်း (၄၁) နှစ် (ဘ) ဦးဝမ်းရှီးချွန် (တိုးပင်ရိုးရွာ ပေါက်စမ်းဒေသ ချင်းလီမြို့ ချန်းလင့်ခရိုင် ယူနန်ပြည်နယ်)အား မြန်မာနိုင်ငံရဲတပ်ဖွဲ့က စုံစမ်းဖော်ထုတ်ပြီး မတ်လ ၁၀ ရက်နေ့တွင် မူဆယ်ခရိုင် မူဆယ်မြို့၌ လွှဲပြောင်းပေးခဲ့ကြောင်း၊ တရားခံပုန်းအောင်းနေသော ကချင်ပြည်နယ် ဗန်းမော်ခရိုင် မန်ဝိန်းကြီးကျေးရွာ၌ ဖမ်းဆီးဖော်ထုတ် ရရှိခဲ့ခြင်းဖြစ်ကြောင်း ၁၈–၃–၂၀၀၄ ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြခဲ့သည်။

## ဗုံးပေါက်ကွဲ

ဇွန်လ ၂၇ ရက် နံနက်စောစောပိုင်းတွင် ရန်ကုန်ဘူတာကြီး ရိုးရိုးတန်းလက်မှတ်အရောင်းဌာနနှင့် ဓာတ်ဆီဆိုင်တောင်ဘက်အကြားရှိ ပန်းခြံငယ်အတွင်းတွင် မိုင်းတစ်လုံး ပေါက်ကွဲခဲ့ရာ လူထိခိုက်မှုမရှိကြောင်း ၂၈–၆–၂၀၀၄ ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြခဲ့သည်။

## လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်မှုများ

– ဇန်နဝါရီ ၇ ရက်တွင် အင်န်ဒီအေ တောတွင်းလက်နက်ကိုင်အဖွဲ့မှ တင်မောင်မြင့် ခေါင်းဆောင်သော မှီခိုသူအပါအဝင် ၄၈ ဦးသည် လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်ခဲ့သည်။

– ဇူလိုင်လအတွင်း ကေအင်န်ယူ တောတွင်းလက်နက်ကိုင်အဖွဲ့၊ အေဘီအက်စ်ဒီအက်ဖ် တောတွင်းလက်နက်ကိုင်အဖွဲ့၊ မွန်ခွဲထွက် တောတွင်းလက်နက်ကိုင်အဖွဲ့၊ အက်စ်ယူအာရ်အေ တောတွင်းလက်နက်ကိုင်အဖွဲ့နှင့် လားဟူတောတွင်းလက်နက်ကိုင် (အယ်လ်ဒီအက်ဖ်)တို့မှ လက်နက်ကိုင် ၄၅ ဦးတို့သည် အရှေ့တောင်တိုင်းစစ်ဌာနချုပ်နယ်မြေ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်နယ်မြေ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေ၊ တြိဂံဒေသတိုင်း စစ်ဌာနချုပ်နယ်မြေတို့တွင် လက်နက်နှင့်ငြိမ်းချမ်း

**အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဟောင်သရော အထူးဒေသအဖွဲ့အား တွေ့ဆုံစဉ်**





**အင်န်ဒီအေ လက်နက်ကိုင်အဖွဲ့မှ အဖွဲ့ဝင်တစ်ဦး လက်နက်အပ်နှံစဉ်**

ရေးလဲလှယ်ခဲ့သည်။

– နိုဝင်ဘာ ၉ ရက်တွင် အင်န်ဒီအေ တောတွင်းလက်နက်ကိုင်အဖွဲ့မှ ဖဒိုအုန်းသွင်ခေါင်းဆောင်သော တပ်ဖွဲ့ဝင် ၁၅ ဦး၊ မိသားစုဝင် ကိုးဦး စုစုပေါင်း ၂၄ ဦးတို့ လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်ခဲ့သည်။

– နိုဝင်ဘာ ၁၀ ရက်တွင် အင်န်ဒီအေ တောတွင်းလက်နက်ကိုင်အဖွဲ့မှ ဦးအုန်းသွင် ခေါင်းဆောင်သော အဖွဲ့ဝင် ၂၄ ဦး တနင်္သာရီတိုင်း ကော့သောင်းမြို့သို့ လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ် ဝင်ရောက်ခဲ့သည်။

## အကြမ်းဖက်မှု

မတ်လ ၈ ရက်နေ့က ကယားပြည်နယ် လွိုင်ကော်မြို့မှ ဘောလခဲဈေးနေ့သို့သွားသည့် ကိုမောင်ဦး မောင်းနှင်သော ဈေးပတ်ကား ခ/၆၅၉၇ ဂျီအမ်စီယာဉ်ကို ဘောလခဲမြို့သို့ရောက်ရန် လေးမိုင်ခန့်အလိုနေရာတွင် KNPP သောင်းကျန်းသူ ၅ ယောက်ခန့်က (၄၀)မဟာဗုံးပစ်လောင်ချာနှင့် လက်နက်ငယ်တို့ဖြင့် ပစ်ခတ်ခဲ့ရာ တစ်ဦးသေဆုံးပြီး လေးဦးဒဏ်ရာရကြောင်း ၁၂–၃–၂၀၀၄ ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြခဲ့သည်။

အက်စ်ယူအာရ်အေ သောင်းကျန်းသူများသည် ဩဂုတ်လ ၁ ရက် မွန်းလွဲ ၁ နာရီခွဲခန့်က ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ် မက်မွန်လောင်းကျေးရွာ အရှေ့ဘက် တောင်ကြောပေါ်တွင် တောင်ယာစိုက်ပျိုးလုပ်ကိုင်ကြသူများဖြစ်ကြသည့် နမ့်စန်မြို့နယ် ကုန်းပေါင်းကျေးရွာမှ မောင်သိန်းသိန်း၊ မောင်ဇော်မျိုးနှင့် မောင်ကျော်မင်းလတ်၊ တောင်ကြီးမြို့မှ မောင်အောင်

လင်းထွန်းနှင့် မောင်ငှက်ကလေးတို့ ငါးဦးအား ၎င်းတို့ တောင်ယာတဲအနီးတွင် ကြိုးတုပ်ကာ တန်းစီဒူးထောက်ခိုင်းပြီး လက်နက်ငယ်များဖြင့် အနီးကပ် ပစ်ခတ်သတ်ဖြတ်ခဲ့ကြကြောင်း၊ ထို့အပြင် ၎င်းတောင်ယာ လုပ်ကိုင်သူများနှင့် အတူရှိသည့် မနန်းကြိမ်ခမ်းအား သတ်ဖြတ်ခြင်းမပြုဘဲ သောင်းကျန်းသူများက ကြိုးတုပ်၍ တောင်ကြောအရှေ့ တောင်ဘက်သို့ ခေါ်ဆောင်သွားပြီးနောက် ၎င်းအားပြန်လည် လွှတ်ပေးခဲ့ကြောင်း ၆–၈–၂၀၀၄ ထုတ်နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြခဲ့သည်။

## ၂၀၀၄ ခုနှစ် အောက်တိုဘာလ ၁၉ ရက်နောက်ပိုင်း တိုင်းရင်းသားခေါင်းဆောင်များနှင့်တွေ့ဆုံခြင်း

နိုဝင်ဘာ ၆ – နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကချင်ပြည်နယ် အထူးဒေသ(၁) တိုင်းရင်းသားခေါင်းဆောင် ဦးစခုန်တိန့်ယိန်းနှင့် အဖွဲ့ဝင်များအား ရန်ကုန်တိုင်း စစ်ဌာနချုပ်ဧည့်ရိပ်သာတွင် တွေ့ဆုံခဲ့သည်။

နိုဝင်ဘာ ၁၀– နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွှန့်သည် ဦးလီဇီးယူ ဦးဆောင်သော ‘ဝ’ အထူးဒေသ(၂) တိုင်းရင်းသားခေါင်းဆောင်များနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)ပန်ဆန်းမြို့တွင် တွေ့ဆုံခဲ့သည်။

နိုဝင်ဘာ ၁၂ – နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကရင်ပြည်နယ် မြိုင်ကြီးငူတွင် ဗုဒ္ဓဘာသာကရင်အမျိုးသား အစည်းအရုံးဥက္ကဋ္ဌ ဦးသာထူးကျော်နှင့် အဖွဲ့အားလည်းကောင်း၊ ဘုရားကုန်းဒေသငြိမ်းချမ်းရေးအဖွဲ့ခေါင်းဆောင် ဖဒိုအောင်ဆန်းနှင့် အဖွဲ့အားလည်းကောင်း၊ မော်လမြိုင်တွင် ဟောင်သရော အထူးဒေသအဖွဲ့ခေါင်းဆောင် ဦးစောသမူဟဲနှင့် အဖွဲ့အားလည်းကောင်း၊ မွန်ပြည်သစ်ပါတီ ဒုတိယဥက္ကဋ္ဌ(၁)နိုင်ထောမွန်နှင့် ဒုတိယဥက္ကဋ္ဌ နိုင်ရှော့စတို့အားလည်းကောင်း တွေ့ဆုံခဲ့သည်။

နိုဝင်ဘာ ၁၃ – နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်သည့် အင်န်ဒီအေ တောတွင်း လက်နက်ကိုင်အဖွဲ့မှ ဖဒိုအုန်းသွင်နှင့် ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်များအား တနင်္သာရီတိုင်းတွင် တွေ့ဆုံခဲ့သည်။

## သံတမန်အဆက်အသွယ်သစ်

၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်မှစတင်၍ အိုင်ယာလန်နိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား သံတမန်အဆက်အသွယ် စတင်ပြုလုပ်ခဲ့သည်။

အလားတူ မြန်မာနိုင်ငံသည် ဆော်ဒီအာရေဗျနိုင်ငံနှင့် ဩဂုတ်လ ၂၅ ရက်တွင်လည်းကောင်း၊ ဆူဒန်သမ္မတနိုင်ငံနှင့် မေလ ၂၀ ရက်နေ့တွင်လည်းကောင်း သံအမတ်ကြီးအဆင့်ဖြင့် သံတမန်အဆက်အသွယ်သစ်များ စတင်ပြုလုပ်ခဲ့သည်။

## အိန္ဒိယ-အာဆီယံ ကားမောင်းပြိုင်ပွဲ

အိန္ဒိယနှင့် အာဆီယံနိုင်ငံများ၏ ပထဝီအနေအထားအရ အနီးကပ်တည်ရှိမှုကို အာရုံစိုက်လာစေရေး၊ ပြိုင်ပွဲလမ်းကြောင်းတစ်လျှောက် အခြေခံအဆောက်အဦများ တိုးတက်ဖွံ့ဖြိုးစေရေးနှင့် ဒေသတွင်း ရေရှည်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဟူသော ၂၀၀၄ ခုနှစ် အောက်တိုဘာလတွင် အင်ဒိုနီးရှားနိုင်ငံ အာဆီယံထိပ်သီးအစည်းအဝေး၌ အိန္ဒိယ ဝန်ကြီးချုပ် တင်ပြသည့် ရည်ရွယ်ချက်များအရ အိန္ဒိယ–အာဆီယံ Rally ကားပြိုင်ပွဲကို နိုဝင်ဘာလအတွင်းတွင် ကျင်းပခဲ့သည်။

လမ်းကြောင်းတစ်လျှောက်ရှိ အခြေခံအဆောက်အဦများ တိုးတက်ဖွံ့ဖြိုးရေး ရည်ရွယ်ချက်သာ အကောင်အထည်ပေါ်လာပါက မြန်မာနိုင်ငံအတွင်း Rally ဖြတ်သန်းရာ လမ်းကြောင်းရှိ ခရီးထောက်မြို့များဖြစ်သည့် တမူး–မန္တလေး၊ လွိုင်လင်နှင့် ကျိုင်းတုံမြို့များအတွက် အလားအလာကောင်းများ ပေါ်ထွက်လာနိုင်သည်။

ထူးခြားချက်မှာ လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ အာဆီယံ–အိန္ဒိယ ထိပ်သီးအစည်းအဝေးကျင်းပနေစဉ်နှင့် တိုက်ဆိုင်ပြီး အဆိုပါပြိုင်ပွဲဝင်ကားများ ဗီယင်ကျန်းမြို့သို့ ရောက်ရှိနိုင်ရန် စီစဉ်ထားကာ ပြိုင်ပွဲဝင်ကားများကို အစည်းအဝေးရောက် အာဆီယံ–အိန္ဒိယ ခေါင်းဆောင်များက ကြိုဆိုခဲ့ခြင်းဖြင့် ပြိုင်ပွဲရည်ရွယ်ချက်ဖြစ်သည့် ပထဝီအနေအထားအရ အနီးကပ်တည်ရှိမှုကို အာရုံစိုက်စေရေး အောင်မြင်စွာ ဖြည့်ဆည်းပေးနိုင်ခဲ့သည်။

ယခု အာဆီယံ–အိန္ဒိယ ကားပြိုင်ပွဲလမ်းကြောင်းအရ မြန်မာနိုင်ငံကိုဖြတ်ပြီးမှ အခြားအာဆီယံနိုင်ငံများ (ကျွန်းနိုင်ငံ ဖိလစ်ပိုင်နှင့် ဘရူနိုင်းမပါ) ကို ရောက်ရှိနိုင်သည့်အတွက် မြန်မာနိုင်ငံသည် အိန္ဒိယအတွက် အာဆီယံဒေသသို့ ဝင်ပေါက်တံခါးဖြစ်သည်ဆိုသည့်အချက်ကို သိသာစေခဲ့သည်။

ယခုပြိုင်ပွဲသို့ မြန်မာနိုင်ငံမှ ကားသုံးစီး ပါဝင်ယှဉ်ပြိုင်ခဲ့သည်။ မြန်မာ–ထိုင်း–လာအို–ဗီယက်နမ်–ကမ္ဘောဒီးယား–မလေးရှား–စင်ကာပူ–အင်ဒိုနီးရှားနှင့် အစဉ်အတိုင်းဖြစ်သည်။

## အသိဉာဏ်ပစ္စည်းဆိုင်ရာဥပဒေ (Intellectual Property Law)

ကမ္ဘာ့အသိဉာဏ်ပစ္စည်းဆိုင်ရာအဖွဲ့ World Intellectual Property Oranization (WIPO) ၏ တင်းပြည့်ကျပ်ပြည့်အဖွဲ့



မြန်မာအရှေ့တိုင်းဘဏ်




မြန်မာယူနီဗာဆယ်ဘဏ်

ဝင်နိုင်ငံ တစ်နိုင်ငံအဖြစ် ပါဝင်လှုပ်ရှားဆောင်ရွက်နိုင်ရန်အတွက် အသိဉာဏ်ပစ္စည်းဆိုင်ရာဥပဒေ (Intellectual Property Law) ကို ရေးဆွဲနေကြောင်း The Voice Weekly Vol 1/ N0-12 တွင် သတင်းဖော်ပြခဲ့သည်။

မြန်မာနိုင်ငံ၌ ၂၀၀၆ ခုနှစ်မှစပြီး အသိဉာဏ်ပစ္စည်းဆိုင်ရာ ဥပဒေကို စတင်ပြဋ္ဌာန်းမည် ဖြစ်သည်။

မြန်မာနိုင်ငံအတွက် ရေးဆွဲနေသည့် အဆိုပါဥပဒေမူကြမ်း ကို သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနက တာဝန်ယူရေးဆွဲပြီး ဩဂုတ်လတွင် ရှေ့နေချုပ်ရုံးသို့ တင်ပြခဲ့ပြီး ဖြစ်သည်။

အဆိုပါဥပဒေတွင် မူပိုင်ခွင့်ဥပဒေ (Copyright Law)၊ ကုန်အမှတ်တံဆိပ် ဥပဒေ (Trademark Law)၊ တီထွင်မှု မူပိုင်ခွင့် ဥပဒေ (Patent Law) နှင့် စက်မှုဒီဇိုင်းဥပဒေ (Industrial Design Law) စသည်ဖြင့် ဥပဒေအမျိုးအစား များစွာပါဝင်သည်။

၂၀၀၆ ခုနှစ်တွင် အဆိုပါဥပဒေ စတင် အာဏာသက်ရောက်လာပါက မြန်မာနိုင်ငံတွင်းရှိ လုပ်ငန်းအများအပြား၏ သဘောသဘာဝမှာ ပြောင်းလဲသွားဖွယ်ရှိသည်။ အထူးသဖြင့် စာပေ၊ ဂီတနှင့် အနုပညာ နယ်ပယ်တို့တွင် သိသာထင်ရှားစွာ အကျိုးသက်ရောက်မည် ဖြစ်သည်။ ပုဂ္ဂလိက အမြန်ချောပို့ဝန်ဆောင်မှုလုပ်ငန်းဖြစ်သည့် Royal Mail Express Service ၏ အမှတ်တံဆိပ်သည် အင်္ဂလန်အခြေစိုက် စာပို့လုပ်ငန်းကြီးတစ်ခု၏ အမှတ်တံဆိပ်နှင့် တူနေသည့်အတွက် ၎င်း၏ အမှတ်တံဆိပ်ကို ပြောင်းလဲရေးဆွဲရမည်ဖြစ်ကြောင်း The Voice Weekly Vol 1/ No-4 တွင် သတင်းဖော်ပြခဲ့သည်။

ကမ္ဘာ့အသိဉာဏ်ပစ္စည်းဆိုင်ရာအဖွဲ့အစည်း (WIPO) ၏ အဓိပ္ပာယ်သတ်မှတ်ချက်အရ အသိဉာဏ်ဆိုင်ရာပစ္စည်းဆိုသည်မှာ ဉာဏစွမ်းရည်ဖြင့် ဖန်တီးမှုများအားလုံးကို ရည်ညွှန်းပြီး တီထွင်မှုများ၊ စာပေနှင့်အနုပညာ၊ အမှတ်လက္ခဏာများ၊ အမည်များ၊ ပုံသဏ္ဌာန်များနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးတွင် သုံးစွဲသည့် ဒီဇိုင်းများ ပါဝင်သည်။

အသိဉာဏ်ဆိုင်ရာပစ္စည်းကို စက်မှုလုပ်ငန်းဆိုင်ရာနှင့် မူပိုင်ခွင့်ဆိုင်ရာဟု ခွဲခြားသတ်မှတ်ထားသည်။ စက်မှုလုပ်ငန်းဆိုင်ရာ (Industrial Property) တွင် တီထွင်မှုများ (Patents)၊ ကုန်အမှတ်တံဆိပ်များနှင့် မူရင်းထုတ်လုပ်သည့် ဒေသအမှတ်အသားများ ပါဝင်ပြီး မူပိုင်ခွင့်ဆိုင်ရာ (Copyright) တွင် စာပေနှင့် အနုပညာလက်ရာများဖြစ်သည့် ဝတ္ထု၊ ကဗျာ၊ ပြဇာတ်၊ ရုပ်ရှင်၊ ဂီတဖန်တီးမှုများနှင့် ပန်းချီ၊ ဓာတ်ပုံ၊ ပန်းပုနှင့် ဗိသုကာဖန်တီးမှုများ ပါဝင်ကြောင်း ကမ္ဘာ့အသိဉာဏ်ပစ္စည်းဆိုင်ရာအဖွဲ့အစည်း (WIPO)က ဖော်ပြသည်။

## ပုဂ္ဂလိကဘဏ်အချို့ ပြန်လည်လုပ်ကိုင်ခွင့်ရခြင်း

၂၀၀၃ ခုနှစ်အတွင်းက ခေတ္တပိတ်ဆိုင်းထားခဲ့သော ပုဂ္ဂလိကဘဏ်များမှ မြန်မာယူနီဗာဆယ်ဘဏ်၊ ကမ္ဘောဇဘဏ်နှင့် မြန်မာအရှေ့တိုင်းဘဏ်တို့ကို ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလအတွင်း ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများကို ပြန်လည်၍ လုပ်ကိုင်ခွင့်ပြုခဲ့သည်။ ပုဂ္ဂလိကဘဏ်များအနေဖြင့် ၂၀၀၃ ခုနှစ်အတွင်း တွေ့ကြုံခဲ့သော အကျပ်အတည်းများကြောင့် အခြားဝန်ဆောင်မှုလုပ်ငန်းများကို ရပ်ဆိုင်းထားခဲ့ပြီး ငွေလွှဲလုပ်ငန်းများဖြင့်သာ

လည်ပတ်လုပ်ကိုင်နေကြခြင်း ဖြစ်သည်။ ဝန်ဆောင်မှုလုပ်ငန်းများ ပြန်လည်ခွင့်ပြုခဲ့သော ဘဏ် သုံးခုအနေဖြင့် စုငွေစာရင်း၊ စာရင်းရှင်အပ်ငွေစာရင်း၊ ခေါ်ယူအပ်ငွေစာရင်း၊ ပုံသေအပ်ငွေစာရင်းနှင့် အခြားဘဏ်ဝန်ဆောင်မှုလုပ်ငန်းများကိုပါ ပြန်လည်ခွင့်ပြုလိုက်ကြောင်း မီဒီယာများတွင် ဖော်ပြထားသည်။ ချေးငွေဆိုင်ရာ ဝန်ဆောင်မှုများကိုလည်း ပြန်လည်လုပ်ကိုင်ခွင့်ရမည်ဟု ဘဏ်အရာရှိတစ်ဦးကဆိုကြောင်း မြန်မာတိုင်း(မ်)တွင် ရေးသားဖော်ပြထားသည်။ ၎င်းဂျာနယ် အတွဲ ၉၊ အမှတ်-၁၇၁ ၌ ရေးသားချက်အရ ဘဏ်အပ်ငွေများနှင့် ချေးငွေများ တဖြည်းဖြည်းဖြင့် တိုးပွားလျက်ရှိသည်ဟု ဆိုသည်။ မြန်မာနိုင်ငံ၌ မတည်ရင်းနှီးငွေ အများဆုံးဘဏ်ဖြစ်သော ကမ္ဘောဇဘဏ်သည် အပ်ငွေကျပ်သန်းပေါင်း ၅၀ ဘီလီယံကျော် ရောက်ရှိနေကြောင်း ချေးယူငွေများကို စိစစ်၍ စက်မှုဇုန်များကို အများဆုံးထုတ်ချေးနေကြောင်း ရေးသားထားသည်။

၂၀၀၄ ခုနှစ်အတွင်း ဗဟိုဘဏ်၏ ညွှန်ကြားချက်မှာ ချေးငွေမှာ အပ်ငွေ၏ ၇၀ နှင့် ၈၀ ရာခိုင်နှုန်းကြားရှိရမည်ဖြစ်ပြီး၊ ငွေဖြစ်လွယ်မှုနှင့် ပတ်သက်၍ ဗဟိုဘဏ်အနေဖြင့် စိုက်ထုတ်ငွေအရင်းအနှီး (Paid-Up Capital)နှင့် အပ်ငွေတို့၏ အချိုးအစားမှာ သတ်မှတ်ထားသော အပ်ငွေခုနစ်ဆလျှင် စိုက်ထုတ်ရင်းနှီးငွေတစ်ဆဖြစ်သည်။ ဘဏ်လုပ်ငန်းအနေဖြင့် ဘဏ်၏ အမြတ်ရမှုအလားအလာကို ဂရုမပြုဘဲ အပ်ငွေတိုးမြှင့်လက်ခံတိုင်း မတည်ရင်းနှီးငွေထဲသို့ ရှယ်ယာရှင်များအနေဖြင့် ငွေကြေးပိုမိုထည့်ဝင်ရန် လိုအပ်မည် ဖြစ်သည်။

## သမဝါယမဘဏ်များ ပေါင်းစည်းခြင်းနှင့် အများနှင့်ဆိုင်သော ကုမ္ပဏီအဖြစ် ပြောင်းလဲဖွဲ့စည်းခွင့်ရရှိခြင်း

၂၀၀၄ ခုနှစ်အတွင်း မြန်မာနိုင်ငံ ငွေကြေးဈေးကွက်ရှိ သမဝါယမဘဏ်သုံးဘဏ် ပေါင်းစည်းပြီး အများနှင့် သက်ဆိုင်သော ကုမ္ပဏီအဖြစ် ဗဟိုဘဏ်မှ မေလ ၂၅ ရက်နေ့တွင် တရားဝင်ခွင့်ပြုခဲ့ကာ ဇွန်လ ၁၅ ရက်နေ့တွင် တရားဝင်ဖွဲ့စည်းတည်ထောင်ခဲ့သည်။ သမဝါယမဘဏ်လီမိတက်သည် ၂၀၀၃ ခုနှစ်ကတည်းက အများပိုင်ကုမ္ပဏီအဖြစ် ပြောင်းလဲရန် ပြင်ဆင်နေခဲ့ခြင်းဖြစ်ပြီး သမဝါယမမြှင့်တင်ရေးဘဏ်နှင့် တောင်သူလယ်သမားများ သမဝါယမဘဏ်လီမိတက်တို့ ပူးပေါင်း၍ အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်အဖြစ် ဖွဲ့စည်းခဲ့ကြခြင်း ဖြစ်သည်။ လုပ်ငန်းများလက်အောက်ရှိ ဘဏ်ခွဲများအားလုံးကို CBဘဏ်အနေဖြင့် လုပ်ကိုင်သွားမည်ဖြစ်ပြီး ဘဏ်စနစ်ကိုလည်း CBဘဏ်စနစ်အတိုင်း လည်ပတ်လုပ်ကိုင်မည်ဟု သိရသည်။ အဆိုပါဘဏ်သုံးခုပူးပေါင်းထားသော CBဘဏ်သည် အများနှင့်သက်ဆိုင်သော ကုမ္ပဏီဖြစ်သွားသည့်အတွက် အများပြည်သူသို့ အစုရှယ်ယာများ ရောင်းချသွားမည်ဟု အဆိုပါဘဏ်၏ ဥက္ကဋ္ဌဖြစ်သူ ဦးခင်မောင်အေးက ဆိုသည်။ သမဝါယမဘဏ်များ ပူးပေါင်းခဲ့ခြင်းကြောင့် အများနှင့်ဆိုင်သော သမဝါယမဘဏ်လီမိတက်ဘဏ်သည် ဘဏ်ခွဲစုစုပေါင်း ၁၃ ခု ရှိလာမည်ဖြစ်သည်။ ဘဏ်သုံးဘဏ်တွင် ငွေကြေးအပ်နှံထားသူများ၊ ချေးငွေယူထားသူများနှင့် အခြားဝန်ဆောင်မှု ရယူထားသူများသည် ယခင်အတိုင်း ပုံမှန်လုပ်ဆောင်ရမည်ဟု သိရသည်။ CBဘဏ်သည် သုံးခုပေါင်းပြီးနောက် အပ်နှံငွေမှာ စုစုပေါင်း ၂၄ ဘီလီယံအထိ တိုးတက်လာခဲ့ပြီး ၇၀ ရာခိုင်နှုန်းကို ထုတ်ချေးပေးထားသည်ဟု ဆိုသည်။ လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံရှိ ဘဏ်များသည် မရွှေ့မပြောင်းနိုင်သော အာမခံပစ္စည်းအား ငွေဖြစ်ရန်ရောင်းသည့်အခါ ဈေးကွက်ပေါက်ဈေး၏ ၃၀ နှင့် ၅၀ ရာခိုင်နှုန်းကြားတွင် အများဆုံး ချေးငှားလေ့ရှိသည်။

## တစ်ထောင်ကျပ်တန်၊ ငါးရာကျပ်တန်နှင့် နှစ်ရာကျပ်တန် ငွေစက္ကူအရွယ်အစားသစ်များ ထုတ်ဝေ

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ၂၀၀၄ ခုနှစ်စက်တင်ဘာလ ၃၀ ရက် ရက်စွဲဖြင့် တစ်ထောင်ကျပ်တန်၊ ငါးရာကျပ်တန်နှင့် နှစ်ရာကျပ်တန် ငွေစက္ကူအရွယ်အစားသစ်များကို ၂၀၀၄ ခုနှစ် အောက်တိုဘာလတွင် စတင်ထုတ်ဝေမည်ဖြစ်ကြောင်း၊ သတင်းကြေညာချက်ထုတ်ပြန်မှုကို အောက်တိုဘာ ၁ ရက်နေ့ထုတ် နိုင်ငံပိုင် သတင်းစာများတွင် ဖော်ပြခဲ့သည်။

ယင်းဖော်ပြချက်တွင် ငွေစက္ကူသစ်များသည် လက်ရှိ ငွေစက္ကူများထက် အရွယ်အစားပိုမိုသေးငယ်သည်မှလွဲ၍ လက်ရှိငွေစက္ကူများ၏ပုံသဏ္ဍာန်၊ အရောင်အသွေးအတိုင်း အနီးစပ်ဆုံးတူညီအောင် ရိုက်နှိပ်ထားကြောင်းနှင့် လက်ရှိ တရားဝင် လှည့်လည်သုံးစွဲလျက်ရှိသော ငွေစက္ကူများနှင့် ငွေအကြွေများသည်လည်း တရားဝင်သုံးစွဲငွေအဖြစ် ဆက်လက်တည်ရှိနေမည်ဖြစ်ကြောင်း ပါဝင်သည်။

အဆိုပါငွေစက္ကူအရွယ်အစားသစ်များကို အောက်တိုဘာလအတွင်း စတင်ထုတ်ဝေခဲ့သည်။ ငွေစက္ကူအရွယ်အစားသစ်များကို မူလပုံသဏ္ဍာန်များအတိုင်း ထုတ်ဝေခဲ့သော်လည်း အရွယ်အစားမှာ အားလုံးအရွယ်အစားတူ ၁၅ × ၇ စင်တီမီတာဖြင့် ထုတ်ဝေခဲ့ခြင်း ဖြစ်သည်။

ယခုအခါ အများပြည်သူသုံးစွဲနိုင်သည့် ငွေစက္ကူယူနစ်ပေါင်း ၁၂ ယူနစ်၏ စုစုပေါင်းတန်ဖိုးသည် နှစ်ထောင့်နှစ်ဆယ်နှစ်ကျပ်နှင့် ငါးဆယ်ပြားမျှ ဖြစ်သည်။ အဆိုပါယူနစ်များသည် ၅၀ ပြားတန်၊ တစ်ကျပ်တန်၊ ၁၀ ကျပ်တန်၊ ၂၀ ကျပ်တန်၊ ၄၅ ကျပ်တန်၊




၅၀ ကျပ်တန်၊ ၉၀ ကျပ်တန်၊ ၁၀၀ ကျပ်တန်၊ ၂၀၀ ကျပ်တန်၊ ၅၀၀ ကျပ်တန်နှင့် ၁၀၀၀ ကျပ်တန်များ ဖြစ်သည်။

## ပုဂ္ဂလိကလုပ်ငန်းရှင်များ စိုက်ပျိုးထုတ်လုပ်သမျှ ပြည်ပတင်ပို့ ခွင့်ပြုခြင်း

၂၀၀၄ ခုနှစ်တွင် မြန်မာ့လယ်ယာကဏ္ဍ၏ ထူးခြားချက်တစ်ရပ်အနေဖြင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များကိုယ်တိုင် စိုက်ပျိုးထုတ်လုပ်သော သီးနှံများ အားလုံးကို ပြည်ပသို့ တင်ပို့ရောင်းချခွင့်ပြုမည်ဖြစ်ကြောင်း အတွင်းရေးမှူး(၁) ယခု ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ဇွန်လအတွင်း ထုတ်ဖော်ပြောကြားခဲ့သည်။ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စီးပွားဖြစ် အလုံးအရင်း (Larye-Scale)စိုက်ပျိုးထုတ်လုပ်ပါက ထွက်ရှိသော စပါး၊ ဝါ၊ ပဲ၊ ပြောင်း၊ နှမ်းများအားလုံးကို ပြည်ပသို့ တင်ပို့ခွင့်ပြုမည်ဖြစ်ကြောင်း၊ အမှန်တကယ်ထွက်ရှိမှုကို ဒေသအာဏာပိုင်များက ထောက်ခံပေးမည်ဖြစ်ကြောင်း ပါရှိခဲ့သည်။ ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ဆက်လက်၍ "အခုတကယ် ထွက်ရှိနေခြင်းဟာ တိုင်းပြည်စားသုံးမှု လုံလောက်ပိုလျှံနေတဲ့အနေအထား ဖြစ်ပါတယ်။ အဲဒီအတိုင်း တိုင်းသူပြည်သားတွေ ဖူဖူလုံလုံပေါပေါများများ စားသုံးကြပါစေ။ အလွန်ပေါများတဲ့ ဒီမြေကွက်တွေမှာ လုပ်ငန်းရှင်များ




သီးခြားစိုက်ပျိုးမြေဇကမှ အိတ်စပို့သက်သက်အနေနဲ့ သွားပါ။ ဒီမှာ ထုတ်လုပ်မှုများသည် ဖူလုံပိုလျှံနေပြီးသားဖြစ်သည့်အတွက် တို့စိုက်ထားတာလေးတွေ ဟိုအချိန်ကျမှ ပြည်တွင်းစားသုံးမှုအတွက် ဒီလောက်သာပို့ပါဆိုတဲ့ ကန့်သတ်မှုမျိုး သံသယထားစရာမလိုပါဘူး"ဟုလည်း ပြောကြားသွားခဲ့သည်။ အဆိုပါအခမ်းအနားတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးမှလည်း ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် မိမိတို့ ရယူဖော်ထုတ်ထားသော မြေယာပေါ်တွင် တောင်သူများနှင့် အကျိုးတူပူးပေါင်းလုပ်ကိုင်နေသည်ကို မပြောလိုသော်လည်း ဓားမဦးချ ငှာနေတောင်သူများ၏ အကွက်ငယ်များတွင် အကျိုးတူပူးပေါင်းလုပ်ကိုင်နေခြင်းမှာ တောင်သူများ နစ်နာစေပါသည်ဟု ထည့်သွင်းပြောကြားသွားခဲ့သည်။
**(Source: မြန်မာတိုင်း(မ်)၊ အတွဲ ၉၊ အမှတ်–၁၀၄)**

## ၂၀၀၃-၂၀၀၄ ဘဏ္ဍာနှစ်အတွင်း ပြည်ပပို့ကုန်ပစ္စည်းအများဆုံးတင်ပို့ခဲ့သောလုပ်ငန်းရှင်များ

ပင်လယ်ရေကြောင်းမှ ပို့ကုန်ပစ္စည်းအများဆုံးတင်ပို့မှု ပထမဆုကို Maung Weik & Family Co.,Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးမောင်ဝိတ်၊ ဒုတိယဆုကို Asia Winner Industrial Ltd. မှ မန်နေဂျင်း ဒါရိုက်တာ ဦးအောင်နိုင်၊ တတိယဆုကို Fisheries & Marine Products 2000 Ltd. မှ မန်နေဂျင်း ဒါရိုက်တာ ဦးဇော်လေးတို့ကလည်းကောင်း၊ နယ်စပ်ကုန်သွယ်ရေးနည်းလမ်းဖြင့် ပို့ကုန်ပစ္စည်းအများဆုံးတင်ပို့မှု ပထမဆုကို Phaung Sai Co.,Ltd. မှ ဒါရိုက်တာ ဒေါ်နန်းဆိုင်၊ ဒုတိယဆုကို Shwe Yon Min Ltd. မှ ဒါရိုက်တာ ဦးသိန်းဝင်း၊ တတိယဆုကို Khit San Sein Trading မှ အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်ကြူကြူမြင့်တို့ကလည်းကောင်း၊ ဥယျာဉ်ခြံထွက်ပစ္စည်း ခြောက်မျိုးဖြစ်

သော ဆီးသီး ဆီးဆံ အများဆုံးတင်ပို့မှုဆုကို Five Star Trading မှ မန်နေဂျာ ဦးအောင်အောင်၊ ဖရဲသီးအများဆုံးတင်ပို့မှုဆုကို Academy Trading မှ ဒေါ်နန်းမြအောင်၊ သရက်သီးအများဆုံး တင်ပို့မှုဆုကို 318 Trading မှ မန်နေဂျာ ဒေါ်ခင်သန်းဝင်း၊ ကော်ဖီစေ့အများဆုံးတင်ပို့မှုဆုကို Golden Peacock Trading မှ ဒါရိုက်တာအဖွဲ့ဝင် ဦးဇော်မျိုးထက်တို့၊ ငရုတ်ကောင်းအများဆုံး တင်ပို့မှုဆုကို Sun Dew Trading မှ မန်နေဂျာ ဦးညွန့်တင်၊ လက်ဖက်ခြောက်အများဆုံးတင်ပို့မှုဆုကို Golden Peacock Trading မှ ဒါရိုက်တာအဖွဲ့ဝင် ဦးဇော်မျိုးထက်တို့က အသီးသီး ရရှိခဲ့သည်။

## ဒေသအကန့်အသတ်နှင့် ပြုလုပ်သည့် ဆိုင်ကယ်လိုင်စင်

ယခုနှစ် မေလနှင့် ဇွန်လများမှစတင်၍ သက်ဆိုင်ရာ တိုင်း၊ ခရိုင်များအလိုက် မော်တော်ဆိုင်ကယ်လိုင်စင်များ ပြုလုပ်ပေးခဲ့သည်။ တရုတ်၊ အိန္ဒိယ၊ ထိုင်းနယ်စပ်များမှတစ်ဆင့် ဈေးနှုန်းသက်သာစွာ ဝင်လာသည့် မော်တော်ဆိုင်ကယ်၊ အထူးသဖြင့် တရုတ်နိုင်ငံမှ ဝင်လာသည့် မော်တော်ဆိုင်ကယ်များအတွက် လိုင်စင်များကို ရက်သတ်မှတ်ကာ သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနများမှ ကြီးကြပ်ကာ ခရိုင်၊ မြို့နယ်များသို့ ကွင်းဆင်းပြုလုပ်ပေးခဲ့သည်။

ပြည်တွင်းထုတ်ဖြစ်သည့် ကျောက်ပန်းတောင်း စက်မှုဇုန်ထုတ် ရွှေနဂါးဆိုင်ကယ် (စူပါကပ်ဒီဗိုင်း)များကိုမူ ၁ယ လိုင်စင်ကြီးဖြင့် ရောင်းချမည်ဟု အဆိုပါကုမ္ပဏီက ပြောကြားသည်။

ဒေသအလိုက်သာ စီးနင်းခွင့်ရမည့် တရုတ်နိုင်ငံလုပ်ဆိုင်ကယ်များအား အမျိုးအစားပေါ် မူတည်၍ လိုင်စင်ဈေးနှုန်းသတ်မှတ်ပေးဆောင်စေသည်။ 110 အမျိုးအစားဆိုလျှင် ကျပ် ၅ သောင်း၊ 125 ဆိုလျှင် ကျပ် ၇ သောင်း စသည်ဖြင့် ဖြစ်သည်။

## စနစ်သစ် ကုန်သေတ္တာစစ်ဆေးရေးပြောင်းလဲမှု

ယခုနှစ်အတွင်း ယခင်က ပို့ကုန်စစ်ဆေးရေးစနစ်ဟောင်း၏ ချွတ်ယွင်းအားနည်းချက်များကြောင့် ကုန်သေတ္တာစစ်ဆေးမှုစနစ်သစ်ကို စမ်းသပ်ကျင့်သုံးလာသည်ကို တွေ့ရသည်။ စနစ်ဟောင်းကုန်သေတ္တာစစ်ဆေးမှုစနစ်မှာ ထုတ်လုပ်တင်ပို့သူများက ကုန်သေတ္တာအတွင်း ထည့်သွင်းလာပြီး ဆိပ်ကမ်းတွင် သင်္ဘောတင်ခါနီးမှ အစစ်အဆေးခံယူခြင်း ဖြစ်သည်။ ယင်းစနစ်ဟောင်းသည် အပြည့်အဝ စစ်ဆေးနိုင်ရန် အခက်အခဲရှိသည့်အတွက် ဥပဒေမဲ့ ကန့်သတ်တားမြစ်ကုန်စည်များ၊ လက်နက်နှင့် မူးယစ်ဆေးဝါးများ တင်ပို့သည့် မသမာမှုများကို ကာကွယ်နိုင်စွမ်း နည်းပါးပြီး ကုန်စည်စုပုံပိတ်ဆို့မှုများ ရှိနေသည့်အတွက် ယခုကဲ့သို့ စနစ်သစ်သို့ ပြောင်းလဲကျင့်သုံးရခြင်းဖြစ်သည်ဟု ဆိုသည်။

ယခုစနစ်သစ်များ ဆိပ်ကမ်းရှိ သိုလှောင်ရုံများသို့ ပို့ဆောင်ထားပြီး ကြိုတင်အစစ်ဆေးခံကာ ကုန်သေတ္တာအတွင်း ထည့်သွင်းခြင်းဖြစ်သည်။ စစ်ဆေးမှုကိုလည်း ထုတ်ကုန်ကြေညာလွှာတင်သွင်းသည့်အမှတ်စဉ်အတိုင်း စစ်ဆေးသွားမည်ဖြစ်ကြောင်း တရားဝင်သတင်းထုတ်ပြန်ချက်များအရ သိရသည်။

အချို့သော ထုတ်လုပ်မှုလုပ်ငန်း အထူးသဖြင့် အထည်ချုပ်လုပ်ငန်းများမှာ အဆိုပါစနစ်သစ် စစ်ဆေးရေးကြောင့် အဆင်မပြေမှုများ ရှိနေကြောင်း၊ ပြည်ပအမှာစာအတိုင်း အလျင်မီအောင်ချုပ်လုပ်ရသည့်အပြင် ပို့ကုန်စစ်ဆေးရေးအဖွဲ့၏ တစ်ပတ်ကြိုအစစ်ဆေးခံနိုင်ရန် ထုတ်လုပ်မှုပိုင်း၌ အားနည်းမှုရှိနေကြောင်း၊ ထုတ်လုပ်ပြီးပါက ဆိပ်ကမ်းတွင် တစ်ပတ်ကြိုတင် အစစ်ဆေးခံနေရလျှင် ပြည်ပဖောက်သည်များ၏ အမှာလွှာပါရက် အရောက်တင်ပို့နိုင်ရေးအတွက်ပါ အဟန့်အတားရှိစေကြောင်း အထည်ချုပ်လုပ်ငန်းအသိုင်းအဝိုင်းက ဆိုသည်။

တင်ပို့သူအချို့ကမူ မိမိတို့ တင်ပို့ကုန်များ စစ်ဆေးမှုခံရာတွင် မိမိတို့ကိုယ်ပိုင်ဝန်ထမ်း အလုပ်သမားဖြင့်သာ အဆင်ပြေမှုရှိသည်ဟု ဆိုသည်။ အကြောင်းမှာ ကွန်တိန်နာအတွင်း မိမိတို့ကုန်စည်များအား မူလထည့်သွင်းစဉ်ကအတိုင်း စနစ်တကျပြန် လည်ထည့်သွင်းရန် အခြား အလုပ်သမားများက သိနိုင်မည်မဟုတ် သည့်အပြင် ကုန်ပစ္စည်းအရည်အသွေးကို ထိခိုက်စေနိုင်သည့် အတွက်ဖြစ်သည်ဟု ဆိုသည်။

ထုတ်လုပ်သူအများစုမှာ ယခုနောက်ပိုင်း ကုန်သေတ္တာ





ကားအတွင်း အသင့်တပ်ဆင်ထားသော CNG အိုးများ

အတွင်းသို့ ကြိုတင်မထည့်သွင်းတော့ပဲ သာမန် ရိုးရိုးအတိုင်း ယူလာကာ အစစ်ဆေးခံပြီး ထည့်သွင်းမှုများ ပြုလာကြသည်ကို တွေ့ရသည်။ စနစ်သစ်ကုန်စစ်ဆေးရေးပုံစံအား အောက်တိုဘာလ ၁၅ ရက်နေ့မှ ၃၀ ရက်နေ့အထိ စမ်းသပ်ကာလအဖြစ် စတင်ကျင့်သုံးခဲ့ပြီး နိုဝင်ဘာလ ၁ ရက်နေ့တွင် အားနည်းချက်များကို ပြင်ဆင်၍ အတည်ပြုကျင့်သုံးခဲ့သည်။

## မော်တော်ယာဉ်များအား CNG သဘာဝဓာတ်ငွေ့ ပြောင်းလဲအသုံးပြုသည့်စီမံချက်

၂၀၀၄ ခုနှစ်အတွင်း၌ ဓာတ်ဆီသုံးခရီးသည်တင် မော်တော်ယာဉ်အချို့အား CNG (Compressel Netural Gas) များဖြင့် ပြောင်းလဲသုံးစွဲခဲ့သည်။ ပထမဦးစွာ ဒိုင်နာယာဉ်များကို ဦးစားပေးပြောင်းလဲစေခဲ့သည်။ ထို့နောက် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီလက်အောက်မှ ယာဉ်ပေါင်း ၅၀ ခန့်ကို CNG ဓာတ်ငွေ့သုံး မော်တော်ယာဉ်များအဖြစ် သုံးစွဲစေခဲ့သည်။

ထို့ပြင် ဒီဇယ်ကားများကိုလည်း သဘာဝဓာတ်ငွေ့သုံးစနစ် ပြောင်းလဲတပ်ဆင်ရန် စီစဉ်ခဲ့သည်။ အဆိုပါဒီဇယ်သုံးကားများကို CNG ဖြင့် အသုံးပြုနိုင်ရန် အင်ဂျင်သစ် ပြန်လည်အသုံးပြုရမည်ဖြစ်သဖြင့် CNG အသုံးပြုချင်သော အင်ဂျင်များကို တင်သွင်းရန် စီစဉ်ထားသည်ဟု မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။


ထိုယာဉ်များ ထုတ်ယူသုံးစွဲနိုင်ရန်လည်း CNG အရောင်းဆိုင်များကိုလည်း မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းက ဖွင့်လှစ်ခဲ့သည်။

## ဂျီအက်စ်အမ်တယ်လီဖုန်းများ

ယခုနှစ် ဆက်သွယ်ရေးကဏ္ဍအတွင်း ထူးခြားမှုတစ်ခုအနေဖြင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဂျီအက်စ်အမ်ဖုန်းအလုံး တစ်သိန်းခန့်ကို အများပြည်သူသို့ တိုးချဲ့ငှားရမ်းသွားမည်ဟု မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးသာဦးက မီဒီယာများသို့ ထုတ်ဖော်ပြောကြားခဲ့ခြင်း ဖြစ်သည်။ အဆိုပါ ဂျီအက်စ်အမ်နှင့် ကြိုးဖုန်းလိုင်းစီမံချက်များကို ၂၀၀၄ ခုနှစ် ဇွန်လက ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနနှင့် တရုတ်နိုင်ငံ Alcatel Shanghai Bell Co., Ltd. နှင့် လည်းကောင်း ဇူလိုင်လအတွင်း တရုတ်နိုင်ငံ ZTE ကုမ္ပဏီနှင့်လည်းကောင်း လုပ်ငန်းစာချုပ်များ ချုပ်ဆိုခဲ့သည်။ တရုတ်နိုင်ငံ၏ ချေးငွေဖြင့် ဆောင်ရွက်မည့် စီမံကိန်းများမှာ အမေရိကန်ဒေါ်လာ သန်း ၃၀ ကုန်ကျမည့် ကြိုးလိုင်းလေးသောင်းနီးပါးနှင့် ဂျီအက်စ်အမ်ဖုန်းလိုင်းတစ်သိန်း အသုံးပြုနိုင်မည့် Switching Centre တည်ဆောက်ရေးစီမံကိန်း၊ ZTE ကုမ္ပဏီနှင့် စာချုပ်ချုပ်ဆိုခဲ့သော အမေရိကန်ဒေါ်လာ ၁၂.၅ သန်းတန် ဂျီအက်စ်အမ်တိုးချဲ့ရေးစီမံကိန်းအရ ဖုန်းအလုံး ၅၀,၀၀၀ အသုံးပြုနိုင်မည့် စီမံကိန်းတို့ ဖြင့် စုစုပေါင်း ဖုန်းအလုံး ၉၅,၀၀၀ ကို ပထမအဆင့်အနေဖြင့် ချပေးသွားမည်ဖြစ်ကြောင်း၊ စာချုပ်အရ တယ်လီဖုန်းအလုံး တစ်သိန်းစီ အသုံးပြုနိုင်သော Switching Centre များ တည်ဆောက်သွားမည်ဖြစ်ကြောင်း မြန်မာတိုင်းမ်ဂျာနယ်၌ ပါရှိခဲ့သည်။

## ဂြိုဟ်တုရုပ်သံနှင့် စလောင်းဈေးကွက်

၂၀၀၄ ခုနှစ်အတွင်း အဆင့်မြင့်နည်းပညာသုံး ဂြိုဟ်တုရုပ်သံဖမ်းစက်နှင့် ဆက်စပ်ပစ္စည်းများ ပြည်တွင်းဈေးကွက်သို့ အပြိုင်အဆိုင် ဝင်ရောက်ခဲ့သည်ကို တွေ့ရသည်။ ကတ်လိုင်းများအား အခမဲ့ကြည့်ရှုနိုင်သော နည်းပညာမြင့် ဂြိုဟ်တုရုပ်သံဖမ်းစက်များမှာ ၂၀၀၄ ခုနှစ်တွင် စလောင်းဈေးကွက်၌ အလွန်ရေပန်းစားခဲ့သည်။ ထို့ပြင် ၂၀၀၄ ခုနှစ်အတွင်း ထပ်မံတိုးချဲ့ထုတ်လွှင့်လာသော ဂြိုဟ်တုရုပ်သံလိုင်းသစ်များကလည်း စလောင်းဈေးကွက်၌ အရေးပါသော အရောင်းမြင့်စေသည့်အကြောင်းများ ဖြစ်သည်။ နည်းပညာသစ်များ၊ အားသာချက်အသီးသီးတို့ဖြင့် ဈေးကွက်သို့ ရုပ်သံဖမ်းစက်အမှတ်တံဆိပ်မျိုးစုံ အပြိုင်အဆိုင် ဝင်ရောက်လာခြင်းနှင့် ပြည်တွင်းစီးပွားရေးအနေအထားတို့ကြောင့် ရုပ်သံဖမ်းစက်ဈေးနှုန်းများ ကျဆင်းခဲ့သဖြင့် ဂြိုဟ်တုစလောင်းစက် တပ်ဆင်ရန် စိတ်ဝင်စားသူများ ပြားခဲ့သည်။



ဂြိုဟ်တုရုပ်သံကို စိတ်ဝင်စားသူ များပြားလာသည်နှင့် အမျှ မဂ္ဂဇင်း၊ စာစောင်တို့တွင် ဂြိုဟ်တုရုပ်သံဖမ်းစက်နှင့် ဆက်စပ်ပစ္စည်းများကို ကြော်ငြာထည့်သွင်း၍ ယခင်နှစ်များကထက် အရောင်းမြှင့်တင်မှုများကို ပိုမိုတွေ့မြင်လာရသည်။ ထို့ပြင် မဂ္ဂဇင်း၊ စာစောင်အချို့၌ ဂြိုဟ်တုရုပ်သံလိုင်းသစ်များကို အရေးပေးဖော်ပြလာခြင်း၊ ဂြိုဟ်တုရုပ်သံနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို နေရာပေးလာခြင်းတို့ကို များစွာ တွေ့မြင်လာရသည်မှာ ၂၀၀၄ ခုနှစ်၏ ထူးခြားမှုတစ်ရပ်ပင် ဖြစ်သည်။

အခြားထူးခြားချက်တစ်ခုမှာ ယခုနှစ်အတွင်း ဂြိုဟ်တုစလောင်းတပ်ဆင်မှု၊ လိုင်းသစ်ထည့်သွင်းမှု၊ ရုပ်သံဖမ်းစက်အဆင့်မြှင့်မှု စသော ဝန်ဆောင်မှုများကို ကြော်ငြာထည့်သွင်း၍ပင် လုပ်ကိုင်ဆောင်ရွက်ပေးနေသည်ကို တွေ့ရခြင်း ဖြစ်သည်။ ထိုကဲ့သို့ ဝန်ဆောင်မှုများ ပြုလုပ်ပေးရာ၌ စလောင်းတပ်ဆင်ပေးခြင်းကဲ့သို့သော အကြမ်းထည် ဝန်ဆောင်မှုများထက် လိုင်းသစ်ထည့်ခြင်း၊ ရုပ်သံဖမ်းစက်အဆင့်မြှင့်တင်ခြင်း စသော အပျော့ထည့်ဝန်ဆောင်မှုများကို ပိုမိုလုပ်ဆောင်ရကြောင်း အဆိုပါ ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်သူများထံမှ သိရသည်။

အကြောင်းမှာ ၂၀၀၄ ခုနှစ်အတွင်း၌ ဂြိုဟ်တုစလောင်းအသစ် တပ်ဆင်သူထက် ရုပ်သံဖမ်းစက်အသစ်များ အစားထိုးလဲလှယ်မှုရှိပြီးစက်များကို အဆင့်မြှင့်တင်နိုင်သော အမျိုးအစားတူစက်အသစ်များနှင့် Software အသစ်များ ရရှိနိုင်ခြင်းတို့ကြောင့်ဖြစ်ကြောင်း ၎င်းတို့က သုံးသပ်သည်။

အဆိုပါ အပျော့ထည်ဝန်ဆောင်မှုမျိုးကို ပြုလုပ်ဆောင်ရွက်ပေးရာတွင် တစ်ဦးနှင့်တစ်ဦး ဝန်ဆောင်ခ သတ်မှတ်မှု တူညီမှုမရှိဘဲ အချို့မှာ တန်ရာတန်ကြေးထက် ပိုမိုယူဆောင်နေကြကြောင်း ကိုယ်တွေ့ကြုံသူတို့၏ ပြောပြချက်အရ သိရသည်။ မည်သို့ပင်ဖြစ်စေ ၂၀၀၄ ခုနှစ်အတွင်း ဈေးကွက်၌ အသစ်ဝင်ရောက်ခဲ့သော ဂြိုဟ်တုရုပ်သံဖမ်းစက်အများစုသည် သုံးစွဲသော နည်းပညာမြင့်မားသဖြင့် သုံးစွဲသူတို့နှင့် ရတ်တရက် အကျွမ်းတဝင် မဖြစ်သောကြောင့်လည်းကောင်း၊ မိမိပိုင်ဆိုင်သော အီလက်ထရွန်နစ်စက်ပစ္စည်းများကို အကျွမ်းတဝင်ဖြစ်စေရန် ကိုယ်တိုင်လေ့လာ၍ စမ်းသပ်ကိုင်တွယ်သည့် အလေ့အထနည်းပါးခြင်းတို့ကြောင့်လည်းကောင်း အဆိုပါဝန်ဆောင်မှုလုပ်ငန်းများ တွင်ကျယ်လာရခြင်းဖြစ်ကြောင်း ဂြိုဟ်တုရုပ်သံဆိုင်ရာ ကျွမ်းဝင်နှံ့စပ်မှုရှိသူ အင်ဂျင်နီယာတစ်ဦးက သုံးသပ်ပြောကြားသည်။

## Bird Flu နှင့် မြန်မာဈေးကွက်

ယခုနှစ်အတွင်း အာရှနိုင်ငံအချို့တွင် ဖြစ်ပွားခဲ့သည့် ကြက်ငှက်တုပ်ကွေးရောဂါ ဂယက်သည် မြန်မာနိုင်ငံသို့လည်း ရိုက်ခတ်လာခဲ့သည့်အတွက် မြန်မာကြက်မွေးမြူရေးလုပ်ငန်းရှင် အချို့ နစ်နာဆုံးရှုံးမှုများ ကြုံခဲ့ရသည်။ အဆိုပါရောဂါသည် မြန်မာနိုင်ငံသို့ ကူးစက်ပြန့်ပွားခဲ့ခြင်းမရှိကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြသော်လည်း စားသုံးသူဈေးကွက်အတွင်းသို့ ရိုက်ခတ်လာခဲ့သည့်အတွက် တစ်နိုင်တစ်ပိုင် မွေးမြူသူများ အခက်ကြုံခဲ့ရသည်။

အာရှ၌ Bird Flu များ စတင်ဖြစ်ပွားစဉ်က မြန်မာဈေးကွက်အတွင်း၌ အဆိုပါရောဂါနှင့် ပတ်သက်သော သတင်းဂယက်များကြောင့် စားသုံးသူများဘက်မှ ဝယ်လိုအားနည်းလာသည့်အတွက် ကြက်သားဈေးနှုန်းများသည် တစ်ပိဿာလျှင် ကျပ် ၁၀၀၀ အောက်သို့ပင် ကျဆင်းသွားခဲ့ပြီး ကြက်သားဈေးများ လိုင်လိုင်ပေါခဲ့သည်။ အချို့သော ကြက်အရောင်းဆိုင်များက ကြက်ကြော်ကိုပင် ငှက်ကြော်ဟု လိမ်လည်ရောင်းချမှုများပင် ရှိခဲ့ ဖူးကြောင်း ကိုယ်တိုင်ကြုံတွေ့ခဲ့သူတစ်ဦးက ဆိုသည်။

သို့သော် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြခဲ့သော 'မသိသူကျော်သွား၊ သိသူချက်စား' ဆောင်းပါးပါရှိခဲ့ပြီးသည့်နောက်တွင် ကြက်သားဈေးနှုန်း ပြန်လည်မြင့်တက်ခဲ့သည်။ အဆိုပါဆောင်းပါးတွင် မြန်မာနိုင်ငံ၌ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားမှုမရှိကြောင်း၊ ရှိခဲ့လျှင်ပင် အဆိုပါကြက်သားကို ပွက်ပွက်ဆူပြီး နူးနပ်အောင် ချက်ပြုတ်စားသောက်လျှင် ဗိုင်းရပ်စ်ပိုးများ အသက်မရှင်နိုင်သောကြောင့် လူကို တစ်စုံတစ်ရာ ဥပဒ်မပေးနိုင်ကြောင်း ဖော်ပြခဲ့ခြင်းကြောင့် ဖြစ်သည်။




**ကြက်ငှက်တုပ်ကွေးရောဂါ တားဆီးကာကွယ်ရေး ပညာပေးဟောပြောပွဲ**

ထို့ပြင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနကလည်း မြန်မာနိုင်ငံတွင် ကူးစက်ရောဂါကဲ့သို့ ပြဿနာများ မဖြစ်ပေါ်ရန် ကြိုတင်ကာကွယ်မှုအနေဖြင့် ကြက်နှင့် မွေးမြူရေးတိရစ္ဆာန်များကို သန်းခေါင်စာရင်း ကောက်ယူရန် စီစဉ်ခဲ့သည်။ မျိုးကြက်အဖြစ် ရင်သားကြက်ပေါင်များကိုလည်း မြဝတီ၊ တာချီလိတ်၊ မူဆယ် စသည့် နယ်စပ်မှတစ်ဆင့် ဝယ်ယူခြင်းကို ယာယီပိတ်ပင်ခဲ့သည်။

## ပြင်သစ်နိုင်ငံကုမ္ပဏီအတွက် မြန်မာ့သင်္ဘောကျင်းလုပ်ငန်း၏ ပထမဆုံးရွက်လှေ

ယခုနှစ်အတွင်း မြန်မာ့သင်္ဘောကျင်းလုပ်ငန်းမှ ပြင်သစ်နိုင်ငံ Corvette Shipping Co., Ltd. အတွက် တည်ဆောက်ပေးခဲ့သော 69' LWL Fife Schooner "Sunshine" အပျော်စီးရွက်လှေသည် အပြည်ပြည်ဆိုင်ရာရေယာဉ်တည်ဆောက်မှု စစ်ဆေးရေးအဖွဲ့အစည်းတစ်ခုဖြစ်သည့် Lloyd's Register of Shipping (LRS) ၏ အသိအမှတ်ပြုလက်မှတ်ကို ရရှိခဲ့သည်။

အဆိုပါရေယာဉ်သည် သံကိုယ်ထည်ဖြင့် တည်ဆောက်ထားပြီး မြင်းကောင်ရေ ၃၀၀ ရှိ ဒီဇယ်စက်မကြီးတစ်လုံးနှင့် ၁၇ ဒသမ ၅ ကီလိုဝပ်ရှိ မီးစက်တစ်လုံးတပ်ဆင်ထားရာ စက်အားဖြင့် မောင်းနှင်ပါက တစ်နာရီလျှင် ရေမိုင် ၉ ဒသမ ၅ မိုင် ခုတ်မောင်းနိုင်သည်။

ရေယာဉ်ပေါ်တွင် ရေယာဉ်ဝန်ထမ်းအပါအဝင် လူရှစ်ဦး လိုက်ပါနိုင်ပြီး ခေတ်မီဆက်သွယ်ရေးကိရိယာများ၊ ဂြိုဟ်တုသုံး ရေကြောင်းပြကိရိယာများတပ်ဆင်ထားကာ ရေယာဉ်၏တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၅၀၀၀၀ ခန့် ဖြစ်သည်။

မြန်မာ့သင်္ဘောကျင်းလုပ်ငန်းသည် ၁၉၉၅ ခုနှစ်မှစတင်၍ အင်ဒိုနီးရှားသမ္မတနိုင်ငံ၊ စင်ကာပူသမ္မတနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ရှိ ကုမ္ပဏီများအတွက် တွန်းဆွဲရေယာဉ်၊ ပင်လယ်ပြင်ညစ်ညမ်းမှုထိန်းသိမ်းရေးရေယာဉ်၊ ရေတိမ်သွား နှစ်ထပ်ခရီးသည်တင်ရေယာဉ်၊ ကမ်းလွန်ပင်လယ်ပြင်သုံး ထောက်ပံ့ရေးရေယာဉ်၊ ယန္တရားတင်ရေယာဉ် စသည့် ရေယာဉ်အမျိုးအစားတို့ကို တည်ဆောက်ပေးခဲ့သည်။ လွန်ခဲ့သောနှစ်က မြန်မာ့သင်္ဘောကျင်းလုပ်ငန်းမှ စင်ကာပူသမ္မတနိုင်ငံ Java Marine Lines Private Limited အတွက် တည်ဆောက်ပေးခဲ့သည့် Jaya Gold-2 ရေယာဉ်သည် Lloyd's Register of Shipping(LRS) ၏ အဆင့်အမြင့်ဆုံး အသိအမှတ်ပြုလက်မှတ်ရရှိခဲ့သည်။

## ဘီယာကုမ္ပဏီက ရွေးချယ်သော နိုင်ငံတကာအဆင့်မီကဖီး

မြန်မာဈေးကွက်တွင် Tiger၊ ABC Stout နှင့် မြန်မာဘီယာများ ထုတ်လုပ်ဖြန့်ဖြူးနေသည့် မြန်မာဘရူဝါရီ ကုမ္ပဏီလီမိတက်က နိုင်ငံတကာအဆင့်မီကဖီးအဖြစ် အသိအမှတ်ပြုဆိုင်ကို ၎င်းကုမ္ပဏီ၏ သဘောထားသက်သက် ရွေးချယ်ရာတွင် ပထမဆုံး ရွေးချယ်ခံရသောဆိုင်မှာ Mr.Guitar Cafe ဖြစ်ပြီး ဖေဖော်ဝါရီလ ၅ ရက်နေ့က နိုင်ငံတကာအဆင့်မီကဖီးအဖြစ် အသိအမှတ်ပြုလက်မှတ် ပေးအပ်ခဲ့သည်။ မြန်မာဘရူဝါရီ ကုမ္ပဏီက Mr.Guitar Cafe သည် ဆန်းသစ်သည့်အသွင်အပြင်၊ အစားအသောက်နှင့် အကောင်းဆုံးဝန်ဆောင်မှု ပေးနိုင်မှုတို့ကြောင့် နိုင်ငံတကာအဆင့်မီဆိုင်အဖြစ် အသိအမှတ်ပြုလက်မှတ် ပေးအပ်ခြင်းဖြစ်သည်ဟု ၁၁-၂-၂၀၀၄ ထုတ် ကြေးမုံသတင်းစာတွင် ၎င်းတို့ရွေးချယ်ရသည့် သဘောထားကို ဖော်ပြခဲ့သည်။

## နိုင်ငံတကာရေယာဉ်ပြပွဲ

ဖေဖော်ဝါရီ ၅ ရက်မှ ၈ ရက်အထိ တိုကျိုမြို့တွင် ကျင်းပပြုလုပ်မည့် နိုင်ငံတကာဖိုင်ဘာရေယာဉ်ပြပွဲ International Boat Show သို့ မြန်မာနိုင်ငံမှထုတ်လုပ်သော ရေယာဉ်(၂)စီးကို ပထမဆုံးအကြိမ် သွားရောက်ပြသမည်ဖြစ်ကြောင်း၊ Silver Wave Trading Ltd. က တာဝန်ယူတည်ဆောက်သည့် ရေယာဉ်ဒီဇိုင်းများကို ဂျပန်ဒီဇိုင်းပညာရှင်က ရေးဆွဲခြင်းဖြစ်ကာ ဂျပန် အင်ဂျင်နီယာများနှင့် မြန်မာအင်ဂျင်နီယာများ ပူးပေါင်းတည်ဆောက်ခြင်းဖြစ်ကြောင်း၊ ပြပွဲတွင်ပြသမည့် ရေယာဉ်နှစ်စီးမှာ ၂၆ ပေရှိ မိသားစု အပျော်စီးရေယာဉ်နှင့် ၂၄ ပေရှိ ရေယာဉ်တို့ဖြစ်ကာ ၂၆ ပေ ရေယာဉ်မှာ အမေရိကန်ဒေါ်လာ ၈ သောင်းကျော်တန်ဖိုးရှိပြီး ၂၄ ပေ ရေယာဉ်မှာ အမေရိကန်ဒေါ်လာ ငါးသောင်းကျော်တန်ဖိုးရှိကြောင်း ဇန်နဝါရီ ၂၂-၂၈၊ ၂၀၀၄ ထုတ်



ATR 72 လေယာဉ်



ဖူးခက်လေကြောင်း

7 Day ဂျာနယ်တွင် ဖော်ပြထားသည်။

## ပြည်တွင်းပြည်ပ လေကြောင်းလိုင်းသစ်များ

မြန်မာနိုင်ငံ ပြည်တွင်းပြည်ပလေကြောင်းပို့ဆောင်ရေး ကဏ္ဍတွင် အသစ်ဝင်ရောက်လာသော လေကြောင်းလိုင်းသစ်များမှာ ပြည်တွင်းလေကြောင်းပို့ဆောင်ရေးတွင် ထူးဒရေးဒင်းမှ

ရန်ကုန်မြို့တွင်း ပြေးဆွဲနေသော မော်တော်ကားကြီးများ



ရင်းနှီးမြှုပ်နှံလုပ်ကိုင်သည့် Air Bagan လေကြောင်းလိုင်းသစ်သည် ပြီးခဲ့သည့် နိုဝင်ဘာလ ၅ ရက်နေ့မှ စတင်ပြီး Fokker-100 ဂျက်လေယာဉ်များနှင့် ပြည်တွင်းခရီးစဉ်များကို စတင်ပြေးဆွဲခဲ့သည်။

အလားတူ ရန်ကုန်–ဘန်ကောက် ခရီးစဉ်အတွက် ထိုင်းနိုင်ငံအခြေစိုက် ဖူးခက် (Phuket Air Lines) အဲလိုင်းသည် အောက်တိုဘာလ ၂ ရက်မှ စတင်၍ ခရီးစဉ်များကို ပြေးဆွဲခဲ့သည်။

ပြည်ပလေကြောင်းခရီးစဉ်များအတွက် ကာတာ၊ သီရိလင်္ကာ စသည့် လေကြောင်းလိုင်းများသည်လည်း ပြေးဆွဲရန်အစီအစဉ်များ ပြုလုပ်လျက်ရှိသည်။ ယခုအခါ ပြည်ပခရီးစဉ်များအတွက် လေကြောင်းလိုင်း ၁၃ ခုနှင့် ပြည်တွင်းခရီးစဉ်များအတွက် လေကြောင်းလိုင်း လေးခုတို့မှ ပြေးဆွဲလျက် ရှိသည်။

## ပြည်ပမှလေ့လာရေးအဖွဲ့များ

နိုဝင်ဘာ ၁ မှ ၇–နီပေါနိုင်ငံ သတင်းစာဆရာများအသင်း ဥက္ကဋ္ဌ မစ္စတာ မန်ဂျူးရတနစကြာ ခေါင်းဆောင်အပါအဝင် အဖွဲ့ဝင် ခုနစ်ဦးပါဝင်သည့် နီပေါသတင်းစာဆရာ ကိုယ်စားလှယ်အဖွဲ့ လေ့လာရေးခရီး လည်ပတ်သည်။

ဒီဇင်ဘာ–၁၅ ရန်ကုန်မြို့တွင် လေ့လာရေးခရီးရောက်ရှိနေသော မလေးရှားတပ်မတော် Policy Division မှ Under Secretary Dr.Hj Ismail Bin Hj Ahmad ခေါင်းဆောင်သော လေ့လာရေးကိုယ်စားလှယ်အဖွဲ့သည် သန်လျင် ရေတပ်လေ့ကျင့်ရေးဌာနချုပ်သို့ သွားရောက်သည်။

## ဘတ်စ်ကား အစီးတစ်ရာအားဖြည့်

လူဦးရေ ၆ သန်းနီးပါးရှိသော ရန်ကုန်မြို့တော်၏ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် အားဖြည့်ရန် အစိုးရမှ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ချုပ်အား ဂျပန်နိုင်ငံမှ တစ်ပတ်ရစ်ဘတ်စ်ကား အစီး ၂၀၀ ကို တင်သွင်းခွင့်ပြုခဲ့သည်။ ပထမအသုတ်ကို မေလတွင် တင်သွင်းခဲ့ပြီး ဒုတိယအသုတ်မှာ ဇူလိုင်လတွင် ရောက်ရှိမည်ဟုဆိုသည်။ မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေး ကော်မတီ (မထသ)မှ အတွင်းရေးမှူး ဦးမြတ်လှက ပထမသုတ် ရောက်ရှိလာသော ဘတ်စ်ကားကြီးများမှ မထသကားလိုင်းအတွက် ၃၅ စီးရရှိကြောင်း၊ အဆိုပါကားများကို ရန်ကုန်မြို့စွန်များ၌ အသစ်တည်ဆောက်ထားသော တက္ကသိုလ်များသို့ ပြေးဆွဲမည့် ဘတ်စ်ကားလိုင်းများ၌ အသုံးပြုသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ **(Source: မြန်မာတိုင်းမ်)**

**အယ်ဒီတာအဖွဲ့**

**Photo Source : New light of Myanmar , India Embassy**

# ၂၀၀၄ ခုနှစ် မှတ်တိုင်များ(၂) လူမှုရေး

အယ်ဒီတာအဖွဲ့

## အခြေခံပညာကဏ္ဍ

၂၀၀၄ ခုနှစ်အတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံး၌ အခြေခံပညာမူလတန်းကျောင်းအရေအတွက် ၃၁၂၂၅ ကျောင်း၊ မူလတန်းလွန်ကျောင်းအရေအတွက် ၄၇၇၄ ကျောင်း၊ အလယ်တန်းကျောင်းအရေအတွက် ၂၆၁၂ ကျောင်းနှင့် အထက်တန်းကျောင်းအရေအတွက် ၁၈၉၄ ကျောင်း ဖွင့်လှစ်ထားပြီး ကျောင်းသားကျောင်းသူ ကျောင်းဝင်နှုန်း ၉၆.၆ ရာခိုင်နှုန်းရှိကြောင်း အစိုးရ၏ ထုတ်ပြန်ချက်များအရ သိရသည်။

အခြေခံပညာကျောင်းများ၌ မူလက အရောင်အလိုက် ဘုရင့်နောင်၊ ကျန်စစ်သား၊ ဗန္ဓုလနှင့် အလောင်းဘုရားဟူ၍ အသင်းလေးသင်းသာ ဖွဲ့စည်းလေ့ရှိရာမှ ၂၀၀၄–၂၀၀၅ ပညာသင်နှစ်အတွင်း လိမ္မော်ရောင်အဖြစ် အနော်ရထာအသင်းတစ်သင်းကို ထပ်မံတိုးချဲ့ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

၂၀၀၄ ခုနှစ်အတွင်း အခြေခံပညာကဏ္ဍ၏ ထူးခြားချက်တစ်ရပ်မှာ အခြေခံပညာကျောင်းများ၏ အတန်းအခေါ်အဝေါ်များအား မူလက သူငယ်တန်း၊ ပထမတန်း၊ ဒုတိယတန်း၊ တတိယတန်း၊ စတုတ္ထတန်း၊ ပဉ္စမတန်း၊ ဆဋ္ဌမတန်း၊ အဋ္ဌမတန်း၊ နဝမတန်းနှင့် ဒသမတန်းဟု ခေါ်ဝေါ်ခဲ့ရာမှ Grade I, Grade II, Grade III, Grade IV, Grade V, Grade VI, Grade VII, Grade VIII, Grade IX, Grade X နှင့် Grade XI ဟူ၍ ပြောင်းလဲခေါ်ဝေါ်ခဲ့သည်။

ထို့အပြင် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၊ အမှတ် (၃) အခြေခံပညာဦးစီးဌာန (ရန်ကုန်မြို့တော်)နှင့် ကျန်းမာရေးပညာဌာနတို့ ပူးပေါင်းစီစဉ်မှုဖြင့် ယာဉ်စည်းကမ်းလမ်းစည်းကမ်းပညာပေးအစီအစဉ်များကို အခြေခံပညာကျောင်းများ၏ သင်ရိုးညွှန်းတမ်းတွင် ၂၀၀၄–၂၀၀၅ ပညာသင်နှစ်မှစတင်၍ ထည့်သွင်းပညာပေး သင်ကြားခဲ့ခြင်းမှာလည်း ထူးခြားသည့် မှတ်တိုင်တစ်ခု ဖြစ်သည်။

## အဆင့်မြင့်ပညာကဏ္ဍ

၂၀၀၄ ခုနှစ်အတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ဝန်ကြီးဌာနအသီးသီးမှ ဖွင့်လှစ်ထားသော တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်စုစုပေါင်း အရေအတွက် ၁၅၆ ကျောင်းရှိပြီး ကျောင်းသားကျောင်းသူအရေအတွက် ကိုးသိန်းကျော် အဆင့်မြင့်ပညာကို သင်ယူလျက် ရှိကြသည်။ ၂၀၀၄ ခုနှစ်အတွင်း အသစ်ဖွင့်လှစ်လိုက်သည့် ကောလိပ်မှာ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) လက်အောက်ရှိ အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ် ဖြစ်သည်။ ၂၀၀၄ ခုနှစ်အတွင်း တက္ကသိုလ်အသီးသီးမှ အသစ်ဖွင့်လှစ်လိုက်သော ဘာသာရပ်အလိုက် ဘွဲ့နှင့်ဘွဲ့လွန်သင်တန်းများနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန (HRD)အစီအစဉ်ဖြင့် အသစ်ဖွင့်လှစ်လိုက်သော သင်တန်းများကို ဇယား (က)နှင့် ဇယား (ခ) တို့ဖြင့် ဖော်ပြထားသည်။

၂၀၀၄ ခုနှစ် နိုဝင်ဘာလ ၁၃ ရက်မှ ၁၅ ရက်နေ့အထိ ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပခဲ့သော ရန်ကုန်တက္ကသိုလ်၏ (၁၁၈) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဝိဇ္ဇာသိပ္ပံ ပါရဂူဘွဲ့ရအရေအတွက် ၂၂၁ ဦး၊ ဂုဏ်ထူးဆောင် ပါရဂူဘွဲ့ရအရေအတွက် ၁၄ ဦးနှင့် ပြင်ပပညာရှင် ပါရဂူဘွဲ့ရအရေအတွက် ၁၁ ဦးတို့ကို ပါရဂူဘွဲ့များ ချီးမြှင့်အပ်နှင်းခဲ့ရာ မြန်မာနိုင်ငံ၌ ပါရဂူဘွဲ့များ စတင်ချီးမြှင့်အပ်နှင်းခဲ့သည့် ၂၀၀၀–၂၀၀၁ ခုနှစ် ပညာသင်နှစ်နောက်ပိုင်းတွင် အရေအတွက်အများဆုံး ချီးမြှင့်အပ်နှင်းခဲ့ခြင်းပင် ဖြစ်သည်။

၂၀၀၄–၂၀၀၅ ပညာသင်နှစ်အတွင်း အဆင့်မြင့်ပညာကဏ္ဍ၏ ထူးခြားမှုတစ်ရပ်မှာ ရန်ကုန်နှင့် မန္တလေးအဝေးသင်တက္ကသိုလ်များ၌ အခွင့်အလမ်းပွင့် တက္ကသိုလ်ပညာရေး (Open University) စနစ်ကို စတင် ပြောင်းလဲကျင့်သုံးလိုက်ခြင်း ဖြစ်သည်။ ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်ပြီး ၂၀၀၄–၂၀၀၅ ပညာသင်နှစ်အတွင်း အဝေးသင်တက္ကသိုလ်များသို့ ဝင်ခွင့်လျှောက်ထားကြသူ ကျောင်းသားကျောင်းသူများအနေဖြင့် အနီးကပ်သင်တန်းများကို နီးစပ်ရာ အဝေးသင်တက္ကသိုလ်ဌာနခွဲများအဖြစ် သတ်မှတ်ထားသည့် တက္ကသိုလ်များတွင် တက်ရောက်သင်ယူစရာ မလိုတော့ဘဲ VSAT ဂြိုဟ်တုဆက်သွယ်ရေးစနစ်ကို အသုံးပြု၍ Data Broadcasting System စနစ်ဖြင့် ဗဟိုမှ တိုက်ရိုက်ထုတ်လွှင့်ပို့ချ သင်ကြားလျက်ရှိသည့် သက်ဆိုင်ရာ e-Learning Centre များတွင်သာ သွားရောက်သင်ယူ လေ့လာကြရမည် ဖြစ်သည်။ ယခုအခါ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိတက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် အခြေခံပညာအထက်တန်းကျောင်းများ၌ e-Learn-

**ဇယား(က) ၂၀၀၄ ခုနှစ်တွင် တိုးချဲ့ဖွင့်လှစ်သည့် ဘွဲ့နှင့် ဘွဲ့လွန်သင်တန်းများ**

| စဉ် | သင်တန်းအမည် | ဖွင့်လှစ်ပို့ချသည့် ဌာနနှင့်တက္ကသိုလ်၊ ကောလိပ် | သင်တန်းကာလ |
|---|---|---|---|
| ၁။ | မဟာသိပ္ပံဘွဲ့ (ကွန်ပျူတာသိပ္ပံ) M.Sc (Computer Science) | ကွန်ပျူတာသိပ္ပံပညာဌာန၊ ရန်ကုန်တက္ကသိုလ် | နှစ်နှစ် (အချိန်ပြည့်) |
| ၂။ | ကွန်ပျူတာသိပ္ပံ ဒီပလိုမာ (PDCS)<br>ကွန်ပျူတာသိပ္ပံ ဒီပလိုမာ (PDCS) | ကွန်ပျူတာသိပ္ပံပညာဌာန၊ ရန်ကုန်တက္ကသိုလ်<br>ကွန်ပျူတာသိပ္ပံပညာဌာန၊ ရန်ကုန်တက္ကသိုလ် | တစ်နှစ် (အချိန်ပြည့်)<br>နှစ်နှစ် (အချိန်ပိုင်း) |
| ၃။ | သိပ္ပံဘွဲ့ (ကွန်ပျူတာသိပ္ပံ) B.Sc (Computer Science) | ကွန်ပျူတာသိပ္ပံပညာဌာန၊ ဒဂုံတက္ကသိုလ်နှင့် ကွန်ပျူတာသိပ္ပံပညာဌာန၊ ရတနာပုံတက္ကသိုလ် | သုံးနှစ် (အချိန်ပြည့်) |
| ၄။ | B.A (EPP) (English For Professional Purposes) | အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ် | သုံးနှစ် (အချိန်ပြည့်) |
| ၅။ | B.BM (Bachelor in Business Management) | အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ် | သုံးနှစ် (အချိန်ပြည့်) |
| ၆။ | ကွန်ပျူတာပြုပြင်ထိန်းသိမ်းတပ်ဆင်ရေးဒီပလိုမာ (Diploma in Computer Maintenance) | မန္တလေးကွန်ပျူတာတက္ကသိုလ်နှင့် ရန်ကုန်မြို့အဆင့်မြင့် သိပ္ပံနှင့် နည်းပညာသင်တန်းဌာန | တစ်နှစ် (အချိန်ပြည့်) |

**ဇယား(ခ) ၂၀၀၄ ခုနှစ်တွင် တိုးချဲ့ဖွင့်လှစ်သည့် HRD သင်တန်းသစ်များ**

| စဉ် | သင်တန်းအမည် | ဖွင့်လှစ်သည့် ဌာနနှင့်တက္ကသိုလ် | သတ်မှတ်အရည်အချင်း | သင်တန်းကာလ |
|---|---|---|---|---|
| ၁။ | ပါဠိကျွမ်းကျင်မှုဒီပလိုမာ (Diploma in Oriental Studies D.O.S) | အရှေ့တိုင်းပညာဌာန၊ ရန်ကုန်တက္ကသိုလ် | ဘွဲ့ရ | တစ်နှစ် |
| ၂။ | စိုက်ပျိုးရေးရာ ရာသီဥတုပညာ သင်တန်း (Argroclimatology) (Level-I) | ဒဂုံတက္ကသိုလ် | တက္ကသိုလ်ဝင် တန်းအောင် | သုံးလ(အချိန်ပိုင်း) |
| ၃။ | သဘာဝဘေးအန္တရာယ်များဆိုင်ရာ သင်တန်း (Natural Disasters Studies) (Level I) | ဒဂုံတက္ကသိုလ် | တက္ကသိုလ်ဝင် တန်းအောင် | သုံးလ(အချိန်ပိုင်း) |

ing Centre အရေအတွက် ၆၁၉ ခု တည်ထောင်ဖွင့်လှစ်ထားကြောင်း ပညာရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

၂၀၀၄ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်နေ့က ကျင်းပခဲ့သော ရန်ကုန်နည်းပညာတက္ကသိုလ်၏ (၃၈) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် အင်ဂျင်နီယာ (B.E) ဘွဲ့ရ ၈၅၈ ဦးနှင့် ဗိသုကာ (B.Arc) ဘွဲ့ရ ၃၈ ဦးတို့ကို ဘွဲ့များအသီးသီး ချီးမြှင့်အပ်နှင်းခဲ့ရာ ၎င်းတို့မှာ လွန်ခဲ့သော ၂၅ နှစ်ခန့်ကတည်းက ကျင့်သုံးခဲ့သော သင်တန်းကာလ ခြောက်နှစ်စီ ကြာမြင့်ခဲ့သည့် အင်ဂျင်နီယာဘွဲ့ သင်တန်းဆင်းများ၏ နောက်ဆုံးအသုတ်ပင် ဖြစ်ကြောင်း အဆိုပါဘွဲ့နှင်းသဘင်၌ (B.E) (Mechanical) ဘွဲ့ တက်ရောက်ရယူခဲ့သူတစ်ဦးက ဆိုသည်။

## နိုင်ငံတကာကျောင်းများနှင့် ပညာရေး

၂၀၀၄ ခုနှစ်အတွင်း မြန်မာကျောင်းသားလူငယ်များကြားတွင် သိသိသာသာ ရေပန်းစားလာသည်မှာ ပြည်ပနိုင်ငံများသို့ ပညာသင် သွားရောက်ခြင်း ဖြစ်သည်။ နိုင်ငံတကာကျောင်းများတွင် ပညာသင်ယူလိုစိတ်သည် ငွေကြေးတတ်နိုင်သူများသာမက ငွေကြေးမပြည့်စုံသည့် ကျောင်းသားလူငယ်များအထိပါ ဂယက်

ရိုက်ခတ်လာသည်ကို ၂၀၀၄ ခုနှစ် စက်တင်ဘာလအတွင်းက ပြုလုပ်ခဲ့သော ထိုင်းပညာရေးပြပွဲသို့ မြန်မာကျောင်းသားများ အလုံးအရင်း သွားရောက်ခဲ့ခြင်းက သက်သေပြနေသည်။

စင်ကာပူ၊ ထိုင်း၊ မလေးရှား၊ အင်္ဂလန်၊ ဩစတြေးလျ၊ နယူးဇီလန် စသော နိုင်ငံများမှ အတတ်ပညာသင်ကျောင်း၊ ကောလိပ်၊ တက္ကသိုလ်များကလည်း အဆက်အသွယ်အမျိုးမျိုး ရယူ၍ ရန်ကုန်နှင့် မန္တလေးမြို့ကြီးများတွင် ဟောပြောပွဲများ ပြုလုပ်ကာ ကျောင်းသားများ အပြိုင်အဆိုင် လာရောက်စုဆောင်းကြသည်။ နိုင်ငံတကာတက္ကသိုလ်များ ဟောပြောပွဲ မကြာခဏပြုလုပ်ရာ Traders ဟိုတယ်မှ ဧည့်ကြိုဝန်ထမ်းတစ်ဦး၏ အဆိုအရ ယခုနှစ်အတွင်း ၎င်းတို့ဟိုတယ်တွင် လစဉ်လိုလို ပညာရေးမိတ်ဆက်ပွဲ တစ်ခု အနည်းဆုံးလာရောက်ပြုလုပ်လေ့ရှိသည်ဟု ဆိုသည်။ နိုင်ငံတကာနှင့် အဆက်အသွယ်ရှိသူများ၊ KMD ကဲ့သို့ သင်တန်းများကလည်း နိုင်ငံတကာပညာသင်ကြားရေး အတိုင်ပင်ခံရုံးများ အပြိုင်အဆိုင် ဖွင့်လှစ်လာရာ ယခုအခါ ရန်ကုန်မြို့တွင် နိုင်ငံတကာ ပညာရေး အတိုင်ပင်ခံရုံး ၂၀ ခန့် ရှိနေပြီ ဖြစ်သည်။

မြန်မာကျောင်းသားများ မိမိတို့ တက္ကသိုလ်၊ ကောလိပ်များတွင် များများ ပညာသင်ကြားနိုင်ရန် နိုင်ငံတကာတက္ကသိုလ်များမှလည်း ၎င်းတို့၏ ဝင်ခွင့်သတ်မှတ်ချက်တချို့ကို လျှော့ပေါ့ပေးလာကြသည်။ ဥပမာ–ယခင်က မြန်မာကျောင်းသားတစ်ဦးသည် အင်္ဂလန်ကောလိပ်တစ်ခုတွင် ပညာသင်ကြားရန် TOFEL စာမေးပွဲရမှတ် ၅၄၀ ရရှိမှသာ ဝင်ခွင့်ရရှိမည်ဖြစ်သော်လည်း ယခုအခါတွင် အဆိုပါကောလိပ်မှ ဖွင့်လှစ်ထားသော အင်္ဂလိပ်စာအတန်းကို တက်ရောက်ပြီးပါက ဝင်ခွင့်ရရှိပြီ ဖြစ်သည်။

ပညာသင်ကြားနေသော အာရှကျောင်းသားများ



ထို့ပြင် အချို့သော တက္ကသိုလ်ကောလိပ်များမှလည်း သင်ကြားမှုနှစ်ကာလအလိုက် သင်တန်းခလျှော့ပေးခြင်း၊ ထူးချွန်သော ကျောင်းသားများကို ပညာသင်ဆုပေးအပ်ခြင်းဖြင့် အပြိုင်အဆိုင် ပြုလုပ်လာကြသည်။

သို့ရာတွင် အချို့ကျောင်းများမှာ အမည်ခံသာရှိပြီး နိုင်ငံခြားတွင် အလုပ်လုပ်ကိုင်နိုင်သည်ဟု ဆွဲဆောင်ခြင်း၊ မြန်မာနိုင်ငံတွင် လာရောက်ပြောကြားထားသည်နှင့် ကျောင်းအနေအထား ကွာခြားမှုရှိခြင်း၊ ကျောင်းများတွင် ပညာသင်ပြီးပါက အလုပ်အကိုင်မသေချာခြင်း စသည့်အချက်များကလည်း ကျောင်းသားများအဖို့ အထူးသတိပြုရမည့်အချက်ပင် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် နိုင်ငံခြားတွင် ပညာသင်ကြားလိုသည့် ကျောင်းသားများအပေါ် ငွေကြေးလိမ်လည် အလွဲသုံးစားမှုများ ပညာရေးဈေးကွက်တွင် ရှိလာသောကြောင့် ဖြစ်သည်။ ထိုကဲ့သို့ ငွေကြေးလိမ်လည်ခံရခြင်းမှာ နိုင်ငံခြားတွင် ပညာသင်ယူလိုစိတ် များပြားနေသဖြင့် ဖြစ်နိုင်၊ မဖြစ်နိုင်သည်ကို မစဉ်းစားဘဲ အပြောကောင်းသူအား အယုံလွယ်ခြင်းကြောင့် ဖြစ်သည်ဟု ပညာရေး အတိုင်ပင်ခံတစ်ဦးက သုံးသပ်သည်။

မည်သို့ပင်ဖြစ်စေ ၂၀၀၄ ခုနှစ် စက်တင်ဘာလတွင် ထိုင်းနိုင်ငံပညာရေးဝန်ကြီးဌာန၏ ပံ့ပိုးမှုဖြင့် ထိုင်းတက္ကသိုလ်များ အလုံးအရင်းလာရောက် ကျောင်းသားစုဆောင်းလာခြင်း၊ ဗြိတိသျှသံရုံး၏ ပံ့ပိုးမှုဖြင့် အင်္ဂလန်နိုင်ငံ ကောလိပ်တက္ကသိုလ်များမှ အဆက်မပြတ် ဟောပြောပွဲများ ပြုလုပ်နေခြင်း၊ စင်ကာပူနိုင်ငံတွင် မြန်မာကျောင်းသား လူငယ်အတော်များများ ရှိလာနေခြင်းတို့ကို ထောက်ရှု၍ နိုင်ငံတကာ ပညာရေးဈေးကွက်သည် မြန်မာနိုင်ငံကိုပါ ရောက်ရှိလာပြီကို ထင်ထင်ရှားရှား တွေ့နိုင်သည်။

နိုင်ငံတကာပညာရေးသို့ ဝင်ခွင့်ရနိုင်မည့် အဓိကအရည်အချင်းမှာ အင်္ဂလိပ်စာအားကောင်းပြီး TOFEL စာမေးပွဲရမှတ်ပါ ကောင်းရမည်ဖြစ်ရာ TOFEL စာမေးပွဲဖြေဆိုသူများ တဖြည်းဖြည်း များပြားလာသလို TOFEL ဝင်ခွင့်သင်တန်းကျောင်းများ အပြိုင်အဆိုင် ဖွင့်လှစ်လာခြင်းသည် နိုင်ငံခြားတွင် ပညာသင်ကြားလိုသူ များပြားလာမှု၏ အကျိုးဆက်ပင် ဖြစ်သည်။

## ၂၀၀၄ ခုနှစ် ကျန်းမာရေးဆိုင်ရာ အချက်အလက်များ

၂၀၀၄ ခုနှစ်အတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံး၌ အထူးကုဆေးရုံကြီးများ၊ အထွေထွေရောဂါကုဆေးရုံကြီးများနှင့်

မြို့နယ် ဆေးရုံများအပါအဝင် ဆေးရုံပေါင်း ၈၁၃ ရုံ၊ တိုင်းရင်းဆေးရုံပေါင်း ၁၄ ရုံ၊ ဒေသန္တရဆေးပေးခန်း ၈၄ ခု၊ ကျေးလက်ကျန်းမာရေးဌာန ၁၄၂၄ ခု၊ တိုင်းရင်းဆေးကုဌာနပေါင်း ၂၃၇ ခု၊ ဆေးတက္ကသိုလ်နှင့် နီးနွယ်တက္ကသိုလ်ပေါင်း ၁၈ ကျောင်း၊ မူးယစ်ဆေးစွဲသူများ ပြုစုကုသဌာန ၂ ခု၊ ဌာနငယ် ၂၆ ခု၊ ပြန်လည်ထူထောင်ရေးဌာန ၄၀ ခု၊ ဆရာဝန်အရေအတွက် ၁၇၄၇၆ ဦးနှင့် သူနာပြုအရေအတွက် ၁၆၀၇၉ ဦး ရှိကြကြောင်း အစိုးရမှ ထုတ်ပြန်သောစာရင်းများအရ သိရသည်။



ကျောက်ကပ်အစားထိုး ကုသနေစဉ်

ဆေးတက္ကသိုလ်နှင့် နီးနွယ်တက္ကသိုလ်များ၌ ပုံမှန်ဘွဲ့ သင်တန်းများအပြင် ဆေးပညာမဟာသိပ္ပံဘွဲ့ (M.Med.Sc) သင်တန်းအရေအတွက် ၂၉ မျိုး၊ ဆေးလက်တွေ့အခြေခံပါရဂူဘွဲ့ (Dr.Med.Sc) သင်တန်းအရေအတွက် ၃၀ မျိုး၊ ဘွဲ့လွန်ဒီပလိုမာ သင်တန်းအသစ်အရေအတွက် ခြောက်မျိုးနှင့် ပါရဂူဘွဲ့ (Ph.D) သင်တန်းအရေအတွက် ခုနစ်မျိုးအထိ တိုးချဲ့သင်ကြားပေးလျက် ရှိသည်။

ဇန်နဝါရီလ ၁၁ ရက်နေ့က ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေးပေါ်ထိခိုက်ဒဏ်ရာကုဌာနသို့ ဓားခုတ်ခံရမှုကြောင့် ညာဘက်လက်ဖျံ(Right Forearm)မှ ပြတ်တောက်သွားသော အသက် ၅၅ နှစ်ရှိ လူနာဦးသန်းမောင်သည် သက်န်းကျွန်းစံပြဆေးရုံကြီးမှ လွှဲပြောင်းရောက်ရှိလာရာ ပြတ်တောက်သွားသောလက်ကို ခွဲစိတ်ကုသမှုအောင်မြင်ခဲ့ပြီး ယခုကဲ့သို့ လက်ပိုင်းဆိုင်ရာခွဲစိတ်ကုသမှု အောင်မြင်ခြင်းသည် တတိယအကြိမ်အောင်မြင်မှုဖြစ်ကြောင်း ၁၇-၁-၂၀၀၄ နေ့ထုတ် ကြေးမုံသတင်းစာတွင် ဖော်ပြထားခဲ့သည်။

ထို့ပြင် ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ငှက်ဖျားသုတေသနဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုဆိုင်ရာဌာန (WHO Collaboration Center for Malaria) အဖြစ် မကြာမီက အသိအမှတ်ပြုခဲ့ကြောင်း ဖေဖော်ဝါရီလ ၂ ရက်ထုတ်ကြေးမုံသတင်းစာတွင် ဖော်ပြခဲ့သည်။

ယခုနှစ်အတွင်း ကမ္ဘာ့ပထမဆုံး ဆေးလိပ်ထိန်းချုပ်ရေး သဘောတူစာချုပ်ကို မြန်မာနိုင်ငံက လက်မှတ်ရေးထိုးလိုက်ကြောင်း မြန်မာတိုင်းမ်ဂျာနယ် ၂၀၀၄ ခုနှစ် အတွဲ ၈၊ အမှတ် ၁၆၀ တွင် အောက်ပါအတိုင်း ဖော်ပြခဲ့သည်။

ကမ္ဘာ့ပထမဆုံးဆေးလိပ်နှင့် ဆေးရွက်ကြီးထွက် ပစ္စည်း ထိန်းချုပ်ခြင်း အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်ကို မြန်မာနိုင်ငံသည် ဧပြီလ ၂၀ ရက်နေ့က ၁၁ နိုင်ငံမြောက်နိုင်ငံအဖြစ် အတည်ပြုလက်မှတ်ရေးထိုးခဲ့ကြောင်း ကျန်းမာရေးဦးစီးဌာန၊ ဆေးလိပ်ကင်းဝေးရေးစီမံချက် မန်နေဂျာ ဒေါက်တာညိုညိုကြိုင်က လွန်ခဲ့သောရက်သတ္တပတ်က မြန်မာတိုင်း(မ်)သို့ ပြောပြခဲ့သည်။

မြန်မာနိုင်ငံသည် ထိုစာချုပ်ကို ၂၀၀၃ ခုနှစ် အောက်တိုဘာ ၂၃ ရက်တွင် သဘောတူလက်မှတ်ရေးထိုးခဲ့ပြီး ငါးလအကြာ ၂၀၀၄ ခု၊ ဧပြီလ ၂၀ ရက်တွင်မှ အတည်ပြုလက်မှတ် ရေးထိုးခဲ့သည်။

ယခုနှစ်တွင် ကျောက်ကပ်အစားထိုးကုသမှုများလည်း ပြုလုပ်ခဲ့ရာ တတိယအကြိမ်မြောက် ကျောက်ကပ်အစားထိုး ကုသမှုကို မတ်လ ၇ နှင့် ၉ ရက်နေ့များတွင် မန္တလေး အထွေထွေရောဂါကုဆေးရုံကြီး၌ ဝေဒနာရှင် ၃ ဦးအား ခွဲစိတ်ကုသခဲ့သည်။ (၁၀)ကြိမ်မြောက် ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုကို ဧပြီလ ၂၁၊ ၂၂ နှင့် ၂၃ ရက်နေ့များ၌ ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီးတွင် ဝေဒနာရှင်လေးဦးအား ခွဲစိတ်ကုသမှုပြုခဲ့ရာ ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှု အောင်မြင်ခြင်းသည် မြန်မာနိုင်ငံ ဆေးပညာရှင်များနှင့် မြန်မာနိုင်ငံ ဆေးလောက၏ ကြီးမားသော အောင်မြင်မှုဖြစ်ကြောင်း ၂၁-၄-၂၀၀၄ ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြခဲ့သည်။

## ပထမဆုံးအကြိမ် အသည်းအစားထိုးကုသမှုအောင်မြင်

ယခုနှစ်အတွင်း မြန်မာနိုင်ငံ ဆေးပညာလောက၏ အောင်မြင်မှုနှစ်ခုမှာ ပထမဆုံးအကြိမ် အသည်းအစားထိုးကုသမှုနှင့် ကျောက်ကပ်အစားထိုးကုသမှုတို့ ဖြစ်သည်။



အသည်းအစားထိုး ဝေဒနာရှင်

၂၀၀၄ ခုနှစ် ဩဂုတ်လ ၂၅ ရက်၌ ရန်ကုန်မြို့ အထွေထွေရောဂါကုဆေးရုံသစ်ကြီးတွင် မြန်မာနိုင်ငံ၌ ပထမဆုံးအကြိမ် အသည်းအစားထိုးခွဲစိတ်ကုသမှုပြုလုပ်ခဲ့ရာ အောင်မြင်မှု ရရှိခဲ့သည်။ ခွဲစိတ်ကုသမှုခံယူသူမှာ အသည်းခြောက်ဝေဒနာရှင် ကိုခင်ဇော်ထက် (၃၅)နှစ်ဖြစ်ပြီး အသည်းအလှူရှင်မှာ ဦးနှောက်သေဆုံးသူ မအေးမွန် (၃၉)နှစ် ဖြစ်သည်။

အသည်းအလှူရှင်ထံမှ အသည်းကို အထူးကုဆရာဝန်ကြီး ဒေါက်တာသန့်ဇင် ဦးဆောင်သောအဖွဲ့က ခွဲစိတ်ထုတ်ယူခဲ့ပြီး ခွဲစိတ်အထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာနော်မန်လှ ဦးဆောင်သောအဖွဲ့က အသည်းခြောက်ဝေဒနာရှင်ထံမှ ခြောက်နေသောအသည်းကို ခွဲစိတ်ဖယ်ရှားခဲ့ကာ အလှူရှင်၏အသည်းဖြင့် အစားထိုးခဲ့ရာ ခွဲစိတ်ကုသမှုအချိန် ၁၃ နာရီခွဲကြာမြင့်ခဲ့သည်။

ကိုခင်ဇော်ထက်သည် အသည်းခြောက် အသည်းကြွပ်ရောဂါကြောင့် ဗိုက်ဖောင်း၍ သွေးငါးကြိမ်အန်သည်အထိ ရောဂါပြင်းထန်ခဲ့ပြီး ခြောက်လမှ တစ်နှစ်အတွင်း အသက်အန္တရာယ်ရှိခဲ့ကြောင်း၊ အနောက်နိုင်ငံများတွင် အသည်းအစားထိုးခွဲစိတ်ကုသ မှုစရိတ်မှာ ဒေါ်လာ တစ်သိန်းမှ ခုနစ်သောင်းခွဲအထိရှိကြောင်း၊ ၂၀၀၃ ခုနှစ် မေလ ၁၃ ရက်တွင် ကျန်းမာရေးဝန်ကြီးဌာနက အသည်းအစားထိုး ခွဲစိတ်ကုသမှု ဖြစ်မြောက်ရေးကော်မတီကို ဖွဲ့စည်းပြီး ဆပ်ကော်မတီများအလိုက် တာဝန်ပေး ဆောင်ရွက်စေခဲ့ကြောင်း၊ ၂၀၀၂ ခုနှစ်ကတည်းက ဆေးပညာရှင်များအား ပြည်ပသို့ စေလွှတ်ခြင်း၊ အထောက်အကူပြုပစ္စည်းများ ဝယ်ယူဖြည့်တင်းခြင်းများ ဆောင်ရွက်ခဲ့ကြောင်း ၂၇-၈-၂၀၀၄ ထုတ် နိုင်ငံပိုင် သတင်းစာများတွင် ဖော်ပြခဲ့သည်။

ယခုနှစ်တွင် ကျောက်ကပ်အစားထိုး ကုသမှုများလည်း ပြုလုပ်ခဲ့ရာ တတိယအကြိမ်မြောက် ကျောက်ကပ်အစားထိုးကုသမှုကို မတ်လ ၇၊ ၈ နှင့် ၉ ရက်နေ့များ၌ မန္တလေး အထွေထွေရောဂါကုဆေးရုံကြီးတွင် ဝေဒနာရှင်သုံးဦးအား ခွဲစိတ်ကုသခဲ့သည်။ (၁၀) ကြိမ်မြောက် ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုကို ဧပြီလ ၂၁၊ ၂၂ နှင့် ၂၃ ရက်နေ့များ၌ ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီးတွင် ဝေဒနာရှင် လေးဦးအား ခွဲစိတ်ကုသမှုပြုခဲ့ရာ ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှု အောင်မြင်ခြင်းသည် မြန်မာနိုင်ငံ ဆေးပညာရှင်များနှင့် မြန်မာနိုင်ငံဆေးလောက၏ ကြီးမားသော အောင်မြင်မှုဖြစ်ကြောင်း ၂၁-၄-၂၀၀၄ ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြခဲ့သည်။

## သွားဘက်ဆိုင်ရာဆေးလောက၏ အောင်မြင်မှု

ယခုနှစ်အတွင်း သွားဘက်ဆိုင်ရာဆေးလောက၏ အောင်မြင်မှုအဖြစ် အသက် ၁၈ နှစ်အရွယ်ရှိ ၁၂နှစ်အကြာ ပါးစပ်ဖွင့်ဟ၍မရသော TMJ Ankylosis မေးရိုးအဆစ်ဆက် ရောဂါရှင်တစ်ဦးအား အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်ခဲ့သည်။

၁၂ရက်နေ့မှ ၁၆ရက်နေ့အတွင်း ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန သက်န်းကျွန်းစံပြဆေးရုံကြီးမှ သွားဘက်ဆိုင်ရာ မေးရိုး၊ မျက်နှာ၊ ခံတွင်း ခွဲစိတ်အထူးကုပါမောက္ခ ဒေါက်တာကိုကိုမောင် ဦးဆောင်၍ မေ့ဆေးဆရာဝန်ကြီး ဒေါက်တာ ကြည်ကြည်စန်းနှင့် အဖွဲ့ဝင်များပါဝင်ပြီး I.C.C.D.E အဖွဲ့မှ ကိုယ်စားလှယ် Mount Elizabeth ဆေးရုံ(စင်ကာပူနိုင်ငံ)မှ ခွဲစိတ်အထူးကုဆရာဝန်ကြီး Dr. Myra Elliotte ဦးဆောင်သောအဖွဲ့သည် နှုတ်

အသည်းရောဂါလူနာအား အစားထိုးခွဲစိတ်ကုသနေစဉ်





သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (ရန်ကုန်)

ခမ်းကွဲ၊ အာခေါင်ကွဲလူနာ ၂၅ ဦးကို ခွဲစိတ်ကုသပေးသည့်အပြင် အောက်မေးရိုး ခွဲစိတ်ကုသမှုကြီးတစ်ခုကိုပါ ပြုလုပ်ပေးခဲ့ရာ အောင်မြင်မှုရရှိခဲ့ခြင်း ဖြစ်သည်။

အောက်မေးရိုးခွဲစိတ်ကုသခံရသူ မောင်ဇေယျာအောင်သည် အသက်လေးလခန့်အရွယ်တွင် ၎င်းအား ပွေ့ချီထားရာမှ လွတ်ကျ၍ မေးရိုးတွင်ဒဏ်ရာရရှိခဲ့ပြီး ဒဏ်ရာမပြင်းထန်သဖြင့် အမှတ်တမဲ့နေခဲ့ရာ အသက်ခြောက်လခန့်တွင် ပါးစပ်ကောင်းစွာမဟနိုင်တော့ကြောင်း သတိပြုမိခဲ့ကြသည်။ အသက်ကိုးလခန့်တွင် မျက်နှာတစ်ဖက်နှင့်တစ်ဖက် တူညီမှုမရှိကြောင်း တွေ့ရှိရသဖြင့် ရန်ကုန်ဆေးရုံကြီးတွင်ပြသခဲ့ရာ အသက်သုံးနှစ်အရွယ်တွင် ပထမဦးဆုံးအကြိမ်ခွဲစိတ်ကုသမှုခံယူခဲ့သည်။ သို့သော် တစ်နှစ်ခန့်အကြာတွင် ပါးစပ်ဟနိုင်ခြင်းမရှိတော့သဖြင့် အသက်ခြောက်နှစ်တွင် ဒုတိယအကြိမ်ခွဲစိတ်ကုသမှု ထပ်မံခံယူခဲ့ရာ ပါးစပ်ကောင်းစွာမဟနိုင်သော် လည်း အကြောင်းအမျိုးမျိုးကြောင့် ဆက်လက်ကုသမှုခံယူခဲ့ခြင်းမပြုသောကြောင့် ပါးစပ်မှာ လုံးဝမဟနိုင်တော့ဘဲ ခက်ခဲစွာစားသောက်နေရပြီး စကားပြောဆိုမှုမှာလည်း ပီသမှုမရှိ ဖြစ်နေခဲ့ရသည်။ ၎င်းသည် ဒဂုံတက္ကသိုလ် ဒုတိယနှစ် ဘူမိဗေဒ ကျောင်းသားတစ်ဦးဖြစ်သည်။

## သုံးစွဲရန်မသင့်ကြောင်းကြေညာသည့် တိုင်းရင်းဆေးအတုများ

၂၀၀၄ ခုနှစ်အတွင်း သုံးစွဲရန်မသင့်သည့် တိုင်းရင်းဆေးအတုများကို ကြေညာခဲ့ရာ မြန်မာနိုင်ငံဈေးကွက်အတွင်း ရောင်းချနေသော လနေအမှတ်တံဆိပ် ကမ္ဘာ့ရတနာသိပ္ပံဆေးကြီးသည် တိုင်းရင်းဆေးစစ်စစ်မဟုတ်ဘဲ အနောက်တိုင်းဆေးများ ပါဝင်ဖော်စပ်ထားသည်ကို ကျန်းမာရေးဝန်ကြီးဌာနက စစ်ဆေးတွေ့ရှိရသည့်အတွက် ပြည်သူလူထုသုံးစွဲရန် အန္တရာယ်ရှိသော ဆေးဝါးဖြစ်ကြောင်း၊ ပြည်သူအများသုံးစွဲရန်မသင့်ကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်၍ တိုင်းရင်းဆေးပညာဦးစီးဌာနက အရေးယူရန်ဆောင်ရွက်နေကြောင်းနှင့် ထိုလနေ အမှတ်တံဆိပ် ကမ္ဘာ့ရတနာသိပ္ပံဆေးကြီးတွင်ပါဝင်သည့် အနောက်တိုင်းဆေးများမှာ Paracetamol, Prednisolone, Chlorpheniramine maleate တို့ဖြစ်ကြောင်း ၃-၁-၂၀၀၄ ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်။

ထို့ပြင် ဝိဇ္ဇာရေနယနည်းဖြင့် ဖော်စပ်ထားပြီး ကိုယ်ခံအားတိုးစေရန်အတွက်လည်းကောင်း၊ ရောဂါကာကွယ်စေရန်အတွက်လည်းကောင်း၊ ခွန်အားတိုးစေရန်အတွက်လည်းကောင်း ကုသရာ၌ သုံးစွဲလျက်ရှိသော တိုင်းရင်းဆေးများတွင် ပါဝင်ဖော်စပ်ထားသည့် ဓာတ်သတ္တုမှာ (Heavy Metals) ပမာဏများမှာ ပါဝင်သင့်သည့် ခွင့်ပြုပမာဏထက် များစွာပါဝင်နေသည်ကို ကျန်းမာရေးဝန်ကြီးဌာနက စစ်ဆေးတွေ့ရှိသည့်အတွက် ပြည်သူလူထုသုံးစွဲရန် အန္တရာယ်ရှိသော ဆေးဝါးများဖြစ်ကြောင်းနှင့် ပြည်သူအများ သုံးစွဲရန်မသင့်ကြောင်း၊ ယင်းဆေးများမှာ ရသာယနဆေးမှုန့်၊ သံပြာဆေးမှုန့်၊ ကျောက်ဆေးဒါန်းဆေးမှုန့်၊ ဘေသဇ္ဇရွှေပြာမှုန့်၊ ရသာယန စိန်ရတနာဆေးပြားနှင့် ရွှေပျားရည်တို့ဖြစ်ပြီး ၎င်းဆေးများသည် ခွင့်ပြုထားသော ဓာတ်သတ္တုမှာများ (Heavy Metals) သတ်မှတ်ပမာဏထက် ပိုမိုပါဝင်နေသည့် ခဲ၊ စိန်နှင့် ပြဒါးတို့ဖြစ်ကြောင်း ၁၄-၁-၂၀၀၄ ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံ ဆေးဝါးဈေးကွက်တွင် ၂၀၀၃ ခုနှစ် ဇူလိုင်လစာရင်းများအရ တိုင်းရင်းဆေးထုတ်လုပ်သူလိုင်စင် ၁၁၄၈ ခုနှင့် အဆင့်မီထုတ်လုပ်သူအများစုကို ကုန်ထုတ်လုပ်မှုလိုင်စင်များချထားပေးခဲ့ပြီး ဈေးကွက်အတွင်းမှ ဆေးများကို ပုံမှန်စစ်ဆေးပေးကြောင်း ဇန်နဝါရီ ၁၅-၂၁၊ ၂၀၀၄ ထုတ် 7Day ဂျာနယ်တွင် ဖော်ပြထားခဲ့သည်။

၄-၈-၂၀၀၄ ထုတ် ကြေးမုံသတင်းစာတွင်လည်း မြန်မာနိုင်ငံဈေးကွက်အတွင်း ရောင်းချနေသော မြိတ်မြို့ ထားဝယ်စုရပ်ရှိ ဒိဋ္ဌသုခဆေးတိုက်မှ ထုတ်လုပ်သည့် ‘အပူသတ်ကိုယ်အေးဆေး’သည် တိုင်းရင်းဆေးစစ်စစ်မဟုတ်ဘဲ အနောက်တိုင်းဆေးများ ပါဝင်ဖော်စပ်ထားသည်ကို ကျန်းမာရေးဝန်ကြီးဌာနက စစ်ဆေးတွေ့ရှိရသည့်အတွက် ပြည်သူလူထုသုံးစွဲရန် အန္တရာယ်ရှိ

သော ဆေးဝါးဖြစ်ကြောင်းနှင့် သုံးစွဲရန်မသင့်ကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်၍ အရေးယူဆောင်ရွက်ရန်လည်း စီစဉ်နေကြောင်း၊ ယင်း"အပူသတ်ကိုယ်အေးဆေး"တွင် ပါဝင်သည့် အနောက်တိုင်းဆေးမှာ Aspirin ဖြစ်ကြောင်း ဖော်ပြခဲ့သည်။

## တိုင်းရင်းဆေးနှင့် AIDS

ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ တိုင်းရင်းဆေးကောင်စီဥက္ကဋ္ဌ ဒေါက်တာသိန်းဆွေနှင့် ခုခံအားကျဆင်းမှုကူးစက်မှုရောဂါ (HIV/AIDS) နှင့် အသည်းရောင်အသားဝါရောဂါတို့ကို တိုင်းရင်းဆေးနည်းဖြင့် ပျောက်ကင်းကြောင်း နေ့စဉ်ထုတ်သတင်းစာများနှင့် မဂ္ဂဇင်း၊ ဂျာနယ်များတွင် ကြော်ငြာသူ တိုင်းရင်းဆေးဆရာများ တွေ့ဆုံဆွေးနွေးပွဲကို ဧပြီ ၅ ရက်နေ့က တိုင်းရင်းဆေးပညာဦးစီးဌာနတွင်ကျင်းပရာ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ တိုင်းရင်းဆေးကောင်စီဥက္ကဋ္ဌ ဒေါက်တာသိန်းဆွေက ခုခံအားကျဆင်းမှုကူးစက်ရောဂါ (HIV/AIDS) နှင့် အသည်းရောင်အသားဝါရောဂါများ အမှန်တကယ်ပျောက်ကင်းသည်ဟု ဆိုရာတွင် သက်သေအထောက်အထားခိုင်မာရန် လိုအပ်ကြောင်း၊ ခိုင်မာမှုမရှိပါက ပြည်သူအများ ထင်ယောင်ထင်မှားဖြစ်စေပြီး နောက်ဆက်တွဲဆိုးကျိုးများ ရရှိစေမည်ဖြစ်ကြောင်းနှင့် ကြော်ငြာသူတို့၏ ဆေးဝါးများ အာနိသင်ရှိ၊ မရှိကိုလည်း စနစ်တကျ စမ်းသပ်စစ်ဆေးပြီး မှန်ကန်မှုမရှိပါက ယင်းဆေးဝါးများဖြင့် ကုသနေခြင်းကို ပိတ်ပင်တားဆီးမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။ ဖေဖော်ဝါရီ ၂၈ ရက်ကလည်း မန္တလေးမြို့တွင် ယင်းကဲ့သို့ တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။

## မြန်မာနိုင်ငံမှ အာရှ တိရစ္ဆာန်ဆေးသိပ္ပံပညာထူးချွန်ဆု

အာရှ တိရစ္ဆာန်ဆေးကုတက္ကသိုလ်များ အသင်းသည် အကောင်းဆုံးစာတမ်းရှင်သုံးဦးကို ရွေးချယ်၍ ထူးချွန်ဆု ချီးမြှင့်လေ့ရှိရာ ယခုနှစ်တွင် အင်ဒိုနီးရှားသမ္မတနိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှ ပညာရှင်များတင်သွင်းသည့် စာတမ်းနှစ်စောင်နှင့် မြန်မာနိုင်ငံမှ ဒေါက်တာမြင့်သိန်း တင်သွင်းသည့် စာတမ်းတို့သည် အကောင်းဆုံးစာတမ်းများအဖြစ် ရွေးချယ်ခံရပြီး ဒေါက်တာမြင့်သိန်းသည် အာရှ တိရစ္ဆာန်ဆေးသိပ္ပံပညာထူးချွန်ဆုနှင့် ဂုဏ်ပြုငွေ ဂျပန်ယန်း တစ်သိန်း ချီးမြှင့်ခြင်းခံခဲ့ရသည်။

အာရှ တိရစ္ဆာန်ဆေးကုတက္ကသိုလ်များအသင်းက ကြီးမှူးကျင်းပသည့် ၂၀၀၄ ခုနှစ် နှစ်ပတ်လည်အစည်းအဝေးနှင့် စာတမ်းဖတ်ပွဲကို ဩဂုတ်လ ၂၃ ရက်တွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ Sunway Lagoon Resort Hotel ၌ကျင်းပရာ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးဆိုင်ရာတက္ကသိုလ်မှ ခွဲစိတ်ကုနှင့် မျိုးပွားပညာဌာန ပါမောက္ခ (ဌာနမှူး) ဒေါက်တာမြင့်သိန်း တက်ရောက်၍ ဖန်ပြွန်သန္ဓေသားထုတ်လုပ်ခြင်းနှင့် စပ်လျဉ်းသည့် သုတေသနစာတမ်းတစ်စောင်ကို ဖတ်ကြားတင်သွင်းခဲ့ခြင်းဖြစ်သည်။ ဒေါက်တာမြင့်သိန်းသည် ၂၀၀၃ ခုနှစ်တွင် မလေးရှားနိုင်ငံ ပူထရာတက္ကသိုလ်မှ Ph.D ဘွဲ့ကို ရရှိခဲ့သည်။

## ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့အထိမ်းအမှတ်ဆု

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် ကျင်းပသော (၅၇)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးညီလာခံတွင် အရှေ့တောင်အာရှဒေသနိုင်ငံများ၌ ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ချီးမြှင့်သောဆု (World No Tobacco Day Award) ကို မြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်က ရရှိကြောင်း မေလ ၂၀ ရက်နေ့တွင် ကြေညာခဲ့သည်။

မြန်မာနိုင်ငံတွင် နိုင်ငံနှင့်ချီ၍ ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ကို မည်ကာမတ္တ အခမ်းအနားတစ်ရပ် ကျင်းပခြင်းမှလွဲပြီး ထိုနေ့တွင် ဆေးလိပ်မသောက်ကြရန် ကျယ်ကျယ်ပြန့်ပြန့် စည်းရုံးလှုံ့ဆော်တိုက်တွန်းခြင်း၊ အင်တိုက်အားတိုက် ပြုလုပ်ခြင်းကိုမူ မတွေ့မြင်ရပေ။ နိုင်ငံပိုင်ဆေးရုံနှင့် အခြေခံပညာကျောင်း ဇရိယာများကိုသာ ဆေးလိပ်ကင်းစင်နယ်မြေအဖြစ် သတ်မှတ်ထားသည်ကို တွေ့ရပြီး လူအများနှင့် သက်ဆိုင်သောနေရာ ဥပမာ– မီးရထားဘူတာရုံ၊ လေဆိပ်၊ ဘတ်စ်ကားမှတ်တိုင်၊ လေအေးစက်တပ် ရှော့ပင်းမောလ်၊ ကုန်တိုက်ကြီးများနှင့် ကဖေးဆိုင်များတွင် ကန့်သတ်ပိတ်ပင်မှု မရှိသေးသည်ကို တွေ့မြင်ရသည်။

ထို့ပြင် ယနေ့အချိန်ထိ ဘတ်စ်ကားပေါ်တွင် ဆေးလိပ်သောက်သူ ခရီးသည်နှင့် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များကို တွေ့မြင်နေရသည့်အပြင် လူငါးဦးခန့်သာ စုပေါင်းငှားရမ်းစီးနင်းသည့် အငှားယာဉ် (Taxi) များပေါ်တွင်ပါ ဆေးလိပ်သောက်သူများ ရှိနေဆဲဖြစ်သည်ကို တွေ့ရသည်။ ယင်းမှာ ပညာပေးမှုအားနည်းနေခြင်းသည်သာ အဓိကဖြစ်သည်ဟု လေ့လာသုံးသပ်သူများက ဆိုသည်။

## ပြည်ပမှ လာရောက်ဖွင့်လှစ်သော ဆေးရုံရုံးခွဲများ

ထိုင်းနိုင်ငံနှင့် နိုင်ငံတကာဆေးရုံများတွင် လာရောက်ကုသကြသော ငွေကြေးချမ်းသာသူ မြန်မာလူမျိုးများကို နိုင်ငံခြားဆေးရုံများမှ သတိပြုမိလာပြီးနောက် ၂၀၀၄ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ၎င်းတို့၏ ရုံးခွဲများကို အပြိုင်အဆိုင် ဖွင့်လှစ်လာကြသည်။ ပထမဆုံး မြန်မာဈေးကွက်သို့ ဝင်ရောက်လာသည့် နိုင်ငံတကာဆေးရုံမှာ ဘိုင်ရွန်ဂရက် (BUMRUNGRAD) ဖြစ်ပြီး ၎င်းဆေးရုံ၌ မြန်မာလူနာ အတော်များများ တက်ရောက်ကုသလေ့ရှိသည်ဟု

မြန်မာ့ဆေးလောကမှ သိရှိရသည်။

ထိုင်းနိုင်ငံ ဘန်ကောက်ဆေးရုံကြီးမှ ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလတွင် မြန်မာနိုင်ငံရှိ ထိပ်တန်းဆရာဝန်များနှင့် Traders ဟိုတယ်၌ တွေ့ဆုံပြီးနောက်ပိုင်း မြန်မာနိုင်ငံ၌ ပြည်ပဆေးရုံများကို ပိုမိုသတိပြုစရာ ဖြစ်လာသည်။ ဘန်ကောက်ဆေးရုံသည် ၎င်း၏ ရောင်စုံကြော်ငြာများကို ဂျာနယ်များတွင် ထည့်သွင်းဖော်ပြပြီး ကြီးမားသော Bill Board ကြော်ငြာကြီးကိုပါ ဗဟန်းမြို့နယ် နတ်မောက်လမ်းထိပ်တွင် စိုက်ထူထားရှိသည်။ ဘန်ကောက်ဆေးရုံ ရုံးခွဲကို Lion Sea ကုမ္ပဏီမှ ရုံးခွဲတာဝန်ယူ၍ ဖွင့်လှစ်ပြီးနောက်တွင် မိခင်နှင့် ကလေးရောဂါကုသရာတွင် နာမည်ကျော်ကြားသော ဆမာဒိ (SAMITIVEI) ဆေးရုံကပါ ရုံးခွဲလာရောက် ဖွင့်လှစ်ခဲ့ရာ မြန်မာနိုင်ငံတွင် လက်ရှိစင်ကာပူဆေးရုံ နှစ်ရုံနှင့် ထိုင်းနိုင်ငံဆေးရုံ လေးရုံတို့၏ အတိုင်ပင်ခံရုံးခွဲများ ရှိနေပြီ ဖြစ်သည်။

နိုင်ငံခြားဆေးရုံတစ်ရုံတွင် သွားရောက်ဆေးကုသရန် ငွေကျပ်သိန်း ရာနှင့်ချီ၍ ကုန်ကျနိုင်သော်လည်း ခေတ်မီနည်းပညာနှင့် ပစ္စည်းကိရိယာများ အသုံးပြုခြင်း၊ ဆေးဝါးအရည်အသွေးကောင်းမွန်ခြင်း၊ ငွေကြေးနှင့် ညီမျှသော ဝန်ဆောင်မှုတို့ကြောင့် ငွေကြေးချမ်းသာသူအများစုမှာ သွားရောက်ဆေးကုသရန် ပိုမိုစိတ်ဝင်စားလာကြသည်ဟု နိုင်ငံခြားဆေးရုံ ရုံးခွဲတာဝန်ခံတစ်ဦးက ဆိုသည်။ ဦးနှောက်နှင့် အာရုံကြောဆရာဝန်ကြီးတစ်ဦးကမူ မြန်မာနိုင်ငံ၌ ကုသရခက်ခဲသော ဦးနှောက်နှင့် အာရုံကြောခွဲစိတ်မှုအချို့ကိုသာ နိုင်ငံခြားသို့ သွားရောက်ကုသသင့်သည်ဟု ပြောကြားခဲ့သော်လည်း ပြည်ပဆေးရုံ ရုံးခွဲတစ်ခုသည် တစ်လလျှင် လူနာနှစ်ဆယ်ခန့်ကို ဝန်ဆောင်မှုပေးနေရရာ ပြည်ပသို့ ဆေးသွားရောက်ကုသလိုသူ များပြားလာသည်မှာ အမှန်ပင် ဖြစ်သည်။

စင်ကာပူဆေးရုံများတွင် ဆရာဝန်သူနာပြုများက အင်္ဂလိပ်စကားကျွမ်းကျင်စွာ ပြောတတ်သော်လည်း ထိုင်းဆေးရုံများတွင် အင်္ဂလိပ်စကားပြောတတ်သူ ရှားပါး၍ အဆင်မပြေဖြစ်ခဲ့ရသည်ဟု တက်ရောက်သူ လူနာတစ်ဦးက ဆိုသည်။ သို့သော် ယခုအခါတွင် ထိုင်းဆေးရုံများသည် မြန်မာစကားကျွမ်းကျင်သော စကားပြန်များကို ထားရှိပေးလာသဖြင့် ဈေးနှုန်းချိုသာသော ထိုင်းဆေးရုံများမှာ ဈေးကွက်ပိုမိုရလာဖွယ်ရှိသည်ဟု ထိုင်းဆေးရုံတာဝန်ခံတစ်ဦးက သုံးသပ်သည်။

မြန်မာနိုင်ငံသည် နိုင်ငံတကာနှင့် ကူးသန်းဆက်ဆံမှု ပိုမိုများပြားလာပြီးနောက် နိုင်ငံတကာသို့ သွားရောက်ကုသရန်အတွက် ပြည်ပဆေးရုံရုံးခွဲများ ရှိလာပြီဖြစ်ရာ ပြည်တွင်းပုဂ္ဂလိကအထူးကုဆေးခန်းတို့သည် ၎င်းတို့၏ လျော့ရဲသော ဝန်ဆောင်မှုကို ပြုပြင်သင့်ပြီဖြစ်ကြောင်း လေ့လာသုံးသပ်သူအချို့က မှတ်ချက်ပြုကြသည်။

## အာနိသင်မရှိသောဆေးဝါးအတုများ တရားမဝင် တင်သွင်းဖြန့်ဖြူးမှု

ရန်ကုန်မြို့ရှိ ပုဂ္ဂလိက နိုင်ငံခြားဆေးဝါးအရောင်းဆိုင်အချို့၌ ဆေးဝါးအတု ရောင်းချနေမှုများကို ရှာဖွေဖော်ထုတ်တားဆီးရာ၌ ဒီဇင်ဘာလ ၂၀ ရက်တွင် ဆေးဝါးအတုများ ပြည်ပမှ တရားမဝင်တင်သွင်း၍ ဖြန့်ဖြူးရောင်းချသူ မင်္ဂလာတောင်ညွန့်မြို့နယ် (၁၂၃) လမ်း မြေညီထပ် အမှတ်(၄၆/ခ)နေ တင်လှိုင်(ခ) နက်လ (ဘ) ဦးစိုးကူးမားရဲ အား ဆေးအတုများဖြင့် ဖမ်းဆီးမိခဲ့ကြောင်း၊ ၎င်းသည် ၁၉၉၃ ခုနှစ် ဧပြီလခန့်မှစတင်၍ အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့နေ စူရေးနှင့် မိုရေးမြို့နေ ဘီကီတို့၏ စီစဉ်ပေးမှုအရ အိန္ဒိယနိုင်ငံထုတ် တရားဝင်မှတ်ပုံတင်ထားခြင်းမရှိသော AMOXYCILLIN,AMPICILLIN, C-CLOX CIPROLOX,DEGECID ဆေးဝါးများကို အိန္ဒိယနိုင်ငံ မိုရေးမှ တမူး၊ မုံရွာ၊ မန္တလေးမှတစ်ဆင့် ရန်ကုန်သို့သယ်ယူပြီး ဗိုလ်ချုပ်ဈေးနှင့် မင်္ဂလာဈေးတို့၌ ဖြန့်ဖြူးရောင်းချခဲ့ကြောင်း၊ ဘီကီထံမှ ဆေးဝါးများ သယ်ဆောင်ဖြန့်ဖြူးမှုကို ၂၀၀၀ ပြည့်နှစ်အထိ ပြုလုပ်ခဲ့ကြောင်း၊ ၂၀၀၂ ခုနှစ် မတ်လခန့်မှစ၍ မူဆယ်မြို့ တောင်ရပ်ကွက် အမှတ် (တ/၂၃၅)နေ ကျော်ကျော်နိုင် (ခ) အဗ္ဗဒူရှာဘူးလ် (ဘ) ဦးကာလာများ၏ ဆက်သွယ်ပေးမှုအရ တရုတ်နိုင်ငံ ရွှေလီမြို့ ထန်ဆန်းလမ်းနေ ဆေးအတုပြုလုပ်ရောင်းချသူ တရုတ်နိုင်ငံသား လောက်ဂျောင်နှင့် သိကျွမ်းခဲ့ပြီး AMPICILLIN, AMOXYCILLIN,CLOXACILLIN,CIPROLOX ဆေးများကိုအတုပြုလုပ်စေကာ ရွှေလီမြို့မှ လွယ်ကျယ်၊ ဗန်းမော်၊ မန္တလေးလမ်းကြောင်းမှတစ်ဆင့် ရန်ကုန်မြို့သို့ သယ်ယူဖြန့်ဖြူးရောင်းချခဲ့ကြောင်း၊ ၎င်းပြင် ၂၀၀၃ ခုနှစ် ဩဂုတ်လအတွင်း အိန္ဒိယနိုင်ငံထုတ် DEGECID ဆေးဝါး ကျပ်သိန်း ၂၀ ဖိုး၊ စက်တင်ဘာလအတွင်း ZINETAC ဆေးဝါး ကျပ်သိန်း ၄၀ ဖိုးခန့်ကို ကလေးနှင့် တမူးမြို့ရှိ ၎င်း၏အဆက်အသွယ်များမှတစ်ဆင့် တရားမဝင်တင်သွင်းဝယ်ယူခဲ့ကြောင်း၊ အလားတူ ဘီကီထံမှ ဆေးဝါးအတုများကို တင်သွင်းဖြန့်ဖြူးရောင်းချနေသူ မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ပုလဲငွေရောင်ရပ်နေ စောလွင်(ခ)ဘလူး၏ ဆေးဂိုဒေါင်မှလည်း ဆေးဝါးအတုများ ဖမ်းဆီးရမိခဲ့ကြောင်း၊ ၎င်းထံမှ ဆေးဝါးအတုများ ဝယ်ယူရောင်းချနေသူများထံမှလည်း ဆေးဝါးတုများ ထပ်မံသိမ်းဆည်းရမိခဲ့ကြောင်း၊ ဖော်ထုတ်ချက်များအရ ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်မှ ၂၅ ရက်အတွင်း စုစုပေါင်းဆေးဝါးတုလုံးရေ ၅၀၁၂၆၁၇ လုံး သိမ်းဆည်းရမိခဲ့ပြီး သိမ်းဆည်းရမိသော ဆေးဝါးများအနက် အိန္ဒိယနိုင်ငံဘက်မှ တရားမဝင်တင်သွင်းသော ဆေးဝါးများသည် အိန္ဒိယနိုင်ငံ၌လည်း တရားဝင် မသိအမှတ်ပြု မှတ်ပုံတင်ထားခြင်းမရှိသော ကုမ္ပဏီမှထုတ်သည့် အာနိသင်

မရှိသော ဆေးဝါးများဖြစ်ပြီး တရုတ်ပြည်ဘက်မှ တရားမဝင်တင်သွင်းသောဆေးပြားများသည် တရုတ်နိုင်ငံ၌ ဆေးဝါးအတုပြုလုပ်မှုဖြင့် သက်ဆိုင်ရာမှ ဖမ်းဆီးအရေးယူရန် အလိုရှိနေသော တရားခံပြေးတစ်ဦး၏ကုမ္ပဏီမှထုတ်သည့် အာနိသင်မရှိသော ဆေးဝါးများဖြစ်ကြောင်း ၃-၁-၂၀၀၄ ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်။

## တစ်နှစ်တာအကောင်းဆုံးအားကစားသမားဆု

မြန်မာနိုင်ငံ၏ ၂၀၀၃ ခုနှစ်အတွက် တစ်နှစ်တာအကောင်းဆုံး အမျိုးသား၊ အမျိုးသမီးအားကစားဆု (Sportman and Sportwoman ot the year 2003) ဆုများကို အမျိုးသားအကောင်းဆုံးအားကစားသမားဆုကို အောင်လင်း (လေ့လှော်) နှင့် အမျိုးသမီးအကောင်းဆုံးအားကစားသမားဆု ခိုင်ခိုင်မော် (ဂူရှူး)တို့သို့ မေလ ၁၁ ရက်နေ့က ချီးမြှင့်ခဲ့သည်။

ယခင်က ထိုဆုရရှိသူများမှာ ၁၉၉၄ ခုနှစ်တွင် အမျိုးသားအကောင်းဆုံးအားကစားသမားဆု သန်းတိုးအောင်(ဘောလုံး)၊ အမျိုးသမီးအကောင်းဆုံးအားကစားသမားဆု ဝင်းဝင်းမော် (အလေးမ)နှင့် ၁၉၉၅ ခုနှစ်တွင် အမျိုးသားအကောင်းဆုံး အားကစားသမားဆု ဗိုလ်မှူးမြင့်စိုး(သေနတ်ပစ်)၊ အမျိုးသမီးအကောင်းဆုံး အားကစားသမားဆု ခင်ခင်ထွေး (ပြေးခုန်ပစ်)တို့ ဖြစ်သည်။ တစ်နှစ်တာ အကောင်းဆုံးအားကစားသမားဆုအား ၁၉၉၀ ခုနှစ်နောက်ပိုင်းတွင် ၁၉၉၄ နှင့် ၁၉၉၅ ခုနှစ်တို့၌ နှစ်ကြိမ်ချီးမြှင့်ခဲ့ပြီးနောက် မရွေးချယ်ဖြစ်တော့ဘဲ ယခုအကြိမ်မှ ပြန်လည်ချီးမြှင့်ခြင်းဖြစ်သည်။

**အောင်လင်း (လေ့လှော်) နှင့် ခိုင်ခိုင်မော် (ဂူရှူး)**




## ISO ဆုများနှင့် ဒဗလျူကျူစီ နိုင်ငံတကာရွှေဆု

မြန်မာနိုင်ငံ စားသောက်ကုန်ထုတ်လုပ်ရေးဈေးကွက်တွင် အင်အားအကြီးမားဆုံးကုမ္ပဏီတစ်ခုဖြစ်သည့် Myanmar Brewery Ltd. သည် မြန်မာနိုင်ငံ၌ ပထမဆုံး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကွပ်ကဲမှု စနစ်လက်မှတ် ISO 14001:1996 ကို ရရှိခဲ့ရာ အဆိုပါလက်မှတ်ရရှိခဲ့ကြောင်း မိတ်ဆက်ရှင်းလင်းသည့် အခမ်းအနားကို ဩဂုတ်လ ၂၄ ရက်နေ့က အဆိုပါကုမ္ပဏီ၏စက်ရုံတွင် ပြုလုပ်ခဲ့သည်။

Myanmar Brewery Ltd. သည် လုပ်ငန်းစတင်သည့် ၁၉၉၆ ခုနှစ်မှ ယနေ့အထိ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၄၅ သန်းခန့် ရှိနေပြီဖြစ်ကြောင်း ၎င်းကုမ္ပဏီမှ ထုတ်ပြန်ချက်အရ သိရသည်။ Myanmar Brewery Ltd. ကို စင်ကာပူနိုင်ငံ Fraser & Neave Ltd. နှင့် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်တို့ ဖက်စပ်တည်ထောင်ထားခြင်းဖြစ်ပြီး မြန်မာဘီယာ၊ တိုက်ဂါးဘီယာ၊ ABC ဘီယာ၊ Anchor ဘီယာများကို ထုတ်လုပ်ဖြန့်ချိလျက်ရှိသည်။ မြန်မာနိုင်ငံ၏ စားသောက်ကုန်ထုတ်လုပ်ရေးလုပ်ငန်းများထဲတွင် ရင်းနှီးမြှုပ်နှံမှုပမာဏအများဆုံးနှင့် ဈေးကွက်ပြိုင်ဘက်မရှိသည့် ထိပ်တန်းကုမ္ပဏီတစ်ခု ဖြစ်သည်။ (Oct.,04, Living Color ဖော်ပြပြီး)

ယခုနှစ်အတွင်း အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်း သတ်မှတ်ရေးအဖွဲ့အစည်း (International Standard Oraganization) မှ ပေးအပ်သည့် ISO 9001;2000 အား မြန်မာနိုင်ငံရှိ Peace Myanmar Group Co.,Ltd.(PMG) ကလည်းရရှိခဲ့ရာ ဒီဇင်ဘာ ၂၆၊ ၂၀၀၃-ဇန်နဝါရီ ၁၊ ၂၀၀၄ ထုတ် မြန်မာတိုင်းမ်ဂျာနယ်တွင် ပီအမ်ဂျီကုမ္ပဏီသည် အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းသတ်မှတ်ရေးအဖွဲ့အစည်းက ပြဋ္ဌာန်းသတ်မှတ်ထားသည့် အရည်အသွေးစီမံခန့်ခွဲမှုစနစ်ကို ကျင့်သုံးလျက်ရှိသောကုမ္ပဏီဖြစ်ကြောင်း အသိအမှတ်ပြုသည့် ISO 9001;2000 လက်မှတ်ကို ၂၀၀၃ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်နေ့က အင်္ဂလန်နိုင်ငံ အသိအမှတ်ပြု လက်မှတ်ပေးအပ်သော ဝန်ဆောင်မှုလုပ်ငန်းကပေးအပ်ခဲ့သည်ဟု ဖော်ပြခဲ့သည်။ ယခုနှစ်အတွင်း ISO 9001;2000 လက်မှတ်ရရှိသော အခြားကုမ္ပဏီတစ်ခုမှာ High Tech Concrete Co.,Ltd. ဖြစ်သည်။

ထို့ပြင် မန္တလေးရှိ မြန်မာ့ရိုးရာလက်မှုပစ္စည်းဆိုင်တစ်

## ၂၀၀၄ ခုနှစ်တွင် ကျင်းပခဲ့သော ပြည်တွင်းနှင့် နိုင်ငံတကာပြိုင်ပွဲများတွင် မြန်မာအားကစားသမားများ၏ ဆုရရှိမှု

| ရက်စွဲ | ပြိုင်ပွဲအမည် | နေရာ | ဆုရသူအမည် | ရရှိသည့်ဆု |
|---|---|---|---|---|
| ဇန်နဝါရီ ၁၂–၂၀ | အသက်(၁၄)နှစ်နှင့်အောက် အာရှဇုန်(၂)တင်းနစ်ပြိုင်ပွဲ | ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း | ဖြိုးမင်းသာ | တစ်ဦးချင်းပထမ ဆုနှင့်အကောင်းဆုံးဆု |
| ဖေဖော်ဝါရီ ၆ | အာရှတံခွန်စိုက်ကရာတေးဒို ပြိုင်ပွဲ | တရုတ်နိုင်ငံ တိုင်ပေ | အမျိုးသားအသင်းလိုက် ခတ ပြိုင်ပွဲ | ငွေ |
| ဖေဖော်ဝါရီ ၃–၉ | ဘင်းမ်စတက်နိုင်ငံများ အသက်(၁၈)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲ | ထိုင်းနိုင်ငံ ဖူးကတ်မြို့ | | ဖိုလ်စွဲ |
| ဇွန် ၂၀ | မြန်မာ–ထိုင်း ချစ်ကြည်ရေး အပြေးပြိုင်ပွဲနှင့် လမ်းလျှောက်ပြိုင်ပွဲ | တာချီလိတ်၊ မယ်ဆိုင် | အောင်သီဟ<br>ပပ | ပထမ<br>ပထမ |
| ဇွန် ၃–၆ | မလေးရှား အမျိုးသားမြင်းစီး အားကစားပွဲတော်(Malaysian National Horse Show 2004) | မလေးရှားနိုင်ငံ ပီနန်မြို့ | အိသက်မွန်<br>အေးသက်တာ | ရွှေ–၂၊ ငွေ–၁၊ ကြေး–၁<br>ရွှေ–၁ |
| ဇွန် ၁၉ | သတ္တမအကြိမ်မြောက် အရှေ့တောင်အာရှကာယဗလ ပြိုင်ပွဲ(၃ ဦးဝင်ရောက်ယှဉ်ပြိုင်) | အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း | မင်းဇော်ဦး | ၈၅ ကီလိုတန်းတွင်ပထမရွှေ(၁)၊ အကောင်းဆုံးကာယဗလသမား (The Best Body Builder) ဆုနှင့် MR.Bali, 2004 ဆု။ |
| | ။ | ။ | ဇော်ဝမ်း | ၅၅ ကီလိုတန်း ငွေ(၁) |
| | ။ | ။ | အောင်ခိုင်ဝင်း | ကီလို ၇၀တန်း ရွှေ(၁) |
| ဇွန်၁၈ မှ၂၁ | ၂၀၀၄ ခုနှစ် ဒုတိယအကြိမ် အာရှပတ်လည် မြားပစ်ပြိုင်ပွဲ | မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ | သင်းသင်းခိုင်<br>ညီညီထွန်း | အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ–ရွှေ(၁)<br>-အမျိုးသားအသင်းလိုက်ပြိုင်ပွဲ–ကြေး၁<br>- အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ–ကြေး၁ |
| ဇူလိုင် ၃ | ၂၀၀၄ ခုနှစ် ဒုတိယအကြိမ် မြောက် ဂျပန်ဖလားတံခွန်စိုက် ဂျူဒိုပြိုင်ပွဲဖိုလ်လုပွဲ | ရန်ကုန်၊ အောင် ဆန်းအားကစား ပြိုင်ကွင်း | သစ်တောရေးရာ အသင်း | ရွှေ–၄၊ ငွေ–၃၊ ကြေး–၆ ဖြင့် အမျိုးသား အမျိုးသမီးစုပေါင်း တံခွန်စိုက်ဖလား |
| စက်တင်ဘာ ၂ မှ ၁၀ | (၃၇)ကြိမ်မြောက်အလွတ်တန်း ဘိုးလင်းပြိုင်ပွဲ | စင်ကာပူနိုင်ငံ | ခင်သန်းထွေး | အမျိုးသမီးမာစတာဘီအလွတ်တန်း ရွှေ–၁ |
| | ။ | ။ | ဌေးဝင်းအောင် | အမျိုးသမီးမာစတာဘီအလွတ်တန်း–ငွေ–၁ |
| | ။ | ။ | ခင်မူတင့် | အမျိုးသမီးသက်ကြီးတန်း–ငွေ–၁ |
| | (၆၆)ကြိမ်မြောက် စင်ကာပူ တံခွန်စိုက်ပြေးခုန်ပစ်ပြိုင်ပွဲ | စင်ကာပူနိုင်ငံ | ကေခိုင်လွင် | ရွှေ–၃ |
| | ။ | ။ | မြင့်မြင့်အေး | ရွှေ–၃ |
| | ။ | ။ | အောင်သီဟ | ရွှေ–၂ |

| ရက်စွဲ | ပြိုင်ပွဲအမည် | နေရာ | ဆုရသူအမည် | ရရှိသည့်ဆု |
|---|---|---|---|---|
| | ။<br>။<br>။<br>။ | ။<br>။<br>။<br>။ | ဖြူဝါသက်<br>လဲ့လဲ့ဝင်း<br>ကေခိုင်မျိုးထွန်း<br>ယဉ်ယဉ်ခိုင် | ရွှေ–၁၊ငွေ–၁<br>ရွှေ–၁၊ငွေ–၂<br>ရွှေ–၁<br>ရွှေ–၁၊ငွေ–၁ |
| စက်တင်ဘာ<br>၄ မှ ၅ | (၈၁)ကြိမ်မြောက် မလေးရှား တံခွန်စိုက်ပြေးခုန်ပစ်ပြိုင်ပွဲ<br>။<br>။ | မလေးရှားနိုင်ငံ<br>။<br>။ | ကျော်စွာမိုး<br>ဇော်မင်းထွေး<br>နေနေဝင်း | ရွှေ–၁<br>ငွေ–၁၊ ကြေး–၁<br>အမျိုးသမီးတုတ်ထောက်ခုန်ပြိုင်ပွဲတွင် မြန်မာပြည်စံချိန်ဟောင်း၂၁၁၃သမ၉ဖ မီတာကို ၃၁၁၃မ ၁၀ မီတာဖြင့် မြန်မာပြည်စံချိန်သစ်တင်ခဲ့သူ |
| စက်တင်ဘာ<br>၂၂ မှ ၂၃ | (၉)ကြိမ်မြောက်ကမ္ဘာ့ဝူရှူး အားကစား | ဂျပန်နိုင်ငံ<br>တိုကျိုမြို့ | အမျိုးသားအသင်းအလိုက် | ငွေ |
| စက်တင်ဘာ<br>၂၇ မှ အောက်<br>တိုဘာ ၈ | အသက်(၁၈)နှစ်နှင့်အောက် Karachi Club-kapadia-ITF Junior (World Ranking) Tennis Championship | ပါကစ္စတန်နိုင်ငံ<br>ကရာချိမြို့ | – မချစ်စုရည် (အမျိုးသမီးတစ်ဦးချင်း)<br>– မချစ်စုရည် (အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲ ပထမပြိုင်ပွဲတွင် သီရိလင်္ကာနိုင်ငံမှ Miss.Amita နှင့် တွဲဖက်၍)<br>– မချစ်စုရည် (အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲ ဒုတိယပြိုင်ပွဲတွင် သီရိလင်္ကာနိုင်ငံမှ Miss.Amita နှင့် တွဲဖက်၍) | ပထမ<br>ပထမ<br>ပထမ |
| အောက်တိုဘာ<br>၁–၉ | ၂၀၀၄ ခုနှစ်ပထမအကြိမ် အာဆီယံ အမျိုးသမီးဘောလုံးပြိုင်ပွဲ | ဗီယက်နမ်နိုင်ငံ<br>ဟိုချီမင်းမြို့ | | ဗိုလ်စွဲ |
| စက်တင်ဘာ<br>၂၇ မှ<br>အောက်တိုဘာ ၁ | Malaysia Cup နှင့် World Sepaktakraw Championship (W.S.C) | မလေးရှားနိုင်ငံ<br>ပီနန်မြို့ | – အမျိုးသား Inter Regu ပြိုင်ပွဲ<br>-Team event | ဒုတိယ<br>ဒုတိယ |
| အောက်တိုဘာ ၂၇ မှ နိုဝင်ဘာ ၁ | အသက်(၁၈)နှစ်အောက် ကမ္ဘာ့လူငယ်တင်းနစ်ပြိုင်ပွဲ (1st Myanmar Junior World Ranking Tennis Tournament Grade-5) | မြန်မာနိုင်ငံ | မချစ်စုရည်(မြန်မာ) +Noordin (မလေးရှား) | ဗိုလ်စွဲ |
| စက်တင်ဘာ<br>၂၀ မှ ၂၃ | University Utara Malaysia နှစ် (၂၀)ပြည့်အထိမ်းအမှတ် ပိုက်ကျော်ခြင်းပြိုင်ပွဲ | မလေးရှားနိုင်ငံ<br>Sintok Kedah မြို့ | | တတိယ |

| ရက်စွဲ | ပြိုင်ပွဲအမည် | နေရာ | ဆုရသူအမည် | ရရှိသည့်ဆု |
|---|---|---|---|---|
| စက်တင်ဘာ ၃၀ မှ အောက်တိုဘာ ၁၀ | အကြိမ်(၁၁၀)မြောက် အိန္ဒိယဘောလုံး အဖွဲ့ချုပ်ဒိုင်း ဘောလုံးပြိုင်ပွဲ | အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့ | | ဗိုလ်စွဲ |
| စက်တင်ဘာ ၂၇ မှ အောက်တိုဘာ ၄ | ပဉ္စမအကြိမ်မြောက် အရှေ့တောင် အာရှ ကနူးလှေလှော်ပြိုင်ပွဲ | ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ | ဖုန်းမြင့်တေဇာ<br><br>အေးမိခိုင်+သိန်းငွေးဝင်း<br>ဖုန်းမြင့်တေဇာ+အောင်ကျော်မိုး<br>အောင်လင်း+ဝင်းထိုက်<br>အေးမိခိုင်<br>အောင်လင်း | ရွှေ-၂<br>ငွေ-၁<br>ရွှေ-၂၊ ကြေး-၁<br>ရွှေ-၁၊ ငွေ-၁<br>ရွှေ-၁၊ ငွေ-၂<br>ရွှေ-၁၊ ငွေ-၁<br>ရွှေ-၁၊ ငွေ-၁<br>ကြေး-၁<br>**စုစုပေါင်း ရွှေ-၈၊ ငွေ-၆၊ ကြေး၂** |
| အောက်တိုဘာ ၁၈ မှ ၂၀ | ပထမအကြိမ် ကမ္ဘာ့ရိုးရာဝူရှူးပွဲတော်ပြိုင်ပွဲ | တရုတ်ပြည်သူ့နိုင်ငံ ကျန့်ကျိုးမြို့ | | ရွှေ-၁၃<br>ငွေ-၁၁၊ ကြေး-၂ |
| အောက်တိုဘာ ၂၁ မှ ၂၆ | (၁၈)ကြိမ်မြောက် အာရှအငယ်တန်း ကာယဗလတံခွန်စိုက်ပြိုင်ပွဲ | ထိုင်းနိုင်ငံ ဗန်ကောက်မြို့ | အောင်ခိုင်ဝင်း | ရွှေ-၁ |
| နိုဝင်ဘာ ၁၀ မှ ၁၅ | ၂၀၀၄ ခုနှစ် တတိယအကြိမ် အာရှပတ်လည် မြားပစ်ပြိုင်ပွဲ | ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့ | <br><br>နိုင်ငံအလိုက် | ရွှေ-၇<br>ငွေ-၆၊ ကြေး-၃<br>ပထမ |
| နိုဝင်ဘာ ၂၀ မှ ၂၈ | (၆)ကြိမ်မြောက် အာရှဝူရှူး တံခွန်စိုက်ပြိုင်ပွဲ | မြန်မာနိုင်ငံ၊ အမျိုးသား အားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ | | |
| စက်တင်ဘာ ၂၃ မှ ၂၅ | တတိယအကြိမ် မဲခေါင်ဒေသနိုင်ငံများ ချစ်ကြည်ရေးအားကစားပြိုင်ပွဲ ၅ ကီလိုမီတာ မြို့ဖြတ်ပြေးပွဲ | ထိုင်းနိုင်ငံ မူဒါဟန် ပြည်နယ် မူဒါဟန်မြို့ | အသက်(၁၇)နှစ် မြန်မာလူငယ်ဘောလုံးအသင်း<br><br>- ပိုက်ကျော်ခြင်း (အမျိုးသမီး)အဖွဲ့ငယ်ပြိုင်ပွဲ<br>- ပိုက်ကျော်ခြင်း (အမျိုးသား) အဖွဲ့ငယ်ပြိုင်ပွဲ<br>- ရန်ပိုင်(ကယက်လှေလှော်)<br>- သန့်စင်၊ အောင်လွင်စိုး (နှစ်ယောက်လှေလှော်ပြိုင်ပွဲ)<br>- နော်အားလယ်ရှီး (အမျိုးသမီးတစ်ယောက်လှေလှော်)<br>- မြင့်မြင့်သန်း၊ သင်းသင်းကြူ (နှစ်ယောက်လှော်)<br>စုစုပေါင်း | ငွေ-၁<br><br>ရွှေ-၂<br>ရွှေ(ပူးတွဲ)<br><br>ငွေ-၁<br><br><br>ရွှေ-၁<br><br>ရွှေ-၁<br><br>ရွှေ-၁<br><br>ရွှေ-၆၊ပူးတွဲရွှေ-၁၊ ငွေ-၁ |

| ရက်စွဲ | ပြိုင်ပွဲအမည် | နေရာ | ဆုရသူအမည် | ရရှိသည့်ဆု |
|---|---|---|---|---|
| | ထိုင်းဘုရင့်ဖလား (ကမ္ဘာ့အဆင့်) ပိုက်ကျော်ခြင်းပြိုင်ပွဲ | ထိုင်းနိုင်ငံ ဗန်ကောက်မြို့ | ဗိုလ်လုပွဲ– | ဒုတိယ |
| | | | အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲ | တတိယ |
| | | | နိုင်ငံအလိုက် အသင်းကြီး | |
| | | | ပြိုင်ပွဲအုပ်စုပွဲစဉ် | ပထမ |
| ဒီဇင်ဘာ | ASEAN Optimist Championship | မြန်မာနိုင်ငံ | မစုစန္ဒာဝေ(တစ်ဦးချင်း) | တတိယဆု |
| ၁၇ မှ ၂၀ | | ချောင်းသာကမ်းခြေ | ရဲလင်းထွန်း(တစ်ဦးချင်း) | ဒသမဆု |
| | | | မစုစန္ဒာဝေ | အကောင်းဆုံးအားကစားသမား(အမျိုးသမီး)ဒုတိယဆု |
| | | | အသင်းလိုက်(မြန်မာ) | တတိယဆု |

ဆိုင်ဖြစ်သော နန်းမြင့်အမှတ်တရပစ္စည်းအရောင်းဆိုင်သည် ကမ္ဘာ့အရည်အသွေးဆိုင်ရာဆုကိုရရှိခဲ့ရာ ဩဂုတ် ၂၇–စက်တင်ဘာ ၂၊ ၂၀၀၄ ထုတ် မြန်မာတိုင်းမ်ဂျာနယ်တွင် အောက်ပါအတိုင်း ဖော်ပြထားခဲ့သည်။

*စပိန်နိုင်ငံ၊ မက်ဒရစ်ရှိ ကုမ္ပဏီများနှင့် ကျွမ်းကျင်ပညာရှင်များ စုပေါင်းဖွဲ့စည်းထားသော ဘီအိုင်ဒီအဖွဲ့က ချီးမြှင့်သည့် ကမ္ဘာ့အရည်အသွေးဆိုင်ရာ (ဒဗလျူကျူစီ) နိုင်ငံတကာဆုဖြစ်သော 'ပဲရစ် ၂၀၀၄ ရွှေဆု' ကို မန္တလေးမြို့မှ မြန်မာ့ရိုးရာလက်မှုပစ္စည်းအရောင်းဆိုင်တစ်ဆိုင်က ရရှိခဲ့သည်။*

*အဆိုပါနိုင်ငံတကာဆုတွင် ရွှေ၊ ပလက်တီနမ်နှင့် စိန်ဟူ၍ သုံးမျိုးခွဲခြားပါရှိပြီး လုပ်ငန်းတစ်ခု၏ ဝန်ဆောင်မှုများကို အချက်လေးချက်အပေါ်တွင် အခြေခံကာ အမှတ်ပေးရွေးချယ်ခြင်းဖြစ်သည်ဟူ၍ ဘီအိုင်ဒီအဖွဲ့မှပေးပို့သော အကြောင်းကြားစာတွင် ဖော်ပြပါရှိသည်။*

## ထိုင်းနိုင်ငံမှပြန်လည်ရောက်ရှိလာသော တရားမဝင်ကလေးငယ်ခြောက်ဦး

ထိုင်းနိုင်ငံသို့ တရားမဝင်ခေါ်ဆောင်၍ စီးပွားရှာခိုင်းစေခံရသော အသက် (၆) နှစ်မှ (၁၂) နှစ်အတွင်း မြန်မာကလေးငယ်မိန်းကလေး ခြောက်ဦးသည် မြန်မာ–ထိုင်း နှစ်နိုင်ငံ အစိုးရချင်း ညှိနှိုင်းဆောင်ရွက်မှုဖြင့် ဇန်နဝါရီလ ၂ ရက်နေ့တွင် လေကြောင်းခရီးနှင့် ပြန်လည်ရောက်ရှိလာကြောင်း၊ အဆိုပါကလေးငယ်များမှာ မြဝတီမြို့နယ်နှင့် ဘီးလင်းမြို့နယ်တွင် နေထိုင်ကြသူများဖြစ်ပြီး ၎င်းတို့၏ မိဘများထံမှ ပွဲစားများက ၂၀၀၃ ခုနှစ်အတွင်းက လှည့်ဖြားခေါ်ယူခဲ့ပြီး ထိုင်းနိုင်ငံသို့ ရောင်းချစေလွှတ်ခဲ့ကြောင်း၊ ၂၀၀၃ ခုနှစ် စက်တင်ဘာ ၁၀ ရက်ထုတ် ထိုင်းသတင်းစာများတွင် အရွယ်မရောက်သေးသော ကလေးငယ်များအား ဗန်ကောက်မြို့ရှိ ကာရာအိုကေဆိုင်များ၊ အရက်ဘားများတွင် သကြားလုံးနှင့်ပန်းများ ရောင်းချစေလျက်ရှိကြောင်း၊ သတင်းဖော်ပြပါရှိလာ၍ ဗန်ကောက်မြို့ မြန်မာသံရုံးမှ လိုအပ်သော စုံစမ်းမှုများပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံမှ အရွယ်မရောက်သေးသော ကလေးငယ်ခြောက်ဦး ပါဝင်သည်ကိုတွေ့ရှိခဲ့ရကြောင်း ဗန်ကောက်မြို့ရှိ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ တာဝန်ရှိသူများသည် ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဆက်သွယ်ခဲ့ပြီး ကလေးငယ်များအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ယူရန် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ မြန်မာသံရုံးမှ တာဝန်ရှိသူများ၏ မေတ္တာရပ်ခံချက်အရ ကလေးငယ်များအား ထိုင်းအစိုးရ လူမှုဝန်ထမ်းဌာနမှ ခေါ်ယူစောင့်ရှောက်ထားပြီး မြန်မာအစိုးရသို့ ယခုကဲ့သို့ ပြန်လည်လွှဲပြောင်းပေးခြင်းဖြစ်ကြောင်း ၃–၁–၂၀၀၃ နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားပြီး ဇန်နဝါရီ ၃ ရက်နေ့တွင် ၎င်းတို့၏မိဘများရှိရာ ဘီးလင်းမြို့နှင့် မြဝတီမြို့များသို့ တာဝန်ရှိပုဂ္ဂိုလ်များက အိမ်တိုင်ရာရောက် လိုက်ပါပို့ဆောင်ခဲ့ကြကြောင်း ၄–၁–၂၀၀၄ ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြခဲ့ကြသည်။

## လူကုန်ကူးမှုနှင့် မြန်မာနိုင်ငံ

မြန်မာနိုင်ငံ၌ လူကုန်ကူးမှုများ ကာကွယ်တားဆီးရေးအတွက် ၂၀၀၄ ခုနှစ်အတွင်း ပိုမိုအရှိန်အဟုန်မြှင့် ဆောင်ရွက်ခဲ့သည်ကို တွေ့ရသည်။ နယ်စပ်ဖြတ်ကျော် လူမှောင်ခိုကုန်ကူးမှုကို တားဆီးနိုင်ရန် မြန်မာနိုင်ငံ၏ နယ်စပ်မြို့များဖြစ်သည့် တာချီလိတ်၊ မြဝတီနှင့် မူဆယ်မြို့တို့၌ နယ်စပ်ဆက်သွယ်ရေးအရာရှိရုံးများ ဖွင့်လှစ်သွားရန်ရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ်ဝင်းမြိုင်၏ ပြောကြားချက်ကို ကိုးကား၍ မြန်မာတိုင်းမ်သတင်းဂျာနယ် အတွဲ (၉)၊ အမှတ် (၁၇၉) တွင် ဖော်ပြထားသည်။ အဆိုပါရုံးများမှ လူမှောင်ခိုကုန်ကူးမှုဆိုင်ရာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးနှင့် သတင်းဖလှယ်ရေးတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယင်းသတင်းက ဆိုသည်။

## ၂၀၀၄ ခုနှစ် ကုန်စည်ပြပွဲ၊ ဈေးရောင်းပွဲတော်နှင့် ပြပွဲများ

| စဉ် | နေ့စွဲ | အကြောင်းအရာ | ကျင်းပသည့်နေရာ |
|---|---|---|---|
| ၁ | ၃-၁-၂၀၀၄ မှ<br>၅-၁-၂၀၀၄ | သာကေတစက်မှုဇုန်နှင့် တောင်ဥက္ကလာပစက်မှုဇုန် တို့မှထုတ်လုပ်သော ကားနှင့်ကားပစ္စည်းပြပွဲ | မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ (ပင်မယာဉ်ပြင်အလုပ်ရုံ) |
| ၂ | ၈-၁-၂၀၀၄ မှ<br>၁၄-၁-၂၀၀၄ | မြန်မာ့ဆန်စက်လုပ်ငန်းပြပွဲ-၂၀၀၄(Myanmar Rice Milling Industry Fair-2004) နှင့် စာတမ်းဖတ်ပွဲ | ရန်ကုန်ကုန်သွယ်မှုဇဟိုဌာန |
| ၃ | ၁၃-၁-၂၀၀၄ မှ<br>၁၉-၁-၂၀၀၄ | သမဝါယမထုတ်ကုန်ပြပွဲနှင့်အရောင်းပွဲတော်-၂၀၀၄ | သမဝါယမကုန်သန်းရောင်းဝယ်ရေးဇဟိုဌာန(ဆရာစံပလာဇာ) |
| ၄ | ၂၁-၁-၂၀၀၄ မှ<br>၃၁-၁-၂၀၀၄ | မြန်မာ ICT ရက်သတ္တပတ်-၂၀၀၄ ခုနှစ် | ရန်ကုန်မြို့ MICT Park |
| ၅ | ၂၃-၁-၂၀၀၄ မှ<br>၂၅-၁-၂၀၀၄ | ဆီမီယိုဒေသဆိုင်ရာ သမိုင်းနှင့် ရိုးရာဓလေ့ဌာန မြန်မာ့ရိုးရာ ဝါးပစ္စည်းပြပွဲ (Exhibition On Traditions of Bamboo) | ရန်ကုန်မြို့ ပြည်လမ်း ဆီမီယိုဒေသဆိုင်ရာ သမိုင်းနှင့် ရိုးရာဓလေ့ဌာန |
| ၆ | ၂၅-၁-၂၀၀၄ မှ<br>၂၆-၁-၂၀၀၄ | ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့ မြန်မာ့ရိုးရာ မုန့်ရောင်းပွဲတော် | ပြည်သူ့ဥယျာဉ်၊ ရန်ကုန်မြို့ |
| ၇ | ၃၀-၁-၂၀၀၄ မှ<br>၂-၂-၂၀၀၄ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရန်ကုန် ကုန်စည်ပြပွဲ-၂၀၀၄ | ရန်ကုန်ကုန်သွယ်မှုဇဟိုဌာန |
| ၈ | ၄-၂-၂၀၀၄ မှ<br>၈-၂-၂၀၀၄ | ရန်ကုန်တိုင်းရွှေခြသေ့်သမဝါယမအသင်းလီမိတက် ကုန်စည်ပြပွဲနှင့်ဈေးရောင်းပွဲတော် | လားရှိုးမြို့ ယုံဟော်ကွင်း |
| ၉ | ၁၄-၂-၂၀၀၄ မှ<br>၁၇-၂-၂၀၀၄ | ဆလုံတိုင်းရင်းသား ရိုးရာပွဲတော်-၂၀၀၄ | မကြိုဂလက်ကျေးရွာ၊ မြိတ်ကျွန်းစု |
| ၁၀ | ၁၉-၂-၂၀၀၄ မှ<br>၂၂-၂-၂၀၀၄ | အိန္ဒိယထုတ်ကုန် ကုန်စည်ပြပွဲ (Made in India Show) | ရန်ကုန် ကုန်သွယ်မှုဇဟိုဌာန |
| ၁၁ | ၂၁-၂-၂၀၀၄ | YWCA 'ပန်းပန်းချီခြယ် ယုဝတီမယ်' ပန်းအလှပြင်ဆင်နည်း ပြပွဲနှင့်ပြိုင်ပွဲ | YMCA အသင်းတိုက် |
| ၁၂ | ၂၀-၂-၂၀၀၄ မှ<br>၂၂-၂-၂၀၀၄ | သမဝါယမဝန်ကြီးဌာန အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန<br>သွင်းကုန်အစားထိုးအိမ်တွင်းစက်မှုလက်မှုထုတ်ကုန် ပစ္စည်းပြပွဲနှင့် ဆွေးနွေးပွဲ | အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန |
| ၁၃ | ၁၃-၃-၂၀၀၄ မှ<br>၁၅-၃-၂၀၀၄ | မြန်မာ-ထိုင်း တူညီယဉ်ကျေးမှုဖော်ထုတ်ရေး လူငယ်ပန်းချီပြိုင်ပွဲဆုရပန်းချီကားများပြသပွဲ | အမျိုးသားပြတိုက် |
| ၁၄ | ၁၉-၃-၀၄ မှ<br>၂၈-၃-၀၄ | စာပေဗိမာန်စာအုပ်ဈေးပွဲတော် | ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း |
| ၁၅ | ၂-၄-၂၀၀၄ မှ<br>၅-၄-၂၀၀၄ | Quartz International Co., Ltd. မြန်မာ့ကုန်စည်ပြပွဲ-၂၀၀၄ | ရန်ကုန်ကုန်သွယ်မှုဇဟိုဌာန |
| ၁၆ | ၄-၅-၂၀၀၄ မှ<br>၇-၅-၂၀၀၄ | အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်းပြပွဲ | တက္ကသိုလ် စိန်ရတုခန်းမ |

| စဉ် | နေ့စွဲ | အကြောင်းအရာ | ကျင်းပသည့်နေရာ |
|---|---|---|---|
| ၁၇ | ၅-၅-၂၀၀၄ မှ<br>၈-၅-၂၀၀၄ | နဝမအကြိမ် ထိုင်းကုန်စည်ပြပွဲ ၂၀၀၄<br>(Thailand Exhibition-2004) | ရန်ကုန် ကုန်သွယ်မှုဗဟိုဌာန |
| ၁၈ | ၁၅-၅-၂၀၀၄ မှ<br>၁၉-၅-၂၀၀၄ | Dragon Exhibition Ltd.<br>မြန်မာ့ထုတ်ကုန်ပစ္စည်းပြပွဲ-၂၀၀၄ | လားရှိုး ဟော်နန်းဥယျာဉ် |
| ၁၉ | ၁၉-၅-၂၀၀၄ မှ<br>၂၃-၅-၂၀၀၄ | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန<br>မြန်မာ့တုန်းတာ ကုန်စည်ပြပွဲ | ရန်ကုန် ကုန်သွယ်မှုဗဟိုဌာန |
| ၂၀ | ၇-၈-၂၀၀၄ | ASEAN Food Festival | Kandawgyi Palace Hotel (Lake View) |
| ၂၁ | ၁၀-၉-၂၀၀၄ မှ<br>၁၄-၉-၂၀၀၄ | Alpha Group မြစ်ကြီးနားကုန်စည်ပြပွဲ | မြစ်ကြီးနားမြို့ |
| ၂၂ | ၉-၁၀-၂၀၀၄ မှ<br>၁၃-၁၀-၂၀၀၄ | Smart Business Group Co.,Ltd.<br>တောင်ကြီးမြို့ ကုန်စည်ပြပွဲနှင့် ဈေးပွဲတော် | တောင်ကြီးမြို့ |
| ၂၃ | ၁၈-၉-၂၀၀၄ မှ<br>၂၂-၉-၂၀၀၄ | Alpha Group ဖန်းမော်ကုန်စည်ပြပွဲ | ဖန်းမော်မြို့ |
| ၂၄ | ၂၅-၉-၂၀၀၄ မှ<br>၂၆-၉-၂၀၀၄ | ထိုင်းတက္ကသိုလ်ပညာရေး ဖိတ်ခေါ်ဆွေးနွေးပွဲနှင့်ပြပွဲ | ဆီဒိုးနားဟိုတယ် |
| ၂၅ | ၁-၁၀-၂၀၀၄ မှ<br>၅-၁၀-၂၀၀၄ | Alpha Group လားရှိုးကုန်စည်ပြပွဲ | လားရှိုးမြို့ |
| ၂၆ | ၈-၁၀-၂၀၀၄ မှ<br>၁၂-၁၀-၂၀၀၄ | Alpha Group ပြင်ဦးလွင်ကုန်စည်ပြပွဲ | ပြင်ဦးလွင်မြို့ |
| ၂၇ | ၁၅-၁၀-၂၀၀၄ မှ<br>၁၉-၁၀-၂၀၀၄ | Alpha Group တောင်ကြီးကုန်စည်ပြပွဲ | တောင်ကြီးမြို့ |
| ၂၈ | ၁၆-၁၀-၂၀၀၄ မှ<br>၂၀-၁၀-၂၀၀၄ | ဒုတိယအကြိမ် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ<br>တိုက်ဖျက်ရေးလှုပ်ရှားမှုပြပွဲ | မြို့တော်ခန်းမ(၁)၊ မန္တလေးမြို့ |
| ၂၉ | ၂၁-၁၀-၂၀၀၄ မှ<br>၂၅-၁၀-၂၀၀၄ | Climax Group Co.,Ltd.<br>အဆင့်မြင့်ကုန်စည်ပြပွဲနှင့်ဈေးပွဲတော် | မြိတ်မြို့ |
| ၃၀ | ၂၁-၁၀-၂၀၀၄ မှ<br>၂၄-၁၀-၂၀၀၄ | Vietnam Trade Promotion Agency<br>ဗီယက်နမ်ကုန်စည်ပြပွဲ-၂၀၀၄ | ရန်ကုန်ကုန်သွယ်မှုဗဟိုဌာန |
| ၃၁ | ၂၂-၁၀-၂၀၀၄ မှ<br>၂၆-၁၀-၂၀၀၄ | မြန်မာ့ပရိဘောဂပြပွဲ-၂၀၀၄<br>(Myanmar Furniture Fair-2004) | တပ်မတော်ခန်းမ |
| ၃၂ | ၂၄-၁၀-၂၀၀၄ မှ<br>၂၈-၁၀-၂၀၀၄ | ရွှေခြသေ့်သမဝါယမအသင်းလီမိတက်<br>မင်းဘူးမြို့ကုန်စည်ပြပွဲနှင့်ဈေးရောင်းပွဲတော် | မင်းဘူးမြို့ခရိုင်အားကစားကွင်း |
| ၃၃ | ၂၆-၁၀-၂၀၀၄ မှ<br>၁-၁၁-၂၀၀၄ | သမဝါယမဒေသထွက်ကုန်အရောင်းပွဲတော် | ဆရာစံပလာဇာ |
| ၃၄ | ၂၉-၁၀-၂၀၀၄ မှ<br>၃၁-၁၀-၂၀၀၄ | 2004 Sony Exhibition(Mandalay) | မန္တလေး ICT Park |
| ၃၆ | ၆-၁၁-၂၀၀၄ မှ<br>၁၀-၁၁-၂၀၀၄ | Alpha Group<br>ဘားအံ ကရင်ပြည်နယ်နေ့ ကုန်စည်ပြပွဲ | ဘားအံမြို့ |
| ၃၇ | ၁၁-၁၁-၂၀၀၄ | Myanmar Products Export 2004 | ရန်ကုန်ကုန်သွယ်မှုဗဟိုဌာန |
| ၃၈ | ၁၃-၁၁-၂၀၀၄ မှ<br>၁၇-၁၁-၂၀၀၄ | Alpha Group မြဝတီကုန်စည်ပြပွဲ | မြဝတီမြို့ |

| စဉ် | နေ့စွဲ | အကြောင်းအရာ | ကျင်းပသည့်နေရာ |
|---|---|---|---|
| ၃၉ | ၂၅–၁၁–၂၀၀၄ မှ ၂၇–၁၁–၂၀၀၄ | ကိုရီးယားကုန်စည်ပြပွဲ–၂၀၀၄ | ရန်ကုန်ကုန်သွယ်မှုဇဟိုဌာန |
| ၄၀ | ၁–၁၂–၂၀၀၄ မှ ၅–၁၂–၂၀၀၄ | ပထမအကြိမ် ငါးနိုင်ငံ ကုန်စည်ပြပွဲ–၂၀၀၄ (The First CLMTV-ECS Trade Fair-2004) | မြန်မာကွန်ဗင်းရှင်းစင်တာ |
| ၄၁ | ၁၇–၁၂–၂၀၀၄ မှ ၂၁–၁၂–၂၀၀၄ | ဗိုလ်ချုပ်အောင်ဆန်းဈေး ဈေးပွဲတော် | ရန်ကုန်မြို့၊ ဗိုလ်ချုပ်အောင်ဆန်းဈေး |
| ၄၂ | ၁၈–၁၂–၂၀၀၄ မှ ၂၂–၁၂–၂၀၀၄ | မြန်မာ–တရုတ်နယ်စပ်ကုန်သွယ်ရေး ကုန်စည်ပြပွဲ–၂၀၀၄ | ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့(မန်ဝိန်းကုန်ချကွင်း) |

ထို့အပြင် ပြည်ထဲရေးဝန်ကြီးဌာနသည် ၂၀၀၂ ခုနှစ် ဇူလိုင်လမှ ၂၀၀၄ ခုနှစ် ဇူလိုင်လအထိ ၂ နှစ်အတွင်း လူမှောင်ခိုကုန်ကူးသည့်အမှုပေါင်း ၄၁၂ မှုတွင် ပါဝင်ပတ်သက်ခဲ့သည့် လူမှောင်ခိုကုန်ကူးသူ ၇၉၅ ဦးအား ဖမ်းဆီးခဲ့ကာ ၎င်းတို့အနက်မှ ၃၃၅ ဦးကို ထောင်ဒဏ်သုံးနှစ်မှ တစ်သက်တစ်ကျွန်းအထိ ပြစ်ဒဏ်ပေးခဲ့သည်။

ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် ၂၀၀၁ ခုနှစ် စက်တင်ဘာလမှ ၂၀၀၄ ခုနှစ် ဇူလိုင်လအတွင်း လူပေါင်း ခုနစ်သိန်းကျော်အား လူမှောင်ခိုကုန်ကူးမှုနှင့် ပတ်သက်၍ ပညာပေးနိုင်ခဲ့ကာ တစ်ဖက်နိုင်ငံသို့ တရားမဝင်သွားရောက်အလုပ်လုပ်ကြမည့် လူပေါင်း ၁၆,၀၀၀ ကိုလည်း တားဆီးနိုင်ခဲ့ကြောင်း အစိုးရ၏ ထုတ်ပြန်ချက်တစ်ရပ်အရ သိရသည်။

ဇွန်လ ၁၄ ရက်နေ့က အမေရိကန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာတစ်စောင်တွင် မြန်မာနိုင်ငံအနေဖြင့် လူကုန်ကူးမှုတိုက်ဖျက်ရေးအတွက် လုံလောက်သည့် အရေးယူဆောင်ရွက်မှုမရှိကြောင်း ဖော်ပြခဲ့ရာ မြန်မာနိုင်ငံအစိုးရက အဆိုပါစွပ်စွဲမှုအား ပယ်ချခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့် လူကုန်ကူးမှုတိုက်ဖျက်ရေးအတွက် အတတ်နိုင်ဆုံး ဆောင်ရွက်နေကြောင်း ဇွန်လ ၁၇ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြခဲ့သည်။

ထို့အပြင် လူမှောင်ခိုကုန်ကူးမှုဆိုင်ရာ ဥပဒေကြမ်းကို လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်း ကော်မတီ၏ ဦးဆောင်မှုဖြင့် ရေးဆွဲလျက်ရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာန နယ်စပ်ဖြတ်ကျော်မှုခင်းဌာနမှ ဒုတိယရဲမှူးကြီး ရာလျန်မုန်းက ဧပြီလအတွင်းက ပြောကြားခဲ့သည်။ **(ဧပြီ ၃၀–မေ ၆၊ ၂၀၀၄ မြန်မာတိုင်းမ်)**

မဲခေါင်ဒေသအတွင်း လူကုန်ကူးမှုတိုက်ဖျက်ရေးအတွက် ယင်းဒေသတွင်း နိုင်ငံများဖြစ်သော တရုတ်၊ ကမ္ဘောဒီးယား၊ ထိုင်း၊ လာအို၊ ဗီယက်နမ်နှင့် မြန်မာနိုင်ငံတို့၏ နားလည်မှုစာချွန်လွှာတစ်ရပ်ကို အောက်တိုဘာလ ၂၉ ရက်နေ့က ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပသော ဆွေးနွေးပွဲတွင် သဘောတူလက်မှတ်ရေးထိုးနိုင်ခဲ့ကြသည်။ မြန်မာနိုင်ငံမှ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခဲ့သော အဆိုပါ မဲခေါင်ဒေသအတွင်း လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ဝန်ကြီးများအဆင့် ညှိနှိုင်းဆွေးနွေးပွဲသတင်းထုတ်ပြန်ချက်အရ အချက် ၃၄ ချက်ပါ နားလည်မှုစာချွန်လွှာတွင် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အရေးပါသောအချက်များနှင့် သတင်းအချက်အလက်များ ဖလှယ်ယူရန်၊ သက်ဆိုင်ရာ အရာရှိများအား သင်တန်းပို့ချသွားရန်၊ ဒေသအတွင်း ကမ္ဘာလှည့်ခရီးသွားလာမှုများသော နေရာများတွင် လူကုန်ကူးမှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်ရန်၊ အမျိုးသားလူကုန်ကူးမှုအဖွဲ့ ဖွဲ့စည်း၍ အခြား အဖွဲ့အစည်းအများနှင့် ပူးပေါင်းလုပ်ဆောင်သွားရန်တို့ ပါဝင်ပြီး ၂၀၀၆–၀၇ ခုနှစ်တွင် အပြီးသတ် အကောင်အထည်ဖော်သွားမည်ဟု ယင်းသဘောတူညီချက်အရ သိရသည်။

မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ရေ့တန်းသို့ ရောက်ရှိလာသည့် နိုင်ငံဖြတ်ကျော် မှုခင်းပြဿနာများကို နိုင်ငံတကာနှင့် ပူးပေါင်းတိုက်ဖျက်ရေးအတွက် ၂၀၀၄ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင် နိုင်ငံဖြတ်ကျော်မှုခင်းများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းနှင့် နောက်ဆက်တွဲစာချုပ်ဖြစ်သည့် Protocol to Prevent, Suppress and Punish Trafficking in Persons, Especially Women and Children နှင့် Protocol Against the Smuggling of Migrants by Land, Sea and Air တို့တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့ပြီး ဖြစ်သည်။

## ကမ္ဘာ့ဗုဒ္ဓဘာသာညီလာခံ

စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာညီလာခံ (The Fourth World Buddhist Summit) ကို ဒီဇင်ဘာလ ၉ ရက်မှ ၁၁ ရက်အတွင်း ရန်ကုန်မြို့ရှိ ဆဋ္ဌသင်္ဂါယနာတင်ခဲ့ရာ မဟာပါသဏလိုဏ်ဂူတော်ကြီးတွင် ကျင်းပခဲ့သည်။

ညီလာခံမကျင်းပမီ တစ်လနှစ်လခန့်အချိန်အတွင်း ညီလာခံမကျင်းပဖြစ်တော့ဟု သတင်းအမျိုးမျိုး ထွက်ပေါ်ခဲ့ရာ ၃–၁၂–၂၀၀၄ ထုတ် နိုင်ငံပိုင်မြန်မာ့အလင်းသတင်းစာတွင် ဆောင်းပါး

ရှင် သီတဂူဆရာတော်က အဆိုပါသတင်းများနှင့် ပတ်သက်၍ ရှင်းလင်းရေးသားခဲ့သည်ကို တွေ့ရသည်။

အဆိုပါဆောင်းပါးတွင် ကမ္ဘာ့ဗုဒ္ဓဘာသာညီလာခံကို တစ်စိတ်တစ်ပိုင်း ထောက်ပံ့ကူညီသည့် ဂျပန်ဗုဒ္ဓဘာသာဂိုဏ်း နင်ဘုစုရှု၏ အထောက်အပံ့မရသည့်အတွက် ညီလာခံကို မည်သို့မျှ မထိခိုက်ကြောင်း ရေးသားဖော်ပြခဲ့သည်။ နင်ဘုစုရှုဂိုဏ်းက ကမ္ဘာ့ဗုဒ္ဓဘာသာညီလာခံမလုပ်တော့ကြောင်း ကြေညာသွားခဲ့ခြင်း၊ ဖိတ်ကြားပြီးသော နိုင်ငံများမှ ဗုဒ္ဓဘာသာခေါင်းဆောင်များကို အစည်းအဝေး ဖျက်သိမ်းကြောင်း၊ Summit ကို ဆက်လုပ်လျှင် တရားမဝင်ကြောင်း ကြေညာခဲ့ခြင်းနှင့် ဆက်၍ ရေးသားခဲ့သော ဆောင်းပါး ဖြစ်သည်။

ထိုဂျပန် နင်ဘုစုရှုဂိုဏ်းနေရာတွင် အခြား ဂျပန်ဗုဒ္ဓဘာသာအဖွဲ့ကို ဖိတ်ကြားလိုက်ကြောင်း၊ နင်ဘုစုရှုဂိုဏ်းက ဖိတ်ကြားပြီးမှ ပယ်ခဲ့သော ၁၇ နိုင်ငံကိုလည်း ဖိတ်ကြားခဲ့ကြောင်း၊ အားလုံးက တက်ရောက်ကြမည်ဖြစ်ကြောင်း သီတဂူဆရာတော်က ဆိုသည်။ ယခုအစည်းအဝေးမတိုင်မီ ကြိုတင်ရေးထိုးခဲ့သော နားလည်မှုစာချွန်လွှာ MoU အရ နင်ဘုစုရှုဘက်က ၁၇ နိုင်ငံ ဖိတ်မည်၊ ထို ၁၇ နိုင်ငံမှ ကိုယ်စားလှယ်များ၏ ပြည်ပလေယာဉ်ခနှင့် မြန်မာနိုင်ငံတွင်း အစည်းအဝေးနှင့် ဟိုတယ်စရိတ်တို့ကို တာဝန်ယူမည်ဟု သဘောတူညီခဲ့ကြကြောင်း ဆောင်းပါးတွင် ဖော်ပြထားသည်။

အချက်ပေါင်း ၂၀ ကျော် ပါဝင်သော နားလည်မှုစာချွန်လွှာပါ အချက်အလက်များကို ကြည့်ခြင်းဖြင့် စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ အစည်းအဝေးကြီးတွင် ဂျပန် နင်ဘုစုရှုဂိုဏ်း၏ အထောက်အပံ့အကူအညီများ အသုံးစရိတ်အားလုံး၏ ၁၀ ပုံတစ်ပုံသာရှိကြောင်း၊ သို့ဖြစ်ခြင်းကြောင့် နင်ဘုစုရှုဂိုဏ်း၏ အထောက်အပံ့ မပါသည့်အတွက်လည်း ထိပ်သီးအစည်းအဝေးကို မည်သို့မျှ မထိခိုက်သည်မှာ ထင်ရှားကြောင်း ဆောင်းပါးရှင် သီတဂူဆရာတော်က ဆက်လက်ဖော်ပြသည်။

သီတဂူဆရာတော်သည် မြန်မာနိုင်ငံအစိုးရမှ ပေးအပ်သည့် သာသနာရေးဆိုင်ရာဘွဲ့များဖြစ်သည့် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ မဟာဓမ္မ ကထိက ဗဟုဇနဟိတဓရ ဘွဲ့များကို ရရှိခဲ့သည်။ ထို့အပြင် ရန်ကုန်တက္ကသိုလ်၏ ၁၈၆ ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဂုဏ်ထူးဆောင်စာပေပါရဂူဘွဲ့ Doctor of Letters (Honoris Causa) ကို ရရှိခဲ့ပြီး ရန်ကုန်မြို့ရှိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာ သာသနာပြု တက္ကသိုလ်၏ ဩဝါဒစရိယနှင့် ဂုဏ်ထူးဆောင် ပါမောက္ခလည်း ဖြစ်သည်။

ယင်းညီလာခံ ဖွင့်ပွဲနှင့်ပိတ်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုများတွင် မြန်မာဘာသာဖြင့် ဖတ်ကြားသော သဝဏ်လွှာ၊ ပြောကြားသောမိန့်ခွန်း၊ ရွတ်ဆိုသော ရတုကဗျာများကို အချိန်နှင့်တပြေးညီ အင်္ဂလိပ်ဘာသာဖြင့် ပြန်ဆိုစာတမ်းထိုးပေးသည်ကို တွေ့ရသည်။ ယင်းနည်းပညာကို Online Editing ဟု နိုင်ငံတကာတွင် ခေါ်ဆိုပြီး မြန်မာနိုင်ငံတွင် ယင်းနည်းပညာကို အသုံးပြုသည်မှာ ယခု ပထမဆုံးဖြစ်သည်။ ထို့အပြင် နိုင်ငံတကာမှ တိုက်ရိုက်ထုတ်လွှင့်ပြသသော ဘောလုံးပွဲစဉ်များတွင် ဂိုးဝင်သွားသည့်ပြကွက်ကို ထောင့်ပေါင်းစုံမှ ပြန်လည်ပြသသည့် နည်းပညာမျိုးကိုလည်း ဤတိုက်ရိုက် ထုတ်လွှင့်မှုတွင် စမ်းသပ်အသုံးပြုလာသည်ကို တွေ့ရသည်။

## First Eleven Sport ဂျာနယ်နှင့် Eleven FC ဘောလုံးအသင်း

အားကစားဂျာနယ်များမှ ဘောလုံးကလပ်အသင်းများ ထူထောင်လာကြရာ ယခုအခါ စုစုပေါင်း နှစ်သင်းရှိလာပြီ ဖြစ်သည်။ ပထမဦးဆုံးအသင်းမှာ တံခွန်ဂျာနယ်အဖွဲ့မှ ကြီးကြပ်အုပ်ချုပ်သည့် တံခွန်ဘောလုံးအသင်း ဖြစ်သည်။ ဒုတိယမြောက်အသင်းမှာ First Eleven Sport ဂျာနယ်၏ Eleven FC အသင်းဖြစ်သည်။

တံခွန်ဘောလုံးအသင်းမှာ ပုဂ္ဂလိက အလှူရှင်များမှ စိုက်ထုတ်ဖြည့်ဆည်းပေးသော ရန်ပုံငွေဖြင့် ရပ်တည်ခဲ့ပြီး နိုင်ငံ



လက်ရွေးစင်များအထိ ခြေစွမ်းထက်အောင် လေ့ကျင့်ပျိုးထောင်ပေးနိုင်ခဲ့သည့်အထိ ရလဒ်ကောင်းများ ရှိခဲ့သည်။

ယခု Eleven FC ဘောလုံးအသင်းသည် တတိယတန်းပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်နေပြီဖြစ်ပြီး နိုင်ငံ၏ ဘောလုံးအားကစားကဏ္ဍကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးသွားရန် ရည်ရွယ်ထားသည်ဟု ယင်းဂျာနယ်မှ ဆိုသည်။ လက်ရှိကာလတွင် ဘောလုံးအသင်းအတွက် First Eleven Sport ဂျာနယ်၏ အမြတ်ငွေများထဲမှ တစ်လလျှင် ကျပ်ငါးသိန်းနှုန်း အကုန်အကျခံ ပြုစုပျိုးထောင်ပေးလျက်ရှိသည်ဟု ၎င်းတို့၏အဆိုအရ သိရသည်။

မြန်မာနိုင်ငံ အားကစားဂျာနယ်ဈေးကွက်တွင် အခိုင်အမာနေရာရလျက်ရှိနေသော First Eleven Sport ဂျာနယ်သည် သူ့ပရိသတ်နှင့်သူ ဈေးကွက်ခိုင်မာနေပြီး ဖြစ်သည်။

လက်ရှိ ယှဉ်ပြိုင်လျက်ရှိသော တတိယတန်းပွဲစဉ်များတွင် Eleven Logo ပါ ဘောလုံးကန်အင်္ကျီ ဝတ်ဆင်ကာ ယှဉ်ပြိုင်လျက်ရှိသည်။ Eleven Media Group မှ Eleven Distribution Team ကို ဖွဲ့စည်းလျက် စာပေထုတ်လုပ်ဖြန့်ချိရေးကို ရန်ကုန်ဈေးကွက်တွင် ဆောင်ရွက်လာသည်ကို တွေ့ရသည်။ ထုတ်ဝေသူ မည်သူမဆို မိမိတို့၏ စာစောင်များ (လုံးချင်း စာအုပ်မပါ)ကို ဖြန့်ချိလိုလျှင်လည်း ညှိနှိုင်းလက်ခံ ဆောင်ရွက်ပေးမည်ဟု ၎င်းတို့အဆိုအရ သိရသည်။

## လူငယ်နှင့် လူမှုရေးအလှူ

၂၀၀၄ ခုနှစ်အတွင်း လူငယ်များ ဦးစီးပြီး လူမှုရေးလုပ်ငန်းများနှင့် ပရဟိတလုပ်ငန်းများသို့ လှူဒါန်းကြခြင်းများကို တွေ့မြင်လာရသည်။

တေးသံရှင် ဇော်ဝင်းထွဋ်၏ သမီးဖြစ်သူ မဝင်းထွဋ်တာရာ (ခေါ်) ချန်ချန် ဦးစီးပြီး ၂-၂-၂၀၀၄ ရက်နေ့တွင် ယုဇနဂါးဒင်းဟိုတယ်ဝင်းအတွင်း၌ ဈေးပွဲတော်တစ်ခု ကျင်းပခဲ့သည်။ အဆိုပါဈေးပွဲတော်မှ ရရှိသည့်ဝင်ငွေအားလုံးအား မလိခလမ်းရှိ အမျိုးသမီးဂေဟာသို့ ကျပ် ၁၃ သိန်း၊ ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ ဝိသာခါမိဘမဲ့ဂေဟာသို့ ကျပ် ၁၀ သိန်း ပေးအပ်လှူဒါန်းခဲ့သည်။ ထို့နောက် ၎င်းကပင် ဆက်လက်၍ Grand Plaza Park Royal (Yangon) နှင့် ပူးပေါင်းကာ ၃-၄-၂၀၀၄ ရက်နေ့တွင် အဆိုပါဟိုတယ်၏ ခန်းမဆောင်၌ Charity Fun Fair တစ်ပွဲ ကျင်းပခဲ့သည်။ ထို Fun Fair မှ ရရှိသော အကျိုးအမြတ်များအားလည်း ပရဟိတအဖွဲ့အစည်းများသို့ လှူဒါန်းခဲ့ကြောင်း အပတ်စဉ်ထုတ်ဂျာနယ်အချို့တွင် ဖော်ပြချက်အရ သိရှိရသည်။

အလားတူ Dagon International Limited နှင့် The Palm Beach Resort တို့၏ Marketing Director ဖြစ်သူ အသက် ၂၃ နှစ်အရွယ်ရှိ မအိနှင်းပွင့်ကလည်း မေလ ၂၄ ရက်မှ ၃၁ ရက်အတွင်း ဒဂုံစင်တာ တစ်နှစ်ပြည့် ဈေးပွဲတော်ပြုလုပ်ကာ လာရောက်သူများအား ဝင်ကြေး ၂၀၀ ကျပ် ကောက်ခံခဲ့ပြီး ရရှိသောငွေများအား ဒဂုံစင်တာမိသားစု အလှူငွေများနှင့် ပူးပေါင်း၍ နာရေးကူညီမှုအသင်းသို့ ၅ သိန်း၊ ဦးလှထွန်း မေတ္တာရိပ်မြုံ ကင်ဆာဖောင်ဒေးရှင်းသို့ ၅ သိန်း၊ ဇေဒင်မသန်စွမ်း သက်ငယ်များပြုစုရာရိပ်မြုံသို့ ၁၅ သိန်း လှူဒါန်းခဲ့သည်။

ပြည်ပနိုင်ငံအချို့တွင် သွားရောက်ပညာသင်ကြားနေသူ လူငယ်များစွာရှိသော်လည်း ၎င်းတို့နှစ်ဦးသာ ယခုကဲ့သို့ ဆောင်ရွက်နိုင်ခြင်းမှာ မှတ်တမ်းတင်ရမည့်အကြောင်းအရာ ဖြစ်ခဲ့သည်။

၂၀၀၄ ခုနှစ် နှစ်လယ်ခန့်တွင် The Trees တေးဂီတအဖွဲ့က ၎င်းတို့အဖွဲ့ ဖွဲ့စည်းခြင်း နှစ်ပတ်လည်အထိမ်းအမှတ်အဖြစ် ဖျော်ဖြေပွဲတစ်ပွဲပြုလုပ်ကာ ရရှိငွေ ဝင်ကြေးငွေများကို လူမှုရေးထောက်ပံ့မှုအဖြစ် လှူဒါန်းခဲ့သည့်အပြင် လူငယ်ရော့ခ်ဂီတအဖွဲ့ကိုးဖွဲ့ဖြစ်သော Antibiotic၊ အန်စာတုံး၊ IMP၊ တစ်တီတူး၊ Wanted၊ Blaze၊ e out၊ NC.13၊ The Ants တို့ ပူးပေါင်း၍ နိုဝင်ဘာလ ၂၈ ရက်နေ့တွင် ရန်ကုန်မြို့ BMEII ၌ ဖျော်ဖြေပွဲပြုလုပ်ပြီး ရရှိငွေများအား မြောက်ဥက္ကလာပမြို့နယ်ရှိ ဝေဘာဂီကူးစက်ရောဂါ အထူးကုဆေးရုံသို့ World AIDS Day Donation အဖြစ် လှူဒါန်းခဲ့သည်။

## Miss Asean

အာဆီယံဒေသအတွင်း စီးပွားရေးဆိုင်ရာ အခမ်းအနားများ၊ လှုပ်ရှားမှုများတွင် ချစ်ကြည်ရေး သံတမန်အဖြစ် သွားရောက်ဆင်နွှဲရန်နှင့် အာဆီယံဒေသခရီးသွားလာရေးလုပ်ငန်းမြှင့်တင်ရေးကို အထောက်အကူပြုစေရန်အတွက် မြန်မာနိုင်ငံကိုယ်စားပြု Miss Asean Culture Myanmar တစ်ဦးရွေးချယ်ရန် ၂၀၀၄ ခုနှစ် မေလဆန်းပိုင်းတွင် ပြိုင်ပွဲဝင်လျှောက်လွှာများ ခေါ်ယူခဲ့သည်။

အဆိုပါပြိုင်ပွဲကို ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ စီစဉ်ကျင်းပခဲ့ခြင်းဖြစ်ပြီး ပြိုင်ပွဲဝင်သူသည် ဗဟုသုတ၊ ဉာဏ်စွမ်းရည်နှင့် ပညာအရည်အချင်းမြင့်မားသည့် မိန်းကလေးများဖြစ်ရမည့်အပြင် အင်္ဂလိပ်စာကို ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်ထားရန်လည်း လိုအပ်သည်ဟု ပြိုင်ပွဲကျင်းပရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ပြိုင်ပွဲဝင် ၅၅၀ ဦးအနက်မှ နောက်ဆုံး ရွေးချယ်ထားသော ဆန်ခါတင် ၂၄ ဦးကို နိုဝင်ဘာလ ၁၃ ရက်နေ့တွင် ထုတ်ပြန်ကြေညာသည်။ အဆိုပါ ၂၄ ဦးအား ပထမဆု ကျပ်သိန်း ၃၀၊ ဒုတိယဆုကျပ်သိန်း ၂၀၊ တတိယဆု ကျပ် ၁၀ သိန်းနှင့် အထူးဆုအဖြစ် တစ်ဦးလျှင် ကျပ်နှစ်သိန်း ပေးအပ်ကာ ပထမဆု ရရှိသူသည် မြန်မာနိုင်ငံတွင် အထူးသင်တန်း

miss
asean
2004
Myanmar




Miss Asean Culture Myanmar ပြိုင်ပွဲဝင်ရန်
တစ်ဦးချင်းရွေးချယ်ပွဲ ကြော်ငြာဆိုင်းဘုတ်

တက်ခွင့်နှင့် အင်ဒိုနီးရှားနိုင်ငံ ဂျာကာတာမြို့တွင် ကျင်းပမည့် Miss Asean Culture ပြိုင်ပွဲကို သွားရောက်ယှဉ်ပြိုင်ခွင့်နှင့် လေ့လာလည်ပတ်ခွင့် ရရှိမည်ဖြစ်ကြောင်း ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာတွင် ဖော်ပြထားသည်။ နောက်ဆုံး ဆန်ခါတင် ရွေးချယ်ထားသူများအား ဒီဇင်ဘာလ ၁ ရက်နေ့မှ ၁၀ ရက်နေ့အထိ ရန်ကုန်မြို့တွင် Talents & Model Agency မှ ဒေါ်တင်မိုးလွင် ဦးဆောင်၍ စခန်းသွင်းလေ့ကျင့်သင်တန်းပေးမည်ဖြစ်ပြီး ဒီဇင်ဘာလ ၃၂ ရက်နေ့တွင် အမျိုးသားကဇာတ်ရုံ၌ နောက်ဆုံးလူရွေးပွဲ ကျင်းပခဲ့သည်။

ယခင်က မယ်ပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်ကြရာတွင် ကိုယ်ခန္ဓာ အချိုးအစားပြေပြစ်မှု၊ ရုပ်ရည်လှပမှုများမှာ အဓိကကျသော လိုအပ်ချက်များ ဖြစ်သော်လည်း၊ နောက်ပိုင်းကာလများတွင် မယ်စကြဝဠာပြိုင်ပွဲမှအစ နိုင်ငံတကာသို့ သွားရောက်ယှဉ်ပြိုင်ရသည့်ပွဲမျိုးများတွင် အလှအပတစ်မျိုးတည်းမကတော့ဘဲ ပြိုင်ပွဲဝင်မေးခွန်းများကို ဖြေဆိုနိုင်ရန်အတွက် အင်္ဂလိပ်စာနှင့် ပညာအရည်အချင်းမြင့်မားရန်၊ ဉာဏ်ရည်ထက်မြက်မှုရှိရန်၊ နိုင်ငံတကာဗဟုသုတများနှင့် ပြည့်စုံရန် လိုအပ်ချက်မှာ ထူးခြားချက်တစ်ရပ် ဖြစ်သည်။

## ချယ်လ်ဆီးဘောလုံးအသင်းပိုင်ရှင် အဘောရာမိုဗစ်၏ ဇနီးနှင့် ကလေးများ ပုဂံသို့ လာရောက်ခြင်း

ကမ္ဘာကျော် ဘောလုံးကလပ်အသင်းတစ်ခုဖြစ်သည့် ချယ်လ်ဆီးအသင်းပိုင်ရှင်ဖြစ်သူ ရုရှားလူမျိုး ကုဋေကြွယ် သူဌေးကြီး အဘောရာမိုဗစ်၏ ဇနီး၊ ကလေးနှစ်ဦးနှင့် သူမ၏ မိခင်ဖြစ်သူတို့သည် သက်တော်စောင့် နှစ်ဦးဖြင့် ၂၀၀၄ နှစ်ဦးပိုင်းက ပုဂံသို့ လာရောက်လည်ပတ်ခဲ့သည့်သတင်းကို ဤမဂ္ဂဇင်းတစ်စောင်တည်းကသာ ရေးသားဖော်ပြနိုင်ခဲ့သည်။

အဘောရာမိုဗစ်၏ ဇနီးနှင့် မိသားစုသည် ထိုင်းနိုင်ငံ ဖူးကက်မှတစ်ဆင့် ဖိမ်ခံရွက်လှေတစ်စင်းဖြင့် ကော့သောင်းသို့ ဝင်ရောက်ခဲ့ပြီး ထိုမှတစ်ဆင့် Air-Mandalay စင်းလုံးငှားလေယာဉ်ဖြင့် ပုဂံသို့ တိုက်ရိုက်ပျံသန်းခဲ့ခြင်း ဖြစ်သည်။

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးလာခြင်းနှင့်အတူ ကမ္ဘာကျော်ပုဂ္ဂိုလ်များ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်လျက်ရှိရာ ပြီးခဲ့သည့် ၂၀၀၃ ခုနှစ်အတွင်း၌လည်း ကမ္ဘာကျော် ရော့ခ်တေးဂီတပညာရှင်တစ်ဦးဖြစ်သည့် Rolling Stone အဖွဲ့မှ အဆိုကျော် Mic Jagger သည် သူ၏ မိန်းကလေးအဖော်တစ်ဦးနှင့်အတူ လာရောက်လည်ပတ်ခဲ့သည်။

## တိုက်ဂါးဖလား ဘောလုံးပြိုင်ပွဲ

၂၀၀၄ ခုနှစ် ဒီဇင်ဘာလအတွင်း ကျင်းပခဲ့သော တိုက်ဂါးဖလားဘောလုံးပွဲသည် ယခုနှစ်အတွက် မှတ်တမ်းတင်ရမည့် မှတ်တိုင်တစ်ခု ဖြစ်သည်။ မြန်မာအသင်းအနေဖြင့် သက်တမ်းအလိုက် မဟုတ်သည့် အလွတ်တန်း အမျိုးသားလက်ရွေးစင် ဘောလုံးအသင်းအဆင့်တွင် ၁၉၉၅ အရှေ့တောင်အာရှ ဘောလုံးပြိုင်ပွဲနောက်ပိုင်း ကိုးနှစ်အကြာမှ အကြိုဗိုလ်လုပွဲသို့ ပထမဦးဆုံး တက်ရောက်ခဲ့ခြင်း ဖြစ်သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ကို ယခု တိုက်ဂါးဖလားပွဲ မတိုင်မီ ပြင်ဆင်ဖွဲ့စည်းခဲ့ရာ ပထမဦးဆုံးအကြိမ်အဖြစ် စီးပွား

ရေးလုပ်ငန်းရှင်တစ်ဦး ဥက္ကဋ္ဌဖြစ်လာခြင်း၊ အရှေ့တောင်အာရှ အတွေ့အကြုံရှိသော နိုင်ငံခြားသားနည်းပြ ငှားရမ်းခြင်း၊ နည်းပြ၏ လုပ်ပိုင်ခွင့်ကို အပြည့်အဝပေးအပ်ထားခြင်းနှင့် ပြိုင်ပွဲမဝင်မီ စင်ကာပူတွင် ခြေစမ်းပွဲလေးပွဲ ကစားခွင့်ရခဲ့ခြင်းတို့သည် မြန်မာအသင်း အောင်မြင်မှုအတွက် အဓိကကျသောအချက်များ ဖြစ်သည်။

ယခု တိုက်ဂါးဖလားပြိုင်ပွဲတွင် မြန်မာပါဝင်သည့် အုပ်စုပွဲများ ကစားရာ မလေးရှားနိုင်ငံသို့ မြန်မာနိုင်ငံရှိ အားကစားဂျာနယ်များမှ မိမိတို့စရိတ်ဖြင့် အယ်ဒီတာ၊ သတင်းထောက်များ စေလွှတ်၍ တိုက်ရိုက်သတင်းရယူခဲ့သည်ကို တွေ့ရသည်။

အထူးသဖြင့် နည်းပြသစ် ဘူလ်ဂေးရီးယားနိုင်ငံသား အိုင်ဗင်ကိုလပ်ဗ်၏ ကြီးကြပ်မှုအောက်မှ ယခုနှစ် တိုက်ဂါးဖလားပြိုင်ပွဲဝင် မြန်မာအသင်း၏ အဓိက ထူးခြားချက်များမှာ မိမိကိုယ်ကို ယုံကြည်မှု အထူးကောင်းမွန်လာခြင်းနှင့် အနိုင်မခံ အရှုံးမပေးစိတ်ဓာတ်ရှိခြင်းတို့ ဖြစ်သည်။

အိမ်တွင်း အဝေးကွင်းစနစ်အရ အုပ်စုပထမဖြစ်၍ တစ်ဖက်အုပ်စုမှ အုပ်စုဒုတိယရရှိသည့် စင်ကာပူနိုင်ငံ လက်ရွေးစင်အသင်းနှင့် ရန်ကုန်တွင် ပထမကစားပွဲမတိုင်မီ မြန်မာအသင်းကိုအားပေးရန် နိုင်ငံတော်အလံ ဝယ်ယူမှုနှင့် အလံပါတီရှပ် ဝယ်ယူသူ အထူးများပြားခဲ့သည်ကိုလည်း တွေ့ရသည်။

## ၂၀၀၄ ခုနှစ်အတွင်း ပျံလွန်တော်မူသွားသောဆရာတော်ကြီးများ

၃၀–၁–၂၀၀၄– နိုင်ငံတော်သြဝါဒါစရိယ ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်းတယမြို့ ဂဠုန်တောင်ကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တတေဇဋ္ဌိယ ကုံလုံဆရာတော်ကြီး၊ သိက္ခာတော် (၇၆)ဝါ၊ သက်တော် (၉၆)နှစ်။

၂၈–၃–၂၀၀၄– နိုင်ငံတော် သြဝါဒါစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ပဲခူးတိုင်း(အနောက်ပိုင်း)၊ ပြည်မြို့၊ အောင်မင်္ဂလာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကုဏ္ဍာစက္က သိက္ခာတော် (၆၈)ဝါ၊ သက်တော် (၈၈)နှစ်။

၁၀–၄–၂၀၀၄– ကချင်ပြည်နယ် ပူတာအိုမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု ဗဟိုကျောင်း တောင်တန်းသာသနာပြုဆရာတော်ကြီး အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍြာစာရ၊ သက်တော် (၇၂)နှစ်။

၁၉–၄–၂၀၀၄– ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ် ဒေဝသာဂရသိမ်ကုန်း တုလွတ်စံကျောင်းတိုက်၏ ပဓာနမဟာနာယက၊ မဟာနာယကလဇ္ဇီပေသလ၊ သိက္ခာကာမဘဒ္ဒန္တကုဏ္ဍာစာရ မဟာထေရ်၊ သိက္ခာတော် (၆၇) ဝါ၊ သက်တော် (၈၆)နှစ်။

၁၉–၄–၂၀၀၄– နိုင်ငံတော်သြဝါဒါစရိယ မကွေးတိုင်း



**ဆရာတော် ဘဒ္ဒန္တသောဘိတ**

မင်းဘူးခရိုင်၊ စေတုတ္တရာမြို့နယ်၊ မင်းကျောင်း ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသုဝဏ္ဏ၊ သိက္ခာတော် (၆၆)ဝါ၊ သက်တော် (၈၆)နှစ်။။

၁၆–၁၀–၂၀၀၄– နိုင်ငံတော်သြဝါဒါစရိယ မကွေးမြို့ ဗိုလ်ကုန်းကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တဇဝန၊ သိက္ခာတော် (၇၄) ဝါ၊ သက်တော် (၉၃) နှစ်။

၂၀–၁၀–၂၀၀၄– သင်္ကန်းကျွန်းမြို့နယ် မေဃဝတီကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တရေဝတမဟာထေရ်၊ သိက္ခာတော် (၆၆) ဝါ၊ သက်တော် (၈၆) နှစ်။

၂၄–၁၀–၂၀၀၄– နိုင်ငံတော် သြဝါဒစရိယ တွံတေးမြို့ ညောင်ဝိုင်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တနန္ဒဝံသ သိက္ခာတော် (၆၂) ဝါ၊ သက်တော် (၈၂) နှစ်။

၁၃–၁၁–၂၀၀၄– နိုင်ငံတော်သြဝါဒစရိယ၊ ပုသိမ်အနောက်မြို့နယ် ပစ္ဆိမာရုံစာသင်တိုက် ဆရာတော်ဘဒ္ဒန္တဇာဂရိယ (အဂ္ဂမဟာပဏ္ဍိတ)၊ သိက္ခာတော် (၆၅) ဝါ၊ သက်တော် (၈၅)။

၁၇–၁၁–၂၀၀၄– နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးတိုင်း မြင်းခြံမြို့ ကိုးဆောင်တိုက်၊ မဟာဝိသုတာရာမိက ပခုက္ကူကျောင်းသစ် ဆရာတော် ဘဒ္ဒန္တသောဘိတ (အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက)၊ သိက္ခာတော် (၇၆) ဝါ၊ သက်တော် (၉၅)နှစ်။

၄–၁၂–၂၀၀၄– နိုင်ငံတော် သြဝါဒါစရိယ ရှမ်းပြည်နယ်

(တောင်ပိုင်း) ညောင်ရွှေမြို့ အင်းလေးဒေသ လွယ်ငြိမ့်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တမေဓာဝီ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)၊ သိက္ခာတော် (၇၁) ဝါ၊ သက်တော် (၉၁) နှစ်။

၁၀–၁၂–၂၀၀၄– ကလောမြို့နယ်၊ ပဲရင်းတောင်ကျေးရွာအုပ်စု၊ ရွှေယဉ်တောင်ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ အရိယဝံသ၊ သိက္ခာတော် (၇၂)ဝါ၊ သက်တော် (၉၂)နှစ်။

## မြန်မာအစိုးရ အီရန်ငလျင်အတွက်လှူ

၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်တွင် အီရန် အစ္စလာမ်မစ်သမ္မတနိုင်ငံ ဘမ်မြို့၌ ကြီးမားပြင်းထန်သည့် ငလျင်ဘေးဒဏ်ကျရောက်ခဲ့သဖြင့် အသက်အိုးအိမ်စည်းစိမ် အများအပြား ပျက်စီးဆုံးရှုံးခဲ့ရာ မြန်မာနိုင်ငံအစိုးရမှ တစ်ခါသုံးဆေးထိုးအပ် အချောင်းရေ ၄၁၂၀၀ နှင့် အထပ်သားအချပ်ရေ ၁၀၀၀၀ ကို အီရန်နိုင်ငံသို့ ပေးပို့လှူဒါန်းခဲ့ကြောင်း ၂၈–၁–၂၀၀၄ ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်။

## ကျိုက်ထီးရိုးတောင် မီးလောင်ကျွမ်းမှု

ဇန်နဝါရီ ၂၇ ရက် နံနက် ၂း၀၀ နာရီခန့်တွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကျိုက်ထီးရိုးရင်ပြင်တော်နှင့် မုဆိုးတောင်အကြားရှိ စျေးဆိုင်ခန်းများ၏ ပေါ့ဆမှုကြောင့် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း၊ သေဆုံးသူအချို့နှင့် ဒဏ်ရာရရှိသူများရှိကြောင်း ၂၈–၁–၂၀၀၄ ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြခဲ့သည်။

## ပျူအရိုးအိုးနှင့် ရေတကောင်းများ စုပြုံတွေ့ရှိခြင်း

မန္တလေးတိုင်း သပိတ်ကျင်းမြို့နယ် တကောင်းဒေသ ဆင်ညှပ် ကုန်းရွာ ဦးတင်ဝင်းယာကုန်းမှ ပျူအထောက်အထား မြေမီးဖုတ် ပစ္စည်းများနှင့် အဆောက်အအုံပန္နက်ပုံစံတို့ကို ၁၉၉၇ တွင်စတင် တွေ့ရှိခဲ့သည်မှအစပြု၍ ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနဦးစီးဌာန (အထက်မြန်မာပြည်)သည် တကောင်းဒေသ ကို ဂရုတစိုက်ရှာဖွေလေ့လာခဲ့ရာ ၂၀၀၃ ခုနှစ်တွင် တကောင်းမှ ပျူအထောက်အထားပစ္စည်းများဖြစ်သော ပျူအရိုးအိုးများ၊ ပျူပုတီးစေ့များ၊ လက်စင်ရာပါအုတ်များ၊ ကြေးပစ္စည်း၊ မိုးကြိုးသွား၊ သံထည်ပစ္စည်းနှင့် ပျူဒင်္ဂါးများ အဆက်မပြတ် တူးဖော်ရရှိခဲ့ကြောင်း၊ ယခုအခါ အခြားပျူဒေသများဖြစ်သော ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာ မြို့ဟောင်းများ၌ပင်တွေ့ရခဲသည့် ပျူအရိုးအိုးနှင့် ရေတကောင်းများ အစုလိုက်အပြုံလိုက် ထပ်မံ တူးဖော်တွေ့ရှိကြောင်း၊ နေရာ အမှတ်(၁)နှင့် အမှတ်(၂)တို့ကို တကောင်းမြို့ အခြေခံပညာအထက်တန်းကျောင်းဝင်း အရှေ့တောင်ထောင့်မှ ၂၀၀၄ ခုနှစ် ဇူလိုင်လ ၃ ရက်နေ့တွင် တွေ့ရှိခဲ့ရာ တကောင်းဒေသကို ရှေးဦးပျူတို့နေထိုင်ရာ ဒေသကြီးအဖြစ် အခိုင်အမာ သက်သေပြနိုင်ခဲ့ပြီဖြစ်ကြောင်း၊ တကောင်းမြို့ရိုး သုံးထပ်ရှိသည့် အနက် ယခုပစ္စည်းများကို ဒုတိယမြို့ရိုး(အညာပုဂံမြို့ရိုး)အတွင်းမှ တွေ့ရှိရခြင်းဖြစ်ကြောင်း၊ ယခုတွေ့ရှိရသော ပျူအရိုးအိုးများနှင့် လူအသုံးအဆောင်ပစ္စည်းများသည် တကောင်းမြို့ဟောင်းသမိုင်းကို သုတေသနပြုလျက် ရှိကြသော သမိုင်းသုတေသီတို့အတွက် အလွန်အရေးပါသည့် သမိုင်းတန်ဖိုးကြီးမားသော ရှေးဟောင်း အထောက်အထားပစ္စည်းများဖြစ်ကြောင်း၊ တွေ့ရှိရသော အထောက်အထားပစ္စည်းများအားလုံးကို မူလနေရာ၌ပင် ပြတိုက်တည်ဆောက်ထားရှိရန် ယဉ်ကျေးမှုဝန်ကြီးဌာနမှ စီစဉ်လျက်ရှိပြီး အနီးပတ်ဝန်းကျင်နေရာများတွင် ဆက်လက်တူးဖော်လျက်ရှိကြောင်း ၁၉–၈–၂၀၀၄ နိုင်ငံပိုင် ကြေးမုံသတင်းစာတွင် ဖော်ပြသည်။

## ပြဒါးလင်းဂူတွင်တွေ့ရှိရသော ကျောက်အနုပညာသစ်

ယခုနှစ်အတွင်း ကျောက်အနုပညာလက်ရာအသစ်တစ်ရပ်ကို တွေ့ရှိရကြောင်း မြန်မာတိုင်းမ်ဂျာနယ် (ဇူလိုင်–ဩဂုတ် ၅၊ ၂၀၀၄ ထုတ်)တွင် အောက်ပါအတိုင်း ဖော်ပြထားသည်။

*ရှေးဟောင်း ကျောက်အနုပညာလက်ရာအသစ်တစ်ရပ်ကို ရှမ်းပြည်နယ် ရွာငံမြို့နယ်ရှိ ပြဒါးလင်းဂူတွင် ရှာဖွေတွေ့ရှိခဲ့သည်ဟု သိရသည်။*

*ထိုရှာဖွေတွေ့ရှိမှုသည် ပြဒါးလင်းဂူကို ယခင်က ယုံကြည်ခဲ့သည်ထက် စောသောကာလကတည်းက လူသားများ နေထိုင်အသုံးပြုခဲ့ကြောင်းကို ဖော်ပြနေသည်ဟု သိရသည်။*

*ကျောက်ဂူကြမ်းခင်းတွင် ခွက်ပုံသဏ္ဍာန် ထွင်းထုထားသော 'ကပ်(ပ)ပြူး'ဟုခေါ်သည့် ကျောက်အနုပညာလက်ရာတစ်ရပ်ကို ရန်ကုန်တက္ကသိုလ်နှင့် ဩစတြေးယား အမျိုးသားတက္ကသိုလ်မှ ရှေးဟောင်းပညာရှင်များပါဝင်သော လေ့လာရေးအဖွဲ့၏ ဇူလိုင်လအစောပိုင်းအတွင်းက ဆောင်ရွက်ခဲ့သော လေ့လာရေးခရီးတွင် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။*

*နယူးဇီလန်ရှိ နျူကာလီးယားသိပ္ပံသုတေသနကျောင်းတွင် သုတေသနလုပ်ပြီးနောက် ရှာဖွေတွေ့ရှိသော ပစ္စည်းကိရိယာများ၏သက်တမ်းကို နှစ် ၆၅၇၀ နှင့် ၁၁၀၀၀ ကြားဟု ခန့်မှန်းခဲ့ကြသည်။*

*ယဉ်ကျေးမှုဝန်ကြီးဌာနအောက်ရှိ ရှေးဟောင်းသုတေသနဌာနက ၁၉၆၉ ခုနှစ်မှစပြီး အစောင့်များချထားခြင်း၊ ပလတ်စတစ်ဖုံးခြင်း စသည်ဖြင့် စောင့်ရှောက်ထားသည်ဟု သိရသည်။*

## စာပို့တံဆိပ်ခေါင်းသစ်များ

၂၀၀၄ ခုနှစ်အတွင်း ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်း




**တံဆိပ်ခေါင်းသစ်တစ်မျိုး**

ဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် စာပို့တံဆိပ်ခေါင်းအသစ်များကို ထုတ်ဝေခဲ့သည်။ အဆိုပါတံဆိပ်ခေါင်းများအနက် အစဉ်သုံးတံဆိပ်ခေါင်း (Definitive Issue) နှစ်မျိုးနှင့် အထိမ်းအမှတ် အထူးထုတ်တံဆိပ်ခေါင်း (Commemorative Issue) တစ်မျိုးတို့ တွင် အစဉ်သုံးတံဆိပ်ခေါင်းများမှာ ကျပ် ၃၀ တန် စာပို့တံဆိပ် ခေါင်း နှစ်မျိုးဖြစ်ပြီး တစ်မျိုးမှာ မြန်မာပြည်မြောက်ပိုင်း ပေါက် ရောက်သည့် သစ်ခွနက်ကို ခါကာဘိုရာဇီတောင် နောက်ခံထား၍ ရိုက်နှိပ်ထုတ်ဝေထားပြီး နောက်တစ်မျိုးမှာ ပြည်ပဈေးကွက်တွင် ရေပန်းစားလူကြိုက်များလျက်ရှိသော မြန်မာမျိုးရင်းသစ်သီးဝလံ ဖြစ်သည့် စိန်တစ်လုံးသရက်များကို ရိုက်နှိပ်ဖော်ပြထားခြင်း ဖြစ် သည်။ အဆိုပါတံဆိပ်ခေါင်းနှစ်မျိုးကို အာဆီယံအဖွဲ့ဝင်နိုင်ငံများ မှ စာပို့တိုက်ဌာနအသီးသီးက ထုတ်ဝေကြသည့် တံဆိပ်ခေါင်း များကို ရွေးချယ်စုစည်းဖော်ပြမည့် ASEAN Philatelic Joint Issie of Stamp Album သို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ပေးပို့ခဲ့သည်။

အထိမ်းအမှတ်အထူးထုတ် စာပို့တံဆိပ်ခေါင်း တစ်မျိုးမှာ ၂၀၀၄ ခုနှစ် မေလ ၂၁ ရက်တွင်ကျရောက်မည့် အပြည်ပြည်ဆိုင် ရာ ဘောလုံးအဖွဲ့ချုပ် FIFA စတင်ထူထောင်ခြင်း နှစ်တစ်ရာပြည့် အထိမ်းအမှတ်အတွက် FIFA အဖွဲ့ချုပ်၏ ကမ်းလှမ်းညှိနှိုင်းချက် အရ အခြားအဖွဲ့ဝင်နိုင်ငံများနည်းတူ မိမိတို့နိုင်ငံအလိုက် ကြိုဆို ထုတ်ဝေခြင်းဖြစ်ပြီး ၂၀၀၂ ခုနှစ် ယူ-၁၇ အာဆီယံ လူငယ်ဘောလုံး ပြိုင်ပွဲတွင် မြန်မာလူငယ်အသင်းမှ ထိုက်ထိုက်တန်တန် ဆွတ်ခူး ရရှိခဲ့သော တံခွန်စိုက်ဆုဖလားနှင့် အသန့်ရှင်းဆုံးအသင်းဆု ဖလားတို့ကို ယှဉ်တွဲရိုက်နှိပ် ဖော်ပြထားသည်။

အစဉ်သုံးစာပို့တံဆိပ်ခေါင်းနှစ်မျိုးကို ဖေဖော်ဝါရီ ၁၁ ရက် တွင်လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာဘောလုံးအဖွဲ့ချုပ် FIFA နှစ်တစ်ရာပြည့်အထိမ်းအမှတ် အထူးထုတ်စာပို့တံဆိပ်ခေါင်းကို မေ ၅ ရက်တွင်လည်းကောင်း စတင်ထုတ်ဝေခဲ့သည်။

ဒီဇင်ဘာလ ၉ ရက်နေ့တွင်လည်း ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ် သီးညီလာခံအထိမ်းအမှတ်အဖြစ် စာပို့တံဆိပ်ခေါင်းသစ် နှစ်မျိုး ကို စတင်ထုတ်ဝေ ရောင်းချခဲ့သည်။ အထူးအစီအစဉ်တစ်ရပ် အနေဖြင့် ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် ဒီဇင်ဘာလ ၉ ရက်၌ ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ် တွင် တံဆိပ်ခေါင်းဖြတ် အထူးအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေး ခဲ့သည်။

## My Doom ကွန်ပျူတာပိုင်းရပ်စ်

My Doom ခေါ် W32.Movarg A@mm အမည်ရှိ ကွန်ပျူ တာပိုင်းရပ်စ်တစ်မျိုးသည် ၂၀၀၄ ခုနှစ် ဇန်နဝါရီလအတွင်း စတင်ပျံ့နှံ့လျက်ရှိရာ အဆိုပါပိုင်းရပ်စ်ပါဝင်သော E-mail စောင် ရေ သန်း ၁၀၀ ကျော် ပြန့်ပွားလျက်ရှိကြောင်း၊ ဥရောပတွင် ဇန်နဝါရီလ ၂၈ ရက် နံနက်ပိုင်း၌ ပိုင်းရပ်စ်ပြန့်ပွားမှု ၂၁ ရာခိုင် နှုန်းရှိရာမှ မွန်းလွဲပိုင်းသို့ရောက်သောအခါ ၃၃ ရာခိုင်နှုန်းသို့ မြင့် တက်လာခဲ့ကြောင်း၊ E-mail ၁၂ စောင်တိုင်း၌ My Doom ပိုင်း ရပ်စ်တစ်စောင်နှုန်းပါဝင်သောကြောင့် ယခင်နှစ်က ပြင်းထန်စွာ ဖြစ် ပေါ်ခဲ့သည့် Worm Sobig.F ထက်သာလွန်ကြောင်း၊ ၄င်း ပိုင်း ရပ်စ်အား ယခုလ ၂၆ ရက်တွင်ထုတ်ဝေခဲ့သော Norton Anti- Vi- rus အသစ်နှင့် ကာကွယ်နိုင်ကြောင်း၊ ကူးစက်ခြင်းခံရပါက လည်း Special Removal Tool from Norton နှင့် အသုံးပြုဖယ်ရှား သွားရန် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်က သတိပေးနှိုးဆော် ထားကြောင်း ၃၀-၁-၂၀၀၄ ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြခဲ့သည်။

## Computer Worm

Sasser အမည်ရှိ Computer Worm တစ်မျိုးသည် မေလ ဆန်းမှစ၍ အင်တာနက်မှတစ်ဆင့် ကွန်ပျူတာများပေါ်တွင် ပျံ့နှံ့ လျက်ရှိကြောင်း၊ ....ကွန်ပျူတာ Virus ကာကွယ်ရေးကုမ္ပဏီများ ၏ခန့်မှန်းချက်အရ ကမ္ဘာတစ်ဝန်းလုံးတွင် ကွန်ပျူတာတစ်သန်း ကျော်ကို ထိခိုက်စေခဲ့ကြောင်း၊ ထို Worm များသည် ကွန်ပျူတာ စနစ်ထဲရှိ အချက်အလက်များကို ဖျက်ဆီးခြင်းမရှိသော်လည်း ကွန်ပျူ တာလုပ်ငန်းစွမ်းဆောင်မှုကို နှောင့်နှေးစေကြောင်း၊ ကွန်ပျူတာ

Virus များမှာ E-mail ကို ဖွင့်လိုက်ခြင်းကဲ့သို့သော လူ၏လုပ်ဆောင်ချက်တစ်ခုခုကြောင့်သာ ပြန့်ပွားနိုင်သော်လည်း Worm များမှာ ကွန်ပျူတာ Operation System ၏ အားနည်းချက်ကိုရှာဖွေ၍ အလိုအလျောက်ပြန့်ပွားနိုင်ကြောင်း။.... စသည်ဖြင့် မေလ ၇ ရက်နှင့် ၈ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် သတိပေးချက် ထုတ်ပြန်ခဲ့သည်။

## သင်္ဘောသားအသက်အာမခံလျော်ကြေးငွေ

မြန်မာ့အာမခံလုပ်ငန်း၏ ဒုတိယအကြိမ် သင်္ဘောသား အာမခံလျော်ကြေးငွေ ပေးအပ်ပွဲအခမ်းအနားကို မတ်လ ၂၃ရက်နေ့တွင် မြန်မာ့အာမခံရုံးချုပ်၌ ကျင်းပခဲ့ရာ Uniteam Marine သင်္ဘောလိုင်းပေါ်မှ Hans Leanmann သင်္ဘောပေါ်တွင် တာဝန်ထမ်းဆောင်နေသော သင်္ဘောသား ကိုသော်တာမင်း (၂၉) နှစ်သည် ယခုလ ၁၁ ရက်နေ့က ဒိန်းမတ်နိုင်ငံတွင် ကွယ်လွန်သွားသောကြောင့် မိခင်ဖြစ်သူ ဒေါ်မြင့်မြင့်အား အာမခံလျော်ကြေးငွေ ကျပ် သိန်း ၅၀ ကို မြန်မာ့အာမခံလုပ်ငန်းက ပေးအပ်ခဲ့ကြောင်း၊ သင်္ဘောသားအာမခံမှာ သင်္ဘောသားတစ်ဦး သင်္ဘောတက်၍ ပြည်ပသို့ စတင်ထွက်ခွာသည့်ရက်မှ တစ်နှစ်တိတိ အကျုံးဝင်ပြီး တစ်နှစ်အတွက် ပရီမီယံကြေး ကျပ် နှစ်သောင်းခွဲ ပေးရမည်ဖြစ်ကြောင်း မတ် ၁၁-၁၇၊ ၂၀၀၄ ထုတ် 7 Day ဂျာနယ်တွင် ဖော်ပြထားခဲ့သည်။

မြန်မာ့အာမခံလုပ်ငန်းမှ တတိယအကြိမ်မြောက် သင်္ဘောသားအသက်အာမခံလျော်ကြေးငွေ ကျပ်သိန်း ၅၀ ကို Sky Line-MV Timber ပင်လယ်ကူးသင်္ဘောတွင် တာဝန်ထမ်းဆောင်ရင်း ကွယ်လွန်သွားသော သင်္ဘောသားအတွက် ဇနီးဖြစ်သူသို့ ပေးအပ်ခဲ့ကြောင်း၊ မကြာသေးမီက သင်္ဘောမီးလောင် နစ်မြုပ်သွားသော East Wind သင်္ဘောလိုင်းမှ မြန်မာသင်္ဘော သားငါးဦး သေဆုံးခြင်းတွင် အာမခံထားရှိသော သင်္ဘောသား နှစ်ဦးအနက် တစ်ဦးကို ဧပြီလအတွင်း ပေးအပ်သွားရန်ရှိပြီး ကျန်တစ်ဦးမှာမူ ရုပ်အလောင်း မတွေ့ရှိ၍ ဥပဒေအရ အချိန်ယူ ပေးအပ်သွားမည်ဖြစ်ကြောင်း ဧပြီ ၁-၇-၂၀၀၄ နေ့ထုတ် 7 Day ဂျာနယ်တွင် ဖော်ပြထားသည်။

နိုင်ငံတကာ အပျော်စီးသင်္ဘောလိုင်း တစ်ခုဖြစ်သည့် CTI ၌ လိုက်ပါခဲ့သော မြန်မာနိုင်ငံသား သင်္ဘောသားတစ်ဦး ဧပြီလအတွင်း၌ စပိန်နိုင်ငံတွင် မတော်တဆ ထိခိုက်သေဆုံးခဲ့ရာ ကျန်ရစ်သူမိသားစုအတွက် လျော်ကြေးအဖြစ် အဆိုပါသင်္ဘော လိုင်းက မြန်မာကျပ်ငွေ သိန်း ၅၀၀ ကျော်ခန့် ထောက်ပံ့ပေးခဲ့သည်။

အဆိုပါဖိမ်ခံအပျော်စီးသင်္ဘောလိုင်းတွင် မြန်မာဟိုတယ်ဝန်ထမ်းများ အမြောက်အမြားဝင်ရောက်လုပ်ကိုင်နေကြပြီး လစာနှုန်းထားမှာလည်း အသင့်အတင့် ကောင်းမွန်ကာ တာဝန်ထမ်းဆောင်ချိန်မှာလည်း ၁၀ လ လုပ်ကိုင်ပြီး မိမိနိုင်ငံသို့ နှစ်လ ပြန်နားခွင့်ရရှိကာ နောက်စာချုပ်ဖြင့် ပြန်တက်သည့်စနစ်ဖြစ်၍ မိသားစုနှင့် နှစ်ပေါင်းများစွာ ခွဲခွာလုပ်ကိုင်ရခြင်း မရှိသည့်အတွက် မြန်မာဟိုတယ်ဝန်ထမ်းများ နှစ်သက်ကြသည့်လိုင်းပင်ဖြစ်ကြောင်း၊ ယခုကဲ့သို့ မတော်တဆ ထိခိုက်ဒဏ်ရာရ သေဆုံးရမှုများအတွက် အာမခံထောက်ပံ့ကြေး ရရှိခဲ့ခြင်းကြောင့် ကျန်ရစ်သူမိသားစု စိတ်ပူပင်ရမှု လျော့နည်းရကြောင်း လုပ်ဖော်ကိုင်ဖက်အသိုင်းအဝန်းမှ ပြောဆိုနေကြသည်ဟု Living Color-June, 2004 တွင် သတင်း ဖော်ပြခဲ့သည်။

## ယာဉ်စည်းကမ်းလမ်းစည်းကမ်း

ဇန်နဝါရီ ၄ ရက်နေ့မှစ၍ မြို့သစ်များကိုပါ ဟွန်းသံကင်းမဲ့ဇုန်အဖြစ်သတ်မှတ်ခဲ့ရာ လှိုင်သာယာ၊ ရွှေပြည်သာ၊ ဒဂုံမြို့သစ်အရှေ့ပိုင်း၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ ဒဂုံမြို့သစ်မြောက်ပိုင်းနှင့် ဒဂုံဆိပ်ကမ်းမြို့နယ်များသည် ဟွန်းသံကင်းမဲ့ဇုန်တွင် နောက်ဆုံး ပါဝင်လာခဲ့သည်။

စည်းကမ်းမဲ့ လမ်းဖြတ်ကူးခြင်းများကို အသိပေးခြင်းနှင့် အရေးယူခြင်းအား ယခင်ရန်ကုန်မြို့တွင်း ခြောက်မြို့နယ်တွင် စီမံကိန်းနှင့် ဆောင်ရွက်နေရာ ဇန်နဝါရီ ၁၁ မှစတင်၍ ကမာရွတ်မြို့နယ် လှည်းတန်းမီးပွိုင့်အနီးကိုလည်း ထပ်မံတိုးချဲ့လိုက်ကြောင်း၊ လှည်းတန်းမီးပွိုင့်အနီးရှိ ယာဉ်ကြောများတွင် လမ်းဖြတ်ကူးသူများကို ခုနစ်ရက် အသိပေးနေပြီး ပြီးသွားပါက အရေးယူခြင်းအား ဆက်လက်ဆောင်ရွက်



မည်ဖြစ်ကြောင်း၊ စီမံကိန်းတွင်ပါသော နေရာများမှာ လှည်းတန်းလမ်းဆုံမီးပွိုင့်အနီးရှိ ပြည်လမ်းတစ်လျှောက်နှင့် အင်းစိန်လမ်းတစ်လျှောက်ဖြစ်ကြောင်း၊ အသိပေးကာလ ကျော်လွန်၍ စည်းကမ်းမဲ့ လမ်းဖြတ်ကူးသူများရှိလာလျှင် ကျောက်တံတားရဲစခန်းသို့ ဖမ်းဆီးခေါ်ဆောင်၍ ဒဏ်ငွေ ၂၂၀၀ ကျပ် သို့မဟုတ် ရမန်ကြီး ခုနစ်ရက် ထောင်ဒဏ်ကျခံရမည်ဖြစ်ကြောင်း၊ ကမ္ဘာအေးဘုရားလမ်းတစ်လျှောက်တွင်လည်း စည်းကမ်းမဲ့ လမ်းဖြတ်ကူးခြင်းများကို အသိပေးခြင်းနှင့် အရေးယူခြင်း ဆက်လက်တိုးချဲ့လုပ်ကိုင်သွားရန် စီစဉ်ထားကြောင်း ယာဉ်စည်းကမ်း လမ်းစည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ ပြောကြားချက်ကို ဇန်နဝါရီလ ၁၅ ရက်နေ့ထုတ် 7 Day ဂျာနယ်တွင် ဖော်ပြခဲ့သည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီမှ ဖေဖော်ဝါရီ ၂၄ မှစ၍ ပြည်လမ်း၊ ကမ်းနားလမ်း၊ ကမ္ဘာအေးဘုရားလမ်း၊ သုဓမ္မာလမ်းမများပေါ်တွင် ယာဉ်ရပ်နားခြင်းကို တရားဝင်စည်းကမ်းချက်များ ထုတ်ပြန်၍ တားမြစ်လိုက်ပြီဖြစ်ကြောင်း၊ လမ်းမများပေါ်တွင် ရပ်နားခြင်းပြုလုပ်ပါက ဒဏ်ငွေအဖြစ် ၁၅၀၀ ကျပ် ပေးဆောင်ရမည်ဖြစ်ပြီး မည်သည့်ယာဉ်အမျိုးအစားမှ ရပ်နားခွင့်ရရှိတော့မည်မဟုတ်ကြောင်း၊ စည်းကမ်းချက်မှာ စမ်းသပ်ပြဋ္ဌာန်းခြင်းမျိုး မဟုတ်ကြောင်း၊ ဖေဖော်ဝါရီ ၂၄ မှစ၍ လက်တွေ့ စတင်ကျင့်သုံးနေပြီဖြစ်ကြောင်း၊ သတ်မှတ်ထားသော လမ်းမများပေါ်တွင် မည်သည့်ယာဉ်မျိုးမှ ရပ်နားခွင့်မရှိဟုဆိုသော်လည်း ခရီးသည်တင်ယာဉ်များနှင့်အတူ အငှားယာဉ်များကိုပါ အချိန်ပိုင်းအတွင်း ခရီးသည်အတင်အချ ပြုလုပ်ခြင်းကို မည်သို့မျှ အရေးမယူရဟု ဒုတိယ ရဲမှူးကြီးအောင်နိုင်က ပြောကြားကြောင်း မတ် ၁၁-၁၇၊ ၂၀၀၄ ထုတ် 7 Day ဂျာနယ်တွင် ဖော်ပြထားခဲ့သည်။ ယခုနှစ်အတွင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ လမ်းတံတားအင်ဂျင်နီယာဌာနမှ ရန်ကုန်မြို့ရှိ ကားလမ်းများပေါ်တွင် ကားအရှိန်လျှော့ရန် ပြုလုပ်ထားသော အရှိန်လျှော့ခုံများအားလုံးအားလည်း ဖယ်ရှားခဲ့သည်ကို တွေ့ရသည်။ ထို့ပြင် ၂၀၀၄-၂၀၀၅ ပညာသင်နှစ်မှစ၍ အခြေခံပညာကျောင်းများ၌ စာမေးပွဲတွင် ထည့်သွင်းမေးမြန်းမည် မဟုတ်သော ယာဉ်စည်းကမ်းလမ်းစည်းကမ်း သင်ရိုးညွှန်းတမ်းများကို ထည့်သွင်း သင်ကြားမည်ဖြစ်ကြောင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီမှ တာဝန်ရှိသူတစ်ဦးက Living Color သို့ ပြောကြားခဲ့သည်။

ထို့ပြင် ၂၀၀၄ ခုနှစ်အတွင်း ရထားဥဩသံ ကင်းမဲ့ဇုန်သုံးခု သတ်မှတ်ခဲ့ရာ မြန်မာတိုင်းမ်ဂျာနယ်တွင် အောက်ပါအတိုင်း ဖော်ပြထားခဲ့သည်။

*…အဓိကအားဖြင့် အစိုးရဌာနဆိုင်ရာ အဆောက်အအုံများနှင့်နီးသည့် ဒဂုံမြို့နယ်အတွင်းရှိ ရထားလမ်းဘူတာမှ ပြည်လမ်းဘူတာကြီးလမ်းပိုင်း၊ မင်္ဂလာဒုံမြို့နယ်အတွင်းရှိ ဝေါက်ကွင်းဘူတာနှင့် ကျိုက္ကလှဲဘူတာကြီးလမ်းပိုင်းနှင့် မရမ်းကုန်းမြို့နယ်အတွင်းရှိ တံတားကလေးဘုရားနှင့် ရေကူးဘူတာကြီးရှိလမ်းပိုင်း သုံးနေရာအား ရထားဥဩမဆွဲရဇုန်များအဖြစ် ပြီးခဲ့သည့် သတင်းပတ်က စတင် သတ်မှတ်လိုက်ကြောင်း သိရှိရသည်။*

ယာဉ်စည်းကမ်းလမ်းစည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ ဆောင်ရွက်မှုကြောင့် ယခင်နှစ်များထက်စာလျှင် ယာဉ်တိုက်မှု၊ ယာဉ်စည်းကမ်းဖောက်ဖျက်မှုတို့ သိသိသာသာ လျော့ကျလာသည်ကို တွေ့ရသည်။ ထို့အပြင် ယာဉ်စည်းကမ်းသစ်အချို့ကိုလည်း ထုတ်ပြန်ခဲ့သည်။

## မထသ လျော်ကြေးငွေ

မထသယာဉ်လိုင်းများမှ ယာဉ်တစ်စီး မတော်တဆတိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်လိုက်ပါလာသူတစ်ဦး ကွယ်လွန်မှုအတွက် နာရေးကူညီထောက်ပံ့ကြေးငွေ ကျပ် သုံးသိန်းကို ပထမဆုံးအကြိမ်အဖြစ် ဖေဖော်ဝါရီလ ၂၄ ရက်တွင် ၎င်းမိသားစုအား မ.ထ.သ ရုံးချုပ်(ရန်ကုန်တိုင်း)မှ ပေးအပ်ခဲ့ကြောင်း၊ ကွယ်လွန်သူ

**ရန်ကုန်မြို့လယ်တစ်နေရာ၌ စည်းကမ်းမဲ့ လမ်းဖြတ်ကူးနေစဉ်**



**၂၀၀၄ ခုနှစ် ဇန်နဝါရီလဆန်းမှ နိုဝင်ဘာလကုန်အထိ မြန်မာ့အာမခံလုပ်ငန်းမှ ပေးအပ်ခဲ့သော အာမခံလျော်ကြေးများ**


| စဉ် | လျော်ကြေးအမျိုးအစား | အရေအတွက် | လျော်ကြေးငွေ |
|---|---|---|---|
| | | | ကျပ်(သန်း) |
| ၁ | အလုံးစုံမော်တော်ယာဉ်အာမခံလျော်ကြေး | ၈၉ | ၂၁.၅၀ |
| ၂ | သူတစ်ပါးထိခိုက်မှုအာမခံလျော်ကြေး | ၄၁၄ | ၃၂.၂၀ |
| ၃ | ရေကြောင်းအာမခံလျော်ကြေး | ၃၄ | ၇၅.၃၆ |
| ၄ | ခရီးသွားအာမခံလျော်ကြေး | ၁၅ | ၉.၄၁ |
| ၅ | မီးလောင်မှုအာမခံလျော်ကြေး | ၆၈ | ၉၇.၈၆၃၅ |
| ၆ | ကိုယ်အင်္ဂါထိခိုက်မှုနှင့် ရောဂါဘယအာမခံလျော်ကြေး | ၃ | ၀.၀၉၆၅ |
| | စုစုပေါင်း | ၆၂၃ | ၂၃၆.၄၃ |

(**Source : မြန်မာ့အာမခံလုပ်ငန်း**)

မှာ ဒေါ်စိန်အေးဖြစ်ပြီး ဇန်နဝါရီ ၂၇ ရက်နေ့တွင် ယာဉ်လိုင်းအမှတ် ၁၅၆ ဒိုင်နာအမှတ် ၃က/၃၇၆၁ ကိုစီးနင်းလိုက်ပါလာစဉ် မင်္ဂလာဒုံမြို့နယ် ရွှေညောင်ပင်ကုန်းဆင်းတွင် တိမ်းမှောက်သွားသောကြောင့် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း၊ ယာဉ်တိမ်းမှောက်မှုကြောင့် သေဆုံးသွားသူများကို နာရေးကူညီမှုထောက်ပံ့ကြေးငွေပေးရန် ပြီးခဲ့သည့်နှစ် ဒီဇင်ဘာ ၂၄ တွင်ပြုလုပ်သော မ.ထ.သ အစည်းအဝေးတွင်ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း မတ်လ ၄–၁၀၊ ၂၀၀၄ ထုတ် 7 Day ဂျာနယ်တွင်ဖော်ပြထားသည်။

လျော်ကြေးငွေပေးအပ်ခြင်းအပြင် မော်တော်ယာဉ် မတော်တဆထိခိုက်မှုများ ဖြစ်ပွားရာ၌ အခြားယာဉ်တစ်စီးမှ မ.ထ.သ ယာဉ်အား ဝင်တိုက်၍ သေဆုံးမှုဖြစ်ပွားသည့်အခါတွင်လည်း မ.ထ.သ ယာဉ်ပေါ်တွင် လိုက်ပါစီးနင်းသော ခရီးသည်တစ်ဦးဦး အသက်ဆုံးရှုံးပါက မ.ထ.သမှ ထောက်ပံ့ကြေးငွေပေးမည်ဖြစ်ကြောင်း Vol.1 No.15 ထုတ် The Voice Weekly တွင် ဖော်ပြထားသည်။

**ရန်ကုန်မြို့လယ်ရှိ လူစည်ကားရာ တစ်နေရာ**



## ဧရာဝတီမြစ်ကြောင်းပြောင်းလဲမှု

**(၉–၃–၂၀၀၄ သတင်းစာတွင်ဖော်ပြချက်)**

*"တကောင်းရာဇဝင်နှင့် မိုးမိတ်ရာဇဝင် စသော မြန်မာ့ရှေးဟောင်းသမိုင်းကျမ်းတို့တွင် ရှေးဟောင်းတကောင်းမြို့သည် ခရစ်နှစ်မတိုင်မီ နှစ်ပေါင်းများစွာကပင် စည်ပင်ထွန်းကားခဲ့ကြောင်း၊ ထိုအချိန်က တကောင်းမြို့ဟောင်းသည် ဧရာဝတီမြစ်၏ အနောက်ဘက်တွင် တည်ရှိခဲ့ကြောင်း ဖော်ပြပါရှိခဲ့သည်။ သို့ရာတွင် ယနေ့ တကောင်းမြို့ဟောင်းသည် ဧရာဝတီမြစ်၏ အရှေ့ဘက်တွင် တည်ရှိနေသည်။*

*ယဉ်ကျေးမှုဝန်ကြီးဌာနသည် တကောင်းမြို့ဟောင်းဆိုင်ရာ သမိုင်းအချက်အလက်မှန်များကို လေ့လာဖော်ထုတ်နိုင်ရန် ဘူမိဗေဒပညာရှင်၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ကျွမ်းကျင်သူပညာရှင်များ၊ မြေလျှောင်ဆိုင်ရာ ကျွမ်းကျင်သူပညာရှင်၊ ဇလဗေဒပညာရှင်၊ သမိုင်းပညာရှင်၊ ရှေးဟောင်းသုတေသန ပညာရှင်တို့ပါဝင်သောအဖွဲ့ဖြင့် ကွင်းဆင်းလေ့လာ ဖော်ထုတ်အတည်ပြု နိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့သည်။*

............

*ကွင်းဆင်းသုတေသနအဖွဲ့သည်*

*၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်မှ ၁၆ ရက်အထိ တကောင်းမြို့ဟောင်း၏ပတ်ဝန်းကျင်ဒေသ၊ အင်းနက်ဒေသ၊ မြတောင်ဒေသ၊ တုံငယ်ဒေသ၊ ကြံညှပ်ဒေသ၊ မလည်ဒေသများသို့ ကွင်းဆင်းသုတေသနပြု လေ့လာခဲ့ကြသည်။*

*......*

*ကွင်းဆင်းသုတေသနပြုချက်အရ ဧရာဝတီမြစ်ကြောင်းဟောင်းသည် မူလက တကောင်း၏မြောက်ဘက် ၁၅ မိုင်ခန့်အကွာ အင်းနက်တောင် မြေပုံညွှန်း (ခန့်မှန်း အမ်–၈၁၅၂၄၄)၏ တောင်ခြေမှစတင်၍ တောင်ဘက်သို့ တကောင်းတောင်ခြေအတိုင်း စီးဆင်းခဲ့ရာ သောင်းဖွက်တောင် မြေပုံညွှန်း (ခန့်မှန်း အမ်–၈၃၅၉၇၂) ၏ အနောက်ဘက်တောင်ခြေအတိုင်း တောင်ဘက်သို့ ဆက်လက်စီးဆင်းပြီး မကျီးကုန်းရွာမြေပုံညွှန်း (ခန့်မှန်း အမ်–၇၂၁၀၄၉) နှင့် မင်းကုန်းရွာ (ခန့်မှန်းအမ်–၇၁၀၈၃၉) အကြားတွင် လက်ရှိမြစ်ကြောင်းအတိုင်း တောင်ဘက်သို့ ဆက်လက်စီးဆင်းခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။*

*......*

*မြစ်ကြောင်းပြောင်းလဲသည့် အချိန်ကာလကိုလည်း လွန်ခဲ့သောနှစ် ၄၀၀၀ မှ ၆၀၀၀ အကြားဖြစ်မည်ဟု ဘူမိဗေဒပညာရှင်တို့က ခန့်မှန်းကြသည်"*

*......*

*ဤသို့ ဧရာဝတီမြစ်ကြောင်းပြောင်းလဲမှုကို ဖော်ထုတ်အတည်ပြုနိုင်ခဲ့ခြင်းဖြင့် မြန်မာ့မြို့ဟောင်း မူလတကောင်း၏ ရှေးကျမှု၊ မြန်မာ့ရှေးဟောင်းမြို့ပြယဉ်ကျေးမှု၏ အဆင့်အတန်းမြင့်မားမှုကို မြန်မာတို့ ဂုဏ်ယူဝင့်ကြွားနိုင်ကြပြီဖြစ်သည်။ ထို့ပြင် မြန်မာ့ရှေးဟောင်းသမိုင်းကျမ်းများ၏ ဖော်ပြရေးသားချက်များကို ဒဏ္ဍာရီသဖွယ်၊ ယုံတမ်းစကားသဖွယ် ပြက်ရယ်ပြုခဲ့ကြသည် များကိုလည်း အထောက်အထားဖြင့် ပြန်လည်ချေဖျက်နိုင်မည် ဖြစ်ပေသည်။*

## လေပြင်းဒဏ်

၂၀၀၄ မေ ၁၉ နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် စစ်တွေ၊ ကျောက်ဖြူ၊ မြေပုံနှင့် ပေါက်တောမြို့နယ်တို့၌ လေပြင်းကျရောက်ခဲ့ရာ စစ်တွေမြို့နယ်တွင် အိမ်ထောင်စု ၂၀၀ ခန့်၊ ကျောက်ဖြူမြို့နယ်တွင် အိမ်ထောင်စု ၁၅၀ ခန့်၊ မြေပုံမြို့နယ်နှင့် ပေါက်တောမြို့နယ်တို့တွင် အိမ်ထောင်စု ၁၀၀၀ ခန့်စီ လေပြင်းဒဏ် သင့်ခဲ့ကြောင်း၊ လူသေဆုံးမှု၊ ပျောက် ဆုံးမှုများရှိခဲ့ကြောင်း ၂၉–၅–၂၀၀၄ ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြခဲ့သည်။

## ထူးခြားသည့် မိုးရေချိန်များ

ယခုနှစ်အတွင်း ထူးခြားသည့် မိုးရေချိန်များကို မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ လအလိုက် အောက်ပါအတိုင်း သတင်းထုတ်ပြန်ခဲ့သည်။

၂၀၀၄ ခုနှစ် ဧပြီလ ၁၅ ရက် မြန်မာစံတော်ချိန် နံနက် ၉း၃၀ နာရီအချိန်တွင် ဟုမ္မလင်းမြို့တွင် တိုင်းထွာရရှိခဲ့သော မိုးရေချိန်မီလီမီတာ ၄၀ (၁ ဒသမ ၅၇ လက်မ)သည် ယင်းမြို့တွင် လွန်ခဲ့သောနှစ်ပေါင်း ၃၉ နှစ်အတွင်း ဧပြီလအတွက် အများဆုံး တိုင်းထွာရရှိခဲ့သော ၂၄ နာရီ မိုးရေချိန် စံချိန်သစ်ဖြစ်သည်။

၂၀၀၄ ခုနှစ် ဧပြီလ ၁၇ ရက် မြန်မာစံတော်ချိန် နံနက် ၀၉း၃၀ နာရီတွင် ခန္တီးမြို့၌ တိုင်းထွာရရှိခဲ့သော မိုးရေချိန် ၄၉ မီလီမီတာ (၁.၉၃ လက်မ)သည် ယင်းမြို့၏ လွန်ခဲ့သောနှစ်ပေါင်း ၁၄ နှစ်အတွင်း ဧပြီလအတွက် အများဆုံးတိုင်းထွာရရှိခဲ့သော ၂၄ နာရီ မိုးရေချိန် စံချိန်သစ်ဖြစ်သည်။

၂၀၀၄ ခုနှစ် ဧပြီလ ၂၉ ရက်နေ့ မြန်မာစံတော်ချိန် နံနက် ၉း၃၀ နာရီအချိန်တွင် ဟသာ်ာတမြို့၌ တိုင်းထွာရရှိခဲ့သော မိုးရေ ချိန် ၆၇ မီလီမီတာ (၂ ဒသမ ၆၄ လက်မ)သည် ယင်းမြို့၏ လွန်ခဲ့သောနှစ်ပေါင်း ၃၇ နှစ်အတွင်း ဧပြီလအတွက် အများဆုံး တိုင်းထွာရရှိခဲ့သော ၂၄ နာရီ မိုးရေချိန် စံချိန်သစ်ဖြစ်သည်။

၂၀၀၄ ခုနှစ် မေ ၁၉ ရက်နေ့ မြန်မာစံတော်ချိန် နံနက် ၀၉း၃၀ နာရီအချိန်တွင် မြစ်ကြီးနားမြို့၌ တိုင်းထွာရရှိခဲ့သော မိုးရေချိန် ၁၇၈ မီလီမီတာ (၇.၀၁ လက်မ)သည် ယင်းမြို့၏ လွန်ခဲ့သောနှစ်ပေါင်း ၃၉ နှစ်အတွင်း မေလအတွက် အများဆုံး တိုင်းထွာရရှိခဲ့သော ၂၄ နာရီ မိုးရေချိန် စံချိန်သစ်ဖြစ်ပြီး ယခင်စံချိန်ဟောင်းမှာ ၁၃၀ မီလီမီတာ (၅.၁၂ လက်မ)ဖြစ်ပြီး ၁၉၈၄ ခုနှစ်၊ မေလ ၃၁ ရက်နေ့တွင် ရှာသွန်းခဲ့ခြင်းဖြစ်သည်။

၂၀၀၄ ခုနှစ် မေလ ၂၂ ရက်နေ့ မြန်မာစံတော်ချိန် နံနက် ၀၉း၃၀ နာရီတွင် မြိတ်မြို့၌ တိုင်းထွာရရှိခဲ့သော မိုးရေချိန် ၂၃၁ မီလီမီတာ (၉.၁၀ လက်မ) သည် ယင်းမြို့၏ လွန်ခဲ့သောနှစ်ပေါင်း ၅၈ နှစ်အတွင်း မေလအတွက် အများဆုံးတိုင်းထွာရရှိခဲ့သော ၂၄ နာရီ မိုးရေချိန် စံချိန်သစ်ဖြစ်ပြီး၊ ယခင်စံချိန်ဟောင်းမှာ ၁၃၆ မီလီမီတာ (၅.၃၅ လက်မ)ဖြစ်ကာ ၁၉၇၈ ခုနှစ် မေလ ၂၈ ရက်တွင် ရှာသွန်းခဲ့ခြင်းဖြစ်သည်။

၂၀၀၄ ခုနှစ် ဇူလိုင် ၂ ရက် နံနက် မြန်မာစံတော်ချိန် ၀၉း၃၀ နာရီတွင် ကန့်ဘလူမြို့၌ တိုင်းထွာရရှိသည်။ မိုးရေချိန် ၁၂၃ မီလီမီတာ (၄.၈၄ လက်မ) ယင်းမြို့၏ လွန်ခဲ့သော နှစ်ပေါင်း ၁၂ နှစ်အတွင်း ဇူလိုင်လအတွက် အများဆုံး တိုင်းထွာရရှိခဲ့သော ၂၄ နာရီ မိုးရေချိန် စံချိန်သစ်ဖြစ်ပြီး ယခင်စံချိန်ဟောင်းမှာ ၁၂၀ မီလီမီတာ (၄.၇၂ လက်မ) ဖြစ်ကာ ၁၉၉၂ ခုနှစ် ဇူလိုင် ၇ ရက်တွင် ရှာသွန်းခဲ့ခြင်းဖြစ်သည်။

၂၀၀၄ ခုနှစ် ဇူလိုင် ၁၁ ရက်နေ့ မြန်မာစံတော်ချိန် နံနက် ၀၉း၃၀ နာရီအချိန်တွင် ကိုကိုးကျွန်း၌ တိုင်းထွာရရှိခဲ့သော မိုးရေ



**ဧရာဝတီမြစ်အတွင်း သဘာဝရှုခင်းတစ်ခု**

ချိန် ၂၅၃ မီလီမီတာ (၉.၉၆ လက်မ)သည် ယင်းမြို့၏ လွန်ခဲ့သော နှစ်ပေါင်း ၅၁ နှစ်အတွင်း ဇူလိုင်လအတွက် အများဆုံး တိုင်းထွာရရှိခဲ့သော ၂၄ နာရီ မိုးရေချိန်စံချိန်သစ်ဖြစ်သည်။

၂၀၀၄ ခုနှစ် မေ ၂၀ ရက် နံနက် မြန်မာစံတော်ချိန် ၀၉း၃၀ နာရီတွင် အောက်ဖော်ပြပါစခန်းများ၌ မေလ၏ ၂၄ နာရီအတွင်း အများဆုံးရွာသွန်းခဲ့သော မိုးရေချိန် စံချိန်သစ်များရရှိခဲ့ကြောင်း ၂၀၀၄ ခုနှစ် မေ ၂၀ ရက်စွဲဖြင့် သက်ဆိုင်ရာမှ ထုတ်ပြန်ခဲ့သည်။

## မြစ်ရေကြီးမှု

၂၀၀၄ ခုနှစ် မိုးရာသီတွင် မြန်မာနိုင်ငံ၏ မြစ်ကြီးရှစ်စင်းစလုံးမြစ်ရေကြီးမှုနှင့် ကြုံတွေ့ရသောကြောင့် ရေကြီးသောနှစ်ဟုခေါ်ဆိုနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်က ပြောကြားသည်။

၂၀၀၄ ခုနှစ် ဇွန်လတွင် စစ်တောင်းမြစ်ပေါ်ရှိ မဒေါက်မြို့၊ သံလွင်မြစ်ပေါ်ရှိ ဘားအံမြို့၊ ကုလားတန်မြစ်ပေါ်ရှိ ကျောက်တော်မြို့အသီးသီးရှိ စိုးရိမ်ရေမှတ်အထက်သို့ တစ်ကြိမ်စီ၊ ဇူလိုင်လနှင့် ဩဂုတ်လတွင်မူ နိုင်ငံအဝန်း မြစ်ကြီးရှစ်စင်းပေါ်ရှိ မိုးလေဝသမြစ်ရေတိုင်းတာရေးစခန်းအားလုံး၏ စိုးရိမ်ရေမှတ်အထက်သို့ မြစ်ရေများ ကျော်လွန်မြင့်တက်ခဲ့ပြီး ဒုဋ္ဌဝတီမြစ်ပေါ်ရှိ မြစ်ငယ်မြို့၊ ဧရာဝတီမြစ်ပေါ်ရှိ ဗန်းမော်နှင့် ကသာမြို့များတွင် နှစ်ကြိမ်စီ၊ ချင်းတွင်းမြစ်ပေါ်ရှိ ကလေးဝမြို့၊ သံလွင်မြစ်ပေါ်ရှိ ဘားအံမြို့၊ စစ်တောင်းမြစ်ပေါ်ရှိ တောင်ငူမြို့နှင့် မဒေါက်မြို့၊ ပဲခူးမြစ်ပေါ်ရှိ ပဲခူးမြို့၊ ရွှေကျင်မြစ်ပေါ်ရှိ ရွှေကျင်မြို့များတွင် တစ်ကြိမ်စီ မြစ်ရေကြီးမှုများဖြစ်ပေါ်ခဲ့သည်ဟု မြန်မာနိုင်ငံ မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာန၏မှတ်တမ်းများတွင် ဖော်ပြထားသည်။

စက်တင်ဘာလတွင်မူ ဧရာဝတီမြစ်ရေသည် ၎င်း၏ နှစ်စဉ်ပုံမှန် ရေကြီးသောမြို့နယ်များတွင်သာမက စစ်ကိုင်း၊ ညောင်ဦး၊ မကွေး၊ မင်းဘူး၊ အောင်လံ၊ ပြည်၊ ဟင်္သာတမြို့များတွင်လည်းကောင်း၊ ချင်းတွင်းမြစ်ရေသည် ကလေးဝနှင့် မုံရွာမြို့တို့တွင်လည်းကောင်း၊ စစ်တောင်းမြစ်ရေသည် တောင်ငူနှင့် မဒေါက်မြို့တို့တွင်လည်းကောင်း၊ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင်လည်းကောင်း တစ်ကြိမ်စီ ထပ်မံမြင့်တက်ကာ မြစ်ရေကြီးမှုများ ဖြစ်ပေါ်ခဲ့ပါသည်။

မြန်မာနိုင်ငံ မိုးလေဝသဦးစီးဌာန၏ အထူးမှတ်ချက်အရ မိုးတွင်းကာလတွင် မြစ်ရေအသီးသီးမြင့်တက်ခဲ့မှုကြောင့် ဗန်းမော်၊ မန္တလေး၊ စစ်ကိုင်း၊ ညောင်ဦး၊ မကွေးမြို့တို့တွင် ရေလွှမ်းမိုးမှုကြုံခဲ့ကြောင်း၊ အထူးသဖြင့် ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့မြစ်ရေတိုင်းထွာရေးစခန်း၏ သမိုင်းတစ်လျှောက် အမြင့်ဆုံးစံချိန်ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါမြစ်ရေကြီးမှုများ ဖြစ်ပေါ်ရခြင်းမှာ ၂၀၀၄ ခုနှစ် မိုးရာသီကာလတွင် မိုးများစွာ ရွာသွန်းခဲ့မှုကြောင့် ဖြစ်သည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သုံးသပ်ပါသည်။

မြစ်ရေကြီးမှုကြောင့် မုံရွာ၊ မန္တလေး ကားလမ်းမပေါ် ရေကျော်ခြင်း၊ ဧရာဝတီတိုင်း၊ ထန်းတပင်နှင့် မြို့နယ်အချို့တွင် ငါးမွေးမြူကန်များမှ ငါးများ မြစ်ချောင်းများအတွင်း ပျံ့နှံ့သွားခြင်းများရှိခဲ့သည်ဟု ရေကြီးမှုကို ကြုံတွေ့ရသူတို့က ဆိုသည်။

သို့ရာတွင် ဒေသအလိုက် ပြည်သူများက ကူညီပံ့ပိုးကယ်ဆယ်မှုများ ပြုလုပ်ခဲ့သဖြင့် မှတ်တမ်းတင်ရအောင် ထူးခြားစွာပျက်စီးခြင်းမရှိပါဟု လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက ပြောကြားသည်။

## မိုးလေဝသအခြေအနေ

၂၀၀၄ ခုနှစ် မေလ၌ ရခိုင်ပြည်နယ်တွင် မုန်တိုင်းတိုက်ခတ်ခြင်း၊ မိုးကာလတွင် နိုင်ငံအဝန်း မြစ်ရေကြီးမှုများ ကြုံတွေ့ခဲ့ရခြင်းတို့ကြောင့် ပြည်သူများ၏ မိုးလေဝသအပေါ် စိတ်ဝင်စားမှုပိုမိုလာသည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်က ပြောကြားသည်။ မိုးလေဝသသတင်းများကို လူထုစိတ်ဝင်စားမှုပိုလာသဖြင့် ဂျာနယ်၊ စာစောင်များမှ ၎င်းထံသို့ မိုးလေဝသသတင်းများ မကြာခဏ

လာရောက်တောင်းခံလာကြကြောင်း ၎င်းက ဆိုသည်။

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ မိုးလေဝသမှတ်တမ်းများအရ ၂၀၀၄ ခုနှစ်တွင် မိုးကြိုကာလမတိုင်မီကတည်းက မိုးများစတင်ရွာသွန်းခဲ့ပြီး ရွာသွန်းသော ဒေသများမှာ မြန်မာနိုင်ငံမြောက်ပိုင်းနှင့် အလယ်ပိုင်းဒေသများ ဖြစ်သည်ဟု သိရှိရသည်။

မိုးတွင်းကာလ၌ မုန်တိုင်း ခြောက်ကြိမ်ဝင်ရောက်ခဲ့၍ ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်ခဲ့သော ဆိုင်ကလုန်းမုန်တိုင်းကြောင့် မေလ ၁၉ ရက်နေ့တွင် ရခိုင်ပြည်နယ်၌ မုန်တိုင်းတိုက်ခတ်မှုကို ခံခဲ့ရသည်ဟု ဦးထွန်းလွင်က ဆိုသည်။ ၂၀၀၄ ခုနှစ်တွင် မုတ်သုံလေသည် မြန်မာနိုင်ငံမြောက်ပိုင်းသို့ သုံးပတ်ခန့်နောက်ကျ ဝင်ရောက်ခဲ့သော်လည်း မြန်မာနိုင်ငံမှ ဆယ်ရက်စောဆုတ်ခွာခဲ့သည်ဟု မိုးလေဝသသတင်းက ဖော်ပြသည်။

မိုးများစွာ ရွာသွန်းမှုနှင့် မြစ်ရေမြင့်တက်မှုတို့ကြောင့် ချင်းတွင်းမြစ်နှင့် မြစ်သာမြစ်ဆုံရာ ကလေးဝမြို့ ချောင်းကျဉ်းအရပ်တွင် မြေပြိုပိတ်ဆို့မှုဖြစ်ပွားခဲ့သဖြင့် မုံရွာ–ကလေး–တမူးလမ်းများ ယာယီပိတ်ဆို့သွားရသည်။ မြန်မာမိုးလေဝသပညာရှင်များက အဆိုပါမြေပြိုမှု ဖြစ်သည့်နေရာတွင် လျှောင်လှုပ်ရှားမှုမရှိဘဲ မိုးရွာသွန်းမှုများပြား၍ ဖြစ်ရသည်ဟု သုံးသပ်ကြသည်။

ဆောင်းရာသီတွင်မူ နိုဝင်ဘာလကတည်းက မြန်မာနိုင်ငံ၌ အအေးဓာတ် အတော်အသင့်ရရှိနေပြီဟု ဦးထွန်းလွင်က ပြောကြားသည်။ ဒီဇင်ဘာလလယ်၌ အများအားဖြင့် ညအပူချိန် ဖြစ်မြဲအောက်လျော့ပြီး အအေးပိုခဲ့သည်ဟု မိုးလေဝသကြေညာချက်များတွင် တွေ့ရှိရသည်။

၂၀၀၄ ခုနှစ် ဒီဇင်ဘာလကုန်ပိုင်းအထိ အပူချိန်အကျဆုံးဒေသသည် ချင်းပြည်နယ် ဟားခါးမြို့ဖြစ်ပြီး အဆိုပါဒေသသည် ဒီဇင်ဘာပထမပတ်၌ ရေခဲအမှတ်အောက် အနုတ်နှစ်ဒီဂရီစင်တီဂရိတ် ကျဆင်းခဲ့ကြောင်း ဦးထွန်းလွင်က ထပ်လောင်း ပြောကြားသည်။

## မူးယစ်ဆေးဝါးသယ်ဆောင်စဉ် လုပ်ကြံသတ်ဖြတ်မှု

ရှမ်းပြည်နယ်အရှေ့ တာချီလိတ်မြို့နယ်အတွင်း မေလ ၁၇ ရက်နေ့တွင်တွင် စိတ်ကြွရူးသွပ်ဆေးပြားများသယ်ဆောင်ရင်း ပုဂ္ဂိုလ်ရေးအရ မကျေနပ်မှုများကြောင့် လုပ်ကြံသတ်ဖြတ်သည့် ဖြစ်ရပ်တစ်ခု ဖြစ်ပွားခဲ့ကြောင်း၊ ထိုဖြစ်စဉ်တွင် သေဆုံးသူ ၃ ဦးအား မီးရှို့ရန်စီစဉ်ထားမှုနှင့် အလေးချိန် ၁၀ ကီလိုဂရမ်ခန့်ရှိ ဒဗလျူပိုင်စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြားတစ်သိန်း တွေ့ရှိသိမ်းဆည်းရမိကြောင်း ၂၂–၅–၂၀၀၄ နေ့ထုတ် နိုင်ငံပိုင်ကြေးမုံသတင်းစာတွင် ဖော်ပြထားခဲ့သည်။

## တစ်ဘဝလုံးချစ်မယ့်သူ၏ ဆိုက်ဘာရာဇဝတ်မှု

၂၀၀၄ ခုနှစ် နှစ်ဦးပိုင်းတွင် ပုံနှိပ်မီဒီယာများ၌ ဆိုက်ဘာရာဇဝတ်မှုတစ်ခုနှင့် ပတ်သက်၍ အငြင်းပွားမှုများ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရသည်။ 'တစ်ဘဝလုံးချစ်မယ့်သူ' အမည်ရှိ ဗီစီဒီကာရာအိုကေတွင် ကွန်ပျူတာ၏ Window စနစ်ကို တိုက်ခိုက်သည့် Software တစ်မျိုးကို ထည့်သွင်းခဲ့ရာ ကွန်ပျူတာကို အသုံးပြု၍ ဗီစီဒီကြည့်ရှုသူများ၏ ကွန်ပျူတာစနစ်ကို ပျက်စီးစေရုံမျှမက အချိန်ယူသိမ်းဆည်းထားရသော Data များပါ ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည်။ ၂၀၀၃ ခုနှစ် နှစ်ကုန်ပိုင်းတွင် ထွက်ရှိခဲ့သော အဆိုပါ ဗီစီဒီမှာ သက်ဆိုင်ရာက ခေါ်ယူသတိပေးပြီးသည့်နောက်ပိုင်း ယခင်ထည့်သွင်းခဲ့သော Software မပါရှိသော ဗီစီဒီအား မူရင်းဈေးနှုန်း၏ ၅၀ ရာခိုင်နှုန်းဖြင့် ရောင်းချခဲ့သော်လည်း ဝယ်ယူသူမရှိသလောက် နည်းပါးခဲ့သည်ကို တွေ့ရသည်။

အဆိုပါဗီစီဒီကို ထုတ်လုပ်သူနှင့် နည်းပညာထည့်သွင်းပေးသော ပညာရှင်တို့မှာ နိုင်ငံကြီးသားပီသသော ကျင့်ဝတ်ဆိုင်ရာ ရေချိန်အားနည်းသည့်အပြင် (၁) ဥပဒေကြောင်းအရ အပြစ်ရှိသူများကို တရားရုံးများကသာ အပြစ်ပေးပိုင်ခွင့်ရှိကြောင်း သဘောမပေါက်ခြင်း၊ (၂) နည်းပညာတိုးတက်မှု မြန်ဆန်၍ Digital Convergence (ဒီဂျစ်တယ်စုဆုံပေါင်းစပ်မှု) အားကောင်းလာခြင်းကြောင့် ကွန်ပျူတာသည် ဘက်စုံသုံး လူ့အသုံးအဆောင်ဖြစ်လာသည်ကို သဘောမပေါက်ခြင်းတို့ကြောင့် နိုင်ငံတကာတွင် ရာဇဝတ်သင့်သော ပြစ်မှုကို ကျူးလွန်သည်ဟု Living Color က ယူဆပါသည်။ ပိုမိုဆိုးရွားသည့်အချက်မှာ ပုံနှိပ်မီဒီယာအချို့က အဆိုပါထုတ်လုပ်သူများကို ကာကွယ်၍ သတင်းစုံစမ်းရေးသားသူ သတင်းထောက် အားမာန်အား တရားစွဲဆိုရန် တွန်းအားပေးမှုများရှိခဲ့ခြင်းပင် ဖြစ်သည်။ အဆိုပါမီဒီယာကို ပဲ့ကိုင်သူများမှာ (၁) နည်းပညာခေတ်တွင် အရေးကြီးသော ခေတ်သစ် 'အ' သုံးလုံး (အင်္ဂလိပ်စာ၊ အိုင်တီ၊ အင်တာနက်)နှင့် ယဉ်ပါးမှုမရှိ၍ မိမိရပ်တည်ရမည့် အမှန်ဘက်ကို မရွေးချယ်တတ်ခြင်း၊ (၂) ပညာရပ်ဆိုင်ရာကို နားလည်တတ်ကျွမ်းသော်လည်း အကြောင်းအကျိုး ဖော်ပြချက်များကို တစ်ပိုင်းတစ်စစီ ဆွဲယူအသုံးပြု၍ လွဲမှားသောအယူအဆကို ပေးအပ်ရန် ကြိုးစားခြင်းတို့ကြောင့် အမှန်ဘက်မှ မရပ်တည်နိုင်ခဲ့ခြင်း ဖြစ်သည်။

အဆိုပါ Software ထည့်သွင်းမှုသည် အဆင့်မြင့် နည်းပညာဖြင့် ဆောင်ရွက်ခြင်းမဟုတ်ဘဲ ကွန်ပျူတာအတွင်းရှိ OS စနစ် ပရိုဂရမ်များကို ပျက်စီးစေသည့် Command များ စုစည်းခြင်းသာဖြစ်သည့်အပြင် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန၏ ၂၀၀၂ ခုနှစ် ဇူလိုင်လ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာစာ (၃/ ၂၀၀၂) အခန်း (၃) တားမြစ်ချက်

## ၂၀၀၄ ခုနှစ်အတွင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ခဲ့သည့် ထူးခြားသည့် အပူချိန်နှင့်မိုးရေချိန်များ

| ရက်စွဲ | ဒေသ | အပူချိန် |
|---|---|---|
| ၁၀.၄.၂၀၀၄ | မကွေး | ၄၂ ဒီဂရီစင်တီဂရိတ်(၁၀၇.၆ ဒီဂရီဖာရင်ဟိုက်) |
| ၂၂.၄.၂၀၀၄ | မင်းဘူး၊ အောင်လံ၊ ဘားအံ၊ ရန်ကုန်(ကမ္ဘာအေး) | ၄၂ ဒီဂရီစင်တီဂရိတ်(၁၀၈ ဒီဂရီဖာရင်ဟိုက်) |
| ၂၆.၄.၂၀၀၄ | ရမည်းသင်း၊ မင်းဘူး၊ မကွေး | ၄၃ ဒီဂရီစင်တီဂရိတ်(၁၀၉ ဒီဂရီဖာရင်ဟိုက်) |
| ၂၇.၄.၂၀၀၄ | မင်းဘူး၊ မကွေး | ၄၄ ဒီဂရီစင်တီဂရိတ်(၁၁၁ ဒသမ၂ ဒီဂရီဖာရင်ဟိုက်) |
| | မန္တလေး၊ ရမည်းသင်း | ၄၃ ဒီဂရီစင်တီဂရိတ်(၁၀၉ ဒသမ၄ ဒီဂရီဖာရင်ဟိုက်) |
| | ရန်ကုန်(ကမ္ဘာအေး) | ၄၂ ဒီဂရီစင်တီဂရိတ်(၁၀၇ ဒသမ၆ ဒီဂရီဖာရင်ဟိုက်) |
| ၂၈.၄.၂၀၀၄ | မကွေး | ၄၄ ဒီဂရီစင်တီဂရိတ်(၁၁၁ ဒသမ၂ ဒီဂရီဖာရင်ဟိုက်) |
| | မင်းဘူး | ၄၃ ဒီဂရီစင်တီဂရိတ်(၁၀၉ ဒသမ၄ ဒီဂရီဖာရင်ဟိုက်) |
| | ရန်ကုန် | ၄၁ ဒီဂရီစင်တီဂရိတ်(၁၀၆ ဒီဂရီဖာရင်ဟိုက်) |
| ၂၉.၄.၂၀၀၄ | မကွေး | ၄၁ ဒီဂရီစင်တီဂရိတ်(၁၀၆ ဒီဂရီဖာရင်ဟိုက်) |
| | ရန်ကုန် | ၃၈ ဒီဂရီစင်တီဂရိတ်(၁၀၀ ဒီဂရီဖာရင်ဟိုက်) |
| ၃၀.၄.၂၀၀၄ | မကွေး | ၄၂ ဒီဂရီစင်တီဂရိတ်(၁၀၇ ဒသမ ၆ ဒီဂရီဖာရင်ဟိုက်) |
| | ရန်ကုန် | ၃၇ဒသမ၈ဒီဂရီစင်တီဂရိတ်(၁၀၀ ဒီဂရီဖာရင်ဟိုက်) |
| ၁.၅.၂၀၀၄ | မကွေး | ၄၃ ဒီဂရီစင်တီဂရိတ်(၁၀၉ ဒသမ ၄ ဒီဂရီဖာရင်ဟိုက်) |
| | ညောင်ဦး၊ မင်းဘူး၊ အောင်လံ၊ သာယာဝတီ | ၄၂ ဒီဂရီစင်တီဂရိတ်(၁၀၇ ဒသမ ၆ ဒီဂရီဖာရင်ဟိုက်) |
| | ရန်ကုန် | ၃၉.၂ ဒီဂရီစင်တီဂရိတ်(၁၀၃ ဒီဂရီဖာရင်ဟိုက်) |
| ၂.၅.၂၀၀၄ | မကွေး | ၄၄ ဒီဂရီစင်တီဂရိတ်(၁၁၁ ဒသမ ၂ ဒီဂရီဖာရင်ဟိုက်) |
| | အောင်လံ | ၄၃ ဒီဂရီစင်တီဂရိတ်(၁၀၉ ဒသမ ၄ ဒီဂရီဖာရင်ဟိုက်) |
| | မုံရွာ၊ မိတ္ထီလာ၊ ညောင်ဦး၊ ပျဉ်းမနား၊ မင်းဘူး | ၄၂ ဒီဂရီစင်တီဂရိတ်(၁၀၇ ဒသမ ၆ ဒီဂရီဖာရင်ဟိုက်) |
| | ပြည်၊ သာယာဝတီ၊ ပုသိမ်၊ မှော်ဘီ၊ ရန်ကုန် | ၄၁ ဒီဂရီစင်တီဂရိတ်(၁၀၅ ဒသမ ၈ ဒီဂရီဖာရင်ဟိုက်) |
| ၃.၅.၂၀၀၄ | မကွေး၊ မုံရွာ | ၄၄ ဒီဂရီစင်တီဂရိတ်(၁၁၁ ဒသမ ၂ ဒီဂရီဖာရင်ဟိုက်) |
| | ချောက်၊ မင်းဘူး၊ ညောင်ဦး | ၄၃ ဒီဂရီစင်တီဂရိတ်(၁၀၉ ဒသမ ၄ ဒီဂရီဖာရင်ဟိုက်) |
| | ရန်ကုန် | ၄၀ဒသမ၈ ဒီဂရီစင်တီဂရိတ်(၁၀၄ ဒီဂရီဖာရင်ဟိုက်) |
| ၄.၅.၂၀၀၄ | ရန်ကုန် | ၄၁ ဒီဂရီစင်တီဂရိတ်(၁၀၅ ဒသမ ၈ ဒီဂရီဖာရင်ဟိုက်) |
| | မုံရွာ၊ မိတ္ထီလာ၊ သာယာဝတီ | ၄၃ ဒီဂရီစင်တီဂရိတ်(၁၀၉ ဒသမ ၄ ဒီဂရီဖာရင်ဟိုက်) |
| | မင်းဘူး၊ ညောင်ဦး | ၄၄ ဒီဂရီစင်တီဂရိတ်(၁၁၁ ဒသမ ၂ ဒီဂရီဖာရင်ဟိုက်) |
| | မကွေး | ၄၅ ဒီဂရီစင်တီဂရိတ်(၁၁၃ ဒီဂရီဖာရင်ဟိုက်) |
| ၅.၅.၂၀၀၄ | မကွေး၊ ချောက် | ၄၄ ဒီဂရီစင်တီဂရိတ်(၁၁၁ ဒသမ ၂ ဒီဂရီဖာရင်ဟိုက်) |
| | သာယာဝတီ | ၄၃ ဒီဂရီစင်တီဂရိတ်(၁၀၉ ဒသမ ၄ ဒီဂရီဖာရင်ဟိုက်) |
| | ရန်ကုန် | ၄၀ဒီဂရီစင်တီဂရိတ်(၁၀၄ ဒီဂရီဖာရင်ဟိုက်) |
| ၆.၅.၂၀၀၄ | မုံရွာ၊ မင်းဘူး၊ အောင်လံ | ၄၃ ဒီဂရီစင်တီဂရိတ်(၁၀၉ ဒသမ ၄ ဒီဂရီဖာရင်ဟိုက်) |
| | မကွေး၊ မိတ္ထီလာ၊ ရမည်းသင်း | ၄၂ ဒီဂရီစင်တီဂရိတ်(၁၀၇ ဒသမ ၆ ဒီဂရီဖာရင်ဟိုက်) |
| | ရန်ကုန် | ၄၀ဒီဂရီစင်တီဂရိတ်(၁၀၄ ဒီဂရီဖာရင်ဟိုက်) |
| ၇.၅.၂၀၀၄ | မင်းဘူး၊ မကွေး၊ သာယာဝတီ | ၄၂ ဒီဂရီစင်တီဂရိတ်(၁၀၇ ဒသမ ၆ ဒီဂရီဖာရင်ဟိုက်) |
| | အောင်လံ၊ မော်လိုက် | ၄၁ ဒီဂရီစင်တီဂရိတ်(၁၀၅ ဒသမ ၈ ဒီဂရီဖာရင်ဟိုက်) |
| | ရန်ကုန် | ၃၇ဒသမ၅ဒဂရီစင်တီဂရိတ်(၁၀၀ ဒီဂရီဖာရင်ဟိုက်) |

| ရက်စွဲ | ဒေသ | အပူချိန် |
|---|---|---|
| ၈.၅.၂၀၀၄ | မုံရွာ၊ ညောင်ဦး | ၄၁ ဒီဂရီစင်တီဂရိတ်(၁၀၅ ဒသမ ၈ ဒီဂရီဖာရင်ဟိုက်) |
| ၉.၅.၂၀၀၄ | ချောက် | ၄၃ ဒီဂရီစင်တီဂရိတ်(၁၀၉ ဒသမ ၄ ဒီဂရီဖာရင်ဟိုက်) |
| ၁၀.၅.၂၀၀၄ | ညောင်ဦး၊ မကွေး | ၄၂ ဒီဂရီစင်တီဂရိတ်(၁၀၇ ဒသမ ၆ ဒီဂရီဖာရင်ဟိုက်) |
| ၁၁.၅.၂၀၀၄ | မကွေး | ၄၄ ဒီဂရီစင်တီဂရိတ်(၁၁၁ ဒသမ ၂ ဒီဂရီဖာရင်ဟိုက်) |
| ၁၂.၅.၂၀၀၄ | ညောင်ဦး၊ မင်းဘူး၊ ချောက်၊ မကွေး | ၄၂ ဒီဂရီစင်တီဂရိတ်(၁၀၇ ဒသမ ၆ ဒီဂရီဖာရင်ဟိုက်) |

**မိုးရေချိန်စံချိန်သစ်များ**

| စဉ် | စခန်းအမည် | မိုးရေချိန်စံချိန်သစ် | | လွန်ခဲ့သောနှစ်ပေါင်း | စံချိန်ဟောင်း | | စံချိန်ဟောင်း |
|---|---|---|---|---|---|---|---|
| | | မီလီမီတာ | လက်မ | | မီလီမီတာ | လက်မ | နေ့ရက်များ |
| ၁ | ပင်လောင်း | ၁၉၂ | ၇.၅၆ | ၃၈ | ၇၈ | ၃.၀၇ | ၁၉.၅.၁၉၆၇ |
| ၂ | ဟုမ္မလင်း | ၁၇၈ | ၇.၀၁ | ၄၀ | ၁၆၁ | ၆.၃၄ | ၂၆.၅.၁၉၈၅ |
| ၃ | မင်းတပ် | ၁၄၀ | ၅.၅၁ | ၄၀ | ၁၂၁ | ၄.၇၆ | ၂၀.၅.၁၉၈၈ |

များအပိုဒ်(၂၁)နှင့် (၂၂) အရ ဥပဒေနှင့် ငြိစွန်းကြောင်း၊ ကွန်ပျူတာဖွံ့ဖြိုးရေးဥပဒေအရ ငွေဒဏ်၊ ထောင်ဒဏ် နှစ်ရပ်လုံးဖြင့် အရေးယူနိုင်ကြောင်းကို ဇန်နဝါရီလ ၂၈ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြခဲ့သည်။

## ကိုရီးယားရုပ်သံတို့၏ လွှမ်းမိုးမှု

၂၀၀၄ ခုနှစ်အတွင်း၌ ဖက်ရှင်အဝတ်အထည်ဆိုင်များ၊ ဆံပင်အလှပြုပြင်ရေးဆိုင်များနှင့် ဂျာနယ်စာမျက်နှာများတွင် အတွေ့ရအကြားရများလာသည်မှာ 'ကိုရီးယား' ဟူသော စကားစုပင် ဖြစ်သည်။ ဖက်ရှင်ဆိုင်များတွင် ကိုရီးယားမိတ်ဟု ထည်လဲသုံးစွဲသလို ဆံသဆိုင်များတွင်လည်း ကိုရီးယားဇာတ်လမ်းတွဲများမှ ဇာတ်ကောင်နာမည်တို့ကို သုံးစွဲကာ ပုံစံတူညှပ်ခိုင်းသံကို ကြားနေရသည်။ ဂျာနယ်စာမျက်နှာအချို့ပေါ်တွင်လည်း ကိုရီးယားမင်းသား မင်းသမီးတို့၏ အကြောင်းကို မပါမဖြစ် ဖော်ပြပေးနေသည်ကို တွေ့မြင်ရသည်။ မြန်မာနိုင်ငံ ရန်ကုန်မြို့တော်ရှိ စားသောက်ဆိုင်၊ အဝတ်အထည်ဆိုင်၊ ဆံသဆိုင်တို့ကိုပင် ကိုရီးယားဇာတ်လမ်းတွဲများမှ ဇာတ်ကောင်များ၏အမည်ကို ပေးလာကြပြီး ကြွပ်ကြွပ်အိတ်များတွင်လည်း ကျန်ကျောင်း၊ ပေါင်ချိန်တို့၏နေရာတွင် ဂျွန်စော၊ အွန်စော၊ ထယ်စောက်၊ ဒါရိုက်တာရင်၊ ဂျင်ဆန်းမီ၊ လီဆောင်းဦး စသူတို့ နေရာယူလာကြသည်ကို ၂၀၀၄ ခုနှစ်အတွင်း သိသိသာသာ တွေ့မြင်လာရသည်။



မြန်မာပရိသတ်များ နှစ်ခြိုက်သည့် ကိုရီးယားသရုပ်ဆောင်

၂၀၀၃ ခုနှစ်အတွင်းက 'ဆောင်းဦးရွက်ကြွေ ချစ်သက်သေ' ဇာတ်ကားမှ အဓိကသရုပ်ဆောင်များဖြစ်သော အွန်စောနှင့် ထယ်စောက်တို့ မြန်မာနိုင်ငံသို့ လာရောက်လိမ့်မည်ဟုလည်းကောင်း၊ 'ဆည်းဆာရင်ခုန်သံ'ဇာတ်ကားမှ ဒါရိုက်တာရင် မြန်မာနိုင်ငံသို့ လာရောက်မည်ဟူ၍လည်းကောင်း စာမျက်နှာအချို့တွင် ဖော်ပြခဲ့ဖူးပြီး လက်တွေ့တွင်မူ လာရောက်သံမကြားရပေ။ ယခုနှစ်တွင်လည်း 'လှို့ဝှက်ချက်'ဇာတ်ကားမှ ကျော်ဌာနမှူးအဖြစ် သရုပ်ဆောင်ခဲ့သော ကိုရီးယားရုပ်ရှင်မင်းသား ကင်မင်ဂျုံ (Kin Min Jon) မြန်မာနိုင်ငံသို့ လာရောက်ရန် စီစဉ်နေကြောင်း 7 Day

## ၂၀၀၃ ဒီဇင်ဘာမှ ၂၀၀၄ ခုနှစ် ဒီဇင်ဘာလအတွင်း လှုပ်ခတ်သွားခဲ့သော ငလျင်များ

| နေ့စွဲ | အချိန်(မြန်မာစံတော်ချိန်) | နေရာ(ဗဟိုပြုရာ) | အင်အား(ရစ်ချ်တာစကေး) |
|---|---|---|---|
| ၁၉-၁၂-၂၀၀၃ | ၀၆ နာရီ၊ ၄၂ မိနစ်၊ ၃၆ စက္ကန့် | ကမ္ဘာအေးမြေငလျင်စခန်း၏မြောက်ဘက် ၁၇၂ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်းနေရာ | ၅.၃(အသင့်အတင့်) |
| ၂၈-၁-၂၀၀၄ | ၀၇ နာရီ၊ ၄၆ မိနစ်၊ ၃၆ စက္ကန့် | ကမ္ဘာအေးမြေငလျင်စခန်း၏မြောက်ဘက် မိုင် ၁၁၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်းနေရာ | ၄.၅ (အနည်းငယ်) |
| ၁၇-၂-၂၀၀၄ | ၁၃ နာရီ ၊၁၁ မိနစ်၊ ၅၅ စက္ကန့် | မန္တလေးမြေငလျင်စခန်း၏ တောင်ဘက် ၁၀ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်းနေရာ | ၄.၂(အနည်းငယ်) |
| ၂၁-၃-၂၀၀၄ | ၀၂ နာရီ၊ ၁၀ မိနစ်၊၂၆ စက္ကန့် | ကမ္ဘာအေးမြေငလျင်စခန်း၏ မြောက်ဘက် ၂၆၂ မိုင်ခန့်ဝေးကွာသော မြန်မာနိုင်ငံ ပြည်တွင်းနေရာ | ၄.၈(အနည်းငယ်) |
| ၂၆-၃-၂၀၀၄ | ၀၄ နာရီ၊ ၅၂ မိနစ်၊ ၁၈ စက္ကန့် | ကမ္ဘာအေးမြေငလျင်စခန်း၏ မြောက်ဘက် ၂၀၆ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်းနေရာ | ၄.၇(အနည်းငယ်) |
| ၁၀-၄-၂၀၀၄ | ၁၀ နာရီ၊ ၅၄ မိနစ်၊ ၂၈ စက္ကန့် | ကမ္ဘာအေးမြေငလျင်စခန်း၏မြောက်ဘက် ၂၁၃ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်းနေရာ | ၄.၆(အနည်းငယ်) |
| ၁၁-၄-၂၀၀၄ | ၁၀ နာရီ၊ ၅၄ မိနစ်၊ ၂၈ စက္ကန့် | ကမ္ဘာအေးမြေငလျင်စခန်း၏မြောက်ဘက် ၂၁၃ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်းနေရာ | ၄.၆(အနည်းငယ်) |
| ၂၃-၄-၂၀၀၄ | ၀၈ နာရီ၊ ၂၇ မိနစ်၊ ၂၇ စက္ကန့် | ကမ္ဘာအေးမြေငလျင်စခန်း၏မြောက်ဘက် မိုင် ၂၂၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်းနေရာ | ၄.၇(အနည်းငယ်) |
| ၂၄-၅-၂၀၀၄ | ၀၈ နာရီ၊ ၁၁ မိနစ်၊ ၃၄ စက္ကန့် | မန္တလေးမြေငလျင်စခန်း၏ အနောက်မြောက်ဘက် ၁၉၃ မိုင်ခန့်ဝေးကွာသော မြန်မာနိုင်ငံ ပြည်တွင်းနေရာ | ၄.၉(အနည်းငယ်) |
| ၇-၆-၂၀၀၄ | ၀၃ နရီ ၅၃ မိနစ် ၅၆ စက္ကန့် | ကမ္ဘာအေးမြေငလျင်စခန်း၏အနောက် (အနောက်တောင်ယွန်းယွန်း) ၁၃၈ မိုင်ခန့် ကွာဝေးသောမြန်မာနိုင်ငံပြည်တွင်းနေရာ | ၃.၉(အနည်းငယ်) |
| ၈-၈-၂၀၀၄ | ၁၉ နာရီ၊ ၁၆ မိနစ်၊ ၃၆ စက္ကန့် | ကမ္ဘာအေးမြေငလျင်စခန်း၏မြောက်ဘက် ၂၀၆ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်းနေရာ | ၄.၅(အနည်းငယ်) |
| ၁၇-၉-၂၀၀၄ | ၅ နာရီ၊ ၅၅ မိနစ်၊ ၅၉ စက္ကန့် | ကမ္ဘာအေးမြေငလျင်စခန်း၏ အနောက် တောင်ဘက် ၁၃၆ မိုင်ခန့်ကွာဝေးသော မြန်မာ့ပင်လယ်ပြင် | ၄.၇(အနည်းငယ်) |
| ၂၉-၁၁-၂၀၀၄ | ၁၆ နာရီ၊ ၄၅ မိနစ်၊ ၅၀ စက္ကန့် | ကမ္ဘာအေးမြေငလျင်စခန်း၏အနောက် တောင်ဘက် ၅၅ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံ ပြင်ပနေရာ | ၄ (အနည်းငယ်) |

Source: မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

News ဂျာနယ် အတွဲ–၃၊ အမှတ်–၃၂ တွင် သတင်းဖော်ပြပြန်သည်။

ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံအချို့ နီးစပ်မှုရှိသည့်အပြင် သဘာဝကျသော ကိုရီးယားသရုပ်ဆောင်များကြောင့် မြန်မာနိုင်ငံတွင် ကိုရီးယားရုပ်/သံဇာတ်လမ်းများအား နှစ်ခြိုက်စွာ အားပေးသူဦးရေ တိုးသည်ထက်တိုးလာခဲ့သည်။ ကိုရီးယားသရုပ်ဆောင်များ၏ ဝတ်စားဆင်ယင်ပုံနှင့် ဆံကေသာတို့ကိုလည်း မြန်မာလူငယ်များ အတုယူလာကြသည်ကို တွေ့ရသည်။ ကိုရီးယားရုပ်သံဇာတ်လမ်းတွဲများအတွင်းမှ အပြောများသည့် 'အိုပါး' ဟူသော ဝေါဟာရကိုလည်း အမျိုးသမီးငယ်ကလေးများ ပြောဆိုခေါ်ဝေါ်မှုများလာသည့်အပြင် ယင်းနာမည်ဖြင့် ဖက်ရှင်ဆိုင်အချို့ကိုလည်း တွေ့မြင်ရသည်။ ကိုရီးယားဇာတ်လမ်းတွဲများတွင် စီးကရက်အလွန်အကျွံသောက်ပြသောအခန်းများ လွန်ကဲစွာ ပါဝင်ခြင်းမှတစ်ပါး မြန်မာပရိသတ်များ နေ့စဉ်ထမင်းမေ့ဟင်းမေ့ အားပေးနေကြသည်မှာ ယခုနှစ်အတွက် မှတ်တမ်းတင်ရမည့် အကြောင်းအရာ ဖြစ်ခဲ့သည်။

ကိုရီးယားရုပ်သံဇာတ်လမ်းတွဲများအား ၂၀၀၂ ခုနှစ်နှောင်းပိုင်း၌ မြန်မာရုပ်/သံ အစီအစဉ်များတွင် စတင်ပြသခဲ့ပြီး ကိုရီးယားဇာတ်လမ်းတွဲ မပြသမီက မြန်မာပရိသတ်အပေါ် လွှမ်းမိုးခဲ့သည်မှာ မြဝတီရုပ်သံမှ လွှင့်ထုတ်ခဲ့သော တရုတ်ဇာတ် လမ်းတွဲများ ဖြစ်သည်။

## ကြော်ငြာဈေးကွက် အပြောင်းအလဲ

၂၀၀၄ ခုနှစ်အတွင်း မီဒီယာအသီးသီးတွင် အပြောင်းအလဲတစ်ရပ် ဖြစ်ပေါ်ခဲ့သည်။ ကြော်ငြာမည့် ကုန်ပစ္စည်းနှင့် လိုက်ဖက်သည်ဖြစ်စေ၊ မလိုက်ဖက်သည်ဖြစ်စေ ဈေးကွက်အတွင်း သရုပ်ဆောင်ခအမြင့်ဆုံး သရုပ်ဆောင်များကိုသာ အသုံးပြုခဲ့ရာမှ ကလေးသရုပ်ဆောင်အပါအဝင် မျက်နှာသစ်များအား ရှေ့တန်းတင် ရိုက်ကူးလာသည်ကို တွေ့ရသည်။ လုပ်ငန်းရှင်၏ မိသားစုဝင်များ ပါဝင်ရိုက်ကူးမှု များပြားနေသေးသော်လည်း ခက်ခဲစွာ ရယူရသော သရုပ်ဆောင်ကြေးမြှင့် Cleberities များအား ငြီးငွေ့စပြုလာသည်ကို စာနယ်ဇင်းများတွင် တွေ့မြင်လာရရာ ၂၀၀၅ ခုနှစ်၌ ကြော်ငြာဈေးကွက် ပိုမိုပြောင်းလဲလာမည်ဟု ခန့်မှန်းနိုင်ပါသည်။


မည်သို့ဖြစ်စေ မြန်မာမီဒီယာများ၌ ကြော်ငြာဖန်တီးသူများအနေနှင့် အစဉ်တစိုက် လက်ကိုင်ကျင့်သုံးလာသော ၎င်းတို့၏ အယူအဆနှင့် ဖန်တီးမှုများကို ပြန်လည်သုံးသပ်လာသည့်သဘော တွေ့မြင်ရသည်။ သို့သော် တေးသရုပ်ဖော်ဖျော်ဖြေရေးအဆင့်သာ ရိုက်ကူးနိုင်သေးသည့် ကြော်ငြာဒါရိုက်တာတစ်ဦးနှင့် ဂျာနယ်တစ်စောင်တို့ တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် အဆိုပါဒါရိုက်တာက ပရိသတ်လက်ခံသလောက်သာ ရိုက်ကူးနေရခြင်းဖြစ်ကြောင်း၊ ဒါရိုက်တာက မည်မျှပင် တီထွင်ဖန်တီးချင်စိတ်ရှိသော်လည်း ပရိသတ်က မလိုက်နိုင်သေး၍ ပရိသတ်အကြိုက်သာရိုက်နေရသေးကြောင်း ပြောဆိုသွားသည်ကို တွေ့ရသည်။ ယင်းပြောဆိုချက်မှာ အဆိုပါကြော်ငြာဒါရိုက်တာ၏ ခံယူချက်နှင့် ပရိသတ်အပေါ်ထားရှိသည့်သဘောထားကို ဘွင်းဘွင်းကြီး ဖွင့်ပြလိုက်ခြင်းဖြစ်သည်။ ကြော်ငြာနှင့်ပတ်သက်၍သော်လည်းကောင်း၊ ဒါရိုက်တာအတတ်ပညာနှင့် ပတ်သက်၍သော်လည်းကောင်း မည်မျှဆည်းပူးလေ့လာထားသည်ကို မသိရသော်လည်း ယင်းဒါရိုက်တာ၏ ပြောဆိုချက်အပေါ် ဝေဖန်သုံးသပ်မှုများ ရှိခဲ့သည်။

## MMBox နှင့် MRTV-4 ရုပ်သံလိုင်းသစ် အစီအစဉ်ထုတ်လွှင့်မှု

မြန်မာနိုင်ငံ၏ စတုတ္ထမြောက်ရုပ်သံကြားလိုင်းသစ်တစ်ခုဖြစ်သည့် MRTV-4 ကို ၂၀၀၄ ခုနှစ် မေလ ၁၅ ရက်နေ့တွင် စတင်၍ စမ်းသပ်ထုတ်လွှင့်ခဲ့သည်။

အဆိုပါ ရုပ်မြင်သံကြားလိုင်းသစ်ကို မြန်မာမီဒီယာ Box

Myanmar Media Box



နှင့် ဂြိုလ်တုစလောင်းရှိသူများသာ ဖမ်းယူကြည့်ရှုနိုင်မည်ဖြစ်သည်။ ယင်းရုပ်သံလိုင်းတွင် နေ့စဉ် ပြည်တွင်းပြည်ပ ရုပ်ရှင် ဗီဒီယိုဇာတ်ကားသုံးကား၊ နိုင်ငံခြားဇာတ်လမ်းတွဲများ၊ တေးဂီတဖျော်ဖြေရေးအစီအစဉ်၊ ကာရာအိုကေ သီချင်းများအပြင် မြန်မာ့အသံနှင့် မြဝတီရုပ်မြင်သံကြား ကောက်နုတ်ချက်အစီအစဉ်များ ပါဝင်သည်။ ထို့အပြင် နေ့စဉ်ထုတ်သတင်းစာများ၊ ဂျာနယ်များ၊ မဂ္ဂဇင်းများကို ထည့်သွင်းပေးထားပြီး ၎င်းအစီအစဉ်များကို နှစ်သက်ရာအချိန်တွင် ရွေးချယ်ကြည့်ရှုနိုင်သည်ဟု ဆိုသည်။

MRTV-4 ရုပ်သံလိုင်းသစ်အပြင် ရေဒီယိုအစီအစဉ်များ၊ Yangon City FM အစီအစဉ်များကို မြန်မာနိုင်ငံ တစ်ဝန်းလုံးမှ MMBox ဖြင့် ဖမ်းယူနားဆင်နိုင်မည်ဖြစ်သည်။

၂၀၀၄ ခုနှစ်နှောင်းပိုင်းတွင် အဆိုပါ MMBox ထုတ်လုပ်သောကုမ္ပဏီမှ ကွန်ပျူတာတွင် တပ်ဆင်၍ MMBox ကဲ့သို့သော စွမ်းဆောင်ရည်မြင့် MRTV-4 နှင့် ဂြိုလ်တုရုပ်သံများ ဖမ်းယူကြည့်ရှုနိုင်သော SKY Satellite ကို ဈေးကွက်နှင့် မိတ်ဆက်ပေးခဲ့သည်။

## နှစ်လေးဆယ်အတွင်း အပြင်းထန်ဆုံး မြေငလျင်လှုပ်ခတ်မှု

၂၀၀၄ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်နေ့ မြန်မာစံတော်ချိန် နံနက် ၇ နာရီ ၃၂ မိနစ် ၄ စက္ကန့်အချိန်တွင် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၏ အနောက်မြောက်ဘက် မိုင် ၁၀၀၀ ခန့် ကွာဝေးသော နေရာကို ဗဟိုပြု၍ နှစ် ၄၀ အတွင်း အပြင်းထန်ဆုံး မြေငလျင်ကြီးတစ်ခု လှုပ်ခတ်ခဲ့သည်။ အင်အားရစ်ချ်တာစကေး ၉.၀ရှိ အလွန်ပြင်းထန်သော ငလျင်ဖြစ်၍ မြန်မာနိုင်ငံသို့ပါ သိသာသော ရိုက်ခတ်မှု ဖြစ်ပွားခဲ့သည်။

ယင်းငလျင် တုန်လှုပ်ခဲ့ပြီးနောက်ပိုင်းတွင် ကပ္ပလီပင်လယ်ပြင်အတွင်း အင်အားရစ်ချ်တာစကေး ၆.၀ခန့်ရှိသည့် မြေငလျင် ကိုးကြိမ်ခန့် လှုပ်ခဲ့သည်။ မြန်မာစံတော်ချိန် ၉ နာရီ ၃၈ မိနစ် ၄၂ စက္ကန့်တွင် လှုပ်ခဲ့သော ရှစ်ကြိမ်မြောက်ငလျင်သည် အင်အားရစ်ချ်တာစကေး ၆.၁ ရှိပြီး ကိုကိုးကျွန်း၏ အနောက်တောင်ဘက် မိုင် ၆၀ခန့်အကွာကို ဗဟိုပြုခဲ့ကာ ကိုးကြိမ်မြောက်တွင် အင်အားရစ်ချ်တာစကေး ၇.၃ရှိသော မြေငလျင်သည် ကိုကိုးကျွန်း၏ တောင်ဘက် မိုင် ၄၀၀ ခန့်ကို ဗဟိုပြုပြီး လှုပ်ရှားသွားခဲ့သည်။

မြေငလျင်ဗဟိုချက်သည် ကပ္ပလီပင်လယ်ပြင်တွင် ရွေ့လျားတုန်လှုပ်နေသည့်သဘောရှိပြီး မြေငလျင်ကြီးများ တုန်လှုပ်ပြီးသည့်အခါ မြေငလျင်ကြောတစ်လျှောက် အားပျော့သည့်နေရာအချို့တွင် သုံးရက်ခန့် ငလျင်ငယ်များ လှုပ်လေ့ရှိကြောင်း သက်ဆိုင်ရာမှ သတင်းထုတ်ပြန်ခဲ့သည်ကိုတွေ့ရပြီး ယင်းမြေငလျင်၏ ဗဟိုပြုရာသည် မြန်မာနိုင်ငံမှ တိုင်းတာသော် ကမ္ဘာအေးမြေငလျင်စခန်း၏ တောင်ဘက် မိုင် ၁၀၀၀ ခန့် ကွာဝေးသော နေရာဖြစ်သည်။

ငလျင်လှိုင်းသည် အင်ဒိုနီးရှား၊ ထိုင်း၊ သီရိလင်္ကာ၊ ဆိုမားလီးယား၊ အိန္ဒိယ၊ မော်လ်ဒိုက်ဗ်၊ မလေးရှားနှင့် မြန်မာနိုင်ငံတို့သို့ ရိုက်ခတ်ခဲ့ပြီး လူပေါင်း ၁၅,၀၀၀ ခန့် သေဆုံးခဲ့ပြီဖြစ်ကြောင်း ဒီဇင်ဘာလ ၂၇ ရက်နေ့ နိုင်ငံတကာသတင်းများက ဖော်ပြခဲ့သည်။ ကော့သောင်းမြို့နှင့် တစ်ဖက်ကမ်း ထိုင်းနိုင်ငံဘက်တွင်မူ ငလျင်ကြောင့် အပျက်အစီး ဆုံးရှုံးမှုများစွာ ဖြစ်ပေါ်ခဲ့သည့်အပြင် စုစုပေါင်း လူ ၂၂၃ ဦးခန့် သေဆုံးခဲ့ကြောင်း ယင်းသတင်းတွင် ဖော်ပြပါရှိသည်။

၁၉၆၄ ခုနှစ်က အင်အားရစ်ချ်တာစကေး ၉.၂ဖြင့် စတုတ္ထမြောက် အကြီးဆုံးငလျင် လှုပ်ရှားခဲ့ပြီး ယခုလှုပ်ရှားသော ငလျင်သည် ပဥ္စမမြောက် အင်အားအကြီးဆုံးငလျင် ဖြစ်သည်။

**အယ်ဒီတာအဖွဲ့.**

**Photo Source: Newlight of Myanmar, India Embassy**

ယင်းငလျင် တုန်လှုပ်ခဲ့ပြီးနောက်ပိုင်းတွင် ကပ္ပလီပင်လယ်ပြင်အတွင်း အင်အားရစ်ချ်တာစကေး ၆.၀ ခန့်ရှိသည့် မြေငလျင် ကိုးကြိမ်ခန့် လှုပ်ခဲ့သည်။ မြန်မာစံတော်ချိန် ၉ နာရီ ၃၈ မိနစ် ၄၂ စက္ကန့်တွင် လှုပ်ခဲ့သော ရှစ်ကြိမ်မြောက်ငလျင်သည် အင်အားရစ်ချ်တာစကေး ၆.၁ ရှိပြီး ကိုကိုးကျွန်း၏ အနောက်တောင်ဘက် မိုင် ၆၀ ခန့်အကွာကို ဗဟိုပြုခဲ့ကာ ကိုးကြိမ်မြောက်တွင် အင်အားရစ်ချ်တာစကေး ၇.၃ ရှိသော မြေငလျင်သည် ကိုကိုးကျွန်း၏ တောင်ဘက် မိုင် ၄၀၀ ခန့်ကို ဗဟိုပြုပြီး လှုပ်ရှားသွားခဲ့သည်။

ငလျင်လှိုင်းသည် အင်ဒိုနီးရှား၊ ထိုင်း၊ သီရိလင်္ကာ၊ ဆိုမားလီးယား၊ အိန္ဒိယ၊ မော်လ်ဒိုက်ဗ်၊ မလေးရှားနှင့် မြန်မာနိုင်ငံတို့သို့ ရိုက်ခတ်ခဲ့ပြီး လူပေါင်း ၁၅,၀၀၀ ခန့် သေဆုံးခဲ့ပြီဖြစ်ကြောင်း ဒီဇင်ဘာလ ၂၇ ရက်နေ့ နိုင်ငံတကာသတင်းများက ဖော်ပြခဲ့သည်။ ကော့သောင်းမြို့နှင့် တစ်ဖက်ကမ်း ထိုင်းနိုင်ငံဘက်တွင်မူ ငလျင်ကြောင့် အပျက်အစီး ဆုံးရှုံးမှုများစွာ ဖြစ်ပေါ်ခဲ့သည့်အပြင် စုစုပေါင်း လူ ၂၂၃ ဦးခန့် သေဆုံးခဲ့ကြောင်း ယင်းသတင်းတွင် ဖော်ပြပါရှိသည်။ ၁၉၆၄ ခုနှစ်က အင်အားရစ်ချ်တာစကေး ၉.၂ ဖြင့် စတုတ္ထမြောက် အကြီးဆုံးငလျင် လှုပ်ရှားခဲ့ပြီး ယခုလှုပ်ရှားသော ငလျင်သည် ပဥ္စမမြောက် အင်အားကြီးဆုံးငလျင် ဖြစ်သည်။

# ၂၀၀၄ ခုနှစ် မှတ်တိုင်များ(၃) စာပေ ၊ အနုပညာ

အယ်ဒီတာအဖွဲ့



တစ်သက်တာစာပေဆုရ စာရေးဆရာဌေးမောင်

## အမျိုးသားစာပေတစ်သက်တာဆု

ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီက ၂၀၀၃ ခုနှစ်တွင် ထုတ်ဝေခဲ့သည့်စာအုပ်များအနက် စိစစ်ရွေးချယ်ပြီး အမျိုးသားစာပေဆုများ ဆွတ်ခူးရရှိသော စာပေပညာရှင်များတွင် အမျိုးသား စာပေတစ်သက်တာဆုကို ဦးဌေးမောင် (စာရေးဆရာဌေးမောင်)က ရရှိခဲ့သည်။

အဆိုပါဆုကို ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၁၂ ရက် (တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဓာတ်ရုံတွင် ကျင်းပသော ၂၀၀၃ ခုနှစ်အတွက် အမျိုးသားစာပေဆု၊ စာပေဗိမာန် စာပေဆုနှင့် (၁၅) ကြိမ်မြောက် အမျိုးသားရေးဆောင်ပုဒ်စာပေနှင့် ဓာတ်ပုံပြိုင်ပွဲဆု ဆုနှင်းသဘင်အခမ်းအနားတွင် ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။

စာရေးဆရာဌေးမောင်သည် စာပေနယ်ထဲသို့ ၁၉၄၇ ခုနှစ်တွင် စတင်ရောက်ရှိခဲ့ပြီး ပြည်သူ့ရဲဘော်ဂျာနယ် ဝတ္ထုတိုပြိုင်ပွဲတွင် ဆုစတင်ရရှိခဲ့ကာ ဝတ္ထုတိုကို ရေနံမြေက ရဲဘော်ကလောင်အမည်ဖြင့် 'သင်းတို့လောက' ခေါင်းစဉ်နှင့် စတင်ရေးခဲ့သည်။ ၁၉၆၄ ခုနှစ်တွင် 'အရေးတော်ပုံ' လုံးချင်းဝတ္ထုကို ရေးသားပြီး ရုရှားဘာသာသို့ ပြန်ဆိုခြင်းခံခဲ့ရသည်။ ၁၉၆၅ ခုနှစ်တွင် "တိုက်ပွဲခေါ်သံ" လုံးချင်းဝတ္ထုကို ရေးသားခဲ့သည်။ ၄င်းသည် ရှုမဝနှင့် သွေးသောက်မဂ္ဂဇင်းတို့တွင် ဝတ္ထုရှည်၊ ဝတ္ထုတိုတို့ကို ရေးသားခဲ့ပြီး ယခုအချိန်အထိ စာပေနှင့်သာ အသက်မွေးဝမ်းကျောင်းပြုခဲ့ဖြစ်သည်။ ၁၉၅၂ ခုနှစ်တွင် သွေးသောက်မဂ္ဂဇင်း၌ အယ်ဒီတာအလုပ်စတင်လုပ်ခဲ့ပြီး ၁၉၅၆ ခုနှစ်တွင် မြဝတီမဂ္ဂဇင်းအယ်ဒီတာအဖြစ် ၂၃ နှစ်ကြာ ဝင်ရောက်လုပ်ကိုင်ခဲ့ကာ သပြေမဂ္ဂဇင်းတွင် လေးနှစ်ကြာလုပ်ကိုင်ခဲ့သည်။ ဌေးမောင်ဟူသည့် ကလောင်အမည်ကို ရှုမဝမဂ္ဂဇင်းတွင် စတင်သုံးစွဲခဲ့ပြီး ၁၉၇၀ ပြည့်နှစ်တွင် ဩစတြေးလျနိုင်ငံသို့ ဇဝန၊ သာဂဒိုး၊ လေသူရဲတစ်ဦးတို့နှင့်အတူ သွားရောက်ခဲ့ဖူးသည်။

## သတင်းစာပညာကို တန်ဖိုးမြှင့်ခြင်း

မြန်မာနိုင်ငံအစိုးရမှ နိုင်ငံနှင့်အဝန်းသို့ Media Cover ဖြစ်ရေးကို အလေးပေးဆောင်ရွက်လျက်ရှိရာ ဩဂုတ်လအတွင်းက ပြန်ကြားရေးဝန်ကြီးဌာန လက်အောက်ရှိ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းတွင် ခန့်အပ်မည့် သတင်းစာပညာရပ်ဆိုင်ရာ ဝန်ထမ်းများ လျှောက်လွှာခေါ်ယူရာ၌ ယခင်ခေါ်ယူခဲ့သည့် ပုံစံများထက် တာဝန်ရော ခံစားခွင့်ကိုပါ မြှင့်တင်လာသည်ကို တွေ့ရသည်။

ခေါ်ယူသည့်ရာထူးနေရာမှာ The New Light of Myanmar သတင်းစာတိုက်အတွက် အငယ်တန်းသတင်းထောက်သို့မဟုတ် စာပေလက်ထောက်-၂ အတွက် ဖြစ်သည်။ ပြည်ထောင်စုမြန်မာ နိုင်ငံသားဖြစ်ပြီး တက္ကသိုလ်ဝင်စာမေးပွဲတွင် အင်္ဂလိပ်စာကို ဂုဏ်ထူးဖြင့် အောင်မြင်သူများ၊ သို့မဟုတ် အင်္ဂလိပ်ဘာသာ အဓိကဖြင့် တက္ကသိုလ်တက်ရောက်နေသူများ

## ၂၀၀၃ ခုနှစ်အတွက် အမျိုးသားစာပေဆုများ

| စဉ် | ဘာသာရပ် | စာအုပ်အမည် | ရေးသူ | ထုတ်ဝေသူ |
|---|---|---|---|---|
| ၁ | ဝတ္ထုရှည် | နံနက်သုံးနာရီ | ဆောင်းဝင်းလတ် | စိတ်ကူးချိုချိုစာပေ |
| ၂ | ဝတ္ထုတိုပေါင်းချုပ် | ဖက်စိမ်းကွမ်းတောင်ရွှေဝတ္ထုတိုများ | ခင်ခင်ထူး | ချိုတေးသံစာပေ |
| ၃ | ကဗျာပေါင်းချုပ် | မေတ္တာရိပ်နန်း<br>ပန်းရောင်စုံကဗျာများ | စလင်းဘုန်းကျော် | နိုင်ငံ့ဂုဏ်ရည်စာပေ |
| ၄ | စာပဒေသာ | အမျိုးသမီးစာဆိုလောကနှင့်<br>ဘဝကြေးမုံ | ဒေါ်မိမိလေး | NCHRD |
| ၅ | မြန်မာ့ယဉ်ကျေးမှု<br>နှင့် အနုပညာဆိုင်ရာ | မြန်မာ့ရှေးဟောင်းမင်စာနှင့်<br>မြန်မာ့ယဉ်ကျေးမှု | မောင်သစ္စာ | စာပေဗိမာန် |
| ၆ | ကလေးစာပေ | လောကနီတိကဗျာများ | မြင်းမူမောင်နိုင်မိုး | နိုင်ငံ့ဂုဏ်ရည်စာပေ |
| ၇ | လူငယ်စာပေ | ပန်းပျိုးအလှ ပန်းအလှ | သန်းအောင်(အညာမြေ) | စာပေဗိမာန် |
| ၈ | ဘာသာပြန်(သုတ) | စစ်ဘက်ခေါင်းဆောင်မှု၏ မျက်နှာဖုံး | လှိုင်သင်း | ကံ့ကော်ဦးမွန်စာပေ |
| ၉ | ဘာသာပြန်(ရသ) | ဝံပုလွေများနှင့် ကခုန်ခြင်း | မောင်ထွန်းသူ | ကံ့ကော်ဝတ်ရည်စာပေ |
| ၁၀ | သုတပဒေသာ(ဝိဇ္ဇာ) | မဟာဝန်ရှင်တော်မင်းကြီး | မကြြန် | မြန်မာ့ရတနာစာပေ |
| ၁၁ | သုတပဒေသာ<br>(ရိုးရိုးသိပ္ပံ) | အနန္တစကြဝဠာ၏အနားစွန်းပေါ်သို့ | ကျော်ဦး | ပါရမီစာပေ |
| ၁၂ | သုတပဒေသာ<br>(အသုံးချသိပ္ပံ) | မြန်မာ့မုတ်သုံ | နိုင်ရွှေမိုး | စာပေဗိမာန် |
| ၁၃ | ပြဇာတ်စာပေ | ရွှေတံခါးကြီးဖွင့်ပါဦးနှင့်<br>အခြားပြဇာတ်များ | ကြူကြူသင်း | နိုင်ငံ့ဂုဏ်ရည်စာပေ |
| ၁၄ | နိုင်ငံရေးစာပေ | အာရှနိုင်ငံများကို ဖွဲ့ယူသိမ်းယူ<br>ခဲ့ကြသောနယ်ချဲ့များ | ဒေါက်တာမတင်ဝင်း | ပါရမီစာပေ |

(နေ့ပိုင်း)၊ သို့မဟုတ် အင်္ဂလိပ်စာ အရေး၊ အဖတ်၊ အပြော ကျွမ်းကျင်ပြီး တက္ကသိုလ်တစ်ခုခု (နေ့ပိုင်း) တွင် တက်ရောက်နေသည့် နေ/ည တာဝန်ထမ်းဆောင်နေသူများကို ခေါ်ယူခြင်းဖြစ်သည်။

လုပ်ငန်းတွင် ထူးချွန်ပါက ပြည်ပသင်တန်းများသို့ စေလွှတ်သင်ကြားပေးမည်ဟုဆိုခြင်း၊ တက္ကသိုလ်(နေ့ပိုင်း)သို့ တက်ရောက်ခွင့်ပြုပြီး ကျောင်းပြီးသည်အထိ လစာကို လစဉ်ခံစားခွင့်ပြုခြင်း၊ ကျောင်းပြီးပါက အငယ်တန်းသတင်းထောက် သို့မဟုတ် စာပေလက်ထောက်–၂ ရာထူးတွင် ခန့်ထားမည်ဆိုခြင်း၊ ကျောင်းတက်နေစဉ်ကာလအတွင်း လိုအပ်သလို ကူညီထောက်ပံ့ပေးမည်ဆိုခြင်း အစရှိသော Incentives များ ပါဝင်သည်ကို တွေ့ရသည်။ သို့သော် အနည်းဆုံးလုပ်သက် တစ်ဆက်တည်း ၁၀ နှစ် တာဝန်ထမ်းဆောင်ရန် ပျက်ကွက်ခြင်း၊ နုတ်ထွက်ခြင်း၊ ထုတ်ပယ်ခြင်း ခံရပါက ကျပ် ၂၅၀၀၀၀ (နှစ်ဆယ့်ငါးသိန်း) ပေးလျော်ရမည်ဖြစ်ကြောင်း ဖော်ပြထားရာ အစိုးရဝန်ထမ်း ခန့်အပ်ခြင်းတွင် တစ်ကြိမ်မျှ မရှိဘူးသေးသည့် အများဆုံး ပေးလျော်ရမည့်ပမာဏ ဖြစ်သည်ကို တွေ့ရသည်။

### အသစ်ထွက်ရှိလာသော မဂ္ဂဇင်း၊ ဂျာနယ်များ

၂၀၀၄ ခုနှစ်အတွင်း မဂ္ဂဇင်း၊ ဂျာနယ်အသစ်အချို့ ထွက်ရှိခဲ့ရာ ဂျာနယ်များမှာ ယမန်နှစ်ကထက် အရေအတွက်ပိုမိုစွာထွက်ရှိခဲ့ပြီး အများစုမှာ အင်္ဂလိပ်ဘာသာအမည်များဖြစ်သည်။ ထွက်ရှိ

## စာပေဗိမာန်စာမူဆု

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းမှ ၂၀၀၃ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုရရှိသူများ စာရင်းကို နိုဝင်ဘာလ ၂၂ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ရာ ဘာသာရပ် ၁၂ မျိုး သတ်မှတ်ထားသည့်အနက် ပြဇာတ်စာပေ၊ နိုင်ငံရေးစာပေနှင့် ဘာသာပြန်စာမူဆုတို့မှအပ ကျန်ဘာသာရပ်များအတွက် ဆုချီးမြှင့်ပေးခဲ့ရာ ဆုရရှိမှုမှာ အောက်ပါအတိုင်း ဖြစ်သည်။

| စဉ် | စာအုပ်အမျိုးအစား | ဆုအမျိုးအစား | အမည် | စာရေးသူ |
|---|---|---|---|---|
| ၁ | ဝတ္ထုရှည် | ပထမဆု<br>ဒုတိယဆု<br>တတိယဆု | အိပ်မက်လှလှမက်ပါစေ<br>လင်းလက်ကြယ်တို့ပျော်ရာမြေ<br>ပုံတောင်သားတို့၏ ဂုဏ်ဆောင်ဓား | အောင်လင်းလက်(ဥက္ကလာ)<br>တွင်းကြီးသားတင်ဝင်းဦး<br>အောင်သူရိန်(ပုလဲ) |
| ၂ | ဝတ္ထုတိုပေါင်းချုပ် | ပထမဆု<br>ဒုတိယဆု<br>တတိယဆု | အောင်စေပိုင်စေနှင့် အခြားဝတ္ထုတိုများ<br>နှလုံးသားရွှေအမြုတေ<br>ပြုံးပန်းတစ်ရာပွင့်ရှာလေပြီနှင့်<br>အခြားဝတ္ထုတိုများ | မြေလတ်မင်းလွင်<br>နေစိုးသော်<br>သက်သက်သင်း(ပညာရေး) |
| ၃ | ကဗျာပေါင်းချုပ် | ပထမဆု<br>ဒုတိယဆု<br>တတိယဆု | နှင်းနုညအလှဖူးသစ်ကဗျာများ<br>အရိမဒ္ဒနတိုင်း အနှိုင်းမဲ့ရွှေပြည်<br>နရဏီကဗျာများ | ဇာနည်<br>တင့်ထွန်း(ချောက်)<br>မကျည်းတန်(လှိုင်ကော်) |
| ၄ | သုတပဒေသာ<br>(ဝိဇ္ဇာပညာရပ်) | ပထမဆု<br><br>ဒုတိယဆု<br>တတိယဆု | အမျိုးသမီးများသိမှတ်ဖွယ်ရာ<br>ဥပဒေရေးရာ<br>ပင်းယ၊ အင်းဝခေတ် မြန်မာစာပေ<br>စာပေဗိမာန်စာတမ်းများ တစေ့တစောင်း | သတင်းထောက်သောင်းညွန့်<br>(ဖျာပုံ)<br>ထန်လှိုင်<br>ယမင်း |
| ၅ | သုတပဒေသာ<br>(သိပ္ပံနှင့် အသုံးချ<br>သိပ္ပံပညာရပ်) | ပထမဆု<br><br><br>ဒုတိယဆု<br>တတိယဆု | သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး<br>နည်းပညာဖွံ့ဖြိုးတိုးတက်ရေးမှသည်<br>e-Government ဆီသို့<br>ဘေးကင်းစာကိုစားကြစို့<br>ငွေရောင်လူသားများ | မောင်မောင်မြင့်သိန်း<br>(စက်မှုတက္ကသိုလ်)<br><br>ဒေါက်တာတင်တင်မြိုင်<br>ဒေါက်တာမြင့်သန်း<br>(ညောင်လေးပင်) |
| ၆ | စာပဒေသာဆု | ပထမဆု<br><br>ဒုတိယဆု<br>တတိယဆု | မြို့မဆရာကြီးဦးဘလွင် (သို့)<br>အမျိုးသားပညာရေးနိဒါန်းအစ<br>လူမှုစီးပွားရေး၊ စက်မှုနှင့် ပတ်ဝန်းကျင်<br>မြင်စိုင်းအလွန် | မြို့မမြင့်ကြွယ်<br><br>ရွှေနဂါးတင်ဝင်း<br>မောင်ချစ်ထွေး(မဟာဝိဇ္ဇာ) |
| ၇ | မြန်မာ့ယဉ်ကျေးမှု<br>နှင့်အနုပညာဆိုင်ရာ | ပထမဆု<br><br>ဒုတိယဆု<br>တတိယဆု | မေယုတောင်စွယ်ကြားမှ သွေးချင်း<br>မောင်မယ်များ<br>ကမ္ဘာ့ဂီတသင်္ကေတသမိုင်း<br>ရုပ်ရှင်သမိုင်းနှင့် မြန်မာ့ရုပ်ရှင်မှတ်တမ်း | သျှင်ထွေးယဉ်(မနုဿ)<br><br>သက်နွယ်(ယဉ်ကျေးမှုတက္ကသိုလ်)<br>အေးအေးစိုး(ဖျာပုံ) |
| ၈ | ကလေးစာပေ | ပထမဆု<br><br>ဒုတိယဆု<br>တတိယဆု | ကလေးများအတွက် ပတ်ဝန်းကျင်မှ<br>လျှပ်စစ်သုတ<br>ရတနာဆည်းလဲမြမျက်ရွဲကဗျာများ<br>ကဗျာလည်းသင် ပညာသင် | သိပ္ပံစိုးမြင့်နိုင်<br><br>မောင်သက်နှင်း(မ/ဥ)<br>ပန်းတနော်နောင်လတ် |
| ၉ | လူငယ်စာပေ | ဒုတိယဆု | မြေကိုလျှိုး၍ မိုးကိုပျံမည် | ပုသိမ်အောင်သန်းဦး |

ယခုနှစ်အတွင်း အခြားသော စာပေဆုရွေးချယ်ချီးမြှင့်မှုများအဖြစ် ၂၀၀၃ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ စာပေဆု ရွေးချယ်ရာတွင် တစ်သက်တာစာပေဆုကို စာရေးဆရာမကြီး ဒေါ်စောမုံညင်းက ရရှိပြီး ဒုတိယအကြိမ် ဆရာဝန်တင်ရွှေစာပေဆုကိုလည်း ၇-၁-၂၀၀၄ ရက်နေ့က MICT Park တွင် ချီးမြှင့်ပေးအပ်ခဲ့သည်။




၂၀၀၄ ခုနှစ်အတွင်း အသစ်ထွက်ဂျာနယ်အချို့

လာသောမဂ္ဂဇင်း၊ ဂျာနယ်များမှာ Beauty Max မဂ္ဂဇင်း၊ Emperor မဂ္ဂဇင်း၊ နရီသစ် ဂီတရသမဂ္ဂဇင်း၊ ပန်မဂ္ဂဇင်း၊ စရဏ မဂ္ဂဇင်း၊ Eleven နိုင်ငံတကာသတင်းဂျာနယ်၊ စူပါဂျာနယ်၊ 90:00 minutes Sports Journal၊ Myanmar News Gazette ဂျာနယ်၊ Myanmar Journal၊ The Voice Weekly ၊ ပွိုင့်ဂျာနယ်၊ The Current News ဂျာနယ်၊ The Flower News ဂျာနယ်၊ Good Health ကျန်းမာရေးနှင့် အလှပဂျာနယ်၊ Point ဂျာနယ်၊ 90:00 minutes winner Sport ဂျာနယ်၊ ဒို့ကျေးရွာဂျာနယ်၊ Health Digest ဂျာနယ်၊ ရွှေဗေဒင်ဂျာနယ်နှင့် နန်းမြင့်ဂျာနယ်တို့ ဖြစ်သည်။

Emperor မဂ္ဂဇင်းသည် ယမန်နှစ်က စတင်ထွက်ရှိခဲ့သော Empress မဂ္ဂဇင်း ထုတ်ဝေသည့် သီရိသန္တာမီဒီယာမှ ထုတ်ဝေခြင်းဖြစ်ပြီး မြန်မာနိုင်ငံတွင် ပထမဆုံး စတင်ထွက်ရှိသည့် အမျိုးသား(ယောကျ်ား) မဂ္ဂဇင်းတစ်စောင်ဖြစ်သည်။

Good Health ဂျာနယ်သည် ဒုတိယမြောက် ကျန်းမာရေးဂျာနယ်ဖြစ်ပြီး သုတစွယ်စုံစာအုပ်တိုက်မှ ထုတ်ဝေခြင်း ဖြစ်သည်။

ပွိုင့်သတင်းဂျာနယ်မှာမူ ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီမှ ထုတ်ဝေသည့် ယာဉ်စည်းကမ်းလမ်းစည်းကမ်းဆိုင်ရာ ဂျာနယ်တစ်စောင်ဖြစ်သည်။ ပန်မဂ္ဂဇင်းသည် ပန်းချီဆရာများဦးစီးသည့် ပန်းချီနယ်ပယ်ကိုယ်စားပြု မဂ္ဂဇင်းတစ်စောင်အဖြစ် ထူးထူးခြားခြား ထွက်ပေါ်လာခဲ့သည်။

## 'ပန်' အနုပညာမဂ္ဂဇင်းနှင့် ဈေးကွက်အခြေအနေ

မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို)၏ ပန်အနုပညာမဂ္ဂဇင်းကို စက်တင်ဘာလမှ စတင်၍ ပြန်လည်ထုတ်ဝေလာသည်။ မူလ စတင်ထုတ်ဝေစဉ်က ရိုးရာပန်းပညာရှင်များအစည်းအရုံးမှ ထုတ်ဝေခဲ့ပြီး ခေတ္တရပ်နားထားခဲ့ရာ ၂၀၀၃ ခုနှစ်တွင် Wizkid Co., Ltd. မှ ဆက်လက်ထုတ်ဝေခဲ့ သည်။ Wizkid မှ ထုတ်ဝေစဉ်က စာပေ၊ အနုပညာကဏ္ဍများကို ဦးစားပေးဖော်ပြခဲ့သော်ငြား ဈေးကွက်တွင် အောင်မြင်မှု မရခဲ့ပေ။

ယခုတစ်ဖန် အယ်ဒီတာချုပ် ပန်းချီစိုးမိုးနှင့် တာဝန်ခံအယ်ဒီတာကိုနိုင်ကြီးတို့မှ ကြီးကြပ်စီစဉ်ပြီး Treasure Publishing House မှ ထုတ်ဝေဖြန့်ချိလျက် ရှိသည်။ လက်ရှိ ပန်မဂ္ဂဇင်းမှာ စာအုပ်အပြင်အဆင်၊ စက္ကူအရည်အသွေးသာမက အတွင်း၌ အနုစ်သာရပြည့်ဝသော မြန်မာပန်းချီဆရာတို့၏ ပန်းချီကားများ၊ ပန်းချီအနုပညာရှင်တို့၏ ကိုယ်ရေးအချက်အလက်များနှင့် အင်တာဗျူးများ၊ ခေတ်ပြိုင်အနုပညာရေးရာများကို လစဉ် ဦးစားပေးဖော်ပြထုတ်ဝေလျက်ရှိသည်ကို တွေ့ရသည်။

လက်ရှိ စာပေဈေးကွက်တွင် သီးသန့်ပန်းချီအနုပညာဖောင်းပေးစာစောင်၊ မဂ္ဂဇင်းတို့မှာ စာဖတ်ပရိသတ်အကန့်အသတ်ရှိသည့်အတွက် စီးပွားရေးအရ အောင်မြင်မှုရရှိရန် အတော်ပင်ကြိုးစားရဖွယ်ရှိကြောင်း စာပေဈေးကွက်ကျွမ်းကျင်သူတစ်ဦးက ဆိုသည်။

အရည်အသွေးနှင့် အရည်အချင်းပြည့်စုံလျက်ရှိသော ပန်အနုပညာမဂ္ဂဇင်းဈေးကွက် တွင်ကျယ်မှုမရှိသည့်အပေါ် အနုပညာနှင့် စာပေအသိုက်အဝန်းက အားမလိုအားမရ ဖြစ်လျက်ရှိသည်ဟု ၎င်းက ဆိုသည်။

ပန်ကဲ့သို့သော ပန်းချီဦးစားပေး အနုပညာမဂ္ဂဇင်းမှာ ဈေးကွက်အရ အောင်မြင်မှုရရှိရန် မလွယ်ကူကြောင်း၊ ပန်းချီဈေးကွက်အတွက် Marketing လုပ်ခြင်းဖြစ်မည်ဟု ယူဆကြောင်း၊ အကယ်၍ ပန်းချီဈေးကွက်ကို ရည်ရွယ်ပါက English Version အဖြစ် ထုတ်ဝေပါက အကျိုးသက်ရောက်မှု ရှိနိုင်မည်ဟု ထင်မြင်ကြောင်း စာပေဈေးကွက်ရေးရာ လေ့လာဆန်းစစ်သူတို့က ဆိုပါသည်။

## ဂျပန်နိုင်ငံတွင်ပြသခဲ့သည့် သွေးရပ်ရှင်ဇာတ်ကား

ဂျာနယ်ကျော်မမလေး၏ နာမည်ကျော် 'သွေး'ဝတ္ထုကို ၁၉၈၈ ခုနှစ်က စတင်ရိုက်ကူးခဲ့သည့် 'သွေး'ရုပ်ရှင်ဇာတ်ကားအား လွန်ခဲ့သောနှစ်နှောင်းပိုင်းတွင် ဂျပန်နိုင်ငံ၌သွားရောက်ပြသခဲ့ရာ ယင်းရုပ်ရှင်ဇာတ်ကားရိုက်ကူးသူ ဒါရိုက်တာလေးဦးနှင့်

အတူ ရုပ်ရှင်သရုပ်ဆောင် ကျော်သူ၊ မျိုးသန္တာထွန်းနှင့် မင်းမော်ကွန်းတို့ လိုက်ပါသွားခဲ့ကြသည်။

သွေးဇာတ်ကားရိုက်ကူးမှုနှင့်ပတ်သက်၍ ဒီဇင်ဘာ ၂၆၊ ၂၀၀၃– ဇန်နဝါရီ ၁၊ ၂၀၀၄ ထုတ် မြန်မာတိုင်းမ်ဂျာနယ်တွင် 'သွေး' ရုပ်ရှင်ဇာတ်ကားအား ၁၉၉၈ ခုနှစ်တွင် ဂျပန်ကုမ္ပဏီအချို့၏ ငွေကြေးပံ့ပိုးမှုနှင့် စတင်ရိုက်ကူးခဲ့ပြီးနောက် အာရှငွေကြေးအကျပ်အတည်းကြောင့် ရိုက်ကူးမှု ရပ်နားခဲ့သည်။

*'သွေး' ရုပ်ရှင်ဇာတ်ကားသည် ၁၉၃၅ ခုနှစ်တွင် အေဝမ်းရုပ်ရှင်မှ ဒါရိုက်တာဦးညီပုရိုက်ကူးခဲ့သော 'ဂျပန်နှင့်ရင်သွေး' ရုပ်ရှင်ဇာတ်ကားနှင့် ၁၉၅၆ ခုနှစ်တွင် ရိုက်ကူးထုတ်လုပ်ခဲ့သော Burmese Harp ရုပ်ရှင်များနောက် ဂျပန်–မြန်မာ တတိယမြောက် ရုပ်ရှင်ကားဖြစ်သည်ဟု* သိရသည်ဟူ၍ ဖော်ပြထားခဲ့သည်။

ယင်းရုပ်ရှင်ဇာတ်ကားအား ဂျပန်ဒါရိုက်တာ Mr.Koji Chino က ၁၉၈၈ ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတွင် စတင်ရိုက်ကူးခဲ့ပြီး ထိုနှစ်မှစ၍ ရိုက်ကူးမှု ငါးနှစ်ခန့် ရပ်ဆိုင်းထားခဲ့ရာမှ ၂၀၀၃ ခုနှစ် မတ်လအတွင်းက ပြန်လည်ရိုက်ကူးခဲ့ခြင်းဖြစ်သည်။

## စာဖတ်သူဂျာနယ်နှင့် PERSON OF THE WEEK

၂၀၀၃ ခုနှစ်အတွင်းက စတင်၍ စာဖတ်သူဂျာနယ်၏ မျက်နှာဖုံးတွင် PERSON OF THE WEEK ကဏ္ဍကို ဖွင့်လှစ်ခဲ့ပြီး စာပေ၊ အနုပညာနယ်ပယ်မှ နာမည်ကျော်ပုဂ္ဂိုလ်များအကြောင်း အကျဉ်းကို အပတ်စဉ် ကောက်နုတ်ဖော်ပြခဲ့သည်။ တစ်ခါတစ်ရံ ကွယ်လွန်ပြီးပုဂ္ဂိုလ်များ၊ တစ်ခါတစ်ရံ ရုပ်ရှင်သရုပ်ဆောင်များ၊ စာရေးဆရာ၊ တေးဂီတသမား၊ သတင်းစာဆရာ၊ ကဗျာဆရာ စသဖြင့် အလျဉ်းသင့်သလို ဖော်ပြသည်ကို တွေ့ရသည်။ ရံဖန်ရံခါ အနုပညာရှင်ဟု ကင်ပွန်းတပ်၍ ညွှန်းဆိုသည်လည်းရှိ၏။ မည်သို့ဆိုစေ ယင်းဂျာနယ်တွင် ဖော်ပြထားသူများ အနက် စာဖတ်သူ (ဝါ) ပြည်သူက သိချင်သော နာမည်ကျော် အချို့၏အကြောင်းကို သိခွင့်ရခြင်း၊ ကာယကံရှင်များအတွက်လည်း စာမျက်နှာထက်တွင်တင်၍ ဂုဏ်ပြုခံရသည့်သဘောရှိသဖြင့် လူ့သဘာဝအရ ကျေနပ်ပီတိဖြစ်စေခြင်းတို့ကြောင့် စာဖတ်သူ၊ ကာယကံရှင်နှင့် ဂျာနယ်သုံးဦးသုံးဖလှယ်အကျိုးရှိကာ စိတ်ဝင်စားဖွယ်ကောင်းသော ကဏ္ဍတစ်ရပ် ဖြစ်သည်။




ဖော်ပြခံရသူများအကြောင်းကိုလည်း တတ်နိုင်သလောက် စုံစုံစေ့စေ့ ရှာဖွေတင်ပြနိုင်သည့်အပြင် ကာယကံရှင်များ၏ ထူးခြားသောအရည်အချင်းများကိုပါ ချီးပညွှန်းဆိုထားနိုင်သည်ကို တွေ့ရသည်။

၂၀၀၄ ခုနှစ် ဇွန်လ ၄ ရက်နေ့ထုတ် အတွဲ(၄)၊ အမှတ်(၅၁)၊ ကိုရိုးကွန့်အကြောင်း ဖော်ပြထားရာတွင်မူ "၁၉၉၄ ခု ကြော်ငြာနှင့် ဈေးဝယ်လမ်းညွှန်မဂ္ဂဇင်း စတင် ထွက်ပေါ်လာရာမှာ အမှတ်–၂ က စပြီး တာဝန်ခံအယ်ဒီတာအဖြစ် ရွှေ့ပြောင်းလုပ်ကိုင်ခဲ့ပါတယ်"ဟူသည့်စာကြောင်း ပါလာပါသည်။ Living Color (ကြော်ငြာနှင့် ဈေးဝယ်လမ်းညွှန်)မဂ္ဂဇင်းကို ၁၉၉၅ ခု ဇွန်လတွင် စတင် ထုတ်ဝေခဲ့ခြင်း ဖြစ်ပါသည်။ မဂ္ဂဇင်း စတင် ထွက်ရှိသည့် အမှတ်–၁ မှစ၍ ယနေ့ အမှတ်–၁၁၅ အထိတိုင် ရှေ့ဆုံးစာမျက်နှာ –၁ ၏ မျက်နှာချင်းဆိုင်စာမျက်နှာတွင် စတင် ထုတ်ဝေသည့် ခုနှစ်နှင့် လကို မပျက်မကွက် ဖော်ပြဆဲ ဖြစ်ပါသည်။

## စာနယ်ဇင်းကျင့်ဝတ်နှင့် လုပ်ငန်းရှင်၏သဘောထား

ကလောမြို့က Hanymoon Villa Hotel သည် စာနယ်ဇင်းများအားဖိတ်ကြား၍ ဟိုတယ်နှင့်ပတ်သက်သည်များကို ရှင်းလင်းခဲ့ပြီး အကောင်းဆုံးရေးသားနိုင်သူအား ဆုချီးမြှင့်မည်ဟုဆိုရာ ဂျာနယ်အချို့မှ ဟိုတယ်အကြောင်းကို အထူးတလည် ပြိုင်ဆိုင်ရေးသားခဲ့ကြသည်ကို တွေ့ရသည်။ အချို့မှာ မျက်နှာဖုံးဆောင်းပါးအဖြစ်ပင် ရေးသားဖော်ပြခဲ့ကြရာ မီဒီယာလောက လေ့လာသုံးသပ်သူများအကြား ပြောဆိုစရာ အကြောင်းအရာတစ်ခုဖြစ်ခဲ့သည်။

စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက မီဒီယာများအား ၎င်း၏ လုပ်ငန်းနှင့်ပတ်သက်၍ အပြိုင်ညွှန်းဆိုရေးသားရန် ဖိတ်ခေါ်ခြင်း၊ ဆုချီးမြှင့်ခြင်းမှာ ဤနိုင်ငံတွင် သဘာဝကျသော်လည်း ထိုကြော်ငြာဆောင်းပါးကို မိမိဂျာနယ်တွင် မျက်နှာဖုံးဆောင်းပါးအဖြစ် ပြန်

လည်ဖော်ပြခြင်းမှာ ယင်းဂျာနယ်၏ စာနယ်ဇင်းကျင့်ဝတ်အပေါ် ထားရှိသည့်သဘောကို မေးခွန်းထုတ်စရာ ဖြစ်သည်။

## ထီလာစစ်သူ

အင်္ဂလန်နိုင်ငံ ကိန်းဘရစ်ရှိ နိုင်ငံတကာကိုယ်ရေးအတ္ထုပ္ပတ္တိပြုစုရေးဗဟိုဌာန (International Biographical Centre) မှ ထုတ်ဝေသော One Thousand Greats အတ္ထုပ္ပတ္တိစာအုပ်တွင် မြန်မာနိုင်ငံမှ ကဗျာစာဆိုကြီးတစ်ဦးဖြစ်သည့် ထီလာစစ်သူ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိအား ထည့်သွင်းဖော်ပြထားကြောင်း၊ ၎င်းသည် အာရှပုဂ္ဂိုလ်ကျော်တစ်ထောင်စာအုပ်တွင် One Thousand Greats For Literature and Government Service နှင့် 21st Century Award for Achievement for Literary and Government Service ၂၁ ရာစု ထူးချွန်ပုဂ္ဂိုလ်ကျော်အဖြစ် ဂုဏ်ပြုမှတ်တမ်းများ အပ်နှင်းခံခဲ့ရကြောင်း၊ ၂၀၀၃ ခုနှစ်ကုန်ပိုင်းတွင် ထုတ်ဝေခဲ့သော အဆိုပါ ပုဂ္ဂိုလ်ကျော်တစ်ထောင်စာအုပ်၏ စာမျက်နှာ ၁၅၂–၁၅၃ တွင် ထီလာစစ်သူ၏ အတ္ထုပ္ပတ္တိကို ဖော်ပြထားခြင်းဖြစ်ကြောင်း၊ ထီလာစစ်သူသည် တပ်မတော်မှ ချီးမြှင့်သည့်ဆုတံဆိပ် လေးဆု၊ စာပေနယ်ပယ်တွင် မြန်မာနိုင်ငံမှ ချီးမြှင့်သော ဆု သုံးဆု၊ ဂျပန်နိုင်ငံမှ နှစ်ဆု၊ တရုတ်နိုင်ငံမှ တစ်ဆု၊ လာအိုနိုင်ငံမှ တစ်ဆု၊ မြန်မာနိုင်ငံအုပ်ချုပ်ရေးတွင်ရသောဆု လေးဆု၊ စုစုပေါင်း ၁၈ ဆု ဂုဏ်ပြုချီးမြှင့်ခံခဲ့ရကြောင်း၊ ၎င်းသည် ပြန်ကြားရေးဝန်ကြီးဌာန ဒု–ဝန်ကြီး (၁၉၉၂–၉၃)နှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒု–ဝန်ကြီး (ငြိမ်း) ဖြစ်ကြောင်း ၁၈–၂–၂၀၀၄ ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြခဲ့သည်။

## ၂၀၀၂ ခုနှစ် အကောင်းဆုံးမြန်မာ့ရုပ်ရှင်ထူးချွန်ဆုရှင်များ

၂၀၀၂ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုများအဖြစ် (၁) ရုပ်ရှင်တေးဂီတဆု–ဂီတလုလင်မောင်ကိုကို(ဆန်ရေ)၊ ခင်မောင်ကြီး (ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ)၊ (၂) ရုပ်ရှင်တည်းဖြတ်ဆု ဇော်မင်း(ဟံသာမြေ) (ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ)၊ (၃) အသံထူးချွန်ဆု–ဖိုးထောင်နှင့်အဖွဲ့(ဆန်ရေ)၊ (၄) ဓာတ်ပုံဆု–ကျော်ဖြူ(ပဒေသာ) (ယောက္ခမဆိုတာ တစ်ခါတုန်းက သားမက်ပါပဲ)၊ (၅) ဓာတ်ညွှန်းဆု–ငြိမ်းမင်း (ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ)၊ (၆)အမျိုးသမီးဇာတ်ပို့ဆု–မေသန်းနု (ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ)၊ (၇) အမျိုးသားဇာတ်ပို့ဆု–ညွှန့်ဝင်း (ဆန်ရေ)၊ (၈) ဇာတ်ကားဆု–ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ၊ (၉) ဒါရိုက်တာဆု–ပန်းချီစိုးမိုး (ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ)၊ ကြည်စိုးထွန်း (ဆန်ရေ)၊ (၁၀) အမျိုးသားဇာတ်ဆောင်ဆု–လူမင်း (ရွှေမှုန်ကြဲတဲ့မိုးကောင်ကင်)၊ (၁၁) အမျိုးသမီးဇာတ်ဆောင်ဆု–ခင်ဇာခြည်ကျော် (ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ) တို့က အသီးသီးရရှိ



ရုပ်ရှင် တေးဂီတဆုရ ဂီတလုလင်မောင်ကိုကို

ခဲ့ပြီး ၃၁–၁၂–၂၀၀၃ တွင် ဆုများကို သုဝဏ္ဏအမျိုးသားအားကစားရုံတွင် ပေးအပ်ချီးမြှင့်ခဲ့သည်။ ယင်း ၂၀၀၂ ခုနှစ် ရုပ်ရှင်ထူးချွန်ဆုများ၏ထူးခြားချက်မှာ 'ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ'ဇာတ်ကားတစ်ကားတည်းမှ ထူးချွန်ဆု ခုနစ်ဆုရရှိခဲ့ခြင်းဖြစ်ပြီး မြန်မာ့ရုပ်ရှင်သမိုင်းတစ်လျှောက် ဆုအများဆုံးရရှိသောဇာတ်ကား ဖြစ်သည်။

## ဥပဒေနှင့်မညီသော ဗီဒီယိုတိပ်ခွေ၊ ဗီဒီယိုလေဆာဓာတ်ပြားများ ဖျက်ဆီးခြင်း

ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေနှင့် ညီညွတ်မှုမရှိသော ဗီဒီယိုတိပ်ခွေများ၊ ဗီဒီယိုလေဆာဓာတ်ပြားများနှင့် ဒီဂျစ်တယ်ဗီဒီယိုလေဆာဓာတ်ပြားများအား ငါးကြိမ်မြောက် ဖျက်ဆီးမှုကို ဇန်နဝါရီ ၁၄ရက်က မူးယစ်ဆေးဝါးပပျောက်ရေးအထိမ်းအမှတ်ပြတိုက်တွင်ကျင်းပရာ မြန်မာ/နိုင်ငံခြား ဗီဒီယိုခွေပေါင်း ၅၃၉၇ ခွေ၊ ဗီဒီယိုလေဆာဓာတ်ပြား ၄၄၆၉၀ ချပ်၊ ဒီဂျစ်တယ် ဗီဒီယိုလေဆာဓာတ်ပြား ၅၈၄ ချပ်၊ တေးသီချင်းတိပ်ခွေ ၅၄၃၅ ခွေ၊ လေဆာဓာတ်ပြားနှစ်ချပ်၊ ညစ်ညမ်းဗီဒီယိုလေဆာဓာတ်ပြား ၉၁၅ ချပ် စုစုပေါင်း ကာလတန်ကြေးငွေ ကျပ်သိန်း ၃၀၀ တန်ဖိုးခန့်ကို ဖျက်ဆီးခဲ့သည်။

ထိုသို့ဖျက်ဆီးရာ၌ မြန်မာကာရာအိုကေသီချင်းဓာတ်ပြားများကို သက်ဆိုင်ရာထုတ်လုပ်ရေးလုပ်ငန်းများက ငွေရင်းနှီးများစွာစိုက်ထုတ်ပြီး ရိုက်ကူးထုတ်လုပ်ထားသည်ကို ယခုအခါ ခေါင်းပုံ

ဖြတ်သည့်အနေဖြင့် ခိုးကူးထားသည့်ဓာတ်ပြားများသည် နှစ်စဉ် ဖျက်ဆီးသည့်တိပ်ခွေများထဲတွင် ပါဝင်သည်ကိုတွေ့ရမည်ဖြစ်ကြောင်း၊ သို့သော် ခိုးကူးသူများသည် ရပ်တန့်သွားခြင်းမရှိဘဲ တစ်နှစ်ထက်တစ်နှစ် ပိုပြီး ခိုးကူးလာပြီး ရန်ကုန်နှင့် မန္တလေးမြို့ပေါ်ရှိ လမ်းဘေးပလက်ဖောင်းနှင့် ဆိုင်များတွင် ဗြောင်ကျကျ ရောင်းချနေသည်ကို တွေ့ရသည့်အတွက် ၂၀၀၃ ခုနှစ် နိုဝင်ဘာလ အတွင်းမှာပင် တာဝန်ရှိသူအဖွဲ့အစည်းများက ဖမ်းဆီးနှိမ်နင်းရန် ဆွေးနွေးခဲ့ကြပြီး ပညာပေးကာလအဖြစ် တစ်လသတ်မှတ်ပေးကာ နောက်ပိုင်းတွင် ထိထိရောက်ရောက် အရေးယူမည်ဟူ၍ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများမှတစ်ဆင့် အသိပေးကြေညာခဲ့ကြောင်း၊ သို့သော် ပညာပေးကာလ တစ်လလွန်မြောက်ပြီးသည့်အခါတွင်လည်း ရပ်တန့်သွားခြင်းမရှိဘဲ ယခင်အတိုင်း ဆက်လက်ရောင်းချနေသည်ကို တွေ့ရသည့်အတွက် သက်ဆိုင်ရာက ဖမ်းဆီးသည့်အခါ ရန်ကုန်နှင့် မန္တလေးမြို့ပေါ် နှစ်ခုစလုံးတွင် ခိုးကူးကာရာအိုကေ ဓာတ်ပြားစုစုပေါင်း ၈၈၈၂ ချပ် သိမ်းဆည်းရမိခဲ့ကြောင်း၊ ယင်း ဓာတ်ပြားများကိုလည်း ယခုအခမ်းအနားတွင် ဖျက်ဆီးသွားမည်ဖြစ်ကြောင်း၊ ခိုးကူးရောင်းချသူများကိုလည်း ထိထိရောက်ရောက် အရေးယူသွားမည်ဖြစ်ကြောင်း၊ နောင်ကိုလည်း ယခုကဲ့သို့ ဆင်ဆာမဲ့ ဗီဒီယိုတိပ်ခွေ၊ ဓာတ်ပြား၊ ခိုးကူးကာရာအိုကေ ဓာတ်ပြားများကို ထိထိရောက်ရောက် ဖမ်းဆီးအရေးယူသွားမည် ဖြစ်ကြောင်း ပြောကြားသွားသည်။

ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေနှင့် ညီညွတ်မှုမရှိသည့် ဗီဒီယိုတိပ်ခွေများ မီးရှို့ဖျက်ဆီးရာတွင် ၁၉၉၉ ခုနှစ်မှစ၍ နောက်ဆုံး မီးရှို့ဖျက်ဆီးခဲ့သည့် ၂၀၀၂ ခုနှစ်အထိ နိုင်ငံခြားညစ်ညမ်းဗီဒီယိုတိပ်ခွေနှင့် ဗီဒီယိုလေဆာဓာတ်ပြား ၆၃၉ ချပ်၊ ဆင်ဆာမဲ့ နိုင်ငံခြားဇာတ်လမ်း ဗီဒီယိုတိပ်ခွေနှင့် ဗီဒီယိုလေဆာဓာတ်ပြား ၄၃၈၇၁ ချပ်၊ ဆင်ဆာခွင့်ပြုထားသော မြန်မာဇာတ်လမ်းနှင့် ကာရာအိုကေ တေးစုများကို ထုတ်လုပ်သူ၏ခွင့်ပြုချက်မရရှိဘဲ တရားမဝင်ကူးယူထားသည့် တစ်နည်းအားဖြင့်ဆိုသော် ခိုးကူးထားသည့် ဗီဒီယိုတိပ်ခွေနှင့် ဗီဒီယိုလေဆာဓာတ်ပြား ၇၉၁၄၀ ရှိပြီဖြစ်သည်။

## ဇာဂနာနှင့် တစ်ခိုင်လုံးရွှေ အနှစ်နှစ်ဆယ်

တေးသံရှင် တွံတေးသိန်းတန်၏ 'ပျင်းတောင်ပျင်းသေးတယ်'အမည်ရှိ တေးတစ်ပုဒ်မှ စတင်၍ 'ပျင်း' ဆိုသော ဝေါဟာရများ မြန်မာအနုပညာရှင်များအကြောင်း အလေးထားဖော်ပြကြသော စာနယ်ဇင်းများတွင် နေရာယူ ရိုက်ခတ်သက်ဝင်ခဲ့သည်ကို တွေ့ရသည်။ တွံတေးစိုးအောင်၏ 'ပျင်းရင် တောပြန်နေပါ' သီချင်း၊ ဇာဂနာ၏ 'ပျင်းလို့ ရေးတာပါ'၊ အခြား ကလောင်ရှင်တစ်ဦး၏ 'ပျင်းရင်အိပ်နေပါ ဇာဂနာ'၊ ထင်လင်းမော်၏ 'ကျွန်တော်တော့ ပျင်းတယ်'အထိ သက်တမ်းရှည်ကြာခဲ့သည်။



ဇာဂနာ

'ပျင်းလို့ရေးတာပါ'မှ ပို၍ လှုပ်လှုပ်ခတ်ခတ်ဖြစ်လာသော သရုပ်ဆောင် ဇာဂနာနှင့် တစ်ခိုင်လုံးရွှေ အနှစ်နှစ်ဆယ် ပြည့်မပြည့်ဆိုသောကိစ္စသည် အနုပညာဆောင်းပေးစာနယ်ဇင်းများတွင် ကာလအတန်ကြာ နေရာယူခဲ့သည်ကို တွေ့ရသည်။

မိုးနတ်သူဇာ လူရွှင်တော်ဟောင်းတစ်ဦး၏အဆိုအရမူ တစ်ခိုင်လုံးရွှေ အနှစ်နှစ်ဆယ်ပြည့်ခြင်း မပြည့်ခြင်းတွင် ဇာဂနာဘက်ကလည်း မမှားသလို အေးအေးမြင့်ဘက်ကလည်း မမှားပါကြောင်း၊ ကျောင်းအငြိမ့်အနေဖြင့်ဆိုလျှင် ယင်းအချိန်တွင် အနှစ်နှစ်ဆယ်ပြည့်ပြီးဖြစ်သော်လည်း ဦးဟန်မြတ်မော်၏ ကိုယ်ပိုင်အငြိမ့်အဖြစ် ထူထောင်သည့်နှစ်နှင့်ဆိုလျှင် အနှစ်နှစ်ဆယ်မပြည့်သေးကြောင်း သိရသည်။

၁၉၈၂ ခုနှစ် နှောင်းပိုင်းတွင် တက္ကသိုလ်အငြိမ့်များအား မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်မှု ရပ်ဆိုင်းခဲ့ရာ တက္ကသိုလ်ပေါင်းစုံ အငြိမ့်အဖွဲ့နှင့် တက္ကသိုလ်အကနည်းပြ သီတာဝင်း၏ 'မိုးနတ်သူဇာ အကပဒေသာအဖွဲ့တို့ ပူးပေါင်းကာ 'မိုးနတ်သူဇာ' အငြိမ့်အဖွဲ့ကို ထူထောင်ခဲ့ကြသည်ဟု ဆိုသည်။

ထိုအချိန်က 'မိုးနတ်သူဇာ အကပဒေသာအဖွဲ့တွင် ဦးဟန်မြတ်မော်က 'ဂီတ' အကြံပေးအဖြစ် လုပ်ကိုင်နေပြီး မိုးနတ်သူဇာအငြိမ့်အသွင် ကူးပြောင်းလာသည့်အခါ သိုင်းဝိုင်းပံ့ပိုးသူအဖြစ် ဆောင်ရွက်ခဲ့ကြောင်း၊ မိုးနတ်သူဇာအဖွဲ့သည် မြန်မာ့အသံကိုသစ္စာမှတစ်ဆင့် ဦးစိန်လှမောင်၏ အကူအညီတောင်းခံထားချက်အရ အေးအေးမြင့်နှင့်တွဲ၍ ရုပ်မြင်သံကြားအစီအစဉ်တစ်ခုကို အငြိမ့်အမည်မခံဘဲ ရိုက်ကူးထုတ်လွှင့်ပေးခဲ့ကြောင်း သိရသည်။

၁၉၈၄ ခုနှစ်တွင် ဦးဟန်မြတ်မော်က မိုးနတ်သူဇာမှ

ထွက်ခွာသွားပြီး ဒေသကောလိပ်(၁)တွင် တစ်ခိုင်လုံးရွှေအမည်ဖြင့် ထူထောင်ခဲ့သည်။ အေးအေးမြင့်မှာ တက္ကသိုလ်၊ ကောလိပ် ကျောင်းသူ မဟုတ်သည့်အတွက် ပြင်ပမှ ဝင်ကသူအဖြစ် ဦးဟန် မြတ်မော်က ခေါ်ယူခဲ့သည်။ ယင်းကာလမှ ရေတွက်လျှင် ကျောင်းအငြိမ့်အနေဖြင့် အနှစ် ၂၀ ပြည့်သည်မှာ အမှန်ဟု ဆိုသည်။

၁၉၈၅ ခုနှစ်တွင် ဦးဟန်မြတ်မော်သည် မြန်မာ့ရုပ်မြင်သံ ကြားတွင် ထုတ်လုပ်ရေးလက်ထောက်ဝန်ထမ်းအဖြစ် တာဝန် ထမ်းဆောင်ခဲ့သလို တစ်ခိုင်လုံးရွှေအငြိမ့်အဖွဲ့ကိုလည်း ကိုယ်ပိုင် အဖြစ် ထူထောင်ခဲ့သည်။ ဤကာလမှ တွက်လျှင် မပြည့်သေးဟု ဆိုရမည် ဖြစ်သည်။

အမှန်တကယ်တွင် အနုပညာသမားအချင်းချင်း အငြင်း ပွား၊ မနာလိုမရှုစိမ့်မရှိကြကြောင်း၊ ယခုကဲ့သို့ ဖြစ်ရခြင်းမှာလည်း ဦးဟန်မြတ်မော် မိုးနတ်သူဇာတွင် ရှိစဉ်နှင့် မိုးနတ်သူဇာမှ ထွက်ခွာ ပြီး ကိုယ်ပိုင်အငြိမ့်ထူထောင်ချိန် ရုပ်မြင်သံကြားဝန်ထမ်းဘဝတို့၌ မိုးနတ်သူဇာအငြိမ့်အဖွဲ့၏ ဦးစီးဖြစ်ခဲ့သူ ဇာဂနာနှင့် ဆက်ဆံရေး အဖုအထစ်များ ရှိခဲ့ကြောင်း ယင်း လူရွှင်တော်အဟောင်း၏ အဆိုအရ သိရသည်။ နောက်ပိုင်းတွင် ပြေလည်မှုရခဲ့ပြီး ကိုးမိုင် ဂေါက်ကလပ်၌ ပြုလုပ်ခဲ့သော မိုးနတ်သူဇာ အနှစ်နှစ်ဆယ်ပြည့် မိတ်ဆုံစားပွဲတွင် ဦးဟန်မြတ်မော်က တစ်ခိုင်လုံးရွှေအငြိမ့်ခွေ ရိုက်ကူးရေးကို ဇာဂနာအား အကူအညီတောင်းခံထားခဲ့သည်။ သို့သော် အခြား အဖွဲ့တစ်ခုဖြင့် 'အနှစ်နှစ်ဆယ်ပြည့်'ဟု ကြီးကျယ် ခမ်းနားစွာ ရိုက်ကူးလာရာမှ 'ဇာဂနာနှင့် တစ်ခိုင်လုံးရွှေ' အနှစ်နှစ် ဆယ်ပြည့်မပြည့်ကိစ္စ အနုပညာဖောင်းပေး စာနယ်ဇင်းတို့တွင် နေရာယူလာခဲ့သည်။

## မန္တလာရိုက်ဇေးရှင်းရုပ်ရှင်၊ ပန်းဒဏ္ဍာရီ

မန္တလေးရုပ်ရှင်အသိုင်းအဝိုင်းမှ ထုတ်လုပ်ရေးတစ်ခုဖြစ် သည့် ရီမြင့်ရုပ်ရှင်မှ ထုတ်လုပ်သည့် ပန်းဒဏ္ဍာရီ ရုပ်ရှင်ဇာတ် ကား နိဝင်ဘာလမှစ၍ ရုံတင်ခဲ့ပြီ ဖြစ်သည်။

မန္တလေးရုပ်ရှင်၏ တစ်ကားကောင်းထုတ်လုပ်လေ့ရှိသည့် မူအတိုင်း သကြန်မိုး၊ ဒဏ္ဍာရီစသည့် ရုပ်ရှင်ကားများမှာလည်း အနုပညာအရရော၊ ရုပ်ရှင်ဈေးကွက်မှာပါ အောင်မြင်မှု ရရှိခဲ့သည် ကို တွေ့ရသည်။ ယခု ပန်းဒဏ္ဍာရီဇာတ်ကားကို ရိုက်ကူးရန် ဒါရိုက်တာမီးပွားနှင့် စတင်ခဲ့သော်လည်း ထုတ်လုပ်သူနှင့် ရိုက် ကူးသူ ဒါရိုက်တာအကြား ရိုက်ကူးရေးဆိုင်ရာ မပြေလည်မှုများ ကြောင့် တစ်ပိုင်းတစ်စနှင့် ရိုက်ကူးမှု ရပ်နားခဲ့ရသည်။ အနုပညာ အသိုင်းအဝိုင်း၏အဆိုအရ ဒါရိုက်တာလိုချင်သော နတ်နန်း ဆက်တင် တည်ဆောက်ရေးတွင် ထုတ်လုပ်သူနှင့် ဒါရိုက်တာတို့၏ သဘောဆန္ဒချင်း မတိုက်ဆိုင်ကြ၍ဖြစ်ကြောင်း သိရသည်။

ပန်းဒဏ္ဍာရီ ရုပ်ရှင်ဇာတ်ကားအား မန္တလေးသား ဒါရိုက်တာ မောင်တင်ဦးမှ ကြီးကြပ်ပြီး ဒါရိုက်တာဟိန်းစိုး အစအဆုံး ပြန် လည်ရိုက်ကူးခဲ့သည်။ ပန်းဒဏ္ဍာရီဇာတ်ကားမှာ ရွှေဖျင်းညီနောင်၊ မောင်ရင်မောင်၊ မရွှေဥတို့၏ ဒဏ္ဍာရီနောက်ခံနှင့် မျက် မှောက်ခေတ် မေတ္တာဘွဲ့တို့ကို ပေါင်းစပ်ထားခြင်းဖြစ်သည်။

အဆိုပါဇာတ်ကားသည် မြန်မာ့ရှေးရိုးစဉ်လာထုံးတမ်း အယူအဆများကို စွဲမြဲစွာ ဆုပ်ကိုင်လေ့ရှိသည့် မန္တလေးမြို့တော် သူမြို့တော်သားများအကြိုက်နှင့် များစွာ အံဝင်ပါလိမ့်မည်။ အကြောင်းမှာ မန္တလာ၏ ရနံ့၊ မန္တလာယဉ်ကျေးမှု ဓလေ့စရိုက်တို့ ဖြင့် ထုံမွမ်းဖြည့်တင်းထားသည့် ဇာတ်ကားဖြစ်ပြီး အထူးသဖြင့် မန္တလာရိုက်ဇေးရှင်းရုပ်ရှင်ဟု ဆိုရမည် ဖြစ်သည်။

## ဇာဂနာနှင့် ခင်စန္ဒာစော စာချုပ်ကိစ္စ

သတင်းစုံဂျာနယ်တွင် စတင်ဖော်ပြခဲ့သည့် ခင်စန္ဒာစော အမည်ရှိ သရုပ်ဆောင်သစ်တစ်ဦးသည် ဗီဒီယိုဇာတ်ကား ၂၀ တိတိကို သရုပ်ဆောင်ဒါရိုက်တာ ဇာဂနာနှင့် ရိုက်ကူးရေးစာချုပ် ချုပ်ဆိုလိုက်သည့် သတင်းသည်လည်း အနုပညာဖောင်းပေး ဂျာနယ်၊ မဂ္ဂဇင်းအချို့တွင် ဂယက်ထခဲ့သည်ကို တွေ့ရသည်။ သတင်းစုံဂျာနယ်၏ ဖော်ပြချက်အပေါ် အဆိုပါဂျာနယ်အပါအဝင် ဂျာနယ်အချို့တွင် သရုပ်ဆောင်ဒါရိုက်တာ ဇာဂနာမှ ခင်စန္ဒာစော အား သိရှိခဲ့ဖူးခြင်းမရှိသကဲ့သို့ စာချုပ်ချုပ်ဆိုခြင်းမှာလည်း မဟုတ် မှန်ကြောင်း ငြင်းဆိုခဲ့သည်ကို တွေ့ရသည်။

ဇာဂနာ၏ ငြင်းဆိုမှုကိုပင် ခင်စန္ဒာစောဘက်မှ အထောက် အထားများရှိကြောင်း ပြန်လည်ချေပခဲ့သော်လည်း ဇာဂနာဘက်မှ တုံ့ပြန်မှုမရှိတော့သည့်အတွက် တစ်ခန်းရပ်ခဲ့သည်။

## ဈေးကွက်ရလာသော အမျိုးသမီးတေးသံရှင်များ

၂၀၀၄ ခုနှစ်၌ တေးဂီတထုတ်လုပ်မှု ဈေးကွက်အတွင်း ထူးခြားချက်မှာ အမျိုးသမီးတေးသံရှင်များ ယခင်နှစ်များထက် နေရာရလာခြင်း ဖြစ်သည်။ တစ်ကိုယ်တော် Album အနေဖြင့် မို့မို့၏ 'မျက်စိမှိတ်ချစ်နေမယ်' ဗီစီဒီကာရာအိုကေ၊ စုပေါင်းစပ် ပေါင်း Album အနေဖြင့် 'ကမ်းစပ်ကခြေရာများ'၊ Live Show အနေဖြင့် ထွန်းအိန္ဒြာဗို၏ 'ဒိုင်ယာရီ'၊ အမျိုးသမီးတေးသံရှင်အဖွဲ့ အနေဖြင့် No အဖွဲ့၏ 'ဘာလိုသေးလဲ' တေး Album များ ဈေး ကွက်ရခဲ့သည်။ PoP ဆန်သည့် No အဖွဲ့ အောင်မြင်ပြီးနောက် အမျိုးသမီး Rap ဂီတအဖွဲ့ဖြစ်သော Pooh အဖွဲ့ကလည်း 'ယောကျ်ားလေးတွေ သတိထား' အမည်ရှိ Hip-Hop တေး Album ထုတ်ဝေလာသည်ကို တွေ့ရသည်။ အမျိုးသမီးတေးသံရှင် များ၏ တေးသီချင်းနှင့် ဗီစီဒီများ နားထောင်ကြည့်ရှုသူများလာ ခြင်းမှာ (၁) ပြန်ကူးဗီစီဒီကာရာအိုကေတစ်ချပ်လျှင် ၃၀၀ ကျပ်အထိ ဈေးနှုန်းများ ကျဆင်းလာခြင်း၊ (၂) ယခင်က အမျိုး



No အဖွဲ့

သမီးတစ်ကိုယ်တော် Album များ ဝယ်ယူနားထောင်မှု နည်းပါး၍ ပရိသတ်ရရှိရန် ခက်ခဲသော်လည်း ယခုအခါ စပ်ပေါင်း Live Show များမှတစ်ဆင့် ပရိသတ်ရရှိရန် လွယ်ကူလာခြင်း၊ (၃) ကာရာအိုကေဗီစီဒီ ရိုက်ကူးရာတွင် ရိုက်ကူးတည်းဖြတ်မှု အနည်းငယ်တိုးတက်လာသည့်အချိန်နှင့် ငယ်ရွယ်သော အမျိုးသမီးတေးဂီတအဖွဲ့များ ဒါရိုက်တာများစွာ ငှားရမ်း၍ ငွေကုန်ကြေးကျခံ ရိုက်ကူးနိုင်ချိန်နှင့် တိုက်ဆိုင်ခြင်းတို့ကြောင့် ဖြစ်သည်။

## Live Show ဗီစီဒီထုတ်လုပ်မှု များပြားခြင်း

၂၀၀၄ ခုနှစ် တေးထုတ်လုပ်ရေး ဈေးကွက်အတွင်း ထူးခြားချက်မှာ တစ်လလျှင် အနည်းဆုံး Live Show ဗီစီဒီကာ ရာအိုကေတစ်ခု ထွက်ရှိခြင်း ဖြစ်သည်။ Iron Cross Unplugged အောင်မြင်မှုအားကောင်းပြီးနောက် ယင်းနှင့် အလားတူ ဗီစီဒီ နှစ်ချပ်တွဲ ထုတ်လုပ်ခြင်းပါ များပြားလာခဲ့သည်။ Live Show များ ထုတ်လုပ်ကြရာ၌ ကွယ်လွန်သူများကို အမှတ်တရဟု အမည်တပ်ကြရာမှ ကွယ်လွန်သူများ ကုန်သလောက်နီးနီး ဖြစ်လာခဲ့၍ သက်ရှိထင်ရှားရှိသော စတီရီယိုခေတ်ဦးတေးသံရှင်များနှင့် လူငယ်ပိုင်း၊ လူလတ်ပိုင်း တေးသံရှင်များ ပူးတွဲ၍ ခေတ်ဦးတေးသံရှင်၏ သီဆိုသက် အထိမ်းအမှတ်အဖြစ် Live Show များ ပြုလုပ်ကြသည်ကို တွေ့ရသည်။ ကွယ်လွန်သူတေးသံရှင် ဇဒင်အမှတ်တရအဖြစ် စီစဉ်သော 'ငါသမီး စာကျက်နေတယ်' Album အောင်မြင်မှုကြောင့် 'မမေ့ပါဘူး' Album ကို ထပ်မံစီစဉ်ထုတ်လုပ်သည်ကိုလည်း တွေ့ရသည်။

၂၀၀၄ ခုနှစ် အကုန်ပိုင်းအထိ ပရိသတ်နှစ်ခြိုက်ဆဲဖြစ်ပြီး အောင်မြင်မှုအရဆုံးဟုဆိုနိုင်သော Live Show များမှာ 'Iron Cross Unplugged'၊ ထွန်းအိန္ဒြာဗို၏ 'ဒိုင်ယာရီ'၊ စိုင်းစိုင်းခမ်းလှိုင်၏ 'SAI SAI Live'တို့ ဖြစ်သည်။ အဆိုပါ Live Show သုံးခုလုံးမှာ Strand Hotel တွင် ပြုလုပ်ပြီး ထွန်းအိန္ဒြာဗို၏ Live Show မှာ ရိုက်ကူးစဉ် Live Show ၌ပင် မူရင်းလက်မှတ်ရောင်းဈေး၏ ၁၀ ဆခန့် ပြင်ပ၌ ပေါက်ဈေး ဖြစ်ပေါ်ခဲ့သည်။ စိုင်းစိုင်းခမ်းလှိုင်၏ 'SAI SAI Live'မှာလည်း အမျိုးသမီးပရိသတ်အများဆုံးဟု ဆိုနိုင်သည့် Live Show ဖြစ်သည့်အပြင် စတင် ဖြန့်ချိသည့်နေ့ အမှတ်တရလက်မှတ်ရေးထိုးပွဲကို Blazon Shopping Centre ၌ ပြုလုပ်ခဲ့ရာ အမျိုးသမီးပရိသတ် များပြားလွန်း၍ စိုင်းစိုင်းခမ်းလှိုင်အတု ဖန်တီးကာ လက်မှတ်မထိုးဘဲ ပြန်သွားသယောင် လှည့်သွားခြင်း ပြုလုပ်ခဲ့သည်ကို တွေ့ရသည်။ အဆိုပါ လက်မှတ်ထိုးပွဲတွင် တိုးဝှေ့နေသော အမျိုးသမီးငယ်အချို့အား လုံခြုံရေးက တုတ်ဖြင့် ရိုက်သည်ဟူသည့် သတင်းများလည်း အနုပညာရှင်များအကြောင်း အသားပေးဖော်ပြသော အပတ်စဉ်ထုတ် စာစောင်အချို့တွင် ပါရှိခဲ့သည်။ Live Show များမှာ တစ်ရက်တည်းအပြီး ရိုက်ကူးသည့်အတွက် ကုန်ကျစရိတ် သက်သာသည့်အပြင် လက်မှတ်ရောင်းချပြီး ဝင်ငွေရှာနိုင်သည့်အတွက် စိတ်ဝင်စားလုပ်ကိုင်လိုသူ များပြားခြင်းဖြစ်ကြောင်း ဈေးကွက်ကျွမ်းကျင်သူအချို့က သုံးသပ်ကြသည်။

Live Show ဖျော်ဖြေရောင်းချပွဲများ၌ စင် (Stage) အပြင်အဆင်အခမ်းအနားဆုံးဟု အပတ်စဉ်ထုတ်စာစောင်များက ညွှန်းဆိုဖော်ပြသည့်ပွဲမှာ သုဝဏ္ဏအားကစားပြိုင်ပွဲရုံတွင် ကျင်းပသော မြန်မာနိုင်ငံ ရွက်လှေအားကစားအဖွဲ့ချုပ်ရန်ပုံငွေပွဲ ဖြစ်သည်။ မြန်မာကွန်ဗင်းရှင်းစင်တာ (MCC)တွင် ကျင်းပသော ကျော်ဟိန်း၏ "The Rhythum of Kyaw Hein's Evolution-2004" ရိုက်ကူးပွဲ ဝင်ကြေးကျပ်တစ်သောင်းပြီးလျှင် ဒုတိယမြောက် ဝင်ကြေးအများ

အငြင်းပွားမှုများဖြစ်ခဲ့သည့် တစ်ဘဝလုံးချစ်မယ့်သူ ဗီစီဒီကာရာအိုကေ





စိုင်းစိုင်းခမ်းလှိုင် Live Show

ဆုံးပွဲဖြစ်ပြီး စာနယ်ဇင်းများအား ဖိတ်မည်၊ မဖိတ်မည်၊ စာနယ်ဇင်းအချို့ကလည်း တက်မည်၊ မတက်မည် အငြင်းပွားသည့်သတင်းများလည်း ထွက်ပေါ်ခဲ့သည်ကို တွေ့ရသည်။ Hip-Hop တေးသီချင်းများကို လူငယ်များ စိတ်ဝင်စားမှု များပြားလာသည့်အတွက် CMP တေးထုတ်လုပ်ရေး၏ ၁၀ နှစ်ပြည့် အမှတ်တရတွင် CMP မှ မထုတ်လုပ်ဘူးသေးသော Examplez အဖွဲ့ကို ပင်တိုင်ထား၍ Live Show စိတ်ကူးခဲ့သည်ကိုလည်း တွေ့ရသည်။ Examplez အဖွဲ့မှ ထွန်းထွန်းမှာ စိုင်းစိုင်းခမ်းလှိုင်ပြီးလျှင် မိန်းကလေးပရိသတ်အနှစ်သက်ဆုံး လူငယ်တေးသံရှင် ဖြစ်သည်။

## ဆရာစွန်ရဲကိုတွေ့ရင် ပြောပေးပါနှင့် ဆရာမြတ်ခိုင် မှန်မှန်ကန်ကန် သိစေ၊ ရေးစေချင်ပါတယ်

၂၀၀၄ ခုနှစ် စက်တင်ဘာလ ၉ ရက်နေ့ထုတ် သတင်းစုံဂျာနယ် အတွဲ (၇)၊ အမှတ် (၄၇) စာမျက်နှာ ၉ တွင် ဖော်ပြခဲ့သည့် မြတ်ခိုင်၏ 'ဆရာစွန်ရဲကိုတွေ့ရင် ပြောပေးပါ' ဟူသည့် ဆောင်းပါးကို နောက်တစ်ပတ်ထုတ် အဆိုပါဂျာနယ်တွင်ပင် ညိုရောင်ဆိုသူက 'ဆရာမြတ်ခိုင် မှန်မှန်ကန်ကန် သိစေ၊ ရေးစေချင်ပါတယ်' ဟူသော ခေါင်းစဉ်ဖြင့် ပြန်လည်တုံ့ပြန်ထားသည်ကို တွေ့ရသည်။ ယင်းဆောင်းပါးတွင် စာရေးသူညိုရောင်က မြတ်ခိုင်၏ ဆောင်းပါးကို 'ဆရာစွန်ရဲကိုတွေ့ရင် ပြောပေးပါ' ဆိုတဲ့ သတင်းပေးလိုလို ခေတ်ကို ထင်ဟပ်နေတဲ့ကိစ္စလိုလို သရော်စာလိုလို ရေးထားတဲ့ စာကတော့..." ဟု အဖွင့်တွင် ညွှန်း ဆိုထားသည်။ ဆောင်းပါးတွင် ဆက်လက်၍ ရန်ကုန်–မန္တလေး ရထားလမ်းတွင် ရထားတွဲအဖြုတ်ခံရ၍ သုံးရက်တိတိ ကြာမြင့်ခြင်းမှာ မဖြစ်နိုင် ကြောင်းကို "တစ်လမ်းသွားလမ်းကြောမှာ သုံးရက်လောက် ရထားတွဲတွေကို ခေါင်းတွဲက စိတ်ဆိုးမာန်ဆိုးနဲ့ ထားခဲ့တယ်ဆိုတော့ စဉ်းစားကြည့်ရင် ရန်ကုန်–မန္တလေး မီးရထားလမ်းမကြီးမှာ လမ်းပိတ်ဆို့မှုတွေ ဖြစ်နေပြီပေါ့ဗျာ...။"

ထို့အပြင် မြတ်ခိုင်၏ ဆောင်းပါးမှ ဖူးကက်–မန္တလေး တိုက်ရိုက် လေကြောင်းဖြင့် ပြန်ခဲ့သူ မန္တလေးသားတစ်ဦး တံတားဦး အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ဝင်ခွင့်မရခဲ့သည်ကို တုံ့ပြန် ဆောင်းပါးရှင် ညိုရောင်က အောက်ပါအတိုင်း ပြန်လည်ရေးသားခဲ့သည်။

"အကြီးအကျယ် မှားနေတဲ့အမှားက အခုမှ စမှာ။ တော် တော်ကြီးကို လွဲနေတဲ့ကိစ္စ ကိုမြတ်ခိုင်ရေ။ မြန်မာနိုင်ငံမှာ နိုင်ငံ ခြားလေကြောင်းလိုင်းတွေ အသစ်တိုးချဲ့နေပေမယ့် အခုအချိန် အထိ ထိုင်းနိုင်ငံ ဖူးကက်ကနေ မန္တလေးကိုသော်လည်းကောင်း၊ ဖူးကက်ကနေ ရန်ကုန်ကိုသော်လည်းကောင်း တိုက်ရိုက်ပျံသန်း နေတဲ့ လေကြောင်းလိုင်း လုံးလုံးမရှိပါဘူး ကိုမြတ်ခိုင်ရေ...။

ပြီးတော့ မန္တလေးလေဆိပ်မှာ မြန်မာနိုင်ငံသား ဆင်းခွင့်မရှိလို့ မန္တလေးက ဖူးကက်၊ ဖူးကက်ကနေ ရန်ကုန်၊ ရန်ကုန်ကနေ မန္တလေးကို ပြန်ရတယ်ဆိုတာ ဘယ်သူလည်းရယ်လို့လည်း သိချင်မိတယ် ကိုမြတ်ခိုင်...။"

ဆောင်းပါးအဆုံးတွင် တုံ့ပြန်ဆောင်းပါးရေးသူ ညိုရောင်က ယခုကဲ့သို့ အဆုံးသတ်ထားသည်။

"အခုတော့ စုပါဂျာနယ်လစ်ကြီးတစ်ယောက်၊ စာနယ်ဇင်းအတတ်ပညာ ဗဟုသုတတွေပေးနေတဲ့ ဆရာကြီးတစ်ယောက် နောက်နောင် မမှားရလေအောင်၊ စာဖတ်ပရိသတ်တွေ ထင်ယောင်ထင်မှား မဖြစ်ရလေအောင်၊ မြန်မာ့မီးရထားနဲ့ မန္တလေး လေဆိပ် တာဝန်ရှိသူတွေက 'ဆရာမြတ်ခိုင် မှန်မှန်ကန်ကန် သိစေချင်ပါတယ်' ဆိုလို့ ကိုမြတ်ခိုင်ရေ..."

## ကွယ်လွန်သူနှစ်ဦး၏ တစ်နေ့စာအလွဲများ

၂၀၀၄ ခုနှစ်အတွင်း တေးရေး တေးဆို ထူးအိမ်သင်နှင့် အယ်ဖြူတို့နှစ်ဦး ကွယ်လွန်မှုမှာ ဂီတလောက တိုးတက်ရေးအတွက် အတိုင်းအတာတစ်ခုအထိ အရေးပါသူနှစ်ဦး ဆုံးရှုံးမှုပင် ဖြစ်သည်။ နှစ်ဦးစလုံးမှာ ကိုယ်ပိုင်သံစဉ်များ ရေးဖွဲ့သီဆို ဖန်တီးလိုစိတ် ထက်သန်သူများ ဖြစ်သည်။ ထူးအိမ်သင်မှာ ဂီတသက်



တေးရေး တေးဆို ထူးအိမ်သင်

တမ်း ၁၈ နှစ်ဝန်းကျင်တွင် တစ်ကိုယ်တော် Album ၁၃ ခုသာ သီဆိုခဲ့၍ ငွေကြေးကို ဦးစားမပေးသူအဖြစ် သတ်မှတ်ရမည် ဖြစ်သည်။ ပြောင်းလဲနေသော နိုင်ငံတကာ ဂီတရေစီးကို အမှီလိုက်ရန် အမြဲအားထုတ်နေသူလည်း ဖြစ်သည်။ မြန်မာနိုင်ငံတွင် ပထမဆုံး Alternative Album ဟု လူသိများသော The Ants ၏ 'ရောင်စုံချောကလက်' Album တွင် သီဆိုခဲ့သည့် 'ငပျင်း' တေးသီချင်းမှာလည်း ယခုထိ ရေပန်းစားဆဲ ဖြစ်သည်။ မောင်မောင်ဇော်လတ်နှင့် ပူးပေါင်းရေးဖွဲ့၍ ၎င်းသီဆိုသော 'မဟာဝီရ အိုဗုဒ္ဓ' တေးသီချင်းမှာလည်း ဗုဒ္ဓနှင့် ဓမ္မကို ခေတ်လူငယ်များ အတိုင်းအတာတစ်ခုအထိ နားလည်အောင် စွမ်းဆောင်နိုင်သော ခေတ်သစ်ဓမ္မပူဇာတေးသီချင်းပင် ဖြစ်သည်။

တေးရေးတေးဆို အယ်ဖြူမှာလည်း ကိုယ်ပိုင်သံစဉ်သီချင်းများ ရေးဖွဲ့ရာ၌ ဆန်းသစ်သောသံစဉ်၊ ခေတ်လူငယ်များ၏ ဟာဒယနှင့် အဟပ်ညီအောင် ရေးဖွဲ့နိုင်သူ ဖြစ်သည်။ The Ants အဖွဲ့တွင် တေးရေး၊ တေးဆိုခြင်းသာမက Base ဂစ်တာကိုလည်း ကိုယ်ပိုင်ဟန်တစ်ခုပေါ်အောင် တီးခတ်နိုင်သူ ဖြစ်သည်။ ၂၀၀၃ ခုနှစ်တွင် ထွက်ရှိပြီး ၂၀၀၄ ခုနှစ်အထိ ရေပန်းစားနေသော လေးဖြူ၏ 'လိပ်ပြာ' Album တွင် အယ်ဖြူရေးသားသည့် 'လိပ်ပြာ'နှင့် 'လေလွင့်သူ'မှာ Music Composition အဆင့်အတန်းမီသော သီချင်းများ ဖြစ်သည်။ လွန်ခဲ့သည့် ဆယ်စုနှစ်ဝန်းကျင်က ဇော်ဝင်းထွဋ် သီဆို၍ အယ်ဖြူရေးသားသော 'ခြောက်ခန်းသွားသော အိပ်မက်မြစ်'မှာလည်း လူငယ်များ မရိုးတန်း နားဆင်တီးခတ်သီဆိုနေသော သီချင်းကောင်းတစ်ပုဒ် ဖြစ်သည်။

အယ်ဖြူရေးသား၍ ထူးအိမ်သင်သီဆိုသော 'တစ်နေ့စာ အလွဲများ' တေးသီချင်းမှာလည်း ၂၀၀၄ ခုနှစ်အတွင်း ရေပန်းစားသော တေးသီချင်းတစ်ခု ဖြစ်သည်။ Lyric Style မှာ Alternative ဆန်သည့်အပြင် လူငယ်အများစု တစ်နေ့တာ ကြုံတွေ့ရတတ်သော လွဲချော်များအား ပြေပြစ်လှပသော စကားလုံးများဖြင့် ရေးဖွဲ့နိုင်သည့်အတွက် လူကြိုက်များခြင်း ဖြစ်သည်။

## အမြင့်ဆုံးဒါရိုက်တာကြေးနှင့် ဇာတ်ညွှန်းရေးနည်း

ပုံနှိပ်မီဒီယာများတွင် ဖော်ပြချက်အရ ၂၀၀၄ ခုနှစ်အတွင်း ဒါရိုက်တာကြေး အများဆုံး ရရှိသူမှာ ကိုအောင်မင်းသိမ်း ဖြစ်သည်။ ၎င်း ဒါရိုက်တာအဖြစ် ရိုက်ကူးသော 'ပေါ့ပေါ့ပါးပါးပြုံး' ရုပ်ရှင်ဇာတ်ကားကြီးအတွက် ဈေးကွက်အတွင်း အမြင့်ဆုံးဒါရိုက်တာကြေး ရရှိသည်ဟု စက်တင်ဘာလ ၁၄ ရက်နေ့ထုတ် သတင်းစံုဂျာနယ်တွင် ဖော်ပြထားသည်။ အဆိုပါဇာတ်ကား ထုတ်လုပ်သူ ချစ်သူတေးထုတ်လုပ်ရေးမှ ကိုပေါက အမြတ်ရသမျှကို ခွဲဝေပေး လျက်ရှိရာ အဆိုပါသတင်း ပါရှိချိန်အထိ ကျပ်သိန်းတစ်ရာနီးပါး ရရှိနေပြီဟု ရေးသားထားသည်။

၂၀၀၄ ခုနှစ်အတွင်း ရုံတင်ပြသသော ရုပ်ရှင်ဇာတ်ကားအများဆုံး ဒါရိုက်တာမှာမူ မောင်မျိုးမင်း (ရင်တွင်းဖြစ်) ဖြစ်သည်။ ရုပ်ရှင်ဇာတ်ကား ရှစ်ကားတိတိ ရုံတင်ပြသခဲ့ပြီး အများစုမှာ ပရိသတ် အဝင်များသည်ကို စတင် ရုံတင်ပြီး နှစ်ပတ်ဝန်းကျင်အထိ တွေ့မြင်ရလေ့ ရှိသည်။

ရုပ်ရှင်ဈေးကွက်အတွင်း ၂၀၀၄ ခုနှစ်၌ ထူးခြားမှုတစ်ခုမှာ ဇာတ်ညွှန်းရေးနည်းစာအုပ်များကို ဇာတ်ကားရုံတင်ချိန်တွင် ထုတ်ဝေရောင်းချလာခြင်း ဖြစ်သည်။ သရုပ်ဆောင်ဒါရိုက်တာ ဇာဂနာ၏ 'ဘာအရေးကြီးဆုံးလဲ' နှင့် သရုပ်ဆောင်ဒါရိုက်တာ ကျော်သူ၏ 'အမေ့နို့ဖိုး' ရုပ်ရှင်ဇာတ်ကားနှစ်ကားသည် ရုံတင်ချိန်နှင့် အချိန်ကိုက် ဇာတ်ညွှန်းစာအုပ်များ ထုတ်ဝေခဲ့ရာ 'ဘာအရေးကြီးဆုံးလဲ'မှာ ဇာတ်ညွှန်းစာအုပ်တစ်အုပ်လျှင် ၅၀၀ ကျပ်ဖြင့်သာ ရောင်းချသည့်အတွက် စိတ်ဝင်စား ဝယ်ယူသူများ ရှိခဲ့သည်။ သာမန်လူတို့ထက် ညံ့ဖျင်းသော လူတစ်ဦးကို ငွေကြေးနှင့် လုပ်ပိုင်ခွင့် ပေးကြည့်ပါက အောင်မြင်မှုရှိနိုင်၊ မရှိနိုင် စမ်းသပ်ကြည့်ကြပုံကို ဇာတ်အိမ်ဖွဲ့ပြီး ဇာတ်လမ်းအစမှအဆုံးအထိ ဇာတ်ညွှန်းရေးသားမှုအတတ်ပညာဖြင့် ပရိသတ်စိတ်ဝင်စားမှုအား ဆွဲဆောင်နိုင်သည်ကို တွေ့ရသည်။

## အနုပညာပြပွဲ/ဖျော်ဖြေပွဲများ

၅–၁၂–၂၀၀၃ မှ ၆–၁၂–၂၀၀၃– ကိုရီးယားနိုင်ငံမှ ယဉ်ကျေးမှုအနုပညာအဖွဲ့ လှည့်လည်ဖျော်ဖြေရေးအစီအစဉ်ကို အမျိုးသားဇာတ်ရုံတွင် ကျင်းပ။

၈–၁၂–၂၀၀၃– အာဆီယံကလေးသူငယ်များ၏ (Kindness) သနားကြင်နာခြင်းအကြောင်းအရာ ပန်းချီပြိုင်ပွဲဆုရ ပန်းချီပြပွဲကို အမျိုးသားပြတိုက်တွင်ကျင်းပ။

၃၁–၁၂–၂၀၀၃–၂၀၀၂ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲကို သုဝဏ္ဏအမျိုးသားအားကစားရုံတွင်ကျင်းပ။

၃၁–၁–၂၀၀၄ မှ ၁–၂–၂၀၀၄– နှစ်နိုင်ငံယဉ်ကျေးမှုပူးပေါင်းဖလှယ်ရေးအစီအစဉ်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟူးလွင်ပေ့အော်မြို့ ယဉ်ကျေးမှုအကအဖွဲ့ ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံတွင် ဖျော်ဖြေတင်ဆက်။

၈–၃–၂၀၀၄ မှ ၁၂–၃–၂၀၀၄– ဂျပန်ရုပ်ရှင်ပွဲတော်ကို သမ္မတရုပ်ရှင်ရုံတွင် ကျင်းပ။

၂၀–၄–၂၀၀၄– အာဇာနည်စန်းစန်းဆပ်ကပ်အဖွဲ့ ရန်ကုန် မြို့ ပဒုမ္မာဇာတ်ရုံတွင် တင်ဆက်ဖျော်ဖြေ။

၁၈–၈–၂၀၀၄– အိန္ဒိယရုပ်ရှင်ပွဲတော် (Indian Film Week) ကို ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ နေပြည်တော်ရုပ်ရှင်ရုံတွင် ကျင်းပ။

၆–၉–၂၀၀၄– ဗြိတိန်နိုင်ငံ Cambridge University, St. Catharine's College မှ အနုပညာရှင်များ တင်ဆက်ဖျော်ဖြေသည့် ဂီတဆည်းဆာဖျော်ဖြေပွဲ ရန်ကုန်အမျိုးသားဇာတ်ရုံတွင် ကျင်းပ။

၉–၉–၂၀၀၄– ဗြိတိန်နိုင်ငံ Cambridge University, St. Catharine's College မှ အနုပညာရှင်များ တင်ဆက်ဖျော်ဖြေသည့် ဂီတဆည်းဆာဖျော်ဖြေပွဲ မန္တလေးအမျိုးသားဇာတ်ရုံတွင် ကျင်းပ။

၁၄–၁၀–၂၀၀၄ မှ ၃၁–၁၀–၂၀၀၄– ဒွါဒသမအကြိမ် (၁၂ ကြိမ်) မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပ။

၁၅–၁၁–၂၀၀၄ မှ ၁၆–၁၁–၂၀၀၄– ကိုရီးယားသမ္မတနိုင်ငံ Incheon Metropolitan City Dance Theatre ယဉ်ကျေးမှုအကအဖွဲ့ အမျိုးသားဇာတ်ရုံတွင် ကပြဖျော်ဖြေ။

၁၉–၁၁–၂၀၀၄– ပြင်သစ်သံရုံး ယဉ်ကျေးမှုဌာနက ကျင်းပသော အာဆွန်တီကာဒီပါရီ ဂီတဖျော်ဖြေပွဲကို ရန်ကုန်မြို့ Strand Hotel တွင် ကျင်းပ။

၁၆–၈–၂၀၀၄ မှ ၂၂–၈–၂၀၀၄– မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ကျင်းပသော နိုင်ငံတကာ ကဗျာဖတ်ပွဲသို့ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)၊ ဦးမျိုးသန့်(မောင်ဆုရှင်)တို့အဖွဲ့ တက်ရောက်။

အောက်တိုဘာ ၂၆ – မြန်မာသတင်းစာဆရာ ကိုယ်စားလှယ်အဖွဲ့၏ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ သွားရောက်လေ့လာရေးအစီအစဉ်အရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းသတင်းစာတိုက်မှ စာတည်းဦးမြင့်ဦးနှင့် ပြန်/ဆက်ဦးစီးဌာန ရန်ကုန်မြောက်ပိုင်းခရိုင်ပြန်/ဆက်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအုန်းခိုင်တို့ ထွက်ခွာ။

နိုဝင်ဘာ–၁၅–နှစ်နိုင်ငံ ယဉ်ကျေးမှုပူးပေါင်းဖလှယ်ရေးနှင့် ချစ်ကြည်ရေးတိုးမြှင့်ဆောင်ရွက်မှုအစီအစဉ်အရ ရန်ကုန်မြို့တွင် ရောက်ရှိနေသော ကိုရီးယားသမ္မတနိုင်ငံ Incheon Metropolitan City Dance Theatre ယဉ်ကျေးမှုအကအဖွဲ့ အမျိုးသားဇာတ်ရုံတွင် ကပြဖျော်ဖြေ။

## သရုပ်ဆောင်သစ်ရွေးချယ်ပွဲများ

၂၀၀၄ ခုနှစ်အတွင်း သရုပ်ဆောင်သစ် ရွေးချယ်ပွဲများ ပြုလုပ်ခဲ့ရာ စိန်သရဖူရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဇာတ်လမ်းဂေါက်ကြီး၊ ဇာတ်ညွှန်း မြတ်ခိုင်၊ ဒါရိုက်တာ မိုက်တီးတို့၏ အပြင်းစားရိုက်ချက် ရုပ်ရှင်တွင် ပါဝင်သရုပ်ဆောင်ရမည့် အမျိုးသမီးသရုပ်ဆောင် နောက်ဆုံးအဆင့် ရွေးချယ်ပွဲကို ၂၆–၁၂–၂၀၀၄ ရက်နေ့က Central Hotel တွင် ကျင်းပခဲ့သည်။ ထိုရွေးချယ်ပွဲနှင့် ပတ်သက်၍ မဟာသတင်းဂျာနယ်တွင် အစဉ်တစိုက် အထူးပြုဖော်ပြခဲ့သည်ကိုတွေ့ရပြီး မျက်နှာသစ်သရုပ်ဆောင်များနှင့်အတူ ပရိသတ်သိရှိခဲ့ဖူးသည့် သရုပ်ဆောင် လှိုင်ရွှေစင်ထွဋ်အား ရွေးချယ်ခဲ့သည်ကိုလည်း တွေ့ရသည်။ အောင်ကျော်ဇော ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဒါရိုက်တာမီးပွား ရိုက်ကူးမည့် နှစ်အချိုးတစ် ရုပ်ရှင်ဇာတ်ကားတွင် စိုင်းစိုင်းခမ်းလှိုင်နှင့်အတူ ပါဝင်သရုပ်ဆောင်ရန်အတွက် အမျိုးသမီးသရုပ်ဆောင်သစ်နှစ်ဦး ရွေးချယ်ပွဲကိုလည်း ၃–၃–၂၀၀၄ နေ့က IBC ခန်းမတွင် ပြုလုပ်ခဲ့သည်။

## သက်မွန်မြင့်

၂၀၀၄ ခုနှစ်အတွင်း ရုပ်သံကြော်ငြာအတော်များများတွင် အတွေ့ရများလာသူမှာ 'သက်မွန်မြင့်' ဖြစ်သည်။ သက်မွန်မြင့်သည် Ginvera ခေါင်းလျှော်ရည်ကြော်ငြာဖြင့် မဂ္ဂဇင်းအတော်များများတွင် ပါဝင်လာရာမှ လူသိများလာသူ ဖြစ်သည်။ နာမည်ရစပြုလာသူ မင်းသမီးငယ်များဖြစ်သည့် ခင်လေးနွယ်၊ ပုလဲဝင်း၊ ဇင်ဇင်ဇော်မြင့်၊ ဆုရွှန်းလဲ့တို့နှင့် တွဲဖက်ရိုက်ကူးသော ကြော်ငြာများနှင့် ထိုးဖောက်လာခဲ့ရာမှ တစ်ဦးတည်း အသားပေးရိုက်ကူးသော ကြော်ငြာများဖြင့် တစ်စစ အောင်မြင်လာသူဖြစ်သည်။

အထူးသဖြင့် ရုပ်/သံကြော်ငြာလောကတွင် နှစ်အတန်ကြာ စိုးမိုးနေရာယူခဲ့သည့် ထက်ထက်မိုးဦး၏နေရာကို ဝင်ရောက်လာ



သက်မွန်မြင့်

သူအဖြစ် ရုပ်သံကြည့်ပရိသတ်အများစုက မှတ်ချက်ပြုပြောဆိုကြသည်။ ချင်းတိုင်းရင်းသူဖြစ်သောကြောင့် အသံအနည်းငယ်ဝဲ၍ အစပိုင်းတွင် အဆင်မပြေဖြစ်ခဲ့သော်လည်း ယခုအခါ ၎င်း၏အသံနှင့်ပင် ရိုက်ကူးသော ကြော်ငြာများကို တွေ့မြင်လာရသည်။ သက်မွန်မြင့်၏ ဗင်နိုင်းဘုတ်ကြော်ငြာတစ်ခု ဖြစ်သည့် လူငယ်ကြိုက်တေးသံရှင် စိုင်းစိုင်းခမ်းလှိုင်နှင့် တွဲဖက်၍ ကြော်ငြာသော 'STEP' အဝတ်အထည်ကြော်ငြာမှာလည်း လူငယ်တို့အကြား

ကျွန်စစ်မင်းဇာတ်ကားမှ ဇာတ်ဝင်ခန်း



ထိရောက်မှုရှိသည်ကို တွေ့ရသည်။ အောက်တိုဘာလ ၂၉ ရက်နေ့ထုတ် ကုမုဒြာဂျာနယ်တွင်လည်း ၂၀၀၄ ခုနှစ်အတွင်း ကြော်ငြာအသစ်အများဆုံးရိုက်ကူးသူများတွင် သက်မွန်မြင့်ပါဝင်ကြောင်း ဖော်ပြခဲ့သည်။ ကြော်ငြာတွင် အောင်မြင်သူအတော်များများ ရုပ်ရှင်နယ်ပယ်သို့ ဝင်ရောက်လေ့ရှိသော်လည်း သက်မွန်မြင့်သည် ဗီဒီယိုဇာတ်ကားအနည်းငယ်သာ ရိုက်ကူးသည်ကို တွေ့ရ သည်။

သက်မွန်မြင့်၏ကြော်ငြာများ မီဒီယာအများစုတွင် နေရာယူလာခြင်းမှာ အသက်ဝင်၍ နုစ်လိုဖွယ်အပြုံးနှင့် အပြစ်ကင်းသောမျက်နှာပေးကြောင့် ပရိသတ်များ လက်ခံအားပေးခြင်းသည် အကြောင်းအရင်းတစ်ရပ်ဖြစ်သည်ဟု လေ့လာအကဲခတ်သူတို့က သုံးသပ်သည်။

အနုပညာလောကတွင် အောင်မြင်နေသူများထဲ၌ ချင်းတိုင်းရင်းသားနွယ်ဖွားများဖြစ်သည့် ဆုန်သင်းပါရ်၊ ချောစုခင်၊ သက်မွန်မြင့်တို့သည်လည်း အပါအဝင် ဖြစ်သည်။

## 'ကျွန်စစ်မင်း' ရုပ်ရှင်ဇာတ်ကားနှင့် မလေးရှားနိုင်ငံ

ဇေရတ်ရုပ်ရှင်ထုတ်လုပ်ရေးမှထုတ်လုပ်သော ရုပ်ရှင်သရုပ်ဆောင် ဒါရိုက်တာလူမင်း ရိုက်ကူးသည့် ကျွန်စစ်မင်း ရုပ်ရှင်ဇာတ်ကားအား အောက်တိုဘာ ၁၆ ရက်တွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ KLCC Twin Tower ရုပ်ရှင်ရုံတွင် စတင်ပြသခဲ့ရာ ပရိသတ်များ စည်ကားများပြားစွာ ကြည့်ရှုအားပေးကြောင်း ၂၆-၁၀-၂၀၀၄ ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြခဲ့သည်။

ယင်းဇာတ်ကားအား ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီလူမင်းကိုယ်တိုင် ဒါရိုက်တာနှင့် သရုပ်ဆောင်အဖြစ် ပထမဆုံးအကြိမ် ရိုက်ကူးထုတ်လုပ်ခြင်းဖြစ်ပြီး PWT Co., Ltd. ၏ ပံ့ပိုးကူညီမှုဖြင့် မလေးရှားနိုင်ငံ Addaudio Post SDN BHD မှ ရုပ်ရှင်ရိုက်ကူးမှုနည်းပညာနှင့် အတတ်ပညာရှင်များ ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်း ဖြစ်သည်။

ကျွန်စစ်မင်းဇာတ်ကားကို မလေးရှားနိုင်ငံရှိ ရုပ်ရှင်ရုံများနှင့် တစ်ပြိုင်နက်တည်း ပြသနိုင်ရန် ကြိုးစားသွားမည်ဖြစ်ကြောင်း ယင်းဇာတ်ကားအား ရိုက်ကူးပါဝင်သရုပ်ဆောင်သူ လူမင်းက ပြောကြားခဲ့ဖူးသော်လည်း မြန်မာနိုင်ငံ၏ ရုံတင်စနစ် အခက်အခဲကြောင့် ပြည်တွင်းနှင့်ပြည်ပ တစ်ပြိုင်နက်တည်း မပြသနိုင်ခဲ့ပေ။

အဆိုပါဇာတ်ကားကို ယခင်က 'မင်းကျွန်စစ်ကို ချစ်တဲ့သူ'ဟု အမည်ပေးခဲ့ပြီး မိုဂြမ်းကိုးကားမည့်ဇာတ်လမ်းနှင့် ပတ်သက်သော အပြောင်းအလဲအချို့ကြောင့် 'ကျွန်စစ်မင်း'အမည်သို့ ပြင်ဆင်

ရိုက်ကူးခဲ့ခြင်းဖြစ်ရာ ဇာတ်လမ်းဖန်တီးသူအမည်မှာလည်း ယခင် ဒေါက်တာမတင်ဝင်းအမည်မှ ဦးသန်းလှိုင် (လူမင်း၏ဖခင်) သို့ ပြောင်းလဲသွားခဲ့သည်။ အဆိုပါဇာတ်ကားအား Mr.Guitar တွင် စာနယ်ဇင်းများအား ပြသရာ၌ လက်ကမ်းစာရွက်တွင် မင်း ကောင်းမင်းမြတ်တို့၏အကြောင်းကို ပြည်သူများထဲ ရှိစေရန် ရည်ရွယ်ရိုက်ကူးကြောင်း ဖော်ပြထားသည်ကို တွေ့ရသည်။


## လူငယ်ဖန်တီးမှုအနုပညာရှင် ပန်းချီအောင်ကိုနှင့် လက်ရာဆန်းဆန်း အိုးပန်းချီပြပွဲ

ယခုနှစ်အတွင်း ထူးထူးခြားခြား မှတ်တမ်းတင်ရမည့် အကြောင်းအရာမှာ အသက် ၂၄ နှစ်ကျော်သာ ရှိသေးသည့် လူငယ်ပန်းချီဆရာ အောင်ကို၏ အိုးပန်းချီပြပွဲဖြစ်သည်။ ရန်ကုန် မြို့ ၃၄ လမ်း အထက်ဘလောက်ရှိ AZDA Office & Art Gallery တွင်း "Amenity Nebula Aung Ko's Art Work Show" ဟု အမည်ပေးထားသည့် ပြပွဲကို ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလ ၁၆ ရက်နေ့မှ မတ်လ ၁ ရက်နေ့ အထိ ကျင်းပခဲ့သည်။ အောင်ကို သည် ယဉ်ကျေးမှုတက္ကသိုလ်မှ ပန်းချီပညာဖြင့် ကျောင်းပြီးထား သူဖြစ်သော်လည်း အဆိုပါပြပွဲတွင် အရွယ်စုံ၊ ဆိုဒ်စုံ ပုံသဏ္ဌာန် အမျိုးမျိုးဖြင့် ဖန်တီးထားသော အိုးများကို မီဒီယမ် အမျိုးမျိုး အလှအပတန်ဆာဆင်ကာ ဒီဇိုင်းဆင် ခြယ်မှုန်းထားခြင်းဖြစ်သည်။

အိုးတစ်လုံးလျှင် ကျပ်နှစ်သောင်းမှ ငါးသိန်းအထိ ဈေး နှုန်းသတ်မှတ်၍ ရောင်းချခဲ့ရာ တစ်ပတ်အတွင်း အိုးအလုံး ၂၀ ကျော်အထိ ရောင်းချခဲ့ရသည်ဟု ပြပွဲစီစဉ်သူများထံမှ သိရသည်။ အိုးများသည် အရောင်အသွေးရော အဆင်ဒီဇိုင်းပါ ဆွဲဆောင်မှု အပြည့်ရှိသည့်အပြင် တီထွင်ဆန်းသစ်သော အတွေးအခေါ်အယူ အဆကိုပါ ခံစားရသည်။ မြန်မာနိုင်ငံအနုပညာလောကတွင် ဤ ကဲ့သို့သော အနုပညာဖန်တီးမှုပုံစံ အသစ်မျိုး ပထမဦးဆုံး မိတ် ဆက်ပေးသူလည်း ဖြစ်သည်။

ပြပွဲပြီးစီးသည့်နောက် စီစဉ်သူနှင့် အနုပညာရှင်အကြား ဖြစ် လေ့ဖြစ်ထရှိသော ညှိနှိုင်းအဖြေရှာမရသည့်အသံအချို့ ဖြစ်ပေါ်ခဲ့ ကြောင်း ကာယကံရှင်ထံမှ သိရှိရသည်။ အဓိကအားဖြင့် အနု ပညာပေါ်တွင် တန်ဖိုးသတ်မှတ်ခြင်းနှင့် အနုပညာလောက ၏ထုံးစံလိုဖြစ်နေသည့် စာချုပ်စာတမ်းဖြင့် တိတိကျကျ သဘော တူညီမှု မပြုလုပ်ခဲ့ခြင်းတို့သည် နောက်ဆက်တွဲ ကြုံတွေ့ရသော အဖြစ်အပျက်များပင် ဖြစ်သည်။

၂၀၀၄ ခုနှစ် ဒီဇင်ဘာလ ၁၆ ရက်နေ့ထုတ် 7 Day ဂျာ နယ်စာမျက်နှာ ၁၈ တွင် ဖော်ပြပါရှိသည့် 'ဆေးခြယ်ထားသည့် အိုး သီးသန့်အရောင်းပြခန်း ဖွင့်မည်'သတင်းတွင် အောင်ကို၏ လက်ရာနှင့်ဆင်တူသော အိုးများကို ပြခန်းဖွင့်လှစ် ရောင်းချ ကြောင်း ရေးသားထားသည်ကို တွေ့ရသည်။ ယင်းပြခန်းနှင့်



ပန်းချီအောင်ကို၏ အိုးပန်းချီ

ပတ်သက်၍ ပန်းချီအောင်ကိုထံ ဆက်သွယ်မေးမြန်းကြည့်ရာ အဆိုပါပြခန်းစီစဉ်သူ မြန်မာရွှေဘုံသာ ထရေးဒင်းကုမ္ပဏီလီမိ တက်သည် ၎င်း၏ ပြပွဲစီစဉ်ပေးခဲ့သူပင်ဖြစ်ကြောင်း၊ ၎င်း၏ ပြပွဲနှင့် တစ်ဆက်တည်း ပုံသဏ္ဌာန်မတူသော အကြမ်းထည်အိုး အလုံး ၇၀ ကျော် ပြုလုပ်ပေးထားခဲ့ကြောင်း၊ ယခု ပြခန်းတွင် ပြသထားသော အိုးများမှာ ၎င်းပြုလုပ်ထားသော အိုးများ ပါဝင်သော်လည်း ၎င်းအနေဖြင့် ပြခန်းဖွင့်လှစ်မည်ကို လုံးဝမသိ ပါကြောင်း ဖြေကြားသွားသည်။

7 Day ဂျာနယ်တွင်ပါသော အဆိုပါသတင်းတွင် ထိုဆေး ခြယ်ထားသော မြေထည်အိုးများမှာ ယခုနှစ် ဖေဖော်ဝါရီလတွင် ပန်းချီအနုပညာရှင်တစ်ဦးက ဖန်တီးပြုလုပ်၍ ရောင်းချခဲ့ရာ ဈေးကွက်တွင် အောင်မြင်မှု ရရှိခဲ့သည်။ ယခု ဖန်တီးထားသော မြေအိုးများမှာလည်း အဆိုပါပစ္စည်းများနှင့် ပုံသဏ္ဌာန်တူ ဖြစ် သည်ဟု ရေးသားထားသည်။

ဖေဖော်ဝါရီလ ၁၄ ရက်နေ့ထုတ် 7 Day ဂျာနယ်စာမျက်နှာ ၇ တွင် 'အိုးထိန်းသည်၏ အနုပညာပစ္စည်း'အမည်ဖြင့် အောင်ကို နှင့် တွေ့ဆုံမေးမြန်းခန်းတစ်ခု လိုင်ဘွားက ပြုလုပ်ခဲ့သည်ကို ဖော်ပြခဲ့ပြီးဖြစ်သည်။

## အနုပညာရှင်များ ပြည်ပခရီးစဉ်

မြန်မာ့ရုပ်ရှင်နှင့်ပတ်သက်သည့် နောက်ထပ်ခရီးစဉ်တစ်ခုအား မြန်မာတိုင်းမ်တွင် အောက်ပါအတိုင်း ဖော်ပြထားသည်ကို တွေ့ရသည်။ "တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယဉ်ချွမ်းမြို့တွင် ကျင်းပမည့် ရွှေကြက်ဖနှင့် ပန်းပေါင်းစုံ ရုပ်ရှင်ပွဲတော်တွင် ပါဝင်ပြသမည့် 'ပေးဆပ်သူတို့နှလုံးသား'ရုပ်ရှင်ဇာတ်ကားအတွက် ကိုယ်စားပြု၍ မြန်မာနိုင်ငံမှ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦဘိုးကြည်၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး အတွင်းရေးမှူးနှင့် ဒါရိုက်တာသရုပ်ဆောင် အကယ်ဒမီ ကျော်သူ၊ ထိုအစည်းအရုံး၏ အုပ်ချုပ်ဖြန့်ချိသူများအခြေခံအဖွဲ့ဝင် မင်္ဂလာကုမ္ပဏီ လီမိတက်ဥက္ကဋ္ဌ ဦးဇော်မင်း၊ ဇာတ်ကားထုတ်လုပ်သူ 'မျိုး'ရုပ်ရှင်ထုတ်လုပ်ရေးပိုင်ရှင် သရုပ်ဆောင် အကယ်ဒမီ မျိုးသန္တာထွန်းနှင့် ဇာတ်ကားဒါရိုက်တာ ကြည်စိုးထွန်းတို့ တက်ရောက်ခဲ့သည်"

အာဆီယံ–ဂျပန် အပြန်အလှန်ဆက်ဆံရေးနှစ် (၂၀၀၃ ခုနှစ်) အထိမ်းအမှတ် လေ့လာရေးခရီးတွင် ၂၀၀၃ ခုနှစ် နိုဝင်ဘာ ၂၂ တွင် တိုကျိုမြို့ ကာဘူကီကာဇာတ်ရုံ၌ မြန်မာနိုင်ငံမှ စောင်းပညာရှင် ဦးစောဝင်း (ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုတက္ကသိုလ်မှ ကထိက) ကတီးခတ်ခဲ့ကြောင်း ၁၄–၁၂–၂၀၀၃ နေ့ထုတ် မြန်မာ့အလင်းသတင်းစာမှ တက္ကသိုလ်မောင်သုလှိုင်ရေးသော ချစ်စရာမြန်မာ့စောင်း ဆောင်းပါးတွင် ဖော်ပြခဲ့သည်။

အိန္ဒိယနိုင်ငံ Books,Publications & Printing Pavel မှ ဖိတ်ကြားချက်အရ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ Pragati Maidan ၌ ဖေဖော်ဝါရီ ၁၄ မှ ၂၂ အထိ ကျင်းပမည့် (၁၆) ကြိမ်မြောက် ကမ္ဘာ့စာအုပ်ပွဲတော်သို့ တက်ရောက်လေ့လာရန် မြန်မာနိုင်ငံမှ စာရေးဆရာအဖွဲ့ နယူးဒေလီမြို့သို့ သွားရောက်ရာ ပြန်ကြားရေးဝန်ကြီးဌာန အကြံပေးအရာရှိ ဦးမျိုးသန့်(မောင်ဆုရှင်)၊ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူးများဖြစ်သော ဦးမြင့်ကြွယ် (မောင်မြင့်ကြွယ်)၊ ဒေါက်တာတင်ထွန်းဦး (စာတည်းမှူးချုပ်၊ သုတစွယ်စုံစာအုပ်တိုက်)နှင့် ပြည့်စုံစာအုပ်တိုက်မှ ဦးမျိုးအောင် (မျိုးအောင်၊ ရက္ခဗေဒ)တို့ လိုက်ပါသွားခဲ့သည်။

### ၂၀၀၄ ခုနှစ်အတွင်း ကွယ်လွန်သွားခဲ့ကြသော ထင်ရှားသည့်ပုဂ္ဂိုလ်များ

| စဉ် | အမည် | ကွယ်လွန်သည့်နေ့ |
|---|---|---|
| ၁။ | ရုပ်ရှင်သရုပ်ဆောင် ဒါရိုက်တာ တက္ကသိုလ်မျိုးမြင့်၊ အသက်(၅၇)နှစ် | ၂၀–၁၂–၂၀၀၃ |
| ၂။ | ဦးကိုးမြင့်(စာရေးဆရာအောင်ကိုး)၊ အသက်(၆၇)နှစ် | ၂–၁–၂၀၀၄ |
| ၃။ | ဦးဟန်မြတ်မော်(တေးသံရှင် တက္ကသိုလ်မြတ်မော်)၊ အသက်(၅၆)နှစ် | ၅–၁–၂၀၀၄ |
| ၄။ | ဦးထင်ကြီး(တက္ကသိုလ်ထင်ကြီး) ညွှန်ကြားရေးမှူး(အငြိမ်းစား) စာပေဗိမာန်၊ မြန်မာစာအဖွဲ့ဝင် (အချိန်ပြည့်) အမျိုးသားစာပေဆုရှင်(၁၉၉၂)၊ တစ်သက်တာစာပေဆုရှင်(၁၉၉၆)၊ အရှေ့တောင်အာရှ စာပေဆုရှင်(၂၀၀၁)၊ ဝိဇ္ဇာပညာထူးချွန်တံဆိပ်(ပထမဆင့်)(၂၀၀၃) အသက်(၈၇)နှစ် | ၁၁–၁–၂၀၀၄ |
| ၅။ | ဦးသိန်းမြင့်(စာရေးဆရာ ရဲဒင်)၊ အသက်(၅၃)နှစ် | ၂၀–၁–၂၀၀၄ |
| ၆။ | ဦးမောင်မောင်မြင့်(စာရေးဆရာ မြင့်မောင်မောင်)၊ အသက်(၆၁)နှစ် | ၂၁–၁–၂၀၀၄ |
| ၇။ | ဦးမြင့်စိုး(ရာမ) ရုပ်ပြပန်းချီဆရာ၊ စီစဉ်ထုတ်လုပ်သူဒါရိုက်တာ(ပန်းရည်ဘဏ်တိုက်နှင့် ရာမတေးထုတ်လုပ်ရေး)၊ အသက်(၄၅)နှစ် | ၁၀–၂–၂၀၀၄ |
| ၈။ | ဒါရိုက်တာအေဝမ်းဦးလှမျိုး၊ ဒု–ဥက္ကဋ္ဌ(မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး) အသက်(၆၈)နှစ် | ၂၄–၂–၂၀၀၄ |
| ၉။ | ဓမ္မာစရိယကျမ်းပြုစာရေးဆရာကြီး ဦးငွေးလှိုင်၊ အသက်(၇၃)နှစ် | ၁၁–၃–၂၀၀၄ |
| ၁၀။ | လူကြမ်းသရုပ်ဆောင် ကပ္ပလီ(ဦးကျော်ရှိန်)၊ အသက်(၄၈)နှစ် | ၁၃–၃–၂၀၀၄ |
| ၁၁။ | တေးသံရှင် နီနီလေး၊ အသက်(၃၅)နှစ် | ၁၇–၃–၂၀၀၄ |
| ၁၂။ | ဗိုလ်မှူးချုပ်စိန်လွင်(ငြိမ်း)၊ အသက်(၈၁)နှစ် | ၉–၄–၂၀၀၄ |
| ၁၃။ | ဦးကြည်ညွန့်(ချစ်ကြည်ရေး–ကြည်ညွန့်) စာတည်းမှူးချုပ်(ငြိမ်း)၊ အကြံပေးအရာရှိ(ငြိမ်း) မြန်မာ့အလင်းသတင်းစာတိုက်၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့၊ အသက်(၇၂)နှစ် | ၁၁–၄–၂၀၀၄ |
| ၁၄။ | ဦးကျော်ဇော(ကဗျာဆရာ–မောင်မောက်–ဥက္ကလာ)၊ အသက်(၅၄)နှစ် | ၁၂–၄–၂၀၀၄ |
| ၁၅။ | ဦးညိုဝင်း(စာရေးဆရာ တက္ကသိုလ်မင်းညို)၊ အသက်(၆၉)နှစ် | ၁၆–၄–၂၀၀၄ |
| ၁၆။ | ဦးခင်မောင်မြင့်(တာဝန်ခံအယ်ဒီတာ၊ မဟေသီမဂ္ဂဇင်း)၊ အသက်(၆၀)နှစ် | ၂၁–၄–၂၀၀၄ |

| စဉ် | အမည် | ကွယ်လွန်သည့်နေ့ |
|---|---|---|
| ၁၇။ | မုံရွာဝင်းဖေ(စာရေးဆရာ၊ ကဗျာဆရာ၊ အယ်ဒီတာ)၊ အသက်(၆၀)နှစ် | ၂၂-၄-၂၀၀၄ |
| ၁၈။ | ဦးစိုးရင်(သိပ္ပံစိုးရင်)၊ အသက်(၈၆)နှစ် | ၁၈-၄-၂၀၀၄ |
| ၁၉။ | ဦးအုန်းကြိုင်(အလေးမ)(ခ)ဦးအောင်မိုး(ခ)မိုးမြင့်ဦး(စာရေးဆရာ၊ ရုပ်ရှင်သရုပ်ဆောင်)၊ အသက်(၆၈)နှစ် | ၂၂-၅-၂၀၀၄ |
| ၂၀။ | ညီညီကျော်လတ်(ခ)ညီညီ(စီးပွားရေး)၊ အသက်(၄၈)နှစ် | ၂၅-၅-၂၀၀၄ |
| ၂၁။ | သီချင်းရေးဆရာ အယ်ဖြူ(ခ)ဦးနိုင်အောင်ထွန်း(The Ants တေးဂီတအဖွဲ့)၊ အသက်(၃၃)နှစ် | ၂၇-၅-၂၀၀၄ |
| ၂၂။ | ဂီတစာဆို မောင်ကြေးမုံ(ဦးခင်မောင်သွယ်)၊ အသက်(၆၃)နှစ် | ၁၇-၆-၂၀၀၄ |
| ၂၃။ | စာရေးဆရာတက္ကသိုလ် တင့်လွင်ဦး(ဦးအောင်ကျော်)၊ အသက်(၇၁)နှစ် | ၂၃-၆-၂၀၀၄ |
| ၂၄။ | စာရေးဆရာတပ်ကြပ်ကြီးမောင်ကို(ဦးမောင်ကို)၊ အသက်(၇၈)နှစ် | ၂၇-၆-၂၀၀၄ |
| ၂၅။ | ရုပ်ရှင်ဒါရိုက်တာနှင့် ထုတ်လုပ်သူ ဦးမျိုးမြင့်အောင် (ခ) ဟာဂျီယူစွပ် အသက်(၅၇)နှစ် | ၅-၇-၂၀၀၄ |
| ၂၆။ | ဦးသိန်းဆွေ(ဒါရိုက်တာ မောင်နီလွင်-သပြေ)၊ အသက်(၅၅)နှစ် | ၆-၇-၂၀၀၄ |
| ၂၇။ | ထူးအိမ်သင်(ခ)ကျော်မြင့်လွင် အသက်(၄၂)နှစ် | ၁၄-၈-၂၀၀၄ |
| ၂၈။ | ဦးဝန်(မင်းသုဝဏ်)၊ အသက်(၉၆)နှစ် | ၁၅-၈-၂၀၀၄ |
| ၂၉။ | ဂီတစာဆို ကျိုက်လတ်တင်လှ၊ အသက်(၆၅)နှစ် | ၁၀-၈-၂၀၀၄ |
| ၃၀။ | ဦးအုန်းခင်ကြီး(ရုပ်ရှင်သရုပ်ဆောင်)၊ အသက်(၆၈)နှစ် | ၁၈-၈-၂၀၀၄ |
| ၃၁။ | သီရိပျံချီ ဦးကြည်မောင်(အငြိမ်းစားဗိုလ်မှူးကြီး)၊ အသက်(၈၆)နှစ် | ၁၉-၈-၂၀၀၄ |
| ၃၂။ | ဂီတစာဆို ရဲသီဟဦးတင်အောင်၊ အသက်(၇၅)နှစ် | ၃၁-၈-၂၀၀၄ |
| ၃၃။ | စာရေးဆရာမ တက္ကသိုလ်ယုမွန်(ခ)ဒေါ်စောကြည်၊ အသက်(၇၈)နှစ် | ၂-၉-၂၀၀၄ |
| ၃၄။ | ဦးမင်းနိုင်-ညွှန်ကြားရေးမှူး(အငြိမ်းစား) ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန၊<br>အမျိုးသားစာပေဆုရှင်၊ မနုဿဗေဒ(တွဲဖက်ပါမောက္ခ-ရန်ကုန်တက္ကသိုလ်)၊<br>ပရိယတ္တိသာသနာ့တက္ကသိုလ် "မဟာဓမ္မာစရိယ" အတန်းပြင်စာစစ်၊<br>ယဉ်ကျေးမှုတက္ကသိုလ်ကောင်စီဝင်၊ နာယက (ရိုးရာပန်းအစည်းအရုံး)၊<br>ပခုက္ကူဦးအုံးဖေစာပေဆုရွေးချယ်ရေးကော်မတီနှင့် ရည်ညွှန်းကျမ်းများ စိစစ်ရေးအဖွဲ့ဝင်၊<br>(ပန်းချီ၊ ပန်းပုပြပွဲ၊ ပြိုင်ပွဲအကဲဖြတ်အဖွဲ့ဝင်)၊<br>ယဉ်ကျေးမှုတက္ကသိုလ်နှင့် ပြတိုက်ပညာဒီပလိုမာသင်တန်း(ကထိက) အသက်(၈၀) | ၁၄-၉-၂၀၀၄ |
| ၃၅။ | ကဗျာ၊ ဝတ္ထု၊ စာရေးဆရာ၊ တေးသံရှင် ဂီတစာဆို တက္ကသိုလ်ချိုကြီး(ခ)ဦးချိုကြီး၊ အသက်(၆၆)နှစ် | ၂၆-၉-၂၀၀၄ |
| ၃၆။ | ဒေါ်ခင်အုံးမြင့် (ရုပ်ရှင်သရုပ်ဆောင်-ကျားခင်စိန်)၊ အသက်(၈၂)နှစ် | ၂၉-၉-၂၀၀၄ |
| ၃၇။ | ဦးအောင်မြင့်(စာရေးဆရာ မောင်ဇေယျာ) (ရန်ကုန်တက္ကသိုလ်)၊ အသက်(၆၆)နှစ် | ၁-၁၀-၂၀၀၄ |
| ၃၈။ | ဦးကြည်ခိုင် (ကဗျာဆရာ မောင်ခိုင်မာ)၊ အသက်(၆၂)နှစ် | ၁၆-၁၀-၂၀၀၄ |
| ၃၉။ | ဦးထွန်းရီ (ကဗျာဆရာ တက္ကသိုလ်မြတ်ခိုင်)၊ အသက်(၇၈)နှစ် | ၁၈-၁၀-၂၀၀၄ |
| ၄၀။ | သိက္ခာတော်ရဆရာကြီး ဦးအမ်ဇော်ယော် (ရန်ကုန်ကရင်နှစ်ခြင်းခရစ်ယာန်အသင်းတော်၏<br>သင်းအုပ်ဆရာကြီး၊ မြန်မာနိုင်ငံ သမ္မာကျမ်းစာအသင်း၏ဥက္ကဋ္ဌ၊ ယခင် မြန်မာနိုင်ငံ<br>နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်၏ အထွေထွေအတွင်းရေးမှူးနှင့် မြန်မာနိုင်ငံ ခရစ်ယာန်အသင်း<br>တော်များကောင်စီ ဥက္ကဋ္ဌ)၊ အသက်(၇၄)နှစ် | ၇-၁၁-၂၀၀၄ |
| ၄၁။ | ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မှူးအောင်(ခ)သခင်စံလှိုင်၊ အသက်(၉၅)နှစ် | ၉-၁၁-၂၀၀၄ |
| ၄၂။ | ပန်းချီအုန်းသွင်ကြီး၊ အသက်(၇၁)နှစ် | ၁၀-၁၁-၂၀၀၄ |
| ၄၃။ | ဦးလှလွင်(ခ)ဦးပေါက်ကြီး(ရုပ်ရှင်သရုပ်ဆောင် ဒါရိုက်တာရွှေထီး)၊ အသက်(၆၅)နှစ် | ၁၅-၁၁-၂၀၀၄ |
| ၄၄။ | သတင်းစာဆရာကြီးမောင်မဲ၊ အသက်(၉၀)နှစ် | ၁၈-၁၁-၂၀၀၄ |

**Photo Source : Newlight of Myanmar , India Embassy**

**အယ်ဒီတာအဖွဲ့**

ဤကဏ္ဍတွင်......

၆၄ ပညာဒါနကျောင်းများနှင့် လူငယ်များ၏ လိုအပ်ချက်
၆၆ ၂၀၀၄ ခုနှစ် မြန်မာ ICT ဈေးကွက်
၇၁ ၂၀၀၄ ဂြိုဟ်တုစလောင်းဈေးကွက်
၇၄ အနာဂတ်ဟောကိန်းစာအုပ်ငယ်များ၊ အနာဂတ်အရေးနှင့် အနာဂတ်ဈေးကွက်
၇၇ ရန်ကုန် ကုန်စည်ဈေးကွက်
၈၀ ဈေးကွက်တစ်ရပ်ဖြစ်လာသော အသားအရေထိန်းသိမ်းမှု အလှကုန်ပစ္စည်းများ



# ပညာဒါနကျောင်းများနှင့် လူငယ်များ၏ လိုအပ်ချက်

ဘုန်းမြင့်ဦး

**ရွေ့လျားနေသောခေတ်ကို အမီလိုက်ရန်အတွက် ခေတ်သစ် 'အ' သုံးလုံးဖြစ်သော အိုင်တီ၊ အင်္ဂလိပ်စာနှင့် အင်တာနက်တို့ကို အကျွမ်းဝင်ရမည်ဟု ဆိုပါသည်။ ယင်းအဆိုအမိန့်နှင့်အညီ လူငယ်များ၊ အထူးသဖြင့် တက္ကသိုလ်ကျောင်းသား၊ ဘွဲ့ရ၊ ဘွဲ့လွန်လူငယ်များသည် ကျောင်းသင်ဘာသာရပ်များအပြင် အထက်ပါ 'အ' သုံးလုံးကိုလည်းကျေရန် အားထုတ်လာကြသည်ကို တွေ့မြင်ရသည်။**

မြို့ကြီးပြကြီးများတွင် ဘာသာစကားသင်တန်းများ၊ အိုင်တီ၊ ကွန်ပျူတာသင်တန်းများ မှိုလိုပေါက်လာခဲ့သည်။ သို့သော် သင်တန်းများမှာ စရိတ်စကကြီးမြင့်၍ လူငယ်အများစု လက်လှမ်းမမီကြပါ။ ယင်းကဲ့သို့ ဟာကွက်များရှိနေချိန်တွင် ၂၀၀၀ ပြည့်နှစ်ဝန်းကျင်ခန့်မှစ၍ ဘုန်းတော်ကြီးကျောင်းများမှ ကမကထပြုသော ပညာဒါနကျောင်းများ ပေါ်ထွက်လာခဲ့သည်။ ပေါ်ပြီးခဏနှင့် ပျောက်သွားသော ပညာဒါနကျောင်းများ ရှိသကဲ့သို့ ဆရာအား ပံ့ပိုးမှုအားကောင်းကောင်းဖြင့် ယနေ့အထိ နှစ်နှင့်ချီ၍ ရပ်တည်နိုင်သောကျောင်းများကို တွေ့လာရပါသည်။ ရန်ကုန်မြို့တွင် နာမည်ကျော်ကြား၍ လူငယ်များ တက်ရောက်သင်ကြားမှုများသော ပညာဒါနကျောင်းများမှာ စမ်းချောင်းမြို့နယ် အရှေ့ဥယျာဉ်တိုက်အတွင်းရှိ မနောရမ္မကျောင်း၊ တာမွေမြို့နယ် မိုးကောင်းလမ်းနှင့် အေးသာယာလမ်းထောင့်ရှိ ပစ္ဆိမာရုံကျောင်း၊ မြောက်ဥက္ကလာပမြို့နယ် ဘုန်းကြီးလမ်းမှတ်တိုင်အနီး ကမ္ဘာ့ဗုဒ္ဓဝိပဿနာ ဗိမာန်ကျောင်း (WBMI) တို့ဖြစ်ကြသည်။

ယင်းပညာဒါနကျောင်းများတွင် အင်္ဂလိပ်ဘာသာ၊ ဂျပန်ဘာသာ၊ တရုတ်ဘာသာ၊ ပြင်သစ်ဘာသာ၊ ကိုရီးယားဘာသာ၊ စပိန်ဘာသာတို့ကို သင်ကြားပို့ချပေးကြပြီး အခြေအနေ၏ တောင်းဆိုမှုအရ နောက်ပိုင်းတွင် စာရင်းကိုင်၊ အီလက်ထရွန်နစ်သင်တန်း၊ ကွန်ပျူတာသင်တန်းများပါ တိုးချဲ့သင်ကြားပေးလာကြသည်။

ပညာဒါနကျောင်းများကို ကျောင်းထိုင်ဆရာတော်တို့က ကမကထပြုပြီး ပြင်ပမှ နာမည်ရှိ ဆရာများက လာရောက်ပို့ချပေးကာ သင်တန်းသားများနှင့် အခြားအလှူရှင်များက လှူဒါန်းသော ပစ္စည်းပစ္စယများဖြင့် ရပ်တည်လာခဲ့ကြသည်။ ဤခေတ်၌ သင်တန်းများ စရိတ်စကကြီးမား၍ လူငယ်အများစုမှာ မတက်ရောက်

နိုင်ကြောင်း၊ ထို့ကြောင့် ပညာလိုလားသော ချို့တဲ့သူတို့အတွက် ရည်ရွယ်ဖွင့်လှစ်ခဲ့ခြင်း ဖြစ်ကြောင်း ပစ္ဆိမာရုံပညာဒါနကျောင်းမှ ကျောင်းထိုင်ဆရာတော် ဦးဇာဂရ (ဓမ္မာစရိယ)က မိန့်ကြားသည်။ သင်တန်းတိုင်း လိုလိုနှင့် အထူးသဖြင့် အင်္ဂလိပ်စာတန်းခွဲများတွင် လူပြည့်တတ်သည်။ တက်ရောက်သင်ကြားလေ့လာသူများတွင် ဘွဲ့ကြို၊ ဘွဲ့ရများအပြင် စက်မှုကျောင်းသား၊ ဆေးကျောင်းသားများ ပါဝင်သည်။ သင်ကြားပို့ချသော ဆရာများမှာ English For All မဂ္ဂဇင်းနှင့် Top မဂ္ဂဇင်း ပင်တိုင်ဆောင်းပါးရှင်များဖြစ်ကြသော ဆရာဦးထွန်းစိန် (EEE) နှင့် ဦးအေးချစ် (EEAC)၊ ဘာသာပြန်စာရေးဆရာ၊ အင်္ဂလိပ်၊ ပြင်သစ်၊ ဥပဒေဆရာ KT ဦးတင့်လွင်၊ Top English Magazine အယ်ဒီတာချုပ် ဦးမိုးမြင့်မောင် စသော နာမည်ကျော်ဆရာများ ပါဝင်သည်။ တစ်ခါတစ်ရံ သံရုံးများမှ Native Speaker များ ကိုယ်တိုင်လာရောက် ပို့ချပေးသည်ဟု သိရသည်။

ဘာသာစကားသင်တန်းများအတွက် အလှူငွေမှာ ၅၀၀ ကျပ်မှ ၂၀၀၀ ကျပ်အထိ ရှိ၏။ အီလက်ထရွန်နစ်သင်တန်းမှာ ၁၅၀၀ ကျပ်ခန့် ကျ၏။ ကွန်ပျူတာသင်တန်းများမှာ အဆင့်လိုက် ၅၀၀၀ ကျပ်၊ ၆၀၀၀ ကျပ်နှင့် ၈၀၀၀ ကျပ်အသီးသီး ဖြစ်သည်။ သင်တန်းအများစုမှာ တစ်ပတ်လျှင် နှစ်ရက်တက် သုံးလသင်တန်းများဖြစ်ပြီး စာမေးပွဲကျင်းပကာ ပုဂ္ဂလိကကျောင်းများမှ ချီးမြှင့်သော လက်မှတ်နှင့် ညီမျှသည့် အသိအမှတ်ပြု လက်မှတ်များ ပေးအပ်သည်။

တက်ရောက်သော သင်တန်းသားများတွင် ကျောင်းသားများအပြင် ရဟန်းတော်များ၊ Marketing ဝန်ထမ်းများ၊ ကုမ္ပဏီဝန်ထမ်းများ၊ ဧည့်လမ်းညွှန်များလည်း ပါဝင်သည်။ "တတ်တယ်၊ မတတ်ဘူးဆိုတာ ကိုယ့်ကြိုးစားမှုအပေါ်မှာ မူတည်တယ်လေ။ ပိုက်ဆံနည်းနည်းနဲ့ နိုင်ငံခြားဘာသာစကားတွေ လေ့လာနိုင်တာ အခွင့်ထူးပေါ့။ အခု ကျွန်တော်က အင်္ဂလိပ်စာနဲ့ ဂျပန်စာ သင်ယူတယ်။ ကျွမ်းကျင်တဲ့အထိ သင်ယူမှာပါ" ဟု ဧည့်လမ်းညွှန်လုပ်ရန် ရည်ရွယ်ချက်ရှိသူ တက္ကသိုလ်ကျောင်းသား ကိုကျော်စွာထွန်းက ပြောသည်။ ဂျပန်နိုင်ငံသို့သွားရန် အစီအစဉ်ရှိပြီး သံရုံးမှ ဂျပန်ဝန်ထမ်းအချို့ကိုယ်တိုင် လာရောက် သင်ကြားသောကြောင့် သင်တန်းတက်နေသူမှာ သချ်ာဒုတိယနှစ်ကျောင်းသား ကိုလေးစံ ဖြစ်သည်။

အတန်းတစ်တန်း စဖွင့်ချိန်တွင် ကျောင်းသားများ ပြည့်လျှံနေလေ့ရှိပြီး အများအားဖြင့် အစပိုင်းတွင် ခက်သော ပြင်သစ်၊ ဂျပန် စသည့် ဘာသာရပ်တန်းခွဲများမှာ ကြာလေ လူနည်းသွားလေဖြစ်သည်ဟု မနောရမ္မပညာဒါနကျောင်းတွင် စေတနာ့ဝန်ထမ်း စာရေးလုပ်ခဲ့ဖူးသူ ကိုလှအောင်က ပြောပြသည်။ သဃ်န်းကျွန်းမှ အင်္ဂလိပ်စာနှင့် ဂျပန်စာတက်နေသူ ဦးပဏ္ဍိတက အမြင်တစ်မျိုးဖြင့် သုံးသပ်သည်။ "သင်တန်းသားအများစုဟာ ဖွဲမရှိဘူး။ ရည်ရွယ်ချက် တိတိကျကျ မရှိဘူး။ စရိတ်သက်သာတယ်။ လူတွေ အများကြီးတက်တယ်ဆိုပြီး ကောက်ရိုးမီးသဘောမျိုး လာတက်ကြတာ" ဟု ပြောသည်။

အလှူငွေအနည်းငယ်ဖြင့် ဆရာကြီးများက သင်ကြားပေးရာတွင် သင်တန်းသားများက မလေးမစားမဖြစ်စေရန် အပြုအမူ၊ အဝတ်အစားမှစ၍ စည်းကမ်းချက်ထုတ်ကာ နို့တစ်ဘုတ်တွင် ကြေညာထားသောကျောင်းမှာ မနောရမ္မကျောင်း ဖြစ်သည်။ စေတနာသန့်သန့်ဖြင့် တစိုက်မတ်မတ် လာရောက်သင်ကြားပေးသော ဆရာများအတွက် အသွားအပြန် တက္ကစီခကို သင်တန်းများမှ တာဝန်ယူကြောင်း၊ တစ်ခါတစ်ရံ သင်တန်းသားများစု၍ ဆရာများကို ကန်တော့သည်လည်းရှိကြောင်း၊ ဆရာများထဲတွင် ဦးမိုးမြင့်မောင်ကဲ့သို့သော ဘာသာမတူသူများပါသော်လည်း ပညာဒါနကျောင်းများတွင် စေတနာအပြည့်ဖြင့် သင်ကြားပေးသည်မှာ ကျေးဇူးတင်ဖွယ်ရာဖြစ်ကြောင်း အတွင်းသိသင်တန်းသားတစ်ဦးက ပြောပြသည်။

ရန်ကုန်မြို့တွင် ဘုန်းတော်ကြီးကျောင်းများမှ ဖွင့်လှစ်သော ပညာဒါနကျောင်းများရှိသကဲ့သို့ ကြည့်မြင်တိုင်မှ KM ကဲ့သို့သော လူပုဂ္ဂိုလ်များ ဦးစီးသည့် ငွေအနည်းငယ်ဖြင့်သာသင်သော ပညာဒါနကျောင်းမျိုးလည်း ရှိသည်။ ပညာဒါနကျောင်းများ ခေတ်စားမှုကြောင့် အချို့နေရာများတွင် လူပုဂ္ဂိုလ်များ ဦးစီး၍ ပညာဒါနကျောင်းဟူ၍ အမည်တပ်ဖွင့်လာကြပြီး သင်တန်းကြေး၊ ဝင်ကြေးနည်းသော်လည်း စာအုပ်များကို ဈေးကြီးကြီးနှင့် စရိတ်ကာမိအောင် ရောင်းချမှုကြောင့် သက်ဆိုးမရှည်ခဲ့ကြပေ။

ပညာဒါနကျောင်းများ၌ တက်ရောက်လာသော များပြားလှသည့် သင်တန်းသားများကို ကြည့်ခြင်းအားဖြင့် လူငယ်များ၏ ပညာလိုလားမှုကို တွေ့မြင်ရပြီး ပုဂ္ဂလိက သင်တန်းများ၏ စရိတ်စကကြီးမြင့်မှုကလည်း လူငယ်များ၏ ပညာရှာလိုစိတ်ကို ပိုင်းခြားကန့်သတ်ထားကြောင်း ယူဆနိုင်ပေသည်။ မနောရမ္မကဲ့သို့သော ပညာဒါနကျောင်းတွင် အဆောက်အအုံများ တိုးချဲ့ခြင်း၊ အခြား ကျောင်းများတွင် ကွန်ပျူတာသင်တန်းအပါအဝင် လူငယ်များအတွက် လိုအပ်သော သင်တန်းများ တိုးချဲ့လာခြင်းဖြင့် ပညာဒါနကျောင်းများ အောင်မြင်နေသည်ကို တွေ့ရသည်။ ရှေးက ဘုန်းတော်ကြီးကျောင်းများသည် ပညာသင်ငယ်ဘဝ၏ အစဖြစ်ခဲ့ဖူးသကဲ့သို့ပင် ယခုခေတ် ပညာဒါနကျောင်းတော်များသည်လည်း လူငယ်များ၏ ပညာရေးလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်သော လူငယ်ဘဝ၏ အစပျိုးရာဌာနများ ဖြစ်လာနိုင်ပေသည်။

**ဘုန်းမြင့်ဦး**

# ၂၀၀၄ ခုနှစ် မြန်မာ ICT ဈေးကွက်

ကျော်နိုင်

**ဖွံ့ဖြိုးတိုးတက်လာသော အခြေခံအဆောက်အဦများကြောင့် မြန်မာနိုင်ငံ၏ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာ (ICT) ဈေးကွက်သည် သိသိသာသာ လိုက်လံဖွံ့ဖြိုးတိုးတက်လာမည်ဟု ယူဆခဲ့ကြသော်လည်း ယမန်နှစ် နှစ်ဆန်းပိုင်းက ကြုံတွေ့ခဲ့ရသော ငွေကြေးဆိုင်ရာအခက်အခဲအချို့နှင့် ယခုနှစ် ၂၀၀၄ ခုနှစ်အတွင်း ကြုံတွေ့ခဲ့ရသော အပြောင်းအလဲအချို့၏ဂယက်ကြောင့် မျှော်လင့်ထားခဲ့ကြသလို သိသိသာသာ ပြောင်းလဲတိုးတက်လာခြင်း မရှိခဲ့ပေ။ သို့သော် တစ်ချိန်က ရုံး၊ လုပ်ငန်းနှင့် သင်တန်းကျောင်းများ၌သာ အသုံးပြုခဲ့ကြသည့် ကွန်ပျူတာအသုံးချမှုသည် ၂၀၀၄ ခုနှစ်အတွင်းတွင် အိမ်သုံးနှင့် မိသားစုသုံးပစ္စည်း (Home Appliance) တစ်ခုသဖွယ် ယဉ်ပါးလာကြောင်း ပြည်တွင်း IT ပညာရှင်များနှင့် လုပ်ငန်းရှင်များက တညီတညွတ်တည်း ပြောဆိုကြသည်။**

## Software ဈေးကွက်



**Internet Chat Room အတွင်း ဝင်ရောက်နေကြသူတစ်စု**

၂၀၀၄ ခုနှစ်အတွင်း နိုင်ငံတကာ ICT ဈေးကွက်နည်းတူ မြန်မာနိုင်ငံတွင် Software ကဏ္ဍနှင့်ပတ်သက်၍ သိသာထင်ရှားသည့် ပြောင်းလဲတိုးတက်မှု မရှိခဲ့သော်လည်း အသုံးပြုသူ User အများစုသည် လုံခြုံမှုအပိုင်း (Security) ကို ပိုမိုအဓိကထား အသုံးပြုလာကြသည်။

"ကျွန်တော်တို့နိုင်ငံမှာ ကွန်ပျူတာအသုံးပြုသူတွေ Security နဲ့ပတ်သက်လို့ ပိုပြီး Awareness ရှိလာကြတယ်။ Software သာမက Hardware ဘက်မှာပါ Security နဲ့ ပတ်သက်တဲ့ပစ္စည်းတွေ ပေါ်လာတော့ သုံးရကောင်းမှန်း၊ လိုအပ်မှန်းသိလာကြတယ်။ အရင်က Software အသစ်၊ နည်းပညာအသစ်တွေပေါ်ရင် မဆိုင်သလိုနေခဲ့ကြပေမယ့် အခု Security နဲ့ပတ်သက်လာရင်တော့ သက်ဆိုင်မှန်းသိလာကြတယ်။ Virus ရဲ့အန္တရာယ်ကို သိလာကြတယ်။ Software အသုံးချမှုအပိုင်းမှာ ပိုပြီးစိတ်ချရတဲ့ Open Source Software တွေကို ပြောင်းသုံးလာကြတာကို တွေ့ရတယ်"ဟု မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း (MCPA) ၏ ဥက္ကဋ္ဌ ဦးသောင်းတင်က ဆိုသည်။

Software ဈေးကွက်အခြေအနေနှင့် ပတ်သက်၍ Myanmar Information Technology Pte. Ltd. (MIT) မှ အရောင်းနှင့် ဈေးကွက်အထွေထွေမန်နေဂျာ ဒေါ်ယဉ်မင်းဦးက "အခုနှစ်ထဲမှာ စီးပွားရေး လုပ်ငန်းသုံး Software တွေထက် Tourism နဲ့ Hotel လုပ်ငန်းသုံး Software တွေနဲ့ Small Business Software တွေက ပိုရောင်းရတယ်။ Supermarket အသစ်တွေ တိုးချဲ့ဖွင့်လာကြလို့ သူတို့နဲ့ပတ်သက်တဲ့ Software တွေလည်း ရောင်းရတယ်။ ဒါပေမယ့် ဈေးကွက်ကတော့ သိသိသာသာ အေးသွားတယ်"ဟု ရှင်းပြသည်။

မန္တလေးမြို့ ကွန်ပျူတာ Software ဈေးကွက်နှင့် စပ်လျဉ်း၍ သူမက "မန္တလေးမှာက ရန်ကုန်နဲ့စာရင် အရောင်းပိုအေးသွားတယ်။ လုပ်ငန်းရှင်တွေက အသုံးပြုရကောင်းမှန်းသိပေမယ့် သူတို့မှာ ဒီ Software တွေ အသုံးပြုနိုင်မယ့် ဝန်ထမ်းအင်အား မရှိကြဘူး။ H.R အားနည်းနေတယ်။ ကျွန်မတို့ ကုမ္ပဏီတွေဘက်ကလည်း အမြဲတမ်း Service လိုက်မပေးနိုင်ဘူး။ IT ကုမ္ပဏီတွေကသာ အမြဲတမ်း Service လိုက်ပေးနိုင်မယ်ဆိုရင်တော့ Software တွေ အသုံးချမှုသာမက ဈေးကွက်ပါ ထိုးတက်သွားနိုင်တယ်"ဟု ဆိုသည်။

ပြည်တွင်း Software ကုမ္ပဏီအချို့က ၎င်းတို့ထုတ်လုပ်သည့် Product များကို ပြည်ပဈေးကွက်သို့ပါ ထိုးဖောက်

ရောင်းချရန် ကြိုးပမ်းခဲ့ကြသော်လည်း မျှော်လင့်ထားသလောက် အောင်မြင်မှု မရရှိခဲ့ကြပေ။

“၁၉၉၆ ခုနှစ်လောက်ကဆို ဗီယက်နမ်က မြန်မာထက် Software ထုတ်လုပ်မှု ဈေးကွက်မှာ အားနည်းနေခဲ့ပေမယ့် အခုတော့ သာသွားပြီ။ နိုင်ငံတကာပံ့ပိုးမှုတွေလည်း ပါတာပေါ့။ ၂၀၀၅ ခုနှစ် မှာ IT ပညာရှင် ၁၅၀၀၀ မွေးထုတ်ပြီး နိုင်ငံခြားကို Software တင်ပို့ရောင်းချမှုကနေ ကန်ဒေါ်လာ သန်း ၅၀၀ ရဖို့ မှန်းထားတာ ၂၀၀၄ ခုနှစ် နိုဝင်ဘာလထဲမှာပဲ ရည်မှန်းချက်ပြည့်သွားခဲ့တယ်။ အခု အဲဒီ ရည်မှန်းချက်ကို ကျော်နေပြီ။ ဂျပန်နိုင်ငံက IT နဲ့ ပတ်သက်လို့ Investment လုပ်ဖို့ ရွေးချယ်ထားတဲ့ အာရှတိုက် ၁၀ နိုင်ငံထဲမှာ (၁)က အိန္ဒိယ၊ (၂)က ထိုင်းနဲ့ ဗီယက်နမ်က နံပါတ်(၄)မှာ ရှိတယ်။ လုပ်အားခလည်း သက်သာသလို H.R အရည်အသွေးလည်း မြင့်တယ်။ နိုင်ငံရေးလည်း တည်ငြိမ်တယ်။ ဒါပေမယ့် ICT နဲ့ပတ်သက်တဲ့ Legal (ဥပဒေ)တွေကတော့ မြန်မာနိုင်ငံလောက် မပြည့်စုံသေးဘူး”ဟု ဦးသောင်းတင်က အိမ်နီးချင်းအာဆီယံနိုင်ငံအချို့၏ Software ဈေးကွက်နှင့်ပတ်သက်ပြီး ထောက်ပြပြောကြားသွားသည်။

## Hardware ဈေးကွက်

၂၀၀၄ ခုနှစ်အတွင်း ပြည်တွင်း Hardware ဈေးကွက်၏ ထူးခြားမှုတစ်ခုမှာ အိတ်ဆောင် USB Storage Device များကို အသုံးပြုလာကြခြင်း ဖြစ်သည်။ Pan Device ဟုလည်း ခေါ်ကြသည်။ “အရင်နှစ်တွေကတည်းက သုံးခဲ့ကြပေမယ့် သိပ်မသိသာခဲ့ဘူး။ အခုနှစ်ထဲမှာမှ သိသိသာသာ သုံးလာကြတာ။ ကွန်ပျူတာထဲက Data တွေကို Storage လုပ်လို့ရတယ်။ Recording လုပ်လို့ရတယ်။ FM ရေဒီယိုနဲ့ MP3 နားထောင်လို့ရတယ်။ ကွန်ပျူတာရော၊ ရေဒီယိုရော၊ Recorder ပါ စွယ်စုံသုံးလို့ရတဲ့ Fancy IT ပစ္စည်းတစ်ခုအနေနဲ့ အသုံးများလာကြတယ်”ဟု ဦးသောင်းတင်က ရှင်းပြသည်။ ၎င်းက ဆက်လက်၍ “ဈေးကွက်ထဲ အသွင်းများလာတော့ ဈေးနှုန်းလည်း ကျလာတယ်။ စသွင်းခါစက Branded တွေဖြစ်လို့ ဈေးကြီးခဲ့တယ်။ Technology လည်း မြင့်တယ်။ အခု Technology နိမ့်တဲ့ တရုတ်က ပစ္စည်းတွေ သွင်းလာကြတယ်။ ဈေးလည်းသက်သာလာတယ်။ ကွန်ပျူတာတွေကလည်း USB Port ပြောင်းသုံးလာကြလို့ အဲဒီ Device တွေကို အသုံးများလာတာပေါ့။ တက္ကသိုလ်ကျောင်းသားတွေ၊ ဂျာနယ်လစ်တွေ၊ ရုံးဝန်ထမ်းတွေအတွက် ပိုအသုံးတည့်တယ်။ Presentation လုပ်မယ့်သူတွေ Notebook ကြီး သယ်သွားစရာ မလိုတော့ဘူးပေါ့”ဟု အဆိုပါ Device ၏ အကျိုးကျေးဇူးနှင့် ပတ်သက်ပြီး ထပ်လောင်းရှင်းပြသည်။

“ဒီနှစ်ထဲမှာ အဲဒီ Device တွေကို Fancy ပစ္စည်းအနေနဲ့ အရောင်းများလာကြတယ်။ အစည်းအဝေးတွေမှာ Meeting Minutes လိုက်ရေးစရာမလိုဘဲ အသံသွင်းထားပြီး ကွန်ပျူတာထဲ သိမ်းထားလိုက်ရုံပဲ။ 128 နဲ့ 256 MB ဆိုပြီး Storage Capacity အသီးသီး ရှိတယ်။ အစည်းအဝေးကိစ္စ အငြင်းပွားစရာဖြစ်လာရင် အရင်ကလို မှတ်တမ်းစာအုပ် ပြန်လှန်ရှာစရာမလိုတော့ဘဲ Voice ကို ဖွင့်ပြီး နားထောင်လိုက်ရုံပဲ”ဟု Client Focus Technology Group မှ အထွေထွေမန်နေဂျာ ဦးအောင်ကျော်မိုးက ဖြည့်စွက်ရှင်းပြသည်။ “ကျောင်းတွေမှာ ပိုအသုံးတည့်တယ်။ Data တွေကို တစ်နေရာကနေ တစ်နေရာ သယ်သွားလို့ရတယ်။ တံဆိပ်အမျိုးမျိုး ပတ်ထားကြပေမယ့် တရုတ်ပစ္စည်းတွေက များတယ်။ 256 MB လောက်ဆို သုံးလေးသောင်းလောက်ပဲ ပေးရတယ်။ Recording လုပ်မယ်ဆိုရင် လေးငါးသောင်းလောက် ရှိတယ်”ဟု ရန်ကုန်နည်းပညာတက္ကသိုလ်၌ မဟာအင်ဂျင်နီယာဘွဲ့ (စက်မှု) တက်ရောက်နေသည့် ကိုလှိုင်မြတ်ကျော်က ဆိုသည်။

၂၀၀၄ ခုနှစ်အတွင်း Hardware ဈေးကွက်၏ ထူးခြားမှု နောက်တစ်ခုမှာ Digital Camera များ ဈေးကွက်အတွင်း နေရာရလာကြခြင်း ဖြစ်သည်။ IT နှင့် ဆက်စပ်သည့် ကင်မရာနှင့် ဓာတ်ပုံပစ္စည်း ဈေးကွက်ဟု ဆိုရမည်ဖြစ်သည်။

“အရင်တုန်းက Digital Camera တွေဆို ပုံပြန်ကူးရခက်တယ်။ ဈေးလည်းကြီးတယ်။ ဝယ်ရလည်း ခက်တယ်။ Pixel လည်း ညံ့တယ်။ ပုံထွက် Quality လည်း စိတ်မချရဘူး။ အခုဝင်လာတဲ့ ကင်မရာတွေဆို Branded တွေပေမယ့် ဈေးလည်းကျလာတယ်။ ဝယ်ရလည်း လွယ်လာတယ်။ ပုံထွက် Quality တွေလည်း သူ့ထက်ငါ ပိုကောင်းလာကြတယ်။ အချို့ဆို 8MB အထိ ဆံ့တယ်။ ဒီဇိုင်းတွေကလည်း လှပြီး အရွယ်အစားကအစ သေးလာတယ်”ဟု ကုန်သည်လမ်းရှိ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းအရောင်းဆိုင်တစ်ဆိုင်မှ လုပ်ငန်းရှင်တစ်ဦးက ရှင်းပြသည်။ ဓာတ်ပုံကူးယူထုတ်လုပ်မှုနှင့် ပတ်သက်ပြီး ၎င်းကပင် “ကွန်ပျူတာမလိုဘဲ တိုက်ရိုက်ပုံထုတ်လို့လွယ်တဲ့ Ink Jet Printer တွေလည်း ဒီနှစ်ထဲ ဈေးကွက်ထဲ ဝင်လာကြတယ်။ ဈေးလည်း သက်သာလာတယ်။ ခေတ်မီ Digital ဓာတ်ပုံကူးစက်ကြီးတွေလည်း ဈေးကွက်ထဲ ရောက်လာကြတယ်။ ကင်မရာမလိုဘဲ ကြိုက်တဲ့ မီဒီယာတစ်ခုခုကနေ တိုက်ရိုက် ဓာတ်ပုံ Print ထုတ်ပေးနိုင်ပြီ။ ကင်မရာထဲမှာ မကြိုက်တဲ့ပုံ ပြန်ဖျက်လို့ရတဲ့အပြင် ဓာတ်ပုံမထုတ်ခင် ကွန်ပျူတာထဲမှာ စိတ်ကြိုက်ပြင်လို့ရတယ်။ မကြာခင် ဒီထက် ဈေးတွေ ကျလာမယ်လို့ မျှော်လင့်ပါတယ်”ဟု ထပ်လောင်းပြောကြားသည်။

၂၀၀၄ ခုနှစ်၏ ထူးခြားသည့် ICT ဆိုင်ရာ ဝန်ဆောင်မှုတစ်ခုမှာ e-Photo

စနစ် ဖြစ်သည်။ Bagan Cybertech နှင့် ပြည်တွင်းဓာတ်ပုံကူးလုပ်ငန်းတစ်ခုတို့ ပူးပေါင်းစီစဉ်မှုဖြင့် ရန်ကုန်နှင့် မန္တလေး မြို့များတွင် မိမိနေအိမ်မှပင် ထိုင်ရာမထဘဲ Online မှတစ်ဆင့် ဓာတ်ပုံများကို ကူးယူနိုင်ပြီဖြစ်သည်။ ကူးယူပြီးသောပုံများကို စတင်မှာယူသည့်အချိန်မှ သုံးရက်အတွင်း အိမ်တိုင်ရာရောက် ပို့ဆောင်ပေးကာ ဓာတ်ပုံလက်ဝယ်ရောက်ရှိမှ ငွေပေးချေနိုင်သည်။

Hardwareဈေးကွက်၏ နောက်ထပ် ထူးခြားမှုတစ်ခုမှာ အင်တာနက်သာမက မြန်မာ့ရုပ်မြင်သံကြား (MRTV 4) အပါအဝင် ကြိုက်တုမှ ထုတ်လွှင့်နေမှုများကို ဖမ်းယူနားဆင်ကြည့်ရှုနိုင်သည့် Myanmar Media Box ခေါ် MMBox ကို Forever Group က ဈေးကွက်အတွင်း မိတ်ဆက်ခဲ့ခြင်း ဖြစ်သည်။ ယခုမူ ကတ်စနစ်ဖြင့်ပါ ဖမ်းယူကြည့်ရှုနိုင်ရန် စီစဉ်ထားသည်ဟု စီစဉ်သူတို့က ဆိုသည်။

၂၀၀၄ ခုနှစ်အတွင်း ရန်ကုန်မြို့အတွင်း ကွန်ပျူတာ Sales & Service Centre များ သိသိသာသာ ပေါ်ထွန်းလာမှုနှင့် ပတ်သက်ပြီး ဦးအောင်ကျော်မိုးက "ဒီနှစ်ထဲမှာ ထူးထူးခြားခြား Computers Sales & Service Centre အရေအတွက်တွေ ပေါ်များလာတယ်။ ရန်ကုန်တစ်မြို့တည်းမှာပဲ ဆိုင်ပေါင်း ၁၅၀ လောက် ရှိမယ်ထင်တယ်။ မန္တလေးမှာလည်း ICT Park ပေါ်လာပြီးနောက်ပိုင်း အဲဒီဆိုင်တွေ တိုးပွားလာတယ်။ ကျွန်တော်တို့ ဆိပ်ကမ်းသာလမ်းထဲမှာပဲ ဆိုင် ၂၀ လောက် ရှိနေပြီ။ ဘလောက်လေးခုမှာ ကွန်ပျူတာဆိုင်မရှိတဲ့ ဘလောက် မရှိတော့ဘူး။ ရန်ကုန်ရဲ့ ကွန်ပျူတာပစ္စည်းတန်းလို့ ခေါ်လို့ရနေပြီ" ဟု ဆိုသည်။

"မြန်မာနိုင်ငံမှာက ကွန်ပျူတာ ပစ္စည်းတွေကို ကုမ္ပဏီလိုမျိုး ခိုင်ခိုင်မာမာ ဖွဲ့စည်းပြီး Branded တွေကို ကိုယ်စားလှယ်ယူ တင်သွင်းရောင်းချနေတဲ့ ဆိုင်ကြီးတွေက နည်းပါးသေးတယ်။ လက်ချိုးရေကြည့်ရင်တောင် လေးငါးခြောက်ချောင်းလောက်ပဲ ရှိတယ်။ တစ်ဆင့်ပြန်ရောင်းတဲ့ ကုမ္ပဏီငယ်ကလေးတွေ၊ လုပ်ငန်းကလေးတွေနဲ့ ဆိုင်ပုံစံ ရောင်းချနေကြတာက ပိုများတယ်။ ပြည်ပနိုင်ငံတွေမှာလို IT Mall လိုမျိုး တစ်စုတစ်စည်းတည်း ရောင်းချနိုင်တဲ့နေရာ မရှိသေးတော့ တစ်နေရာစီပြန့်ကျဲနေကြရာက ဈေးကွက်တစ်ခုအနေနဲ့ Informally စုစည်းပြီး ရောင်းချလာကြတဲ့သဘောပါပဲ။ အဖွဲ့အစည်းကြီးတစ်ခုက တာဝန်ယူပြီး Organize ပြုလုပ်ပေးနိုင်တာမျိုး မရှိသေးတော့ ကိုယ့်နည်းကိုယ့်ဟန်နဲ့ ဈေးကွက်နေရာလေးတစ်ခုအသွင်နဲ့ စုစည်းလာကြတာပဲ"ဟု ဈေးကွက်နှင့်စပ်လျဉ်း၍ ၎င်းကပင် သုံးသပ်ပြောကြားသည်။



ဓာတ်ပုံကူးယူနိုင်သည့် e-Photo Website

ကွန်ပျူတာ Hardware ဈေးကွက်အတွင်းသို့ အီလက်ထရွန်နစ်ကုမ္ပဏီကြီးအချို့က ၎င်းတို့၏ Branded အီလက်ထရွန်နစ်ပစ္စည်းများအပြင် ကွန်ပျူတာပစ္စည်းများကိုပါ ထုတ်လုပ်တင်သွင်းရောင်းချလာကြသည်ကို တွေ့ရသည်။

"၂၀၀၄ ခုနှစ်ထဲမှာ Technology တွေ အသစ်မထွက်သလို၊ ပစ္စည်းဒီဇိုင်းအသစ်တွေကိုလည်း သိပ်မတွေ့ရပါဘူး။ ဈေးတွေလည်း လျော့လာတော့ Customer တွေအတွက် အကျိုးရှိတာပေါ့။ ဈေးမတက်ဘဲ Model မြင့်လာတာက ဒီကွန်ပျူတာ Hardware ပစ္စည်းတွေပါပဲ။ အခု P4 3.8 Processor တွေတောင် ပေါ်လာနေပြီ။ ဈေးနှုန်းလည်း မတက်တော့ ကွန်ပျူတာပစ္စည်းတွေဟာ တန်တယ်လို့ ပြောနိုင်ပါတယ်"ဟု ဦးအောင်ကျော်မိုးက ရှင်းပြသည်။

၂၀၀၄ ခုနှစ်အတွင်း Hardware ဈေးကွက်၏ ထူးခြားမှုတစ်ခုမှာ ဈေးနှုန်းချိုသာသော Family PC ကွန်ပျူတာများကို မိတ်ဆက်ရောင်းချလာခဲ့ခြင်း ဖြစ်သည်။ Intel Celeron 1.8 GHz အမျိုးအစားရှိပြီး 40 GB ရှိ Hard Disk နှင့် 128 MB RAM ရှိ Memory ပါရှိကာ CD-Rom Drive နှင့် အင်တာနက်အသုံးပြုနိုင်ရန် Modem ပါ ပါရှိသည်။ ရောင်းဈေးမှာ တစ်လုံးလျှင် ၂၆၅,၀၀၀ ကျပ် ဖြစ်သည်။ KMD မှ ပထမဦးဆုံး စီစဉ်ရောင်းချသည့် အဆိုပါ Family PC သည် မိသားစုအိမ်အတွင်း အသုံးပြုရန်နှင့် သင်တန်းပို့ချရန်အတွက် အသုံးဝင်ပြီး ဈေးနှုန်းသက်သက်သာသာဖြင့် ကွန်ပျူတာအသစ်တစ်လုံး ပိုင်ဆိုင်ထားလိုသူများအဖို့ သင့်လျော်ကြောင်း KMD Computer Sales & Services Centre မှ အရောင်းနှင့် ဈေးကွက်ဒါရိုက်တာ ဒေါ်သင်းသင်းစိုးက ဆိုသည်။

၂၀၀၄ ခုနှစ်အတွင်း မြန်မာနိုင်ငံ၌ အသုံးပြုလျက်ရှိကြသည့် PC ကွန်ပျူတာများ၏ ၈၀ ရာခိုင်နှုန်းမှ ၈၅ ရာခိုင်နှုန်းခန့်သည် Branded ကွန်ပျူတာများနှင့် ပုံစံတူပြုလုပ်ထားသည့် ဈေးနှုန်းချိုသာ

သော Clone ကွန်ပျူတာများဖြစ်ကြကြောင်း MCPA ဥက္ကဋ္ဌ ဦးသောင်းတင်က ပြောကြားသည်။

## ICT သင်တန်းများနှင့် လူ့စွမ်းအားအရင်းအမြစ်

ယခင်က ကွန်ပျူတာသိပ္ပံဘွဲ့နှင့် ဘွဲ့လွန်သင်တန်းများကို သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ ကွန်ပျူတာတက္ကသိုလ်များတွင်သာ သင်ယူခွင့်ရရှိခဲ့ကြရာမှ ၂၀၀၄ ခုနှစ်မှစတင်ပြီး ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ တက္ကသိုလ်များတွင်ပါ တက်ရောက်သင်ယူနိုင်ခွင့် ရရှိခဲ့သည်။ ၂၀၀၄ ခုနှစ်အတွင်း အသစ်တိုးချဲ့ဖွဲ့စည်းခဲ့သော ရန်ကုန်တက္ကသိုလ် ကွန်ပျူတာသိပ္ပံပညာဌာနမှ မဟာသိပ္ပံဘွဲ့ (ကွန်ပျူတာသိပ္ပံ)နှင့် ဘွဲ့လွန်ကွန်ပျူတာဒီပလိုမာသင်တန်းများကိုလည်းကောင်း၊ ဒဂုံတက္ကသိုလ်နှင့် ရတနာပုံတက္ကသိုလ်တို့မှ သိပ္ပံဘွဲ့(ကွန်ပျူတာသိပ္ပံ)သင်တန်းများကိုလည်းကောင်း ၂၀၀၄–၂၀၀၅ ပညာသင်နှစ်အတွက် သင်တန်းသားသစ်များ စတင်ခေါ်ယူခဲ့ကြသည်ကို တွေ့ရသည်။

၂၀၀၄ ခုနှစ် မြန်မာနိုင်ငံ၏ ICT လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုအတွက် ထူးခြားချက်တစ်ရပ်မှာ ယခင်က ပြည်ပနိုင်ငံများသို့ ငွေကုန်ကြေးကျခံသွားရောက်ပြီး ဖြေဆိုခဲ့ရသော ICT ဆိုင်ရာ Professional Certificate များကို ပြည်တွင်း၌ပင် Online မှတစ်ဆင့် ဖြေဆိုနိုင်ခွင့် ရရှိခြင်းပင် ဖြစ်သည်။ MCSE, MCSA, Oracle စသော နိုင်ငံတကာအသိအမှတ်ပြု ICT Certificate များကို Online မှပင် ဖြေဆိုနိုင်ခွင့်ရရှိစေရန် စီစဉ်ပေးသည့် အဖွဲ့အစည်းအချို့ ပေါ်ထွန်းခဲ့ပြီး ဖြေဆိုသူအချို့ပါ ပေါ်ထွက်လာခဲ့သည်။ နိုင်ငံတကာအသိအမှတ်ပြု ICT Professional တစ်ဦးဖြစ်ရန်အတွက် အဆိုပါ Professional Certificate တစ်ခုခု ရရှိထားရန်ပါ လိုအပ်ကြောင်း ဦးသောင်းတင်က ဆိုသည်။

"နိုင်ငံတကာမှာ ICT နည်းပညာတိုးတက်ထွန်းကားနေပေမယ့် မြန်မာနိုင်ငံရဲ့ လိုအပ်ချက်က အဲဒီလောက် မကြီးမားသေးတော့ ICT ပညာသင်ယူနေကြတဲ့ သင်တန်းသားအများစုက ရည်မှန်းချက်ကြီးကြီးထားပြီး နိုင်ငံတကာ Level မီအောင် မကြိုးစားချင်ကြတော့ဘဲ ပြည်တွင်းမှာ အလုပ်တစ်ခုရရင်ပြီးရောဆိုတဲ့ သဘောနဲ့ ခပ်လွယ်လွယ်ပဲ လုပ်နေကြတယ်"ဟု ၎င်းက သုံးသပ်သည်။

"မြန်မာနိုင်ငံမှာ ကွန်ပျူတာနဲ့ဘွဲ့ရပြီး အခြားမဆိုင်တဲ့ အသက်မွေးဝမ်းကျောင်းအလုပ်တွေ လုပ်နေရတဲ့သူတွေ အများကြီးပါ။ လူ့စွမ်းအားအရင်းအမြစ် (H.R) တွေ ဖွံ့ဖြိုးဖို့ Industry ကပါ ဖွံ့ဖြိုးနေဖို့ လိုတယ်။ Industry ဖွံ့ဖြိုးတိုးတက်နေမှ H.R က တက်တက်ကြွကြွပါလာမှာ။ အခု လူငယ်အများစုက ကွန်ပျူတာနဲ့ ကျောင်းပြီးရင် ပြည်တွင်းမှာရတဲ့ အလုပ်တစ်ခုခု ဝင်လုပ်ရင်လုပ်။ ဒါမှမဟုတ် တတ်နိုင်ရင် နိုင်ငံခြားထွက် အလုပ်လုပ်တာပဲ ရှိတယ်"ဟု မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းအမှုဆောင်တစ်ဦးဖြစ်သူ Credent Technology (Myanmar) မှ အထွေထွေမန်နေဂျာ ဦးဇော်နိုင်က သုံးသပ်ပြောကြားသည်။

"အခု တွေ့နေရတာက IT ကုမ္ပဏီတွေက Industry အတွေ့အကြုံနဲ့ Professional လက်မှတ်ရထားတဲ့သူကိုမှ အလုပ်ခန့်ချင်ကြတာ။ Industry ကလည်း ထင်သလောက် မဖွံ့ဖြိုးသေး၊ ကျွမ်းကျင်တဲ့ Professional ဝန်ထမ်းတွေလည်း မရနဲ့ မုန့်လုံးစက္ကူကပ်သလို ဖြစ်နေတယ်"ဟု အလုပ်အကိုင် အခွင့်အလမ်းနှင့်ပတ်သက်၍ ဦးသောင်းတင်က ၎င်း၏အမြင်ကို ရှင်းပြသည်။

ယခုနှစ်အတွင်း လူငယ်အများစုသည် Wide Area Network (WAN) သင်တန်း၊ Video Production သင်တန်း၊ Graphic ဒီဇိုင်းသင်တန်းများကို ပိုမို ရွေးချယ်တက်ရောက်လာကြသည်ကို တွေ့ရကြောင်း၊ ယင်းတို့မှာ ICT Professional လိုင်းမဟုတ်ဘဲ Application Engineer လိုင်းဟု ဆိုရမည်ဖြစ်ကြောင်း ပုဂ္ဂလိက ကွန်ပျူတာသင်တန်းတစ်ခုမှ နည်းပြဆရာတစ်ဦးက ဆိုသည်။

## Cyber Law နှင့် ICT ဆိုင်ရာ ဥပဒေများ

မြန်မာနိုင်ငံ၏ ICT ကဏ္ဍသာမက ၎င်း၏ စပ်လျဉ်းသည့် Legal Infrastructure များကိုပါ အစိုးရက တည်ဆောက်လျက်ရှိရာ ၂၀၀၄ ခုနှစ်အတွင်း အီလက်ထရွန်နစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေကို ပြဋ္ဌာန်းနိုင်ခဲ့ခြင်းသည် ထိုနှစ်အတွက် ထူးခြားမှုတစ်ရပ် ဖြစ်သည်။

၁၉၉၆ ခုနှစ်က ပြဋ္ဌာန်းခဲ့သော မြန်မာနိုင်ငံ ကွန်ပျူတာဖွံ့ဖြိုးရေးဥပဒေ၊ ၂၀၀၄ ခုနှစ် ဧပြီလ ၃၀ ရက်နေ့က ပြဋ္ဌာန်းခဲ့သော အီလက်ထရွန်နစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေနှင့် ယခု မူကြမ်းရေးဆွဲလျက်ရှိပြီး မကြာမီ ထုတ်ပြန်ပြဋ္ဌာန်းတော့မည့် ဆက်သွယ်ရေးဥပဒေတို့အား ပေါင်းစည်းပြီး မြန်မာနိုင်ငံ၏ Cyber Law ဟု ခေါ်တွင်နိုင်မည်ဖြစ်ကြောင်း ရှေ့နေချုပ်ရုံး ဥပဒေများ စိစစ်ရေးဆွဲရေးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်စိန်က ရှင်းပြသည်။

## ICT ပြပွဲများ

၂၀၀၄ ခုနှစ်အတွင်း ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် MICT Week အထိမ်းအမှတ် ICT ပြပွဲတစ်ကြိမ်စီ ကျင်းပခဲ့သည်။ Myanmar ICT Park တည်ထောင်ခဲ့သည့် နှစ်ပတ်လည်အထိမ်းအမှတ် 3rd ICT Week ပြပွဲကို ၂၀၀၄ ခုနှစ် ဇန်နဝါရီလ ၂၁ ရက်မှ ၃၁ ရက်နေ့အထိ လှိုင်မြို့နယ်ရှိ MICT Park ၌ ကျင်းပခဲ့ရာ

ကွန်ပျူတာအသင်းများမှလည်း Seminar များ၊ Workshop များကို လေးရက်တိုင် ကျင်းပခဲ့သည်။ အလားတူ မန္တလေး ICT Park တည်ထောင်ဖွင့်လှစ်ခဲ့သည့် တစ်နှစ်ပြည့်မြောက်သည့် အထိမ်းအမှတ် 2nd ICT Week ကို ဩဂုတ်လအတွင်းက မန္တလေးမြို့ ရတနာပုံဈေး တတိယထပ်ရှိ ICT Park တွင် ကျင်းပခဲ့သည်။

၂၀၀၄ ခုနှစ်အတွင်း ထူးခြားမှုတစ်ရပ်မှာ ICT လောကသားအားလုံး မျှော်လင့်စောင့်စားနေခဲ့ကြရပြီး နှစ်စဉ် မပျက်မကွက် ပုံမှန်ကျင်းပမြဲဖြစ်သည့် ဆင္ဌမအကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာပြပွဲ ၂၀၀၄ ကို အောက်တိုဘာလ ၂၆ ရက်မှ ၃၀ ရက်နေ့အထိ ရန်ကုန်မြို့ တပ်မတော်ခန်းမ၌ ကျင်းပမည်ဟု ကြိုတင်ကြေညာထားခဲ့ရာမှ အကြောင်းအမျိုးမျိုးကြောင့် မကျင်းပနိုင်ခဲ့ဘဲ ရက်အကန့်အသတ်မရှိ ရွှေ့ဆိုင်းသွားခဲ့ခြင်း ဖြစ်သည်။

ယင်း ICT ပြပွဲမကျင်းပနိုင်ခြင်းသည် ဈေးကွက်ကိုပါ ထိခိုက်စေခဲ့ကြောင်း၊ Customer အများစုမှာ အဆိုပါ ပြပွဲကာလတွင်မှ လာရောက်ကာ ကိုယ်တိုင်စမ်းသပ်သုံးစွဲ ရွေးချယ်ဝယ်ယူကြကြောင်း၊ ကုမ္ပဏီများကလည်း အပြိုင်အဆိုင် အရောင်းမြှင့်တင်ကာ ရောင်းချခွင့်ရသဖြင့် အရောင်းရဆုံးကာလဟု ဆိုနိုင်ကြောင်း ဒေါ်ယဉ်မင်းဦးက သုံးသပ်ပြောကြားသည်။

## အင်တာနက် အသုံးပြုမှုနှင့် Bagan Cybertech

၂၀၀၄ ခုနှစ် ဩဂုတ်လအထိ မြန်မာနိုင်ငံတစ်ဝန်း၌ iPSTAR ဂြိုဟ်တုဆက်သွယ်ရေးစနစ်သုံး အင်တာနက်အသုံးပြုသူ ၉၀၀ ခန့်၊ Dial-Up Internet အသုံးပြုသူ (Subscribers) ၇၈၀၀ ဦးကျော်၊ Mail4u E-mail Account အသုံးပြုသူ ၆၃၀၀ ဦးကျော်၊ Broadband Wireless Internets အသုံးပြုသူ ၁၄၀၀ ဦးခန့်နှင့် ADSL စနစ်သုံး Broadband Internet အသုံးပြုသူ ၂၀၀ ဦးကျော်ရှိကြောင်း Bagan Cybertech မှ ဒါရိုက်တာတစ်ဦးက ပြောကြားသည်။

မြန်မာနိုင်ငံ၏ အဓိက Internet Service Provider ဖြစ်သော Bagan Cybertech ကုမ္ပဏီသည် မူလ Wireless Broadband Internet စနစ်ထက် ပိုမိုလုံခြုံစိတ်ချရပြီး မြန်နှုန်း ပိုမိုမြင့်မားကာ တယ်လီဖုန်းလိုင်းမှတစ်ဆင့် Data ရော Voice ပါ အသုံးပြုနိုင်သည့် ADSL Broadband Internet စနစ်ကို ရန်ကုန်မြို့တွင် ဧပြီလအတွင်းကလည်းကောင်း၊ မန္တလေးမြို့တွင် အောက်တိုဘာလအတွင်းကလည်းကောင်း အများပြည်သူသို့ စတင် တပ်ဆင်အသုံးပြုခွင့်ပေးခဲ့ရာ ၂၀၀၄ ခုနှစ်အတွင်း မြန်မာနိုင်ငံ၏ ICT ဈေးကွက်အတွက် အထူးခြားဆုံး မှတ်တိုင်တစ်ရပ် ဖြစ်ခဲ့သည်။

## သုံးသပ်ချက်နှင့် နိဂုံး

၂၀၀၄ ခုနှစ်အတွင်း အင်တာနက်ကဖီးအချို့နှင့် Network Game Centre များ တိုးပွားလာခဲ့သလို အင်တာနက်ကဖီးများတွင် Online မှတစ်ဆင့် စကားသံပါမက Message ပါ ပေးပို့၍ရသည့် Chat Room မှတစ်ဆင့် တစ်ဦးနှင့်တစ်ဦး ဆက်သွယ်ပြောဆိုမှုများ လူငယ်ထုအတွင်း သိသိသာသာရေပန်းစားခဲ့သည်။ ဩဂုတ်လ တစ်လအတွင်း အဆိုပါ Chat Room မှတစ်ဆင့် ချိန်းဆိုမှု (Online Dating) ပြုလုပ်ကြသူပေါင်း ၅.၇ သန်းခန့်ရှိပြီး အများစုမှာ လူငယ်များဖြစ်ကြကြောင်း၊ ပြည်တွင်းအင်တာနက် အသုံးပြုကြသူများထဲတွင် Chat Room အတွင်း ဝင်ရောက်၍ ချိန်းဆိုမှုပြုလုပ်ကြသူ အရေအတွက်သည် အများဆုံးဖြစ်ကြောင်း စစ်တမ်းကောက်ယူခဲ့သူ Myanmars.Net မှ Chief Technology Officer ဦးဇော်ထွဋ်က ဆိုသည်။

"အခြား Industry တွေရဲ့ ဖွံ့ဖြိုးတိုးတက်မှုနှုန်းတွေထက် ICT Industry ရဲ့ ဖွံ့ဖြိုးတိုးတက်မှုက အရမ်းမြန်နေတာ။ တစ်ကမ္ဘာလုံး Global Village ဖြစ်လာချိန်မှာ ကျွန်တော်တို့ မလိုက်နိုင်ရင်၊ လိုက်နိုင်ဖို့ မကြိုးစားရင် အဲဒီ Village ရဲ့ အပြင်ဘက်ကလူတွေ ဖြစ်သွားလိမ့်မယ်"ဟု ဦးဇော်နိုင်က သုံးသပ်ပြောကြားသည်။

"ပြည်သူလူထုရဲ့ ယုံကြည်မှုနဲ့ အမြင်ကလည်း လိုသေးတယ်။ တစ်ခုခု အပြောင်းအလဲဖြစ်တာနဲ့ ယုံကြည်မှုက လျော့ကျသွားတတ်တယ်။ ICT Industry ပတ်သက်လို့ အမြင်ကြည်နေဖို့ ယုံကြည်ဖို့ လိုတယ်။ သူတို့တွေ အသုံးပြုမှ Industry က တက်လာမှာ"ဟု ဒေါ်ယဉ်မင်းဦးက ထောက်ပြပြောဆိုသည်။

ပြည်တွင်း ICT ဈေးကွက်တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရန်အတွက် အသုံးပြုသူ User များ၏ အသုံးပြုနိုင်မှုစွမ်းအား (Spending Power) သည် အဓိကကျလာသည်။ တစ်ချိန်က အသုံးပြုသူများ၏ Awareness သည် အဓိကကျသည်ဟု ဆိုခဲ့ကြသော်လည်း ယခုအခါ ရရှိထားသော ICT ဆိုင်ရာ အခြေခံအဆောက်အဦများအရ Awareness ရရှိသင့်သလောက် ရရှိလာခဲ့ကြပြီး ဖြစ်သည်။

ICT သည် အမြဲတမ်း တိုးတက်ပြောင်းလဲနေသော၊ ပြောင်းလဲမှုနှုန်းလည်း လျင်မြန်သော တစ်ခုတည်းသော Industry ဖြစ်သည်။ ခရီးသွားလာကြရာ၌ အခြေအနေတိုးတက်မှုကို တစ်နေ့တစ်လံ ပုဂံဘယ်ရွှေ့မလဲဟု ပြောဆိုကြသည်။ ICT ၏ ပန်းတိုင်နေရာသည် ပုဂံကဲ့သို့ ရပ်တည်နေသည့်နေရာ မဟုတ်ပေ။ အမြဲတမ်း သွက်လက်စွာ ရွေ့လျားနေမည်ဖြစ်သကဲ့သို့ မြန်မာနိုင်ငံအနေဖြင့် အလှမ်းမကွာနိုင်ရန်နှင့် သိသိသာသာ မကျန်ရစ်စေရန် ပိုမိုကြိုးပမ်းရတော့မည် ဖြစ်သည်။

**ကျော်နိုင်**

**ဂြိုဟ်တုရုပ်သံဖမ်းစက်နှင့် ဆက်စပ်ပစ္စည်းများ၏ ၂၀၀၄ ခုနှစ် ဈေးကွက်အနေအထားကို ပြန်လည်သုံးသပ်ကြည့်မည်ဆိုလျှင် ပြည်တွင်း၌ ရှိနှင့်ပြီးသော အမှတ်တံဆိပ်ဟောင်းများ နည်းပညာအဆင့်မြှင့်တင်၍ ပြိုင်ဆိုင်ဝင်ရောက်လာခြင်းနှင့် အမှတ်တံဆိပ်သစ်များ ဈေးကွက်၌ ထိုးဖောက်လာခြင်းတို့ကို အထင်အရှား မြင်တွေ့ရမည် ဖြစ်သည်။ အဓိကအားဖြင့် လူတို့၏ လိုအပ်ချက်အလိုက် မြန်ဆန်စွာ တိုးတက်ပြောင်းလဲနေသော နည်းပညာအား ဂြိုဟ်တုစလောင်းဈေးကွက် ယှဉ်ပြိုင်ရာ၌ အခရာဖြစ်လာသည့်အချက်၌ ၂၀၀၄ ခုနှစ် ဂြိုဟ်တုစလောင်းဈေးကွက် ထူးခြားမှုသာ ဖြစ်တော့သည်။**

# ၂၀၀၄ ဂြိုဟ်တုစလောင်းဈေးကွက်

**ကံရှင်**



## ကတ်လိုင်းများအား အခမဲ့ကြည့်နိုင်ခြင်း

၂၀၀၃ ခုနှစ်အကုန်တွင် ပြည်တွင်းဈေးကွက်သို့ နည်းပညာအသစ်အဆန်းဖြင့် ဝင်ရောက်လာသော ဂြိုဟ်တုစလောင်းဖမ်းစက်များက ၂၀၀၄ ခုနှစ် ဂြိုဟ်တုစလောင်းဈေးကွက်အနေအထားကို ပြောင်းလဲစေခဲ့ခြင်း ဖြစ်သည်။ နည်းပညာသစ်၏ အဓိကအားသာချက်မှာ ကတ်စနစ်ဖြင့်သာ အခပေးကြည့်ရှုရသော ရုပ်သံလိုင်းများအား အခမဲ့ကြည့်ရှုနိုင်ရန် Patch Software ထည့်သွင်းထားသည့်စနစ် ဖြစ်သည်။ အဆိုပါနည်းပညာ ပါဝင်သော ဂြိုဟ်တုရုပ်သံဖမ်းစက်များအနက် Meta Box တစ်မျိုးသာ လူကြိုက်များ၍ ဈေးကွက်ရခဲ့သည်။ အဆိုပါစက်များသည် Asiasat 3S ဂြိုဟ်တုမှတစ်ဆင့် ကတ်စနစ်ဖြင့် ထုတ်လွှင့်ပေးသော Zee Network မှ ၂၄ နာရီ ရုပ်ရှင်နှင့် ဖက်ရှင်လိုင်းများအား Hex Code ထည့်သွင်း၍ ဖမ်းယူနိုင်သောစက်များ ဖြစ်သည်။

ထို့ပြင် ယင်းစက်တို့ဖြင့် မြန်မာနိုင်ငံအထက်ပိုင်းရှိ ဒေသများတွင် နှစ်ပေစလောင်း (Ku Band) နှင့် Ku Band သုံး LNB တို့ကို တွဲဖက်၍ Agila-2 ဂြိုဟ်တုမှ ထုတ်လွှင့်သော ကတ်လိုင်း ၅၀ ခန့်ကို Hex Code ထည့်သွင်း၍ ဖမ်းယူနိုင်ခဲ့ခြင်းကြောင့် စလောင်းဈေးကွက်အတွင်း အထူးရေပန်းစားခဲ့ခြင်း ဖြစ်သည်။ အဆိုပါ Agila-2 ဂြိုဟ်တုမှ ESPN, STAR SPORT စသော အားကစားလိုင်းများ၊ STAR Movies၊ HBO ကဲ့သို့သော ၂၄ နာရီ ရုပ်ရှင်လိုင်းများ၊ Discovery လိုင်းများ၊ ကာတွန်းရုပ်ရှင်လိုင်းများ၊ CNN ကဲ့သို့သော သတင်းလိုင်းများ စသည့် လူကြိုက်များသည့် ရုပ်သံလိုင်းများကို ကတ်စနစ်ဖြင့် ထုတ်လွှင့်ပေးနေခြင်း ဖြစ်သည်။ သို့သော် ယင်းဂြိုဟ်တုမှ အဆိုပါလိုင်းများကို ပျဉ်းမနားနှင့် အောက်မြန်မာနိုင်ငံဒေသများတွင်မူ ဖမ်းယူနိုင်ခြင်းမရှိသည့်အတွက် ယင်းစက်များမှာ အထက်မြန်မာနိုင်ငံဈေးကွက်တွင် ပိုမိုရေပန်းစားကာ ဈေးကွက်ရခဲ့သည်။

၂၀၀၄ ခုနှစ် ဧပြီလဝန်းကျင်တွင်



ထိုင်းနိုင်ငံရှိ Dynasat ကုမ္ပဏီမှ Silver Box ဂြိုဟ်တုရုပ်သံဖမ်းစက်တစ်မျိုးကို ဈေးကွက်နှင့် မိတ်ဆက်ပေးခဲ့သည်။ Silver Box သည် Meta Box စက်ကဲ့သို့သော စွမ်းဆောင်ရည်များ ပါဝင်သည့်အပြင် Agila-2 ဂြိုဟ်တုမှ ကတ်လိုင်းများအား Hex Code ထည့်သွင်းစရာမလိုဘဲ အလိုအလျောက် Code နံပါတ်ပြောင်းလဲဖမ်းယူနိုင်သော စနစ် ပါဝင်သည် ဟူသော အားသာချက်ကို ဖော်ပြ၍ ဈေးကွက် ထိုးဖောက်လာခဲ့ခြင်း ဖြစ်သည်။ အဆိုပါ ဈေးကွက်ရပြီး မရှေးမနှောင်းပင် အိမ်နီးချင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာသော ဂြိုဟ်တုရုပ်သံဖမ်းစက်များသည်လည်း ဈေးကွက်၌ မြင်တွေ့ရသည်။ ထိုစက်များမှာ Silver Box နှင့် နာမည်ဆင်တူယိုးမှားဖြစ်ပြီး Silver Box, Meta Box တို့နှင့် စွမ်းဆောင်ရည်တူညီသည်ဟု ပြောဆိုကာ ဈေးအနိမ့်ဖြင့် ထိုးဖောက်ခဲ့ခြင်း ဖြစ်သည်။ သို့သော် နယ်မြို့များရှိ ဝယ်လက်တချို့ကိုသာ ရရှိခဲ့ပြီး ဈေးကွက်မတွင်ကျယ်ဘဲ ရှိခဲ့သည်။

## အခြားစွမ်းဆောင်ရည်များဖြင့် ဈေးကွက်ထိုးဖောက်

ကတ်လိုင်းများကို အခမဲ့ကြည့်ရှုနိုင်သော အားသာချက်များအပြင် အခြားအားသာချက်များကို ကြော်ငြာ၍လည်း ဈေးကွက်ထိုးဖောက်လာသော ဂြိုဟ်တုရုပ်သံဖမ်းစက်များကို ၂၀၀၄ ခုနှစ်အတွင်း ထူးခြားစွာ တွေ့မြင်ရသည်။ နှစ်လယ်ပိုင်းတွင် ဈေးကွက်သို့ အသစ်ရောက်ရှိလာသော Sky Link D-Box D-Rcreiver က Agila-2 ဂြိုဟ်တုရှိ Dream-TV Network လိုင်းများကိုသာမက Asiasat 3S ဂြိုဟ်တုရှိ Zee Network လိုင်းများကိုပါ Hex Code ထည့်သွင်းစရာမလိုဘဲ အလိုအလျောက် နံပါတ်ပြောင်းလဲ၍ ဖမ်းယူပေးနိုင်သည်ဟူ၍သော အားသာချက်ကို ရည်ညွှန်း၍ ဈေးကွက်ထိုးဖောက်လာသည်။ ၎င်းနှင့် ရှေ့ဆင့်နောက်ဆင့်မှာပင် GA 88-DPR Receiver သည်လည်း ကတ်လိုင်းဖမ်းယူနိုင်သော Patch Software ပါဝင်ပြီး Agila-2 ဂြိုဟ်တု Code မထည့်သွင်းဘဲ ဖမ်းယူနိုင်သည့်အပြင် Sharp အမှတ်တံဆိပ် Tuner ကို ထည့်သွင်းသုံးစွဲထားသည်ဟူသော အားသာချက်ကို ဖော်ပြ၍ ဈေးကွက်ရှာခဲ့သည်ကို တွေ့ရသည်။

အချို့သောစက်များသည်လည်း Broadband Internet စနစ်သုံးစွဲသည့် ပတ်ဝန်းကျင် ဂြိုဟ်တုရုပ်သံလိုင်းများကို မထိခိုက်စေဘဲ ဖမ်းယူနိုင်သည်ဟူ၍လည်းကောင်း၊ ထည့်သွင်းထားနိုင်သော လိုင်းအရေအတွက်ကို ဖော်ပြ၍လည်းကောင်း၊ Tunning ဖမ်းယူရသော အချိန်တိုတောင်းမှုကို အားသာချက်တစ်ရပ်အနေနှင့် ဖော်ပြ၍လည်းကောင်း ဈေးကွက်ရရှိရန် နည်းပညာအားသာချက်ဖြင့် ကြိုးပမ်းကြသည်မှာ ၂၀၀၄ စလောင်းဈေးကွက်၏ ထင်ရှားသော မြင်ကွင်းတစ်ရပ်ပင် ဖြစ်သည်။

## ဘောလုံးနှင့် စလောင်းဈေးကွက်

ဂြိုဟ်တုစလောင်းဖမ်းစက်နှင့် ဆက်စပ်ပစ္စည်းများကို ၂၀၀၄ ခုနှစ်ဈေးကွက်ကို လှုပ်ရှားစေခဲ့သော အကြောင်းအချင်းရာများထဲတွင် နိုင်ငံတကာဘောလုံးပွဲများလည်း ပါဝင်ပေသည်။ ၂၀၀၄ ခုနှစ်တွင် ကျင်းပခဲ့သော Euro-2004 ဘောလုံးပွဲစဉ်ကြောင့် စလောင်းဖမ်းစက်နှင့် ဆက်စပ်ပစ္စည်းများ အရောင်းသွက်ခဲ့သည်။ အဆိုပါဘောလုံးပွဲစဉ်များ ပြီးဆုံး၍ ဥရောပကလပ် ဘောလုံးပွဲစဉ်များနှင့် တောင်အမေရိကတိုက် ဘောလုံးပွဲစဉ်များသည်လည်း အမျှင်မပြတ် ကျင်းပခဲ့သဖြင့် ဘောလုံးဝါသနာ ကြီးမားသူများအတွက် ဂြိုဟ်တုရုပ်သံသည် အရေးပါအရာရောက်ခဲ့သည်။ ဘောလုံးဝါသနာရှင်များ၏ အာသီသကို အဓိကဖြည့်ဆည်းပေးသည့် ဂြိုဟ်တုရုပ်သံလိုင်းမှာ Euro Sport အားကစားသတင်းလိုင်း ဖြစ်သည်။ အဆိုပါလိုင်းမှ ကစားပြီးသည့် နိုင်ငံတကာအားကစားပွဲစဉ်များ၏ ဂိုးရလဒ်များကိုသာမက ကစားနေဆဲ ဘောလုံးပွဲများ၏ ရလဒ်များကိုပင် အချိန်နှင့် တစ်ပြေးညီ ၂၄ နာရီ

ထုတ်လွှင့်ဖော်ပြပေးသည်။

Asiasat-2ဂြိုဟ်တုမှ ထုတ်လွှင့်ပေးသော ယင်း Euro Sportရုပ်သံလိုင်းအား ဂြိုဟ်တုရုပ်သံဖမ်းစက်တိုင်း ဖမ်းယူနိုင်ခြင်းမရှိပေ။ Meta Box, Silver Box, GA 88-DPRတို့ကဲ့သို့သော Patch Software ပါဝင်သည့် စက်တချို့သာ ဖမ်းယူနိုင်ခြင်းဖြစ်သည်။ ယင်းအားသာချက်ကလည်း အဆိုပါစက်များအား လူကြိုက်များစေရန် ဖန်တီးပေးသော အကြောင်းအချက်တစ်ခုပင် ဖြစ်သည်။

## Software အဆင့်မြှင့်တင်နိုင်ခြင်း

ဒစ်ဂျစ်တယ်နည်းပညာကြောင့် အသစ်အဟောင်း ယူဆချက်မှာ လက်ဖြင့်ထိတွေ့နိုင်သော အရာဝတ္ထုများပေါ်တွင် မူတည်နေခြင်းမှ သွေဖည်သွားပြီး မထိတွေ့ မကိုင်တွယ်နိုင်သော Softwareဖြင့် ခွဲခြားစေခဲ့သည်။ ဈေးကွက်သို့ နောက်ဆုံးရောက်ရှိလာသော ရုပ်သံဖမ်းစက်အတော်များများသည် ၎င်းတို့နှင့် အမျိုးအစားတူသော (Series တူသော) စက်အသစ်ပေါ်ပေါက်လာပါက စက်အသစ်ရှိ Softwareအား စက်ဟောင်းတွင် ပြောင်းလဲထည့်သွင်း၍ အဆင့်မြှင့်တင်နိုင်ပြီ ဖြစ်သည်။ ထိုကဲ့သို့ အဆင့်မြှင့်တင်နိုင်ခြင်းကြောင့် ယခင်စက်ဟောင်း လက်ဝယ်ရှိသူများမှာ စက်အသစ်တစ်မျိုး ပေါ်လာတိုင်း ထိုစက်အသစ်ကဲ့သို့ စွမ်းဆောင်ရည်များ ရရှိစေရန် မိမိစက်အား အဆင့်မြှင့်တင်သုံးစွဲနိုင်လေသည်။ စက်အဟောင်းကိုလည်း အဆင့်မြှင့်လိုက်ခြင်းအားဖြင့် အသစ်သုံးစွဲသကဲ့သို့ပင် ခံစားရမည် ဖြစ်သည်။

ရုပ်သံဖမ်းစက်များ အဆင့်မြှင့်တင်ခြင်းကိုပင် ဝန်ဆောင်မှုတစ်ရပ်အနေဖြင့် အခကြေးငွေဖြင့် ဆောင်ရွက်ပေးသည်ကို ၂၀၀၄ ခုနှစ်အတွင်း များစွာ မြင်တွေ့ရမည်ဖြစ်သည်။ ၂၀၀၄ ခုနှစ် နှစ်ကုန်ပိုင်းတွင် ဈေးကွက်သို့ ရောက်လာသော Meta



Box-10 စက်အသစ်ဖြင့် ၂၀၀၃ နှစ်ကုန်ပိုင်းတွင် ဈေးကွက်ရောက်နှင့်သော Meta Box အား အဆင့်မြှင့်နိုင်ခြင်း၊ Top Field 3030 အား ၂၀၀၄ ဇွန်လတွင် Upgrade ပြုလုပ်နိုင်သော စက်အသစ်ပေါ်လာခြင်း၊ Juri YR 5D စက်အတွက် Software ကို အင်တာနက်မှ ရနိုင်ခြင်း၊ အခြားသော စက်များအတွက် ဆိုင်ရာ Software များကိုလည်း အမျိုးအစားတူ စက်သစ်များမှလည်းကောင်း၊ အင်တာနက်မှတစ်ဆင့် Download ပြုလုပ်ထည့်သွင်းလာနိုင်ခြင်းတို့သည် ၂၀၀၄ ခုနှစ် ဂြိုဟ်တုစလောင်းဈေးကွက်အနေအထားကို ထူးခြားစေခဲ့သည်။

## နည်းပညာက ဈေးနှုန်းကို သတ်မှတ်

နည်းပညာအသစ်အဆန်းများကြောင့် ရှေ့တွင်ဆိုခဲ့သော အားသာချက်များစွာ ရှိနေသည့် ရုပ်သံဖမ်းစက်များမှာ ဈေးကွက်သို့ ဝင်ရောက်စတွင် လူကြိုက်များ ရေပန်းစားပြီး ဈေးကောင်းရခဲ့သည်။ သို့သော် နောက်ပိုင်းတွင် တစ်ခုထက်တစ်ခု ပိုမိုကောင်းမွန်သော အားသာချက်များဖြင့် ထုတ်လုပ်ရန် ဈေးကွက်သို့ အပြိုင်အဆိုင်ရောက်လာသဖြင့်လည်း တဖြည်းဖြည်း ဈေးနှုန်းအနိမ့်သို့ ရောက်လာခဲ့သည်။

နည်းပညာအားသာချက်များကို အဓိကအားဖြင့် အပျော့ထည်ဖြင့် ဖန်တီးရသဖြင့်လည်း ထုတ်လုပ်မှုတွင် အခရာကျနေသည်မှာ ရုပ်ဝတ္ထုပစ္စည်းမဟုတ်တော့ဘဲ ဉာဏစွမ်းရည်ဖြစ်လာပြီး ဂြိုဟ်တုရုပ်သံဖမ်းစက်ဈေးကွက်မှာ နည်းပညာကို ရောင်းချသော ဈေးကွက်အသွင်ကို ဆောင်လာခဲ့သည်။

၂၀၀၄ ခုနှစ် ဂြိုဟ်တုစလောင်း ရုပ်သံဖမ်းစက် ဈေးကွက်ကို ပြန်ပြောင်းလေ့လာမည်ဆိုပါက ယင်းအချက်ကို အထင်အရှား မြင်တွေ့နိုင်မည် ဖြစ်သည်။ သို့ဖြစ်၍ ၂၀၀၄ စလောင်းဈေးကွက်၏ လားရာကို အဓိကဖန်တီးသည်မှာ နည်းပညာသာ ဖြစ်သည်ဟု ဆိုနိုင်မည် ဖြစ်သည်။ ယင်းအချက်သည် လူမှုစီးပွားပညာရှင်တို့ဆိုကြသော ပညာခေတ် (Knowledge Age) ၏ အသွင်အပြင်ကို တစ်စိတ်တစ်ပိုင်း ဖော်ပြရာရောက်ပါတော့သည်။

**ကံရှင်**

၁၄-၁၂-၂၀၀၄

# အနာဂတ်ဟောကိန်းစာအုပ်ငယ်များ၊ အနာဂတ်အရေးနှင့် အနာဂတ်ဈေးကွက်

မင်းညိုစင်

**ယခုတလော လူစည်ကားရာ လှည်းတန်း၊ မြေနီကုန်း စသည့်နေရာများတွင် လမ်းဘေးဆိုင်ငယ်လေးများ အစီအရီ ပေါ်ထွက်လာသည်။ ရောင်းသည့်ပစ္စည်းအမယ်က တစ်မျိုးတည်း။ အိတ်ဆောင် တစ်နှစ်စာ ဗေဒင်စာအုပ်ငယ်များ။ လစဉ်မဂ္ဂဇင်းပေါင်းများစွာ ထွက်ရှိနေသည့်အနက် စာအုပ်ဆိုင်များတွင် ရောင်းအကောင်းဆုံးနှင့် စောင်ရေအများဆုံးက လောကီပညာရပ်နှင့် သက်ဆိုင်သည့် မဂ္ဂဇင်းတစ်စောင်။ ဂျာနယ်များတွင်လည်း ရောင်းရအတွင်ကျယ်ဆုံး အားကစားဂျာနယ်ကြီးတစ်စောင်ပြီးလျှင် ဒုတိယလိုက်သည်က နာမည်ကျော်ဂမ္ဘီရဆရာကြီးတစ်ဦး ဦးစီးသည့်ဂျာနယ်ဟု ဆိုသည်။ ဤသို့ ဤသို့သော အချက်အလက်များကို စုစည်းပေါင်းစပ်ကြည့်လိုက်သော် မြင်ကွင်းတစ်ခုကို ထင်းခနဲ တွေ့မြင်ရပေမည်။ ဤသည်ကတော့ ရှေ့ဖြစ်ဟောပညာရပ်များ၊ အနာဂတ်ကို ကြိုတင်သိမြင်နိုင်သည့် ရှေးဟောင်းဂမ္ဘီရပညာရပ်များကို လူတို့ အလေးထားအားကိုးမှု တိုးတက်လာခြင်းပင်။**

ဂမ္ဘီရဂျာနယ်နှင့် အိတ်ဆောင်ဗေဒင်စာအုပ်အချို့




ယနေ့ကာလသည် အရှိန်အဟုန်ပြင်းစွာဖြင့် တိုးတက်ပြောင်းလဲနေသော Globalization ခေတ် ဖြစ်သည်။ နယ်ခြားမဲ့လာသည့်အလျောက် လူမှုရေး၊ စီးပွားရေးအခြေအနေများက နေ့နှင့်ည မတူအောင်ပင် လျင်မြန်စွာ ပြောင်းလဲလျက်ရှိရာ လူတို့အဖို့ အနာဂတ်ကို ကြိုသိလိုစိတ် ပြင်းပြလာကြသည်။ ထို့ကြောင့် သိပ္ပံပညာ အစွမ်းကုန်ဖွံ့ဖြိုးနေသော ယခု ၂၁ ရာစုတွင် လူတို့ကို ကံကြမ္မာဆိုးမှ ရှောင်လွှဲနိုင်စေပြီး ကံကြမ္မာကောင်းရှိရာသို့ ပို့ဆောင်ပေးနိုင်သည့် အနာဂတ်ကို ကြိုတင်ခန့်မှန်းနိုင်သော ရှေးဟောင်းပညာရပ် ဒီရေ တစ်ဖန်ပြန်လည်မြင့်တက်လာရပေသည်။

## တစ်နှစ်စာဟောကိန်းစာအုပ်များ

နေ့အလိုက်ဟောကိန်း၊ တရုတ်ရိုးရာဟောကိန်း၊ ဆယ့်နှစ်ရာသီဟောကိန်း စသည်ဖြင့် ရှေ့ဖြစ်ဟောစာအုပ် များစွာရှိသည့်အနက် တစ်နှစ်စာ ဆယ့်နှစ်ရာသီ ဟောကိန်းစာအုပ်များမှာ အရောင်းအသွက်

ဆုံးဖြစ်သည်ကို တွေ့ရသည်။ ပုံစံဒီဇိုင်း ဆွဲဆောင်မှုရှိခြင်း၊ အရေးအသား ကောင်းမွန်ရှင်းလင်းခြင်း၊ ဖတ်ရှုရာတွင် နားလည်လွယ်ခြင်း၊ အိတ်ဆောင် အရွယ်အစားဖြစ်ခြင်းနှင့် အများဖတ်နိုင်သည့် ဈေးနှုန်းဖြစ်ခြင်းတို့ကြောင့် စားသုံးသူ၏ တစ်ခဲနက် အားပေးမှုကို ရခဲ့ခြင်း ဖြစ်သည်။ စာအုပ်တွင် ရာသီအလိုက် ယေဘုယျစရိုက်၊ တစ်နှစ်တာအတွက် ယေဘုယျကံကြမ္မာ အပြင် သီတင်းပတ် တစ်ပတ်ချင်းအတွက် ကံကြမ္မာအခြေအနေတို့ကိုပါ ဖော်ပြထားသည်။

"ဝယ်ထားစကတော့ သိပ်မယုံဘူး။ ကိုယ့်ရဲ့ ယေဘုယျစရိုက်လောက်ပဲ စိတ်ဝင်စားတယ်။ ကျွန်တော်နဲ့ ညီအစ်ကိုလိုနေတဲ့ သူငယ်ချင်းတစ်ယောက်က ကျွန်တော့်နောက်ကျောကို ဓားနဲ့ထိုးတဲ့ကိစ္စ ဖြစ်အပြီးမှာ ဒီစာအုပ်လေးကို ကြည့်မိတော့ ရက်အပိုင်းအခြား အတိအကျနဲ့ အဲဒီလိုဖြစ်မှာကို ဟောထားတာ သွားတွေ့တယ်။ သွေးထွက်အောင် မှန်တာပါပဲ"ဟု မြို့ပြအင်ဂျင်နီယာ ကိုကျော်ကျော်လတ်က ၁၂ ရာသီဟောကိန်းစာအုပ်ငယ်နှင့်ပတ်သက်၍ ၎င်း၏အတွေ့အကြုံကို ဝေငှသည်။

"ဈေးလည်း မဆိုးဘူး။ ကိုယ့်ရာသီခွင်ရဲ့ စရိုက်ကို သိရတော့ ကိုယ့်အားနည်းချက်ကိုပြင်၊ ကိုယ့်အားသာချက်ကိုတော့ ပိုကောင်းအောင် လုပ်လို့ရတယ်။ တစ်နှစ်လုံးစာ အကြမ်းဖျင်းဟောတာကိုလည်း ဖတ်ပါတယ်။ တစ်ပတ်ချင်းအလိုက်ကိုတော့ သိပ်မယုံလို့ မဖတ်ဖြစ်ဘူး"ဟု ဆိုသူမှာတော့ ကိုကျော်ကျော်လတ်၏ သူငယ်ချင်း ကိုလှကျော်မောင်ဖြစ်သည်။

ဆရာဝန်ဘွဲ့ရတစ်ဦးကတော့–

"ဘယ့်နှယ်ဗျာ။ ကိုယ့်နေ့နံ၊ မွေးနေ့မွေးရက် အတိအကျ၊ ဇာတာခွင်နဲ့ တွက်တဲ့ တစ်နှစ်စာဟောစာတမ်းတွေတောင် မှန်ချင်မှမှန်တာ။ ဒီလို ယေဘုယျသိပ်ဆန်တာမျိုးက တစ်ပတ်ချင်းအလိုက်

**နေ့အလိုက်ဟောကိန်း၊ တရုတ်ရိုးရာဟောကိန်း၊ ဆယ့်နှစ်ရာသီဟောကိန်း စသည်ဖြင့် ရှေ့ဖြစ်ဟောစာအုပ် များစွာရှိသည့်အနက် တစ်နှစ်စာ ဆယ့်နှစ်ရာသီဟောကိန်းစာအုပ်များမှာ အရောင်းအသွက်ဆုံးဖြစ်သည်ကို တွေ့ရသည်။**

မှန်ဖို့ မဖြစ်နိုင်ပါဘူး"ဟု သူ့အမြင်ကို ပြောပြသည်။

မည်သို့ပင်ဖြစ်စေ ဟောကိန်းစာအုပ်ငယ်လေးများ အရောင်းရတွင်ကျယ်နေသည်မှာတော့ အမှန်ဖြစ်သည်။ သူတို့ကို မှီပြီး စီးပွားရှာသည့် စီးပွားရေးနယ်ပယ် တစ်ရပ်ပင် ပေါ်ထွန်းလာခဲ့ပြီ မဟုတ်ပါလား။

## Fashion

ကုန်ပစ္စည်းအမယ်တစ်ခု အောင်မြင်မှုရရှိစေရေး (ဝါ) ဈေးကွက်တွင် ပေါက်သွားရေးမှာ မိမိကုန်ပစ္စည်းကို မသုံးစွဲရမနေနိုင်သည့် Culture တစ်ခု ပေါ်ပေါက်မှု၊ မပေါ်ပေါက်မှုအပေါ် မူတည်သည်။ ပစ်မှတ်ထားသည့် စားသုံးသူအုပ်စုက ထိုပစ္စည်းကို ဖက်ရှင်တစ်ခုသဖွယ် သုံးစွဲလာလျှင်မှ ဈေးကွက်တင်မှု အောင်မြင်ပေပြီ။ ဟောကိန်းစာအုပ်ငယ်လေးများသည်လည်း ခေတ်စားလာသည့် ဖက်ရှင်တစ်ခု ဖြစ်လာနေသည်ကို တွေ့ရသည်။

"ဒီလိုဟောကိန်းစာအုပ်လေးတွေ ဝယ်တာက လူငယ်တွေကြားထဲမှာ ဖက်ရှင်သဘောပါ ဖြစ်လာတယ်။ စာအုပ်တွေဝယ်ကြ၊ သူငယ်ချင်းအချင်းချင်း လဲဖတ်ကြနဲ့ပေါ့"ဟု လူငယ်များနှင့် ပတ်သက်သည့် ဆောင်းပါးများ ရေးသားနေသူ လူငယ်ဆောင်းပါးရှင် အံ့ဘွယ်မျိုးက ပြောပြသည်။

ဒုတိယနှစ် ဆေးကျောင်းသူတစ်ဦးဖြစ်သူ မလှသက်ဖြူကလည်း "သူငယ်ချင်းတွေက ၁၂ ရာသီဟောကိန်းရော၊ တရုတ်ဟောကိန်းရော၊ နေ့နံနဲ့ ဟောတာတွေပါ ဝယ်တယ်။ ထွက်ပြီဆိုရင် အဖွဲ့လိုက်သွားဝယ်ကြတာ။ ပြီးတော့ ဝိုင်းဖွဲ့ပြီး လဲဖတ်ကြတာပေါ့။ ပျော်ဖို့ကောင်းတယ်" ဟု ဆိုသည်။

လူငယ်များအကြားတွင် ဖက်ရှင်သဖွယ် ပေါ်ပေါက်လာသည်မှာ ဟောကိန်းစာအုပ်များသာ မဟုတ်ဘဲ တားရော့ကတ်များလည်း ပါဝင်နေပေသည်။ တားရော့ကတ်များ၏ အားသာချက်မှာ ဟောကိန်းစာအုပ်များကဲ့သို့ ပုံသေဖတ်ရှုရခြင်း မဟုတ်ဘဲ ကိုယ်တိုင်ကိုယ်ကျ ဟော၍ရခြင်း ဖြစ်သည်။ အကြောင်းအရာမျိုးစုံကို ခန့်မှန်းဟောပြောနိုင်ခြင်းကလည်း နောက်ထပ် ကောင်းကွက် ဖြစ်သည်။

"တားရော့ကတ်တွေ ပေါ်လာစက ဟောကိန်းစာအုပ်တွေ နည်းနည်းကျသွားသေးတယ်။ တားရော့ကတ်တွေကျတော့ ကိုယ်တိုင်ဟောလို့ရတော့ ပိုစိတ်ဝင်စားကြတယ်။ တချို့ဆို ဟောနည်းစာအုပ်ရော၊ ကတ်တွေပါ အိတ်ထဲ ထည့်ထားကြတယ်။ လိုတာနဲ့ ထုတ်ပြီး ဟောလိုက်ရော။ ဖျော်ဖြေရေးပစ္စည်းတစ်ခုလို ဖြစ်လာတာပေါ့"ဟု ဆောင်းပါးရှင် အံ့ဘွယ်မျိုးက ၎င်း၏အမြင်ကို ဖြည့်စွက်ပြောကြားသည်။

## မဂ္ဂဇင်း၊ ဂျာနယ်များရှိ တစ်ပတ်စာ၊ တစ်လစာ ဟောစာတမ်း

မဂ္ဂဇင်း၊ ဂျာနယ်အတော်များများတွင် တစ်ပတ်စာ (သို့) တစ်လစာ ဟောစာတမ်းများကို နေ့နံ၊ ရာသီခွင်၊ ဂဏန်းဗေဒင် စသည့် နည်းမျိုးစုံသုံး၍ ထည့်သွင်းဖော်ပြကြသည်။ ထိုကဏ္ဍ၏ ပရိသတ်ကလည်း ဒုနှင့် ဒေးပင်။ အောက်ပါဥပမာများကို ကြည့်ပါ။

"တချို့ စာဖတ်သူတွေက ဗေဒင်

ကဏ္ဍလေးပဲ လှန်၊ ကိုယ်နဲ့ဆိုင်တဲ့ ဟောကိန်းလေးပဲကြည့်ပြီး ပြန်ထွက်သွားကြတယ်"(စာအုပ်အရောင်းဆိုင်ရှင်တစ်ဦး)

"ကျွန်တော်က ဗေဒင်ကို ကြည့်ချင်လို့ကို စာအုပ်ငှားတာ။ ဂျာနယ်ဝယ်တာလည်း ဒါ့ကြောင့်ပဲ"(အငှားယာဉ်မောင်းတစ်ဦး)

## City FM

အနာဂတ်ဟောကိန်းများသည် မြန်မာနိုင်ငံတွင် မဂ္ဂဇင်း၊ ဂျာနယ်စသော ပုံနှိပ်မီဒီယာတွင်သာမကဘဲ ရုပ်သံလွှင့်မီဒီယာဖြစ်သော City FM သို့ပါ အောင်မြင်စွာ ထိုးဖောက်ဝင်ရောက်လာသည်ကို တွေ့ရသည်။ FM ၏ တိုးချဲ့ထည့်သွင်းထားသော 'မွေးနေ့ဆုတောင်းကဏ္ဍ'တွင် နာမည်ကျော် စံဇာဏီဘို၏ မွေးနေ့ရှင်အတွက် ဟောကိန်းလက်ဆောင်ကို အထူး လူကြိုက်များသည်ကို တွေ့ရသည်။ ဤသည်မှာ ရုပ်သံလွှင့်မီဒီယာတွင် အနာဂတ်ဟောကိန်းများ၏ အလားအလာကောင်းကို ထင်ဟပ်ပြနေခြင်း ဖြစ်သည်။ စက်မှုဖွံ့ဖြိုးပြီး သိပ္ပံနှင့် နည်းပညာထွန်းကားသည့် ထိုင်ဝမ်တွင်ပင် ပေါ့ပ်စတားအသွင် ပြင်ဆင်ထားသည့် အကြားအမြင်ဆရာများနှင့် ဗေဒင်ဆရာများသည် ရုပ်သံလွှင့်အစီအစဉ်များ၏ လူကြိုက်အများဆုံး အစီအစဉ်တင်ဆက်သူများ ဖြစ်နေကြသည်။ မြန်မာနိုင်ငံတွင်လည်း တစ်နေ့ ဤကဲ့သို့ပင် ဖြစ်မလာဟု မပြောနိုင်ပေ။

"City FM မှာ မကြာခင်က စလိုက်တဲ့ မွေးနေ့ဆုတောင်းကဏ္ဍမှာ စံဇာဏီဘိုရဲ့ ဟောကိန်းပါလာကတည်းက တော်တော် စိတ်ဝင်စားမိတယ်။ ရိုးရိုးမွေးနေ့ဆုတောင်းမဟုတ်ဘဲ မွေးနေ့ရှင် ကိုယ်ချစ်တဲ့ ခင်တဲ့သူရဲ့အကြောင်းပါ မွေးရက်ကို အခြေခံပြီး ဟောပေးတော့ အရမ်းကောင်းတာပေါ့"ဟု City FM တွင် သူငယ်ချင်းအတွက် မွေးနေ့ဆုတောင်းထည့်ခဲ့သူ မညိုမီကျော်က ပြောပါသည်။




## ဂဏန်းဗေဒင်

ဗေဒင်အလိုအရ ကိန်းဂဏန်းများသည် လူတို့၏ ကံကြမ္မာကို လွှမ်းမိုးထားရာ မိမိတို့၏ နေ့အလိုက် ကံကြမ္မာကို စိုးမိုးသည့်ဂဏန်းကို သိလိုစိတ်ပြင်းပြသည်မှာ ဓမ္မတာပင်ဖြစ်သည်။ ဝယ်လိုအား (Demand)အပေါ်လိုက်၍ ရောင်းလိုအား (Supply)ဖြစ်ပေါ်လာရသည့် ဈေးကွက်နိယာမအရ ထိုသို့ စားသုံးသူ လိုအပ်ချက်ကို ဖြည့်ဆည်းပေးသည့် ဂျာနယ်၊ မဂ္ဂဇင်းများ အပြိုင်းအရိုင်းပေါ်ထွက်လာသည်။ ပရိသတ်လိုအင်ကို တိုက်ရိုက်ဖြည့်ဆည်းပေးနိုင်သည့် ဂျာနယ်၊ မဂ္ဂဇင်းအချို့ ရောင်းအားကောင်းလှသည်ကိုလည်း တွေ့ရသည်။ နာမည်ကျော် ဂမ္ဘီရဆရာကြီးတစ်ဦး ဦးစီးသည့် ဂျာနယ်ဆိုလျှင် ဈေးကွက်တွင် ရောင်းရအတွင်ဆုံးဖြစ်သည်ဟု ဆိုကြသည်။

"ဒီဂျာနယ်က ထွက်တာနဲ့ တစ်ယောက်ပြီးတစ်ယောက်က လာဆွဲသွားကြတာ။ နေ့လယ်လောက်ဆို ကုန်သွားရော"ဟု မြောက်ဥက္ကလာပမြို့နယ်မှ ဂျာနယ်ရောင်းသူတစ်ဦးက ပြောပြသည်။

မဂ္ဂဇင်းများတွင်လည်း အလားတူ ကိစ္စရပ်များတွင် အားထားလက်ကိုင်ပြုရသည့် မဂ္ဂဇင်းများမှာ စောင်ရေ အမြင့်ဆုံးဖြစ်ကြောင်း စာပေထုတ်ဝေရေးလောကသားအချို့က ဆိုသည်။ အရေအတွက် အများဆုံး ပစ်မှတ် စားသုံးသူ (Target Audience) ကို အဓိကထားသည့် ကုန်ပစ္စည်းသည် ရောင်းအားအကောင်းဆုံးဖြစ်သည်မှာ မထူးဆန်းလှပေ။

## အနာဂတ်ဟောကိန်းများ၏ အနာဂတ်ဈေးကွက်

ကမ္ဘာကြီးသည် ခေတ်မီဆန်းပြားလာသည်နှင့်အမျှ လူတို့၏ဘဝသည်လည်း ရှုပ်ထွေးပွေလီလာသည်။ အချိန်နှင့်အမျှ အရာရာပြောင်းလဲနေသည့်အတွက် မသေချာမရေရာမှုများ၊ ပူပင်ကြောင့်ကြမှုများ တိုးပွားလာသည်။ ရုပ်ပိုင်းဆိုင်ရာများကို အလေးထားလာသည့်အတွက် စိတ်ပိုင်းဆိုင်ရာ တန်ဖိုးများ ကျဆင်းကာ စိတ်ဖိစီးမှုများ ခံစားလာရသည်။ ထိုအခါတွင် မိမိ၏ အနာဂတ်ကို ဟောပြ၊ မိမိဆောင်ရန် ရှောင်ရန် ယတြာများကို ဖော်ပြသည့် အနာဂတ်ဟောကိန်းများကို အားထားလာတော့သည်။ ထို့ကြောင့် ခေတ်မီတိုးတက်လေလေ၊ အနာဂတ်ဟောကိန်း၏ ဈေးကွက် ကြီးမားကျယ်ပြန့်လေလေဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

**မင်းညိုစင်**

■



# ရန်ကုန် ကုန်စည်ဈေးကွက်

မင်းညွန့် (LC)

**၂၀၀၄ ခုနှစ်၏ နောက်ဆုံးလဖြစ်သော ဒီဇင်ဘာလလယ်အထိ ရန်ကုန်မြို့တော်၏ ပင်မကုန်စည်ဖြန့်ဖြူးရာ ဈေးကွက်နှစ်ခုဖြစ်သည့် ဘုရင့်နောင်ကုန်စည်ဒိုင်နှင့် ညောင်ပင်လေးဈေးတို့တွင် ကုန်ဈေးနှုန်းများ ဆက်တိုက်ကျဆင်းနေသည်ကို တွေ့ရသည်။**

## တက်ရိပ်မရှိသော ကြက်သွန်နီ

ကြက်သွန်နီဈေးကွက်၌ အရောင်းအဝယ် အနည်းငယ်သွက်သည်ဟု ဆိုနိုင်သည်မှာ အညှောင့်လွတ်၍ အရောင်လှသော ဆိပ်ဖြူအမျိုးအစားတစ်မျိုးသာ ရှိကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင်ဝင်းအတွင်းရှိ အောင်သပြေလမ်းမှ ကြက်သွန်ကုန်သည်တစ်ဦးက နိုဝင်ဘာလလယ်တွင် ပြောကြားသည်။ ယခုနှစ်၌ မိုးကြက်သွန်များ ထွက်ရှိရာတွင် အလုံးကြီးပါရှိမှု နည်းကြောင်း၊ အနည်းငယ်ကြီးသည်ဟု ဆိုနိုင်သော မိုးကြက်သွန်မှာလည်း ရန်ကုန်ပေါက်ဈေးအနေဖြင့် အများဆုံး တစ်ပိဿာ ၂၀၀ ကျပ်သာ ရရှိနိုင်ကြောင်း၊ နယ်ပေါက်ဈေးမှာ ၁၈၀ ကျပ် ဖြစ်သည့်အတွက် ရန်ကုန်သို့ တင်ပို့သူ မရှိသလောက် နည်းပါးကြောင်း ကြက်သွန်ကုန်သည်အချို့ထံမှ သတင်းရရှိသည်။ "ပုဂ္ဂလိကလုပ်ငန်းရှင်တွေစိုက်တဲ့ ကြက်သွန်ကို တင်ပို့ခွင့်ပေးမယ်ဆိုတော့ အဲဒီကြက်သွန် ထွက်လာရင် ဈေးကွက်နည်းနည်း သွက်မယ်လို့တော့ မှန်းကြတယ်။ ဒါပေမယ့် အဲဒီကြက်သွန်က ဖေဖော်ဝါရီလလယ်လောက်မှ ထွက်မယ်။ မြေရိုင်းမှာ စိုက်တော့ မြေပြင်ရလို့ စိုက်ချိန်နောက်ကျသွားတာ" ဟု လုပ်သက်ရင့်ကြက်သွန်ကုန်သည်တစ်ဦးက ရှင်းပြသည်။ ကြက်သွန်ဖြူမှာ ကြူကုတ်မှ ဖြတ်သန်းဝင်ရောက်မှု နည်းပါး၍ တစ်ပိဿာလျှင် ၂၀ ကျပ်နှင့် ၈၀ ကျပ်ကြားအထက်သို့ ပြောင်းလဲကြောင်း၊ ဒီဇင်ဘာလလယ်ပေါက်ဈေးမှာ တစ်ပိဿာလျှင် ၇၂၀–၇၈၀ ကျပ်ကြားဖြစ်ကြောင်း ကြက်သွန်ဖြူပွဲရုံအချို့၏ အဆိုအရ သိရသည်။

## ငရုတ်ဈေးအေးသော်လည်း ကျရန်မရှိ

ရန်ကုန်မြို့တော်ဈေးကွက်သို့ ရှမ်းငရုတ်ရှည်များ ဝင်ရောက်လာသော်လည်း အဆိုပါ ငရုတ်အမျိုးအစားမှာ အထားခံလေ့မရှိသည့်အတွက် ဝယ်ယူသူနည်းပါးကြောင်း ဘုရင့်နောင်မှ ငရုတ်ကုန်သည်တစ်ဦးက ဒီဇင်ဘာလလယ်တွင် ပြောကြားသည်။ ဈေးကွက်အတွင်း ရောက်နှင့်ပြီးသော ငရုတ်ဟောင်းမှာ တစ်ပိဿာ ၁၄၀၀ ကျပ်သာရှိသည့်အတွက် ရှမ်းငရုတ်မှာ ၁၁၀၀ ကျပ် ရရန်ပင် ခက်ခဲကြောင်း ၎င်းက ဆိုသည်။ ယခုနှစ်အတွင်း မထင်မှတ်သည့်အချိန်တွင် မိုးကောင်းခဲ့၍ ကျောက်ဆည်ထွက် မိုးထောင်ငရုတ်မှာလည်း အထွက်နည်းမည်ဖြစ်ကြောင်း ငရုတ်ကုန်သည်အချို့က ပြောကြားသည်။

## ဆန်ဟောင်းဈေး ပြန်တက်ချင်

ဧရာဝတီတိုင်းနှင့် ပဲခူးတိုင်းမှ ဆန်သစ်များ ရန်ကုန်ဈေးကွက်သို့ ဆက်တိုက်ဝင်ရောက်နေသော်လည်း ဆန်ဟောင်းအချို့မှာ တက်ရိပ်ပြနေကြောင်း ဘုရင့်နောင်ရှိ ဆန်ကုန်သည်တစ်ဦးက ပြော

ကြားသည်။ ဒီဇင်ဘာလတွင် ဆန်ဟောင်းတစ်ပြည်လျှင် နိုဝင်ဘာပေါက်ဈေးထက် ၅၀ ကျပ်ခန့် ပြောင်းလဲသွားကြောင်း ၎င်းက ဆိုသည်။ ဆန်ဟောင်းများအနက် တက်ရိပ်အပြဆုံး ဆန်အမျိုးအစားမှာ ပေါ်ဆန်းမွှေးဖြစ်ပြီး အကြောင်းရင်းမှာ ရန်ကုန်ဈေးကွက်မှာ ပေါ်ဆန်းမွှေးအဟောင်းကိုမှ အကြိုက်များ၍ဖြစ်ကြောင်း ဘုရင့်နောင်ရှိ ဆန်ကုန်သည်အချို့က ရှင်းပြသည်။ ဒီဇင်ဘာလလယ်၌ ဖြစ်ပေါ်နေသော ဆန်ပေါက်ဈေးများမှာ ဆန်ကြမ်းအောက်စများ တစ်တင်းခွဲတစ်အိတ် ၃၇၀၀ ကျပ်ဝန်းကျင်၊ ဆန်ကြမ်းထိပ်စ(ရှယ်) ၅၀၀၀ ကျပ်ဝန်းကျင်ဖြစ်ကြောင်း၊ ဆန်ချောများဖြစ်သည့် ရွှေဝါထွန်းနှင့် ဧယာတို့မှာ ၅၀၀၀ ကျပ်နှင့် ၆၀၀၀ ကျပ်ကြား၊ ပေါ်ဆန်းမွှေးမှာ ဆန်စအရည်အသွေးအလိုက် ၆၀၀၀ ကျပ်မှ ၇၀၀၀ ကျပ်ကြား ဖြစ်သည်။

## ဆပ်ပြာဈေး အပြောင်းအလဲနည်း

ရွှေဝါဆပ်ပြာဈေးနှုန်း အကျဘက်သို့ ဦးတည်နေသော်လည်း ပြည်ပကုန်ကြမ်း ဦးစားပေးအသုံးပြုရသည့်အတွက် ဆပ်ပြာမှုန့်ဈေးနှုန်းများ တည်ငြိမ်နေကြောင်း ညောင်ပင်လေးဈေးမှ လက်ကားကုန်သည်တစ်ဦးက ဒီဇင်ဘာလလယ်တွင် ပြောကြားသည်။ အဆိုပါရက်ပိုင်းအတွင်း သက်သာဆပ်ပြာမှုန့် တစ်ပါကင် ၅၈၀၀ ကျပ်၊ Elan ဆပ်ပြာမှုန့် တစ်ပါကင် ၅၉၀၀ ကျပ်၊ Rose ဆပ်ပြာမှုန့် တစ်ပါကင် ၄၉၀၀ ကျပ်၊ Eco ဆပ်ပြာမှုန့် တစ်ပါကင် ၄၇၀၀ ကျပ် ပေါက်ဈေး ဖြစ်ပေါ်နေသည်။ ပြည်တွင်းဖြစ် ဆပ်ပြာတောင့်ဖြစ်သည့် ရွှေဝါဆပ်ပြာ တစ်ပါကင်မှာ လက်ကားဈေးကွက်၌ ၆၉၀၀ ကျပ် ဖြစ်သည်။ ကာဘော်လစ်ဆပ်ပြာမှာ လက်ကား တစ်တောင့်ဈေး ၁၆၅ ကျပ်ဖြစ်ပြီး ပဒုမ္မာဆပ်ပြာမှာ တစ်ပါကင် ၆၉၀၀ ကျပ်ဖြစ်သည်။

# ရန်ကုန်မြို့တော် ကုန်စည်ဈေးကွက်အတွင်းမှ လက်ကားကုန်သည်အများစုက ၂၀၀၅ နှစ်ဆန်းပိုင်းတွင် ဈေးနှုန်းများ ထပ်မံကျဆင်းဦးမည်ဟု သုံးသပ်ကြသည်ကို တွေ့ရသည်။

## ငါးသေတ္တာအရောင်းထိုင်းလျက်နှင့် ဈေးမာ

ဒီဇင်ဘာလလယ်၌ ပေါက်ဈေးဖြစ်ပေါ်သော ငါးသေတ္တာဈေးနှုန်းများမှာ တြိဂံတံဆိပ် ဘူးကြီး ၇၅၀ ကျပ်၊ တြိဂံတံဆိပ် ဘူးသေး ၃၇၅ ကျပ်၊ မျှော်စင်တံဆိပ် ၄၉၅ ကျပ်၊ Hi-Q အမှတ်တံဆိပ် ၄၀၀ ကျပ်၊ A1 အမှတ်တံဆိပ် (ကလစ်ပါ) ၁၂၅ ကျပ်၊ A1 အမှတ်တံဆိပ် (ကလစ်မပါ) ၁၈၀ ကျပ်တို့ဖြစ်ကြောင်း ညောင်ပင်လေးဈေးမှ သတင်းရရှိသည်။ ယမန်နှစ်များတွင် ဒီဇင်ဘာလမှာ အင်းဖော်ချိန်ဖြစ်သည့်အတွက် ငါးသေတ္တာအရောင်းထိုင်းခဲ့သည့်နည်းတူ ယခုနှစ်တွင်လည်း ငါးသေတ္တာအရောင်းထိုင်းကြောင်း၊ သို့သော် ယခုနှစ်တွင် ငါးသေတ္တာအဝင်နည်း၍ အဝယ်မရှိဘဲ ဈေးမာနေကြောင်း ညောင်ပင်လေးဈေးမှ ငါးသေတ္တာ လက်ကားရောင်းချသည့် ကုန်သည်တစ်ဦးက ပြောကြားသည်။ ထိုင်းနိုင်ငံမှ စည်သွတ်ဘူးများ အဝင်နည်းလျက်ရှိရာ နို့ဆီ၊ နို့စိမ်းဈေးနှုန်းမှာလည်း ဒီဇင်ဘာလတွင် နိုဝင်ဘာလဈေးထက် ကျပ် ၁၀ ခန့် အပေါ်သို့ ပြောင်းလဲကြောင်း ၎င်းက ဆိုသည်။

## နိုင်ငံခြားအချိုရည် ဈေးကျ

ပွဲတော်ရက်များကို ကျော်လွန်သွားပြီဖြစ်ခြင်း၊ ပြည်ပတင်သွင်းသော အချိုရည်များ အနည်းငယ် ဝင်ရောက်လာခြင်း၊ ယခုနှစ် ဆောင်းရာသီ အအေးပိုခြင်းတို့ကြောင့် အချိုရည်ဈေးနှုန်း များစွာ ကျဆင်းကြောင်း ညောင်ပင်လေးဈေးမှ လက်ကားကုန်သည်တစ်ဦးက ပြောကြားသည်။ ပြည်တွင်းအချိုရည်များမှာမူ ပွဲတော်ရက်ကျော်လွန်သည့်တိုင် ဈေးပြန်လည်ကျဆင်းမှုမရှိကြောင်း ၎င်းက ဆိုသည်။ နိုင်ငံခြားအချိုရည်ဖြစ်သော Sunkist အချိုရည်မှာ နိုဝင်ဘာပေါက်ဈေး တစ်ကတ် ၉၅၀၀ ကျပ်မှ ဒီဇင်ဘာလလယ်တွင် ၈၂၀၀ ကျပ်သို့လည်းကောင်း၊ ထိုင်းနိုင်ငံထုတ် Coke အချိုရည်မှာ ၈၇၀၀ ကျပ်မှ ၇၆၀၀ ကျပ်သို့လည်းကောင်း အသီးသီး ကျဆင်းလျက် ရှိသည်။

## နိဂုံး

ရန်ကုန်မြို့တော် ကုန်စည်ဈေးကွက်အတွင်းမှ လက်ကားကုန်သည်အများစုက ၂၀၀၅ နှစ်ဆန်းပိုင်းတွင် ဈေးနှုန်းများ ထပ်မံကျဆင်းဦးမည်ဟု သုံးသပ်ကြသည်ကို တွေ့ရသည်။ ပြည်တွင်းထွက်ကုန်ပစ္စည်းများ တင်ပို့သည့်ပမာဏ နည်းပါးခြင်း၊ အိမ်နီးချင်းနိုင်ငံများမှ တင်သွင်းသောပစ္စည်းများ ပုံမှန်ပြန်လည်ဝင်ရောက်လာခြင်းတို့ကြောင့် ယခုကဲ့သို့ သုံးသပ်ခြင်း ဖြစ်သည်။

**မင်းညွန့် (LC)**

# ဈေးကွက်တစ်ရပ်ဖြစ်လာသော အသားအရေထိန်းသိမ်းမှု အလှကုန်ပစ္စည်းများ

ထားထားမြင့်

ရန်ကုန်မြို့ ဟိုတယ်ကြီးတစ်ခု၏ ခမ်းနားထည်ဝါလှသော Ball Room ခန်းမကြီးတွင် ဖြစ်သည်။ ခန်းမအတွင်း၌ လူ ၁၅၀ နီးပါးရှိနေသော်လည်း မည်သည့်အသံမျှ မကြားရလောက်အောင် တိတ်ဆိတ်လျက် စင်မြင့်ဆီသို့သာ ငေးမောကြည့်ရှု နေကြသည်။ စင်မြင့်ထက်တွင်မူ မြန်မာမော်ဒယ်လ်မိန်းကလေးတစ်ဦးက နိုင်ငံခြားဖြစ် အသားအရေထိန်း အလှကုန်ပစ္စည်း တစ်မျိုးကို လိမ်းခြယ်သရုပ်ပြနေ၏။ မျက်နှာကို ဥပဒ်မဖြစ်စေတတ်သော သဘာဝဆေးပင်များမှ ထုတ်လုပ်ထားသည့် အဆိုပါ အလှကုန်ပစ္စည်း၏တန်ဖိုးမှာ မြန်မာငွေ ကျပ်နှစ်သောင်းဝန်းကျင် ဖြစ်ပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သော မြန်မာနိုင်ငံမှ မိန်းကလေး များကို ဦးတည်ဖြန့်ချိမည့် အလှကုန်ပစ္စည်း၏တန်ဖိုးမှာ ငွေကျပ်နှစ်သောင်းခန့်ဖြစ်နေသဖြင့် မြန်မာမိန်းကလေးများ ဝယ်ယူ နိုင်မည်လားဟု မေးခွန်းထုတ်စရာ ဖြစ်သည်။



"ဝယ်မှာပါ။ ဆင်းရဲရဲ၊ ချမ်းသာသာ၊ ပိုပိုပြီးတော့ လှချင်တဲ့စိတ်တွေ မိန်းမတိုင်းမှာ ရှိနေတာမို့ ဒီအလှကုန်တွေ ဘယ်ဈေးဖြစ်ဖြစ် ရောင်းရမှာပဲ"

မလေးရှားနိုင်ငံမှ နာမည်ကျော် CLARA အလှကုန်ပစ္စည်းများကို ထုတ်လုပ်သူ CLARA Beauty Group ၏ အကြီးအကဲ Dr. CLARA က ပြောကြားခြင်း ဖြစ်သည်။ ဈေးကွက်စီးပွားရေးစနစ်

မြန်မာနိုင်ငံတွင် တွင်ကျယ်လာပြီးနောက်ပိုင်း နိုင်ငံတကာ အလှကုန်ကုမ္ပဏီများ မြန်မာနိုင်ငံသို့ စုပြုံရောက်ရှိလာခြင်းက Dr. CLARA ပြောကြားချက် မှန်ကန်ကြောင်း သက်သေပြနေပါသည်။

ထိုအကျိုးဆက်ကြောင့် ၁၉၈၀ ခုနှစ်များမတိုင်မီက နိုင်ငံရပ်ခြားနှင့် အဆက်အသွယ်ရှိသူများသာ သုံးစွဲနိုင်သည့် ကမ္ဘာကျော် L'OREAL, REVLON စသော မိတ်ကပ်များမှာ ယခုအခါ မြန်မာနိုင်ငံ၌ နေရာအတော်များများတွင် အလွယ်တကူ ဝယ်ယူရရှိနိုင်ပြီ ဖြစ်သည်။




## အပြောင်းအလဲ

ကမ္ဘာကျော်အလှကုန်များကို မြန်မာနိုင်ငံတွင် အလွယ်တကူ ဝယ်ယူ၍ရနိုင်သလို အလှကုန်ပစ္စည်းသုံးစွဲမှုမှာလည်း မြန်မာအမျိုးသမီးတို့၏အမြင် အပြောင်းအလဲရှိလာပြီဟု ပြင်သစ်နိုင်ငံထုတ် L'OREAL အလှကုန်များ၏ ဈေးကွက်မန်နေဂျာ ဒေါက်တာ ခင်မေလင်းက ဆိုသည်။

“ကျွန်မတို့ ကျောင်းတက်တုန်းကဆို မျက်နှာပေါ်မှာ မိတ်ကပ်အထူကြီးနဲ့ နှုတ်ခမ်းနီ ရဲရဲဆိုးရတာ၊ မျက်လုံးပေါ်မှာ အမည်းတွေ ဆိုးရတာမျိုး ကြိုက်တယ်။ အခုတော့ မိတ်ကပ်ထက် မျက်နှာပေါ်မှာ ဘာအစက်အပြောက်မှ မရှိဘဲ နူးညံ့ချောမွတ်တာမျိုးပဲ ကြိုက်တယ်”

ထိုကဲ့သို့ မိတ်ကပ်၊ နှုတ်ခမ်းနီ သုံးစွဲမှုထက် ပင်ကိုအသားအရေ နူးညံ့ချောမွတ်မှုကို မြန်မာမိန်းကလေးများ နှစ်သက်လာခြင်းကြောင့် အလှကုန်ပစ္စည်းဈေးကွက်တွင် Skin Care Products ခေါ် အသားအရေထိန်း အလှကုန်ပစ္စည်းများ ပိုမိုနေရာရလာပါသည်။ မျက်နှာအသားအရေကို ဖြူစင်ဝင်းပနိုင်စွမ်းရှိသည့် L'OREAL ကုမ္ပဏီ၏ White Perfect ခေါ် Skin Care တစ်မျိုးသည် ဝယ်လိုအားကောင်းမှုကြောင့် ဈေးကွက်တွင် ပြတ်လပ်သွားသည်အထိ ဖြစ်ခဲ့ရသည်ဟု ဒေါက်တာ ခင်မေလင်းက ပြောကြားသည်။ Skin Care Products များ မြန်မာအမျိုးသမီးများကြားတွင် မည်မျှ ရေပန်းစားလာသနည်းဆိုလျှင် မိတ်ကပ်မပါ Skin Care ကိုချည်း သီးသန့်ဖြန့်ချိနေသော ကုမ္ပဏီအတော်များများ ရှိလာသလို ပြည်တွင်းအလှကုန်ကုမ္ပဏီများကပါ နေ့လိမ်း၊ ညလိမ်းကရင်မ်၊ မျက်နှာသန့်စင်ရည် စသော Skin Care Products များကိုပါ ထုတ်လုပ်လာကြပါသည်။ ပြည်တွင်းပြည်ပ Skin Care Products များတွင် မျက်နှာသန့်စင်ရည်၊ Toner၊ တင်းတိပ်၊ မှဲ့ခြောက်၊ ဝက်ခြံ၊ အမာရွတ်ပျောက်လိမ်းဆေးရည်၊ နေလောင်ခံကရင်မ်၊ အသားဖြူဆေးရည်၊ အစိုဓာတ်ထိန်းသိမ်းပေးသည့် Moisture၊ မျက်လုံးတစ်ဝိုက်နှင့် မျက်နှာပြင် ဇရာ အရေးအကြောင်းများကို ကာကွယ်နိုင်သည့် Anti-againg Cream တို့ ပါဝင်သည်။

“အသက်ငယ်တဲ့ မိန်းကလေးတွေက အသားဖြူကရင်မ်တို့ နေရောင်ခံနဲ့ ဝက်ခြံပျောက်ဆေးရည်တွေကို အသုံးများပြီး အသက်ကြီးတဲ့ လူတွေကတော့ Anti-againg Cream နဲ့ တင်းတိပ်ပျောက်ဆေးရည်တွေကို အသုံးများပါတယ်”

အီရိုရှေး ပြင်သစ်အလှကုန်များ၏ ဈေးကွက်မန်နေဂျာ ဒေါ်ခင်စောမူက ရှင်းပြခြင်း ဖြစ်ပါသည်။ အလှကုန်အများစုမှာ ငယ်ရွယ်သူမိန်းကလေးများကို ဦးတည်ဈေးကွက်ထားသော်လည်း လူလတ်ပိုင်းအရွယ် မြန်မာအမျိုးသမီးများမှာလည်း Skin Care Product များကို ပိုမိုစိတ်ပါဝင်စားလာကြကြောင်း တွေ့ရှိရသည်။ ရန်ကုန်ဟိုတယ်ကြီးများတွင် ပြုလုပ်သော Skin Care Products မိတ်ဆက်သရုပ်ပြပွဲ အခမ်းအနားတွင် မြန်မာအမျိုးသမီးကြီးတော်တော်များများမှာ ခင်းကျင်းပြသထားသော Anti-againg Cream များ၏ အကျိုးသက်ရောက်မှုများကို ဝိုင်းအုံမေးမြန်းလေ့ရှိပါသည်။ လူလတ်ပိုင်းအရွယ် အမျိုးသမီး

များသည် ကိုယ်ပိုင်ဝင်ငွေရရှိသူများဖြစ်ပြီး ငယ်ရွယ်သူများထက် ပိုမိုသုံးစွဲနိုင်သဖြင့် မိမိဆိုလျှင် ၎င်းတို့ကို ဦးစားပေး Marketing လုပ်ကြောင်း အီရိုရှေးမှ ဒေါ်ခင်စောမူက ဆိုသည်။

## အသုံးနဲ့ အဖြုန်း

"သမီးမှာလေ ပိုက်ဆံများများသာရှိကြည့်၊ အဲဒါတွေ ဝမ်းဆက်လိုက်ကို သုံးလိုက်မယ်"

Shopping Mall ကြီးတစ်ခုအတွင်း၌ ခင်းကျင်းပြသထားသော ပြင်သစ်နိုင်ငံထုတ် Skin Care Products များကို ကြည့်ပြီး အသက်နှစ်ဆယ်ခန့် မိန်းမပျိုတစ်ဦးက ပြောကြားလိုက်ခြင်း ဖြစ်သည်။

သူမသည် ကုမ္ပဏီတစ်ခု၌ အလုပ်လုပ်နေပြီး လစာဝင်ငွေ ကျပ်သုံးသောင်းသာ ရရှိသူ ဖြစ်သည်။ ကမ္ဘာကျော်အလှကုန်များကို မြန်မာနိုင်ငံတွင် အလွယ်တကူ ဝယ်ယူရရှိနိုင်သော်လည်း မြန်မာအမျိုးသမီးအများစုမှာ ဝယ်ယူသုံးစွဲနိုင်ခြင်း မရှိသေးပါ။ ထို့ကြောင့် ဈေးနှုန်းချိုသာသော အရည်အသွေး အသင့်အတင့်ရှိသည့် အိမ်နီးချင်းနိုင်ငံများမှ အလှကုန်ပစ္စည်းများမှာ ဈေးကွက်တွင် နေရာယူလာကြသည်။ အများစုမှာ ထိုင်းနိုင်ငံနှင့် ဂျပန်နိုင်ငံထုတ် ပစ္စည်းများ ဖြစ်ပါသည်။

"Skin Care တွေမှာ ဘယ်ပစ္စည်းရောင်းရ အကောင်းဆုံးလည်းလို့ ပြောရခက်တယ်။ ဝင်ငွေအလိုက်၊ ကိုယ့်သုံးစွဲမှုအလိုက် အဆင်ပြေတာ သုံးနေကြတာပဲ" ဟု ယုဇနပလာဇာရှိ အလှကုန်ရောင်းချသူတစ်ဦးက ပြောကြားခြင်း ဖြစ်သည်။

ကြော်ငြာကုမ္ပဏီတစ်ခုမှ မီဒီယာမန်နေဂျာ အမျိုးသမီးတစ်ဦးကမူ "တတ်နိုင်ရင်တော့ L'OREAL ပဲ သုံးချင်တာပေါ့။ ဒါပေမယ့် တစ်သောင်းနီးပါးဆိုတော့ အဆင်ပြေရာပဲ ဝယ်သုံးနေရတယ်" ဟု ဆိုပါသည်။

သို့သော် အားကစားပစ္စည်းကုမ္ပဏီ တစ်ခု၏ Reception မိန်းကလေးတစ်ဦးက သူမ၏ လစာမှာ ငွေနှစ်သောင်းခွဲခန့် ဖြစ်သော်လည်း တန်ဖိုးကြီးပြင်သစ်အလှကုန်တစ်မျိုးကို ခြစ်ခြုတ်ဝယ်ယူသုံးစွဲသည်ဟု ပြောပြပါသည်။

"ပိုက်ဆံနည်းမြောပြီး ဈေးပေါတာတွေ သုံးရင် ကိုယ့်မျက်နှာ ပျက်စီးမှာပေါ့။ ကျွန်မသုံးတဲ့ Brand က ဈေးကြီးပေမယ့် ခြောက်လလောက် သုံးရတာဆိုတော့ တန်ပါတယ်"

Skin Care Product များ၏ ဘေး



ဥပဒ်ရှိ မရှိ အရည်အသွေးသည် ဈေးနှုန်းမြင့်မားမှု၊ ကမ္ဘာကျော်အမှတ်တံဆိပ်ဟုတ်မဟုတ်နှင့် မသက်ဆိုင်ပါဟု နာမည်ကြီး Skin Care Product များကို သုံးစွဲဖူးသူတစ်ဦးက ယခုကဲ့သို့ ဆိုသည်။

"ကျွန်မတို့တွေက နာမည်ကြီးမှ၊ နိုင်ငံခြားကထုတ်မှ၊ ဈေးကြီးမှ ကောင်းတယ်ထင်ပြီး သုံးချင်တယ်။ တကယ်တော့ တချို့ Product တွေက နိုင်ငံခြားရာသီဥတု၊ အသားအရေနဲ့ အကိုက်ထုတ်တာဆိုတော့ ကျွန်မတို့နဲ့ ဓာတ်မတည့်တာ အဆင်မပြေတာတွေ ရှိပါတယ်"

သူမက ယခုဆိုလျှင် ဈေးနှုန်းချိုသာပြီး နာမည်အသင့်အတင့်ရှိသော Skin Care Product များကိုသာ သုံးစွဲနေသော်လည်း သူမ အသားအရေနှင့် အဆင်ပြေဆုံးဖြစ်သည်ဟု ထပ်လောင်းပြောကြားသည်။

နာမည်ကြီးအလှကုန်ကိုသုံးစွဲ၍ဓာတ်မတည့်ကာ ဒုက္ခဖြစ်ရသူများသည် အလှကုန်များတွင် ပါဝင်သည့် ဓာတုဗေဒပစ္စည်းများ၊ Alcohol နှင့် တိရစ္ဆာန်ဘေးထွက်ပစ္စည်းများ၊ ဟော်မုန်းဓာတ်ကို လှုံ့ဆော်စေသည့် ဆေးပစ္စည်းများကြောင့်ဖြစ်သည်ဟု မလေးရှားအလှဗေဒပညာရှင် Dr. CLARA က ဆိုပါသည်။

"အလှကုန်ပစ္စည်းတိုင်းမှာ အနည်းဆုံး တာရှည်ခံအောင်လုပ်တဲ့ ဓာတုဗေဒပစ္စည်းတော့ ပါပါတယ်။ အဲဒီအထဲက ဘေးဥပဒ်မဖြစ်တဲ့ပစ္စည်းကို ရွေးချယ်သုံးစွဲရမှာ ဖြစ်ပါတယ်" CLARA Skin Care Products များကို မြန်မာဈေးကွက်တွင် ဖြန့်ချိမည့် Ronjo ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဒေါ်ဂျူဒီက ပြောကြားခြင်းဖြစ်သည်။ နာမည်ကြီးဂျာနယ်တစ်စောင်မှ သတင်းထောက်အမျိုးသမီးလေးတစ်ဦးမှာ နိုင်ငံခြားဖြစ် Skin Care Product တစ်ခုကို အသုံးပြုပြီးနောက် မျက်နှာပေါ်တွင် အနီရောင်အဖုများ ပေါက်လာသည်ဟု ဆိုသည်။ ယုဇနပလာဇာနှင့် ပါရမီလမ်းရှိ We & We အလှကုန်နှင့် ဖက်ရှင်ဆိုင်များ ပိုင်ရှင် ဒေါ်ခင်ထွေးဝင်းသန်းက နိုင်ငံခြား

**ကမ္ဘာကျော်အလှကုန်များကို မြန်မာနိုင်ငံတွင် အလွယ်တကူ ဝယ်ယူရရှိနိုင်သော်လည်း မြန်မာအမျိုးသမီးအများစုမှာ ဝယ်ယူသုံးစွဲနိုင်ခြင်း မရှိသေးပါ။ ထို့ကြောင့် ဈေးနှုန်းချိုသာသော အရည်အသွေး အသင့်အတင့်ရှိသည့် အိမ်နီးချင်းနိုင်ငံများမှ အလှကုန်ပစ္စည်းများမှာ ဈေးကွက်တွင် နေရာယူလာကြသည်။ ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ●**

အလှကုန်ပစ္စည်းများ၏ ဓာတ်မတည့်မှုကို ကြောက်ရွံ့မိသဖြင့် မည်သည့်အလှကုန်ပစ္စည်းကိုမှ သုံးစွဲခြင်းမပြုပါဟု သူမ၏ အမြင်ကို ပြောကြားသည်။

## သနပ်ခါးနှင့် Skin Care

မြန်မာနိုင်ငံတွင် တိုင်းပြည်ရာသီဥတုနှင့် လိုက်ဖက်သော သနပ်ခါးရှိနေသဖြင့် မည်သည့် Skin Care မှ သုံးစွဲရန် မလိုဟု ရေးဆန်သူ မြန်မာအမျိုးသမီးကြီးတစ်ဦးက မှတ်ချက်ပြုပါသည်။ ရန်ကုန်အမေရိကန်စင်တာမှ ဆရာတစ်ဦးဖြစ်သူ အမေရိကန်လူမျိုး Tony Hayes က မြန်မာအမျိုးသမီးများ၏ အသားအရေသည် အညိုအမည်းအစက်အပြောက်ကင်းစင်ပြီး အနောက်တိုင်းသူများထက် ကောင်းမွန်သည်ဟု ဆိုပါသည်။ သို့ရာတွင် မြန်မာပြည်တွင် လာရောက်ပြုလုပ်သော နိုင်ငံခြား Skin Care Products ကုမ္ပဏီများ၏ မိတ်ဆက်ပွဲအခမ်းအနားများတွင် မြန်မာ့သနပ်ခါးသည် မျက်နှာအသားအရေကို ချွေးပေါက်ပိတ်ဆို့စေသည်။ သနပ်ခါးကြောင့် မြန်မာအမျိုးသမီးများ အသားအရေ ပျက်စီးနိုင်သည့်သဖွယ် ဟောပြောတင်ပြမှုအချို့ကို တွေ့ရှိရသည်။

၂၀၀၂ ခုနှစ်ထုတ် ထိုင်းနိုင်ငံထုတ် မဂ္ဂဇင်းတစ်စောင်တွင်မူ မြန်မာ့သနပ်ခါးနှင့် သနပ်ခါးကြောင့် မြန်မာအမျိုးသမီးများ အသားအရေကောင်းပုံကို ချီးကျူးရေးသားထားပြီး မြန်မာပြည်သို့ အလှကုန်အများအပြားတင်ပို့နေသည့် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ အလှပြင်ခန်းမတစ်ခုတွင်လည်း မြန်မာ့သနပ်ခါးဖြင့် အလှပြင်ဆင်မှုကို ဘတ်ငွေ ၁၅၀၀ နီးပါးဖြင့် ဝန်ဆောင်မှုပေးနေပြန်သဖြင့် နှိုင်းယှဉ်စဉ်းစားဖွယ်ရာ ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ နိုင်ငံတကာ Skin Care Products များ မြန်မာနိုင်ငံတွင် တွင်ကျယ်ခေတ်စားလာပြီးနောက် ရန်ကုန်နှင့် မြို့ကြီးများရှိ အမျိုးသမီးအချို့မှာ သနပ်ခါးလိမ်းခြယ်မှုကို စွန့်လွှတ်လိုက်ပြီဖြစ်ကြောင်း တွေ့ရသည်။

## နိုင်ငံခြားအလှကုန် ကုမ္ပဏီများ

မြန်မာနိုင်ငံသို့ အပြိုင်အဆိုင် ဈေးကွက်ရှာရန် ရောက်ရှိလာသော အလှကုန်ကုမ္ပဏီများသည် ပစ္စည်းတစ်ခုကို မိတ်ဆက်သည့်အခါတိုင်း ဟိုတယ်ကြီးများတွင် ရုပ်ရှင်သရုပ်ဆောင်များကို ဖိတ်ကြား၍ သရုပ်ပြသလေ့ ရှိသည်။ Shopping Mall နှင့် ကုန်တိုက်ကြီးများတွင်လည်း လှပငယ်ရွယ်သော အရောင်းမိန်းကလေးများဖြင့် မိတ်ကပ်ကောင်တာများ ဖွင့်လှစ်ရောင်းချလေ့ရှိသည်။

L'OREAL ကုမ္ပဏီသည် ၎င်း၏ အရောင်းမိန်းကလေးများကို အလှဗေဒပညာများ သေချာလေ့ကျင့်ပေးပြီး Micasa ရှိ L'oreal of Beauty Saloon တွင် ဆံပင်ညှပ်ခြင်း၊ အသားအရေပြုပြင်ပေးခြင်းတို့ကို ပုံမှန်ပြုလုပ်ပေးလေ့ရှိသည်ဟု L'OREAL ၏ ဈေးကွက်မန်နေဂျာ ဒေါက်တာခင်မေလင်းက ဆိုသည်။ ချောမောလှပ၍ နိုင်ငံခြားအလှကုန်ပစ္စည်းများကို အချိုးကျစွာ အလှပြင်ထားသော မိတ်ကပ်ကုမ္ပဏီများ၏ အရောင်းမိန်းကလေးများကို မိန်းမငယ်အများစုက အားကျလေ့ ရှိပါသည်။

ထို့ပြင် အသားအရေ စမ်းသပ်ပေးခြင်း၊ Beauty Contest ပြိုင်ပွဲများ ပြုလုပ်ခြင်း၊ ဈေးနှုန်းလျှော့ချပေးခြင်း၊ Model Show ပွဲများ မကြာခဏ ကျင်းပပေးခြင်းဖြင့် မိမိတို့ ကုန်ပစ္စည်းကို စိတ်ဝင်စားမှုရှိစေရန် အလှကုန်ကုမ္ပဏီများက မကြာခဏ ပြုလုပ်လေ့ရှိသည်။

နိုင်ငံခြားအလှကုန်ကုမ္ပဏီများကြောင့် ရပ်ကွက်တွင်းရှိ ဈေးသည် မိန်းကလေးမှစ၍ Skin Care Products များကို သုံးစွဲတတ်လာပြီဖြစ်ကြောင်း တွေ့ရှိရသည်။

## နိဂုံး


ရန်ကုန်မြို့နှင့် မြန်မာနိုင်ငံ မြို့ကြီးများရှိ ကုန်တိုက်ကြီးများတွင်ဖြစ်စေ၊ လူစည်ကားရာ လမ်းဆုံလမ်းခွများတွင်ဖြစ်စေ တီဗီ၊ မဂ္ဂဇင်း၊ ကြော်ငြာစာမျက်နှာများတွင် အများဆုံး တွေ့ရသည်မှာ ချောမောလှပသော မော်ဒယ်လ်မင်းသမီးများဖြင့် နိုင်ငံတကာအလှကုန်ကြော်ငြာများပင် ဖြစ်သည်။ ထိုကြော်ငြာများမှ ချောမောလှပသော မင်းသမီး၏ မျက်နှာသည် မြန်မာနိုင်ငံရှိ သာမန်လက်လုပ်လက်စားမှစ၍ ကုမ္ပဏီအရာရှိဝန်ထမ်းများအထိ အမျိုးသမီးအားလုံးကို မိမိတို့ကဲ့သို့ လှပချင်ပါက တန်ဖိုးကြီး Skin Care Product များကို သုံးစွဲကြပါစို့ဟု ဖိတ်ခေါ်နေသယောင် ရှိသည်။

ချမ်းသာသည်ဖြစ်စေ၊ ဆင်းရဲသည်ဖြစ်စေ ပို၍ လှချင်သောစိတ်သည် အမျိုးသမီးများတွင် ရှိနေသည့်အတွက် Skin Care Product များသည် မြန်မာဈေးကွက်ကို ရရှိမည်ဖြစ်ကြောင်း မလေးရှားနိုင်ငံမှ အလှဗေဒပညာရှင် Dr. CLARA က ဆိုပါသည်။

**ထားထားမြင့်**

■

ဤကဏ္ဍတွင်......
၈၄ စီးပွားရေးဖွံ့ဖြိုးမှုနှင့် အခြေခံလူမှုစီးပွားအဆောက်အဦ အဆင့်မြှင့်ရေးမူဝါဒ
၈၆ မျိုးရိုးဗီဇပြေုပြင်ထားသော သီးနှံ၊ တိရစ္ဆာန်များနှင့် မီဒီယာ၏တာဝန်
၈၈ ခဲဆိပ်အန္တရာယ် ကာကွယ်ရေး
၉၂ ပို့ကုန်တိုးချဲ့တင်ပို့ခြင်းနှင့် ပြည်တွင်းစီးပွားရေးအဖွဲ့အစည်း




# စီးပွားရေးဖွံ့ဖြိုးမှုနှင့် အခြေခံလူမှုစီးပွားအဆောက်အဦ အဆင့်မြှင့်ရေးမူဝါဒ

အံ့ဘွယ်မျိုး

**နိုင်ငံတစ်နိုင်ငံ၏ နေ့ဉစ္စာကြွယ်ဝတိုးတက်ရေး မဟာဗျူဟာများ ထိရောက်စွာ ချမှတ်နိုင်ရေးအတွက် ပထမဦးဆုံးဆောင်ရွက်ရမည့် အခြေခံလူမှုစီးပွားအဆောက်အဦ ခိုင်မာရေးအား အခြားကဏ္ဍများ၏ ဖွံ့ဖြိုးရေး မဟာဗျူဟာများ ချမှတ်ခြင်းမပြုမီတွင်ပင် စနစ်တကျ ဆောင်ရွက်ရမည့်အပြင် နိုင်ငံတွင်း အလုပ်အကိုင် ဖန်တီးနိုင်မှုအတွက်လည်း လိုအပ်သလို စဉ်ဆက်မပြတ် ဖော်ဆောင်ရမည် ဖြစ်သည်။**

စက်မှုနှင့် နည်းပညာကို မဏ္ဍိုင်ပြု၍ နိုင်ငံ့စီးပွားရေးကို တိုးတက်အောင် ဆောင်ရွက်ရာ၌ Physical Infrastructure များဖြစ်သည့် သယ်ယူပို့ဆောင်ရေး (Transportation) ကဏ္ဍ၊ စွမ်းအင် (Power) ကဏ္ဍများနှင့် ဆက်သွယ်ရေး (Telecommunications) ကဏ္ဍများနှင့် သက်ဆိုင်သည့် အခြေခံလူမှုစီးပွားအဆောက်အဦများကို မဖြစ်မနေ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရမည်။ အဆိုပါအခြေခံလူမှုစီးပွားအဆောက်အဦများ ဖွံ့ဖြိုးရေးကို စနစ်တကျ ဆောင်ရွက်ခဲ့သောကြောင့် စီးပွားရေးတွင် ရှေ့တန်းရောက်ခဲ့သော နိုင်ငံများ၏ Physical Infrastructure အတွက် သုံးစွဲခဲ့သော အသုံးစရိတ်ကို ဇယားဖြင့် ဖော်ပြထားပါသည်။

ဖော်ပြပါဇယားကိုကြည့်ခြင်းအားဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် Physical Infrastructure တောင့်တင်းခိုင်မာရေးကို ဆောင်ရွက်ရာတွင် သယ်ယူပို့ဆောင်ရေး အခြေခံအဆောက်အဦကို ခိုင်မာအောင် တည်ဆောက်မည့်နေရာတွင် အာရှဒေသတွင်း နိုင်ငံများထက် အဆများစွာ သာလွန်အောင် ဆောင်ရွက်ထားသည်ကို တွေ့ရသည်။ အဆိုပါဆောင်ရွက်မှု မှန်ကန်ကြောင်းကိုလည်း တစ်ကမ္ဘာလုံးမှ ဂရုပြု၍ စဉ်ဆက်မပြတ်စောင့်ကြည့်လာရသည်အထိ စီးပွားရေးဖွံ့ဖြိုးမှုမြန်ဆန်ခြင်းက သက်သေခံလျက် ရှိသည်။ တိုးတက်မှုရရှိနေသော်လည်း သယ်ယူပို့ဆောင်ရေး အခြေခံအဆောက်အဦကို ပိုမို

| | အာဆီယံ | တရုတ် | ဟောင်ကောင် | တောင်ကိုရီးယား | ထိုင်ဝမ် |
|---|---|---|---|---|---|
| သယ်ယူပို့ဆောင်ရေး | ၇၄.၁ | ၉၆၈.၄ | ၂၃.၂ | ၁၃၂.၃ | ၁၂၄.၃ |
| စွမ်းအင် | ၆၄.၁ | ၅၄.၀ | ၁၂.၈ | ၄၆.၂ | ၂၈.၅ |
| ဆက်သွယ်ရေး | ၂၁.၀ | ၂၅.၂ | ၁.၂ | ၃၂.၃ | ၉.၆ |
| အခြား | ၆၃.၃ | | ၂၉.၆ | ၁၄၅.၇ | ၈၄.၁ |

(Bilizrs of Dollar) Source:Business Week

**စီးပွားရေးလုပ်ငန်း ကြီးငယ်မှန်သမျှတို့တွင် သယ်ယူပို့ဆောင်ခများ လျှော့ချနိုင်ရာမှ ထုတ်လုပ်မှုစွမ်းရည်ကို တိုးတက်စေသည်။ • • •**

မြှင့်တင်လျက်ရှိကြောင်း ၂၀၀၄ ခုနှစ်ကုန်ပိုင်း မီဒီယာများတွင် ဖော်ပြချက်အရ သိရသည်။ အရှေ့ အနောက် တောင် မြောက်ရှိ ဒေသကြီးများကို အပြန်အလှန် ဆက်သွယ်သွားလာနိုင်သည့် မီဂါအဝေးပြေး လမ်းမကြီးများကို အသစ်ဖောက်လုပ်ခြင်း၊ အဆင့်မြှင့်တင်ခြင်းတို့အပြင် ဖွံ့ဖြိုးရန် လိုအပ်နေသေးသော အနောက်တိုင်းဒေသများ၏ အခြေခံအဆောက်အဦ မြှင့်တင်ရေးအတွက် ယွမ်ဘီလီယံ ၈၀ အထိ သုံးစွဲရန် လျာထားကြောင်းလည်း နိုဝင်ဘာလအတွင်း သတင်းထုတ်ပြန်ချက်များတွင် ဖော်ပြထားသည်။

Marketing of the Nation စာအုပ်ရေးသားသူ Philip Kotler က ကမ္ဘာလုံးဆိုင်ရာ ပြိုင်ဆိုင်မှု၌ Physical Infrastructure တိုးတက်အောင် ဆောင်ရွက်ရန် လေးဖင့်ခြင်းသည် နောက်ကောက်ကျစေသည့် လမ်းကို ရွေးချယ်ခြင်းသာဖြစ်ကြောင်း ဥပမာများဖြင့် ရှင်းပြထားပါသည်။ ဇင်ဘာဘွေနိုင်ငံသည် ယင်း၏ ဖြစ်ထွန်းအောင်မြင်သော လယ်ယာထွက်ကုန်စိုက်ပျိုးရေးကဏ္ဍမှ ထွက်ကုန်များအား ပြည်ပနိုင်ငံများသို့ တိုးချဲ့တင်ပို့နိုင်မှုက စီးပွားရေးစန်းပွင့်မည့် အလားအလာကောင်းများ ရှိပါသည်။ တစ်ကြိမ်တစ်ခါ၌ သန်းပေါင်း ၁.၅ တန် အလေးချိန်ရှိ ပြောင်းများ အမှာစာရရှိသော်လည်း မှာယူမှုပမာဏ၏ သုံးပုံတစ်ပုံကိုသာ တင်ပို့နိုင်ခဲ့ကြောင်း၊ အကြောင်းရင်းမှာ ပြည်တွင်းကုန်စည်ပို့ဆောင်ရေး၌ ရထားလမ်းကြောင်းသည်သာ အဓိကအားထားရသဖြင့် အချိန်မီ မတင်ပို့နိုင်ခြင်းဖြစ်ကြောင်း Kotler က ရှင်းပြသည်။ ထို့ပြင် Kotler က အရှေ့တောင်အာရှ ကျားလေးကောင်အနက် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှု မကြာခဏ ဖြစ်ပေါ်ခြင်း၊ သန့်ရှင်းသောရေ လုံလောက်စွာမရခြင်း အပါအဝင် အခြေခံအဆောက်အဦ ဖွံ့ဖြိုးမှု လိုအပ်ချက်ရှိသည့် ထိုင်ဝမ်သည် အခြား ကျားသုံးကောင်များလောက် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) မရရှိနိုင်ခြင်းဖြစ်သည်ဟု ဆိုသည်။

စီးပွားရေးနှင့် စက်မှုကဏ္ဍစနစ် ဖွံ့ဖြိုးလျက်ရှိသော စင်ကာပူနိုင်ငံ၏ တိုးတက်အောင်မြင်ရသည့် အကြောင်းအရင်းကို လေ့လာသုံးသပ်ရာ၌ အသိသာအထင်အရှားဆုံးအချက်မှာ ရှင်းလင်းထိရောက်သော အခြေခံအဆောက်အဦ ဖွံ့ဖြိုးရေးဆိုင်ရာ မူဝါဒကောင်းမွန်မှုကြောင့်ဖြစ်ကြောင်း Kotler က ဆိုပါသည်။ ကမ္ဘာတွင် ဝင်ငွေအကောင်းဆုံးဟု ဆိုနိုင်သည့် နိုင်ငံတကာအဆင့်မီဆိပ်ကမ်း ရှိသည့်အပြင် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးကိုလည်း အစဉ်အဆင့်မြှင့်လျက်ရှိကြောင်း၊ လေကြောင်းသယ်ယူပို့ဆောင်ရေးကဏ္ဍတွင်လည်း ပြည်ပနိုင်ငံ ၅၂ နိုင်ငံရှိ မြို့ကြီး ၁၀၀ နှင့် ချိတ်ဆက်၍ နိုင်ငံတကာအဆင့်မီ လေကြောင်းလိုင်း ၄၈ ခု နေ့စဉ် ပြေးဆွဲလျက် ရှိသည်။ တစ်နာရီ မိနစ်သုံးဆယ်လျှင် တစ်ကြိမ်ကျ Jumbo Jet လေယာဉ်များ ဆင်းသက်သည့်အပြင် ကွန်တိန်နာတင်သင်္ဘောများလည်း ခြောက်နာရီလျှင် တစ်စီး ဆိုက်ကပ်ထွက်ခွာလျက် ရှိသည်။ ရေကြောင်းနှင့် လေကြောင်းပို့ဆောင်ရေးကို မြန်ဆန်စွာ ချိတ်ဆက်ဆောင်ရွက်နိုင်မည့် Sea-air Cargo Link စနစ်များလည်း စနစ်တကျ စီစဉ်ထားရှိသည်။ ကမ္ဘာတွင် ဈေးအသက်သာဆုံး တယ်လီဖုန်းခေါ်ဆိုခဖြစ်အောင် စီစဉ်ထားရှိခြင်း၊ နိုင်ငံခြားဘဏ် ၄၆ ခု၏ ကိုယ်စားလှယ်ရုံးခွဲများနှင့် ဘဏ်ပေါင်း ၁၉၄ ဘဏ်မှ ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ ကျွမ်းကျင်စွာ ဆောင်ရွက်နိုင်ခြင်း၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုစနစ်မှစ၍ သန့်ရှင်းသပ်ရပ်ခြင်း၊ ရာဇဝတ်မှု လျော့နည်းခြင်းတို့သည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ မလာချင်လာချင်အောင် ဆွဲဆောင်နိုင်သော Physical Infrastructure များဖြစ်ကြောင်း Kotler က ရှင်းပြသည်။

အချုပ်အားဖြင့်ဆိုရလျှင် Physical Infrastructure တိုးတက်ရေးတွင် ရင်းနှီးမြှုပ်နှံမှု မှန်ကန်စွာ ဆောင်ရွက်နိုင်ပါက (မှတ်ချက်။ ။ Currency in Circulation ကို တိုးမြှင့်ခြင်း မပြုရန်လိုအပ်) နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဘက်စုံထောင့်စုံမှ တိုးတက်အောင် အကူအပံ့ပြုနိုင်သည်ကို အောက်ပါအချက်များအားကြည့်၍ သိနိုင်ပါသည်။

(၁) စီးပွားရေးလုပ်ငန်းကြီးငယ်မှန်သမျှတို့တွင် သယ်ယူပို့ဆောင်ခများ လျှော့ချနိုင်ရာမှ ထုတ်လုပ်မှုစွမ်းရည်ကို တိုးတက်စေသည်။

(၂) တည်ဆောက်ရေးလုပ်ငန်းခွင်များ ပေါ်ပေါက်လာ၍ အလုပ်အကိုင်နေရာသစ်များ ပေါ်ပေါက်စေသည်။ Physical Infrastructure အတွက် အမေရိကန်ဒေါ်လာ တစ်ဘီလီယံသုံးစွဲပါက အလုပ်အကိုင်နေရာပေါင်း လေးသောင်းမှ ငါးသောင်းအထိ ဖန်တီးပေးနိုင်သည်။ အဆိုပါ အလုပ်အကိုင်နေရာများကြောင့် ဝယ်လိုအားများ တိုးတက်ကာ စီးပွားရေးဖွံ့ဖြိုးမှုကို နှိုးဆွပေးနိုင်မည် ဖြစ်သည်။

(၃) ကျန်းမာရေးစောင့်ရှောက်မှု၊ လူ့စွမ်းအားအရင်းအမြစ်အတွက် Capacity Building တည်ထောင်မှုအပါအဝင် လူမှုဖူလုံရေးဆိုင်ရာ Social Safety Net များ ပေါ်ပေါက်လာမည် ဖြစ်သည်။

(၄) ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်စေရန်အတွက် အခြေခံကောင်းများအဖြစ် ဆွဲဆောင်နိုင်မည် ဖြစ်သည်။

**အံ့ဘွယ်မျိုး**



# မျိုးရိုးဗီဇပြုပြင်ထားသော သီးနှံ၊ တိရစ္ဆာန်များနှင့် မီဒီယာ၏တာဝန်

မင်းနိုင်စိုး

**ယနေ့အချိန်တွင် အနောက်နိုင်ငံနှင့် အိမ်နီးချင်းဖွံ့ဖြိုးဆဲနိုင်ငံများတွင် မျိုးရိုးဗီဇပြုပြင်ထားသော ထွက်ကုန်များနှင့်ပတ်သက်၍ ကျယ်ကျယ်လောင်လောင် ပြောဆိုဆွေးနွေးမှုများသည် နိုင်ငံရေး၊ ပညာရှင်စကားဝိုင်းမှသည် မိသားစုစကားဝိုင်းဆီသို့ပင် ရောက်ရှိနေပြီ ဖြစ်သည်။**

မြန်မာနိုင်ငံမှ မျိုးရိုးဗီဇပြုပြင်ထားသော သီးနှံ၊ တိရစ္ဆာန်များနှင့် ပတ်သက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် ပညာရှင်များစုစည်း၍ ဆွေးနွေးခဲ့ကြသည်။ မြန်မာနိုင်ငံ၏ စာမျက်နှာများပေါ်၌ အဆိုပါ မျိုးရိုးဗီဇပြုပြင်ထားသော GM (Genetically Modified) Food များနှင့် ပတ်သက်၍ အတွေ့ရနည်းလှသည်။

ဒီဇင်ဘာလအတွင်းက ပြုလုပ်သော သတင်းစာသင်တန်းတစ်ရပ်တွင် မျိုးရိုးပြုပြင်ထားသော GM Food နှင့် ပတ်သက်ပြီး Living Color၊ The Voice၊ ပန်းသတင်း၊ ခေ၊ မြန်မာ့ခေ၊ စံပယ်ဖြူ၊ ကုမုဒြာ၊ Beauty စသည့် ဂျာနယ်၊ မဂ္ဂဇင်းများမှ ဂျာနယ်လစ်များနှင့် အလွတ်တန်းစာရေးဆရာများသည် အဆိုပါ GM Food နှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။ ဆွေးနွေးပွဲတွင် GM Food ဘက်မှ ကာကွယ်ပြောဆိုသည့်အုပ်စုနှင့် GM Food ကို တိုက်ခိုက်သော အုပ်စုနှစ်စုခွဲ၍ ဆွေးနွေးခဲ့ကြရာ မတူခြားနားသော လက်ခံပုံများ၊ အမြင်များကို တွေ့ရသည်။ GM လက်ခံသည့်ဘက်မှ ကမ္ဘာ့လူဦးရေသည် လျင်မြန်စွာ တိုးတက်လျက် ရှိသည်။ မြန်မာ့လူဦးရေသည်လည်း ရေရှည်တွင် တိုးတက်လာမည်။ စိုက်ပျိုးထွန်ယက်နိုင်သောမြေယာသည် အကန့်အသတ် ရှိသည်။ ထို့ကြောင့် သဘာဝပတ်ဝန်းကျင် ပွန်းပဲ့မှုကို နည်းစေပြီး၊ အထွက်နှုန်းတို့ကို တိုးစေသော GM များကို လက်ခံသင့်ပါသည်ဟု အကြံပြုခဲ့သည်။

ဆန့်ကျင်သည့်ဘက်မှ GM များသည် အထွက်နှုန်းနှင့် ရာသီဥတု၊ ပိုးမွှားဒဏ်ကို ခံနိုင်ရည်ရှိသည်မှာ မှန်သော်လည်း ယနေ့အထိ GM နည်းပညာ ရှေ့တန်းရောက် နိုင်ငံများမှ GM Food များကို အန္တရာယ်ကင်းစွာ စားသုံးနိုင်ပါသည်ဟု အာမမခံသေးပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် နည်းပညာရှားပါးမှုကြောင့် GM Food နှင့် ပတ်သက်၍ စားသုံးပြီးနောက် ဆိုးကျိုးအချို့ တွေ့ရှိရပုံများနှင့် ဥပမာပေးကြသည်။

ထောက်ခံသည့်ဘက်မှ နည်းပညာရှားပါးမှုမှာ ဂလိုဘယ်လိုက်ဇေးရှင်းခေတ်တွင် လျင်မြန်စွာ ပျံ့နှံ့ရောက်ရှိလာမည် ဖြစ်ကြောင်း၊ တိုးပွားလာသည့် လူဦးရေ၊ မမျှော်မှန်းနိုင်သော ရာသီဥတု အဖျက်အမှောင့်တို့ကြောင့် သီးနှံများ လုံလောက်စွာ ရရှိနိုင်ရန် GM Food ကို လက်ခံသင့်ကြောင်း၊ နည်းပညာတိုးတက်လာမှုနှင့် အတူ အန္တရာယ်ကင်းရှင်းသည့် အဆင့်ထိ ရောက်လာနိုင်ကြောင်း ဆွေးနွေးခဲ့သည်။ လက်မခံသည့်ဘက်မှ GM နည်းပညာကို လက်ခံလိုက်ပြီး အလုံးစုံ GM ရိက္ခာများ လွှမ်းမိုးသွားပါက နည်းပညာ ရှေ့

ရောက်ပြီးသော နိုင်ငံများ၏ နည်းပညာ ထိန်းချုပ်မှုကို ခံရနိုင်ကြောင်း၊ အမျိုးသားဇီဝလုံခြုံရေးရှုထောင့်အရသော်လည်းကောင်း၊ အမျိုးသားနည်းပညာ လုံခြုံရေးရှုထောင့်မှသော်လည်းကောင်း စဉ်းစားသင့်ကြောင်း၊ စပ်မျိုးစပါးများကဲ့သို့ အထွက်နှုန်းကောင်းမွန်သော်လည်း မျိုးစေ့ဖြင့် ထိန်းချုပ်ခြင်းခံရသော အဖြစ်ပျက်မျိုး ရှိခဲ့ကြောင်း ပြန်လည်ဆွေးနွေးခဲ့ရသည်။

နှစ်ဖက်ဆွေးနွေးဖက်များသည် ရိက္ခာဖူလုံရေးနှင့် လူဦးရေပေါက်ကွဲမှုတို့တွင် သဘောတူညီမှုရှိကြပြီး နည်းပညာရပ်ကို လိုအပ်သည့်အချိန်တွင် အသုံးချရန်နှင့် ကာကွယ်မှုများ ပြုလုပ်နိုင်ရန်အတွက် ပညာရပ်နှင့် ပညာရှင် အလျင်အမြန် မွေးမြူသင့်ကြောင်း ဆွေးနွေးခဲ့ကြသည်။



အိမ်နီးချင်းနိုင်ငံများ၏ GM Food နှင့် ပတ်သက်၍ အိန္ဒိယ၊ တရုတ်နှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံတို့မှာ အိမ်နီးချင်း နယ်မြေ ရှည်လျားစွာ ဆက်စပ်နေခြင်း၊ လူဦးရေ အလွန်ထူထပ်များပြားခြင်း၊ ရိက္ခာလိုအပ်ချက်သည် လျင်မြန်စွာ ကြီးထွားလာနိုင်ခြင်းတို့ကြောင့် အမျိုးသားလုံခြုံရေးရှုထောင့်အရ အဆိုပါနိုင်ငံများ၏ GM နည်းပညာ လက်တွေ့အသုံးချခြင်းအပေါ်တွင် ကန့်ကွက်ရန်မရှိသော်လည်း လူဦးရေနည်းပါးခြင်း၊ လူဦးရေတိုးနှုန်း ပုံမှန်ရှိခြင်း၊ စိုက်မြေဧက အလျှံပယ်ရှိနေခြင်း၊ စိုက်ပျိုးရေးကို အရှိန်အဟုန်ဖြင့် ကုန်ထွက်တိုးအောင် လုပ်ဆောင်နိုင်နေသေးခြင်းတို့ကြောင့် GM Food များ လက်တွေ့ကျင့်သုံးစိုက်ပျိုးသည်ထက် နည်းပညာသိမှီးရေးနှင့် နည်းပညာ အသင့်ပြင်ဆင်ထားခြင်းတို့သည် ပို၍ လိုအပ်ကြောင်း ပြောဆိုဖြစ်ခဲ့သည်။ GM အင်အားကြီးနိုင်ငံများဖြစ်သည့် အမေရိကန်နှင့် ကနေဒါတို့သည် GM နည်းပညာကို စက်မှုကုန်ကြမ်းသီးနှံတွင်သာ အဓိကထား စိုက်ပျိုးပြီး အစားအသောက်နည်းပညာကို ရိက္ခာအခက်အခဲရှိသော အာဖရိကဒေသများသို့ ပိုမို၍ လွှဲပြောင်းပေးသည်ကို နိုင်ငံတကာမှ လေ့လာတွေ့ရှိရသည်။

မည်သို့ပင်ဖြစ်စေ နည်းပညာ တိုးတက်မှုနှင့် ဂလိုဘယ်လိုက်ဇေးရှင်းအခြေအနေတို့ကြောင့် မျိုးရိုးဗီဇပြုပြင်သော GM နည်းပညာမှာ ဆက်လက်ဖြစ်ပေါ်တိုးတက်နေမည် ဖြစ်သည်။ GM Food များ လက်ခံရေး မခံရေးသည် အမျိုးသားလုံခြုံရေးရှုထောင့်အရ များစွာ ထည့်သွင်းတွက်ချက်ရန် လိုအပ်မည် ဖြစ်သည်။ မကြာမီ ဖြစ်ပေါ်လာမည့် လွတ်လပ်သောကုန်သွယ်မှုဇုန်များကြောင့် အိမ်နီးချင်းနိုင်ငံများနှင့် လယ်ယာထွက်ကုန်များ ကုန်သွယ်ရာတွင် အတားအဆီးများစွာကို လျှော့ချရတော့မည်ဖြစ်ရာ အိမ်နီးချင်းနိုင်ငံများမှ ဝင်ရောက်လာနိုင်သည့် GM ထွက်ကုန်များ စုပုံရောင်းချခြင်း (Dumping Market) အန္တရာယ်မှာလည်း ထည့်သွင်းတွက်ချက်ရမည်ပင် ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ မြန်မာနိုင်ငံအနေဖြင့် လူဦးရေ၏ ၇၀၊ ၈၀ ရာခိုင်နှုန်းသည် ကျေးလက်တွင် နေထိုင်နေခြင်း၊ အဓိကအသက်မွေးဝမ်းကျောင်းမှုမှာ လယ်ယာစိုက်ပျိုးရေးဖြစ်နေခြင်း၊ လုပ်သားအင်အားစု၏ ၆၀ကျော် ၇၀ ရာခိုင်နှုန်းမှာ လယ်ယာလုပ်သားများဖြစ်နေခြင်း၊ လယ်သမားများ၏ ၇၀ ရာခိုင်နှုန်းမှာ ၁၀ ဧကအောက် လုပ်ကိုင်နေရခြင်း စသည်ဖြင့် ရင်ဆိုင်ဖြေရှင်း ထည့်တွက်စရာ အခြေအနေများစွာရှိနေသည်။ လယ်ယာထွက်ကုန်များကို GM နည်းပညာဖြင့် ကုမ္ပဏီတစ်ခုမှ ပြည်တွင်းဈေးကွက်အပေါ် ခြိမ်းခြောက်လာနိုင်မှုလည်း ရှိနေသည်။

GM Food သည် နိုင်ငံတစ်နိုင်ငံ၏ ကျန်းမာရေး၊ လူမှုစီးပွားဘဝ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာများ၊ ဈေးပြိုင်နိုင်ငံများ၊ ပထဝီနိုင်ငံရေးရှုထောင့်များ စသည့် ထည့်သွင်းတွက်ချက်စရာ များစွာဖြင့် ရင်ဆိုင်ဖြေရှင်းနေရဦးမည်ပင် ဖြစ်သည်။ အကောင်းအဆိုးကို ပညာရှင်စကားဝိုင်းဖြင့် စီမံနေခြင်းထက် ပြည်သူအများ၏ လက်ခံလိုခြင်းရှိ မရှိ ဆန္ဒဖြင့်စီမံရန်မှာ မီဒီယာများတွင် တာဝန်တစ်ရပ်ရှိနေသည်ကို မမေ့သင့်ပါ။

**မင်းနိုင်စိုး**

■

**လျင်မြန်စွာ တိုးပွားနေသော ကမ္ဘာ့လူဦးရေအတွက် စားဝတ်နေရေး လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန် လူသားတို့သည် အမျိုးမျိုး ကြိုးပမ်းဆောင်ရွက်နေကြရသည်။ မိမိစားဝတ်နေရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်များသည် မရည်ရွယ်ဘဲ လူ့ပတ်ဝန်းကျင်၏ သဘာဝအခြေအနေများကို ပြောင်းလဲပျက်စီးစေကြောင်း တွေ့ရသည်။ ကမ္ဘာလောကအတွင်း သဘာဝ အလျောက် ရှိနေသည့် ခဲ (Lead) ကို လူတို့၏ ဆောင်ရွက်ချက်အမျိုးမျိုးကြောင့် လူသားတို့ကပင် အဆိပ်ဖြန့်လျက်နေမိ သည့်နှယ် ရှိလာသည်။**

# ခဲဆိပ်အန္တရာယ် ကာကွယ်ရေး

**ဇော်ရဲနိုင် (YIT)**



ခဲပြားများ ပြန်လည်ကျိုချက်နေသည့် လုပ်ငန်းခွင်တစ်ခု

## သဘာဝအတိုင်း တွေ့ရှိရပုံ

ခဲသတ္တုရိုင်းကို ကမ္ဘာပေါ်တွင် အနှံ့အပြား တွေ့ရှိရသော်လည်း ခဲသန့်သန့်ကိုမူ သယံဇာတအဖြစ်ဖြင့် တွေ့ရခဲသည်။ ခဲ၏ အရေးကြီးဆုံး သတ္တုရိုင်းသည် ဂလီနာ (PbS) ဖြစ်သည်။ အခြားသတ္တုရိုင်းများသည် ဆီရတ်ဆိုက် (Cerussite) $PbCO_3$ နှင့် အန်ဂလီဆိုက် (Anglesite) $PbSO_4$ တို့ ဖြစ်သည်။

## အသုံးပြုပုံ

ရေတွင် ပျော်ဝင်နိုင်သော ခဲဒြပ်ပေါင်းအားလုံးသည် အဆိပ်ဖြစ်သည်။ ထို့ကြောင့် မြို့ရွာ ရေပေးစနစ်တွင် ရေပို့ပိုက်သည် ခဲဖြစ်ပါက ရေသွက်နှင့် ဓာတ်ပြုပြီး အဆိပ်ပါ ခဲဒြပ်ပေါင်းများ ပျော်ဝင်နိုင်သည်။ ခဲကို သံဖြူ ၂၅ ရာခိုင်နှုန်းနှင့် ရောစပ်ထားသော ခဲသတ္တုစပ်အား ဂဟေအဖြစ်ဖြင့် အသုံးပြုသည်။ ခဲတွင် ခနောက်စိမ်းအနည်းငယ် ရောပေးသောအခါ ခဲစာလုံး သတ္တုအဖြစ် အသုံးပြုနိုင်သည်။ သေနတ်ကျည်ဆန်ခဲမှာ စိန်သတ္တုအနည်းငယ် ရောထားသော ခဲ ဖြစ်သည်။ အိုးခွက်ပစ္စည်း စသည်တို့အတွက် ကြွေရောင်တင်ဆေးရည်တွင်လည်း ခဲကို ရောစပ်ရသည်။ သံချေးတားဆေး၊ အရောင်တင်ဆေး၊ ပိုးသတ်ဆေးရည်တို့တွင်လည်း ခဲပါသော ဓာတ်ဆားများကို သုံးရသည်။ ခဲကို ဘက်ထရီအိုးများ ပြုလုပ်ရာတွင်လည်းကောင်း၊ ရော်ဘာလုပ်ငန်း၊ လျှပ်စစ်နန်းကြိုးအကာများ၊ သတ္တုစပ်များ ပြုလုပ်ရာတွင်လည်းကောင်း၊ ဓာတ်ဆီလုပ်ငန်းတို့တွင်လည်းကောင်း အမြောက်အမြား အသုံးပြုကြသည်။ ခဲပါသော ဓာတ်ဆားများကို ဆေးဖော်စပ်ရာ၌လည်းကောင်း၊ ဆေးဆိုးပန်းရိုက်လုပ်ငန်း၌လည်းကောင်း၊ ဆံပင်ဆိုးဆေးအဖြစ်လည်းကောင်း၊ အဆောက်အအုံများ၌ သုတ်ရန် ဆေးရောင်များအဖြစ်နှင့် ပုံဆွဲရန်အတွက်လည်းကောင်း အသုံးပြုကြသည်။

ခဲသည် အလွန်အသုံးဝင်သော်လည်း ခဲဒြပ်ပေါင်းဟူသမျှ အဆိပ်ဖြစ်စေသောကြောင့် ခဲလုပ်ငန်းဖြင့် အသက်မွေးသူတို့အနေဖြင့် သတိထားသင့်ပေသည်။ ယင်းတို့ကို နေ့စဉ် ကိုင်တွယ်အသုံးပြုလေ့ရှိကြသော ပန်းချီဆရာများ၊ ကြွေရည်သုတ်လုပ်ငန်း အလုပ်သမားများ၊ ဖန်ချက်စက်ရုံအလုပ်သမားများ၊ လျှပ်စစ်မီးပြင်ဆရာများ၊ ခဲကျိုဆရာများ၊ ကားရေတိုင်ကီ ပြုပြင်သူများ စသည့် အလုပ်သမားများသည် နေ့စဉ် ထိတွေ့ရှူရှိုက်မိခြင်း၊ ခဲလုပ်ငန်းလုပ်နေစဉ် ဆေးလိပ်သောက်မိသူများ၊ လက်ဖြင့် အစားစားမိသူများသည် တဖြည်းဖြည်း ခဲဆိပ်သင့်လေ့ရှိကြသည်။

အထူးသဖြင့် ကားအင်ဂျင်အိတ်ဇောပိုက်မှ ထွက်သည့် ခဲဓာတ်ငွေ့ကြောင့် လေထဲတွင် ပျံ့နှံ့သွားပြီး လူများ ရှူရှိုက်မိပါက အဆိုပါခဲဓာတ်ငွေ့သည် လူ၏ သွေးထဲသို့ ရောက်သွားနိုင်ပါသည်။ အမေရိကန်ပြည်ထောင်စုတွင် ကမ္ဘာ့ခဲထုတ်လုပ်မှုတစ်ဝက်ကို စက်မှုလုပ်ငန်းအသီးသီးအတွက်

သုံးသည်။ ကမ္ဘာ့ခဲထုတ်လုပ်မှု၏ ၁၀ ပုံ တစ်ပုံကို အမေရိကန် မော်တော်ယာဉ်များမှ ထုတ်လွှတ်ပစ်လျက်ရှိရာ အမေရိကန်လူမျိုးတို့တွင် ပျမ်းမျှအားဖြင့် သွေး ၁၀၀ မီလီဂရမ်တွင် ခဲ ၂၅ မိုက်ခရိုဂရမ်ပါဝင်နေကြောင်း တွေ့ရသည်။ ၈၀ မိုက်ခရိုဂရမ်အထိ ရှိလာလျှင် အန္တရာယ်ရှိလာနိုင်ပြီဟု ဆိုသည်။ စက်မှုဝန်းကျင်နှင့် ကွာလှမ်းသောအရပ်မှ လူတို့၏သွေး၌ ခဲပါဝင်နှုန်းမှာ ထိုသူတို့ထက် အဆ ၁၀၀ မျှ နည်းကြသည်။

မြန်မာနိုင်ငံအဝန်း ခဲဘက်ထရီများ အသုံးပြုမှု တွင်ကျယ်များပြားလာသဖြင့် အချို့နေရာဒေသများတွင် စီးပွားရေးအရ တွက်ခြေကိုက်သော ခဲကျိုလုပ်ငန်းကို လုပ်ကိုင်လာကြသည်။ ခဲကျိုလုပ်ငန်းတွင် အသုံးပြုသော ကုန်ကြမ်းပစ္စည်းမှာ ခဲ၊ အက်စစ် ဘက်ထရီအိုးအဟောင်းများမှ ပလိတ်ပြားအဟောင်းများဖြစ်၍ ကုန်ချောအနေဖြင့် ခဲသတ္တုဒြပ်စင်ကို ထုတ်လုပ်ကြသည်။

## ခဲကျိုချက်ခြင်းနှင့် လုပ်ငန်းလုပ်ကိုင်ပုံ

ခဲကျိုချက်ခြင်းလုပ်ငန်း လုပ်ကိုင်နေသူတစ်ဦးက လုပ်ငန်းလုပ်ကိုင်ပုံကို ပြောပြခဲ့ပါသည်။

(၁) မြေတွင် တွင်းတူးပါသည်။

(၂) ယင်းတွင်းထဲသို့ ကုန်တင်မော်တော်ကားများမှ အိတ်ဆယ်အဟောင်း အခွံကို မြေမျက်နှာပြင်နှင့်အညီ အခွက်ကို အပေါ်ထား၍ မြှုပ်ပါသည်။

(၃) ယင်းအိတ်ဆယ်ခွက်ထဲသို့ မီးသွေးခဲများထည့်၍ မီးဖိုပါသည်။

(၄) မီးကောင်းစွာတောက်လျှင် ယင်း၏အပေါ်တွင် နှစ်ဖက်ပွင့်ဆလင်ဒါပုံ သံဖိုတစ်ခုတင်၍ မြေတွင် ရွှံ့နှင့် သရီးကိုင်ပါသည်။

(၅) မီးကောင်းစွာ တောက်စေရန်အတွက် ပိုးသတ်ဆေးဖျန်းစက်ဖြင့် လေမှုတ်ပေးပါသည်။

(၆) ယင်းနောက် ခဲ၊ အက်စစ်ဘက်ထရီမှ ခဲဒုတ်ဟောင်းများ၊ ပလိတ်ပြားဟောင်းများကို ဖိုအတွင်းသို့ သံယောက်ချိုဖြင့် လောင်းထည့်ပါသည်။

(၇) ခဲများ အရည်ပျော်သည့်အခါ မြေကြီးတွင် မြှုပ်ထားသော အိတ်ဆယ်ခွက်အတွင်းတွင် စုဆောင်းမိနေပါသည်။ မီးသွေးများမှာ ခဲရည်ထက်ပေါ့သဖြင့် ခဲရည်ပေါ်တက်လာပြီး လောင်ကျွမ်းသွားပါသည်။

(၈) သံအိတ်ဆယ်ခွက်အတွင်း ခဲ



**ဘက်ထရီအိုးပျက်များမှ Seprators ပြားများနှင့် ခဲပြားဟောင်းများ ရွေးထုတ်နေစဉ်**

ရည်များပြည့်လောက်ချိန်တွင် အပေါ်မှ ဖိုနှင့် မီးသွေး မီးကျီးခဲများကို ဘေးသို့ဖယ်ပြီး ခဲရည်ကို ပုံစံခွက်များအတွင်းသို့ သံယောက်ချိုဖြင့် ခပ်၍ လောင်းထည့်ကာ အအေးခံခြင်းဖြင့် ခဲသတ္တုစင်ကို ရရှိပါသည်။

(၉) ခဲချော်ချေးများအား မစွန့်ပစ်ဘဲ ပြန်ကျုံး၍ ယူဆောင်ခဲ့ပြီး အိမ်တွင် ခြေနင်းမောင်းတံဖြင့် အမှုန့်ပြန်ထောင်းပါသည်။

(၁၀) ထောင်း၍ရသော အမှုန့်များမှ ခဲမှုန့်များသာ ရစေရန် ရေကန်ငယ်များတွင် ရေကျင်ပါသည်။

(၁၁) ရေကျင်၍ ရရှိသော ခဲမှုန့်များအား နေလှမ်း၍ အခြောက်ခံပြီး ရရှိသည့် ခဲမှုန့်များကို အထက်ဖော်ပြပြီး ကျိုချက်ပုံအတိုင်း ထပ်မံကျိုချက်ခြင်းဖြင့် ခဲသတ္တုများ ထပ်မံ၍ ရရှိပါသည်။

ကုန်ချောထုတ်လုပ်မှုလုပ်ငန်းကို အကျဉ်းချုံး၍ ဖော်ပြမည်ဆိုပါက–

(၁) ကျိုချက်ခြင်းလုပ်ငန်း

(၂) အမှုန့်ထောင်းခြင်းလုပ်ငန်း

(၃) ရေကျင်၍ နေလှမ်းခြင်းလုပ်ငန်း

(၄) သယ်/ပို့ လုပ်ငန်း အဓိကအဆင့်လေးဆင့်အဖြစ် ဖော်ပြနိုင်ပါသည်။

## ခဲဆိပ်သင့်လက္ခဏာများ

ခဲပါဝင်သော ဓာတ်ဆားများနှင့် တဖြည်းဖြည်း အဆိပ်သင့်သူများသည် သွားနှင့် သွားဖုံးကြား၌ အပြာရောင်အစင်းများ ရှိနေတတ်သည်။ အလုပ်သမားများသည် သတိမမူဘဲ ဆောင်ရွက်ချက်ကြောင့် ခဲဒြပ်ပေါင်းများ ကိုယ်တွင်းသို့ တစ်နည်းနည်းဖြင့် ဝင်ရောက်ရာ၌ ကြာသော် လူကို ဥပဒ်ရောက်လောက်အောင် အဆိပ်ပျံ့နှံ့စေပါသည်။ အဆိပ်သင့်သူသည် အစားအသောက်ပျက်၊ အင်အားလျော့နည်းလာရာမှ တစ်နေ့တခြား သွေးအားဆုတ်ယုတ်ပြီး အသားအရေမွဲခြောက်လာတတ်ကြ



**ကျိုချက်ပြီးခဲရည်များကို ဒယ်အိုးငယ်များတွင် ဤသို့ပုံလောင်း၍ ရောင်းချရသည်**

သည်။ ခြေလက်များ ထုံကျင်လာလျက် ဆီးခန်းခြောက်၍ အရောင်နီလာလေ့ရှိသည်။ အဆစ်အမြစ်၊ အကြောအခြင်များ ကိုက်ခဲနေတတ်သည်။ ခဲဆိပ်သည် နာဗ်ကြောအဖွဲ့နှင့် သွေးကို ထိန်းပေးသော တစ်ရှူးများကို ချို့ယွင်းပျက်ပြားစေတတ်သည်။ ကလေးများတွင် ဖြစ်ပါက တက်တတ်သည်။ အချို့ မျက်စိကွယ်တတ်သည်။ အကြားအာရုံ ချို့ယွင်းလာတတ်သည်။ အစဉ်ဝမ်းချုပ်လျက် ဝမ်းတွင်း၌ အမြဲရစ်ပြီး နာနေတတ်သည်။ သို့သော် အလွယ်တကူနှင့် သေဆုံးလေ့မရှိကြချေ။

## ကျန်းမာရေးစစ်ဆေးခြင်း

ဆီးနှင့်သွေးကို အဓိကထား၍ စစ်ဆေးသည်ဟု ကျန်းမာရေးစီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာန ကျန်းမာရေးပညာဌာနမှ ဆရာဝန်တစ်ဦးက ပြောပြသည်။ သွေး ၁၀၀ မီလီဂရမ်တွင် ခဲ ၈၀ မိုက်ခရိုဂရမ်အထိ ရှိလာလျှင် အသက်အန္တရာယ်ရှိနိုင်သည်။ ခဲကျိုချက်သည့်လုပ်ငန်းလုပ်ကိုင်သူတချို့တွင် ခဲပမာဏမှာ ၁၀၆ မီလီဂရမ်/၁၀၀ မီလီ ဂရမ်အထိ ပါဝင်ကြောင်း တွေ့ခဲ့ရသည်။ ခဲကျိုသည့်လုပ်ငန်းအဆင့်တိုင်းတွင် ယင်းလုပ်ငန်းပတ်ဝန်းကျင်ရှိ လူများ၏ခန္ဓာကိုယ်အတွင်းသို့ ခဲငွေ့၊ ခဲမှုန်များ ဝင်ရောက်ကာ ခဲဆိပ်သင့်မှု ဖြစ်ပွားနိုင်သော အန္တရာယ်များရှိနေပါသည်။ တစ်ကိုယ်ရည်သန့်ရှင်းမှုဂရုမစိုက်သူများ၊ အလုပ်လုပ်စဉ် ဆေးလိပ်သောက်ခြင်းနှင့် အစားအစာစားခြင်းတို့ ပြုလုပ်လေ့ရှိသူများတွင် ပို၍ အန္တရာယ်ရှိပါသည်။ ခဲငွေ့၊ ခဲမှုန်ပြန့်လွင့်ခြင်းကြောင့် အနီးပတ်ဝန်းကျင်ရှိ လူတို့အားလည်း အန္တရာယ်ဖြစ်စေမည် ဖြစ်ပါသည်။

## ကုသနည်း

ခဲပါသော ဓာတ်ဆားများကို စားသောက်မိပါက လည်ချောင်းတစ်လျှောက်ပူလောင်လာ၍ အော့အန်လာတတ်ကြသဖြင့် အော့အန်စေသောဆေးများ တိုက်ကျွေးရန် မလိုချေ။ သို့သော် အစာအိမ်ကို ဆေးပေးရန်နှင့် ဆားခါးဖြင့် ဝမ်းနုတ်ရန်လိုအပ်ပေသည်။ နွားနို့၊ ကြက်ဥ၊ ဘာလီရည်တို့ကို တိုက်ကျွေးနိုင်သည်။ ခဲပါသော ဓာတ်ဆားများကို အသုံးပြုရာမှ တဖြည်းဖြည်း အဆိပ်သင့်သော် အလုပ်အကိုင် ပြောင်းသင့်သည်။ ခဲလုပ်ငန်းနှင့် ထိတွေ့မှုရှိသူများအနေဖြင့် ကျန်းမာရေးစစ်ဆေးခြင်းကို ခံယူသင့်သည်။ ခဲနှင့်စပ်ဆိုင်သော အလုပ်သမားတိုင်းသည် ထုံးဓာတ်ပါသော ငါးပိနှင့် ငါးပုစွန်ကလေးများ စားသင့်ပါသည်။

## ခဲဆိပ်သင့်မှုအန္တရာယ် ထိန်းချုပ်ကာကွယ်ခြင်း

ကျန်းမာရေးပညာပေးမှုနှင့် တစ်ကိုယ်ရည်သန့်ရှင်းမှုသည် ခဲဆိပ်သင့်အန္တရာယ်ကာကွယ်ရေးတွင် အထူးအရေးပါလှသည်။ ခဲကျိုလုပ်ငန်းကို တရားဝင်ခွင့်ပြုချက် ရရှိလုပ်ကိုင်နေခြင်း မဟုတ်ပါက ကျန်းမာရေးထိခိုက်မှုများ ရှိနိုင်သဖြင့် သက်ဆိုင်ရာသို့ အကြောင်းကြားသင့်ပါသည်။ ခဲဆိပ်သင့်မှုအန္တရာယ်ကို ခဲလုပ်ငန်းလုပ်ကိုင်သူများ၊ လုပ်သားများ မခံစားရစေရန်အတွက် ခေါင်းတိုင်အမြင့်ဖြင့် ပြုလုပ်ခြင်းဖြင့် ခဲခိုး၊ ခဲငွေ့နှင့် အနံ့အသက်ဆိုးများဒဏ်မှ သက်သာစေနိုင်မည် ဖြစ်ပါသည်။

ခဲလုပ်ငန်းတိုင်းတွင် ကြီးကြပ်ကွပ်ကဲနိုင်ရန် ကြီးကြပ်ကွပ်ကဲမှုကော်မတီ ဖွဲ့စည်း၍ ဆောင်ရွက်ပြီး ယင်းကော်မတီ၏ လမ်းညွှန်ချက်များအား လိုက်နာဆောင်ရွက်သင့်ပါသည်။ ယင်းကော်မတီအနေဖြင့် ခဲဆိပ်သင့်အန္တရာယ် ထိန်းချုပ်ရေးလုပ်ငန်း၊ ခဲဆိပ်သင့်ရောဂါ ဖြစ်ပေါ်မှုကို စုံစမ်းလေ့လာခြင်းလုပ်ငန်း၊ ဆေးဘက်ဆိုင်ရာ ပညာရှင်များ၊ စက်မှုဘက်ဆိုင်ရာ ပညာရှင်များနှင့် ညှိနှိုင်းတိုင်ပင်၍ ဘေးအန္တရာယ် နည်းပါးစေရန် စဉ်ဆက်မပြတ်ဆောင်ရွက်နေရမည် ဖြစ်ပါသည်။

ပတ်ဝန်းကျင်တွင် တဖြည်းဖြည်း ခဲဆိပ်ပြန့်မှုကို လူအများ သတိမမူမိဘဲ ရှိတတ်ကြသည့်အတွက် ခဲလုပ်ငန်းဆောင်ရွက်နေသူများကို ပတ်ဝန်းကျင်ထိန်းသိမ်းခြင်း အလေ့အကျင့်များ ရရှိစေရန်၊ ပတ်ဝန်းကျင် ခဲဆိပ်သင့်အန္တရာယ် ကာကွယ်ရန်အတွက် ဟောပြောပွဲများ ကျင်းပ၍ အသိပညာပေးခြင်း၊ စည်းရုံးခြင်းတို့ စဉ်ဆက်မပြတ် ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်သည်။ ပြည်သူတစ်ရပ်လုံးအနေဖြင့် ခဲဆိပ်သင့်မှုအန္တရာယ်ကို သိရှိနားလည်ပြီး သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းဖြင့် သန့်ရှင်းသာယာလှပသောနိုင်ငံကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။

**ဇော်ရဲနိုင် (YIT)**



# ပို့ကုန်တိုးချဲ့တင်ပို့ခြင်းနှင့် ပြည်တွင်းစီးပွားရေးအဖွဲ့အစည်း

အဂ္ဂ

**ပို့ကုန်တိုးချဲ့တင်ပို့နိုင်ခြင်းသည် နိုင်ငံတစ်ခု၏ အမျိုးသားအကျိုးစီးပွား ဖြစ်ထွန်းအောင်မြင်ရေး၏ ပင်မသွေးကြောဖြစ်ရာ ပြည်တွင်းအလုပ်အကိုင် ဖန်တီးနိုင်သည်သာမက ကမ္ဘာလုံးဆိုင်ရာဈေးကွက်၏ အကျိုးရလဒ်ကောင်းများပါ ရရှိနိုင်သည့်အတွက် ပို့ကုန်တိုးချဲ့ရေးကို ဖျတ်လတ်စွာ ဆောင်ရွက်နိုင်မည့် ပြည်တွင်းစီးပွားရေးအဖွဲ့အစည်းများ လုပ်သာကိုင်သာရှိရေးကို မူဝါဒဆိုင်ရာ အကူအပံ့များ ပေးနိုင်ရန်အတွက် မြန်မာနိုင်ငံအစိုးရမှလည်း အလေးပေး ဆောင်ရွက်လာသည်ကို တွေ့မြင်ရသည်။**

မြန်မာနိုင်ငံသည် ၁၉၈၈ ခုနှစ်နောက်ပိုင်း ဈေးကွက်စီးပွားရေးစနစ်သို့ ကူးပြောင်းခဲ့သည်နှင့်တစ်ပြိုင်နက် ဈေးကွက်စီးပွားရေးစနစ်၏ သရုပ်သကန်တစ်ခုဖြစ်သည့် နိုင်ငံတကာကုန်သွယ်မှုလုပ်ငန်းများကို လုပ်ဆောင်လာခဲ့ရာ ယနေ့အချိန်တွင် ပို့ကုန်တိုးချဲ့ရေး အခြေခံအဆောက်အဦများကို ဖြည့်ဆည်းလျက် ကုန်သွယ်မှုတိုးမြှင့်ရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနှင့် နိုင်ငံတကာကုန်သွယ်မှုလုပ်ငန်းများတွင် ယှဉ်ပြိုင်လုပ်ကိုင်လျက်ရှိသည်။

အထူးသဖြင့် ယနေ့ နိုင်ငံတကာကုန်သွယ်ရေးတွင် ကုန်သွယ်မှုတိုးမြှင့်လုပ်ကိုင်ခြင်း၊ တစ်နည်းအားဖြင့် ပို့ကုန်တိုးချဲ့တင်ပို့ခြင်းနှင့် နိုင်ငံအလိုက် အစိုးရများ၏ လုပ်ဆောင်ချက်များသည် အရေးကြီးသော အခန်းကဏ္ဍတွင် ပါဝင်လျက်ရှိသည်ကို ပါမောက္ခဆရင်ဟော့စ် (Seringhaus) နှင့် ရော့စ်ဆွန် (Rosson) မှ နည်းလမ်းနှစ်သွယ်ဖြင့် ဖွင့်ဆိုခဲ့သည်။

နိုင်ငံတစ်ခု၏ အစိုးရများအနေဖြင့် ပို့ကုန်မြှင့်တင်ရန်အတွက် တိုက်ရိုက်အကူအညီနှင့် သွယ်ဝိုက်သော အကူအညီဟူ၍ဆိုရာ တိုက်ရိုက်အကူအညီသည် ဝယ်လိုအား (Demand) ကို အကျိုးသက်ရောက်စေ၍ သွယ်ဝိုက်သော အကူအညီဟူသည်ကား ရောင်းလိုအား (Supply) အပေါ် ဦးတည်သည်ဟု ဆိုသည်။


မြန်မာနိုင်ငံသည် ၁၉၈၈ ခုနှစ်နောက်ပိုင်း ဈေးကွက်စီးပွားရေးစနစ်သို့ ကူးပြောင်းခဲ့သည်မှာ ဆယ်စုနှစ်တစ်ခုကျော် ကြာမြင့်လာချိန်တွင် အားနည်းချက်တို့ ရှိနေဆဲဖြစ်ရာ တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးမှုကို တိုက်ရိုက်အကျိုးသက်ရောက်မှုရှိစေမည့် ပို့ကုန်တိုးချဲ့တင်ပို့နိုင်ရေးအား တိုးမြှင့်ဆောင်ရွက်ကြရပါမည်။ ပို့ကုန်တင်ပို့လုပ်ကိုင်သူများအား အဓိကအားဖြင့် ပုံသဏ္ဌာန် (၅)မျိုး ခွဲခြားနိုင်မည်ဖြစ်သည်။

(၁) တစ်ကြိမ်တစ်ခါမျှ ပို့ကုန်လုပ်ငန်းလုပ်ကိုင်ခြင်းမရှိသူ (Non-Exporter)၊

(၂) ပို့ကုန်တင်ပို့ခြင်းလုပ်ငန်းမှ ဆုတ်ခွာလာသူ (Failed-Exporter)၊

(၃) ပထမအကြိမ် ပို့ကုန်လုပ်ငန်းလုပ်ကိုင်သူ (First Time-Exporter)၊

(၄) ပို့ကုန်လုပ်ငန်း တိုးချဲ့လုပ်ကိုင်



နေသူ (Expanding-Exporter)၊

(၅) ဆိုက်လိုက်မတ်တပ်လုပ်ကိုင်သူ (Continuous Exporter) ဟူ၍ ဖြစ်သည်။

အစိုးရဦးဆောင်မှုဖြင့် ပို့ကုန်မြှင့်ရေး တိုးမြှင့်လုပ်ဆောင်ရာတွင် မည်သို့သော လုပ်ငန်းရပ်များကို မြှင့်တင်ရေးလှုံ့ဆော်မှု အနေဖြင့် ဦးတည်လုပ်ဆောင်သင့်ကြောင်း စီးပွားရေးပညာရှင်တစ်ဦးက ဤသို့ တင်ပြခဲ့သည်။

(၁) ပို့ကုန်တင်ပို့ခြင်း အလျဉ်းမရှိသူများအား ကုန်ထုတ်လုပ်ငန်းကဏ္ဍများတွင် ယှဉ်ပြိုင်လုပ်ကိုင်လာစေခြင်းဖြင့် ပထမအကြိမ် ပို့ကုန်လုပ်ငန်း လုပ်ကိုင်သူများအဖြစ် ပါဝင်လာစေရန် အားပေးလုပ်ဆောင်ခြင်း၊

(၂) အစကနဦး ပို့ကုန်လုပ်ကိုင်ရန် စီစဉ်သူများအတွက် နိုင်ငံတကာဈေးကွက်နှင့် အခက်အခဲသဘာဝများကို ကူညီလုပ်ဆောင်ခြင်း၊

(၃) ပြန်လည်လုပ်ကိုင်ရန် စဉ်းစားမှုပြုလာသော ပို့ကုန်လုပ်ငန်းလုပ်ကိုင်လိုသူများအတွက် အကြံဉာဏ်ကောင်းများပေးခြင်းနှင့် နောက်တစ်ကြိမ် အောင်မြင်မှု ရရှိစေရန် မြှင့်တင်ပေးခြင်း၊

(၄) ဆိုက်လိုက်မတ်တပ် ပို့ကုန်လုပ်ကိုင်သူများအတွက် လုပ်ဆောင်မှုမှန်သမျှ ပိုမိုတိုးတက်လာစေရန် အထောက်အပံ့ပေးခြင်း စသည်တို့ ဖြစ်သည်။

ဤသို့ဖြင့် ပို့ကုန်မြှင့်တင်ရေးလုပ်ဆောင်မှုတွင် ကုန်သွယ်မှုလုပ်ငန်းများ မလုပ်ကိုင်သေးသူများအား ပို့ကုန်လုပ်ငန်းလုပ်ကိုင်ရန် စိတ်ထက်သန်မှု ဖြစ်ပေါ်လာစေရန်အလို့ငှာ ကုန်သွယ်မှုလုပ်ငန်းမှ ရရှိနိုင်သော အကျိုးအမြတ်နှင့်တကွ သက်ဆိုင်သော သတင်းအချက်အလက်များ ထုတ်ပြန်ပေးခြင်း၊ ပထမအကြိမ် စမ်းသပ်လုပ်ကိုင်လာသော လုပ်ငန်းများအတွက် သတင်းအချက်အလက် ကျယ်ကျယ်ပြန့်ပြန့် ဥပမာ–တင်ပို့ရန်သင့်သော ပစ္စည်းအမျိုးအမည်၊ တင်ပို့ရန်သင့်သော ဒေသစသည်တို့ကို သိရှိစေခြင်း၊ ကုန်သွယ်မှုလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်လျက်ရှိသူများအတွက်ကိုမူ သီးခြားသဘောဆောင်သည့် ကုန်သွယ်မှုနှင့် ပို့ကုန်များအပေါ် ကိုယ်စားပြုနိုင်လာစေရန်နှင့် ဆိုက်လိုက်မတ်တပ် လုပ်ကိုင်လျက်ရှိသူများအတွက်မူ ပြည်ပတွင် ၎င်းတို့၏ ထုတ်ကုန်ပစ္စည်းများအတွက် လူအများ သိရှိလာအောင် ပြုလုပ်ခြင်း၊ ကြော်ငြာပြပွဲနှင့် ပြည်ပဝယ်လက်များနှင့် တိုက်ရိုက်တွေ့ဆုံနိုင်သည် အထိ ကူညီလုပ်ဆောင်သွားရန် လိုအပ်ပေသည်။

ဤသို့ တိုက်ရိုက်ကူညီမှုဖြင့် ပို့ကုန်တိုးချဲ့ရေးအစီအမံများကို လုပ်ဆောင်ခြင်းအပြင် သွယ်ဝိုက်သောနည်းဖြင့် အထောက်အကူပြုရာ၌ အစိုးရ၏ အခြေခံအဆောက်အဦးနှင့် အစီအမံများအပေါ်တွင် ပို့ကုန်လုပ်ငန်းများ၏ ယှဉ်ပြိုင်လုပ်ကိုင်မှုများကို တိုးတက်လာစေရန် ဖြစ်သည်။

သွယ်ဝိုက်သော အထောက်အကူပြုမှုဟုဆိုရာတွင် သုတေသနနှင့် ဖွံ့ဖြိုးရေး၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှု၊ လူ့စွမ်းအားအစီအမံများနှင့် အခွန်အခဆိုင်ရာတွင်လည်း အခွန်ကောက်ခံမှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာတို့တွင် မက်လုံးပေး ဆွဲဆောင်သည့် ပေါ်လစီဟူ၍ သွယ်ဝိုက်သော နည်းလမ်းများဖြင့် အထောက်အကူပြုနိုင်ပေသည်။

မြန်မာနိုင်ငံသည်လည်း ယခုအခါ ပို့ကုန်မြှင့်တင်ရေးကို ကဏ္ဍစုံမှ တင်ပို့နိုင်စေရန် လုပ်ဆောင်နေသည်ဖြစ်ရာ နိုင်ငံ၏ ရှိရင်းစွဲ သဘာဝအရင်းအမြစ်များသာမက ပထဝီအနေအထားအရ ကုန်သွယ်မှုလုပ်ငန်းများ လုပ်ကိုင်ရန် အခွင့်အလမ်းကောင်းများကို ရရှိပိုင်ဆိုင်ထားသည်ဖြစ်ရာ ရေရှည်တွင် ပို့ကုန်မြှင့်တင်နိုင်ခြင်းဖြင့် အမျိုးသားအကျိုးစီးပွားကို ကောင်းစွာ ဆောက်တည်နိုင်မည် ဖြစ်သည်။

အချုပ်ဆိုရလျှင် မြန်မာနိုင်ငံအနေဖြင့် ပို့ကုန်တိုးချဲ့တင်ပို့နိုင်ခြင်းဖြင့် နိုင်ငံခြားငွေ ရရှိရုံသာမက ပြည်တွင်းပြည်ပ ဈေးကွက်၏ ပြောင်းလဲလာသော ဝယ်လိုအားပုံစံနှင့် ကုန်ထုတ်လုပ်မှုပုံသဏ္ဍာန်များကို ပြောင်းလဲနိုင်သော အရည်အသွေးများ ပေါ်ပေါက်လာခြင်းကြောင့် ပြည်တွင်းစီးပွားရေးအဖွဲ့အစည်းများအတွက် အားသစ်လောင်းရာရောက်စေမည် ဖြစ်သည်။

**အဋ္ဌ**

# ဈေးဝယ်လမ်းညွှန်

အမှတ် ၁၁၅

၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီလ

## SPAM Mail တွေ ဘာကြောင့် ဝင်လာတာလဲ

E-mail နဲ့ Internet အသုံးပြုနေတဲ့သူတိုင်း ကြုံရလေ့ရှိတဲ့ စိတ်အနှောင့်အယှက်တစ်ခုကတော့ ကိုယ်ရဲ့ Mail Box ထဲကို Spam Mail တွေ ဝင်ရောက်လာခြင်းပဲ ဖြစ်ပါတယ်။ လက်ရှိအသုံးပြုနေတဲ့ E-mail မှာ ကြော်ငြာတွေ၊ ဝက်ဘ်ဆိုက်တွေ၊ ဗိုင်းရပ်(စ်)တွေနဲ့ အခြား အနှောင့်အယှက်ပေးနိုင်တဲ့ ဒီ Spam Mail တွေ ဝင်ရောက်လာရတာကတော့ အဓိက,က အောက်ပါအချက်တွေကြောင့်ပဲ ဖြစ်ပါတယ်။

- Website များမှာ Subscribe လုပ်ရန်အတွက် E-mail လိပ်စာကို ထည့်သွင်းရိုက်နှိပ်မိခြင်း၊
- e-Shopping များသို့ ဝင်ရောက်မိခြင်း၊
- Inbox ထဲသို့ ရောက်လာသော Website များအား ဖွင့်ကြည့်မိခြင်း၊

တချို့ Spam Mail တွေဟာ ဗိုင်းရပ်(စ်) ပါဝင်တဲ့အတွက် ကွန်ပျူတာထဲမှာရှိတဲ့ File တွေကို ထိခိုက်နိုင်ပါတယ်။ Website တွေမှာ Subscribe လုပ်လိုရင်တော့ E-mail လိပ်စာတစ်ခုပြုလုပ်ပြီး အဲဒီလိပ်စာနဲ့ Subscribe လုပ်မယ်ဆိုရင် ပိုမိုအဆင်ပြေစေမှာ ဖြစ်ပါတယ်။

## Myanmar Font များ ထည့်သွင်းချင်ရင်

ကွန်ပျူတာအတွင်း မြန်မာလို ရိုက်ရာမှာ အသုံးပြုတဲ့ Myanmar Font များ ထည့်သွင်းလိုသူတွေအတွက် ဆက်သွယ်ဝယ်ယူနိုင်မယ့်နေရာတစ်ခုကို ညွှန်ပြလိုပါတယ်။ ကိုယ်ပိုင်နာမည်နဲ့ ရေးသားတဲ့ Font တွေဖြစ်ပြီး ဈေးနှုန်းလည်း ချိုသာတယ်လို့ ဆိုပါတယ်။ Audio Tape ကနေ CD, MP3 အဖြစ် ပြောင်းလဲလိုရင်၊ ဒါမှမဟုတ် VHS Tape ကနေ VCD, DVD အဖြစ် ပြောင်းလဲလိုရင်လည်း ဆောင်ရွက်ပေးပြီး တရားခွေတွေဆိုရင်တော့ အထူးနှုန်းနဲ့ ဆောင်ရွက်ပေးနေတယ်လို့ သိရပါတယ်။ လိပ်စာ – U4

အမှတ်–၁၅၂(ဒုတိယထပ်)၊ အနော်ရထာလမ်း၊ ၃၅ လမ်းနှင့် မဟာဗန္ဓုလပန်းခြံလမ်းကြား၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

ဖုန်း–၂၅၄၂၁၄၊ ၄၄၁၂၆၀၅၊

၀၉–၉၀၄၂၄၅၄

E-mail : u4@mptmail.net.mm
u4@eempire.com.mm

## ကျောက်မျက်သင်တန်း တက်ချင်ရင်

ကျောက်မျက်သင်တန်းတက်လိုသူတွေအတွက် စာသင်ချိန် နာရီ ၉၀ ရှိတဲ့ သင်တန်းတစ်ခု ဖြစ်ပါတယ်။ တစ်လသင်တန်းဖြစ်ပြီး လစဉ် လဆန်း ၅ ရက်နေ့မှာ သင်တန်းစတယ်လို့ ဆိုပါတယ်။

ဆက်သွယ်စုံစမ်းရန်–

G.G.A ကျောက်မျက်သင်တန်း

အမှတ်–၄၇၄/၄၇၆၊ မဟာဗန္ဓုလလမ်း၊ ရန်ကုန်။

ဖုန်း–၂၅၄၄၁၀

## နဝရတ်လက်စွပ်

ရှေးမြန်မာမင်းများ လက်ထက်ကတည်းက အဆောင်ပစ္စည်းတစ်ခုအဖြစ် ယုံကြည်စွာ ဝတ်ဆင်ခဲ့ကြတဲ့ နဝရတ်လက်စွပ်များကို ယနေ့အချိန်အထိ အမြတ်တနိုး အပ်နှံဝတ်ဆင်နေကြဆဲ ဖြစ်ပါတယ်။ မိမိရဲ့ နေ့နံအလိုက် နဝရတ်လက်စွပ်များ ပြုလုပ်ပေးနေတဲ့ နေရာတစ်ခုကို အပ်နှံလိုသူများ အဆင်ပြေစေရန် ရည်ရွယ်ပြီး ဖော်ပြပေးလိုက်ပါတယ်။

လိပ်စာ–

မောင်မောင်ဆန်း ကျောက်မျက်ရတနာ ကုမ္ပဏီလီမိတက်

အမှတ်–၁၅၁/၁၅၃၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။

ဖုန်း–၃၇၈၉၄၉၊ ၀၉–၉၀၃၀၇၅၉

# လက်မှုသင်တန်းသားတွေ ထုတ်လုပ်ထားတဲ့ Fancy ပစ္စည်းများ အရောင်းဆိုင်

AFXB (Association François-Xavier Bagnoud အဖွဲ့ရဲ့ လက်မှုသင်တန်း၊ ရက်ကန်းသင်တန်း၊ အပ်ချုပ်သင်တန်း အစရှိတဲ့ သင်တန်းတွေကို တက်ရောက်ခဲ့ကြတဲ့ သင်တန်းသား၊ သင်တန်းသူတွေ ထုတ်လုပ်ထားတဲ့ လက်မှုပစ္စည်းတွေကို ဝယ်ယူနိုင်ပါတယ်။ ကစားစရာအရုပ်မျိုးစုံ၊ မှီအုံးနှင့် ဖက်လုံးများ၊ ဖယောင်းတိုင် အရောင်စုံ၊ အရွယ်စုံ၊ အနံ့မျိုးစုံ၊ သံသတ္တုတို့နဲ့ ပြုလုပ်ထားတဲ့ ဖယောင်းတိုင်တင်စင်များ အစရှိသဖြင့် ပစ္စည်းမျိုးစုံကို FEC နဲ့ဖြစ်စေ မြန်မာကျပ်ငွေနဲ့ဖြစ်စေ ဝယ်ယူနိုင်ပါတယ်။ ဒီပစ္စည်းတွေ ရောင်းလို့ရတဲ့ ဝင်ငွေတွေကို AFXB အဖွဲ့ရဲ့ လက်မှုသင်တန်းတွေမှာ ပြန်လည်အသုံးပြုမှာ ဖြစ်တယ်လို့လည်း သိရပါတယ်။

လိပ်စာ–အမှတ်–၄၅၇၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊
ရန်ကုန်။ ဖုန်း–၅၀၂၁၇၈

# Japan Domestic TV တွေ ရောင်းတဲ့ဆိုင်

ဂျပန်ပြည်တွင်းသုံး လျှပ်စစ်ပစ္စည်း တစ်မျိုးဖြစ်တဲ့ TV တွေ အများအပြား ရောင်းချပေးနေတဲ့ နေရာတစ်ခု ဖြစ်ပါတယ်။ ရွေးချယ်စရာပစ္စည်း အများအပြား ရှိပြီး ဈေးနှုန်းလည်း သင့်တင့်တာ တွေ့ရပါတယ်။ စက်ချို့ယွင်းခဲ့ရင်လည်း အပိုပစ္စည်း အချိန်မရွေး ရနိုင်တယ်လို့ ဆိုပါတယ်။ TV တွေအပြင် VCD, DVD စက်တွေလည်း ရောင်းချပေးနေတာ တွေ့ရပါတယ်။ သွားလာရ လွယ်ကူတဲ့နေရာမှာ ရှိပြီး ကိုယ်တိုင်စိတ်တိုင်းကျ စမ်းသပ်ဝယ်ယူနိုင်တာမို့ ဆိုင်လိပ်စာကို ဖော်ပြပေးလိုက်ပါတယ်။

လိပ်စာ – Super-9
Japan Domestic TV, VCD, VCR
မြောက်ဥက္ကလာအဝိုင်းအနီး၊ မဟာနွယ် လက်ဖက်ရည်ဆိုင်ဘေး၊ သုဓမ္မာလမ်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။

# အကြောဖြေစက် ဝယ်မလား

ကျန်းမာရေးအတွက် တစ်ပိုင်တစ်နိုင် အကြောဖြေစက် ဝယ်ယူနိုင်မယ့်နေရာ ဖြစ်ပါတယ်။ ဇက်ကြော၊ ခါးကြော၊ ခြေသလုံးကြောများကို နှိပ်ခြင်း၊ ထုခြင်း၊ ဆုပ်နယ်ခြင်းတို့ကို ပြုလုပ်နိုင်ပြီး ဝမ်းဗိုက်ရှိ အဆီပိုများကိုလည်း ထိရောက်စွာ ဖယ်ရှားနိုင်တယ်လို့ ဆိုထားပါတယ်။ နှစ်ဦး တစ်ပြိုင်နက် အသုံးပြုနိုင်ပြီး လောလောဆယ် ၂၅ ရာခိုင်နှုန်း လျှော့ပေးနေတယ်လို့ သိရပါတယ်။

Gold Hand ကျန်းမာရေးအကြောဖြေစက်
ဝယ်ယူနိုင်မယ့်လိပ်စာ–
Happy World
– အမှတ်(၁)–ကန်တော်မင်္ဂလာပန်းခြံ၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၄၃၄၃၄
– အမှတ်(၂)–သီရိမင်္ဂလာဈေး၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၁၂၆၇၈

# ကွန်ပျူတာနဲ့ပတ်သက်တဲ့ ဝန်ဆောင်မှုအားလုံး ပြုလုပ်ပေးတဲ့နေရာ

ကွန်ပျူတာ ဝယ်ချင်ရင်၊ ရောင်းချင်ရင်၊ နိုင်ငံခြားက မှာချင်ရင်၊ ပျက်နေရင် ဒါမှမဟုတ် မိမိတတ်နိုင်တဲ့ ငွေပမာဏနဲ့ သုံးလက်စ ကွန်ပျူတာတွေကို ဝယ်ချင်ရင်ပဲ ဖြစ်ဖြစ် ဆက်သွယ်ဆောင်ရွက်နိုင်ဖို့ သင့်တော်တဲ့နေရာတစ်ခုပါ။ မိမိလိုချင်တဲ့ ဝန်ဆောင်မှုအတွက် အောက်ဖော်ပြပါ လိပ်စာနဲ့ ဆက်သွယ်နိုင်ပါတယ်။

လိပ်စာ – Computer Jetty
အမှတ်–၁၈၅(မြေညီထပ်)၊ ဆိပ်ကမ်းသာလမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၅၁၉၆၈

# အိတ်ဆောင်ကွန်ပျူတာ အမျိုးမျိုး

ပြည်တွင်းပြည်ပနဲ့ ဆက်သွယ်ပြီး လုပ်ကိုင်နေရတဲ့ စီးပွားရေးလုပ်ငန်းတွေ၊ ကုမ္ပဏီတွေ၊ ဌာနဆိုင်ရာတွေမှာ မရှိမဖြစ်နီးပါး အရေးပါလာတာကတော့ ကွန်ပျူတာတွေပဲ ဖြစ်ပါတယ်။ အဲဒီကွန်ပျူတာတွေထဲကမှ ပေါ့ပေါ့ပါးပါးနဲ့ ကိုယ်နဲ့မကွာ သယ်ယူနိုင်ပြီး စွမ်းဆောင်ရည်လည်း မြင့်မားတဲ့ အိတ်ဆောင်ကွန်ပျူတာ (Laptop) အမျိုးမျိုး ရောင်းချပေးနေတဲ့ နေရာတစ်ခုကို လမ်းညွှန်လိုပါတယ်။

လိပ်စာ–
VCT Group
(Computer Sale & Service)
အမှတ်–၁၀၀(မြေညီထပ်)၊ ၈၂ လမ်း၊ ကန်တော်ကလေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၂၄၂၃၃၇၊ ၀၉–၅၀၀၇၁၈၈
E-mail: vct@myanmar.com.mm

## တာမွေက ကြက်သားသုပ်ဆိုင်

တာမွေ ၁၆၅ လမ်းမှာရှိပြီး ကြက်သားသုပ်၊ ကြက်သားစွပ်ပြုတ်၊ အရိုး၊ အသားအစုံ ရပါတယ်။ နေ့လယ်စာ၊ ညနေစာများ စားနိုင်အောင် ထမင်းဖြူနဲ့လည်း တွဲဖက်ရောင်းပါတယ်။ ဆိုင်မှာ အနောက်မြင်းပြိုင်ကွင်းလမ်းနဲ့ ၁၆၅ လမ်းထောင့်မှာဖြစ်လို့ ယာဉ်မောင်းများ အလွယ်တကူ ဝင်ရောက်စားသုံးနိုင်တာကို တွေ့ရပါတယ်။

---

## အရက်၊ ဘီယာမရောင်းတဲ့ စမ်းချောင်းလမ်းက အသုပ်ဆိုင်

လက်ဖက်သုပ်၊ ဂျင်းသုပ်၊ ခရမ်းချဉ်သီးသုပ် စတဲ့ မြန်မာလက်ရာအသုပ်များအပြင် ရခိုင်သုပ်မျိုးစုံ၊ ရခိုင်ပဲသီးသုပ်၊ ရခိုင်ရုံးပတေသီးသုပ်နဲ့ ယိုးဒယားပဲသီးထောင်း၊ ယိုးဒယားသင်္ဘောသီးထောင်းတွေကို စားသုံးနိုင်မှာ ဖြစ်ပါတယ်။ အရက်၊ ဘီယာ ရောင်းချခြင်းမပြုတဲ့အပြင် ယူဆောင်ခွင့်လည်း ပေးမထားတာမို့ မိသားစုများ၊ မိတ်ဆွေများနဲ့ အေးအေးသက်သာ သုံးဆောင်နိုင်မှာပါ။ ရာသီစာသီးနှံသုပ်များနဲ့အတူ မှျစ်ကြော်၊ မုန်ညင်းရွက်ကြော်၊ မှိုကန်စွန်းပလိန်းကဲ့သို့သော အရွက်ကြော်များနဲ့ ဘဲခြေထောက်၊ ကြက်ခြေထောက် အရေခွံသုပ်၊ ပြည်ကြီးငါးသုပ်၊ ရေဘူသုပ်တွေလည်း ရနိုင်တာမို့ လမ်းညွှန်လိုက်ရခြင်းပါ။ ကြာဆံချက် မန္တလေးချက်ကိုလည်း အော်ဒါအပ်နှံပါက အပ်နှံသူစိတ်တိုင်းကျ လက်ခံဆောင်ရွက်ပေးနေတယ်လို့ ဆိုပါတယ်။

လိပ်စာ–
စတားမင်းအသုပ်ဆိုင်
အမှတ်–၁၀၄၊ အခန်း(၇)၊ မြေညီထပ်၊ စမ်းချောင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၁၂၃၅၆

## ကိုရီးယားအလှကုန်

မြန်မာ့ရုပ်မြင်သံကြားနဲ့ မြဝတီရုပ်မြင်သံကြားတို့ကနေ ကိုရီးယားဇာတ်လမ်းတွဲများ ပြသလာတာနဲ့အမျှ မြန်မာနိုင်ငံက အမျိုးသမီးတွေဟာလည်း ကိုရီးယားအိတ်၊ ကိုရီးယားဖိနပ်၊ ကိုရီးယားကလစ် စတာတွေကို ရွေးချယ်ဝယ်ယူသုံးစွဲလာကြတာ တွေ့မြင်ရပါတယ်။ အဲဒီလို ကိုရီးယားနိုင်ငံလုပ် အသုံးအဆောင်ကြိုက်နှစ်သက်သူတွေ အဆင်ပြေနိုင်အောင်လို့ ကိုရီးယားနိုင်ငံလုပ် Candy Shop အမှတ်တံဆိပ် အလှကုန်ပစ္စည်းအမျိုးမျိုး ရောင်းချပေးနေတဲ့နေရာကို လမ်းညွှန်ပေးလိုက်ပါတယ်။ အဲဒီမှာ နိုင်ငံခြားဖြစ်နာမည်ကြီးရေမွှေးအမျိုးမျိုးနဲ့ Kanebo, Revlon အလှကုန်တွေကိုလည်း ဝယ်ယူနိုင်တာ တွေ့ရပါတယ်။

လိပ်စာ–
PINK BEAUTY CENTER
အမှတ်–၃၅၊ ဗိုလ်ချုပ်အောင်ဆန်းဈေး အရှေ့ဘက်တန်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၄၀၉၆၆၊ လိုင်းခွဲ–၄၆၈



## သဘာဝကျောက်ပြားနဲ့ အလှဆင်ချင်ရင်

ဘုရားကျောင်းကန်တွေရဲ့ ပရိဝုဏ်တွေနဲ့ ရင်ပြင်တော်တွေမှာ နေပူခံကျောက်ပြားတွေကို လှူဒါန်းလိုရင်ပဲဖြစ်ဖြစ်၊ နေအိမ်၊ တိုက်ခန်းနဲ့ ရုံးခန်းတွေမှာ အလှဆင်လိုရင်ပဲဖြစ်ဖြစ်၊ မော်ကွန်းကျောက်စာ၊ အလှူကမ္ပည်းတင်ကျောက်စာများ ရေးထိုးလိုရင်ပဲဖြစ်ဖြစ် ဝယ်ယူရရှိနိုင်မယ့် နေရာတစ်ခုကို လမ်းညွှန်လိုပါတယ်။ အပ်နှံသူစိတ်တိုင်းကျဖြစ်စေဖို့ အလျား၊ အနံ၊ အထုအရွယ်အစားအမျိုးမျိုးကို ထုတ်လုပ်ရောင်းချပေးနေတယ်လို့ ဆိုပါတယ်။

လိပ်စာ–GGM Co., Ltd.

MGW တာဝါ၊ အမှတ်–၁၇၀/၁၇၆၊ အခန်း–၄၁၀၊ ဗိုလ်အောင်ကျော်လမ်း (အလယ်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၅၆၅၈၀၊ ၂၅၆၈၆၀၊ ၂၅၆၅၉၁၊ ၂၅၆၅၉၃၊ ဖက်စ်–၂၅၆၈၆၇

E-mail:ggmyn@myanmar.com.mm
goldenglobe@myanmar.com.mm

## အဘိဓာန် Website

Online မှတစ်ဆင့် မိမိမသိတဲ့ အင်္ဂလိပ်စာလုံးများကို ရှာဖွေလိုလျှင် အဘိဓာန် Website တစ်ခုကို လမ်းညွှန်လိုက်ပါတယ်။ ထိုအဘိဓာန်မှာ Cambridge Advanced Dictionary ဖြစ်ပါတယ်။ Website လိပ်စာကတော့ www.dictio-nary.cambridge.org ဖြစ်ပါတယ်။ အမြဲတမ်းသုံးမယ်ဆိုရင် Favourites ထဲမှာ Website လိပ်စာကို ရိုက်ထည့်၍ အချိန်မရွေး သုံးနိုင်ပါတယ်။

## အမျိုးသားများအတွက် အဝတ်အစားနဲ့ အသုံးအဆောင်များ သီးသန့်ရောင်းချပေးတဲ့ဆိုင်

အမျိုးသားအသုံးအဆောင်ပစ္စည်းတွေနဲ့ အဝတ်အထည်တွေ သီးသန့်ရောင်းချပေးနေတဲ့ ဒဂုံစင်တာက ဆိုင်တစ်ဆိုင် ဖြစ်ပါတယ်။ ဆောင်းရာသီဖြစ်လို့ အမျိုးသားများအတွက် သိုးမွှေးဦးထုပ်တွေကလည်း အရောင်အသွေးစုံ အမျိုးအစားပါ အစုံအလင်ရရှိနိုင်တာ တွေ့ရပါတယ်။

ပစ္စည်းအမျိုးအစားစုံလင်ပြီး အရောင်းဝန်ထမ်းတွေရဲ့ ဝန်ဆောင်မှုကလည်း ဝယ်ယူသူတွေကို စိတ်ကျေနပ်မှု ရစေပါတယ်။ ဒဂုံစင်တာကိုရောက်လို့ ဝယ်ယူချင်ရင်–

လိပ်စာ – PRESIDENT Fashion

အမှတ်–၈၊ ပထမထပ်၊ ဒဂုံစင်တာ၊ ပြည်လမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၂၆၉၆၀၊ ၅၂၆၉၇၁၊ ၅၃၄၇၅၅၊ (လိုင်းခွဲ–၁၀၉၊ ၁၁၀)

E-mail:president@myanmar.com.mm
Website:www.yangoncity.com.mm/atoz/president
www.e.commerce.com.mm.president



## ဆိုင်ဖွင့်နိုင်မယ့် အပ်ချုပ်သင်တန်း

အပ်ချုပ်ဆိုင် ဖွင့်လှစ်လိုသူတွေအတွက် သင်တန်းတစ်ခုကို လမ်းညွှန်လိုက်ပါတယ်။ ဘာသာစုံသင်တန်း တက်ပြီးတာနဲ့ ဆိုင်ဖွင့်နိုင်မှာ ဖြစ်တယ်လို့ ဆိုပါတယ်။ အင်္ကျီရှေ့ခြမ်း လည်ပင်းကပ်အောင် ချုပ်နည်းနဲ့ ခန္ဓာကိုယ်နဲ့ တစ်ထပ်တည်းကျအောင် ချုပ်နည်းတို့ကို သင်ကြားပေးမှာဖြစ်တယ်လို့ သိရပါတယ်။

ဆက်သွယ်ရန်လိပ်စာ – Top အမျိုးသမီးအပ်ချုပ်သင်တန်း
အမှတ်–၈၄၊ ရှမ်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၃၇၈၇၆

## အသားအရေ အလှပြုပြင်လိုသူများအတွက်

မိမိတို့မျက်နှာပေါ်မှာဖြစ်တတ်တဲ့ ဝက်ခြံ၊ တင်းတိပ်များ၊ မှဲ့များကို ဖယ်ရှားလိုသူများ၊ မျက်လုံးပတ်ဝန်းကျင်အရေတွန့်ခြင်း၊ အသားအရေလျော့တွဲခြင်းတွေကို ကာကွယ်ကုသလိုသူများအတွက် ဆိတ်ငြိမ်အေးဆေးတဲ့ Beauty Center တစ်ခုကို ညွှန်ပြပါရစေ။ တစ်ဦးချင်းစီကို သီးသန့်အခန်းတွေနဲ့ မလေးရှား အလှပညာရှင်ကိုယ်တိုင် လေ့ကျင့်ပေးထားတဲ့ ဆိုင်ဝန်ထမ်းတွေက တာဝန်ယူပြုပြင်ပေးမယ်လို့ ဆိုပါတယ်။ ခန္ဓာကိုယ်မှ အဆီပို ချချင်သူတွေအတွက်လည်း ခေတ်မီနည်းပညာတွေသုံးပြီး အဆီချပေးပါတယ်။ မလေးရှားနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနမှ ထောက်ခံချက်ရထားတဲ့ Herbal Skin Product တွေကိုပဲ အသုံးပြုတာမို့ ဓာတ်မတည့်ခြင်းများ လုံးဝမဖြစ်ရအောင် အာမခံတယ်လို့ ဆိုပါတယ်။

CLARA Beauty Center
အမှတ်–၂၅၊ ၈ မိုင်လမ်းဆုံအနီး၊ မြိုင်ဟေဝန်ပန်းခြံရှေ့၊ ကမ္ဘာအေးဘုရားလမ်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

## သုတေသနလုပ်လိုသူများ အသုံးတည့်မယ့် စာကြည့်တိုက်

ကုလသမဂ္ဂ၊ စားနပ်ရိက္ခာ၊ စိုက်ပျိုးရေးလုပ်ငန်းများကို စာတမ်းပြုစုနေသူများအတွက် ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ရဲ့ Reference Library ကို ညွှန်ပြပါရစေ။ FAO စာကြည့်တိုက်မှာ ကုလသမဂ္ဂဆိုင်ရာ စာအုပ်စာတမ်းများ၊ စိုက်ပျိုးရေးဆိုင်ရာ သုတေသနစာတမ်းများ၊ မြန်မာနိုင်ငံရဲ့ ဆန်စပါးနဲ့ တခြားကောက်ပဲသီးနှံများရဲ့ နှစ်အလိုက် ထွက်ရှိမှုမှတ်တမ်းများနဲ့ တခြားစိုက်ပျိုးရေးစာအုပ်များကို အထောက်အထားကတ်ပြပြီး ငှားရမ်းကြည့်ရှုနိုင်တယ်လို့ ဆိုပါတယ်။ လာရောက်လေ့လာသူများလည်း ရုံးချိန်အတွင်း လာရောက်ဖတ်ရှုနိုင်ပါတယ်။

ဆက်သွယ်ရန်–
ဦးမောင်မောင်(စာကြည့်တိုက်မှူး)
FAO ရုံး၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၆၄၁၆၇၂၊ ၆၄၁၆၇၃



# "ရွှေ" ပညာသင်မလား

ရွှေဆိုင်ဖွင့်ချင်လို့ပဲဖြစ်ဖြစ်၊ ရွှေအတုအစစ် ခွဲခြားတတ်ချင်လို့ပဲဖြစ်ဖြစ် ရွှေနဲ့ပတ်သက်တဲ့ အကြောင်းအရာတွေကို သင်ယူနိုင်မယ့်နေရာကို လမ်းညွှန်ပေးလိုက်ပါတယ်။ ရွှေရည်စပ်နည်း၊ ပန်းထိမ်အပ်နည်း၊ ရွှေထည်ကျောက်ထည် ဝယ်ရောင်းနည်း၊ ရွှေချွတ်နည်း စတာတွေကို သင်ကြားပေးနေတယ်လို့ ဆိုပါတယ်။ ရွှေဈေးကွက်ရေးရာနဲ့ အပေါင်ခံနည်းတို့လည်း ပါဝင်တဲ့အပြင် ရွှေဆိုင်ဖွင့်နိုင်တဲ့အထိ ကူညီပေးမယ်လို့ ဆိုပါတယ်။ သင်တန်းနဲ့ ပတ်သက်ပြီး အသေးစိတ်သိချင်ရင်တော့ ဆက်သွယ်မေးမြန်းနိုင်အောင်လို့ လိပ်စာတွေကို ဖော်ပြပေးလိုက်ပါတယ်။

- ထိပ်တန်းအောင် ရတနာရွှေဆိုင်
  အမှတ်-၁၀၊ မျက်နှာစာတန်း၊ ကျောက်မြောင်းဈေး၊ ကျိုက္ကဆံလမ်း၊
  တာမွေမြို့နယ်၊ ရန်ကုန်။ ဖုန်း-၅၄၆၈၀၀၊ လိုင်းခွဲ-၃၁၀
- သန်းဖြိုး ရတနာရွှေဆိုင်နှင့် နာရီစတိုး
  အမှတ်-၂၆၅၊ ပြည်လမ်းနှင့် ဗားကရာလမ်းထောင့်၊ မြေနီကုန်းမီးပွိုင့်အနီး၊
  စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-၅၂၅၅၇၉၊ ၇၂၃၂၇၆၊ ၅၀၅၆၃၆

# အလှကုန်ပစ္စည်း ကိုယ်တိုင်ထုတ်လုပ်လိုလျှင်

မြန်မာနိုင်ငံမှာ ပုဂ္ဂလိကကဏ္ဍက ပထမဦးဆုံး စီစဉ်ဖွင့်လှစ်လိုက်တဲ့ အလှကုန်ပစ္စည်း ထုတ်လုပ်မှု အခြေခံသင်တန်းဖြစ်ပါတယ်။ အဓိကအလှကုန်အုပ်စုကြီး သုံးခုဖြစ်တဲ့ အသားအရေအလှကုန် (Skin Care)၊ ဆံကေသာအလှကုန် (Hair Care) နဲ့ ရေချိုးခန်းသုံးပစ္စည်းများ (Toiletries) အနက် မိမိနှစ်သက်ရာအုပ်စုကို ရွေးချယ်တက်ရောက်နိုင်ပြီး သင်တန်းကာလမှာ တစ်လစီ ကြာမြင့်မယ်လို့ ဆိုပါတယ်။ သင်တန်းမှာ မပျော်ရည်နှောသဘောတရားများ၊ ကုန်ကြမ်းအသုံးပြုပုံနှင့် အချက်အလက်များ၊ ထိန်းဆေးနဲ့ ဓာတ်တိုးတားပစ္စည်း အသုံးပြုပုံများ၊ ကုန်ချောအရည်အသွေးထိန်းချုပ်မှုနှင့် အလှကုန်ထုတ်လုပ်ရာမှာ အသုံးပြုတဲ့ စက်ပစ္စည်းကိရိယာများအကြောင်းကိုပါ ရန်ကုန်တက္ကသိုလ် ဓာတုဗေဒဌာနနဲ့ ကုန်ထုတ်ဓာတုဗေဒဌာနတို့မှ သင်တန်းဆင်းပညာရှင်များကိုယ်တိုင် စာတွေ့လက်တွေ့ သင်ကြားပို့ချပေးသွားမယ်လို့ သိရပါတယ်။ သင်တန်းပြီးဆုံးသွားပြီး အလှကုန် ကိုယ်တိုင်ထုတ်လုပ်လိုပါက ကုန်ကြမ်းရရှိအောင်ပါ စီစဉ်ဆောင်ရွက်ပေးမယ်လို့ ဆိုပါတယ်။

လိပ်စာ- အလှကုန်ပစ္စည်းထုတ်လုပ်မှု အခြေခံသင်တန်း AKG Computer Centre
အမှတ်-၁၀၊ ပထမထပ်၊
(နှင်းစားတော်ဆက် အပေါ်ထပ်)၊
လှည်းတန်းမီးပွိုင့်အနီး၊ လှည်းတန်းလမ်း၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်။



# ရန်ကုန်မြို့တော်အတွင်းက Shopping Centre များ

ဖက်ရှင်အသုံးအဆောင်တွေ၊ လူသုံးကုန်ပစ္စည်းတွေ ရောင်းချတဲ့ဆိုင်တွေ တဖြည်းဖြည်း များပြားလာတာနဲ့အမျှ ဝယ်ယူလိုသူတွေကလည်း လျော့နည်းသွားလှတယ် မရှိလှပါဘူး။ Shopping Centreကြီးတွေမှာတော့ လိုအပ်တဲ့ပစ္စည်းတွေကို တစ်နေရာတည်းမှာ ရွေးချယ်ဝယ်ယူနိုင်သလို မဝယ်ဖြစ်ရင်တောင် ဝန်ဆောင်မှုတွေနဲ့ ပစ္စည်းအထားအသို၊ အခင်းအကျင်းတွေကြောင့် Window-Shoppingလုပ်လို့ ရနိုင်မှာပါ။ ဒါ့အပြင် Shopping Centreကြီးတွေမှာ ဈေးရောင်းပွဲတော်တွေ၊ မော်ဒယ်လ်ရှိုးတွေ စတဲ့ အရောင်းမြှင့်တင်ပွဲတွေကြောင့်လည်း လူစည်ကားနေတတ်ပါတယ်။ ဒါကြောင့် ဈေးဝယ်လိုရင်ပဲဖြစ်ဖြစ်၊ စိတ်လွတ်လပ်ပေါ့ပါးသွားအောင် Window-Shopping လုပ်လိုရင်ပဲဖြစ်ဖြစ် အဆင်ပြေစေနိုင်ဖို့ ရန်ကုန်မြို့တော်အတွင်းက ဈေးဝယ်နိုင်မယ့် Shopping Centre အချို့ကို စုစည်းဖော်ပြပေးလိုက်ပါတယ်။

❑ **စိန်ဂေဟာစူပါစင်တာ**
အမှတ်–၄၄၊ ပြည်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။
ဖုန်း–၃၈၃၈၁၂၊ ၃၇၉၈၂၃၊ ၂၅၄၄၄၆

❑ **Orange Supermarket**
အမှတ်–၆၈၆/၆၈၉၊ မဟာဗန္ဓုလလမ်းနှင့် ၁၉ လမ်းထောင့်၊ လသာမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၅၂၇၈၀၊ ၃၈၀၉၇၆

❑ **Excel Shopping Mall**
အမှတ်–၅၂၀၊ Excel Treasure Tower၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၅၉၃၇၇

❑ **Sandar Myaing Shopping Centre**
လှည်းတန်းဈေးရှေ့၊ လှည်းတန်းလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။

❑ **Dagon Centre**
မြေနီကုန်းမီးပွိုင့်အနီး၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၀၃၈၇၃–၄–၅၊ ၅၀၃၅၁၆–၇–၈–၉၊ ဖက်စ်–၅၀၄၅၂၈၊
E-mail : DAGON@mptmail.net.mm

❑ **Yankin Centre**
ဆရာစံလမ်းနှင့် စက်မှု(၁)လမ်းထောင့်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၄၄၆၆၂

❑ **လပြည့်ဝန်းပလာဇာ**
အမှတ်–၃၇၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။
ဖုန်း–၂၄၂၀၁၁၊ ၂၄၂၀၂၂၊ ဖက်စ်–၅၂၄၁၄၄

❑ **Junction 8 Shopping Centre**
မြိုင်ဟေဝန်ကွန်ဒို၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၆၅၀၇၇၁–၅

❑ **Blazon**
- အမှတ်–၇၂၊ ဦးဝိစာရလမ်းနှင့် ချင်းတွင်းလမ်းထောင့်၊ ပင်လုံထိပ်ထားအိမ်ရာ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၃၈၃၄၇၊ ၅၃၈၃၄၈၊ ၇၂၁၃၅၀၊ ၇၂၁၃၄၉၊ ဖက်စ်–၅၀၂၁၅၆
- အမှတ်–၄၆၂၊ လမ်း ၈၀၊ ၂၈ × ၂၉ လမ်းကြား၊ မန္တလေး။ ဖုန်း–၀၂–၄၄၀၇၄၊ ၀၂–၃၆၁၀၇
  E-mail : info@creation.com.mm

❑ **Pearl Condominium**
ကမ္ဘာအေးဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၇၀၃၃၀၇၊ ၅၅၄၉၀၂၊ ၅၅၈၄၉၀၊ ၅၄၅၀၆၂၊ ၂၅၄၅၁၀၊ ဖက်စ်–၂၅၀၂၅၂
E-mail : asiaplaza@mptmail.net.mm

❑ **Super One Shopping Centre**
- အမှတ်–၆၅၊ လေးထောင့်ကန်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၄၅၈၇၁–၃
- ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ရွှေဘုံသာလမ်းထောင့်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၅၁၅၁၃၆၊ ၇၀၃၄၀၉၊ ၇၀၄၀၅၉

❑ **ဂမုန်းပွင့်ကုန်တိုက်**
- အမှတ်–၂၄၅၊ ဗားကရာလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၂၆၉၂၈၊ ၅၂၄၉၆၃
- အမှတ်–၄၆၀၊ ကုန်သည်လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၀၁၇၁၄၊ ၂၀၂၃၆၃
- ရှန်ဟိုင်းစင်တာ တတိယထပ်၊ မဟာဗန္ဓုလလမ်း၊ သိမ်ကြီးဈေး(D)ရုံ၊ လသာမြို့နယ်၊ ရန်ကုန်။

❑ **Victoria Fancy Shop**
အမှတ်–၂၇၊ ဘုရင့်နောင်လမ်း၊ ရွှေပုန်းညက်ရိပ်မွန်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၁၅၁၃၆၊ ၇၀၃၄၀၉၊ ၇၀၄၀၅၉

❑ **Yuzana Plaza**
ဗညားဒလလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၂၀၀၇၈၃၊ ၂၀၀၇၈၄

❑ **Yuzana Centre**
အမှတ်–၁၃၀၊ ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၄၀၇၅၀၊ ၅၄၀၇၄၉

- **Yuzana Supermarket**
  အမှတ်–၁၅၊ ဓမ္မစေတီလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၅၂၅၇၃၅၊ ၅၂၄၈၉၁
- **FMI Centre**
  အမှတ်–၃၈၀၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၄၀၄၀၀
- **Golden Ciry**
  အမှတ်–၁၆/၂၅၊ ဗားကရာလမ်း၊ ပဒုမ္မာအားကစားကွင်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၁၁၄၉၁၊ ၇၀၆၇၁၉
- **ရှန်ဟိုင်းကုန်တိုက်**
  အမှတ်–၄၂၀/၄၅၀၊ မဟာဗန္ဓုလလမ်း၊ သိမ်ကြီးဈေး(D)ရုံ၊ လသာမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၄၅၀၃၆၊ ၂၅၂၇၈၆၊
  ဖက်စ်–၂၄၅၀၃၆

# တိုင်ပျောက် အမိုးအမျိုးမျိုး တပ်ဆင်မယ်ဆိုရင်

အဆင့်မြင့်လူနေအိမ်ရာများ၊ Shopping Centre များ၊ စက်ရုံများ၊ ဟိုတယ်များမှာ တပ်ဆင်ဖို့အတွက် ခေတ်မီတိုင်ပျောက် အမိုးအမျိုးမျိုး အပ်နှံနိုင်တဲ့နေရာ ဖြစ်ပါတယ်။ ဒီဇိုင်း လုပခဲ့ညား မှုရှိပြီး အပ်နှံသူစိတ်တိုင်းကျ ဝန်ဆောင်မှုပေးနေတယ်လို့ ဆိုပါတယ်။

လိပ်စာ – Ruby Engineering Co., Ld.

အမှတ်–၁၀၆၆၊ စိုက်ပျိုးရေးပဒေသာလမ်း၊ (၁၁) ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၆၀၈၅၂

# မန္တလေးက မြန်မာဘူဖေး

မြန်မာ့ရိုးရာအစားအစာတွေကို တစ်နေရာတည်း တစ်ချိန်တည်းမှာ သုံးဆောင်နိုင်ပြီး နိုင်ငံခြားသားဧည့်သည်များကို ကျွေးမွေးရန် သင့်တော်တဲ့နေရာကတော့ မြန်မာဘူဖေးဆိုင်တွေပဲ ဖြစ်ပါတယ်။ အခုလမ်းညွှန်လိုတဲ့ မြန်မာဘူဖေးဆိုင်ကတော့ မန္တလေးမှာ ဖွင့်လှစ်ထားတာဖြစ်ပြီး ပုဂံက တိုးတိုးဝင်း ထမင်းဆိုင်ရဲ့ ဆိုင်ခွဲလည်း ဖြစ်ပါတယ်။ မြန်မာဘူဖေးအပြင် ထမင်းချိုင့်ဆွဲအော်ဒါများကိုပါ လက်ခံဆောင်ရွက်ပေးနေပြီး ည/မနက် ၂၅၀၀၀ ကျပ်၊ တစ်နပ် ၁၃၀၀၀ ကျပ်နဲ့ အိမ်အရောက်ပို့ နှစ်နပ်စာအတွက် ၂၆၅၀၀ ကျပ် ကျသင့်မှာ ဖြစ်တယ်လို့ သိရပါတယ်။

လိပ်စာ – ပုဂံတိုးတိုးဝင်း (မြန်မာဘူဖေးထမင်းဆိုင်)
လမ်း–၄၀၊ ၇၈× ၇၉ လမ်းကြား၊ မန္တလေး။ ဖုန်း–၀၂–၃၆၇၉၇

# စားသောက်ဆိုင်သစ်

- **မန္တလေး (စားဖွယ်မျိုးစုံ)**
  အမှတ်–၂၄၊ ဗဟိုလမ်းနှင့် ပြည်ထောင်စုရိပ်သာလမ်းထောင့်၊ အလုံမြို့နယ်၊ ရန်ကုန်။
- **ပွိုင့်ဝမ်း (မြန်မာစားသောက်ဖွယ်ရာ)**
  လမ်း–၈၀၊ ၂၅ လမ်းထောင့်၊ မန္တလေး။
- **ပုဂံတိုးတိုးဝင်း မြန်မာဘူဖေးထမင်းဆိုင်**
  လမ်း–၄၀၊ ၇၈× ၇၉ လမ်းကြား၊ မန္တလေး။
  ဖုန်း–၀၂–၃၆၇၉၇
- **ရွှေယုန်လေး ကြေးအိုးဆီချက်ဆိုင်ခွဲ(၄)**
  အမှတ်–၁၂၊ ရှမ်းကုန်းလမ်း၊ မြေနီကုန်း(မြောက်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
- **အေးသပြေ စားဖွယ်စုံ**
  ဆိုင်အမှတ်(၁)၊ အရိယမဂ္ဂင်လမ်းနှင့် အနော်ရထာလမ်းထောင့်၊ (၁၂)လုံးတန်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
- **မင်းစိတ်ကြိုက် (ကဖီးနှင့် စားသောက်ဆိုင်)**
  'ရာမ'အားကစားကွင်း၊ ဥယျာဉ်လမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၄၅၀၉၀

# ကလေးဝတ်အင်္ကျီလှလှ

ယောကျ်ားလေး၊ မိန်းကလေး ကလေးဝတ်အမျိုးမျိုး ရောင်းချပေးနေတာ ဖြစ်ပါတယ်။ POPEYE, DIVO, UNI-KID, POKEMON စတဲ့ ကလေးဝတ် နာမည်ကျော် အမှတ်တံဆိပ်တွေကို ရောင်းချပေးနေတာ တွေ့ရပါတယ်။ ယောကျ်ားလေးတွေ အဝတ်များတဲ့ ပါဝါရှိန်းဂျား၊ ဘတ်မန်း(န်)၊ စူပါမန်း(န်)၊ စပိုက်ဒါမန်း(န်) စတဲ့ အင်္ကျီတွေကိုလည်း ဈေးနှုန်းမှန်ကန်စွာနဲ့ ဝယ်ယူနိုင်မှာပါ။

ဝယ်ယူနိုင်မယ့်နေရာက–
ရွှေရည်ဦးဖက်ရှင်ရှော့ပ်
အမှတ်–J-6၊ ပထမထပ်၊ ယုဇနပလာဇာ၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။

L I V I N G C O L O R M A G A Z I N E
5 2 6 3 0 2

## အမျိုးသားသီးသန့်ဆံသဆိုင်များ

ဆံပင်အလှအပ ပြုပြင်ရေးဟာ လူတိုင်းအတွက် အဓိက ကျတဲ့ အခန်းကဏ္ဍတစ်နေရာကနေ ရှိနေပါတယ်။ အမျိုးသား များအတွက် ဆံပင်အလှအပ သက်သက်မဟုတ်ဘဲ သပ်သပ်ရပ်ရပ် ရှိနေစေဖို့ ဆံပင်ညှပ်ဆိုင်တွေနဲ့ ထိတွေ့ရခြင်းဟာ အမျိုးသမီး တွေထက် ကြိမ်ရေပိုများတာ တွေ့ရပါတယ်။ တချို့ကတော့ ဆံပင်ကုတ်ထောက်လာရင် မနေတတ်လို့၊ ဆံပင်ပုံသွင်းချင်လို့ စတဲ့ အချက်တွေကြောင့်ပါ။ ဒါကြောင့် ရန်ကုန်မြို့တော်အတွင်းက အမျိုးသားဆံပင်ညှပ်ဆိုင်အချို့ကို လက်လှမ်းမီသလောက် စုစည်းဖော်ပြပေးလိုက်ပါတယ်။

- **Dream Hair Style**
  **ဦးကိုဦး၊ ဦးဝင်းမောင်၊ ဦးကိုလတ်**
  တိုက်အမှတ်–၂၊ အခန်း–၁၂၊ ၈ မိုင်လမ်းဆုံ၊
  မြို့ပြအိမ်ရာ(မြောက်ခြမ်း)၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
- **BRIGHT STAR**
  – အမှတ်–၂၄/၁ (E-2)၊ ဗိုလ်ရာညွှန့်လမ်း၊
  ယောမင်းကြီးလမ်းနှင့် ဗိုလ်ရာညွှန့်လမ်းထောင့်၊
  ဒဂုံမြို့နယ်၊ ရန်ကုန်။ ဖုန်း–၇၂၀၆၄၂
  – အမှတ်–၂၅၂၊ ကျိုက္ကဆံလမ်း၊ ကျောက်မြောင်း၊
  တာမွေမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၅၆၈၈၁
- **Very Intelligent Person (VIP)**
  အမှတ်–၁၄၂၊ မြေညီထပ်၊ ၄၇ လမ်း(အထက်ဘလောက်)၊
  ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၉၀၆၃၈
- **Cool Cut (အမျိုးသားသီးသန့် ဆံပင်ညှပ်ဆိုင်)**
  အမှတ်–၃၅၂/၃၆၆၊ အခန်း–၅၊ ပထမထပ်၊
  မဟာဗန္ဓုလပန်းခြံလမ်း(အထက်)၊ ဘုရင့်နောင်ရုပ်ရှင်ရုံအနီး၊
  ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း–၃၇၆၄၄၈
- **New Top**
  အမှတ်–၁၈/၁၊ မဟာဗောဓိလမ်း၊ စမ်းချောင်းမြို့နယ်၊
  ရန်ကုန်။ ဖုန်း–၅၂၇၄၀၀
- **Romeo (2)**
  အမှတ်–၃၁၉၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊
  ရန်ကုန်။ ဖုန်း–၂၂၁၈၅၁
- **High Grade**
  အမှတ်–၁၇၊ သပြေညိုလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
- **Victory**
  အမှတ်–၈၆၊ ၂၁ လမ်း၊ လသာမြို့နယ်၊ ရန်ကုန်။

## စိန်အစစ်နဲ့ အတု ခွဲချင်သလား

မြန်မာအမျိုးသမီးတွေ အမြတ်တနိုးနဲ့ တန်ဖိုးထားပြီး ဝတ် ဆင်လေ့ရှိကြတဲ့ စိန် လက်ဝတ်ရတနာပစ္စည်းတွေ ဝယ်ယူတော့ မယ်ဆိုရင် စိတ်ချရအောင်လို့ အတုနဲ့အစစ် ခွဲခြားပေးနေတဲ့ နေရာတစ်ခုကို ညွှန်ပြလိုပါတယ်။ ဒါ့အပြင် ဝယ်ယူမယ့် ပစ္စည်း တွေအတွက် မျှတတဲ့ဈေးနှုန်း ခန့်မှန်းပေးခြင်းတို့ကိုလည်း အချိန် တိုအတွင်း ပိုင်ရှင်ရှေ့မှောက်မှာ ဆောင်ရွက်ပေးနေတယ်လို့ သိရ ပါတယ်။

လိပ်စာ–
မဏ္ဍိုင်ကျော် (စိန်စစ်/တု ခွဲခြားပေးခြင်း၊ အကဲဖြတ်ပေးခြင်းနှင့် မျှတဈေးဝန်ဆောင်မှု)
အမှတ်–၈၃၊ လေဆိပ်လမ်း၊ ၁၀ မိုင်ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၆၆၀၇၅၁

---

- **Golden Eye**
  အမှတ်–၃၇၇၊ ပထမထပ်၊ ရွှေဘုံသာလမ်း၊
  ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၅၃၂၁၈
- **Good Guy**
  မြေနီကုန်းပလာဇာ၊ မြေညီထပ်၊ မြေနီကုန်း၊
  စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
- **Than**
  အမှတ်–၂၀၅၊ ၃၅ လမ်း၊ ကျောက်တံတားမြို့နယ်၊
  ရန်ကုန်။ ဖုန်း–၂၈၇၇၆၅
- **ဝင်းဆံသ**
  ရွှေဂုံတိုင်လမ်း၊ အဝိုင်းကြီးထိပ်မှတ်တိုင်အနီး၊
  အောင်ချမ်းသာအိမ်ရာ၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
- **Gentleman**
  အမှတ်–၂၅၉၊ အနော်ရထာလမ်း၊ ပန်းဘဲတန်းမြို့နယ်၊
  ရန်ကုန်။ ဖုန်း–၂၄၅၉၅၇
- **Glory**
  ဆိုင်အမှတ်–၇၊ ပါရမီလမ်း၊ ချော်တွင်းကုန်း၊
  မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၆၆၅၉၉၆
- **Gold Fingers**
  အမှတ်–၃၉၂၊ ဗိုလ်ဆွန်ပက်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊
  ရန်ကုန်။ ဖုန်း–၂၄၆၁၅၂
- **Golden Bagan**
  အမှတ်–၂၃၁၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်၊
  ရန်ကုန်။ ဖုန်း–၇၀၈၇၂၉ ■

# လုပ်ငန်းသစ် ၊ ဆိုင်သစ်

- **အွန်စောနှင့် ဂျွန်စော (ကိုရီးယားစတိုင် အလှပြုပြင်ရေး)**
  တိုက်အမှတ်–၆၁(မြေညီထပ်)၊ ကမ္ဘာအေးဘုရားလမ်း (ပါရမီလမ်းထောင့်)၊ ချော်တွင်းကုန်းမီးပွိုင့်အနီး၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
- **အေးငြိမ်းသီတာ (ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီလီမိတက်နှင့် အရောင်းခန်းမ)**
  တိုက်–၁၊ အခန်း–၀၀၁၊ မြေညီထပ်၊ စက်ရုံလမ်းနှင့် အောင်သပြေလမ်းထောင့်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၀၁၅၅၄၊ ၇၀၅၀၁၀၊ ဖက်စ်–၂၀၁၅၅၄
  E-mail:antt@mptmail.net.mm
- **Compucopia**
  **Notebook PC Sales & Service**
  အမှတ်–၂၀၂၊ ဆိပ်ကမ်းသာလမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း–၃၇၁၃၃၆
- **ရွှေမင်းသမီး (အိမ်၊ ခြံ၊ မြေ ရောင်း/ဝယ် ငှားရမ်းခြင်း)**
  အမှတ်–၁၁၃၊ ၄၃ လမ်း(အောက်)၊ မြေညီထပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၅၀၄၆၅
- **Myanmar Bright Future Co., Ltd. (ရုံးခွဲ)**
  ဗိုလ်တောက်ထိန်လမ်း၊ စာတိုက်အနီး၊ မင်္ဂလာရပ်၊ ပျဉ်းမနားမြို့။
- **တိုနီထွန်းထွန်း အလှပြင်ခန်းမ (ဆိုင်ခွဲ–၂)**
  အမှတ်–၂၄၊ ဗဟိုလမ်းမကြီးနှင့် ပြည်ထောင်စုရိပ်သာလမ်းထောင့်၊ အလုံမြို့နယ်၊ ရန်ကုန်။
- **လာဘ်မိုးစွေ ထမင်းချိုင့်ပို့လုပ်ငန်း**
  အမှတ်–၂၀၅(က)၊ ပိတောက် (၅)လမ်း၊ မြို့သစ်(ဂ)ရပ်ကွက်၊ ဘုရင့်နောင်ရိပ်သာ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်။
  ဖုန်း–၆၄၃၀၃၀
- **He Qin Mobile(ဟိုကျင်း–လက်ကိုင်ဖုန်းအမျိုးမျိုး ပြုပြင်ရောင်းဝယ်ရေး)**
  အမှတ်–၂၈၀(A)၊ ၂၇ လမ်းနှင့် ၂၈ လမ်းကြား၊ အနော်ရထာလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
- **လင်း (အိမ်ချက်ထမင်းချိုင့်ပို့လုပ်ငန်း)**
  အမှတ်–၁၈၊ သစ်တောလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၂၂၉၅၂၇၊ ၂၂၅၁၅၁
- **မိုးနတ်မယ် (ဆံပင်၊ မိတ်ကပ် အလှပြုပြင်ရေး)**
  အမှတ်–၅၈၊ ပြည်မြန်မာကုန်တိုက် အနောက်ဘက်တန်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
- **Kyaw Digital Photo & Kyaw Computer Mart**
  အမှတ်–၁၉၀/၁၉၄၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
- **လှလွန်းလို့ (ဆိုင်ခွဲသစ်)**
  **အဆီချလုပ်ငန်းနှင့် အဆီချစက်၊ အဆီကျလိမ်းဆေး ရောင်းဝယ်ရေး**
  အမှတ်–၂၅(B)၊ မြေညီထပ်၊ နဝဒေးလမ်း၊ အ.ထ.က(၁)၊ ဒဂုံနံဘေး၊ ဒဂုံမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၈၄၂၈၇
- **အလှကုန်ထုတ်လုပ်ရေးသင်တန်း**
  **AKG Computr Centre**
  အမှတ်–၁၀၊ ပထမထပ်၊ လှည်းတန်းလမ်း၊ လှည်းတန်းမီးပွိုင့်အနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
- **Image Video**
  အမှတ်–၁၂၉၊ လမ်း ၄၀(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
- **Good Health ကျန်းမာရေးနှင့် အလှအပဂျာနယ်**
  သုတစွယ်စုံစာအုပ်တိုက်၊ အမှတ်–၉၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၀၀၅၁၂
- **Golden Net Computer Training Center**
  အမှတ်–၂၃(ပ–ထပ်)၊ လမ်းသစ်လမ်း၊ နံ့သာကုန်းလမ်းထိပ်၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်။
- **သပြေ ကွန်ပျူတာစာစီ၊ မိတ္တူ၊ ဖိတ်စာလုပ်ငန်း**
  တိုက်(၂၈)၊ အခန်း(၁)၊ ကြို့ကုန်းရိပ်သာ၊ အနောက်ကြို့ကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်။
- **Asia Born (Desktop Publishing & Media Group)**
  အမှတ်–၂၁၈၊ ဆိပ်ကမ်းသာလမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၉၅၁–၃၈၃၈၄၁၊ ၇၂၇၇၀၉

# သွေးဆေးကောင်းကောင်း

အိပ်မပျော် မူးမော်သူများ အားအင်ကုန်မောပန်းသူများ၊ မီးယပ်သွေးအားနည်းရောဂါများ သောက်သုံးနိုင်ပါတယ်။ သဘာဝ တိုင်းရင်းဆေးအမယ်များနဲ့ တိုင်းရင်းဆေးဒီပလိုမာဘွဲ့ရသမားတော်ကိုယ်တိုင် ထုတ်လုပ်ထားတာမို့ သောက်သုံးကြည့်သူတိုင်း အကျိုးထူးစေမှာဖြစ်တယ်လို့ ထုတ်လုပ်သူများက ဆိုပါတယ်။ တိုင်းရင်းဆေးဝါး မှတ်ပုံတင်ထားပြီးသား ဖြစ်ပါတယ်။
ဆက်သွယ်လိုလျှင် – 'အေး' နှလုံးအဘိညာဉ်ဆေး
အမှတ်–၉၀၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။

# အားကစားနှင့် ဆက်စပ်ပစ္စည်းများ

ကိုယ်လက်လှုပ်ရှား အားကစားလုပ်လိုသူတွေနဲ့ အားကစားပစ္စည်းတွေ၊ အဝတ်အထည် အသုံးအဆောင်တွေ ဝယ်ယူလိုသူတွေအတွက် အားကစားပစ္စည်းတွေနဲ့ အားကစားအဝတ်အထည်တွေ ရောင်းချပေးနေတဲ့ နေရာတချို့ကို ဖော်ပြပေးလိုက်ပါတယ်။ အားကစားအဝတ်အထည်တွေပဲ ရောင်းတဲ့ဆိုင်ရှိသလို အားကစားပစ္စည်းတွေပဲ ရောင်းတဲ့ဆိုင်လည်း ရှိပါတယ်။

- **Winner အားကစားပဒေသာ**
  အမှတ်-၃၆၈၊ မဟာဗန္ဓုလပန်းခြံလမ်း(အထက်)၊
  ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
  ဖုန်း-၃၇၅၃၁၃၊ ၅၃၂၄၈၈၊ ၀၉-၉၉-၂၃၇၅၃
  E-mail : taukhtunsport@mptmail.net.mm
- **T.No Sport Centre**
  အမှတ်-၃၇၉၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊
  ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-၂၅၃၅၈၀
- **U TIN AYE SPORTS WEAR & GOODS SHOP**
  အမှတ်-၁၀၇၊ ၂၃ လမ်း၊ လသာမြို့နယ်၊ ရန်ကုန်။
  ဖုန်း-၂၄၂၂၅၁
- **MEE MEE LAY STORE**
  အမှတ်-၃၈၅/၃၈၇၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊
  ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-၃၇၅၆၁၃
- **Champion**
  မြို့မကျောင်းလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။
  ဖုန်း-၇၀၃၉၄၇၊ ၇၀၃၄၃၁
- **Apex Sports Ltd.**
  အမှတ်-၆၃(C)၊ ပြည်လမ်း၊ ၆ မိုင်ခွဲ၊ လှိုင်မြို့နယ်၊
  ရန်ကုန်။ ဖုန်း-၆၆၄၂၁၀၊ ဖက်စ်-၆၅၁၅၆၃
- **Aung Naing Yae**
  အမှတ်-W(5/6)၊ ဂျိုးဖြူလမ်း၊ အောင်ဆန်းအားကစားကွင်း
  အနောက်ဘက်တန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
  ဖုန်း-၇၀၁၉၅၅
- **CHAMPION ONE Sports Centre**
  အမှတ်-၁၃၀၊ မြေညီထပ်၊ ၂၅ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊
  ရန်ကုန်။ ဖုန်း-၂၅၁၉၁၇၊ ၃၇၂၂၇၅
- **မျိုးတင့်ဆွေ ဘောင်းဘီ**
  အမှတ်-၄၀၈၊ သိမ်ကြီးဈေး(ဘီ)ရုံ၊ ပန်းဘဲတန်းမြို့နယ်၊
  ရန်ကုန်။ ဖုန်း-၃၇၀၆၂၂၊ လိုင်းခွဲ-၆၅၇၊ ၅၄၈၅၇၅
- **Raffles Snooker**
  ပဉ္စမထပ်၊ သိမ်ကြီးဈေး(D)ရုံ၊ ရွှေတိဂုံဘုရားလမ်း၊
  လသာမြို့နယ်၊ ရန်ကုန်။ ဖုန်း-၂၄၀၆၀၀၊ လိုင်းခွဲ-၃၃၂
- **အာရှထရာ ဘီလီယက်ခုံနှင့် အပိုပစ္စည်းအရောင်းစင်တာ**
  အမှတ်-၅၇၊ အခန်း-E/F၊ ပထမထပ်၊ ကိုယ့်မင်းကိုယ့်
  ချင်းလမ်း၊ ရေတာရှည်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း-၂၉၅၉၀၀၊ ၂၈၇၀၉၆
- **FIVE STAR SPORTS WEAR**
  အမှတ်-၁၂၉၊ ပထမထပ်(ဝဲ)၊ ရွှေတောင်တန်းလမ်း၊
  လသာမြို့နယ်၊ ရန်ကုန်။ ဖုန်း-၂၂၈၃၆၂
- **Trendy**
  အမှတ်-၁၃၊ ပထမထပ်၊ ရန်ကင်းစင်တာ၊ ဆရာစံလမ်းနှင့်
  စက်မှု(၁)လမ်းထောင့်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း-၇၂၀၈၂၁
- **Sports World**
  အမှတ်-၃၁၇၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊
  ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
- **December**
  အမှတ်-၃၀၊ သိမ်ကြီးဈေး(D)ရုံ၊ လသာမြို့နယ်၊
  ရန်ကုန်။ ဖုန်း-၂၅၀၇၄၅
- **FORWARD ENTERPRISE BADMINTON SHUTTLE COCK DISTRIBUTOR**
  အမှတ်-၇၄၊ ၁၁ လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။
  ဖုန်း-၂၂၄၄၀၅၊ ၇၀၆၉၀၂
- **Olympic**
  အမှတ်-၅၁၊ ပထမထပ်၊ လမ်းသစ်လမ်း၊
  လမ်းမတော်မြို့နယ်၊ ရန်ကုန်။ ဖုန်း-၂၂၉၉၂၉
- **Akartun**
  - အမှတ်-၁၉၆၊ သိမ်ကြီးဈေး(B)ရုံ၊ ပန်းဘဲတန်းမြို့နယ်၊
  ရန်ကုန်။ ဖုန်း-၂၄၀၆၀၀၊ လိုင်းခွဲ-၅၉၈
  - အမှတ်-၄၈၈၊ မိုးကုတ်လမ်း၊ စက်မှုဇုန်(၁)၊
  ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်။ ၀၉-၉၉-၂၇၆၆၁
- **National Olympic Co., Ltd.**
  အမှတ်-၂၀(A)၊ အောင်ဆန်းအားကစားကွင်း
  (တောင်ဘက်တန်း)၊ ကွမ်းခြံလမ်း၊ မင်္ဂလာတောင်ညွန့်
  မြို့နယ်၊ ရန်ကုန်။ ဖုန်း-၂၄၀၃၁၉၊ ၃၇၃၀၈၈၊ ၂၈၅၉၀၆၊
  ဖက်စ်-၂၄၀၁၀၂၊ ၂၄၉၈၆၅၊ ၂၅၃၅၈၁ ■

# လက်ကိုင်ဖုန်း အပိုပစ္စည်းဆိုင်များ

- **Khine May Kha (Mobile Mart)**

  အမှတ်–၂၇၄၊ အခန်း–G(2)၊ MAC Building၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၇၁၀၇၁၆၊ ၅၂၆၃၁၄၊ ၅၂၆၃၁၅၊ ၀၉–၅၀၁၆၁၂၃၊ ၀၉–၈၀၃၄၉၉၉

- **Best Seller**

  အမှတ်–၆/ ၇/ ၈/ ၉၊ မြေညီထပ်၊ တော်ဝင်ပလာဇာ၊ စက်ရုံလမ်းနှင့် ဗိုလ်မင်းရောင်လမ်းထောင့်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၀၉–၈၀၂၂၅၄၄၊ ၀၉–၈၀၃၂၄၀၂

- **အရိန္ဒမာ**

  – S-၃၀၊ မျက်နှာစာတန်း၊ (မြေညီထပ်)၊ ယုဇနပလာဇာ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၀၀၇၄၇ (လိုင်းခွဲ–၁၅၂၁)၊ ၀၉–၅၀၁၁၅၆၅၊ ၀၉–၉၉၂၄၁၇၁

  – ဆိုင်အမှတ်–E၊ ၃၅ လမ်း၊ ၈၀× ၈၁ လမ်းကြား၊ ချမ်းအေးသာဇံရပ်၊ မန္တလေး။ ဖုန်း–၀၂–၆၅၀၂၂၊ ၀၉–၅၀၀၅၃၉၅

- **ဟိုကျင်း (လက်ကိုင်ဖုန်းအမျိုးမျိုး ရောင်းဝယ်ပြုပြင်ရေး)**

  အမှတ်–၂၈၀(A)၊ ၂၇× ၂၈ လမ်းကြား၊ အနော်ရထာလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။

- **Mobile Star**

  အခန်း–၃၁၁၊ Level-3၊ လပြည့်ဝန်းပလာဇာ၊ အမှတ်–၃၇၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၄၂၀၁၁–၂၂၊ ၃၇၀၈၃၆–၃၉ (လိုင်းခွဲ–၃၁၁) ဖုန်း–၀၉–၅၀၀၀၄၉၉

- **Kyaw Brothers**

  – အမှတ်–J-၆၊ ဒုတိယထပ်၊ ယုဇနပလာဇာ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။

  – အမှတ်–P-8-9-10၊ ပထမထပ်၊ ယုဇနပလာဇာ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၀၀၇၄၇ (လိုင်းခွဲ–၃၆၉၆)

- **Golden Spider**

  အမှတ်–၄၅၉၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၄၄၁၂၄၁၀၊ ၅၄၀၇၁၃၊ ၇၀၉၇၆၉၊ ၀၉–၅၀၁၁၅၁၁

- **Mobile King**

  – အမှတ်–A-31၊ ပထမထပ်၊ ယုဇနပလာဇာ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၉၂၈၈၉၊ ၀၉–၅၀၀၆၂၆၁၊ ၂၀၀၇၄၇ (လိုင်းခွဲ–၂၈၈၉)

  – အမှတ်– ၁၉၇၊ ၃၆ လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း–၀၉–၈၀၃၃၄၃၄

- **Fascino**

  အမှတ်–၈၅/ ၈၇၊ ဗိုလ်ဆွန်ပက်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၄၆၁၀၅၊ ၇၂၄၄၉၆

- **ALIF**

  အမှတ်–၁၇၀၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၄၂၆၄၃၊ ၂၄၅၁၀၇
  E-mail:ALIF@mptmail.net.mm

- **Orbit**

  အမှတ်–၃၉/ ၄၁၊ ဗိုလ်ရွဲလမ်း၊ လသာမြို့နယ်၊ ရန်ကုန်။ ဖုန်း–၃၇၃၈၆၇
  E-mail:orbitdigital@cybertech.net.mm

- **Hla Han & Sons**

  အမှတ်–၃၉၈၊ ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၄၉၈၉၆၊ ၀၉–၅၀၀၃၇၈၄

- **HNINN SI CO., LTD.**

  အမှတ်–၂၁၃/ ၂၁၅၊ ဗိုလ်တထောင်ဘုရားလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၉၉၉၄၂၊ ၂၀၃၄၇၅

- **Megatech**

  အမှတ်–၄၁၊ ၁၈ လမ်း(အောက်)၊ လသာမြို့နယ်၊ ရန်ကုန်။ ဖုန်း–၇၁၀၂၈၆၊ ၀၉–၅၀၀၁၁၈၂

■

# HDPE ပလတ်စတစ်ဆေးဘူးအမျိုးမျိုးကို နေ့ချင်းပြီး လိုသလောက် မှာယူနိုင်တဲ့နေရာ

အရည်အသွေးမီ ပလတ်စတစ်ဆေးဘူး (HDPE) ဘူးအမျိုးမျိုးကို နိုင်ငံခြားစံချိန်မီစက်ကြီးများနဲ့ နေ့ချင်းပြီး ဆောင်ရွက်ပေးနေတာ တွေ့ရပါတယ်။ ပြင်ပအော်ဒါများကိုလည်း လက်ခံဆောင်ရွက်ပေးတဲ့အပြင် ခေတ်မီဒီဇိုင်း မိုလ်ပုံစံများအတွက်လည်း စိတ်တိုင်းကျ လက်ခံဆောင်ရွက်ပေးနေတယ်လို့ ဆိုပါတယ်။ ပလတ်စတစ်အိတ်အမျိုးမျိုးအတွက် အော်ဒါများကိုလည်း မှာယူနိုင်မှာပါ။

လိပ်စာ–
Asia Star
အမှတ်–(၁၈၅)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ သမိုင်းလမ်းဆုံ၊ ဘုရင့်နောင်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၆၆၁၉၈၉၊ ၆၆၁၉၂၆

# နေရာပြောင်း ၊ လိပ်စာသစ်

- **GUNKUL ENGINEERING & FRESH AIR CONDITIONING**
  အမှတ်–၄၃၇(A)၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
  ဖုန်း–၅၀၂၀၁၆၊ ၅၀၂၀၁၇၊ ၅၀၂၀၁၈၊ ၅၂၅၆၈၂၊
  ၇၀၄၇၂၆၊ ၂၄၇၁၈၄ ဖက်စ်–၅၂၇၆၀၄
  E-mail:contact@gkmyanmar.com.mm
  freshaircon@gkmyanmar.com.mm
- **အိုခယ်ခ သဃ်န်းတိုက်**
  အမှတ်–၉၈၊ ကုန်ဈေးတန်းလမ်း(အောက်) ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၈၀၃၉၃၊ ၂၅၀၇၂၈
- **Neo-Tech (Computer Store & Services)**
  အမှတ်–၂၂၁၊ မြေညီထပ်၊ ဆိပ်ကမ်းသာလမ်း၊ (အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း–၀၉–၉၉၇၀၃၈၆
- **နေခြည်စာအုပ်နှင့် စာရေးကိရိယာရောင်းဝယ်ရေး**
  အမှတ်–၄၄၊ မျက်နှာစာတန်း၊ သိမ်ကြီးဈေး(D)ရုံ၊ လသာမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၄၂၇၇၅ (လိုင်းခွဲ–၂၂၃၅)၊ ၂၄၀၆၆၀ (လိုင်းခွဲ–၆၀၅)၊ ၀၉–၅၀၀၄၆၆၂
- **ပွိုင့်သတင်းဂျာနယ်**
  အမှတ်–၈၁၊ ၄၉ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။
  ဖုန်း–၂၉၄၁၇၆၊ ၂၉၈၆၇၄၊ ၂၉၄၄၇၄
- **UNIQUE Computer Center**
  အမှတ်–၁၈၂၊ လမ်း ၄၀(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၄၉၅၈၂
  E-mail: unique@myatmanaw.com.mm
- **Myanmar Professional Education Center (MPEC)**
  အမှတ်–၁၁၂၊ အခန်း–၁၁/၁၂(ပထမထပ်)၊ ၈ မိုင်၊
  ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၆၆၈၇၇၉၊ ၆၆၈၂၅၉၊ ၆၅၀၁
- **Earth Computer Systems Co., Ltd.**
  အမှတ်–၁၃၁၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း–၃၈၄၁၄၉၊ ၀၉–၈၀၃၀၅၆၄၊ ဖက်စ်–၃၈၄၁၄၉
  E-mail: earth_it@mptmail.net.mm
- **Health Digest ကျန်းမာရေးနှင့် ဆေးပညာဂျာနယ်**
  အမှတ်–၈၁၊ ၄၉ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။
  ဖုန်း–၂၉၄၁၇၆၊ ၂၉၈၆၇၄၊ ၂၉၄၄၇၄ ■

# ဂျပန်ဘာသာစကားသင်တန်းများ

- **Nakano Japanese Language Centre (Yangon)**
  အမှတ်–၂၂၀/၂၂၂၊ ဗိုလ်တထောင်ဘုရားလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၉၈၇၅၂၊ ဖက်စ်–၅၃၈၁၉၀
  E-mail:tktnjc@myanmar.com.mm
- **Win Japaness Language**
  အမှတ်–၂၇၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊
  ရန်ကုန်။ ဖုန်း–၂၉၄၆၁၃၊ ၂၉၇၉၉၈၊ ဖက်စ်–၂၉၇၉၉၈
  E-mail:winjapan@baganmail.net.mm
- **KOKUSHO Japanese Language Centre**
  အမှတ်–၁၆၁၊ လမ်း–၅၀ (အထက်)၊ ပုဇွန်တောင်မြို့နယ်၊
  ရန်ကုန်။ ဖုန်း–၂၀၀၀၄၁၊ ၂၀၂၂၇၇
  E-mail:kkss@myanmar.com.mm
- **Daw Khin Myat Tsu (Japanese Language)**
  အမှတ်–၁၄၀၊ အခန်း–၇၊ ၄၈ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၉၆၂၂၁
- **ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်**
  အမှတ်–၁၁၉/၁၃၁၊ တက္ကသိုလ်ရိပ်သာလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၁၄၃၇၁၊ ၅၁၄၃၇၂

# ဟင်းသီးဟင်းရွက် စည်သွတ်ဘူး

မြန်မာနိုင်ငံမှာ ထုတ်လုပ်ထားတာ ဖြစ်ပါတယ်။ ပြောင်းသူငယ်ဖူး (BABY CORN)၊ သရက်သီးနှစ်၊ ခရမ်းချဉ်သီးနှစ် စတဲ့ ဟင်းသီးဟင်းရွက် စည်သွတ်ဘူးတွေနဲ့ လိုင်ချီး၊ နာနတ်သီး၊ ထန်းသီး၊ သရက်သီး သကာရည်တို့ကိုလည်း ဝယ်ယူနိုင်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် သစ်သီးဖျော်ရည်မျိုးစုံနဲ့ သစ်သီးယိုမျိုးစုံ တို့ကိုလည်း အရည်အသွေးနဲ့ ဈေးနှုန်းမှန်ကန်စွာ ရောင်းချပေးနေတယ်လို့ ဆိုပါတယ်။ ဝယ်ယူနိုင်မယ့်လိပ်စာတွေနဲ့ ဖုန်းနံပါတ်ကို ဖော်ပြပေးလိုက်ပါတယ်။

ဝယ်ယူနိုင်မယ့် လိပ်စာ–

– ခြံထွက်သီးနှံအရောင်းဆိုင် (၂)၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မြေပဒေသာကျွန်း၊ နတ်မောက်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၄၄၆၀၇၊ ၅၄၄၆၀၈

– သစ်ခွအရောင်းဆိုင်၊ အမှတ်–၁၁၉၊ ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၇၂၁၁၅

– လှိုင်းတက်စည်သွတ်စက်ရုံ၊ သာစည်မြို့နယ်၊ မန္တလေးတိုင်း။ ဖုန်း–၀၆၂–၇၀၃၄၅

– ပြည်နယ်/တိုင်း မန်နေဂျာရုံးများ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း။

# ၂၀၀၄ ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလများအတွင်း ထွက်ရှိသောစာအုပ်များ

| စဉ် | စာအုပ်အမည် | စာရေးသူ | အုပ်ရေ | တန်ဖိုး (ကျပ်) | ထုတ်ဝေတိုက် | ထုတ်ဝေနှစ် | စာအုပ်အမျိုးအစား |
|---|---|---|---|---|---|---|---|
| ၁။ | ကံကောင်း အကြောင်းလှအောင် အားထုတ်ခြင်း [စာမူခွင့်ပြုချက်အမှတ်-၁၀၃၇/ ၂၀၀၃(၁၀)] | မြတ်ငြိမ်း | ၁၀၀၀ | ၂၀၀၀ | သုံးရာသီအလှ | ၂၀၀၄၊ ဒီဇင်ဘာ (ပ-ကြိမ်) | ဘာသာပြန် တက်ကျမ်း |
| ၂။ | ဆင့်၍ဆင့်၍ ဆက်၍ဆက်၍ စာမူခွင့်ပြုချက်အမှတ်-၁၂၆၄/ ၂၀၀၃(၂၂) | မိုးဟိန်း (သားဂျာနယ်ကျော်) | ၇၀၀ | ၁၅၀၀ | သီဟရတနာ | ၂၀၀၄၊ ဒီဇင်ဘာ (ပ-ကြိမ်) | ဆောင်းပါးစု |
| ၃။ | စာပေရေးရာ ဆောင်းပါးများ စာမူခွင့်ပြုချက်အမှတ်-၉၇၀/ ၂၀၀၄(၁၀) | မောင်ထင် | ၅၀၀ | ၇၀၀ | ပုဂံ | ၂၀၀၄၊ ဒီဇင်ဘာ (ပ-ကြိမ်) | ဆောင်းပါးစု |
| ၄။ | နိဒါန်း သတိပဋ္ဌာန် စာမူခွင့်ပြုချက်အမှတ်-၅၉၈/ ၂၀၀၄(၈) | မဟာ ဗေဒိမြိုင် ဆရာတော် | ၃၀၀၀ | ၃၅၀၀ | နတ်တလူ | ၂၀၀၄၊ နိုဝင်ဘာ (ပ-ကြိမ်) | ဘာသာရေး |
| ၅။ | မင်းမှာသစ္စာ၊ လူမှာ ကတိ စာမူခွင့်ပြုချက်အမှတ်-၄၂၂/ ၂၀၀၄(၅) | နတ်နွယ် (မိုးဇော်ဟိန်း) | ၅၀၀ | ၁၃၀၀ | ရတနာပုံ | ၂၀၀၄၊ နိုဝင်ဘာ (ဒု-ကြိမ်) | ဘာသာပြန် |
| ၆။ | လှမ်းဆွဲနေတဲ့အနာဂတ် စာမူခွင့်ပြုချက်အမှတ်-၇၀၆/ ၂၀၀၄(၈) | ဦးဟန်ထွန်း | ၁၀၀၀ | ၈၀၀ | ရတနာ့ဂုဏ် | ၂၀၀၄၊ နိုဝင်ဘာ (ပ-ကြိမ်) | စီးပွားရေး |
| ၇။ | ပင်ကိုယ်ရေးဝတ္ထုတိုများ စာမူခွင့်ပြုချက်အမှတ်-၈၇၀/ ၂၀၀၄(၈) | မောင်မြင့်ကြွယ် | ၁၀၀၀ | ၈၀၀ | ညီညီ | ၂၀၀၄၊ ဒီဇင်ဘာ (ပ-ကြိမ်) | ဝတ္ထုတိုစု |
| ၈။ | အချစ်သစ်ပင် စာမူခွင့်ပြုချက်အမှတ်-၁၀၆၆/ ၂၀၀၄(၉) | သုမောင် | – | ၁၀၀၀ | ရန်အောင် စာပေ ၂ | ၂၀၀၄၊ နိုဝင်ဘာ (ဒု-ကြိမ်) | ဝတ္ထုရှည် |
| ၉။ | အစိမ်းရောင်နှင်းဆီ စာမူခွင့်ပြုချက်အမှတ်-၁၂၇၇/ ၂၀၀၃(၉) | မောင်လှမျိုး (ချင်းချောင်းခြံ) | ၅၀၀ | ၁၀၀ | စမ်းရေပြာ | ၂၀၀၄၊ နိုဝင်ဘာ (ဒု-ကြိမ်) | ဝတ္ထုရှည် |
| ၁၀။ | ငြိုးမာန်ယစ်ဆင် စာမူခွင့်ပြုချက်အမှတ်-၁၀၄၉/ ၂၀၀၄(၉) | ဝင်းမောင်ထွန်း | ၅၀၀ | ၆၀၀ | ချိုတေးသံ | ၂၀၀၄၊ ဒီဇင်ဘာ (ဒု-ကြိမ်) | လျှို့ဝှက်သည်းဖို |
| ၁၁။ | သီဂီတစ်ဝက် ရွှေတစ်ဝက် စာမူခွင့်ပြုချက်အမှတ်-၁၅၉၉/ ၂၀၀၃(၁၁) | နတ်နွယ် | ၅၀၀ | ၈၀၀ | ရွှေနှလုံးသား | ၂၀၀၄၊ ဒီဇင်ဘာ (ဒု-ကြိမ်) | ဝတ္ထုရှည် |
| ၁၂။ | မျှစ်စို့ပေါက်ကြီးများ စာမူခွင့်ပြုချက်အမှတ်-၈၁၈/ ၂၀၀၄(၈) | စာရေးဆရာစုံ | ၅၀၀ | ၆၀၀ | မြစ်ခွဲကိုးစင်း | ၂၀၀၄၊ နိုဝင်ဘာ | ရယ်စရာ ဝတ္ထုတိုစု |
| ၁၃။ | ရွှေဥဒေါင်းထီပေါက်တယ်နှင့် ဟာသဝတ္ထုတိုများ[စာခွင့်ပြုချက်အမှတ်-၁၇၂၄/ ၂၀၀၃(၁၂)] | သော်တာဆွေ | ၅၀၀ | ၁၅၀၀ | ဇေယျာမြေ | ၂၀၀၄၊ နိုဝင်ဘာ (ဒု-ကြိမ်) | ဟာသဝတ္ထုတိုစု |
| ၁၄။ | အိုကယ့်ရာဇကုမာရ် စာမူခွင့်ပြုချက်အမှတ်-၇၃၇/ ၂၀၀၄(၇) | တက္ကသိုလ် စိန်တင် | ၂၀၀၀ | ၁၅၀၀ | ဝေယံမော် | ၂၀၀၄၊ နိုဝင်ဘာ (ပ-ကြိမ်) | သမိုင်းဝတ္ထု |
| ၁၅။ | ပြောရမှာပေါ့ မလှရီရေ စာမူခွင့်ပြုချက်အမှတ်-၂၄/ ၂၀၀၄(၁) | အောက်တိုဘာ အောင်ကြီး | ၅၀၀ | ၆၀၀ | အောင်ရတနာ | ၂၀၀၄၊ နိုဝင်ဘာ (ဒု-ကြိမ်) | အက်ဆေးစာစု |

| စဉ် | စာအုပ်အမည် | စာရေးသူ | အုပ်ရေ | တန်ဖိုး (ကျပ်) | ထုတ်ဝေတိုက် | ထုတ်ဝေ နှစ် | စာအုပ် အမျိုးအစား |
|---|---|---|---|---|---|---|---|
| ၁၆။ | မှော်တောင်ကုန်း<br>စာမူခွင့်ပြုချက်အမှတ်-၁၁၅၆/၂၀၀၄(၁၀) | ကိုဆွေ | ၅၀၀ | ၅၅၀ | လင်းသစ်ရောင်စင် | ၂၀၀၄၊ ဒီဇင်ဘာ | ဝတ္ထုလတ်စု |
| ၁၇။ | မုဆိုးကြီးကိုရဲ၏ မှတ်တမ်းများ<br>စာမူခွင့်ပြုချက်အမှတ်-၁၀၀၅/၂၀၀၄(၉) | ကုသ | ၅၀၀ | ၈၀၀ | တော်ဝင်မြို့မ | ၂၀၀၄၊ နိုဝင်ဘာ (ဒု-ကြိမ်) | မုဆိုးဝတ္ထု |
| ၁၈။ | ဇာတ်ခုံပေါ်မှ ဇာတ်ကောင်များ<br>စာမူခွင့်ပြုချက်အမှတ်-၁၂၂/၂၀၀၄(၁၀) | သန္တာမြတ်သောင်း | ၁၀၀၀ | ၃၅၀ | ပဲခူးအမှတ်တရ | ၂၀၀၄၊ နိုဝင်ဘာ (ပ-ကြိမ်) | ဘာသာရေး ဆောင်းပါးစု |
| ၁၉။ | နှင်းရှိုက်သံ<br>စာမူခွင့်ပြုချက်အမှတ်-၈၄၈/၂၀၀၄(၈) | စူးရှမြတ်မြတ် | ၁၀၀၀ | ၇၀၀ | ချမ်းသာ | ၂၀၀၄၊ နိုဝင်ဘာ (ပ-ကြိမ်) | ဝတ္ထု |
| ၂၀။ | ဘုံဘဝမှာဖြင့်<br>စာမူခွင့်ပြုချက်အမှတ်-၆၆/၂၀၀၄(၆) | သခင်တင်မြ | ၅၀၀ | ၇၀၀၀ | ပန်းရွှေပြည် | ၂၀၀၄၊ နိုဝင်ဘာ (စ-ကြိမ်) | နိုင်ငံရေး နောက်ခံဝတ္ထု |
| ၂၁။ | ကုန်းဘောင်ခေတ် ရက်စွဲသမိုင်း (၁၇၅၂ မှ ၁၈၈၅) [စာမူခွင့်ပြုချက်အမှတ်-၂၆/၂၀၀၄(၁၁)] | တင်နိုင်တိုး | ၁၀၀၀ | ၁၅၀၀ | ပြည့်စုံ၂၀၀၄၊ | ဒီဇင်ဘာ (ပ-ကြိမ်) | သမိုင်းမှတ်တမ်း |
| ၂၂။ | တဂိုးဝတ္ထုတိုများ<br>စာမူခွင့်ပြုချက်အမှတ်-၆၅၉/၂၀၀၄(၇) | ပါရဂူ | ၁၀၀၀ | ၂၅၀၀ | အရှေ့တိုင်း | ၂၀၀၄၊ ဒီဇင်ဘာ (ဒု-ကြိမ်) | ဝတ္ထုတိုစု |

# စာအုပ်လမ်းညွှန်

Editor's Choice

## တဂိုးဝတ္ထုတိုများ

**ပါရဂူ**

ကမ္ဘာကျော် နိုဘယ်ဆုရ စာရေးဆရာ၊ ကဗျာဆရာကြီး တဂိုး ရေးသားသော စာပေအမျိုးအစားစုံထဲကမှ တဂိုးရေးသားခဲ့သော ဝတ္ထုတိုများကို ဆရာပါရဂူက စုစည်းဘာသာပြန်ထုတ်ဝေခြင်းဖြစ်သည်။ ဝတ္ထုတိုပေါင်း ၃၉ ပုဒ် ပါဝင်သည်။ ကမ္ဘာကျော် စာရေးဆရာကြီးတစ်ဦး၏ စာပေများကို အထူးညွှန်းဆိုစရာမလိုဘဲ ညွှန်းဆိုရမည်မှာ အလွန်တာဝန်ကြီးလှသည်။ တဂိုး၏ဝတ္ထုများသည် အလွန်ရိုးရှင်းသော ရေးသားပုံ၊ သိမ်မွေ့သော အဖွဲ့အနွဲ့များ၊ သိမ်မွေ့သော ဇာတ်သိမ်းပုံတို့ဖြင့် ရေးသားထားသည်။ အဓိကအားဖြင့် ထိုခေတ်ထိုအခါ အိန္ဒိယရှိ ဇာတ်စနစ်၊ လူနေမှုစနစ်တို့အကြောင်းကို ပုံဖော်ရေးသားထားသည့် ဝတ္ထုတိုများမှာ အများစုဖြစ်ပြီး လေးနက်သည့်အချစ်အပေါ် သိမ်မွေ့စွာ တင်ဆက်ထားသောဝတ္ထုများလည်း ပါဝင်သည်။

စာပေများသည် လူ့အဖွဲ့အစည်း၏ စနစ်တစ်ရပ် ယဉ်ကျေးမှုတစ်ရပ်အပေါ်ကြီးစွာ လွှမ်းမိုးထားတတ်လေသည်။ အိန္ဒိယရှိ ရာမယနဇာတ်ကြီးသည် အိန္ဒိယလူနေမှု အဆောက်အအုံကြီးအပေါ် ကြီးစွာ သက်ရောက်ခဲ့သည်။ မြန်မာ့လူ့အဖွဲ့အစည်းတွင်း၌ ဇာတ်နိပါတ်တော်များ၊ ဇာတကများ၊ အဆိုအမိန့်များသည် ဗုဒ္ဓယဉ်ကျေးမှုလွှမ်းမိုးသော လူ့အဖွဲ့အစည်းတစ်ရပ်ကို ပုံဖော်ပေးခဲ့ကြလေသည်။ ငယ်စဉ်က သင်ကြားခဲ့ရသော ၃၈ ဖြာမင်္ဂလာတရားတော်များ၊ နီတိများ၊ ဇာတ်နိပါတ်တော်များသည် မြန်မာလူမျိုးတို့၏ နေထိုင်မှုဘဝ၊ ယဉ်ကျေးမှုတို့ကို ခေတ်အလိုက် အမွေလွှဲပေးလာခဲ့ခြင်း ဖြစ်သည်။ လူ့အဖွဲ့အစည်းတစ်ခု၏ အနှစ်သာရကို ရှာဖွေလိုလျှင် အဆိုပါလူ့အဖွဲ့အစည်း၏ စာပေတန်ဖိုးဖြင့် ချိန်ထိုးဆုံးဖြတ်ရမည်ပင် ဖြစ်သည်။ တဂိုး၏ စာပေများသည် ရှိရင်းစွဲလူ့အဖွဲ့အစည်း၏ ချွတ်




ချော်တိမ်းပါးမှုများကို ကျမ်းတစ်စောင် ပေတစ်ဖွဲ့ တင်ပြရန် ကြိုးပမ်းခြင်းထက် ရှိရင်းစွဲ လူ့အဖွဲ့အစည်းကို မြင်အောင်ကြည့်နိုင်ရန်၊ တစ်ကမ္ဘာလုံးမြင်အောင် ပြနိုင်ရန် ရိုးရှင်းစွာ ရေးသားတင်ပြထားခြင်း ဖြစ်သည်။

တဂိုး၏ ရဲရင့်သော အရေးအသားအချို့ကို 'သားအတွက် မယားယူသည်' ဟူသော ဝတ္ထုတိုတွင် တွေ့ရသည်။ ပုတြိတ္တတြိယတေဘာရယာ ဆိုသည့် သားအတွက် မယားယူသည်ဆိုသော ဆိုရိုးအရ အိမ်ထောင်ပြုခဲ့သူ၊ ငွေကြေးချမ်းသာသူ ဘာဘူကြီးတစ်ဦးသည် ရင်သွေးသားရတနာ မရနိုင်၍ အိမ်ထောင်အဆက်ဆက် ထူထောင်ခဲ့ပုံ၊ ဆာဒူးကြီးများ၊ ဗြဟ္မာကြီးများအား ကိုးကွယ်ဆည်းကပ်၍ သားရရန် ကြိုးပမ်းခဲ့ပုံ၊ ၎င်း၏ စည်းစိမ်ဥစ္စာများကို အမွေလွှဲပေးရေးအတွက် ရတက်မအေးရှိပုံ၊ သားရရန်အတွက် ကိုးကွယ်ဆည်းကပ်ထားသော ဆာဒူးကြီးများ၊ ဗြဟ္မာကြီးများအတွက် အလှူပယ် ကျွေးမွေးပြုစုနေသည့်အချိန်တွင် တိုင်းပြည်၌ အငတ်ဘေးဆိုက်နေပုံ၊ ဆာဒူး၊ ဗြဟ္မာကြီးများအား အလှူပယ် ကျွေးမွေးပြုစုနေသည့်အချိန်တွင် ၎င်း၏ ကွဲကွာသွားသော အမျိုးသမီးနှင့် သားတို့သည် အလှူခံစားသောက်ရန် အလှူခံရာတွင် မောင်းထုတ်ခံခဲ့ရပုံတို့ကို သရုပ်ဖော်ထားခြင်းဖြစ်ပြီး ထိုခေတ်က ဘာသာရေးဆိုင်ရာ ပုဂ္ဂိုလ်များအပေါ် ရဲဝံ့စွာ ထိုးနှက်တိုက်ခိုက်ခဲ့သည့်အပြင် ထိုစဉ်ကရှိနေသည့် လူနေမှုစနစ်အပေါ် ထင်ဟပ်တင်ပြခဲ့သည်။ ဝတ္ထုတိုများသည် မရှည်လျားသော်လည်း အိန္ဒိယ လူ့အဖွဲ့အစည်း၏ အမျိုးသား၊ အမျိုးသမီး ခွဲခြားဆက်ဆံမှုများကို ကွက်ကွက်ကွင်းကွင်း ဖော်ထုတ်ထားပြီး အမျိုးသမီးများ၏ အခွင့်အရေး အခြေအနေနှင့် လူ့အဖွဲ့အစည်းကို ပြုပြင်ရန် ကြိုးပမ်းထားခြင်းကို တွေ့ရသည့်အတွက် ဆရာကြီးသည် ကလောင်ကိုင်သော တော်လှန်ရေးသမားကြီးတစ်ဦး ဟုပင် ကောက်ချက်ချနိုင်ပါသည်။

စာပေကို တစိုက်မတ်မတ် လေ့လာဖတ်ရှုသူများအနေဖြင့် တဂိုး၏ဝတ္ထုများ၊ ကဗျာများနှင့် မစိမ်းကြမည်မှာ သေချာသည်။ နူးညံ့သိမ်မွေ့သော ဝတ္ထု၊ ကဗျာ၊ စာပေများကို ထဲထဲဝင်ဝင် လေ့လာလိုက်စားကြသည့်သူ အများစုသည် ပညာတတ်များ၊ ဥစ္စာစနေကြွယ်ဝသူများ ဖြစ်သည်ကို တွေ့ရသည်။ ဉာဏ်ပညာ အမြော်အမြင်နှင့် ပြည့်စုံသော ဝိဇ္ဇာ၊ သိပ္ပံပညာရှင် အားလုံးလိုလိုသည် လေးနက်သိမ်မွေ့သော ကဗျာ၊ ဝတ္ထု၊ လင်္ကာ၊ စာပေ၊ အနုပညာများတွင် ပိုမို၍ လေးလေးနက်နက် ရှိကြသည်ကို မျက်မှောက်ခေတ်ပညာရှင်များ၊ လွန်ခဲ့သောကာလများက ပညာရှင်များ၏ အတ္ထုပ္ပတ္တိများကို လေ့လာခြင်းဖြင့် တွေ့ထိရနိုင်ပါသည်။ တဂိုး၏ဝတ္ထုတိုများကို လေ့လာဖတ်ရှုရခြင်းဖြင့် လူ့အဖွဲ့အစည်းအပေါ် မည်သို့မည်ပုံ ချဉ်းကပ်ရှုမြင်ရမည်ဆိုသော ပညာ၊ ဝတ္ထုတိုရေးဖွဲ့ခြင်းအတတ်ပညာ၊ ရိုးရိုးရှင်းရှင်းနှင့် လူ့အဖွဲ့အစည်းတစ်ရပ်လုံးထံသို့ စိမ့်ဝင်နိုင်သော အရေးအဖွဲ့တို့ကို ခံစားရရှိနိုင်မည် ဖြစ်ပါသည်။

ထုတ်ဝေတိုက်– အရှေ့တိုင်းစာပေ

ထုတ်ဝေနှစ်– ၂၀၀၄ ခုနှစ်

တန်ဖိုး– ၂၅၀၀ ကျပ်

အကြိမ်– ဒုတိယအကြိမ်

အုပ်ရေ– ၁၀၀၀

စာမူခွင့်ပြုချက်အမှတ်– ၆၅၉/ ၂၀၀၄(၇)

LIVING COLOR MAGAZINE

526302 , 4412163

**ဒေါက်တာမောင်မောင်စိုးသည် B.Econ (P & D) Planning and Development ဘွဲ့ကို ရန်ကုန်စီးပွားရေး တက္ကသိုလ်မှ ၁၉၇၄ ခုနှစ်တွင် ရရှိခဲ့ပြီး မဟာဖွံ့ဖြိုးမှုပညာဒီဂရီဘွဲ့ (MDS) ကို Agricultural Rural Development အထူးပြုဘာသာရပ်ဖြင့် နယ်သာလန်နိုင်ငံ ISS, Institute of Social Studies တက္ကသိုလ်မှ ၁၉၈၄ ခုနှစ်တွင် ရရှိခဲ့ပြီး Ph.D ဘွဲ့ကို စိုက်ပျိုးရေးဘောဂဗေဒအထူးပြုဘာသာရပ်ဖြင့် နယ်သာလန်နိုင်ငံ Erasmus University မှ ၁၉၉၇ ခုနှစ်တွင် ရရှိခဲ့သည်။ ယခုအခါ အသုံးချဘောဂဗေဒဌာနတွင် တွဲဖက်ပါမောက္ခတာဝန်ကို ထမ်းဆောင်လျက် ရှိပြီး စိုက်ပျိုးရေးဘောဂဗေဒနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဘာသာရပ်များကို သင်ကြားပို့ချလျက် ရှိသည်။**

# မြန်မာ့စတော့နှင့် ရှယ်ယာဈေးကွက်အလားအလာ

## ဒေါက်တာမောင်မောင်စိုး (ဘောဂဗေဒ)

**မြန်မာ့စတော့နှင့် ရှယ်ယာဈေးကွက်အလားအလာ ဘယ်လိုလဲ၊ ဘယ်တော့ဖြစ်မလဲဆိုသည့် မေးခွန်းများ ကြုံတိုင်း မေးခံခဲ့ရဖူးပါသည်။ ကြုံလို့မေးသည့်မေးခွန်းဖြစ်သော်လည်း ကြုံသလိုဖြေလို့မရသည့် အဖြေမျိုး ဖြစ်နေပါသည်။ အကြောင်းမှာ အချို့လူများသည် အပေါင်ဆိုင်ကိုပင်လျှင် ဘဏ်အသေးစားဟု ထင်နေကြသောလူများရှိသလို ဘဏ်လုပ်ငန်းကိုပင်လျှင် အပေါင်ဆိုင်လုပ်ငန်းနှင့် တူသယောင်ယောင်ထင်နေကြသော လူများရှိနေသရွေ့ ငွေကြေးဈေးကွက် (Money Market)နှင့် အရင်းအနှီးဈေးကွက် (Capital Market) သည် ပီပြင်စွာ ဖြစ်လာဦးမည် မဟုတ်သေးပါ။ ထို့အတူ စတော့နှင့် ရှယ်ယာ ဈေးကွက် သို့မဟုတ် Stock Exchange Market သည်လည်း စီးပွားရေးလုပ်ငန်းများ စနစ်တကျ ပီပြင်စွာ လုပ်ကိုင်နိုင်မှုနှင့် ငွေကြေးဈေးကွက်နှင့် အရင်းအနှီးဈေးကွက်တို့အပေါ် များစွာ တည်မှီနေသောကြောင့် ဖြစ်ပါသည်။**



ဒေါက်တာမောင်မောင်စိုး

စတော့နှင့် ရှယ်ယာဈေးကွက် ဖြစ်လာရန်အတွက် အဓိက အချက်နှစ်ချက် ရှိသည်။ ပထမအချက်မှာ စီးပွားရေးဆိုင်ရာ အဖွဲ့အစည်းများ (Business Organizations) နှင့် ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (Financial Institutions) တို့ အပေါ်တွင် တည်နေသောကြောင့် ဖြစ်သည်။

ရှယ်ယာဈေးကွက်များတွင်လည်း အသစ်များရောင်းချသောဈေးကွက်နှင့် အဟောင်းများ ဝယ်ရောင်းလုပ်သော ဈေးကွက်ဟူ၍ရှိရာ အဟောင်းရှယ်ယာများ အရောင်းအဝယ်ပြုလုပ်သော ဈေးကွက်ကိုသာ Stock Exchange Market ဟု ခေါ်ဆိုခြင်း ဖြစ်သည်။ စတော့နှင့် ရှယ်ယာအသစ်များအတွက် ရောင်းချမှုများကို Stock Exchange Market တွင် မပြုလုပ်ပါ။ New Issues Market တွင်သာ ပြုလုပ်ပါသည်။ ယင်းကို Stock Exchange ဟု မခေါ်ပါ။

Business Organizations နှင့် ပတ်သက်၍ မြန်မာနိုင်ငံတွင် အတွေ့အကြုံ အတော်အသင့် ရှိပါသည်။ သို့သော် စီးပွားရေးလုပ်ငန်းများတွင် ပုဂ္ဂလိကလုပ်ငန်း (Private Enterprises) သမဝါယမလုပ်ငန်း (Co-operatives) နှင့် ပြည်သူ့လုပ်ငန်းများ

(Public Enterprises) ရှိပါသည်။

ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများသည် စတော့နှင့် ရှယ်ယာများ ရောင်းချနိုင်သည်ဆိုခြင်းမှာ Public Limited Company (PLC) များကိုသာ ဆိုလိုပါသည်။ ယင်းကုမ္ပဏီများကို Public Joint Stock Companies များဟုလည်း ခေါ်ကြပါသေးသည်။ Public Company ဟုလည်း အလွယ်ခေါ်သည်။ ပြည်သူ့ကော်ပိုရေးရှင်းများ Public Corporations နှင့် အမှတ်မှားနိုင်ပါသည်။ ပြည်သူ့ကော်ပိုရေးရှင်းများသည် အစိုးရမှ လုပ်ဆောင်ပေးလျက်ရှိနေသော စီးပွားရေးလုပ်ငန်းကြီးများ ဖြစ်သည်။ State Enterprises များဟုလည်း ခေါ်သည်။

ဆိုလိုသည်မှာ ပုဂ္ဂလိကကုမ္ပဏီများတွင် PLC တစ်ခုတည်းကသာ Stock Exchange Market တွင် ရှယ်ယာများကို အရောင်းအဝယ် ပြုလုပ်ခွင့် ရှိပါသည်။ သမိုင်းကြောင်းအရ စတော့နှင့် ရှယ်ယာများသည် ခိုင်မာသောကုမ္ပဏီများမှ အစုရှယ်ယာများကို ယုံကြည်စိတ်ချစွာ ဝယ်ယူခြင်းမှ အစပျိုးခဲ့ခြင်း ဖြစ်သည်။ ထိုစဉ်ကတော့ စီးပွားရေးလုပ်ငန်းများတွင် အထူးသဖြင့် စတော့နှင့် ရှယ်ယာဈေးကွက်တွင် My word is My Bond ဖြစ်သော်လည်း မျက်မှောက်ခေတ်တွင်မူ My word is My Bond နှင့် မလုံလောက်တော့ဘဲ အစိုးရ၏ ထိန်းချုပ်မှု၊ စည်းမျဉ်းစည်းကမ်းများအရသာ လုပ်ဆောင်ခွင့် ရှိပါသည်။ အကြောင်းမှာ လုပ်ပိုင်ခွင့်မရှိသူများ လုပ်ကိုင်လာပါလျှင် ပြည်သူများ အလွန်နစ်နာသည်။ လုပ်ပိုင်ခွင့်မရှိဘဲ ငွေကြေးဈေးကွက်နှင့် အရင်းအနှီးဈေးကွက်တွင် ဟုတ်တုတ်တုတ် ဝင်ရောက်လုပ်ကိုင်နေလျှင် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် လွန်စွာ နှောင့်နှေးပြီး အန္တရာယ်လည်း ရှိနိုင်ပါသည်။ ခိုင်မာသော ငွေကြေးနှင့် အရင်းအနှီးဈေးကွက်အတွက် ကုမ္ပဏီများအနေဖြင့် ခိုင်မာသော လုပ်ဆောင်ချက်များ Solvency များ ရှိဖို့လိုသည်။ တိုင်းပြည်၏ ငွေကြေးဈေးကွက်နှင့် အရင်းအနှီးဈေးကွက်ကို ပြည်သူများ အယုံအကြည် လျှော့နည်းစေနိုင်သည်။ စတော့နှင့် ရှယ်ယာဈေးကွက်ကို တည်ထောင်တော့မည်ဖြစ်ပါက အစိုးရ၏ ထိန်းကျောင်းမှုအောက်တွင် ခိုင်မာစွာ ရှိသင့်သည်။ အခြားတစ်ဖက်တွင်လည်း ငွေကြေးအပေါ် ပြည်သူများ ယုံကြည်လာမှု ရှိရပါမည်။ မြန်မာနိုင်ငံတွင် စတော့နှင့် ရှယ်ယာဈေးကွက်များ တည်ထောင်ရန်အတွက် အလားအလာကောင်းများ ရှိနေပြီ ဖြစ်ပါသည်။ ကုမ္ပဏီများ အမျိုးအစားအလိုက် တည်ထောင်ခွင့်များကိုလည်း စနစ်တကျလုပ်ကိုင်ခွင့်နှင့် လုပ်ပိုင်ခွင့်များလည်း ပေးထားပြီးဖြစ်၍ လုပ်ငန်းဆိုင်ရာအဖွဲ့အစည်းများကို စနစ်တကျ လုပ်ကိုင်ရံသာ ရှိပါသည်။ ယင်းသည် စတော့ရှယ်ယာဈေးကွက် ဖြစ်ပေါ်လာစေရန်အတွက် အထက်တွင် ဖော်ပြခဲ့ပြီးသော ပထမအချက်ဖြစ်သည့် Business Organizations or Institutions ကို

**စတော့နှင့်ရှယ်ယာဈေးကွက်ကို တည်ထောင်တော့မည်ဖြစ်ပါက အစိုးရ၏ ထိန်းကျောင်းမှုအောက်တွင် ခိုင်မာစွာ ရှိသင့်သည်။ အခြားတစ်ဖက်တွင်လည်း ငွေကြေးအပေါ် ပြည်သူများ ယုံကြည်လာမှု ရှိရပါမည်။ မြန်မာနိုင်ငံတွင် စတော့နှင့် ရှယ်ယာဈေးကွက်များ တည်ထောင်ရန်အတွက် အလားအလာကောင်းများ ရှိနေပြီ ဖြစ်ပါသည်။** • • • • • • • • • • • • • • •

စနစ်တကျဖွဲ့စည်းခြင်း ဖြစ်သည်။ ဒုတိယအချက်ဖြစ်သော ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (Financial Institutions) နှင့် ပတ်သက်၍ ပြည်သူများ ငွေကြေးအပေါ် ယုံကြည်မှု ဖြစ်သည်။ ငွေကြေးအပေါ် ယုံကြည်မှုဟုဆိုရာတွင် အချက်နှစ်ချက် ရှိပါသည်။ ပထမအချက်မှာ ငွေကြေးနှင့်ပတ်သက်၍ အစိုးရအပေါ် ယုံကြည်မှုနှင့် ငွေကြေးနှင့်ပတ်သက်၍ ပုဂ္ဂလိက စီးပွားရေးသမားများအပေါ် ယုံကြည်မှုပင် ဖြစ်သည်။

ငွေကြေးနှင့် ပတ်သက်၍ အစိုးရအပေါ် ယုံကြည်မှုဆိုသည်မှာ လူထုအနေဖြင့် ငွေကြေးကို Demonetize လုပ်မည်ကို ကြောက်ခြင်း ဖြစ်သည်။ ယင်းသည်လည်း ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် အစိုးရမှ ရဲရဲကြီးအာမခံထားသော အခြေအနေဖြစ်၍ ပြည်သူများ ကြောင့်ကြစရာမလိုသော်လည်း၊ ငွေကြေးနှင့် ပတ်သက်၍ ပုဂ္ဂလိက စီးပွားရေးသမားများအပေါ် ယုံကြည်မှုရှိရန်တော့ လိုပါဦးမည်။ အကြောင်းမှာ ငွေကြေးဈေးကွက်တွင် စတော့လိုလို၊ ငွေချေးယူသလိုလို၊ စာချုပ်စာတမ်းလိုလိုပုံစံမျိုးများနှင့် (ကျွန်တော်တို့ကလည်း စာချုပ်လျှင် အဟုတ်ဟုထင်ကြပါသည်။) မက်လောက်စရာအတိုးများပြ၍ လုပ်ပိုင်ခွင့်မရှိသောအလုပ်ကို ငွေကြေးဈေးကွက်တွင် ဝင်ရောက်လုပ်ကိုင်လာပါက ထိုတစ်နပ်စား စီးပွားရေးကြောင့် ငွေကြေးအပေါ် အချောင် အယုံအကြည်မဲ့ပြီး ပေါ်လာသင့်သော စတော့ရှယ်ယာဈေးကွက်အတွက်လည်း အနှောင့်အယှက် ဖြစ်တတ်ပါသည်။ ယင်းသို့ ဖြစ်လာလျှင်လည်း လာမည့် စတော့ရှယ်ယာအတွက် အနှောင့်အယှက်မဖြစ်စေရန် ထိုတစ်နပ်စား Blacklists များ ရှိခဲ့ပါကလည်း ထိရောက်စွာ အရေးယူသင့်သည်။ Stock Exchange Market သည် ငွေကြေးဈေးကွက်ကဲ့သို့ပင် တိုင်းပြည်အတွက် အလွန်အရေးကြီးပါသည်။ ငွေကြေးဈေးကွက်နှင့် အပြိုင်ကစားသောဈေးကွက်ဟု ဆိုလျှင်လည်း မမှားနိုင်ပါ။

## The Public Joint Stock Company များ

Public Limited Company များဟုလည်း လူသိများပါ

သည်။ ထိုကုမ္ပဏီများအနေဖြင့် အစုရှယ်ယာ မည်မျှအများဆုံး ရှိရမည်ဆိုသည်မှာ အကန့်အသတ်မရှိပါ။ သို့သော် အစုရှယ်ယာ အနည်းဆုံး နှစ်ဦးတော့ရှိရမည် ဖြစ်ပါသည်။ အခြားနိုင်ငံများတွင် ၁၉၈၁ ခုနှစ် Companies Act အရ အနည်းဆုံး ခုနစ်ဦး ရှိရပါသည်။ ရှယ်ယာများကို စတော့အိတ်ချိန်းဈေးကွက်တွင် ရောင်းနိုင်ဝယ်နိုင်ခွင့် ရှိပါသည်။ ပုဂ္ဂလိကကုမ္ပဏီများတွင် အကြီးစားကုမ္ပဏီကြီးများဖြစ်ပြီး Limited Liability Companies များဖြစ်သည်။ ပုဂ္ဂလိက ကုမ္ပဏီကြီးများ၏ လုပ်ထုံးလုပ်နည်းအတိုင်း The Memorandum of Association နှင့် The Articles of Association များ ရှိသည်။ တစ်နည်းအားဖြင့် Certificate of Incorporation ရရှိထားသည့်ကုမ္ပဏီ ဖြစ်သည်။ ကုမ္ပဏီနှင့် ပတ်သက်သော အကြောင်းအရာများကို လုပ်ငန်းလုပ်ဆောင်မှု စာရင်းဇယား၊ အကြောင်းအရာများ Prospectus ပြုလုပ်ဖြန့်ချိနိုင်သည်။ ထုတ်ဝေနိုင်သည်။

## ကုမ္ပဏီအတွက် လိုအပ်သော အရင်းအနှီးများ ရှာဖွေခြင်း

ကုမ္ပဏီအတွက် လိုအပ်သော အရင်းအနှီးများကို အဓိက လမ်းကြောင်း လေးသွယ်ဖြင့် ရှာယူလေ့ ရှိသည်။ ပထမနည်းလမ်းမှာ စတော့ရှယ်ယာများအား အများပြည်သူသို့ ရောင်းချခြင်းဖြစ်သည်။ ခ–အစုဝင်ရှယ်ယာများဟုလည်း ခေါ်ကြပါသည်။ ဒုတိယနည်းလမ်းမှာ Debentures များ ရောင်းချခြင်း ဖြစ်သည်။ က–အစုဝင်ရှယ်ယာများဟုလည်း ခေါ်ပါသည်။ တတိယနည်းလမ်းမှာ အမြတ်ရရှိမှုအပေါ်အားလုံးကို ခွဲဝေပေးခြင်းမပြုတော့ဘဲ သတ်မှတ်ထားသော ရာခိုင်နှုန်းအရ ပြန်လည်ရင်းနှီးမြှုပ်နှံသောသဘော ဖြစ်သည်။ Undistributed Profits များဟုလည်း ခေါ်ပါသည်။ စတုတ္ထနည်းလမ်းကတော့ ဘဏ်မှ အရင်းအနှီးအတွက် ငွေချေးယူခြင်း ဖြစ်ပါသည်။

## အများပြည်သူသို့ ရှယ်ယာများရောင်းချခြင်း သို့မဟုတ် (ခ) အဆင့်ရှယ်ယာများ

Public Companies များ၏ စတော့နှင့် ရှယ်ယာများကို စတော့ရှယ်ယာဈေးကွက်တွင် အရောင်းအဝယ် ပြုလုပ်နိုင်ပါသည်။ Public Companies များ၏ စတော့နှင့် ရှယ်ယာများဟုသာ ဆိုလိုပါသည်။ Public Companies များအနေဖြင့် ဈေးကွက်တွင် ရောင်းချခြင်း မဟုတ်ပါ။ ထိုကုမ္ပဏီများအနေဖြင့်လည်း ရောင်းချ၍ မရနိုင်ပါ။ ရှယ်ယာအဟောင်းများကိုသာ ရောင်းချခြင်းဖြစ်သောကြောင့် ဖြစ်ပါသည်။ ရှယ်ယာဝယ်ယူသူများကလည်း အကြောင်းအမျိုးမျိုးကြောင့် ဝယ်ယူခြင်း ရှိကြသကဲ့သို့ အများပြည်သူသို့ ရောင်းချသည့် ရှယ်ယာအမျိုးအစားတွင်ပင် ထပ်ပြီး ခွဲခြားထားသော ရှယ်ယာအမျိုးအစား များစွာ ထပ်မံကွဲပြားကြပါသေးသည်။ အမြတ်ရရှိစေရေးအတွက် ဦးတည်ပြီး စွန့်စားမှုရှိသည့် ရှယ်ယာများရှိသကဲ့သို့ အမြတ်နည်းသော်လည်း သေချာ၊ ရေရာသည့် စွန့်စားမှုနည်းသည့် ရှယ်ယာအမျိုးအစားများလည်း ရှိတတ်ပါသည်။ ကြိုက်ရာဝယ်ယူနိုင်သောသဘော ရှိပါသည်။ ယင်းရှယ်ယာအမျိုးအစားများတွင် အဓိကအားဖြင့် အောက်ပါအမျိုးအစားများ ပါဝင်တတ်ပါသည်။ အမျိုးအစားပေါ်လိုက်ပြီးလည်း ခွဲဝေမှု Dividend များလည်း မတူညီကြပါ။

### ၁။ ရိုးရိုးရှယ်ယာများ (Ordinary Shares)

ရိုးရိုးရှယ်ယာများကို Equities or Risk Capital ဟုလည်း ခေါ်ကြပါသေးသည်။ ထိုရှယ်ယာများသည် လုပ်ငန်းလုပ်ဆောင်ချက်များ တိုးတက်လျှင် တိုးတက်သလောက် အမြတ်ဝေစုများ ရရှိနိုင်သည့် ရှယ်ယာအမျိုးအစားများ ဖြစ်သည်။ အမြတ်နည်းလျှင်လည်း နည်းသလောက် ရှယ်ယာအပေါ်မှ အမြတ်ခံစားနိုင်ခွင့်လည်း နည်းတတ်သောသဘော ရှိပါသည်။ ကုမ္ပဏီ၏ လုပ်ငန်းစွမ်းဆောင်ရည် တိုးလျှင်တိုးသလောက် Ordinary Shares များအပေါ် ဝယ်ယူမှုလည်း တိုးတက်သည့်သဘောရှိသည်။

### ၂။ ဦးစားပေးရှယ်ယာများ (Preference Shares)

ဦးစားပေးရှယ်ယာများသည် သတ်မှတ်ထားသော အတိုးနှုန်းအတိုင်းသာ ခံစားခွင့်ရှိသော ရှယ်ယာများသာ ဖြစ်သည်။ ကုမ္ပဏီများ ရှာဖွေရသော အမြတ်အနည်းအများဝေစုနှင့် မသက်ဆိုင်ပါ။ ပုံသေ ခံစားခွင့်ရှိသောရှယ်ယာများ ဖြစ်သည်။ လုပ်ငန်းစွမ်းဆောင်ရည် ကျဆင်းနေသောကြောင့် အမြတ်နည်းနေသည့်ကာလဖြစ်စေ၊ ထိုရှယ်ယာများအတွက် အတိုးရရှိမှုသည် ပုံသေသာဖြစ်သည်။ ထို့အတူ လုပ်ငန်းစွမ်းဆောင်ရည်မြင့်၍ အမြတ်ပမာဏများနေသော်လည်း အတိုးရရှိမှုသည် ပုံသေသာ ဖြစ်သည်။ တစ်ခုအားနည်းချက်မှာ ကုမ္ပဏီမှပြုလုပ်သည့် နှစ်ပတ်လည်အစည်းအဝေးကြီး (Annual General Meeting) AGM တွင် မဲဆန္ဒပေးပိုင်ခွင့် Vote မရှိသော ရှယ်ယာများ ဖြစ်သည်။

### ၃။ ဖြည့်စွက်ပေး ဦးစားပေးရှယ်ယာများ (Cumulative Preference Shares)

ဖြည့်စွက်ပေး ဦးစားပေးရှယ်ယာ ဆိုသည်မှာ ဦးစားပေး

**ရှယ်ယာများကို ဝယ်ယူရာတွင် ပုဂ္ဂလိကများသာ မဟုတ်ပါ။ အဖွဲ့အစည်းများအနေဖြင့်လည်း ဝယ်ယူတတ်မှု ရှိနိုင်သကဲ့သို့ ဘဏ်များ၊ အာမခံကုမ္ပဏီများ၊ လူမှုရေးရန်ပုံငွေအဖွဲ့အစည်းများအနေဖြင့်လည်း ဝယ်ယူလေ့ ရှိပါသည်။ • • • • • • • • • • • • • •**

ရှယ်ယာကဲ့သို့ပင် သတ်မှတ်အတိုးနှုန်းအတိုင်းသာ ခံစားရသော ရှယ်ယာ ဖြစ်သည်။ သို့သော် ဖြည့်စွက်ပေး ဦးစားပေးသည့် ရှယ်ယာ၏ ထူးခြားချက်မှာ ပထမနှစ်တွင် အတိုးခံစားခွင့်မရှိသော ရှယ်ယာများ ဖြစ်နေခြင်း ဖြစ်သည်။ လုပ်ငန်းသဘောသဘာဝအရ လုပ်ငန်းများသည် ပထမနှစ်တွင် အမြတ်နည်းတတ်လေ့ ရှိပါသည်။ ဒုတိယနှစ်မှသာ ပေါင်းပေးလေ့ရှိခြင်း ဖြစ်သည်။ ယခုအခါ ဦးစားပေးရှယ်ယာအားလုံးကို Cumulative Preference Shares အဖြစ် သတ်မှတ်လာကြပါသည်။ ထို့အတူ Annual General Meeting တွင်လည်း ယခင်ကအတိုင်းပင် မဲဆန္ဒပေးပိုင်ခွင့် Vote မရှိသေးပါ။

### ၄။ ဦးစားပေးရှယ်ယာများအတွက် ပူးပေါင်းမှု (Participating Preference Shares)

ကုမ္ပဏီလုပ်ငန်းများအနေဖြင့် အချို့နှစ်များတွင် ထူးကဲအမြတ်များ ရရှိတတ်ပါသည်။ ထိုအခါ ပုံသေခံစားခွင့်သာရှိသော ဦးစားပေးရှယ်ယာများအတွက်လည်း ဆုကြေးဘောနပ် (Bonus) သဘောမျိုးပေးခြင်း ဖြစ်သည်။ ထိုဘောနပ်မှာလည်း ရိုးရိုးရှယ်ယာများအပေါ် ခွဲဝေပြီး နောက်မှသာ စဉ်းစားလေ့ ရှိပါသည်။

### ၅။ လက်ဦးရှယ်ယာပိုင်ရှင်များ (Deferred or Founder's Shares)

ရှယ်ယာများကို စတော့ရှယ်ယာဈေးကွက်မှတစ်ဆင့် လက်ပြောင်းလက်လွှဲ ဝယ်ယူခြင်းမျိုး မဟုတ်ဘဲ ကုမ္ပဏီမှ ရှယ်ယာအသစ်စက်စက်အဖြစ် ဝယ်ယူသူများ ရှိပါသည်။ ယင်းကို Stag ဟု ခေါ်သည်။ Stag စာရင်းများသည် ကုမ္ပဏီမှတ်တမ်းများအရ သိရှိနိုင်သည်။ လုပ်ငန်းအနေဖြင့် ထူးကဲသောအမြတ် သို့မဟုတ် အောင်မြင်မှုရရှိချိန်တွင် ပထမဦးဆုံး ရှယ်ယာအသစ်အဖြစ် ဝယ်ယူသူများ၏ ကျေးဇူးလည်း မကင်းသည့်သဘောကို ဆောင်သောအားဖြင့် အမြတ်မှ ဝေစုအချို့ကို ဂုဏ်ပြုပေးခြင်း ဖြစ်သည်။ ထိုအချိန်တွင် Stag များအနေဖြင့် ၎င်းတို့ ဝယ်ယူထားသော စတော့ရှယ်ယာများကို Stock Exchange Market တွင် နောက်တစ်ဦးသို့ ရောင်းပြီးလျှင်လည်း ရောင်းပြီးလောက်ပြီး ဖြစ်သည်။ မည်သို့ပင် ဖြစ်စေ ပထမဦးဆုံး ဝယ်ယူသူအဖြစ် အသိအမှတ်ပြုခြင်း၊ ဂုဏ်ပြုခြင်းသာ ဖြစ်သည်။

ရှယ်ယာများကို ဝယ်ယူရာတွင် ပုဂ္ဂလိကများသာ မဟုတ်ပါ။ အဖွဲ့အစည်းများအနေဖြင့်လည်း ဝယ်ယူတတ်မှု ရှိနိုင်သကဲ့သို့ ဘဏ်များ၊ အာမခံကုမ္ပဏီများ၊ လူမှုရေးရန်ပုံငွေအဖွဲ့အစည်းများ အနေဖြင့်လည်း ဝယ်ယူလေ့ ရှိပါသည်။



### ရှယ်ယာရောင်းနိုင်သော ကုမ္ပဏီကြီးများ၏ အရင်းအနှီး အမျိုးအစားများ (The Difference between Authorized, Paid-up and Issued Capital)

Authorized Capital ဆိုသည်မှာ ကုမ္ပဏီအနေဖြင့် Memorandum of Association အရ ခွင့်ပြုထားသော အများဆုံး ရှယ်ယာပမာဏ ဖြစ်သည်။ အစဦးတွင် တင်ပြထားသော ရှယ်ယာများအနေဖြင့် အကန့်အသတ်မရှိ များစေနိုင်သည်ဟု ဆိုသည့်တိုင် Memorandum of Association အရ လိုက်လျောညီထွေရှိမည့်ပမာဏတော့ ကန့်သတ်ပေးလေ့ ရှိပါသည်။

Issued Capital ဆိုသည်မှာ ရောင်းချပြီးသော ရှယ်ယာပမာဏကို ရည်ညွှန်းပါသည်။ တစ်နည်းအားဖြင့် အမှန်တကယ်ရောင်းချပြီးသော ရှယ်ယာပမာဏသည် Authorized Capital ထက် မပိုစေရသည့်သဘောမျိုး ဖြစ်သည်။

Paid-up Capital ဆိုသည်မှာ ရောင်းချလိုက်သည့်ရှယ်ယာများမှ ကုမ္ပဏီတွင် လက်ဝယ်ရှိနေသော ရှယ်ယာများ ဖြစ်သည်။

### ဒီဘင်ချာခေါ် ချေးယူပုံစံ အရင်းအနှီးများ သို့မဟုတ် က-အဆင့်ရှယ်ယာများ

ဒီဘင်ချာ (Debentures) များသည် ရှယ်ယာသဘောမျိုးထက် ချေးငွေသဘောမျိုးသာ ဖြစ်သည်။ ယင်းအရင်းအနှီးမျိုးသည်

ပုံသေအတိုးကိုသာ ခံစားနိုင်သည်။ Debentures များကို စတော့ရှယ်ယာ ဈေးကွက်တွင်လည်း ဝယ်ယူနိုင်ပါသည်။ Debentures များသည် ဦးစားပေးအရင်းအနှီးများ ဖြစ်သည်။ လုပ်ငန်းမြတ်သည်ဖြစ်စေ၊ ရှုံးသည်ဖြစ်စေ Debentures များက ပုံမှန်အတိုးကို ခံစားရသည်။ လုပ်ငန်းပျက်သွားပါလျှင်လည်း ဦးစားပေးလျော်ရသော ငွေများလည်း ဖြစ်သည်။

## အမြတ်မှ ပြန်လည်ရင်းနှီးခြင်း (Plough Back Profits)

လုပ်ငန်းမှရရှိသော အမြတ်အားလုံးကို ပြန်လည်ခွဲပေးခြင်း မဟုတ်ဘဲ လုပ်ငန်းအတွက် လိုအပ်မည့်အသုံးအဆောင်များ ပြန်လည်ဖြည့်တင်းရန်အတွက်လည်းကောင်း၊ ထုတ်လုပ်မှုလုပ်ငန်းများ မြှင့်တင်ရန်အတွက်လည်းကောင်း အမြတ်မှ အစိတ်အပိုင်းအချို့ကို ဖဲ့ယူပြီး ပြန်လည်ရင်းနှီးခြင်း ဖြစ်သည်။ Undistributed Profits များဟုလည်း ခေါ်ပါသည်။

## ဘဏ်မှချေးယူသော အရင်းအနှီးများ

ဘဏ်မှ ချေးယူခြင်းဆိုရာတွင် ကာလရှည်အတွက် အရင်းအနှီးအသွင်ပုံသဏ္ဍာန်မျိုးမဟုတ်ပါ။ ကာလတိုချေးငွေအတွက်သာ ချေးယူသောသဘောသာ ရှိပါသည်။ စာရင်းရှင်အပ်ငွေမှ ငွေပိုထုတ်ချေးသဘောမျိုးလည်း ရှိတတ်ပါသည်။

## ရင်းသည့်လူနှင့် လုပ်သည့်လူ

ပုဂ္ဂလိကကုမ္ပဏီများတွင် များသောအားဖြင့် တွေ့ရသည်မှာ ရင်းနှီးလုပ်ကိုင်သူသာ ဖြစ်သည်။ ရင်းနှီးလုပ်ကိုင်သူဟု ဆိုရခြင်းမှာလည်း လုပ်ငန်းအတွက် ရင်းနှီးထည့်ဝင်ထားသူနှင့် လုပ်ငန်းလုပ်ကိုင်သူသည် တစ်ဦးတည်းဖြစ်နေသောကြောင့် ဖြစ်ပါသည်။ Public Joint Stock Companies များတွင် ရင်းနှီးမြှုပ်နှံသူများ (Ownership)နှင့် လုပ်ငန်းလုပ်ကိုင်သူများ (Control)ဟူ၍ ခွဲခြားထားပါသည်။ ရင်းနှီးမြှုပ်နှံသူများ (Ownership) ဆိုသည်မှာ ရှယ်ယာပိုင်ရှင်များကိုသာ ဆိုလိုပါသည်။ ရှယ်ယာပိုင်ရှင်များသည် လုပ်ငန်းတွင် ဝင်ရောက်စီမံပိုင်ခွင့်မရှိခြင်းကို ဆိုလိုပါသည်။ ဝင်ရောက်စီမံပိုင်ခွင့်မရှိဟု ဆိုသော်ငြားလည်း အချို့အချက်အလက်များတွင် အကျိုးသက်ရောက်မှု ရှိနိုင်ပါသည်။ ဥပမာအားဖြင့်–

– ရိုးရိုးရှယ်ယာ (Ordinary Shares) များသည် မဲပေးပိုင်ခွင့်ရှိသော ရှယ်ယာများ ဖြစ်နေခြင်း၊

– ဦးစားပေးရှယ်ယာ ဆိုသည့်အတိုင်း ကန့်သတ်အလျော်တာဝန် (Limited Liability) သာ ရှိနေခြင်း၊ မဲအနေနှင့် ပေးပိုင်ခွင့်မရှိသော ရှယ်ယာများ ဖြစ်နေခြင်း၊

– ရှယ်ယာများသည် ပြည်သူလူထုလက်ဝယ် ပျံ့နှံ့နေသဖြင့် AGM (Annual General Meeting) ခေါ် နှစ်ပတ်လည်အစည်းအဝေးတွင် မဲပေးပိုင်ခွင့်မှ ဆုံးဖြတ်နိုင်မှုအင်အားသည် ရာခိုင်နှုန်းအနည်းငယ်မျှသာ ဖြစ်နေခြင်း စသည့် အခြေအနေများကို တွေ့ရှိရပါသည်။

ရှယ်ယာပိုင်ရှင်များအနေဖြင့် Board of Directors နှင့် ဥက္ကဋ္ဌ (Chairperson) ကို ခန့်ထားပိုင်ခွင့် ရှိပါသည်။ သို့သော် လုပ်ငန်းဆုံးဖြတ်ချက်အားလုံးကို Board of Directors အဖွဲ့ကသာ လုပ်ကိုင်ဆောင်ရွက်သည်။ Board of Directors အနေဖြင့်လည်း Managing Director ကို ခန့်အပ်ပြီး တာဝန်ပေးနိုင်ပါသည်။

## စတော့ရှယ်ယာဈေးကွက်လည်ပတ်ခြင်း (Stock Share Market Operation)

မကြာသေးမီက လုပ်ငန်းကုမ္ပဏီအုပ်စုကြီးတစ်ခု၏ သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးတွင် လေ့လာသူအနေဖြင့် တက်ရောက်ရန် ဖိတ်ကြားလာသောကြောင့် ထိုအစည်းအဝေးသို့ သွားတက်ခဲ့ပါသည်။ ထိုအစည်းအဝေးတွင် ကုမ္ပဏီ၏ အစုရှယ်ယာများကို မြန်မာစတော့ရှယ်ယာ အိတ်ချိန်းစင်တာ (MSEC-Myanmar Stock Exchange Centre) တွင် အရောင်းအဝယ်များ ပြုလုပ်ကြမည်ဟူသော သတင်းစကား ကြားခဲ့ရသည်။ ကျွန်တော် နိုင်ငံခြားသို့ရောက်တိုင်း သူတို့နိုင်ငံတွင် လည်ပတ်နေသော စတော့ရှယ်ယာဈေးကွက်ကို မဖြစ်မနေ ဝါသနာအရ လေ့လာခဲ့သည်။ စိတ်ဝင်စားစရာကောင်းသည်။ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလားအလာကောင်းသည်။ အလုပ်အကိုင်အခွင့်အလမ်းတစ်ရပ်အဖြစ် မြင်မိသည်။ ဘဏ္ဍာရေးဆိုင်ရာအဖွဲ့အစည်းများ (Financial Institutions) များတွင် တစ်ခုသော လိုအပ်ချက်ဖြစ်သည်။ ငွေကြေးဈေးကွက် (Money Marke)၊ အရင်းအနှီးဈေးကွက် (Capital Market) တို့အပြင် စတော့ရှယ်ယာဈေးကွက် The Stock Exchange Market သည်လည်း ဘဏ္ဍာရေးဈေးကွက်တွင် မရှိမဖြစ် လိုအပ်ချက်တစ်ရပ် ဖြစ်သည်။

စတော့အိတ်ချိန်းဈေးကွက်တွင် အရောင်းအဝယ်ပြုနိုင်သော ရှယ်ယာများအနေဖြင့် အစိုးရရှယ်ယာများ (Gilt-edged

**ဝယ်ယူခွင့်ပြုရှယ်ယာဆိုသည်မှာ ကုမ္ပဏီအနေဖြင့် ရှယ်ယာ ဝယ်ယူထားပြီးဖြစ်သော ရှယ်ယာကိုင်ဆောင်ထားသူများထဲမှ ရှယ်ယာအသစ်များ ထပ်မံရောင်းချမည်ဆိုပါက ဝယ်ယူခွင့်ရရှိထားသည့် ရှယ်ယာအဟောင်းပိုင်ဆိုင်ထားသူများအတွက် ထပ်မံရောင်းချသော ရှယ်ယာအသစ်များ ဖြစ်သည်။ • • • • • • • • • • • •**

Stocks များဟုလည်း ခေါ်ပါသည်။) ဒေသန္တရအဖွဲ့အစည်းများ၏ ရှယ်ယာများ၊ PLC ကုမ္ပဏီကြီးများ၏ ရှယ်ယာများနှင့် Debentures များ ရောင်းဝယ်မှုပြုသောဈေးကွက် ဖြစ်သည်။ ထိုရှယ်ယာများသည် ရှယ်ယာအဟောင်းများကို အရောင်းအဝယ်ပြုသော ဈေးကွက်သာ ဖြစ်သည်။ ရှယ်ယာအသစ်စက်စက်များကို ထိုဈေးကွက်တွင် ရောင်းခြင်းမရှိကြပါ။ အသစ်များကို သက်ဆိုင်ရာ ကုမ္ပဏီနှင့် အဖွဲ့အစည်းများမှ ရောင်းပြီးသော ရှယ်ယာများကိုသာ ထိုစတော့ရှယ်ယာဈေးကွက်တွင် ရောင်းချသောဈေးကွက် ဖြစ်သည်။ ကားဈေးကွက် ကားပွဲစားတန်းနှင့်တော့ ဆင်သလိုလို ရှိပါသည်။ Second Hand များကိုသာ ရောင်းခြင်းဖြစ်သည်။ ကားအသစ်ကဲ့သို့ သတ်မှတ်သည်ကတော့ သဘော်ာကျကားမျိုး ဖြစ်သည်။

ရှယ်ယာအသစ်စက်စက်များကို ရောင်းချရာတွင် ဈေးကွက်တစ်မျိုး ရှိသည်။ ယင်းကို Stock Exchange Market ဟု မခေါ်ပါ။ New Issues Market ဟု ခေါ်ပါသည်။

ရှယ်ယာအသစ်စက်စက်များကို ဖော်ပြပါနည်းလမ်းတစ်မျိုးမျိုးဖြင့် ရောင်းချလေ့ ရှိပါသည်။

## (က) ပြည်သူများသို့ ရောင်းချမည့် ရှယ်ယာအသစ်များ (Issue new share to Public)

ရှယ်ယာအသစ်များကို ရောင်းချရာတွင် တာဝန်ယူသော အေးဂျင့် ရှိပါသည်။ Issuing House ဟု ခေါ်သည်။ ထို Issuing House က တာဝန်ယူရောင်းချပေးသည်။ လိုအပ်သောအကြောင်းအရာ စာရွက်စာတမ်းများ၊ အညွှန်းများ (Prospectus) ကိုလည်း ထုတ်ဝေပြီး နိုင်ငံတော်အဆင့်ရှိ သတင်းစာကြီးများတွင် ထည့်သွင်းကြော်ငြာသည်။ တာဝန်ယူရောင်းချရာတွင် ရောင်းချမှုလည်း ကုန်သွားနိုင်သည်။ မရောင်းရသော လက်ကျန်ရှယ်ယာများလည်း ရှိနိုင်သည်။ ထိုလက်ကျန်ရှယ်ယာများအတွက် Issuing House က တာဝန်ယူ ရောင်းချပေးသောသဘော ရှိပါသည်။

## (ခ) ရှယ်ယာများအား လက်ကားဝယ်ယူခြင်း (Offers for Sale)

Issuing House အနေဖြင့် ရှယ်ယာအားလုံးကို ဝယ်ယူလိုက်ပြီး ပြန်ရောင်းသောသဘော ဖြစ်သည်။ ရောင်းရသည်ဖြစ်စေ၊ မရောင်းရသည်ဖြစ်စေ လုံးဝ တာဝန်ယူလိုက်ခြင်း ဖြစ်သည်။

## (ဂ) ရှယ်ယာအမျိုးအစားခွဲခြားပြီး ရောင်းချခြင်း (Placings)

အမျိုးတူသော ရှယ်ယာများကို စုစည်းပြီး အမျိုးမတူသော ရှယ်ယာများအား ခွဲခြားရောင်းချခြင်း ဖြစ်သည်။



## (ဃ) ဝယ်ယူခွင့်ပြုရှယ်ယာ (A Rights Issue)

ဝယ်ယူခွင့်ပြုရှယ်ယာဆိုသည်မှာ ကုမ္ပဏီအနေဖြင့် ရှယ်ယာဝယ်ယူထားပြီးဖြစ်သော ရှယ်ယာကိုင်ဆောင်ထားသူများထဲမှ ရှယ်ယာအသစ်များ ထပ်မံရောင်းချမည်ဆိုပါက ဝယ်ယူခွင့်ရရှိထားသည့် ရှယ်ယာအဟောင်း ပိုင်ဆိုင်ထားသူများအတွက် ထပ်မံရောင်းချသော ရှယ်ယာအသစ်များ ဖြစ်သည်။

## (င) တင်ဒါစနစ်ဖြင့် ရှယ်ယာအသစ်များ ရောင်းချခြင်း (Issues by Tender)

တင်ဒါစနစ်ဖြင့် အမြင့်ဆုံးဈေး ပေးဝယ်ယူမည့်သူကို ရှယ်ယာများ ရောင်းချခြင်း ဖြစ်သည်။

အထက်ဖော်ပြချက်များသည် ရှယ်ယာအသစ်များအတွက် ရောင်းချမှုပုံစံအမျိုးမျိုးဖြစ်ပြီး Issuing House မှ ရောင်းချခြင်းဖြစ်သည်။ ရှယ်ယာအဟောင်းများ အရောင်းအဝယ်အတွက်မူ စတော့ရှယ်ယာဈေးကွက် (Stock Exchange Market) တွင်သာ ရောင်းချ၊ ဝယ်ယူခြင်းများ ပြုလုပ်ကြပါသည်။

(ဆက်လက်ဖော်ပြပါဦးမည်)

**ဒေါက်တာမောင်မောင်စိုး (ဘောဂဗေဒ)**

■

# ရက်စွဲမှတ်တမ်း

**၁၁-၁၂-၂၀၀၃** ✳ ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ဒီဇင်ဘာလ ၁၁ ရက်မှ ၁၂ ရက်အထိ ကျင်းပသည့် အာဆီယံ–ဂျပန် အထိမ်းအမှတ် ထိပ်သီးညီလာခံသို့ တက်ရောက်ပြီး တိုကျိုကြေညာချက်စာတမ်း လက်မှတ်ရေးထိုး။

✳ ဂျပန်နိုင်ငံ တိုကျိုမြို့ Imperial ဟိုတယ်၌ ကျင်းပသည့် အာဆီယံ–ဂျပန် နိုင်ငံခြားရေး ဝန်ကြီးများအစည်းအဝေးသို့ မြန်မာနိုင်ငံ တက်ရောက်။

**၁၂-၁၂-၂၀၀၃** ✳ အမှတ် (၂) စက်မှုဝန်ကြီးဌာန၏ ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ ရေနံဓာတ်ငွေ့ရည်အိုးခွံ အလုပ်ရုံနှင့် ဓာတ်ခဲအလုပ်ရုံ ဖွင့်လှစ်။

**၁၅-၁၂-၂၀၀၃** ✳ ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ကျင်းပပြုလုပ်သော မြန်မာနိုင်ငံ၏ ဒီမိုကရေစီ ဖော်ဆောင်ရေးအစီအစဉ်နှင့် ပတ်သက်သည့် နိုင်ငံတကာဆွေးနွေးပွဲသို့ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံ၊ ဩစတြေးလျ၊ ဩစတြီးယား၊ အီတလီ၊ ဂျာမနီ၊ ပြင်သစ်၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ စင်ကာပူ၊ အင်ဒိုနီးရှားနိုင်ငံများမှ ကိုယ်စားလှယ်များနှင့် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူးသံတမန် မစ္စတာရာဇလီအစ်စမေးလ်တို့ တက်ရောက်ဆွေးနွေး။

**၁၇-၁၂-၂၀၀၃** ✳ မြန်မာနိုင်ငံအစိုးရသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရမှ သက်သာသော အတိုးနှုန်းဖြင့် ချေးငွေတစ်ရပ် ထုတ်ချေးရေးဆိုင်ရာ သဘောတူစာချုပ်နှင့် စီးပွားရေးနှင့် ကျွမ်းကျင်မှုအတတ်ပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်တို့ကို မြန်မာနိုင်ငံခြားရေးဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်ဝန်ကြီး Mr.Chen Jian တို့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်မှတ်ရေးထိုး။

**၂၀-၁၂-၂၀၀၃** ✳ မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် အင်းကုန်းကျေးရွာအနီး ရန်ကုန်–မန္တလေး ကားလမ်းဘေးရှိ မြန်မာ့လယ်ယာသုံး စက်ကိရိယာစက်ရုံ ဖွင့်လှစ်။

**၂၁-၁၂-၂၀၀၃** ✳ မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်း ဖွဲ့စည်းခြင်းအခမ်းအနားကို ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ MICT Park ၌ ကျင်းပ။

✳ စစ်ကိုင်းတိုင်း၊ စစ်ကိုင်းခရိုင်၊ မြင်းမူမြို့နယ်၊ လက်ပန်ချောင်းပေါ်တွင် တည်ဆောက်ထားသည့် အလျား ပေ ၄၀၀၀၊ အမြင့်ပေ ၉၀ ရှိသော လက်ပန်ရေလှောင်တမံ ဖွင့်လှစ်။

**၈-၁-၂၀၀၄** ✳ ကိုရီးယားနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကနေဒါနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့ ပါဝင်သော ဒုတိယအကြိမ် အပြည်ပြည်ဆိုင်ရာ ကွန်ပျူတာပါရဂူအဆင့် သုတေသနစာတမ်းဖတ်ပွဲ (The Second International Computer Ph.D Level Research Conference) နှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲကို ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများ ဟိုတယ်၌ ကျင်းပ။

**၁၆-၁-၂၀၀၄** ✳ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပညာသင်ဆုပေးရေး စီမံချက်အတွက် စာချွန်လွှာနှစ်ရပ်ကို မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး Mr.Yuji Miyamoto နှင့် မြန်မာနိုင်ငံ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနဝန်ကြီး ဦးစိုးသာတို့နှစ်ဦး အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်မှတ်ရေးထိုး။

✳ ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပညာသင်ဆုပေးရေး စီမံကိန်းတတိယအဆင့်အဖြစ် ယန်း ၁၅၉ သန်း အကူအညီပေးမည့် စာချွန်လွှာကို မြန်မာနိုင်ငံ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနဝန်ကြီးနှင့် ဂျပန်နိုင်ငံသံအမတ်ကြီး Mr.Yuji Miyamoto တို့ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်မှတ်ရေးထိုး။

**၂၄-၁-၂၀၀၄** ✳ ကရင်ပြည်နယ် စုံနံ့သာမြိုင် ဆွေမြို့တော် (မြိုင်ကြီးငူဒေသ) မြိုင်ကြီးငူ–ဘားအံ ၃၄ မိုင် သစ္စာလမ်းမကြီးနှင့် တံတားကြီးငယ် စုစုပေါင်း ၉၉ စင်း ဖွင့်လှစ်။

**၂၅-၁-၂၀၀၄** ✳ လွန်ခဲ့သော နှစ်ပေါင်း ၁၀၀ က စတင်ခဲ့သော ဘိန်းစိုက်ပျိုးမှုများ ၂၀၀၂ ခုနှစ်မှစ၍ မျိုးစေ့ပါမကျန် ရှင်းလင်းနိုင်ခဲ့ကြောင်း တိုင်းရင်းသားခေါင်းဆောင် ဦးဖုန်ကြားရှင်မှ ဝန်ကြီးများ၊ သံအမတ်ကြီးများ၊ သံအရာရှိများနှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များအား ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်မြို့တွင် ပြောကြား။

**၂၆-၁-၂၀၀၄** ✳ မန္တလေးတိုင်း၊ တံတားဦးမြို့နယ်၊ မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်အဝင် လမ်းပေါ်တွင် တည်ဆောက်ထားသော အလျား ပေ ၂၀၀၊ ယာဉ်သွားလမ်း၊ အကျယ် ၇၂ ပေနှင့် လူသွားလမ်း အကျယ် တစ်ဖက် ၆ ပေစီရှိသည့် ပန်းဆေးတံတား ဖွင့်လှစ်။

**၂၇-၁-၂၀၀၄** ✳ VCD ခွေများတွင် ကွန်ပျူတာအား ပျက်စီးစေသည့် ပရိုဂရမ်များ ထည့်သွင်းခြင်းနှင့် ပတ်သက်၍ VCD များကို ခိုးကူးခြင်းမှ ကာကွယ်ရန်ဟူသော အကြောင်းပြချက်ဖြင့် VCD ခွေများတွင် ကွန်ပျူတာအတွင်းရှိ OS စနစ် ပရိုဂရမ်များကို ပျက်စီးစေသည့် Command များ စုစည်းထားသည်ကို တွေ့

ရှိရသည့်အတွက် အဆိုပါ VCD ခွေများအား ထုတ်လုပ်သူ၊ ဖြန့်ချိသူနှင့် ပရိဂရမ်ရေးသားသူများကို ခေါ်ယူသတိပေး ရှင်းလင်းသည့်အခမ်းအနားကို ရန်ကုန်မြို့ လှိုင်မြို့နယ် MICT Park အခန်းအမှတ် ၂၀၅ ၌ ကျင်းပ။

* ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်နေ့က ကြီးမားပြင်းထန်သည့် ငလျင်ဘေးဒဏ် ကျရောက်ခဲ့သော အီရန်အစ္စလာမ်မစ် သမ္မတနိုင်ငံ ဘမ်မြို့သို့ မြန်မာနိုင်ငံအစိုးရမှ တစ်ခါသုံး ဆေးထိုးအပ်အချောင်းရေ ၄၁၂၀၀ နှင့် အထပ်သား အချပ်ရေ ၁၀၀၀၀ ကို ပေးပို့ လှူဒါန်း။

* မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ ကျိုက်ထီးရိုးရင်ပြင်တော်နှင့် မုဆိုးတောင်အကြားတွင် မီးလောင်ကျွမ်းမှုတစ်ရပ် ဖြစ်ပွား။

**၂၉-၁-၂၀၀၄** * My Doom ခေါ် W 32.Movarg A@mm အမည်ရှိ ကွန်ပျူတာဗိုင်းရပ်စ်တစ်မျိုး ၂၀၀၄ ခုနှစ် ဇန်နဝါရီလအတွင်း ပျံ့နှံ့လျက်ရှိကြောင်း မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်မှ သတင်းထုတ်ပြန်။

**၁-၂-၂၀၀၄** * (၅၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲအား ၂၈-၁၂-၂၀၀၃ မှ ၂၇-၁-၂၀၀၄ အထိ ကျင်းပခဲ့ရာတွင် ပိဋကတ်သုံးပုံ အာဂုံ+ရေးဖြေအောင် တိပိဋကဓရ တိပိဋက ကောဝိဒအရှင်မြတ်နှစ်ပါးနှင့် ပိဋကတ်သုံးပုံအာဂုံအောင် တိပိဋကဓရ အရှင်မြတ်တစ်ပါးပေါ်ထွန်းကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြ။

**၂-၂-၂၀၀၄** * ပဲခူးတိုင်း(အရှေ့ပိုင်း)ရေတာရှည်မြို့နယ် သာဂရ ကျေးရွာမှ ပဲခူးရိုးမတောင်ကြောကို ဖြတ်ကျော်၍ မကွေးတိုင်း၊ ဆင်ပေါင်ဝဲမြို့နယ် ကိုးပင်ကျေးရွာသို့ ဆက်သွယ်ဖောက်လုပ်ထားသော ခရီးမိုင် ၉၆ မိုင် ၃ ဖာလုံရှိ သာဂရ-ကိုးပင် ရိုးမ ဖြတ်ကျော်လမ်း ဖွင့်လှစ်။

**၃-၂-၂၀၀၄** * အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ပြုလုပ်သော အိန္ဒိယ-မြန်မာစွမ်းအင်နှင့် သဘာဝဓာတ်ငွေ့ကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မှု အလားအလာများ အစည်းအဝေးနှင့် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ပြုလုပ်သော မြန်မာ့ကမ်းလွန်သဘာဝဓာတ်ငွေ့တိုးမြှင့်ထုတ်လုပ်နိုင်ရေး အစည်းအဝေးများသို့ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်။

* နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်၌ ၂၀၀၄ ခုနှစ် ဇန်နဝါရီလ ၂၁ ရက်နေ့တွင် ကျင်းပခဲ့သည့် ၂၀၀၃ ခုနှစ် ယူနီဆက်ဖ် ကတိကဝတ်ပြုမှုကို ဆိုင်ရာညီလာခံ၌ မြန်မာနိုင်ငံမှ ယူနီဆက်ဖ်ဆောင်ရွက်မှုလုပ်ငန်းများအတွက် ငွေကျပ် ၁၅၄၆၆၃၅ ကျပ်ကို ကတိကဝတ်ပြုခဲ့ကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြ။

**၉-၂-၂၀၀၄** * ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ ဘားအံတက္ကသိုလ် ဖွင့်လှစ်။

**၁၀-၂-၂၀၀၄** * ကချင်ပြည်နယ် မိုးညှင်းမြို့နယ်ရှိ အစိုးရစက်မှုလက်မှုသိပ္ပံ (မိုးညှင်း) ဖွင့်လှစ်။

* မြန်မာနိုင်ငံနှင့် အိုင်ယာလန်နိုင်ငံတို့အကြား သံတမန်ဆက်သွယ်မှု တည်ထောင်ခြင်းဆိုင်ရာ ပူးတွဲကြေညာချက် (Joint Communique) ကို ကွာလာလမ်ပူမြို့ မြန်မာသံရုံးတွင် နှစ်နိုင်ငံသံအမတ်ကြီးနှစ်ဦး လက်မှတ်ရေးထိုး။

* ကချင်ပြည်နယ် မိုးကောင်းမြို့နယ် နမ့်ကောင်းချောင်းပေါ်တွင် တည်ဆောက်ထားသော ၉၄၅ ပေအရှည်ရှိသည့် မိုးကောင်းတံတားဖွင့်လှစ်။

**၁၁-၂-၂၀၀၄** * မန္တလေးတိုင်း မြင်းခြံမြို့နယ်ရှိ မြင်းခြံ ဒီဂရီကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ (မြင်းခြံ) ဖွင့်လှစ်။

**၁၃-၂-၂၀၀၄** * မြန်မာနိုင်ငံသို့ လုပ်ငန်းသဘော အလည်အပတ်ခရီး လာရောက်သည့် မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီအဗ္ဗဒူလာဘင်ဟာဂျီအာမက် ဘာဒါဝီ ခေါင်းဆောင်သောအဖွဲ့သည် ရန်ကုန်မြို့သို့ မနက်ပိုင်းတွင် ရောက်ရှိပြီး နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများ ခေါင်းဆောင်သော မြန်မာ-မလေးရှား ပူးပေါင်းဆောင်ရွက်ရေး ပူးတွဲကော်မရှင်တစ်ရပ် ထူထောင်ရန် သဘောတူညီခဲ့ကြကာ ညနေ ၅ နာရီတွင် မီကာဆာဟိုတယ်၌ မလေးရှားနိုင်ငံသား စီးပွားရေးလုပ်ငန်းရှင်များ၊ မလေးရှားနိုင်ငံမှ သတင်းထောက်များနှင့် တွေ့ဆုံ၍ သတင်းစာရှင်းလင်းပွဲပြုလုပ်ပြီးနောက် ညနေပိုင်းတွင် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ။

**၁၅-၂-၂၀၀၄** * ကချင်ပြည်နယ် မိုးညှင်းမြို့နယ်၌ နန့်ရင်းချောင်းကိုဖြတ်လျက် တည်ဆောက်ထားသော ၂၀၀ ပေအရှည်ရှိသည့် မိုးညှင်းတံတား ဖွင့်လှစ်။

**၁၆-၂-၂၀၀၄** * တနင်္သာရီတိုင်း ကော့သောင်းမြို့နယ် ဗိုလ်ချိုကျွန်း မကြံုဂယက်ကျေးရွာတွင် ဆလုံတိုင်းရင်းသား ရိုးရာပွဲတော် ဖွင့်လှစ်။

**၁၉-၂-၂၀၀၄** * ထိုင်းနိုင်ငံ Siam Jonathan Co., Ltd. နှင့် မြန်မာနိုင်ငံ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနတို့ ငါးဖမ်းလုပ်ငန်းဆိုင်ရာ သဘောတူညီမှု စာချုပ်လွှာ (Agreement Signing Ceremony on Fishing Rights) ကို ဒဂုံမြို့နယ် အလံပြဘုရားလမ်းရှိ Grand Plaza Park Royal ဟိုတယ်၌ ကျင်းပ။

* ထိုင်းနိုင်ငံ ရင်းနှီးမြှုပ်နှံမှုအဖွဲ့ရုံး (BOI) နှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်တို့အကြား ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေးသဘောတူ စာချုပ်ကို ထိုင်းနိုင်ငံ BOI မှ အထွေထွေအတွင်းရေးမှူး Mr.Somphong Wanapha နှင့် မြန်မာနိုင်ငံ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်သန်းနွဲ့တို့ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်မှတ်ရေးထိုး။

**၂၀-၂-၂၀၀၄** ✳ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံးနှင့် အိန္ဒိယနိုင်ငံမှ Confederation of India Industry တို့ ပူးပေါင်းကျင်းပသော နယ်စပ်မှဖြတ်၍ မြန်မာ–အိန္ဒိယ ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဆွေးနွေးပွဲကို ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်တွင် ကျင်းပ။

✳ Agreement on Setting up of Joint Task Force Between Union of Myanmar Federation of Chambers of Commerce and Industry and Confederation of India Industry သဘောတူစာချုပ်ကို ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် Confederation of India Industry Past President Mr.Rajive Kaul တို့ ရန်ကုန်ကုန်သွယ်မှုဗဟိုဌာန ဧည့်ခန်းမတွင် လက်မှတ်ရေးထိုး။

**၂၃-၂-၂၀၀၄** ✳ ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ ဖေဖော်ဝါရီလ ၂၄ ရက်မှ ၂၆ ရက်နေ့အထိ ကျင်းပမည့် ပထမအကြိမ် အာဆီယံပို့ဆောင်ရေးလုပ်ငန်း ကျွမ်းကျင်သူ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးသို့ တက်ရောက်ရန် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင် ခေါင်းဆောင်သည့် မြန်မာအဖွဲ့ ရန်ကုန်မြို့မှ ထွက်ခွာ။

**၂၄-၂-၂၀၀၄** ✳ မြန်မာ–ကိုရီးယား ချစ်ကြည်ရေးအသင်းနှင့် ရန်ကုန်မြို့သို့ ရောက်ရှိနေသော ကိုရီးယား–မြန်မာ ချစ်ကြည်ရေးအသင်းတို့၏ နှစ်နိုင်ငံ ချစ်ကြည်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲကို ရန်ကုန်မြို့ မင်္ဂလာဒုံဥယျာဉ်မြို့တော်ရှိ ဇေကမ္ဘာခန်းမ၌ ကျင်းပ။

**၂၅-၂-၂၀၀၄** ✳ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Chinn Metallurgical Construction Group Corporation (MCC) နှင့် မြန်မာနိုင်ငံ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်းတို့ တစ်နေ့ တန် ၂၀၀ ပျော့ဖတ်စက်ရုံစီမံကိန်း (သာပေါင်း)အတွက် မီးထိုးဆီပေးသွင်းရေးနှင့် တစ်နေ့ တန် ၅၀ အဆင့်မြင့် စက္ကူစက်ရုံတည်ဆောက်ရေးတို့အတွက် စာချုပ်လက်မှတ်ရေးထိုး ချုပ်ဆိုပွဲအခမ်းအနားကို အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပ။

**၂၈-၂-၂၀၀၄** ✳ ပဲခူးတိုင်း ကဝမြို့နယ်အတွင်း ဆည်မချောင်းနှင့် ပဲခူးမြစ်ဆုံရာ ရွှေလှေရွာအနီးတွင် တည်ဆောက်ထားသော ၆ ပေ ၁၆ ပေ အကျယ်၊ အပေါက် ၄၀ ပါ ကွန်ကရစ် ရေထုတ်၊ ရေထိန်းတံခါးနှင့် ၂၂ ပေ အကျယ် ကွန်ကရစ်ရေယာဉ် ဝင်ထွက်တံခါးများ ပါဝင်သည့် ရွှေလှေရေထိန်းတံခါး ဖွင့်လှစ်။

✳ အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာန၏ ဖေဖော်ဝါရီလအတွင်းက ထုတ်ပြန်ခဲ့သော ၂၀၀၃ ခုနှစ်အတွက် နိုင်ငံတကာလူ့အခွင့်အရေးအစီရင်ခံစာ၌ ဖော်ပြခဲ့သည့် မြန်မာနိုင်ငံနှင့် ပတ်သက်သော အချက်များအား ပယ်ချခဲ့ကြောင်း မြန်မာနိုင်ငံအစိုးရမှ သတင်းထုတ်ပြန်။ (Ref: မြန်မာတိုင်းမ် အတွဲ–၈၊ အမှတ်–၁၅၂)

**၁-၃-၂၀၀၄** ✳ ကုလသမဂ္ဂ အထူးသံကိုယ်စားလှယ် မစ္စတာရာဇာလီအစ္စမေးလ် ၁၂ ကြိမ်မြောက် ခရီးစဉ်အဖြစ် မြန်မာနိုင်ငံသို့ ရောက်ရှိပြီး မတ်လ ၄ ရက်နေ့တွင် ပြန်လည်ထွက်ခွာ။

**၃-၃-၂၀၀၄** ✳ ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ (International Narcotics Control Board-INCB)၏ ၂၀၀၃ ခုနှစ် မူးယစ်ဆေးဝါးဆိုင်ရာ အစီရင်ခံစာနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မလိခလမ်းရှိ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး (United Nations Office on Drug and Crime-UNODC) ၌ ကျင်းပ။

**၆-၃-၂၀၀၄** ✳ အိန္ဒိယလေတပ်မတော်မှ SURYAKIRAN AEROBATIC TEAM တိုက်လေယာဉ်များ၏ လေကြောင်းစွမ်းရည်ပြပွဲတစ်ရပ်ကို ရန်ကုန်မြို့ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်တွင် ကျင်းပ။

**၁၀-၃-၂၀၀၄** ✳ တရုတ်နိုင်ငံမှ လူသတ်မှု၊ လုယက်မှုဖြင့် အလိုရှိနေသော တရားခံ ဝမ်ဝိန်ပေါင်း (၄၁)နှစ်အား မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင်၊ မူဆယ်မြို့၌ လွှဲပြောင်းပေးအပ်။

**၁၄-၃-၂၀၀၄** ✳ ဧရာဝတီတိုင်း ပုသိမ်မြို့နယ်တွင် တည်ဆောက်ထားသော လေယာဉ်ပြေးလမ်း အလျား ၈၅၀၀ ပေ၊ အကျယ် ၁၀၀ ပေ၊ ကွန်ကရစ်ထု ၂၂ လက်မရှိသော ပုသိမ်လေဆိပ်လေယာဉ်ပြေးလမ်းဖွင့်လှစ်။

**၁၆-၃-၂၀၀၄** ✳ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI)၏ ရန်ကုန်မြို့မှ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့သို့ တိုက်ရိုက်ပျံသန်းပြေးဆွဲမည့် ရန်ကုန်–နယူးဒေလီ–ရန်ကုန်ခရီးစဉ်သစ် ဖွင့်လှစ်။

✳ ရှမ်းပြည်နယ်(မြောက်ပိုင်း)မိုးမိတ်မြို့ မိုးမိတ်–ကုန်းဝက်လမ်းပေါ်တွင် နမ့်မောင်းချောင်းကိုဖြတ်၍ တည်ဆောက်ထားသော အလျား ပေ ၃၀၀ အရှည်ရှိသည့် နမ့်မောင်းချောင်းတံတားဖွင့်လှစ်။

**၁၉-၃-၂၀၀၄** ✳ ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့တွင် တည်ဆောက်ထားသည့် ပြည်ထောင်စု အဆင့်မြင့်အားကစားကွင်းသစ် ဖွင့်လှစ်။

**၂၁-၃-၂၀၀၄** ✳ စစ်ကိုင်းတိုင်း၊ မုံရွာခရိုင်၊ မုံရွာမြို့၌ တည်ဆောက်

ထားသော ပြေးလမ်းအလျား ၈၅၀၀ ပေ၊ အကျယ် ၁၀၀ ပေ ရှိသည့် မုံရွာလေဆိပ်ဖွင့်လှစ်။

* စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ရွှေဘိုမြို့ မဟာနန္ဒာကန်တော်အနီး၌ တည်ဆောက်ထားသည့် ၂၅ တန် ဖွဲနုဆီစက်နှင့် တန် ၅၀ ဆန်စက် ဖွင့်လှစ်။

**၂၂-၃-၂၀၀၄** * ရန်ကုန်တိုင်း၊ လှည်းကူးမြို့နယ်တွင် တည်ဆောက်ထားသည့် တမံအလျား ၂၂၃၅ ပေ၊ အမြင့် ၁၀၀ ပေနှင့် ရေဧကပေတစ်သိန်းနှစ်သောင်းခန့် သိုလှောင်နိုင်သော ပေါင်းလင်း(ငမိုးရိပ်ရေကူ) ရေလှောင်တမံဖွင့်လှစ်။

**၂၄-၃-၂၀၀၄** * မြန်မာ–တရုတ် နှစ်နိုင်ငံအစိုးရတို့အကြား ကုန်သွယ်ရေး ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ စီးပွားရေးနှင့် ကျွမ်းကျင်မှု အတတ်ပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်၊ အတိုးနှုန်းသက်သာသည့် ချေးငွေထုတ်ချေးရေးမူဘောင် သဘောတူစာချုပ်၊ ဆက်သွယ်ရေးလုပ်ငန်းစီမံကိန်း အဆင့်(၂)အတွက် သက်သာသောအတိုးနှုန်းဖြင့် ထုတ်ချေးမည့် ငွေချေးစာချုပ်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Export Credit and Insurance Corporation နှင့် မြန်မာနိုင်ငံ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနတို့ လက်မှတ်ရေးထိုးမည့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေး ပူးပေါင်းဆောင်ရွက်ရန် စာချွန်လွှာ၊ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုတိုးမြှင့်ရေးကောင်စီတို့အကြား ချုပ်ဆိုသော နားလည်မှု စာချွန်လွှာ၊ ရဲရွာရေအားလျှပ်စစ်စီမံကိန်းအတွက် ပထမအသုတ် Hydraulic သံထည်ပစ္စည်းများဝယ်ယူရန် ဝယ်သူချေးငွေစာချုပ်၊ ရဲရွာရေအားလျှပ်စစ်စီမံကိန်းအတွက် ပထမအသုတ် ရေအား အဆောက်အအုံ သံထည်ပစ္စည်းများ ဝယ်ယူရေးစာချုပ်၊ မြန်မာနိုင်ငံ ဆက်သွယ်ရေးကွန်ရက် တည်ဆောက်ရေးစီမံကိန်း ပူးပေါင်း ဆောင်ရွက်ရေး သဘောတူစာချုပ်၊ ကွန်းရေအားလျှပ်စစ်စီမံကိန်း အတွက် ရေအားအဆောက်အအုံ သံထည်ပစ္စည်းများ ဝယ်ယူ ရေးနှင့် လျှပ်စစ်နှင့် စက်မှုဆိုင်ရာပစ္စည်းများ ဝယ်ယူရေးစာချုပ်၊ မြောင်းတကာ–လှိုင်သာယာ–ရေကြည် ၂၃၀ ကေဗွီ ဓာတ်အားခွဲရုံ တည်ဆောက်ရေးစီမံကိန်းအတွက် မြန်မာ့လျှပ်စစ်ဓာတ်အား လုပ်ငန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Central China Electric Power International Economic & Trade Co., Ltd. တို့ စက်ပစ္စည်းများ ဝယ်ယူရေးစာချုပ်၊ တစ်နေ့ မှန်ရည်တန် ၁၅၀ Float Glass မှန်စက်ရုံစီမံကိန်းအတွက် သဘောတူညီမှုစာချွန်လွှာ၊ တစ်နေ့ တန် ၅၀၀ ကျ ယူရီးယားဓာတ်မြေဩဇာစက်ရုံ တည်ဆောက်ရေးစီမံကိန်းဆိုင်ရာ သဘောတူစာချုပ်၊ ရဲရွာရေအားလျှပ်စစ်စီမံကိန်းအတွက် ရေအားအဆောက်အအုံ သံထည်ပစ္စည်းများ ဝယ်ယူရေးနှင့် လျှပ်စစ်နှင့် စက်မှုဆိုင်ရာ တာဘိုင်ဂျင်နရေတာနှင့် ဆက်စပ်ပစ္စည်းများ ဝယ်ယူရေးအတွက် နားလည်မှုစာချွန်လွှာ၊ အမျိုးသားဓာတ်ရုံ ပြန်လည်မွမ်းမံပြင်ဆင်ရေးစီမံကိန်းဆိုင်ရာ အပြန်အလှန်လဲလှယ်မှုစာလွှာ၊ ဆန်စက် စက်ကိရိယာအသစ်များ ပြန်လည်တပ်ဆင်ရေးလုပ်ငန်း စီမံကိန်းဆိုင်ရာ အပြန်အလှန် လဲလှယ်မှုစာလွှာ၊ ရိတ်သိမ်းခြွေလှေ့စက် ထုတ်လုပ်ရေးစီမံကိန်း စူးစမ်းလေ့လာမှုဆိုင်ရာ အပြန်အလှန်လဲလှယ်မှုစာလွှာ၊ အသေးစား ရေအားလျှပ်စစ်စီမံကိန်း စူးစမ်းလေ့လာမှုဆိုင်ရာ အပြန်အလှန် လဲလှယ်မှုစာလွှာ၊ ကြံနှင့် ဝါ မျိုးကောင်းမျိုးသန့်များ ထောက်ပံ့ရေး စီမံကိန်းလေ့လာမှုဆိုင်ရာ အပြန်အလှန်လဲလှယ်မှုစာလွှာ၊ မြန်မာ–တရုတ်နယ်စပ်ဒေသတစ်လျှောက် ဘူမိဗေဒလေ့လာရေးနှင့် ဓာတ် သတ္တုရှာဖွေရေးစီမံကိန်းဆိုင်ရာ အပြန်အလှန်လဲလှယ်မှုစာလွှာ၊ လားရှိုး–မူဆယ် မီးရထားလမ်းစီမံကိန်း အပြန်အလှန် လဲလှယ်မှု စာလွှာများကို နှစ်နိုင်ငံ တာဝန်ရှိသူများမှ အသီးသီး လက်မှတ် ရေးထိုး။

* မန္တလေးတိုင်း၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့ နွားလည် ကောက်တောင်ခြေအနီးတွင် တည်ဆောက်ထားသည့် တစ်ရက် လျှင် ဘိလပ်မြေ တန် ၇၀၀ ထုတ်လုပ်မည့် ဆင်မင်း(၂) ဘိလပ် မြေစက်ရုံ ဖွင့်လှစ်။

* စစ်ကိုင်းတိုင်း၊ မင်းကင်းမြို့နယ်၊ မုံရွာ–ယာကြီး–ကလေးဝ လမ်းသစ်ပေါ်တွင် တည်ဆောက်ထားသော အလျား ၅၄၀ ပေ အရှည်ရှိသည့် မြို့မတံတားနှင့် အလျား ၃၆၀ ပေအရှည်ရှိသည့် တိန်းတံတားများ ဖွင့်လှစ်။

**၂၆-၃-၂၀၀၄** * ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မလမ်းပေါ်ရှိ Myanmar Convention Centre ဖွင့်လှစ်။

**၂၇-၃-၂၀၀၄** * ကိုရီးယားသမ္မတနိုင်ငံ ဂျီဂျူတွင် မတ်လ ၂၉ ရက်မှ ဧပြီလ ၁ ရက်နေ့အထိ ကျင်းပမည့် ကုလသမဂ္ဂပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ် အုပ်ချုပ်မှုကောင်စီ၏ အဋ္ဌမ အကြိမ် အထူးအစည်းအဝေး၊ ကမ္ဘာလုံးဆိုင်ရာ ပတ်ဝန်းကျင်ရေးရာဝန်ကြီးအဆင့် ဖိုရမ်သို့ တက်ရောက်ရန် မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ခေါင်းဆောင်သော မြန်မာအဖွဲ့ ကိုရီးယားနိုင်ငံသို့ ထွက်ခွာ။

**၂၉-၃-၂၀၀၄** * ၂၀၀၃ ခုနှစ် ဖေဖော်ဝါရီလအတွင်း မြန်မာနိုင်ငံ တစ်ဝန်းလုံး၌ မီးဖိုမီး၊ ပေါ့ဆမီး ၁၀၄ ကြိမ်၊ လျှပ်စစ်မီး ၂၃ ကြိမ်၊ မသမာသူရှို့မီး ၅ ကြိမ်၊ တောမီး ၁၀ ကြိမ်၊ အလို အလျောက်မီး ၁ ကြိမ်၊ မီးလန့် ၂ ကြိမ် စုစုပေါင်း မီးလောင်မှု ၁၄၅ ကြိမ်ဖြစ်ပွားကြောင်း နိုင်ငံပိုင်ကြေးမုံသတင်းစာတွင် ဖော်ပြ။

* ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ် သီလဝါရှိ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ပင်မအဆောက်အအုံသစ် ဖွင့်လှစ်။

**၃၀-၃-၂၀၀၄** * ပြည်ထောင်စုမြန်မာနိုင်ငံတော် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်မှ ကြေညာချက်အမှတ် ၁/၂၀၀၄ ဖြင့် ယာယီအားဖြင့် ဆိုင်းငံ့ထားလျက်ရှိသော အမျိုးသားညီလာခံကို ၁၃၆၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၄ ရက် (၂၀၀၄ ခုနှစ် မေလ ၁၇ ရက်) တနင်္လာနေ့တွင် ရန်ကုန်မြို့၌ ပြန်လည်ကျင်းပမည်ဖြစ်ကြောင်း ကြေညာချက်ထုတ်ပြန်။

**၁-၄-၂၀၀၄** * ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး အလုံသင်္ဘောကျင်း၏ နှစ် ၁၀၀ ပြည့် အထိမ်းအမှတ်အခမ်းအနားကို ရန်ကုန်မြို့ အလုံမြို့နယ် အလုံသင်္ဘောကျင်း၌ ကျင်းပ။

**၂-၄-၂၀၀၄** * e-Government စနစ်၏ Pilot Project ဖြစ်သော အစိုးရလုပ်ငန်းဌာနများ၏ တင်ဒါနှင့် ဝယ်ယူမှုများအတွက် Online မှတစ်ဆင့် ပိုမိုလျင်မြန်ထိရောက်စွာ ဆောင်ရွက်အသုံးပြုနိုင်မည့် e-Procurement အစီအစဉ်စတင်ခြင်းအခမ်းအနားကို ရန်ကုန်မြို့ MICT Park အစည်းအဝေးခန်းမ၌ ကျင်းပ။

**၄-၄-၂၀၀၄** * မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအစိုးရတို့အကြား Cooperation in the Field of Agriculture နားလည်မှုစာချွန်လွှာ၊ The Establishment Road Link Between Myanmar and Bangladesh နားလည်မှုစာချွန်လွှာနှင့် Visa Exemption for Holders of Diplomation or Official Pasports နားလည်မှု စာချွန်လွှာများကို နှစ်နိုင်ငံတာဝန်ရှိသူများ အပြန်အလှန် လက်မှတ်ရေးထိုး။

* မြန်မာ့စီးပွားရေးဘဏ် မော်ဘီဘဏ်ခွဲ အဆောက်အအုံသစ် ဖွင့်လှစ်။

**၆-၄-၂၀၀၄** * စင်ကာပူနိုင်ငံတွင် ကျင်းပသော အာဆီယံဘဏ္ဍာရေးဝန်ကြီးများ အလွတ်သဘောအစည်းအဝေးနှင့် ဧပြီလ ၇ ရက်နေ့တွင် ကျင်းပသော အာဆီယံဘဏ္ဍာရေးဝန်ကြီးများ၏ အဋ္ဌမအကြိမ်မြောက် အစည်းအဝေးများသို့ မြန်မာနိုင်ငံ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်။

**၇-၄-၂၀၀၄** * မြန်မာနိုင်ငံ၏ ပထမဆုံးသော ရေလုပ်ငန်းစက်မှုဇုန်ဖြစ်သည့် ငွေပင်လယ်ရေလုပ်ငန်းစက်မှုဇုန်ဖွင့်ပွဲကို ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် ရွှေပြည်သာတံတားအနီး လှိုင်မြစ်ကမ်းရှိ အဆိုပါစက်မှုဇုန်၌ ကျင်းပ။

**၈-၄-၂၀၀၄** * မန္တလေးတိုင်း ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ်ရှိ ခုတင် ၂၀၀ ဆံ့ အထူးကုဆေးရုံ(ကျောက်ဆည်) ဖွင့်လှစ်။

**၁၁-၄-၂၀၀၄** * ဧရာဝတီတိုင်း ဝါးခယ်မမြို့နယ်ရှိ ဝါးခယ်မပြည်သူ့ဆေးရုံကြီး ခုတင် ၅၀ ဆံ့ တိုးချဲ့ ဆေးရုံသစ်ဖွင့်လှစ်။

**၁၇-၄-၂၀၀၄** * ရခိုင်ပြည်နယ် စစ်တွေမြို့နယ် ရန်ကုန်–စစ်တွေ ကားလမ်းမကြီး မိုင်တိုင် ၁၉၃ မိုင် ၂ ဖာလုံတွင် တည်ရှိသော အလျားပေ ၃၀၀ ရှည်လျားသည့် နာရီကန် တံတားဖွင့်လှစ်။

* မကွေးတိုင်း စလင်းမြို့၊ ဆင်ဖြူကျွန်းမြို့နှင့် ပွင့်ဖြူမြို့များတွင် ဒစ်ဂျစ်တယ် အော်တိုအိတ်ချိန်းသစ်များ ဖွင့်လှစ်။

**၂၀-၄-၂၀၀၄** * (၁၀) ကြိမ်မြောက် ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုကို ရန်ကုန်မြို့ ရန်ကုန်အထွေထွေရောဂါ အထူးကုဆေးရုံသစ်ကြီး၌ ဆောင်ရွက်။

**၂၄-၄-၂၀၀၄** * စစ်ကိုင်းတိုင်း မုံရွာခရိုင် ဆားလင်းကြီးမြို့နယ် ငွေသာကျေးရွာအနီး ငွေသာချောင်းပေါ်တွင် တည်ဆောက်ထားသည့် တမံအမြင့် ၅၈ ပေနှင့် တမံအလျားပေ ၅၂၈၀ ရှိသော မြေသားတမံ အမျိုးအစား ငွေသာရေလှောင်တမံ ဖွင့်လှစ်။

* ထူးခြားသည့် နေ့အပူချိန်များအဖြစ် မင်းဘူးမြို့၊ အောင်လံမြို့၊ ဘားအံမြို့နှင့် ရန်ကုန်မြို့(ကမ္ဘာအေး)တို့တွင် အပူချိန် ၄၂ ဒီဂရီစင်တီဂရိတ်စီဖြစ်ပေါ်ကြောင်း သတင်းထုတ်ပြန်။

**၂၆-၄-၂၀၀၄** * ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ သတင်းတပ်ဖွဲ့မှူးရုံးက တာဝန်ယူတည်ဆောက်ခဲ့သည့် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်၊ ပန်းဆိုးတန်းလမ်းရှိ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့ရုံး ခြောက်ထပ်ရုံး တိုးချဲ့အဆောက်အအုံသစ် ဖွင့်လှစ်။

**၃၀-၄-၂၀၀၄** * ၂၀၀၃ ခုနှစ် (၂၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အဖွဲ့ချုပ်၏ ၂၀၀၄ ခုနှစ် မတ် ၃၁ ရက် အဖွဲ့ချုပ်အဖွဲ့ဝင်အမျိုးသား အိုလံပစ်ကော်မတီများ၏ ဥက္ကဋ္ဌများထံ လိပ်မူလျက် သတင်းထုတ်ပြန်ချက်အရ ကနူးလှေလှော် အမျိုးသားပြိုင်ပွဲ မီတာ (၅၀၀) (CI)နှင့် မီတာ (၁၀၀၀) (CI) ပြိုင်ပွဲများတွင် တားမြစ်ဆေးဝါး သုံးစွဲခဲ့သော ဗီယက်နမ်နိုင်ငံမှ ပထမရွှေတံဆိပ်ဆုရ အားကစားသမားကို အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီစည်းမျဉ်းစည်းကမ်းအရ လိုအပ်သောအရေးယူမှုများ ပြုလုပ်ခဲ့သဖြင့် အဆိုပါပြိုင်ပွဲ နှစ်ရပ်စလုံးအတွက် ဒုတိယရရှိခဲ့သူ မြန်မာနိုင်ငံမှ အောင်လင်းသည် ပထမရွှေတံဆိပ်နှစ်ဆု ရရှိခဲ့ကြောင်း၊ သို့ဖြစ်၍ (၂၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ စုစုပေါင်းရရှိခဲ့သည့် ရွှေတံဆိပ်စုစုပေါင်းမှာ ၁၆ ခုမှ ၁၈ ခုသို့ အတည်ပြုပြောင်းလဲသတ်မှတ်ကြောင်း ကြေးမုံသတင်းစာတွင် ဖော်ပြ။

**၂-၅-၂၀၀၄** * ထူးခြားသည့် နေ့အပူချိန်များအဖြစ် မကွေးတွင်

၄၄ ဒီဂရီစင်တီဂရိတ်၊ အောင်လံတွင် ၄၃ ဒီဂရီစင်တီဂရိတ်၊ မုံရွာ၊ မိတ္ထီလာ၊ ညောင်ဦး၊ ပျဉ်းမနား၊ မင်းဘူး၊ ပြည်၊ သာယာဝတီနှင့် မှော်ဘီတို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်ဖြစ်ပေါ်ကြောင်း ထုတ်ပြန်။

**၃-၅-၂၀၀၄** ＊ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်၌ တည်ထားကိုးကွယ်သည့် သဗ္ဗညုပုထိုးတော်ကြီး ရွှေထီးတော်တင်လှူ ပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနား ကျင်းပ။

**၄-၅-၂၀၀၄** ＊ ရန်ကုန်မြို့အပါအဝင် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ရာသီဥတု ကြည်လင်ကောင်းမွန်သော ဒေသအားလုံးမှ မြန်မာစံတော်ချိန် နံနက် ၀၁း၀၀ နာရီခန့်မှ ၀၄း၃၀ နာရီခန့်အထိ လအပြည့်ကြတ်ခြင်းကို မြင်တွေ့ကြရ။

**၈-၅-၂၀၀၄** ＊ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်အဆောက်အအုံသစ်ဖွင့်ပွဲကို ဗဟန်းမြို့နယ် သံလွင်လမ်း အမှတ်–၁၃၂ရှိ အဆိုပါအဆောက်အအုံ၌ ကျင်းပ။

**၁၀-၅-၂၀၀၄** ＊ ဗန်ကောက်လေကြောင်းလိုင်း (Bangkok Airways)၏ ရန်ကုန်မြို့နှင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့တို့အကြား ပျံသန်းမည့် ဗန်ကောက်–ရန်ကုန်–ဗန်ကောက် ပုံမှန်ခရီးစဉ် စတင်ပြေးဆွဲ။

**၁၁-၅-၂၀၀၄** ＊ မကွေးတိုင်း ဂန့်ဂေါခရိုင် ဆောမြို့နယ် ဂန့်ဂေါ–ထီးလင်း–ကျောက်ထု–ဆော–စေတုတ္တရာ–ငဖဲ ဆက်သွယ်ပေးသော လမ်းပေါ်ရှိ ပေ ၂၈၀ အရှည်ရှိသည့် ကြီးချောင်းတံတား ဖွင့်လှစ်။

**၁၅-၅-၂၀၀၄** ＊ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ MRTV-4 Channel စတင် ထုတ်လွှင့်။

**၁၆-၅-၂၀၀၄** ＊ ဆွစ်ဇာလန်နိုင်ငံ ဂျနီဗာမြို့တွင် ကျင်းပမည့် ၅၇ ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေး ညီလာခံသို့ တက်ရောက်ရန် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ထွက်ခွာ။

**၁၇-၅-၂၀၀၄** ＊ အမျိုးသားညီလာခံကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ပြန်လည် စတင်ကျင်းပ။

**၁၉-၅-၂၀၀၄** ＊ ရခိုင်ပြည်နယ် စစ်တွေ၊ ကျောက်ဖြူ၊ မြေပုံနှင့် ပေါက်တောမြို့နယ်တို့၌ လေပြင်းကျရောက်ခဲ့ရာ စစ်တွေမြို့နယ်တွင် အိမ်ထောင်စု ၂၀၀ ခန့်၊ ကျောက်ဖြူမြို့နယ်တွင် အိမ်ထောင်စု ၁၅၀ ခန့်၊ မြေပုံမြို့နယ်နှင့် ပေါက်တောမြို့နယ်တို့တွင် အိမ်ထောင်စု ၁၀၀၀ ခန့်စီ လေပြင်းဒဏ်သင့်ခဲ့ကြောင်း မေလ ၂၉ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြ။

**၂၀-၅-၂၀၀၄** ＊ မြန်မာနိုင်ငံနှင့် ဆူဒန်သမ္မတနိုင်ငံတို့အကြား သံအမတ်ကြီးအဆင့်ဖြင့် သံတမန်အဆက်အသွယ်ပြုလုပ်ရန် သဘောတူညီချက်ကို နှစ်နိုင်ငံ သံအမတ်ကြီးများ နယူးယောက်မြို့တွင် လက်မှတ်ရေးထိုး။

**၂၁-၅-၂၀၀၄** ＊ မြန်မာနိုင်ငံ ရန်ကုန်မြို့နှင့် လာအိုဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယန်ရှင်းမြို့တော်တို့ မြို့တော်အဆင့်မြှင့်တင်ရေးဆိုင်ရာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန် သဘောတူစာချွန်လွှာကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် လာအိုဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယန်ရှင်းမြို့တော်ဝန် H.E.Mr.Thong Sing Thame Mavong တို့နှစ်ဦး ရန်ကုန်မြို့တော်ဝန်ဧည့်ခန်းမတွင် လက်မှတ်ရေးထိုး။

**၂၃-၅-၂၀၀၄** ＊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီချွမ်းပြည်နယ် ချန်ဒူးမြို့တွင် ကျင်းပမည့် ပဉ္စမအကြိမ် တရုတ်ပြည်အနောက်ပိုင်း အပြည်ပြည်ဆိုင်ရာ စီးပွားရေးကုန်စည်ပြပွဲသို့ တက်ရောက်ရန် သမဝါယမဝန်ကြီးဌာန ဝန်ကြီးခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့မှ ထွက်ခွာ။

**၂၅-၅-၂၀၀၄** ＊ ဂျပန်နိုင်ငံ Ministry of Land Infrastructure and Thansport နှင့် မြန်မာနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာနတို့ ပူးပေါင်းကျင်းပသည့် မြန်မာ့ဆိပ်ကမ်းများ လုံခြုံရေးနှင့် အန္တရာယ်ကင်းဝေးရေးဆိုင်ရာ မြန်မာ–ဂျပန် ပူးတွဲနှီးနှောဖလှယ်ပွဲ (Myanmar-Japan Join Seminae on The Security and Safety in Myanmar Ports) ကို ရန်ကုန်မြို့ အလုံမြို့နယ်ရှိ အေးရှားဝေါလ်ဆိပ်ကမ်း တံတားအစည်းအဝေးခန်းမ၌ ကျင်းပ။

**၁၀-၆-၂၀၀၄** ＊ Phyo Pyei Phyo Company Ltd. နှင့် ထိုင်းနိုင်ငံ Inter Assets Holding Company Ltd. တို့၏ ရေလုပ်ငန်း အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်အရ Myanmar P.P.P Inter Assets Holding J.V.Co., Ltd.ဖွဲ့စည်းမှုသဘောတူစာချွန်လွှာကို အလုံမြို့နယ် ဆင်မင်းလမ်းရှိ ငါးလုပ်ငန်းဦးစီးဌာန အစည်းအဝေးခန်းမ၌ လက်မှတ်ရေးထိုး။

**၁၂-၆-၂၀၀၄** ＊ စစ်ကိုင်းတိုင်း ကလေးဝမြို့နယ် မုံရွာ–ယာကြီး–ကလေးဝ ကားလမ်းသစ်ပေါ်၌ တည်ရှိပြီး မြစ်သာမြစ်ကို ဖြတ်လျက် တည်ဆောက်ထားသော ပင်မတံတားနှင့် သံပေါင်ကြိုးတံတားအပါအဝင် အလျား ပေ ၁၃၂၀ ရှည်လျားသည့် မြစ်သာတံတား(ကလေးဝ) ဖွင့်လှစ်။

**၁၄-၆-၂၀၀၄** ＊ ဂျပန်နိုင်ငံ Ibaraki Prefecture မှ မြန်မာနိုင်ငံ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ မီးသတ်မော်တော်ယာဉ်ခြောက်စီး၊ ကျန်းမာရေးဝန်ကြီးဌာနသို့ လူနာတင်မော်တော်ယာဉ်ငါးစီး ပေးအပ်လှူဒါန်း။

＊ မန္တလေးတိုင်း ပျဉ်းမနားမြို့ စည်ပင်ကြီးကျေးရွာ၌ တည်ဆောက်ထားသော အရှည် ၅၈၅ ပေ၊ အကျယ် ၆ ပေနှင့် အမြင့် ၁၂ ပေ ရှိသော ပေါင်းလောင်းမြစ် လူကူးတံတား ဖွင့်လှစ်။

**၁၅-၆-၂၀၀၄** ＊ သမဝါယမဘဏ်လီမိတက်(CB Bank)၊ သမဝါယမ

မြှင့်တင်ရေးဘဏ်လီမိတက်နှင့် တောင်သူလယ်သမားများ သမဝါယမဘဏ်လီမိတက်တို့ ပူးပေါင်း၍ သမဝါယမဘဏ်လီမိတက် (CB Bank Ltd.) အများနှင့် သက်ဆိုင်သောကုမ္ပဏီ လီမိတက်အဖြစ် ဖွင့်လှစ်။

**၂၄-၆-၂၀၀၄** * ဆက်သွယ်ရေးစီမံကိန်းအဆင့်(၂) ဆောင်ရွက်ရန် သဘောတူကန်ထရိုက်စာချုပ်ကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်မောင်တင်နှင့် တရုတ်နိုင်ငံ Alcatel Shanghai Bell Co., Ltd. မှ ဒုတိယဥက္ကဋ္ဌ (Senior Vice President) Mr.Joe Tao ZHOU တို့ နှစ်ဦးကလည်းကောင်း၊ ဆက်သွယ်ရေးစီမံကိန်းအဆင့်(၂)အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ချေးငွေအား မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသို့ ထပ်ဆင့်ချေးသည့် Subsidiary Loan Agreement ကို မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်မှ အထွေထွေမန်နေဂျာ ဦးစိုးမင်းနှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးသာဦးတို့ နှစ်ဦးကလည်းကောင်း အပြန်အလှန် လက်မှတ်ရေးထိုး။

**၂၅-၆-၂၀၀၄** * ပဲခူးတိုင်း ပြည်ခရိုင် ပန်းတောင်းမြို့နယ် ချင်းရွာကြီးကျေးရွာအနီး ခဝါချောင်းပေါ်တွင် တည်ဆောက်ထားသော အလျား ၁၉၅၀ ပေ၊ အမြင့် ၇၃ ပေ ရှိသည့် ခဝါရေလှောင်တမံ ဖွင့်လှစ်။

**၂၆-၆-၂၀၀၄** * ယနေ့ နံနက်ပိုင်းက ရန်ကုန်ဘူတာကြီးပတ်ဝန်းကျင်တွင် မိုင်းထောင်ဖောက်ခွဲခဲ့မှုဖြစ်စဉ်နှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲတစ်ရပ်ကို ညနေ ၅ နာရီတွင် ရန်ကုန်မြို့ အင်းလျားလမ်းရှိ တပ်မတော်ဧည့်ဂေဟာ၌ ကျင်းပ။

**၂၇-၆-၂၀၀၄** * ရန်ကုန်မြို့ ရန်ကုန်ဘူတာကြီး ရိုးရိုးတန်းလက်မှတ်အရောင်းဌာနနှင့် ဓာတ်ဆီဆိုင်တောင်ဘက်အကြားရှိ ပန်းခြံငယ်အတွင်း မိုင်းတစ်လုံးပေါက်ကွဲမှု ဖြစ်ပွား။

* တနင်္သာရီတိုင်း ဘုတ်ပြင်းမြို့၏တောင်ဘက် ကိုးမိုင်အကွာ ချောင်းကရုက်ကျေးရွာအနီး အရှည် ပေ ၁၀၀၀၀ နှင့် အကျယ် ပေ ၁၀၀ ရှိသည့် ကွန်ကရစ်ခင်း လေယာဉ်ပြေးလမ်း ပါဝင်သော ဘုတ်ပြင်းလေဆိပ် ဖွင့်လှစ်။

**၂-၇-၂၀၀၄** * ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ Excel Treasure Tower ဖွင့်လှစ်။

**၅-၇-၂၀၀၄** * မန္တလေးမြို့ ဗဟိုအမျိုးသမီးဆေးရုံကြီး(မန္တလေး) ဖွင့်လှစ်။

**၇-၇-၂၀၀၄** * ပက်ထရိုနပ်စ်ရေနံကုမ္ပဏီမှ မြန်မာကျောင်းသား ၇ ဦးတို့အား မလေးရှားနိုင်ငံ ပက်ထရိုနပ်စ် နည်းပညာတက္ကသိုလ်တွင် ပညာဆည်းပူးရန် ပညာသင်ဆု ချီးမြှင့်။

**၉-၇-၂၀၀၄** * အမျိုးသားညီလာခံ ခေတ္တရပ်နားကြောင်းနှင့် ခြေခင်း လက်ခင်းသာသည့် ပွင့်လင်းရာသီတွင် နောက်တစ်ကြိမ်ပြန်လည်ကျင်းပမည်ဖြစ်ကြောင်း အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌက ရန်ကုန်တိုင်း၊ မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမတွင် ပြောကြား။

**၁၀-၇-၂၀၀၄** * မြန်မာ–ဂျပန် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကို ရန်ကုန်မြို့ သုဝဏ္ဏရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) တွင် စတင်ကျင်းပ။

* မကွေးတိုင်း၊ ဂန့်ဂေါခရိုင်၊ ဆောမြို့နယ်၊ ကျောက်ထုမြို့တွင် တည်ဆောက်ထားသော ပြေးလမ်းအရှည် ၆၅၀၀ ပေ၊ ပြေးလမ်းအကျယ် ၁၀၀ ပေရှိသည့် ကျောက်ထုလေဆိပ် ဖွင့်လှစ်။

**၁၂-၇-၂၀၀၄** * ဇူလိုင်လ ၁၁ ရက်နေ့တွင် ရန်ကုန်မြို့ရှိ အင်ဒိုနီးရှားသမ္မတနိုင်ငံသံရုံး၏ သံအမတ်ကြီးရုံးခန်း၌ အသံဖမ်းကိရိယာတွေ့ရှိခဲ့ကြောင်း ဖော်ပြပြီး သတင်းမီဒီယာအချို့က မြန်မာနိုင်ငံအပေါ် စွပ်စွဲပြောဆိုမှုများ ပေါ်ပေါက်ခဲ့ရာ အဆိုပါစွပ်စွဲပြောဆိုမှုများ မှန်ကန်မှုမရှိကြောင်း မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနက မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာဗီယိုဆိုဂရိုဂျိုဝါလ်စီတိုအား တွေ့ဆုံရှင်းလင်းပြောကြား။

* တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံ အစိုးရတို့အကြား စီးပွားရေးနှင့် ကျွမ်းကျင်မှုအတတ်ပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးသဘောတူစာချုပ်၊ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ တည်ဆောက်ရေးစီမံကိန်းဆိုင်ရာစာလွှာ၊ မြန်မာနိုင်ငံတွင် ရေအားလျှပ်စစ်လုပ်ငန်းစီမံကိန်းများ၏ ပင်မစီမံချက်ရေးဆွဲရေးဆိုင်ရာစာလွှာ၊ သန်လျင်–ကျောက်တန်း စက်မှုဇုန်အတွက် ပင်မလုပ်ငန်းစီမံချက်ဆိုင်ရာ စာလွှာ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အတိုးမဲ့ချေးငွေ ရင်မင်ဘီယွမ် သန်း ၅၀ ဖြင့် ရထားသံလမ်းများ ရယူရေးဆိုင်ရာစာလွှာ၊ မြန်မာနိုင်ငံ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သတင်းအချက်အလက်လုပ်ငန်းဝန်ကြီးဌာနတို့အကြား သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ အမှတ် (၄) ယူရီးယားဓာတ်မြေဩဇာစက်ရုံ (တိုက်ကြီး) တည်ဆောက်ရေးအတွက် ဘဏ္ဍာငွေ ဖြည့်ဆည်းရေးသဘောတူစာချုပ်၊ ချေးငွေ ပေးဆပ်ရေးပြန်လည်ညှိနှိုင်းမှု သဘောတူစာချုပ်၊ မြန်မာနိုင်ငံ ဆက်သွယ်ရေးကွန်ရက် တည်ဆောက်ရေးစီမံကိန်းအတွက် ထောက်ပံ့ရေးစာချုပ်၊ တကောင်းတောင်နီကယ်သတ္တု စမ်းသပ် တိုင်းတာရေးနှင့် ဖြစ်မြောက်နိုင်စွမ်း လေ့လာရေးလုပ်ငန်းသဘောတူစာချုပ်၊ ပျော့ဖတ်စက်ရုံများ တည်ဆောက်ရန်အတွက် နားလည်မှုစာချွန်လွှာများကို နှစ်နိုင်ငံမှ တာဝန်ရှိသူအသီးသီး လက်မှတ်အပြန်အလှန် ရေးထိုးလဲလှယ်။

**၁၃-၇-၂၀၀၄** * ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF) နှင့် တရားရုံးချုပ်တို့ ပူးပေါင်းကျင်းပသည့် ကလေးသူငယ် တရားစီရင်ရေး၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပ။

**၁၅-၇-၂၀၀၄** * ထိုင်းနိုင်ငံတွင် ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒနှင့် မဟာယာနဗုဒ္ဓဘာသာညီလာခံသို့ တက်ရောက်ရန် မြန်မာနိုင်ငံမှ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိဆရာတော် ဒေါက်တာ အရှင်ဉာဏိသရ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့မှ ထွက်ခွာ။

**၁၆-၇-၂၀၀၄** * The Supply Contract Between Myanmar Posts and Telecommunication and ZTE Corporation for GSM System Expansion Project ကို မြန်မာနိုင်ငံ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း အထွေထွေမန်နေဂျာ ဦးသာဦးနှင့် ZTE Corporation ဥက္ကဌ မစ္စတာ ဟိုဝေကွေ့တို့နှစ်ဦး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှင်ကျင့်မြို့ရှိ ရှင်ကျင့် အဆင့်မြင့်နည်းပညာ စက်မှုဇုန်၌ လက်မှတ်ရေးထိုး စာချုပ်ချုပ်ဆို။

**၁၉-၇-၂၀၀၄** * ၅၇ နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားတွင် ဗိုလ်ချုပ်အောင်ဆန်း၏ ဂူဗိမာန်၌ သားကြီးဖြစ်သူ ဦးအောင်ဆန်းဦးကိုယ်စား ဦးနန်းနွယ်ကလည်းကောင်း၊ အခြားသော အာဇာနည်ကြီးများ၏ ဂူဗိမာန်တွင် ၎င်းတို့၏ မိသားစုများမှ လည်းကောင်း အသီးသီးလွမ်းသူ့ပန်းခွေချ အလေးပြု။

* ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် ဧရာဝတီမြစ်ရေသည် နှစ်ပေါင်း ၃၈ နှစ်အတွင်း ဒုတိယအမြင့်ဆုံးရေမှတ် ၁၄၀၆ စင်တီမီတာသို့ မြင့်တက်ခဲ့။

**၂၆-၇-၂၀၀၄** * မန္တလေးမြို့တွင် ဧရာဝတီမြစ်ရေ ၁၃၇၃ စင်တီမီတာ (စိုးရိမ်ရေမှတ်အထက် ၁၁၃ စင်တီမီတာ)သို့ ရောက်ရှိခဲ့ပြီး ယခုတိုင်းထွာရရှိမှုမှာ လွန်ခဲ့သည့်နှစ် ၃၀ အတွင်း အမြင့်ဆုံးဖြစ်ကြောင်း၊ မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနမှ ထုတ်ပြန်ကြေညာ။

* တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Hainan Jiayi Machine Import & Export Co., Ltd. နှင့် မြန်မာနိုင်ငံ သတ္တုတွင်းဝန်ကြီးဌာန ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေး ဦးစီးဌာနတို့ ကြေးနီနှင့် အခြားသတ္တုများ ရှာဖွေစမ်းသပ် တိုင်းတာရေးနှင့်ဖြစ်မြောက်နိုင်စွမ်း လေ့လာရေးလုပ်ငန်းများကို ကချင်ပြည်နယ်၊ ဗန်းမော်မြို့နယ်၊ ဆင်ဘို–နမ့်လီဆန်လုပ်ကွက်၊ စစ်ကိုင်းတိုင်း ကနီမြို့နယ် မုံရွာလုပ်ကွက်(၁)၊ ဆားလင်းကြီးမြို့နယ် မုံရွာလုပ်ကွက် (၂)တို့တွင် အကျိုးတူပူးပေါင်းဆောင်ရွက်ရန် သဘောတူစာချုပ်ကို ရန်ကုန်မြို့ ကုန်သည်ကြီးများ ဟိုတယ်၌ လက်မှတ်ရေးထိုး။

**၂၈-၇-၂၀၀၄** * မန္တလေးတိုင်း မြင်းခြံခရိုင် ကျောက်ပန်းတောင်းမြို့နယ်၊ တည်ပဲတဲကျေးရွာအနီး တောင်ရေချောင်းပေါ်၌ တည်ဆောက်ထားသော တမံအမြင့် ၇၀ ပေ၊ တမံအလျား ၂၉၇၀ ပေ ရှိသည့် တောင်ရေ (ကြက်မောက်တောင်ရေကူ) ရေလှောင်တမံ ဖွင့်လှစ်။

* ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့လေကြောင်းနှင့် Dawn Light Ltd., Cathy Aviation Ltd. နှင့် Fast Growth Association တို့ Air Myanmar ဖက်စပ်လေကြောင်းလိုင်း သဘောတူစာချုပ်ကို ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ လက်မှတ်ရေးထိုး။

**၂၉-၇-၂၀၀၄** * ဧရာဝတီမြစ်ကြောင်းရှိ မြို့နယ်အချို့ ရေဘေးအန္တရာယ်ကြုံရကြောင်းနှင့် မြစ်ကြီးနားမြို့၌ စပါးစိုက်ခင်းနှင့် အိုးအိမ်ပစ္စည်းအချို့ ဆုံးရှုံးမှုရှိခဲ့ကြောင်း ယနေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြ။

* ၁၂ နှစ်တိုင်တိုင် ပါးစပ်ဟ၍မရသော ဒဂုံတက္ကသိုလ် ဒုတိယနှစ် ရူပဗေဒကျောင်းသား မောင်ဇေယျာအောင် (၁၈)နှစ်အား မြန်မာနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့မှ ဆေးပညာရှင်များ ပူးပေါင်းပြီး ဇူလိုင်လ ၁၆ ရက်နေ့တွင် ခွဲစိတ်ကုသခဲ့ရာ အောင်မြင်ခဲ့ကြောင်း ယနေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြ။

**၃၀-၇-၂၀၀၄** * ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ကျင်းပသည့် ပထမအကြိမ်မြောက် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးသို့ မြန်မာနိုင်ငံ တက်ရောက်။

**၇-၈-၂၀၀၄** * ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး H.E.Mr. Prommin Lertsuridej ဦးဆောင်သာ ထိုင်းနိုင်ငံ စွမ်းအင်ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ ရောက်ရှိပြီး မြန်မာနိုင်ငံ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ထိုင်းနိုင်ငံ PTTEP International Limited တို့၏ မုတ္တမကမ်းလွန်ဒေသ လုပ်ကွက်အမှတ် အမ်–၃ နှင့် အမ်–၄ တို့တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးဆိုင်ရာ စာချုပ်များနှင့် မြန်မာနိုင်ငံ စွမ်းအင်ဝန်ကြီးဌာနနှင့် ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာနတို့၏ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ကဏ္ဍနှင့် စွမ်းအင်ချွေတာရေးဆိုင်ရာကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်ရေးအတွက် နားလည်မှုစာချွန်လွှာတို့ကို နှစ်နိုင်ငံ တာဝန်ရှိသူများ ရန်ကုန်မြို့ အင်းလျားကန်ဟိုတယ် မင်္ဂလာခန်းမတွင် လက်မှတ်ရေးထိုး။

**၉-၈-၂၀၀၄** * မြန်မာ–တရုတ် နှစ်နိုင်ငံ စီးပွားရေးနှင့် ကျွမ်းကျင်မှု

အတတ်ပညာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်အရ ပေးအပ်သည့် အကူအညီ ယွမ်သန်း ၅၀ မှ မြန်မာနိုင်ငံအစိုးရ သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရမှ အော်ဒီဆလွန်းကား အစီး ၃၀ လွှဲပြောင်းပေးအပ်သည့် မှတ်တမ်းလွှာကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်မှတ်ရေးထိုး။

**၁၆-၈-၂၀၀၄** ✶ ဘင်းမ်စတက် (BIMSTEC) အဖွဲ့ စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်ဖြစ်သည့် ဇီဝဒြပ်ထုစွန့်ပစ်ပစ္စည်းမှ ဇီဝဓာတ်ငွေ့ထုတ်လုပ်သော ကိရိယာအသုံးပြု၍ ဆေးရွက်ကြီး အခြောက်ခံသော သရုပ်ပြစီမံကိန်း အကောင်အထည်ဖော်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို မန္တလေးတိုင်း ညောင်ဦးမြို့ ပုဂံဟိုတယ်၌ ကျင်းပ။

**၁၇-၈-၂၀၀၄** ✶ တောင်အာဖရိကနိုင်ငံ ဒါဘင်မြို့၌ ကျင်းပမည့် ဘက်မလိုက် လှုပ်ရှားမှုအဖွဲ့၏ ၁၄ ကြိမ်မြောက် ဝန်ကြီးအဆင့် အစည်းအဝေးနှင့် ဒုတိယအကြိမ် အာရှ–အာဖရိက ဒေသခွဲဆိုင်ရာ အဖွဲ့အစည်းများ ညီလာခံသို့ တက်ရောက်ရန် မြန်မာကိုယ်စားလှယ်အဖွဲ့ ထွက်ခွာ။

✶ သစ်တောရေးရာဝန်ကြီးဌာနနှင့် အာဆီယံအတွင်းရေးမှူးရုံးတို့ ပူးပေါင်း၍ မျိုးဆက်ပျက်သုဉ်းလုဆဲ တောရိုင်းတိရစ္ဆာန်၊ သစ်ပင်ပန်းမန်များ နိုင်ငံတကာကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ကွန်ဗင်းရှင်း (Convention on International Trade in Endangered Species of Wild Flora and Fauna-CITES)၏ အာဆီယံနိုင်ငံဆိုင်ရာ ကျွမ်းကျင်သူများအဖွဲ့ တတိယအကြိမ် အစည်းအဝေးကို ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပ။

**၁၈-၈-၂၀၀၄** ✶ အိန္ဒိယရုပ်ရှင်ပွဲတော် (Indian Film Week) ကို ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ နေပြည်တော်ရုပ်ရှင်ရုံ၌ ကျင်းပ။

**၂၄-၈-၂၀၀၄** ✶ မကွေးတိုင်း၊ သရက်ခရိုင်၊ မင်းလှမြို့နယ်၊ ပုသိမ်–မုံရွာ (မြောက်ပိုင်း) လမ်း၊ ရှမ်းတပ်ကြီးကျေးရွာအနီး အရှည် ၅၀၀ ပေ ရှိသည့် ရွှေချောင်းတံတား ဖွင့်လှစ်။

✶ ရန်ကုန်မြို့တွင် ဂျီအက်စ်အမ်မိုဘိုင်း တယ်လီဖုန်းစနစ် တည်ဆောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အယ်လ်ကာတဲလ် ရှန်ဟိုင်းဘဲလ်ကုမ္ပဏီက လေကြောင်းခရီးဖြင့် တင်ပို့လိုက်သော ဂျီအက်စ်အမ်စက်ပစ္စည်းများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဇက်တီအီးကော်ပိုရေးရှင်းက ရန်ကုန်နှင့် မန္တလေးမြို့တို့၌ ဂျီအက်စ်အမ်မိုဘိုင်းတယ်လီဖုန်းစနစ်များ တိုးချဲ့တပ်ဆင်ရေး လုပ်ငန်းအတွက် ပေးပို့သောပစ္စည်းများ ရန်ကုန်မြို့သို့ ရောက်ရှိလာပြီး ယခုရောက်ရှိနေသော ပစ္စည်းများ တပ်ဆင်ပြီးစီးပါက မိုဘိုင်းဖုန်းသုံးစွဲလိုသူ တစ်သိန်းခန့်အား တပ်ဆင်ပေးနိုင်မည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြပါရှိ။

✶ ရန်ကုန်မြို့ရှိ မော်တော်ယာဉ်များအနက် ဘတ်စ်ကား အစီး ၁၀၀၀၊ တီအီးမော်တော်ယာဉ် အစီး ၁၀၀၀ နှင့် အညာဒေသရှိ ပုလိပ်၊ မြင်းခြံကို အခြေပြုသည့် မော်တော်ယာဉ် အစီး ၂၀၀ အား သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များအဖြစ် ပထမအဆင့် ဦးစားပေး ပြောင်းလဲတပ်ဆင် အသုံးပြုသွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်း အမှတ် (၂) စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမတွင်ပြုလုပ်သော ဒီဇယ်အင်ဂျင်မှ သဘာဝဓာတ်ငွေ့သုံးအင်ဂျင် ပြောင်းလဲသုံးစွဲရေး ညှိနှိုင်းအစည်းအဝေးတွင် တာဝန်ရှိသူများမှ ပြောကြား။

**၂၅-၈-၂၀၀၄** ✶ မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် အသည်းအလှူရှင် မအေးမွန်ထံမှ အသည်းကို အသည်းခြောက်ဝေဒနာရှင် ကိုခင်ဇော်ထက်ထံသို့ အစားထိုးခွဲစိတ်ကုသမှု အောင်မြင်စွာ ပြုလုပ်နိုင်ခဲ့ကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြ။

✶ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Tsingda Daring Biotechnologies Group သည် အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်းနှင့် မုံရွာ တစ်နေ့တန် ၂၀၀ ပျော့ဖတ်နှင့် စက္ကူစက်ရုံစီမံကိန်းနှင့် သစ်တောစိုက်ခင်း ထူထောင်ရေး စီမံကိန်းအတွက်လည်းကောင်း၊ စွမ်းအင်ဝန်ကြီးဌာန စွမ်းအင်စီမံရေးဦးစီးဌာနနှင့် Downstream Oil & Gas စီမံကိန်းများ တည်ဆောက်ရေးအတွက်လည်းကောင်း နားလည်မှု စာချွန်လွှာ MoU များကို တာဝန်ရှိသူများမှ လက်မှတ်ရေးထိုး လဲလှယ်။

✶ မြန်မာနိုင်ငံနှင့် ဆော်ဒီအာရေဗျနိုင်ငံတို့အကြား သံတမန်အဆက်အသွယ်ပြုလုပ်ရန် သဘောတူညီချက်ကို နယူးယောက်မြို့တွင် နှစ်နိုင်ငံ သံအမတ်နှစ်ဦး လက်မှတ်ရေးထိုး။

**၃၀-၈-၂၀၀၄** ✶ မန္တလေးတိုင်း ရမည်းသင်းခရိုင် လယ်ဝေးမြို့နယ် ရေပြာရိုးရွာအနောက်မြောက်ဘက် သဲဖြူချောင်းပေါ်တွင် တည်ဆောက်ထားသည့် ပင်မတမံအမြင့် ၆၀ ပေနှင့် အရှည် ၂၆၅၀ ပေရှိ သဲဖြူရေလှောင်တမံ ဖွင့်လှစ်။

**၃၁-၈-၂၀၀၄** ✶ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ Sunway Lagoon Resort Hotel ၌ ဩဂုတ်လ ၂၃ ရက်တွင် အာရှတိရစ္ဆာန်ဆေးကု တက္ကသိုလ်များအသင်းက ကြီးမှူးကျင်းပသော ၂၀၀၄ ခုနှစ် နှစ်ပတ်လည်အစည်းအဝေးနှင့် စာတမ်းဖတ်ပွဲ၌ မြန်မာနိုင်ငံ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်မှ ခွဲစိတ်ကုနှင့် မျိုးပွားပညာဌာန ပါမောက္ခ (ဌာနမှူး) ဒေါက်တာမြင့်သိန်း တင်သွင်းသည့် ဖန်ပြွန်သန္ဓေသားထုတ်လုပ်ခြင်းနှင့် စပ်လျဉ်းသည့် သုတေသနစာတမ်း အာရှတိရစ္ဆာန်ဆေးသိပ္ပံပညာထူးချွန်ဆုရရှိကြောင်း သတင်းထုတ်ပြန်။

**၃-၉-၂၀၀၄** ✳ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Dian-Qian-Gui Petroleum Exploration Bureau of SINOPEC နှင့် မြန်မာနိုင်ငံ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းတို့ ကုန်းပိုင်းဒေသလုပ်ကွက်အမှတ်–D စစ်ကိုင်းတိုင်း မုံရွာခရိုင်နှင့် မကွေးတိုင်း ပခုက္ကူခရိုင်တို့အတွင်းရှိ မဟူတောင်ဒေသ၌ ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ် (Production Sharing Contract) ကို ရန်ကုန်မြို့ ဆီဒိုးနား ဟိုတယ်၌ လက်မှတ်ရေးထိုး။

**၅-၉-၂၀၀၄** ✳ မကွေးတိုင်း ပခုက္ကူမြို့နယ်တွင် တည်ဆောက်ထားသော ပြေးလမ်းအရှည် ၈၅၀၀ ပေ၊ အကျယ် ၁၀၀ ပေ၊ အထူ ၂၇ လက်မ ပါဝင်သော ပခုက္ကူလေဆိပ် ဖွင့်လှစ်။

**၉-၉-၂၀၀၄** ✳ ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် စက်တင်ဘာ ၉ ရက်မှ ၁၁ ရက်နေ့အထိ ကျင်းပမည့် မဟာမဲခေါင်ဒေသခွဲနိုင်ငံများ၏ အစိုးရနှင့် ပုဂ္ဂလိက အဆင့်မြင့်ကိုယ်စားလှယ်များ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ရန် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ထွက်ခွာ။

**၁၀-၉-၂၀၀၄** ✳ စက်တင်ဘာလ ၉ ရက်နေ့ ထိုင်းနိုင်ငံထုတ် သတင်းစာများတွင် Report alleges army rape of ethnic women is systematic ခေါင်းစဉ်ဖြင့် ဖော်ပြထားသော သတင်းတစ်ပုဒ်မှာ လုပ်ကြံဖန်တီးထားသော သတင်းဖြစ်ကြောင်း သက်ဆိုင်ရာ၏ ထုတ်ပြန်ချက်ကို နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြ။

**၁၆-၉-၂၀၀၄** ✳ ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ကမ္ဘာအေးစေတီလမ်းနှင့် တောင်ဥက္ကလာပမြို့နယ် ဝေဇယန္တာလမ်းတို့ကို ဆက်သွယ်ရာ ပါရမီလမ်းနှင့် မြို့ပတ်ရထားလမ်းဆုံရှိ ပင်မတံတားအရှည် ၇၄၂ ပေ ၆ လက်မရှိသော ပါရမီခုံးကျော်တံတား ဖွင့်လှစ်။

**၁၇-၉-၂၀၀၄** ✳ မကွေးတိုင်း မကွေးခရိုင် ချောက်မြို့နယ်ရှိ အမှတ် (၁၅) ရပ်ကွက်ရှိ မြန်မာ့စီးပွားရေးဘဏ်(ချောက်) ဖွင့်လှစ်။

✳ မန္တလေးတိုင်း မြင်းခြံခရိုင် မြင်းခြံမြို့ (၂)ရပ်ကွက်၊ မြင်းခြံ–မန္တလေးကားလမ်းပေါ်ရှိ မြန်မာ့စီးပွားရေးဘဏ်(မြင်းခြံ) ဖွင့်လှစ်။

**၁၉-၉-၂၀၀၄** ✳ မကွေးတိုင်း ဂန့်ဂေါမြို့နယ် ဂန့်ဂေါ–ကလေးကားလမ်း နှမ်းခါးကျေးရွာအနီး တော်ဝင်ချောင်းကိုဖြတ်၍ တည်ဆောက်ထားသော အလျား ၄၀၈ ပေ အရှည်ရှိသည့် တော်ဝင်တံတား ဖွင့်လှစ်။

**၂၁-၉-၂၀၀၄** ✳ အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်၌ စက်တင်ဘာ ၁၄ ရက်တွင် စတင် ကျင်းပလျက်ရှိသည့် (၅၉) ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံသို့ တက်ရောက်ရန် မြန်မာကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့မှ ထွက်ခွာ။

**၂၅-၉-၂၀၀၄** ✳ မြန်မာနိုင်ငံ ပညာရေးဝန်ကြီးဌာန၊ ထိုင်းနိုင်ငံ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာရေးကော်မရှင်နှင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံရုံးတို့ ပူးပေါင်းကျင်းပသည့် ပထမအကြိမ် ထိုင်းပညာရေးဆွေးနွေးပွဲနှင့် ပြပွဲ–၂၀၀၄ (Thai Education Seminar & Exhibition-2004) ကို ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပ။

**၂၆-၉-၂၀၀၄** ✳ အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်၌ ၂၀၀၄ ခုနှစ် စက်တင်ဘာ ၁၄ ရက်တွင် စတင် ကျင်းပလျက်ရှိသည့် (၅၉) ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံသို့ တက်ရောက်စေရန် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းနှင့်အဖွဲ့ ရန်ကုန်မြို့မှ ထွက်ခွာ။

✳ စစ်ကိုင်းတိုင်း ဆားလင်းကြီးမြို့နယ် အနောက်မြောက်ဘက် တစ်မိုင်ခန့်အကွာ ဆားလင်းကြီးချောင်းပေါ်တွင် တည်ဆောက်ထားသော တမံ အလျား ၃၆၀၀ ပေ၊ အမြင့် ၅၂ ပေရှိသည့် ဆားလင်းကြီး ရေလှောင်တမံ ဖွင့်လှစ်။

**၂၇-၉-၂၀၀၄** ✳ စစ်ကိုင်းတိုင်း မုံရွာခရိုင် ဘုတလင်မြို့နယ် မြို့သစ်ချောင်းကျေးရွာအနီး မြို့သစ်ချောင်းပေါ်တွင် တည်ဆောက်ထားသည့် တမံအလျား ၂၆၀၀ ပေ၊ အမြင့် ၆၀ ပေရှိသော မြို့သစ် ရေလှောင်တမံ ဖွင့်လှစ်။

**၂၈-၉-၂၀၀၄** ✳ အကောက်ခွန်တန်ဖိုးသင့်ခြင်း၊ ကုန်သွယ်မှု လျင်မြန်ချောမွေ့ခြင်းနှင့် ပင်ရင်းဒေသစည်းမျဉ်းများနှင့် စပ်လျဉ်းသည့် အာရှပစိဖိတ်ဒေသဆိုင်ရာ ဆွေးနွေးပွဲကို ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများ ဟိုတယ်၌ ကျင်းပ။

**၃၀-၉-၂၀၀၄** ✳ မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ တစ်ထောင်ကျပ်တန်၊ ငါးရာကျပ်တန်နှင့် နှစ်ရာကျပ်တန် ငွေစက္ကူအရွယ်အစားသစ်များကို ၂၀၀၄ ခုနှစ် အောက်တိုဘာလအတွင်း စတင် ထုတ်ဝေမည်ဖြစ်ကြောင်း သတင်းကြေညာချက် ထုတ်ပြန်။

**၁၀-၁၀-၂၀၀၄** ✳ ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တွင် ၂၀၀၄ ခုနှစ် စက်တင်ဘာ ၂၉ ရက်မှ အောက်တိုဘာ ၉ ရက်နေ့အထိ ကျင်းပခဲ့သော ပထမအကြိမ် အာဆီယံ အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ပထမရွှေတံဆိပ် ဆွတ်ခူးရရှိသော မြန်မာအမျိုးသမီးဘောလုံးအသင်း ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ။

✳ ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့တွင် အောက်တိုဘာ ၇ ရက်မှ ၉ ရက်နေ့အထိ ကျင်းပခဲ့သော (၅)ကြိမ်မြောက် အာရှ–ဥရောပ ညီလာခံ (အေဆမ်)သို့ တက်ရောက်ခဲ့သော ဝန်ကြီးချုပ်ရုံးဝန်ကြီး

ဦးတင်ဝင်းနှင့်အဖွဲ့ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ။

**၁၁-၁၀-၂၀၀၄** * အကြိမ်(၁၁၀)မြောက် အိန္ဒိယဘောလုံးအဖွဲ့ချုပ်ဒိုင်း ဘောလုံးပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲခဲ့သည့် ဘဏ္ဍာ/အခွန် ဘောလုံးအသင်း ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ။

**၂၁-၁၀-၂၀၀၄** * စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ CNOOC Myanmar Limited၊ China Huanqiu Contracting & Engineering Corp-(HQCEC) နှင့် စင်ကာပူနိုင်ငံ Golden Aaron Pte-Ltd. တို့ ပါဝင်သော အဖွဲ့သည် ရခိုင်ကမ်းမြောင်ဒေသ ကုန်းပိုင်းလုပ်ကွက်အမှတ် M၊ ရခိုင်ပြည်နယ် ကျောက်ဖြူဒေသ၌ ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော် ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်ကို ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ လက်မှတ်ရေးထိုးချုပ်ဆို။

**၂၄-၁၀-၂၀၀၄** * မြန်မာနိုင်ငံတွင် ပြောင်းလဲဖြစ်ပေါ်နေသော အခြေအနေများကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းတို့မှ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ ရှင်းလင်း။

**၂၅-၁၀-၂၀၀၄** * ရခိုင်ပြည်နယ် ရမ်းဗြဲကျွန်းမြို့နယ် ရန်ကုန်–ကျောက်ဖြူ ကားလမ်းမကြီးပေါ်တွင် တည်ဆောက်ထားသော အလျား ၁၁၅၄.၅ ပေ၊ အမြင့် ၁၇ ပေ ရှိသည့် လုံးတော်ပေါက်တံတားဖွင့်လှစ်။

* မြန်မာ–အိန္ဒိယ နှစ်နိုင်ငံအစိုးရတို့အကြား သမားရိုးကျမဟုတ်သော လုံခြုံရေးကိစ္စများနှင့် ပတ်သက်သည့် နားလည်မှုစာချွန်လွှာ (Memorandum of Understanding between the Government of the Union of Myanmar and the Government of the Republic of India on Cooperation in the Field of Non-Traditional Security Issues) နှင့် ထမံသီ ရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ နှစ်နိုင်ငံအစိုးရတို့အကြား ယဉ်ကျေးမှုဖလှယ်ရေးဆိုင်ရာ အစီအစဉ် ၂၀၀၄–၂၀၀၆ (The Cultural Exchange Programme between the Government of the Union of Myanmar and the Government of the Republic of India, 2004-2006) တို့ကို နှစ်နိုင်ငံတာဝန်ရှိသူများမှ အသီးသီး လက်မှတ်ရေးထိုး။

**၂၉-၁၀-၂၀၀၄** * ကမ္ဘောဒီးယားနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ မြန်မာနိုင်ငံနှင့် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံတို့မှ ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ မဲခေါင်မြစ်ဝှမ်းဒေသအတွင်း လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်တွင် လက်မှတ်ရေးထိုး။

**၂-၁၁-၂၀၀၄** * ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်စီးကျွမ်းကိုယ်ပိုင် အုပ်ချုပ်ရေးဒေသ နန်နင်းမြို့တော်၌ ကျင်းပမည့် တရုတ်–အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ထိပ်သီးဆွေးနွေးပွဲ တက်ရောက်ရန် ထွက်ခွာ။

**၄-၁၁-၂၀၀၄** * မြန်မာနိုင်ငံ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် လုံချွမ်ခရိုင် ကျန်ဖုန်း–မိုးမောက် ကားလမ်းဖောက်လုပ်ရေး ကုမ္ပဏီလီမိတက်တို့ မိုးမောက်–လွယ်ဂျယ် ကားလမ်း ပြုပြင်ဖောက်လုပ်ရေးအတွက် သဘောတူစာချုပ်ကို ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း (ရုံးချုပ်) အစည်းအဝေးခန်းမ၌ လက်မှတ်ရေးထိုး။

**၉-၁၁-၂၀၀၄** * ငွေစက္ကူများနှင့် ပတ်သက်၍ ဖြစ်ပေါ်နေသော ကောလာဟလများ၊ တရားမဝင် လိုင်စင်မဲ့ မော်တော်ယာဉ်များနှင့် ပတ်သက်သော ကိစ္စရပ်များကို ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီတို့က စီးပွားရေးလုပ်ငန်းရှင်များ၊ ဘဏ်လုပ်ငန်းရှင်များ၊ ကုန်သည်ကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် အဖွဲ့ဝင်များအား ရန်ကုန်မြို့ ရန်ကင်းမြို့နယ် စက်မှု(၁)လမ်းရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ရှင်းလင်း။

**၁၄-၁၁-၂၀၀၄** * ရန်ကုန်အရှေ့ပိုင်းခရိုင်၊ တာမွေမြို့နယ်၊ မေတ္တာညွှန့်ရပ်ကွက် လက်ဝဲမင်းဒင်လမ်းနှင့် လယ်ယာရွှေမြေလမ်းထောင့်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့စီးပွားရေးဘဏ် တာမွေဘဏ်ခွဲ ဖွင့်လှစ်။

**၁၅-၁၁-၂၀၀၄** * အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယလေတပ်ဦးစီးချုပ် Air Chief Marshal S krishnaswamy, COSC, PVSM, AVSM, VM & Bar, ADC Chief of the Air Staff နှင့် ဇနီး Mrs. Hareveen Krishnaswamy တို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ ရောက်ရှိ။

**၁၈-၁၁-၂၀၀၄** * နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဖျက်သိမ်းခဲ့ပြီးဖြစ်သော အမျိုးသားထောက်လှမ်းရေးအဖွဲ့၏ ဆောင်ရွက်ခဲ့မှုများအနက် မလျော်ကန်သော ဆောင်

ရွက်ချက်များ ပါဝင်နိုင်ကြောင်းနှင့် ယင်းဆောင်ရွက်ချက်များကို ပြန်လည်သုံးသပ်ပြီး အကျဉ်းသား ၃၉၃၇ ဦးတို့အား ၁၃၆၆ ခုနှစ် တန်ဆောင်မုန်းလဆန်း ၇ ရက် (၂၀၀၄ ခုနှစ် နိုဝင်ဘာလ ၁၈ ရက်) မှစ၍ ပြစ်ဒဏ်ကျခံနေရခြင်းကို ရပ်စဲပေးလိုက်ပြီး သက်ဆိုင်ရာ အကျဉ်းထောင်အသီးသီးမှ ပြန်လည် စေလွှတ်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းစာများ၌ ထုတ်ပြန်ကြေညာ။

**၂၂-၁၁-၂၀၀၄** ＊ဧရာဝတီတိုင်း ပုသိမ်မြို့နယ်၊ မရမ်းချောင်းကျေးရွာဘက်ကမ်းတွင် တည်ဆောက်ထားသော အရှည် ၂၁၄၀ ပေရှိသည့် ပုသိမ်တံတားဖွင့်လှစ်။

**၂၃-၁၁-၂၀၀၄** ＊အမျိုးသားညီလာခံကို ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလတွင် ပြန်လည်ကျင်းပမည်ဖြစ်ကြောင်း ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပသော အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က ပြောကြား။

**၂၄-၁၁-၂၀၀၄** ＊(၆)ကြိမ်မြောက် အာရှဝူရှူးတံခွန်စိုက်ပြိုင်ပွဲ (The 6th Asian Wushu Championship-2004) ကို ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏ၌ စတင်ကျင်းပ။

＊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ International Cooperation and Training Center (ICTC)၌ ကျင်းပသော ကမ္ဘောဒီးယား–လာအို–မြန်မာ–ဗီယက်နမ် (CLMV) ထိပ်သီးအစည်းအဝေး၌ ဗီယင်ကျန်းကြေညာချက်ကို မြန်မာနိုင်ငံ ဝန်ကြီးချုပ် လက်မှတ်ရေးထိုး။

＊မြန်မာနိုင်ငံနှင့် ကာတာနိုင်ငံတို့အကြား လေကြောင်းပို့ဆောင်ရေးသဘောတူစာချုပ်ကို ပို့ဆောင်ရေးဝန်ကြီးဌာန လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးချုပ်မျိုးတင်နှင့် ကာတာနိုင်ငံ လေကြောင်းအာဏာပိုင်အဖွဲ့၏ ဥက္ကဋ္ဌနှင့် ဦးဆောင်ညွှန်ကြားရေးမှူး Mr.Abdulaziz Mohammed Al Noaimi တို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် Seasons of Yangon, International Airport Hotel ၌ လက်မှတ်ရေးထိုး။

＊(၁၀) ကြိမ်မြောက် အာရှဝူရှူးအဖွဲ့ချုပ် (WFA)ညီလာခံကို ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ Grand Plaza Park Royal ဟိုတယ်၌ ကျင်းပ။

**၂၅-၁၁-၂၀၀၄** ＊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ အကျဉ်းသား ၅၃၁၁ ဦးတို့အား ၁၃၆၆ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၄ ရက် (၂၀၀၄ ခုနှစ် နိုဝင်ဘာလ ၂၅ ရက်)မှစ၍ ပြစ်ဒဏ်ကျခံနေရခြင်းကို ရပ်စဲပေးလိုက်ပြီး သက်ဆိုင်ရာအကျဉ်းစခန်းအသီးသီးမှ ဒုတိယအကြိမ် ပြန်လည်လွှတ်ပေးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ။

＊ အိန္ဒိယနိုင်ငံ စက်မှုလုပ်ငန်းရှင်များအသင်းမှ စီစဉ်ကျင်းပသော ပထမအကြိမ် အာဆီယံ–အိန္ဒိယ မော်တော်ကားပြိုင်ပွဲ (၂၀၀၄) မြန်မာနိုင်ငံအတွင်း စတင်ဖြတ်သန်းခြင်းဖွင့်ပွဲကို မြန်မာ–အိန္ဒိယနယ်စပ် စစ်ကိုင်းတိုင်းရှိ တမူးမြို့ မဟူရာလမ်းမကြီး၌ ကျင်းပ။

**၂၈-၁၁-၂၀၀၄** ＊လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ Lao Plaza Hotel ၌ ကျင်းပသည့် အာဆီယံစီးပွားရေးဝန်ကြီးများအစည်းအဝေးအပြီးတွင် ကျင်းပသည့် စာချုပ်လက်မှတ်ရေးထိုးပွဲ၌ Memorandun of Understanding on the Joint Cooperation in Pushing Forward the Construction of the Information Highway in the Greater Mekong Subregion နှင့် The Protocal to Implement the Fourth Package of Commitments Under the ASEAN Framework Agrement on Service တို့ကို မြန်မာနိုင်ငံ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနဝန်ကြီး ဦးစိုးသာ ပါဝင် လက်မှတ်ရေးထိုး။

＊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ International Cooperation and Training Center (ICTC)၌ ကျင်းပသော ကမ္ဘောဒီးယား–လာအို–မြန်မာ–ဗီယက်နမ် (CLMV) ထိပ်သီးအစည်းအဝေး၌ ဗီယင်ကျန်းကြေညာချက်ကို မြန်မာနိုင်ငံ ဝန်ကြီးချုပ်လက်မှတ်ရေးထိုး။

＊ ရခိုင်ပြည်နယ် စစ်တွေမြို့မှ မြောက်ဦးမြို့သို့ လေ့လာခရီးထွက်ခွာလာသည့် နိုင်ငံခြားခရီးသွား ၁၄ ဦး ပါဝင်သည့် ရေယာဉ်လေးစင်းအနက် ည ၇ နာရီခွဲခန့်တွင် မြောက်ဦးမြို့၏ အနောက်ဘက် ငါးမိုင်ခန့်အကွာ ပျားတဲကျေးရွာနှင့် ကံသာယာကျေးရွာအကြား နူးရစ်ချောင်း၊ သံတရာချောင်းနှင့် ဘောမြစ်တို့ဆုံသော မြစ်ပြင်ကျယ်၌ ရုတ်တရက် တိုက်ခတ်လာသည့် လေပြင်းဒဏ်ကြောင့် သုံးစင်းတိမ်းမှောက်နစ်မြုပ်သွားခဲ့ရာ အီတလီနိုင်ငံသား အမျိုးသားနှစ်ဦး၊ အမျိုးသမီးသုံးဦးနှင့် မြန်မာဧည့်လမ်းညွှန်တစ်ဦး အသက်ဆုံးရှုံးမှု ဖြစ်ပေါ်။

**၂၉-၁၁-၂၀၀၄** ＊လာအိုပြည်သူ့ဒီမိုကရက်တသစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ရှိ Lao International Trade Exhibition & Convention Centre (Lao-ITECC)၌ ကျင်းပလျက်ရှိသော ၁၀

ကြိမ်မြောက် အာဆီယံထိပ်သီးညီလာခံတွင် Vientiane Action Programme နှင့် The ASEAN Framework Agreement for the Integration of the Priority Sectors တို့ကို အာဆီယံနိုင်ငံ အကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများမှလည်းကောင်း၊ ASEAN Sectoral Integration Protocols and ASEAN Protocal on Enhanced Disputes Settlement Mechanism ကို အာဆီယံနိုင်ငံများမှ စီးပွားရေးဝန်ကြီးများနှင့် မြန်မာနိုင်ငံ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာတို့ကလည်းကောင်း၊ The Agreement on Trade in Goods of the Framework Agreement on Comprehensive Economic Cooperation Between ASEAN and China နှင့် The Agreement on Disputes Settlement Mechanism between ASEAN and China သဘောတူစာချုပ်များကို အာဆီယံနိုင်ငံများမှ တာဝန်ရှိသူများကလည်းကောင်း အသီးသီး လက်မှတ်ရေးထိုး။

**၃၀-၁၁-၂၀၀၄** ✳ မကွေးတိုင်း၊ နတ်မောက်မြို့နယ် ကျောက်တံခါး ရွာအနီး၊ ကျောက်တံခါးချောင်းပေါ်၌ တည်ဆောက်ထားသည့် အလျား ၇၆၁၀ ပေ၊ အမြင့် ၈၀ ပေရှိသော ကျောက်တံခါး ရေလှောင်တမံ ဖွင့်လှစ်။

✳ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ Lao International Trade Exhibition & Convention Center ၌ ကျင်းပသော အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ/ အစိုးရအဖွဲ့ အကြီးအကဲများနှင့် ကိုရီးယားသမ္မတနိုင်ငံ သမ္မတတို့၏ ထိပ်သီးအစည်းအဝေးတွင် The Joint Declaration on Comprehensive Cooperation Partnership Between ASEAN and ROK အားလည်းကောင်း၊ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ အစိုးရအဖွဲ့အကြီးအကဲများနှင့် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်တို့၏ ထိပ်သီးအစည်းအဝေးတွင် The ASEAN-India Partnership of Peace, Progress and Shared Prosperity အားလည်းကောင်း၊ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ/ အစိုးရအဖွဲ့အကြီးအကဲများနှင့် ဩစတြေးလျ၊ နယူးဇီလန်ဝန်ကြီးချုပ်များ၏ ထိပ်သီးအစည်းအဝေးတွင် The Joint Declaration of the Leaders at the ASEAN-Australia and New Zealand Commemorative Summit အားလည်းကောင်း သက်ဆိုင်ရာ နိုင်ငံများမှ တာဝန်ရှိသူ အကြီးအကဲများအသီးသီး လက်မှတ်ရေးထိုး။

**၉-၁၂-၂၀၀၄** ✳ ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီး ညီလာခံကို ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယန မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ စတင် ကျင်းပ။

✳ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံ အထိမ်းအမှတ် ငါးကျပ်တန်နှင့် ကျပ် ၃၀ တန် အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ် နှစ်မျိုး ထုတ်ဝေ။

**၁၁-၁၂-၂၀၀၄** ✳ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီမှ အမျိုးသားထောက်လှမ်းရေးအဖွဲ့ ဖျက်သိမ်းပြီး နောက် တတိယအကြိမ်အဖြစ် အကျဉ်းသား ၅၀၇၀ ဦးတို့ကို ပြစ်ဒဏ်ကျခံနေရခြင်းမှ ရပ်စဲပေးပြီး သက်ဆိုင်ရာအကျဉ်း စခန်းအသီးသီးမှ စတင်စေလွှတ်ပေးနေကြောင်း သတင်း ထုတ်ပြန်။

**၁၂-၁၂-၂၀၀၄** ✳ ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ ရန်ကုန်–ကျောက်ဖြူ ကားလမ်းမကြီးပေါ်တွင် တည်ဆောက်ထားသော အလျား ၅၅၂.၄ ပေ အရှည်ရှိသည့် သံသမကြီး တံတားဖွင့်လှစ်။

**၁၄-၁၂-၂၀၀၄** ✳ မြန်မာနိုင်ငံ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ CNOOC Myanmar Limited၊ စင်ကာပူသမ္မတနိုင်ငံ Golden Aaron Pte. Ltd. နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Huanqiu Contracting & Engineering Corp. (HQCEC) တို့ ပါဝင်သောအဖွဲ့သည် ရခိုင်ကမ်းလွန်ဒေသလုပ်ကွက်အမှတ် A4 နှင့် မုတ္တမကမ်းလွန်ဒေသလုပ်ကွက်အမှတ် M-10 တို့၌ ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်များ (Production Sharing Contracts) ကို ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ လက်မှတ်ရေးထိုး။

■

ကြော်ငြာ

# ကုန်ဈေးနှုန်း

## ၂၀၀၄၊ ဒီဇင်ဘာလ တတိယပတ်အတွင်း ဖြစ်ပေါ်ခဲ့သော ကုန်ဈေးနှုန်းများ

### ကားဈေးနှုန်း (21-12-2004)

| ကားအမျိုးအစား | မော်ဒယ် | အကွာရာ | ဈေးနှုန်း (သိန်း) |
|---|---|---|---|
| Suzuki Wagon | R+ | (၄ခ)(အဖြူရောင်/ပစ္စည်းစုံ) | ၁၉၀ |
| Suzuki Wagon | R+ | (၄ခ)(အဖြူရောင်/ပစ္စည်းမစုံ) | ၁၈၅ |
| Suzuki Wagon | R+ | (၅ခ)(ခိုးရောင်) | ၂၅၀ |
| Suzuki Wagon | R+ | (၅ခ)(အပြာရောင်) | ၂၄၃ |
| Corolla 1.5 Limited | 86/87 | (၁က) | ၁၇၀ |
| Corolla 1.5 Limited | 88/89 | (၁က) | ၁၈၀ |
| Corolla 1.5 Limited | 88/89 | (၁ခ) | ၂၃၀ |
| Corolla 1.5 Limited | 90/91 | (၁က) | ၂၀၅ |
| Corolla 1.5 Limited | 90/91 | (၁ခ) | ၂၄၅ |
| Corolla 1.5 Limited | 92/93 | (၁ခ) | ၂၉၀ |
| Corolla 1.8 Van (ဒီဇယ်) | 86/87 | (၁က) | ၁၆၀ |
| Corolla 1.8 Van (ဒီဇယ်) | 86/87 | (၁ခ) | ၁၆၀ |
| Corolla 1.8 Van (ဒီဇယ်) | 88/89 | (၁က) | ၁၇၀ |
| Corolla 1.8 Van (ဒီဇယ်) | 88/89 | (၁ခ) | ၂၀၅ |
| Corolla 1.8 Van (ဒီဇယ်) | 90/91 | (၁က) | ၂၃၀ |
| Corolla 1.8 Van (ဒီဇယ်) | 90/91 | (၁ခ) | ၂၆၀ |
| Corolla 2.0 Van (ဒီဇယ်) | 92/93 | (၁ခ) | ၃၀၀ |
| Corolla 1.5 Dx Van(ဓာတ်ဆီ) | 86/87 | (၁က) | ၁၇၀ |
| Corolla 1.5 Dx Van(ဓာတ်ဆီ) | 86/87 | (၁ခ) | ၁၇၅ |
| Corolla 1.5 Dx Van(ဓာတ်ဆီ) | 88/89 | (၁က) | ၁၆၅ |
| Corolla 1.5 Dx Van(ဓာတ်ဆီ) | 88/89 | (၁ခ) | ၂၂၅ |
| Corolla 1.5 Dx Van(ဓာတ်ဆီ) | 90/91 | (၁က) | ၂၄၀ |
| Corolla 1.5 Dx Van(ဓာတ်ဆီ) | 90/91 | (၁ခ) | ၂၅၀ |
| Corolla 1.5 Dx Van(ဓာတ်ဆီ) | 92/93 | (၁ခ) | ၂၈၅ |
| Corolla 1.3 Dx Van(ဓာတ်ဆီ) | 86/87 | (၁က) | ၁၇၀ |
| Corolla 1.3 Dx Van(ဓာတ်ဆီ) | 86/87 | (၁ခ) | ၁၈၀ |
| Corolla 1.3 Dx Van(ဓာတ်ဆီ) | 88/89 | (၁ခ) | ၁၉၅ |
| Corolla 1.3 Dx Van(ဓာတ်ဆီ) | 90/91 | (၁က) | ၂၀၅ |
| Corolla 1.3 Dx Van(ဓာတ်ဆီ) | 90/91 | (၁ခ) | ၂၃၀ |
| Corolla 1.3 Dx Van(ဓာတ်ဆီ) | 92/93 | (၁ခ) | ၂၄၅ |
| Toyota Corona 2.0 Van(ဒီဇယ်) | 88/89 | (၁ခ) | ၂၇၀ |
| Toyota Corona 2.0 Van(ဒီဇယ်) | 90/91 | (၁ခ) | ၂၉၀ |
| Toyota Publica | 86/87 | (၁က) | ၁၀၅ |
| Toyota Publica | 86/87 | (၁ခ) | ၁၂၀ |
| Toyota Publica | 88 | (၁က) | ၁၀၅ |
| Toyota Publica | 88 | (၁ခ) | ၁၂၅ |
| Sunny Pick-up | 86/87 | (၁က) | ၉၅ |
| Sunny Pick-up | 90/91 | (၁က) | ၁၀၈ |
| Sunny Super Salloon (1.5) | 86/87 | (၁က) | ၁၆၅ |
| Sunny Super Salloon (1.5) | 86/87 | (၁ခ) | ၁၈၅ |
| Sunny Super Salloon (1.5) | 88/89 | (၁က) | ၁၅၀ |
| Sunny Super Salloon (1.5) | 88/89 | (၁ခ) | ၁၇၀ |
| Sunny Super Salloon (1.5) | 90/91 | (၁က) | ၂၀၀ |
| Sunny Super Salloon (1.5) | 90/91 | (၁ခ) | ၂၆၀ |
| Marlk II Groire(ဓာတ်ဆီ)(2.0)(Auto) | 94/95 | (၂ခ) | ၃၅၀ |
| Marlk ll Groire(ဒီဇယ်)(2.4) | 94/95 | (၂ခ) | ၃၇၀ |
| Marlk ll Groire(ဒီဇယ်)(2.4) | 94/95 | (၁ခ) | ၃၇၀ |
| Marlk ll Grande (ဓာတ်ဆီ)(2.0)(Auto) | 94/95 | (၁ခ) | ၄၃၀ |
| CELSIOR (4.0) | 93/94 | (၃ခ) | ၃၂၀ |
| CROWNMAJESTA(4.0) | 96/97 | (၁ခ) | ၄၇၀ |
| PAJERO V46 (2.8) | 96 | (၂ခ) | ၆၉၀ |
| TOYOTA LANDCRUISER (4.6) | 99 | (၃ခ) | ၉၅၀ |
| TOYOTA LANDCRUISER (4.7) | 98 | (၃ခ) | ၁၂၅၀ |
| TOYOTAPRADO(3.0) | 96TZ | (၃ခ) | ၁၁၅၀ |
| TOYOTAPRADO(2.4D) | 92 | (၃ခ) | ၉၀၀ |
| HILUX(DOUBLECAB)(3.0) | 98 | (၃ခ) | ၅၈၀ |
| HILUX(DOUBLECAB)(2.4) | 98 | (၃ခ) | ၅၇၀ |
| HILUX(DOUBLECAB)(2.8) | 95 | (၃ခ) | ၅၄၀ |
| HILUX SURF (3.0) | 97 | (၃ခ) | ၄၂၀ |
| HILUX SURF (3.0) | 94 | (၃ခ) | ၅၀၀ |

* အထက်ပါကားများသည် အကွာရာပေါ်မူတည်၍ ဈေးအတက်အကျရှိသည်။
* ကားဟောင်းများဖြစ်သည့်အတွက် ကားအခြေအနေပေါ်မူတည်၍ ဈေးကွာခြားသည်။

## တီဗီရောင်စုံများ

(၂၁-၁၂-၂၀၀၄)

| အမျိုးအစား | မော်ဒယ် | အရွယ် | နှုန်း(ကျပ်) |
|---|---|---|---|
| DISTAR | 2150 (Flat) | 21" | ၁၅၀,၀၀၀ |
| DISTAR | 2130 (STEREO) | 21" | ၁၁၅,၀၀၀ |
| DISTAR | 2947 | 29" | ၂၆၅,၀၀၀ |
| DISTAR | 2545 | 25" | ၂၂၀,၀၀၀ |
| ELBA | ETV 21 CT | 21" | ၁၂၅,၀၀၀ |
| ELBA | ETV 14 CT | 14" | ၈၀,၀၀၀ |
| Toshiba | 21 S3 | 21" | ၁၆၀,၀၀၀ |
| Toshiba | 29 A3 | 29" | ၃၀၀,၀၀၀ |
| SANYO | 21KX8 | 21" | ၁၅၅,၀၀၀ |
| SANYO | 21 AF8VA | 21" | ၁၈၅,၀၀၀ |
| SANYO | 29 KX5 | 29" | ၂၈၅,၀၀၀ |
| SANYO | 14KX8 | 14" | ၁၁၀,၀၀၀ |
| Samsung | 21M16 | 15" | ၁၅၅,၀၀၀ |

## ရေခဲသေတ္တာများ

(၂၁-၁၂-၂၀၀၄)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| HQ (CANCOOLER) | 405 | ၄၄၅,၀၀၀ |
| DISTAR | 960A | ၁၃၅,၀၀၀ |
| SANYO | SR421 | ၁၀၈,၀၀၀ |
| Panasonic | 184 H | ၁၅၀,၀၀၀ |
| Panasonic | 184 W | ၁၆၀,၀၀၀ |
| SANYO | 152C | ၁၄၀,၀၀၀ |
| SANYO | 159C | ၁၅၀,၀၀၀ |
| SANYO | 563C | ၁၅၀,၀၀၀ |
| SANYO | 163CQ | ၁၆၀,၀၀၀ |
| SANYO | 470 | ၁၆၀,၀၀၀ |
| ELBA | EFR 260 | ၁၉၉,၀၀၀ |
| ELBA | ER 252 | ၂၃၉,၀၀၀ |
| ELBA | ER 268 | ၂၉၉,၀၀၀ |
| ELBA | ER 298 | ၃၃၉,၀၀၀ |
| ELBA | ER 524 | ၁၁၉,၀၀၀ |
| TOSHIBA | 22SPT | ၂၉၈,၀၀၀ |
| TOSHIBA | 37ST | ၃၅၀,၀၀၀ |
| TOSHIBA | 46ST | ၄၃၀,၀၀၀ |
| TOSHIBA | 18YD | ၁၆၀,၀၀၀ |
| TOSHIBA | 18Y | ၁၅၀,၀၀၀ |
| SANYO | SR408D | ၃၀၀,၀၀၀ |
| SANYO | SR409D | ၃၃၀,၀၀၀ |

## VCD ပြစက်

(၂၁-၁၂-၂၀၀၄)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| Samsung | 870/890 | ၅၁,၀၀၀ |
| Samsung | Z10 MM | ၄၁,၀၀၀ |
| Samsung | 30 Me | ၅၅,၀၀၀ |
| DISTAR | 2217K | ၃၅,၀၀၀ |

## DVD ပြစက်

(၂၁-၁၂-၂၀၀၄)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| SAMSUNG | 438K | ၈၁,၀၀၀ |
| SAMSUNG | 338 K | ၇၅,၀၀၀ |
| SAMSUNG | 218 | ၆၄,၀၀၀ |
| SAMSUNG | 339 | ၅၅,၀၀၀ |
| LG | 8621 | ၇၅,၀၀၀ |

## လေအေးစက်များ

(၂၁-၁၂-၂၀၀၄)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| SANYO | 92G | ၂၇၅,၀၀၀ |
| SANYO | 122G | ၃၇၅,၀၀၀ |
| SANYO | 182G | ၅၇၀,၀၀၀ |
| SANYO | 94H | ၁၉၀,၀၀၀ |
| SANYO | 124H | ၂၅၀,၀၀၀ |
| SANYO | 183S | ၄၂၀,၀၀၀ |
| SANYO | 131S | ၄၃၀,၀၀၀ |
| SANYO | 181 G | ၅၆၀,၀၀၀ |
| ELBA | EWAC 0912 | ၁၆၅,၀၀၀ |
| ELBA | EWAC 1212 | ၂၀၉,၀၀၀ |
| ELBA | ESAC 0922 | ၂၀၉,၀၀၀ |
| ELBA | GFSAC 3123 | ၃၀၀,၀၀၀ |
| PANASONIC | XC 9CKH | ၂၇၅,၀၀၀ |
| PANASONIC | XC 12CKH | ၃၆၅,၀၀၀ |
| PANASONIC | 91JH | ၁၉၀,၀၀၀ |

## အဝတ်လျှော်စက်များ

(၂၁-၁၂-၂၀၀၄)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| SANYO | W 80 SIT | ၁၈၅,၀၀၀ |

| | | |
|---|---|---|
| SANYO | 450 FT | ၁၄၀,၀၀၀ |
| SANYO | 91 AT | ၂၁၀,၀၀၀ |

## ဟောလစ်၊ မာတိုဘာ၊ မိုင်လို၊ အိုဗာတင်း၊ ကော်ဖီမစ် (လက်လီ)

(၂၁-၁၂-၂၀၀၄)

| **အမျိုးအစား** | **နှုန်း(ကျပ်)** |
|---|---|
| Horlick (900g) | ၄၈၀၀ |
| Horlick (200g) (အိန္ဒိယ) | ၁၄၀၀ |
| Horlick(ကော်ဘူးကြီး)1.80kg | ၈၇၀၀ |
| Junior Horlick (400 g) | ၂၄၀၀ |
| Milo (400g) စက္ကူ Box | ၁၆၀၀ |
| Milo (400g) (သံဘူး) | ၁၅၅၀ |
| Maltova (400g) (နီ) | ၁၉၀၀ |
| MIKE Tea mix (၂၀ ထုပ်ဝင်) | ၁၀၀၀ |
| MIKE Coffee mix (၄၈ ထုပ်ဝင်) | ၂၁၅၀ |
| OWL Coffee mix (၃၀ ထုပ်ဝင်) | ၁၃၀၀ |
| OWL (Tea mix ) (၃၀ ထုပ်ဝင်) | ၁၆၅၀ |
| ENERGY (Nutrious Ceareal ) (၃၀ထုပ်ဝင်) | ၁၃၀၀ |
| NESCAFE (Red Cup)(200g) | ၂၆၅၀ |
| NESCAFE (Red Cup)(100g) (ခဲထုပ်) | ၁၀၅၀ |
| NESCAFE (Red Cup) (50g) | ၁၆၀၀ |
| Super(Diet Cereal)(၂၀ ထုပ်ဝင်) | ၁၇၅၀ |
| Super(DietCoffemix)(၂၀ ထုပ်ဝင်) | ၁၇၅၀ |
| Super Coffee Mix(၃၀ ထုပ်ဝင်) | ၁၅၀၀ |
| Super Coffee Mix(၂၅ ထုပ်ဝင်) | ၁၂၅၀ |
| Royal Myanmar (Tea Mix)(၃၀ ထုပ်ဝင်) | ၁၅၅၀ |
| Super One(Coffee Mix) (၅၀ ထုပ်ဝင်) | ၂၃၀၀ |
| Special Cereal (၂၀ ထုပ်ဝင်) | ၁၃၀၀ |
| Ben Cafe (၁၀ ထုပ်ဝင်) | ၄၈၀ |
| Ben Cafe (၅၀ ထုပ်ဝင်) | ၂၃၀၀ |
| Goldroast (၅၀ ထုပ်ဝင်) | ၂၁၅၀ |
| Hi Tea (၂၀ ထုပ်ဝင်) | ၁၁၀၀ |
| Mikko (C0ffee Mix) (၃၀ ထုပ်ဝင်) | ၁၃၅၀ |
| Ovaltine (400g) နီ | ၂၂၀၀ |
| Ovaltine (200g) နီ | ၁၄၅၀ |
| Ovaltine (450g) (စက္ကူဘူး) | ၁၇၅၀ |
| Maltova (450g) (ချော့ကလက်) | ၂၀၅၀ |
| Calsome(Nutrious Cereal) (၃၀ထုပ်ဝင်) | ၁၃၀၀ |
| BLUE Coffemix (၂၄ ထုပ်ဝင်) | ၁၀၀၀ |
| PREMIER COFFEE (၃၀ထုပ်ဝင်) | ၁၆၀၀ |
| Coffee King (၅၀ထုပ်ဝင်) | ၁၈၅၀ |
| Tang လိမ္မော်မှုန့် 750g | ၂၅၀၀ |
| Mother Horlicks 500g | ၃၁၀၀ |
| Boost 500g | ၂၅၀၀ |
| Ovaltine 400g (ဖြူ) | ၂၃၀၀ |
| Ovaltine 200g (ဖြူ) | ၁၃၅၀ |
| Ovaltine 400g (စက္ကူဗူး) | ၁၉၅၀ |
| Gold Hill Mashed Potatoes (၁၀ ထုပ် ၁ ပါကင်) | ၂၃၅၀ |

## နို့မှုန့်ဘူးများ

(၂၁-၁၂-၂၀၀၄)

| **အမျိုးအစား** | **နှုန်း(ကျပ်)** |
|---|---|
| Dumex (Step 1,2)(900g) | ၆၁၅၀/၆၀၀၀ |
| Dumex (700g)(Segara)(နို)ခဲထုပ် | ၄၄၀၀ |
| Promex (900g) | ၄၄၀၀ |
| Promex (400g) | ၁၈၀၀ |
| Dumex (3plus)(700g) | ၅၀၅၀ |
| Dumex (Step-1)(450g) | ၃၂၅၀ |
| SMA (1kg) | ၈၃၀၀ |
| Dumex Step 1,2 800g | ၅၀၅၀/၅၀၀၀ |
| Dumex 1Plus 700g | ၅၁၀၀ |
| Dumex 1Plus (Honey) 700g | ၅၀၀၀ |
| Dumex Ma Ma Plus 400g | ၅၄၀၀ |
| Dumex Lactose free 400g | ၅၈၀၀ |
| Blue Star 400g | ၁၇၀၀ |
| Blue Star 900g | ၃၈၀၀ |
| Blue Star 1.8 Kg | ၇၃၀၀ |
| Blue Star 2.5 Kg | ၁၀၄၀၀ |
| Cow head full cream 1.8 Kg | ၁၀၅၀၀ |
| Cow head full cream 2.5 Kg | ၁၃၈၀၀ |
| လက်တိုဂျင် 1000 g 1,2 | ၆၁၅၀/၆၀၀၀ |
| Nestle BEAR BRAND 1 Plus 800g | ၃၄၀၀ |
| Nestle BEAR BRAND 3 Plus 800g | ၃၆၀၀ |
| Fermteaf 1 Plus 700g ခဲထုပ် | ၂၉၀၀ |
| Fernteaf 3 Plus 700g | ၂၉၀၀ |
| Fernteaf INSTANT 700g | ၂၉၀၀ |

## စီးကရက်များ

(၂၁-၁၂-၂၀၀၄)

| **အမျိုးအစား** | **နှုန်း(ကျပ်)** |
|---|---|
| Vegas | ၂၉၀ |
| Vegas (Light) | ၂၉၀ |
| Export Duya | ၁၅၀ |
| London (ရိုးရိုး) | ၄၅၀ |
| 555 | ၁၁၀၀ |
| Marlboro (Light) | ၁၀၅၀ |
| MILD SEVEN | ၁၀၀၀ |
| DUYA ရွှေရောင် | ၁၇၀ |
| Golden Triangle | ၁၈၀ |

| | |
|---|---|
| Paris | ၁၈၀ |
| Lucky | ၉၀ |
| 555 (Lights) | ၁၁၀၀ |
| MILD SEVEN (Lights) | ၁၀၀၀ |
| DUNHILL | ၉၅၀ |
| Marlboro/Marlboro(MENTHOL) | ၁၁၀၀ |
| RAVE | ၄၀၀ |

## နိုင်ငံခြား အရက်များ

(၂၁-၁၂-၂၀၀၄)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| J&BJet(75 CI)(12Years Old) | ၈၆၀၀ |
| CHIVAS (75 Cl) | ၁၈၇၀၀ |
| Hennessy(V.S.O.P)(35 CI) | ၁၄၃၀၀ |
| Hennessy(V.S.O.P)(70 CI) | ၂၆၅၀၀ |
| VAT 69 (75 CI) | ၆၉၀၀ |
| Jonnie Walker (Red)(75 CI) | ၁၀၀၀၀ |
| Jonnie Walker (Red)(37.5CI) | ၅၆၀၀ |
| Jonnie Walker (Red)(1 Liter) | ၁၄၀၀၀ |
| Jonnie Walker (Black)(20 CI) | ၅၂၀၀ |
| Jonnie Walker (Black)(37.5 CI) | ၉၃၀၀ |
| Jonnie Walker (Black)(75 CI) | ၁၇၈၀၀ |
| Jonnie Walker(Black)(1Liter) | ၂၂၅၀၀ |
| LANGS(Aged 5 Years)(75 CI) | ၈၈၀၀ |
| Black & White (1Liter) | ၉၉၀၀ |
| Black & White (75 CI) | ၇၅၀၀ |
| Gold Label (75 CI) | ၂၈၅၀၀ |
| Green Label (75 CI) | ၂၆၅၀၀ |
| Black & White (37.5CI) | ၃၉၀၀ |
| Black Cat (75 CI) | ၄၁၀၀ |
| Black Cat (35 CI) | ၂၀၀၀ |
| WHITE & MACKAY 75Cl | ၉၄၀၀ |
| CAMUS COGNAC | ၁၀၀၀၀ |
| DALMORE 75CI | ၈၃၀၀ |
| SCOTS CLUB 75CI | ၅၂၀၀ |
| SCOTTISH LEADER | ၅၂၀၀ |
| Blue Label | ၈၃၀၀၀ |
| BACARDI (75 CI)Limon | ၈၂၀၀ |
| BACARDI (75 CI)ရွှေရောင်/အဖြူရောင် | ၈၃၀၀ |
| (KINGROBERT)VODKA75CL | ၄၅၀၀ |
| (KING ROBERT) Gin 75CL | ၃၉၀၀ |
| (KINGROBERT)Whisky75CL | ၄၄၀၀ |
| BACADI (375mI) | ၃၆၀၀ |
| SPY(CLASSIC)(Red) (Wine) | ၈၅၀ |
| VAT 69(1Liter) | ၈၂၀၀ |
| Mekhong (75 CL) | ၃၉၀၀ |
| Mekhong (37.5 CL) | ၂၀၀၀ |
| THE FAMOUS GROUSE 75 CL | ၁၀၀၀၀ |
| INVER HOUSE 75 CL | ၇၂၀၀ |
| TOMINTOUL 75 CL | ၉၀၀၀ |
| PASSOPRT SCOTCH 75CI | ၈၃၀၀ |
| Ballantine (75 Cl) | ၈၈၀၀ |
| Ballantine (70 Cl) | ၂၈၀၀ |
| SPEY ROYAL (70 Cl) | ၄၄၀၀ |
| SPEY ROYAL (35 Cl) | ၂၂၀၀ |

## မုန့်ပုံး သံဘူးများ

(၂၁-၁၂-၂၀၀၄)

| | |
|---|---|
| Starkist | ၃၂၅၀ |
| မိသားစု | ၃၈၀၀ |
| MELODIES | ၄၁၀၀ |
| (HWA TAI) FRUIT WAGON | ၂၅၀၀ |
| Popcorn Crackers | ၄၀၀၀ |
| Cream Crackers(Hup Seng) | ၄၆၅၀ |
| Vidory | ၃၂၀၀ |
| (TATAWA) Wonderful | ၃၅၅၀ |
| (KHIAN GUAN) Top Choice | ၃၉၅၀ |
| (HWA TA) Choice | ၃၅၅၀ |
| (KWA TA) Festival | ၃၃၀၀ |
| (KERK) LINGO | ၂၅၅၀ |
| (Munchys) Fummix | ၃၄၅၀ |
| (Munchys) Topmix | ၃၄၅၀ |
| ALL Time | ၂၇၅၀ |
| ALWAYS | ၃၅၅၀ |
| Classic | ၃၆၀၀ |
| Break Away | ၃၆၀၀ |
| Four SEOSONS | ၃၄၅၀ |
| Time's Right | ၃၆၀၀ |
| Summer Day | ၃၆၀၀ |
| (Shan Fatl) City | ၃၂၀၀ |
| Happy Day | ၃၆၀၀ |
| Cheeris | ၂၈၅၀ |
| (julie's) Family | ၃၂၀၀ |
| (ulie's) Assorties | ၂၁၀၀ |

## ခေါက်ဆွဲခြောက်များ

(၂၁-၁၂-၂၀၀၄)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Yum Yum (ကြက်ပေါင်) | ၇၅ |
| Yum Yum ချဥ်စပ်(ပုစွန်) | ၈၅ |
| Yum Yum (ဘဲသားဆီချက်) | ၈၀ |
| Yum Yum (သီးစုံခေါက်ဆွဲ) | ၇၅ |
| TOMO အုန်းနို့ | ၁၁၀ |
| TOMO ကိုရီးယားချဥ်စပ် | ၉၀ |
| TOMO အသုပ် | ၁၀၀ |
| TOMO ကြက်ပြုတ် | ၈၀ |
| TOMO ကြက်ဆီချက် | ၉၀ |
| MAMEE ကြာဆံ | ၁၂၀ |
| MAMEE (ရိုးရိုး)(ဆီချက်) | ၇၅ |
| MAMEE(Monster) | ၆၀ |
| MAMEE (ကြက်သားချဥ်စပ်) | ၈၅ |
| MAMEE (ကြက်ခေါက်ဆွဲပြုတ်) | ၇၅ |
| MAMEE (ကြက်သားဆီချက်ခေါက်ဆွဲ) | ၈၅ |
| MAMEE (သက်သတ်လွတ်ခေါက်ဆွဲပြုတ်) | ၇၅ |
| MAMEE (သက်သတ်လွတ်ဆီချက်) | ၇၅ |
| NISSIN ခေါက်ဆွဲ | ၃၅၀ |
| MA MA (ချဥ်စပ်ခေါက်ဆွဲပြုတ်) | ၉၀ |
| Wai Wai (ကြာဆံ) (ပြာ) | ၁၅၀ |
| Shin Shin (ကြာဆံ) | ၁၀၀ |
| Yum Yum ပုစွန်မလိုင်ချဥ်စပ် | ၉၀ |
| Yum Yum ကြက်သားချဥ်စပ် | ၉၀ |
| MAMEE အုန်းနို့ခေါက်ဆွဲ | ၁၁၀ |
| MAMEE ပုစွန်မလိုင်ချဥ်စပ် | ၁၁၀ |
| Fashion Food ခေါက်ဆွဲဘူး | ၃၃၀ |
| MA MA ညှပ်ခေါက်ဆွဲ(စိမ်း) | ၁၅၀ |
| MA MA ညှပ်ခေါက်ဆွဲ(နီ) | ၁၄၀ |

## သွားတိုက်ဆေးများ

(၂၁-၁၂-၂၀၀၄)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Best-T (125g) | ၄၅၀ |
| CoIgate (40g) DoubIe CooI Stripe | ၂၅၀ |
| CoIgate (160g) DoubIe CooI Stripe | ၁၀၀၀ |
| Close-Up (New)(40g) | ၂၂၀ |
| Close-Up (160g) | ၁၀၀၀ |
| DARLIE (200g) | ၁၀၅၀ |
| V5 Pepsodent (70g) | ၁၇၀ |
| LASER | ၂၇၀ |

| | |
|---|---|
| Miss Dental (50 g) | ၃၂၀ |
| CoIgate Fresh Cool Mint 200g | ၁၀၅၀ |
| CoIgate Great Regular 200g | ၁၀၅၀ |
| CoIgate Total Fresh Stripe 160g | ၂၀၀၀ |
| CoIgate Whitening 160g | ၁၆၀၀ |
| CoIgate gel (စိမ်း) 160g | ၉၅၀ |
| KODOMO 90g | ၁၂၅၀ |
| ORALMED 40g | ၆၀၀ |
| ZACT LION 90g | ၇၅၀ |
| Fresh & White Gel 100g | ၆၅၀ |
| Smite Up 105g | ၅၀၀ |
| တရုတ်သွားတိုက်ဆေး ဘူးပြာကြီး | ၁၃၀ |
| တရုတ်သွားတိုက်ဆေး ဘူးပြာသေး | ၈၀ |
| Fresh Up 160g | ၅၅၀ |
| Kiss Me | ၂၀၀ |

## ကိုယ်တိုက်ဆပ်ပြာများ

(၂၁-၁၂-၂၀၀၄)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Imperial Leather (65g) | ၁၅၀ |
| Imperial Leather (125g) | ၂၇၀ |
| GIV (80g) | ၁၅၀ |
| Style (75g) | ၁၀၀ |
| Dettol (70g) | ၂၂၀ |
| Miss | ၁၃၀ |
| 1 Plus 1 | ၁၂၀ |
| DOVE | ၆၅၀ |
| NIVEA 100g | ၄၅၀ |
| Protex | ၄၀၀ |
| Bamboo Salt | ၇၅၀ |
| Say 100g | ၇၀၀ |
| PRICKLY HEAT | ၉၀၀ |
| YOKO WHITENING Herbal 100g | ၈၀၀ |
| Vaseline HARMONY 100g | ၃၅၀ |
| PREMIER 100g | ၁၅၀ |
| Safeguard 90g | ၃၅၀ |
| Fa 2 in 1 100g | ၅၂၀ |
| ASEPSO | ၄၀၀ |
| CAMAY | ၄၅၀ |
| Palmaive အကြည် | ၃၈၀ |
| (Cussons) Pearl 90g | ၃၀၀ |
| Fair & Lovely 75g | ၃၈၀ |
| LUX 100g | ၂၅၀ |
| KAO | ၂၅၀ |
| Parrot | ၁၂၀ |
| CINTHOL | ၁၅၀ |
| Flore 90g | ၁၈၀ |
| Paris 135g | ၂၀၀ |
| Paris 90g | ၁၅၀ |
| A21 (နက်)70g | ၁၅၀ |
| A21 (နက်)125g | ၂၃၀ |
| DG Soap 100g | ၂၀၀ |

## ခြင်ဆေးခွေ

(၂၁-၁၂-၂၀၀၄)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Jumbo (12)coils | ၂၅၀ |
| Fumakilla (10) coils | ၁၅၀ |
| MARS | ၁၅၀ |
| King Kong | ၁၉၀ |
| Raid | ၂၅၀ |
| ATAK | ၁၉၀ |
| FIGHTER | ၁၆၀ |
| GO! | ၂၀၀ |
| Double Cow | ၂၀၀ |
| MOSFLY | ၁၅၀ |
| ဂေါ်ဇီလာ | ၂၃၀ |
| MARS POWER | ၁၈၀ |
| Jumbo (30) | ၆၀၀ |

# ကွန်ပျူတာဈေးနှုန်းများ

(၁၀-၁၂-၂၀၀၄)

### ❑ KMD Family PC

- Intel Celeron 1.0GHz
- 40 GB Hard Disk
- 128 MB RAM
- Builtin-VGA, Network Card 10/100 Hitachi Mbps, Sound Card
  4.1Channel, Modem 56Kbps,, Internal Speaker
- 15" Color Monitor
- 1.44 MB Flopply Disk Drive
- CD-ROM Drive
- Keyboard, Scroll Mouse & Pad
- Desktop Casing

Price 265,000 Ks

### ❑ CFTG Power Computer

- Intel P4 2.8B GHz Processor
- Gigabyte 8 VM 533 M/B with AGP, Sound & Lan Builtin
- 256 MB DDR RAM
- 80 GB IDE HDD
- 1.44 MB FDD
- AGP 64 MB Adaptor
- P4 ATX Tower Casing With Power Supply
- PS2 Win 98 Keyboard/PS2 Mouse & Pad
- 15" SVGA Colour Monitor (Viewsonic/Samsung)

Price 470,000 Ks

### ❑ KMD PRESCOTT HT INNOVATOR MODEL

- Intel Pentium 4 3.2E GHz [1MB L2 Cache/800 MHz]
- Interl 865 PERL Pentium 4 Motherboard [Builtin Sound & LAN]
- 256 MB (2 x 128) DDR RAM (400 MHz, Dual DDR)
- 80GB Hard Disk Drive (Hitachi, 7200RPM)
- 1.44 MB Floppy Disk Drive (Mitsumi)
- AGP 64 MB 3D Graphic Card W/TV out
- 15" SVGA Digital Control Color Monitor (Philips)
- PSII Keyboard & PSII Scroll Mouse (Aopen)
- Mouse Pad with Picture
- Pentium 4 Casing

Price 589,000 Ks

[အထက်ပါဈေးနှုန်းများသည် Printer နှင့် Multimedia မပါဝင်သေးသော ကွန်ပျူတာတစ်လုံး၏ ဒီဇင်ဘာလ ၁၀ ရက်နေ့ ဈေးနှုန်း ဖြစ်ပါသည်။ ပစ္စည်းတစ်မျိုးချင်းစီ ထပ်ဖြည့်လိုပါက (သို့) လဲလှယ်လိုပါက ဈေးနှုန်း

များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။ အချိန်ကာလအလိုက် အပြောင်း အလဲရှိနိုင်ပါသည်။]

### ❑ Multimedia

| | |
|---|---|
| PCI Sound Card (Creative SB Live Value) | 3,100 Ks |
| 52X CD-ROM (Samsung) | 15,500 Ks |
| 52 X CD-ROM (SONY) | 19,000 Ks |
| 16X Sony DVD | 32,500 Ks |
| 16X Pinoneer DVD | 51,500 Ks |
| 800 Watt Speakers | 4,400 Ks |
| Sony CD Writer (52 x 32 x 52 x) | 32,000 Ks |
| GIGA CD Writer (52 x 32 x 52 x 16 x) Combo | 34,000 Ks |

### ❑ Memory

| | |
|---|---|
| 256MB (DDR RAM) PC 400 MHz | 38,000 Ks |
| 256MB (DDR RAM) PC 333 MHz | 35,000 Ks |
| 512 MB (DDR RAM) PC 400 MHz (Kingston) | 81,000 Ks |

### ❑ Storage Device

| | |
|---|---|
| 80 GB (Hitachi-7200 RPM) | 58,500 Ks |
| 160 GB (Seagate-7200 RPM) | 93,500 Ks |
| 120 GB (Seagate) SATA | 96,500 Ks |

### ❑ Monitor

| | |
|---|---|
| 15" SVGA Color Monitor (Compaq) | 78,000 Ks |
| 15" SVGA Color Monitor (Philips) | 95,000 Ks |
| 17" SVGA Color Monitor (Element) | 95,000 Ks |
| 17" SVGA Color Monitor (Philips)107T(Flat) | 139,000 Ks |
| 17" LCD Color Monitor (Samsung) | 384,000 Ks |

### ❑ Printer

| | |
|---|---|
| HP Laser jet 1010 Printer (USB) | 176,000 Ks |
| HP Laserjet 1300 (USB & Parallel) | 310,000 Ks |
| EPSON Dot Matrix Printer-LQ 300+ | 163,000 Ks |
| EPSON C65 Printer | 79, 000 Ks |
| EPSON Photo R310 Printer | 196,000 Ks |
| EPSON STYLUS CX 65000 (Scanner, Printer, Copier) | 225,000 Ks |
| EPSON STYLUS RX 510 (Scanner, Printer, Copier) | 344,000 Ks |
| EPSON Laser 6200L | 200,000 Ks |
| Fuji Xerox Printer Phaser 3120 | 190 US$ |
| Fuji Xerox Printer Phaser 3130 | 280 US$ |

### ❑ Scanner

| | |
|---|---|
| EPSON Perfection 1270 Photo | 105,500 Ks |
| EPSON perfection 3170 (Photo) | 315,500 Ks |
| Flatbed Scanner HP 2400c (USB) | 86,000 Ks |
| Flatbed Scanner HP 8200C (USB) | 439,000 Ks |

### ❑ Toner

| | |
|---|---|
| HP Toner 5L-6L | 46,400 Ks |
| HP 1300 Toner/HP 1010 Toner | 54,600 Ks |
| HP 1100 Toner | 46,400 Ks |

### ❑ UPS

| | |
|---|---|
| 600VA (Power Tree) Basic | 34,000 Ks |
| 1.2KVA (Power Tree) | 61,000 Ks |
| 600 VA (Power Tree) Long Time | 59,000 Ks |

**မှတ်ချက်။ ။ ဖော်ပြပါဈေးနှုန်းများကို Client Focus Technology Group, Concordia International Co., Ltd. နှင့် KMD Computer Centre တို့မှ ရယူထားပါသည်။ (အယ်ဒီတာ)**


LIVING COLOR MAGAZINE

526302 , 4412163

**E-mail**

Chief Editor - c-editor@myanmarpartners.com.mm

News Room - myanfo@myanmarpartners.com.mm

Marketing - paz@myanmarpartners.com.mm

# 1 တစ်ဦးတည်းကိုယ်စားလှယ်

## SOLE DISTRIBUTORS

| စဉ် | ပစ္စည်းအမည်နှင့် ထုတ်လုပ်သည့် နိုင်ငံ | ကိုယ်စားလှယ်ရယူ ဖြန့်ဖြူးသည့် မြန်မာကုမ္ပဏီနှင့် လိပ်စာ | ဆက်သွယ်ရမည့် ပုဂ္ဂိုလ် | အထက်မြန်မာပြည် ကိုယ်စားလှယ် |
|---|---|---|---|---|
| ၁။ | MASTER<br>ဒီဗီဒီပြစက်<br>(ဂျပန်) | MASTER ELECTRONICS<br>အမှတ်-၁၈၃၊ အနော်ရထာလမ်း၊<br>ကျောက်တံတားမြို့နယ်၊ ရန်ကုန်။<br>ဖုန်း-၂၈၁၄၇၂၊ ၂၄၄၃၄၅၊ ၂၄၄၃၄၆<br>ဖက်စ်-၂၄၄၃၄၅<br>E-mail:multiworld@mptmail.net.mm | ဦးညွန့်ဝင်း<br>(General Manager) | မရှိ |
| ၂။ | Venus<br>ခေါင်းလျှော်ရည်<br>(ထိုင်း) | YUPA DAGON TRADING CO., LTD.<br>အခန်း-၀၀၄၊ တိုက်-၆၊ ၅၄ လမ်း၊<br>အနော်ရထာအိမ်ရာ၊ ပုဇွန်တောင်မြို့နယ်၊<br>ရန်ကုန်။ ဖုန်း-၂၀၀၁၈၈၊ ၂၀၀၂၃၃၊<br>၂၉၇၃၀၄၊ ဖက်စ်-၂၀၁၃၂၉၊<br>ဘုရင့်နောင်-ဖုန်း-၆၈၂၃၀၁၊ ၆၈၂၃၀၂၊<br>၆၈၂၃၀၃ | ဒေါ်အေးအေးမာ<br>(Sales & Marketing Manager) | မရှိ |
| ၃။ | Princess<br>စက်ဘီး<br>(ဟောင်ကောင်) | FIVE OCEANS CO., LTD.<br>အမှတ်-၆၃/၆၄၊ ဗဟိုစည်အိမ်ရာ၊<br>လမ်းမတော်မြို့နယ်၊ ရန်ကုန်။<br>ဖုန်း-၂၂၂၉၆၉၊ ၂၂၃၅၈၆၊<br>ဖက်စ်-၂၂၂၁၃၂ | ဦးအောင်မြတ်သူ<br>(Manager) | FIVE OCEANS CO., LTD.<br>MANDALAY SHOWROOM<br>အမှတ်-၂၈၇၊ ၈၂ လမ်း၊<br>၂၇× ၂၈ လမ်းကြား၊<br>မန္တလေး။ ဖုန်း-၀၂-၃၂၄၅၀ |
| ၄။ | MAXELL<br>ဘက်ထရီ<br>(ဂျပန်) | MULTI WORLD TRADE CO., LTD.<br>SHOW ROOM & SALES CENTRE<br>အမှတ်-၂၀၁၊ ဗိုလ်အောင်ကျော်လမ်း၊<br>ကျောက်တံတားမြို့နယ်၊ ရန်ကုန်။<br>ဖုန်း-၂၈၅၄၉၀၊ ၃၈၀၂၂၀၊ ၂၅၆၆၇၅၊<br>ဖက်စ်-၃၈၀၂၂၀<br>E-mail:multiworld@mptmail.net.mm | ဒေါ်ဖြူဖြူ | မရှိ |
| ၅။ | Mother Choice<br>Cheese Slices<br>(ဩစတြေးလျ) | GRAND WYNN ENTERPRISE LTD.<br>အမှတ်-၄၀၊ ၆၇ လမ်း၊ ဗိုလ်တထောင်<br>မြို့နယ်၊ ရန်ကုန်။ ဖုန်း-၂၉၁၃၁၈၊<br>၂၉၀၁၇၀၊ ၂၉၄၀၄၅ | ဒေါ်နီနီဟန်<br>(Sale Manager) | GRAND WYNN ENTER-PRISE LTD.<br>အမှတ်-၂၃၀၊ ၃၃ လမ်း၊<br>၈၁× ၈၂ လမ်းကြား၊ ချမ်းအေးသာဇံ<br>မြို့နယ်၊ မန္တလေး။ ဖုန်း-၀၂-၃၂၅၈၂ |

ဤတစ်ဦးတည်းကိုယ်စားလှယ်ကဏ္ဍကို ဈေးကွက်အတွင်းရှိ စားသုံးသူများနှင့် ကုန်ပစ္စည်း ထုတ်လုပ်ရောင်းချသူများအကြား အခမဲ့(အခမဲ့) ဝန်ဆောင်မှုပေးခြင်း ဖြစ်ပါသည်။ မြန်မာနိုင်ငံအတွက် တစ်ဦးတည်းကိုယ်စားလှယ် ရရှိထားသူများအနေနှင့် သတင်းအချက်အလက်များ ပေးပို့ပါက အခမဲ့ ထည့်သွင်းဖော်ပြပေးမည် ဖြစ်ပါသည်။

# တွေ့ဆုံဆွေးနွေးမှုများ

## ၁၁-၁၁-၂၀၀၄

* ရန်ကုန်မြို့တွင် ရောက်ရှိနေသော အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာ အင်န်ဟတ်ဆန်ဝီရာယုဒနှင့်အဖွဲ့သည် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး။

## ၁၂-၁၁-၂၀၀၄

* ရန်ကုန်မြို့တွင် ရောက်ရှိနေသော အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာ အင်န်ဟတ်ဆန်ဝီရာယုဒနှင့်အဖွဲ့ဝင်များသည် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေး။

## ၁၆-၁၁-၂၀၀၄

* ရန်ကုန်မြို့တွင် ချစ်ကြည်ရေးခရီး အလည်အပတ် ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယလေတပ်ဦးစီးချုပ် Air Chief Marshal S Krishnaswamy, COSC, PVSM, AVSM, VM & Bar, ADC Chief of the Air Staff သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌနှင့် တွေ့ဆုံဆွေးနွေး။

## ၁၈-၁၁-၂၀၀၄

* ရန်ကုန်မြို့တွင် ရောက်ရှိနေသော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဆွန်ဆာဗက်လန်ဆာဗတ်သည် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေး။

## ၁၉-၁၁-၂၀၀၄

* မြန်မာနိုင်ငံဆိုင်ရာ ပိုလန်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဘော့ဂ်ဒါန်၊ ဂိုရယ်ဂျိတ်က်သည်လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူ သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာတီဂျဆူဒါဆန်သည်လည်းကောင်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အသီးသီးတွေ့ဆုံဆွေးနွေး။

## ၂၅-၁၁-၂၀၀၄

* တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ စစ်သံမှူး Colonel Insan Ul Haq နှင့် စစ်သံမှူးအသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် Colonel Zafar Jamil တို့သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌနှင့် တွေ့ဆုံဆွေးနွေး။

## ၂၇-၁၁-၂၀၀၄

* နိုင်ငံတော်ဝန်ကြီးချုပ်သည် လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်နှင့်လည်းကောင်း၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်နှင့်လည်းကောင်း လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့တွင် အသီးသီးတွေ့ဆုံဆွေးနွေး။
* မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးသည် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာနိုဘူတာကာ မာချီမူရာနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့တွင် တွေ့ဆုံဆွေးနွေး။
* တရုတ်ပြည်သူ့သမ္မတနိုင်ငံ အားကစားဝန်ကြီးဌာနဝန်ကြီး၊ အာရှဂုရုူးအဖွဲ့ချုပ်ဥက္ကဋ္ဌ H.E.Mr.Li Zhijian နှင့်အဖွဲ့သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)နှင့် တွေ့ဆုံဆွေးနွေး။

## ၂၈-၁၁-၂၀၀၄

* နိုင်ငံတော်ဝန်ကြီးချုပ်သည် စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်လွန်းနှင့်လည်းကောင်း၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဆမ်ဒက်ဟွန်ဆင်နှင့်လည်းကောင်း လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့တွင် အသီးသီး တွေ့ဆုံဆွေးနွေး။
* မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးသည် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် မစ္စတာရာဇာလီ အစ္စမေးလ်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့တွင် တွေ့ဆုံဆွေးနွေး။

## ၂၉-၁၁-၂၀၀၄

* နိုင်ငံတော်ဝန်ကြီးချုပ်သည် မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီ အဗ္ဗဒူလာဘင်ဟာဂျီ အာမက်ဘာဒါဝီနှင့်လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်နှင့်လည်းကောင်း၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မစ္စစ်ဂလိုရီယာမာကါပါဂလ် အာရိုယိုနှင့်လည်းကောင်း၊ ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာဂျွန်အိချိရိုကိုအိဇုမိနှင့်လည်းကောင်း လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့တွင် အသီးသီး တွေ့ဆုံဆွေးနွေး။

## ၃၀-၁၁-၂၀၀၄

* နိုင်ငံတော်ဝန်ကြီးချုပ်သည် ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ ဘုရင် ဆူလ်တန်ဟာဂျီ ဟာဆာနာလ်ဘိုလ်ကီးယားမူအစ်ဇာဒင်ဝါဒိုလာနှင့်လည်းကောင်း၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် ဒေါက်တာ သက်ဆင် ရှင်နာဝပ်နှင့်လည်းကောင်း၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဆူဆီလိုဘန်းဘန်းယူဒိုယိုနိုနှင့်လည်းကောင်း၊ အိန္ဒိယ သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းနှင့်လည်းကောင်း လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့တွင် အသီးသီးတွေ့ဆုံဆွေးနွေး။

## ၁-၁၂-၂၀၀၄

* တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်မှ ဒုတိယကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဂိုဂျင့်ဖုန်းနှင့်အဖွဲ့သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် တွေ့ဆုံဆွေးနွေး။

## ၂-၁၂-၂၀၀၄

* တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်မှ ဒုတိယကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဂိုဂျင့်ဖုန်းနှင့်အဖွဲ့သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌနှင့် တွေ့ဆုံဆွေးနွေး။

## ၃-၁၂-၂၀၀၄

* ပထမအကြိမ် ငါးနိုင်ငံ ကုန်စည်ပြပွဲ–၂၀၀၄ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြသော ကမ္ဘောဒီးယားနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ Secretary of State, Mr. Kuoch Ky ၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး H.E.Mr.Soulivong Daravong၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.Pham Quang Khon နှင့် အဖွဲ့ဝင်များသည်လည်းကောင်း၊ ရန်ကုန်မြို့၌ ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ ဂူတာဝေ့နှင့် အဖွဲ့သည်လည်းကောင်း နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အသီးသီးတွေ့ဆုံဆွေးနွေး။
* ရန်ကုန်မြို့၌ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ ဂူတာဝေ့နှင့်အဖွဲ့သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)နှင့်လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးနှင့်လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်လည်းကောင်း အသီးသီးတွေ့ဆုံဆွေးနွေး။

## ၄-၁၂-၂၀၀၄

* ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၁) ကိုးကန့်ငြိမ်းချမ်းရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဖုန်ကြားရှင်နှင့် အဖွဲ့သည်လည်းကောင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်း အထူးဒေသ(၂) 'ဝ' ငြိမ်းချမ်းရေးအဖွဲ့မှ ဗဟိုကော်မတီဝင် ဦးပေါ်လိုက်ခမ်းနှင့် ဦးအောင်မြင့်တို့သည်လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၅) ကချင်ငြိမ်းချမ်းရေးအဖွဲ့မှ ဥက္ကဋ္ဌ ဦးမထုနော်၊ ဒုတိယဥက္ကဋ္ဌ ဦးဇော်ယွန်နှင့် အထွေထွေအတွင်းရေးမှူး ဦးဇော်ဆိုင်းတို့သည်လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) မန်ပန်ပြည်သူ့စစ်မှ ဦးစိုင်းမွန်နှင့် မုံးဟင်၊ မုံးဟပြည်သူ့စစ်မှ ဦးလောမားတို့သည်လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၃) ရှမ်းငြိမ်းချမ်းရေးအဖွဲ့မှ ဥက္ကဋ္ဌ ဦးလွယ်မောင်းနှင့်လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၇) ပလောင်ငြိမ်းချမ်းရေးအဖွဲ့မှ ဥက္ကဋ္ဌ ဦးအိုက်မုန်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးညီလုံးတို့သည်လည်းကောင်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁)နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့တွင် အသီးသီးတွေ့ဆုံဆွေးနွေး။
* အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ဘဏ်တို့မှ Head of Trade Unit and Advisor Mr.Shang-Jin Wei ဦးဆောင် သော Consultation မစ်ရှင်အဖွဲ့သည် ဘဏ္ဍာရေးနှင့် အခွန် ဝန်ကြီးဌာနဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး။

## ၇-၁၂-၂၀၀၄

* ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘွန်ညံဗိုရာချစ် ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်လည်းကောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်လည်းကောင်း အသီးသီးတွေ့ဆုံဆွေးနွေး။

## ၉-၁၂-၂၀၀၄

* ရန်ကုန်မြို့တွင် ရောက်ရှိနေသော ထိုင်းနိုင်ငံဝန်ကြီးချုပ် ဒေါက်တာ သက်ဆင်ရှင်နာဝပ် ဦးဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် တွေ့ဆုံဆွေးနွေး။

## ၁၀-၁၂-၂၀၀၄

* ရန်ကုန်မြို့တွင် ကျင်းပလျက်ရှိသည့် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးသို့ တက်ရောက်ရန် ရောက်ရှိနေသော ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr.Lu Lay Sreng နှင့်အဖွဲ့ဝင်များသည် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်လည်းကောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးနှင့်လည်းကောင်း တွေ့ဆုံဆွေးနွေး။

# HEIN Engineering Group

**မြန်မာနိုင်ငံရှိ Steel Structure အဆောက်အအုံ တည်ဆောက်သော ပြည်တွင်းကုမ္ပဏီ အဖွဲ့အစည်းအနည်းငယ်အနက် တစ်ခုဖြစ်သည်။**



- ကုမ္ပဏီကို ၁၉၉၉ ခုနှစ်တွင် စတင် တည်ထောင် ဖွဲ့စည်းခဲ့သည်။
- အကြီးအကဲမှာ ဦးဇောနည်အောင်ဖြစ်ပြီး အင်ဂျင်နီယာ ၁၆ ဦး အပါအဝင် ဝန်ထမ်းအင်အား ၂၀၀ ဦး ရှိသည်။
- မန္တလေးမြို့တွင် လုပ်ငန်းကို စတင် တည်ထောင်ခဲ့ပြီး ယခုအချိန်အထိ စက်ရုံ၊ အလုပ်ရုံနှင့် ဂိုဒေါင်အဆောက်အအုံ စုစုပေါင်း ၄၄ လုံး တပ်ဆင်တည်ဆောက်ခဲ့ပြီး ဖြစ်သည်။
- Steel Structure အတွက် ကုန်ကြမ်းပစ္စည်းများကို ကိုရီးယားနှင့် အိန္ဒိယနိုင်ငံတို့မှ တင်သွင်းသည်။
- Steel Structure အဆောက်အအုံလုပ်ငန်းအပြင် ကြက်စာနှင့် ငါးအစာတောင့်စက်ရုံများကို စက်ပစ္စည်းများ တပ်ဆင်သည်မှအစ တာဝန်ယူတည်ဆောက်ပေးလျက် ရှိသည်။
- အဓိကစက်ပစ္စည်းများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ ISO လက်မှတ်ရကုမ္ပဏီများမှ မှာယူတင်သွင်းပြီး ကျန်သောစက်ပစ္စည်းအစိတ်အပိုင်းများကို ပြည်တွင်းရှိ ကုမ္ပဏီပိုင်စက်ရုံများမှ တပ်ဆင်ထုတ်လုပ်သည်။
- လက်ရှိ မြန်မာနိုင်ငံတွင် အကြီးဆုံး ငါးအစာတောင့်စက်ရုံဖြစ်သော တစ်နာရီလျှင် ၁၅ တန်ကျ စက်ရုံတစ်ခုကို လှိုင်သာယာမြို့နယ် ရွှေလင်ပန်းစက်မှုဇုန်တွင် တာဝန်ယူ တပ်ဆင်တည်ဆောက်ပေးလျက် ရှိသည်။



- Steel Structure ပိုင်း သီးသန့်ဆိုလျှင် တစ်ပေပတ်လည် ကုန်ကျစရိတ် ၁၉၅၀ ကျပ်မှ ၂၇၅၀ ကျပ်အထိ အမျိုးမျိုးရှိပြီး လုပ်ငန်းလိုအပ်ချက်အပေါ် မူတည်၍ ဈေးနှုန်းကွဲပြားသွားသည်။
- လိုအပ်ပါက Civil Work ကိုပါ တာဝန် ယူဆောင်ရွက်ပေးသည်ဟု ဆိုသည်။
- စက်ရုံ၊ အလုပ်ရုံ၊ ဂိုဒေါင် အဆောက်အအုံများ၏ ဒီဇိုင်း



များကို ကွန်ပျူတာဖြင့် ရေးဆွဲ တည်ဆောက်ပေးသောကြောင့် ကုန်ကျစရိတ်သက်သာပြီး Steel Structure ကို အသုံးပြုတည်ဆောက်ထားသဖြင့် မီးဘေးအန္တရာယ်ကင်းဝေးခြင်း၊ ခိုင်ခံ့ခြင်းနှင့် လျင်မြန်စွာ တပ်ဆင်တည်ဆောက်နိုင်ခြင်း စသော အကျိုးကျေးဇူးများ ရရှိနိုင်သည်ဟု ဆိုသည်။

- အဆောက်အအုံ တည်ဆောက်ပြီးစီးပါက After Sales Service ကိုပါ ဆက်လက် ဝန်ဆောင်မှုပေးလျက်ရှိသည်ဟု သိရသည်။



- **ဆက်သွယ်ရန်ပုဂ္ဂိုလ်နှင့် လိပ်စာ**

ဒေါ်သိမ့်သိမ့် (Marketing Manager)
HEIN Engineering Group
ရန်ကုန်စက်ရုံ/ရုံး–
အမှတ်–၁၁၀၊
ဆိပ်ကမ်းသာလမ်း၊
လှိုင်သာယာစက်မှုဇုန် (၇)၊
လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၇၂၂၈၈၄၊ ၀၉–၂၀၀၂၇၄၀
E-mail:hein@mandalay.net.mm

**မန္တလေးစက်ရုံ–**
အမှတ်–H(၁၉၈–A)
ကနောင်မင်းသားကြီးလမ်း၊
စက်မှုဇုန် (၁)၊
မန္တလေးမြို့။
ဖုန်း–၀၂–၅၄၁၇၀



**မန္တလေးရုံး–**
အခန်း(၂)၊ တိုက်အမှတ်(၄)၊
သီရိမန္တလာအိမ်ရာ၊
မန္တလေးမြို့။
ဖုန်း–၀၂–၃၄၈၂၄

# စိန်ခဲ ၊ ရွှေခဲ ၊ ငွေခဲ ငါးငံပြာရည်

**မြန်မာနိုင်ငံ စားသောက်ကုန်စည်ဈေးကွက်အတွင်းသို့ ခေတ်မီ ပလတ်စတစ်ဘူးပက်ကင် ထုပ်ပိုးမှုဖြင့် ကြော်ငြာအား ကောင်းကောင်းအသုံးပြု၍ ထိုးဖောက်ဝင်ရောက်လာသော အခြေခံ မီးဖိုချောင်သုံး ကုန်စည်သစ်တစ်မျိုး ဖြစ်သည်။**




- ☆ FANTASY WORLD CO., LTD. မှ ၂၀၀၄ ခုနှစ် ဇွန်လအတွင်း ထုတ်လုပ်ဖြန့်ချိခဲ့။
- ☆ မန်နေဂျင်းဒါရိုက်တာမှာ ဦးအောင်ရွှေ ဖြစ်ပြီး ဝန်ထမ်းအင်အား ၃၀ ဦးခန့်ရှိ။
- ☆ ထိုင်းနိုင်ငံမှ စက်ပစ္စည်းနှင့် နည်းပညာကို အသုံးပြုထားပြီး လိုအပ်ချက်ပြည့်မီအောင် ထုတ်လုပ်ပေးနိုင်ဟုဆို။
- ☆ အဓိကကုန်ကြမ်းအဖြစ် ပြည်တွင်းရှိ ငါးနီတူငါးကို အသုံးပြုထားဟု သိရ။
- ☆ ကုမ္ပဏီအနေဖြင့် လောလောဆယ် စိန်ခဲ၊ ရွှေခဲ၊ ငွေခဲ ငံပြာရည်အပြင် Tip နှင့် Diamond အမှတ်တံဆိပ် ငံပြာရည်များကိုပါ ထုတ်လုပ်လျက်ရှိဟုဆို။
- ☆ ကုန်ပစ္စည်းအမှတ်တံဆိပ်အလိုက် 750 ml နှင့် 350 ml ဘူးနှစ်မျိုးရှိပြီး ဈေးနှုန်းများမှာ ၅၀၀ ကျပ်ခန့်မှ ၂၀၀ ကျပ်ခန့်အထိ အမျိုးမျိုးရှိ။
- ☆ ကုမ္ပဏီမှ တိုက်ရိုက်ဖြန့်ချိလျက်ရှိပြီး ကုန်ပစ္စည်းများကို ၂ နှစ်အထိ အာမခံပေးထား။
- ☆ **ဆက်သွယ်ရန်ပုဂ္ဂိုလ်၊ ဖြန့်ချိရေးနှင့် ကုမ္ပဏီလိပ်စာ**

  FANTASY WORLD CO., LTD.

  ဒေါ်ဝါဝါ (စက်ရုံမှူး)

  – တိရစ္ဆာန်ဥယျာဉ်ကစားကွင်း၊ Game City၊ ဗိုလ်မင်းခေါင်လမ်း၊

  မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၇၀၅၇၉၇၊ ၂၄၅၁၈၃

  – စ/၅၁၊ စိန်ပန်းလမ်း၊ ဘုရင့်နောင်ပွဲရုံတန်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၆၈၀၁၅၆

  – အခန်း–A/3၊ ၇၈ လမ်း၊ ၃၁ × ၃၂ လမ်းကြား၊ မန္တလေး။ ဖုန်း–၀၂–၃၈၆၆၇
- ☆ **စက်ရုံလိပ်စာ**

  ဦးဖိုးလှိုင်လမ်းနှင့် လှသီဂီလမ်းထောင့်၊ ရွှေပြည်သာစက်မှုဇုန်(၃)၊

  ရွှေပြည်သာမြို့နယ်၊ ရန်ကုန်။ ဖုန်း–၇၀၀၈၀၇

# ဘယ်ပစ္စည်းဘာ့ကြောင့်
# WHICH & WHY




## FAN HEATER D-988B

ရိုးရိုးပန်ကာအဖြစ်သာမက စက်အတွင်းမှ အပူငွေ့ကို ပန်ကာလေဖြင့် ထုတ်ပေးနိုင်သော အပူအအေး နှစ်မျိုးသုံးနိုင်သည့်ပစ္စည်းဖြစ်။ အသုံးပြုရင်း အပူချိန်မြင့်တက်လာပါက အလိုအလျောက် ရပ်တန့်ပေးစေနိုင်။ တရုတ်နိုင်ငံမှ တင်သွင်းပြီး ရောင်းဈေး ကျပ် ၄၀,၀၀၀ ဖြစ်။




## CAMRY ED-301 ပေါင်ချိန်စက်

ခန္ဓာကိုယ်အလေးချိန်ကို ဂဏန်းဖြင့် ပေါင်၊ ကီလိုဂရမ် နှစ်မျိုး ဖော်ပြပေးနိုင်သော ဒစ်ဂျစ်တယ်ပေါင်ချိန်စက်ဖြစ်။ 9V ဓာတ်ခဲအသုံးပြုရပြီး တရုတ်နိုင်ငံမှ ထုတ်လုပ်။ ရောင်းဈေး ကျပ် ၂၅,၀၀၀ ဖြစ်။




## MITSUMARU AP-240 ရေနွေးကျိုခရား

ရေ လေးလီတာခန့်ထိ ထည့်ကျိုနိုင်သည့် ရေနွေးကျိုခရားဖြစ်။ အသုံးပြုနေစဉ် လျှပ်စစ်မတော်တဆဖြစ်မှုနှင့်ကြုံပါက ခရားတွင်ပါရှိသော Fuse မှ ဓာတ်အားကို ဖြတ်တောက်ပေးနိုင်။ ရောင်းဈေး ကျပ် ၂၈,၀၀၀ ဖြစ်ပြီး ထိုင်းနိုင်ငံမှ တင်သွင်း။

## Air Conditionig Thermo-Hydrometer



ကုန်ပစ္စည်း သိုလှောင်ရုံများတွင် အသုံးတည့်မည့် အခန်း၏ အပူချိန်နှင့် စိုထိုင်းဆကို တစ်ပြိုင်နက် သိရှိနိုင်သည့် တိုင်းတာရေး နှစ်မျိုးပါ ပစ္စည်းဖြစ်။ စိုထိုင်းဆကို ရာခိုင်နှုန်းဖြင့်ပြပြီး အပူချိန်ကို ဒီဂရီစင်တီဂရိတ်ဖြင့် ဖော်ပြပေး။ ရောင်းဈေး ကျပ် ၁၃,၀၀၀ ဖြစ်။



## 3X Square Magnifier With Light

သေးငယ်သောပစ္စည်းများ၊ စာလုံးများကို ကြည့်ရှုနိုင်ရန် မီးလုံးပါရှိသော မှန်ဘီလူးဖြစ်။ AAA Size ဓာတ်ခဲနှစ်လုံး အသုံးပြုရ။ ထိုင်ဝမ်မှ ထုတ်လုပ်ပြီး ရောင်းဈေး ကျပ် ၃,၅၀၀ ဖြစ်။

## ကြိုးမဲ့ TV Sensor


Receiver ကို TV နှင့် ဆက်သွယ်ထားပြီး Sensor ကို လိုအပ်သောနေရာတွင် ထားနိုင်သော ကြိုးမဲ့ TV Sensor ဖြစ်။ Sensor နှင့် Receiver ကို 9V adaptor နှင့် ဘက်ထရီ နှစ်မျိုး အသုံးပြုနိုင်။ ရောင်းဈေး ကျပ် ၄၅,၀၀၀ ဖြစ်။






## FOOT MASSAGER

ညှပ်ဖိနပ်တစ်ရန်ကိုစီး၍ ဖိနပ်မှတစ်ဆင့် တုန်ခါမှုရရှိပြီး အကြောဖြေပေးနိုင်သည့် ကိရိယာဖြစ်။ ထို့ပြင် ခန္ဓာကိုယ်ရှိ မိမိ အသုံးပြုမည့်နေရာတွင် စုပ်ခွက်နှစ်ခုကို တပ်၍လည်း အကြောဖြေရန် အသုံးပြုနိုင်။ ရောင်းဈေး ကျပ် ၁၈,၀၀၀ ဖြစ်ပြီး ထိုင်ဝမ်မှ တင်သွင်း။




## Hao Dian Coil Gas Lighter

မီးတောက်မှာ အပြာရောင်ဖြစ်ပြီး မီးခြစ်တွင်ပါရှိသော မီးလုံး၏အရောင်မှာ အစိမ်းရောင်ဖြစ်သော Fancy ပစ္စည်းဖြစ်။ ရောင်းဈေး ကျပ် ၃,၀၀၀ ဖြစ်။




## YAOLIN ခေါင်းဖီးဘီး

ဆံပင်ကို ဖီးရင်း ဦးခေါင်းပိုင်းကို တုန်ခါမှုဖြင့် အကြောဖြေပေးနိုင်သည့် ပစ္စည်းဖြစ်။ တုန်ခါမှု အနည်းအများ နှစ်မျိုးပါရှိပြီး ရောင်းဈေး ကျပ် ၂,၂၀၀ ဖြစ်။



## LEIDORY Optical Binocular

နေ့ဘက်၌ နေအလင်းရောင်ထဲတွင် ကြည့်ရှုနိုင်ရန် အတွက် နေကာချပ်ပြားပါရှိသော မှန်ဘီလူးဖြစ်။ ညဘက်တွင်ပါ အသုံးပြုနိုင်။ မှန်ဘီလူး၏ဆွဲအားမှာ ခုနစ်ဆရှိပြီး အချင်းဝက်မှာ ၅၀ မီလီမီတာဖြစ်။ ရုရှားနိုင်ငံမှ ထုတ်လုပ်ပြီး ရောင်းဈေး ကျပ် ၃၈,၀၀၀ ဖြစ်။




## MASTER DVD Player DVD-30K


ကြိုးမဲ့ကာရာအိုကေမိုက် ပါရှိသော ဒီဗီဒီဖွင့်စက်ဖြစ်။ JPEG File, Kodak Picture CD များနှင့် လိုက်လျောညီထွေမှုရှိ။ ရောင်းဈေး ကျပ် ၅၀,၀၀၀ နီးပါးဖြစ်။




## FORTH LINE MOBILE LM 01


GSM ဖုန်း၏ SIM Card ကို စက်တွင်ထည့်သွင်းခြင်းဖြင့် ကြိုးလိုင်းဖုန်း အဖြစ် အသုံးပြုနိုင်စေမည့်ပစ္စည်းဖြစ်။ FAX၊ PABX စက်များနှင့်ပါ တွဲဖက်အသုံး ပြုနိုင်။ ထိုင်းနိုင်ငံမှ တင်သွင်း။

## Combo Motherboard MSI 915G




Intel ၏ နောက်ဆုံးပေါ်နည်းပညာ 915G, ICH 6 Chipsets ကို သုံးထားပြီး 775 pin socket အမျိုးအစား CPU နှင့် တွဲဖက်သုံးရန်ဖြစ်။ Pentium 4 Prescott LG A775 Processor 2.8 GHz နှင့် အထက် တပ်ဆင်သုံးနိုင်။ DDR memory (FSB 400) နှင့် အမြန်နှုန်းမြင့် DDR2 memory (FSB 533) နှစ်မျိုးစလုံးကို Dual Channel ဖြင့် အသုံးပြုနိုင်။ ATA နှင့် Serial ATA (SATA) Port နှစ်မျိုးစလုံးပါရှိ။ မြန်နှုန်းမြင့် Gigabit LAN Port ပါရှိပြီး USB 8 Port ပါရှိ။ Sound System မှာ 8 Channels, Dolby, DTS ဖြစ်ပြီး Intel Hight Defination Audio ကို အသုံးပြုနိုင်။ ထိုင်ဝမ်မှ တင်သွင်းပြီး ရောင်းဈေး ကျပ် ၁၁၀,၀၀၀ ဖြစ်။

## Sony DVD Writer



Sony ၏ New Product တစ်ခုဖြစ်။ DVD R ကို ရေးရာတွင် 16X ဖြင့်လည်းကောင်း၊ DVD-R/W ကိုရေးရာတွင် 8X ဖြင့်လည်းကောင်း၊ CD-R ကိုရေးရာတွင် 40X ဖြင့်လည်းကောင်း၊ CD-R/W ကို ရေးရာတွင် 24X ဖြင့်လည်းကောင်း အမြန်နှုန်းများဖြင့် ကူးယူနိုင်။ ထို့အပြင် DVD-R 12X နှင့် CD-R 40X နှုန်းတို့ဖြင့် ဖတ်ယူနိုင်။

## EPSON Stylus CX 6500



ဈေးနှုန်းပိုမိုသက်သာကာ Printer, Scanner နှင့် Copier သုံးမျိုးစလုံး အသုံးပြုနိုင်ပြီး PC မလိုဘဲ ဓာတ်ပုံများကို တိုက်ရိုက် Print ထုတ်ပေးနိုင်ဟု သိရ။ Print ထုတ်ရာ၌ ပုံနှိပ်အရည်အသွေး 5760x1440 dpi ရှိပြီး ပုံနှိပ်ထုတ်လုပ်မှုနှုန်းမှာ 4' x 6' ဓာတ်ပုံတစ်ပုံလျှင် ၇၆ စက္ကန့်ကြာမြင့်ကာ Black Text ဆိုလျှင် တစ်မိနစ် ၂၂ ရွက်နှင့် Colour Text ဆိုလျှင် တစ်မိနစ် ၁၁ ရွက် ထုတ်ပေးနိုင်။ Scan အရည်အသွေး 1200 x 2400 dpi ရှိပြီး ပုံရိပ်ဖမ်းယူမှုနှုန်း Monochrome (Bi-Level) ဖြင့် A4 600 dpi ဆိုလျှင် 5m Sec/Line နှင့် A4 1200 dpi ဆိုလျှင် 10m Sec/Line၊ Colour ဖြင့် A4 600 dpi ဆိုလျှင် 15m Sec/Line နှင့် A4 1200 dpi ဆိုလျှင် 30m Sec/Line ရှိ။ Copy ကူးယူမှုနှုန်း Black Text (Memo) ဆိုလျှင် တစ်မိနစ် ၁၆ ရွက်နှုန်းနှင့် Colour (DTP) ဆိုလျှင် တစ်မိနစ် ခြောက်ရွက်နှုန်း ကူးယူပေးနိုင်။ ရောင်းဈေးမှာ ၂၂၅,၀၀၀ ကျပ်ဟု သိရ။

ယခုလ Which & Why ကဏ္ဍတွင် ပါဝင်သောပစ္စည်းများနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို Ever Fine Store၊ Master Electronic၊ Golden Power Co., Ltd.၊ Forth Electronic၊ ဦးဘစိန် လျှပ်စစ်ပစ္စည်းဆိုင်၊ Clients Focus Technology Group နှင့် KMD Computer Sales Centre တို့မှ ရယူထားပါသည်။ **အယ်ဒီတာ**

# အတွေးအမြင်



ဤကဏ္ဍတွင် ......

၁၄၇ ဗုဒ္ဓအလိုကျ ဘောဂဗေဒ
၁၅၁ စီးပွားရေးလုပ်ငန်းသုံး ၃၆ ပါး စစ်ဗျူဟာကျမ်း(၂၂)
၁၅၄ ကျွန်တော်ပန်းချီကုန်သည် (၂၇)

ခေါ်သွားတတ်သည်ကို နားမလည်နိုင်ဖြစ်လာရသည်။ ဤသို့ဖြစ်ရသည်မှာ ပညာမဲ့မှု (အဝိဇ္ဇာ) ကြောင့် ဉာဏ်မျက်စိကွယ်ကာ တဏှာကို အစာကျွေးနေမိသောကြောင့် ဖြစ်သည်။ သို့အတွက် အဝိဇ္ဇာနှင့်



# ဗုဒ္ဓအလိုကျ ဘောဂဗေဒ

## BUDDHIST ECONOMICS
## P.A PAYUTTO

**ကျော်ဝင်း**

### ပဋိပက္ခမှ သမ္မုဟသို့

လူသည် တဏှာစေခိုင်းရာနောက်သို့ မျက်ကန်းတစ်ယောက်လို လိုက်ပါရင်းမှ ကောင်းမှုနှင့် မကောင်းမှု (ကုသိုလ်နှင့် အကုသိုလ်) မခွဲခြားနိုင် ဖြစ်လာရသည်။ မည်သည့်အရာက 'အစစ်အမှန်သုခ' (True Well-being) ကို ဦးတည်စေ၍ မည်သည့်အရာက သုခနှင့်ဝေးရာသို့

တဏှာသည် ဘဝအရည်အသွေးကို ထိခိုက်ပျက်စီးစေသော အကြောင်းရင်းများဟု ဆိုရပါလိမ့်မည်။

အတ္တနှင့်ယှဉ်သော တဏှာ၏ လိုဘကို မပြည့်ပြည့်အောင် ဖြည့်ရင်းမှ လူသည် မိမိတို့အချင်းချင်းသော်လည်းကောင်း၊ မိမိပတ်ဝန်းကျင်နှင့်သော်လည်းကောင်း၊ သဘာဝတရားနှင့်သော်လည်းကောင်း သူသေကိုယ်ရှင် တိုက်ပွဲဆင်နေရတော့သည်။ သို့နှင့်အမျှ လူ့ဘဝမှာ ပဋိပက္ခဖြစ်စဉ်ကြီးတစ်ခုကို ဖြတ်သန်းနေရသလိုဖြစ်လာရသည်။ ဤသို့ အကျိုးစီးပွားချင်းပဋိပက္ခဖြစ်နေသော ဘဝခရီးတွင် မေတ္တာတရားဆိုသည်မှာ မကြားဖူးသော ဒဏ္ဍာရီ

သဖွယ်သာ ဖြစ်လာရတော့သည်။ ဤအဓိပ္ပာယ်အရ ကြည့်လိုက်လျှင် လူဖြစ်တည်မှုမှာ တိရစ္ဆာန်လောကနှင့် ဘာမှမခြားလှတော့ပါ။ ပြောရလျှင် လူ၏ ထူးခြားသော ဉာဏ်နီဉာဏ်နက်များကြောင့် တိရစ္ဆာန်ထက်ပင် ပို၍မိုက်ကန်းသော၊ ပို၍ယုတ်ညံ့သော၊ ပို၍အတ္တကြီးသော သတ္တဝါဖြစ်တတ်ပါသေးသည်။

ဤသည်မှာ လူ့သဘာဝ၏ အမှောင်ဘက်ခြမ်း ဖြစ်ပါသည်။ ကံကောင်းထောက်မစွာပင် လူတွင် အမှောင်ဘက်ခြမ်းသာမက အလင်းဘက်ခြမ်းပါ ရှိနေပါသေးသည်။ ဗုဒ္ဓက လူ့သဘာဝသည် မကောင်းမှုဘက်သို့ ညွှတ်တတ်သည်ဟု သတိပေးထားသော်လည်း ပညာနှင့် တည့်မတ်နိုင်လျှင် ကောင်းမှုဘက်သို့ လှည့်ပြောင်းနိုင်စရာ ရှိသည်ဟုလည်း လမ်းညွှန်ပြပါသည်။ ပညာမဲ့မှု အဝိဇ္ဇာနှင့် ယှဉ်လျှင် တဏှာလမ်းသို့ ဦးတည်ပြီး မကောင်းမှု အကုသိုလ်သို့ ဆိုက်တတ်သည်။ အဆိုပါ အဝိဇ္ဇာအမှောင်ထုကို မှုတ်လွင့်ဖျက်ဆီးနိုင်သည်နှင့်အမျှ အလင်းလမ်းသို့ ဦးတည်ပြီး ကောင်းမှုကုသိုလ်သို့ ဆိုက်နိုင်စရာ ရှိပါသည်။ ဤသို့ အဝိဇ္ဇာအမှောင်ထုကို မှုတ်လွင့်ဖျက်ဆီးနိုင်သည့် စွမ်းအင်ကို ဗုဒ္ဓက 'ပညာ' ဟု ဝိဂြိုဟ်ပြုသည်။ 'ဉာဏ်ပညာ' (Wisdom) ဟု နားလည်နိုင်ပါသည်။

ဉာဏ်ပညာ ရှေ့ဆောင်လာနိုင်သည်နှင့် လူသည် အကောင်းအဆိုးကို ခွဲခြားတတ်လာသည်။ ကုသိုလ်နှင့် အကုသိုလ်ကို ပိုင်းခြားတတ်လာသည်။ သို့နှင့်အမျှ ကောင်းမှုကုသိုလ်ဘက်သို့ အာရုံညွှတ်လာတတ်ပါသည်။ ဤအာရုံညွှတ်မှုကို ဗုဒ္ဓက 'ဓမ္မဆန္ဒ' ဟု ဆိုသည်။ အမှန်တရားဘက်သို့ အာရုံညွှတ်မှုဟု ယူနိုင်ပါသည်။ တစ်ပြိုင်နက်တည်းမှာပင် 'ကုသလဆန္ဒ' ဟုလည်း ညွှန်းပါသည်။ ကုသိုလ်တရားဘက်သို့ အာရုံညွှတ်မှုဟု နားလည်နိုင်ပါသည်။ တစ်လုံးတည်းပြောရလျှင် 'ဆန္ဒ' ဖြစ်ပါသည်။ ဆန္ဒသည် တဏှာနှင့် မတူပါ။ တဏှာမှာ အဝိဇ္ဇာက ပေါ်ထွက်လာသော်လည်း ဆန္ဒမှာ 'ပညာနှင့်ယှဉ်သည့် ဆင်ခြင်မှု' (ယောနိသောမနသိကာရ) မှ ပေါက်ဖွားလာခြင်း ဖြစ်သည်။ တဏှာက မကောင်းသောတရား (အကုသိုလ်) သို့ ဦးတည်သော်လည်း ဆန္ဒမှာ ကောင်းသောတရား (ကုသိုလ်) သို့ ရှေးရှုသည်။ တဏှာက ကိုယ်ကျိုးစီးပွား (အတ္တ) ကို ကြီးဖြည့်လွှတ်သော်လည်း ဆန္ဒက မိမိအကျိုး၊ လူ့အဖွဲ့အစည်းအကျိုး၊ သဘာဝပတ်ဝန်းကျင်အကျိုး စသည်တို့ကို ချိန်ခွင်မှန် ညီမျှစေသည်။

ဉာဏ်ပညာဖွံ့ဖြိုးလာသည်နှင့်အမျှ ဆန္ဒက ရှေ့ရောက်ပြီး တဏှာက နောက်ဆုတ်သွားတတ်သည်။ သို့နှင့်အမျှ ဘဝခရီးသည်လည်း အမှောင်လမ်းမှ အလင်းလမ်းသို့ လှည့်ပြောင်းလာတတ်သည်။ ပဋိပက္ခလမ်းမှ သမူဟလမ်းသို့ ဦးတည်လာတတ်သည်။ အကျိုးစီးပွားခြင်း ပဋိပက္ခဖြစ်ရာမှ သမူဟသဘောသို့ ရွေ့လာစေတတ်သည်။ ဤသမူဟလမ်းတွင် ရန်ဘက်မရှိ၊ မိတ်ဘက်သာ ရှိသည်။ လွန်ရောကျွံရော ပြိုင်ဘက်သာ ရှိကောင်းရှိနိုင်သည်။ ဤသည်ပင် ပညာနှင့်ယှဉ်သော ဗုဒ္ဓအလိုကျ ဘဝလမ်းညွှန် ဖြစ်ပါသည်။ ခေတ်သစ် ဘောဂဗေဒပညာကို ကြီးစွာ အထောက်အကူပြုနိုင်စရာရှိသည့် ဘဝလမ်းညွှန်လည်း ဖြစ်ပါသည်။

## အပြုအမူနှင့် ကျင့်ဝတ်

လိုအင်ဆန္ဒ (Wants and Desire) သည် ခေတ်သစ် ဘောဂဗေဒပညာ၏ အကောက်အယူတစ်ခု ဖြစ်ပါသည်။ လိုအင်ဆန္ဒ၏ အကန့်အသတ်မဲ့သဘောကို ဤပညာက ဖော်ထုတ်ခဲ့သော်လည်း ထို့ထက် ပိုမိုနက်ရှိုင်းစွာ ခွဲခြမ်းစိတ်ဖြာမှု လုပ်ခဲ့သည်တော့ မဟုတ်ပါ။ သို့ဖြင့် လိုအင်ဆန္ဒမှ မွေးထုတ်လိုက်သော စီးပွားရေး အပြုအမူ (Economic Activities) တို့ကိုလည်း တစ်သဘောတည်းသာ ယူခဲ့ပါသည်။ ပြောရလျှင် အပြုအမူကို ကျင့်ဝတ်နှင့် တွဲစပ်နိုင်ခဲ့သည် မဟုတ်ဟု ဆိုရပါလိမ့်မည်။

ဗုဒ္ဓကမူ လိုအင်ဆန္ဒကို တဏှာနှင့် ဆန္ဒအဖြစ် နှစ်မျိုးခွဲ၍ ကြည့်မြင်သည်။ ဆိုခဲ့ပြီးသည့်အတိုင်း အဝိဇ္ဇာက စေ့ဆော်လျှင် တဏှာဟု သတ်မှတ်ပြီး ပညာနှင့်ယှဉ်တွဲဖြစ်ပေါ်လျှင် ဆန္ဒဟု သဘောယူပါသည်။ ဆက်လက်ပြီး လိုအင်ဆန္ဒမှ မွေးထုတ်လိုက်သည့် အပြုအမူ (Behavior) ကိုလည်း ဆန်းစစ်ပြသည်။ တဏှာနှင့် ဆန္ဒ မတူကြသည့်အလျောက် ၎င်းတို့က မွေးထုတ်လိုက်သော အပြုအမူများလည်း တူကြသည်မဟုတ်ပါ။ အဝိဇ္ဇာကို အခြေခံသော တဏှာသည် ကိုယ်ကျိုးစီးပွားနှင့်ယှဉ်သော အာရုံခံစားမှုသက်သက်ကိုသာ အလေးကဲသော ချမ်းသာသုခ အစစ်အထိ မရောက်သော အပြုအမူကိုသာ ပေးသည်။ ပညာနှင့်ယှဉ်သော ဆန္ဒကမူ ကိုယ်ကျိုးစီးပွား၊ အာရုံခံစားမှု စသည်တို့ကို ကျော်ပြီး ချမ်းသာသုခအစစ်ထိ ဦးတည်သော အပြုအမူများကို စေ့ဆော်ပေးသည်။

ဤသဘောကို လူ၏ အခြေခံလိုအပ်ချက်တစ်ရပ်ဖြစ်သော 'စားရေး' မှာပင် တွေ့မြင်နိုင်သည်။ တဏှာနှင့်ယှဉ်သော အပြုအမူက မိမိလျှာရင်း ခံတွင်းမြိန်ရေးကိုသာ ဦးတည်သည်။ အခြားဘာကိုမှ ထည့်မတွက်။ မိမိလိုဘပြည့်သည်နှင့် ကိစ္စပြီးသွားသည်။ သူ့အတွက် 'ဖြစ်သင့်၊ မဖြစ်သင့်' (Ought) ဆိုသော ကျင့်ဝတ် မလို။ ပညာနှင့်ယှဉ်သော အပြုအမူကမူ မိမိရုပ်ခန္ဓာ ဆက်လက်ရှင်သန်ရေးကို ရည်ရွယ်သည်။ ဤရည်ရွယ်ချက်သည်လည်း အဆုံးစွန် မဟုတ်သေး။ ဆက်လက်လုပ်ဆောင်ဖွယ်ရာများအတွက် ခရီးဆက်နိုင်ရန် အာဟာရ ဖြည့်ခြင်းမျှသာ ဖြစ်သည်။ သူ့အတွက် စားရေး (ဗိုက်ပြည့်ရေး)သည် အဆုံးစွန် ရည်မှန်းချက်



မဟုတ်။ နည်းနာ(Means)မျှသာ ဖြစ်သည်။ သူ၏ရည်မှန်းချက်သည် အတ္တအကျိုးစီးပွားသက်သက်မျှ မဟုတ်။ သို့အတွက် မိမိလျှာရင်း ခံတွင်းမြိန်ရေးအတွက် လူ့အဖွဲ့အစည်းအကျိုး၊ သဘာဝပတ်ဝန်းကျင်အကျိုး ထိခိုက်နစ်နာနိုင်စရာ ရှိမည်ဆိုလျှင် မိမိအပြုအမူကို ပြန်လည်ဆန်းစစ်မည်သာ ဖြစ်သည်။ ပြောရလျှင် ကျင့်ဝတ်နှင့်ယှဉ်သော အပြုအမူဟု ဆိုနိုင်သည်။

ဤသို့ဖြင့် ဗုဒ္ဓအလိုကျဘောဂဗေဒက ထုတ်လုပ်မှု၊ စားသုံးမှု၊ ခွဲဝေဖြန့်ဖြူးမှု၊ ရင်းနှီးမြှုပ်နှံမှု စသော စီးပွားရေး အပြုအမူအားလုံးကို တဏှာက စေ့ဆော်သည်လား၊ ဆန္ဒက စေ့ဆော်သည်လား ခွဲခြားစိစစ်သည်။ အဝိဇ္ဇာကို အခြေခံသလား၊ ပညာကို အခြေခံသလား၊ အရင်းအမြစ်အထိ လိုက်သည်။ ဤသို့ဖြင့် စီးပွားရေးအပြုအမူအားလုံးကို ကျင့်ဝတ်နှင့် တွဲစပ်ပြီးသား ဖြစ်နေတော့သည်။ ဤသည်ပင် ခေတ်သစ်ဘောဂဗေဒနှင့် ဗုဒ္ဓအလိုကျဘောဂဗေဒတို့၏ အဓိက ကွာခြားချက် ဖြစ်တော့သည်။ တစ်နည်းဆိုရလျှင် ခေတ်သစ် ဘောဂဗေဒပညာသို့ ဗုဒ္ဓဓမ္မက ဖြည့်ဆည်းပေးလိုက်သော ကျင့်ဝတ်မျက်နှာစာများဟုလည်း ဆိုနိုင်ကောင်းပါလိမ့်မည်။

နိုင်ငံတကာမှ သုတေသီတော်တော်များများက ဗုဒ္ဓ၏ ဓမ္မနှင့် ပတ်သက်လျှင် လောကီကိစ္စအားလုံးကို ဥပေက္ခာပြုထားသော၊ လောကီဝေ့ဆအားလုံးကို စွန့်လွှတ်ဖို့ တောင်းဆိုသော ဘာသာတရားတစ်ခုအဖြစ် ကြည့်မြင်တတ်ကြပါသည်။ စင်စစ် ဗုဒ္ဓက ဘဝကို တစ်သဘောတည်း ကြည့်မြင်သည် မဟုတ်ပါ။

ဘဝအရည်အသွေးကို အဆင့်သုံးဆင့် ပိုင်းခြားကြည့်မြင်ပါသည်။ အခြေခံအဆင့်၊ အလယ်အလတ်အဆင့်နှင့် အမြင့်ဆုံးအဆင့်တို့ ဖြစ်ပါသည်။ ဗုဒ္ဓကျမ်းခံလာဝေါဟာရနှင့် ပြောရလျှင် သာမန် ပုထုဇဉ်၊ ကလျာဏပုထုဇဉ်နှင့် တစ်မင်္ဂတစ်ဖိုလ်ရပြီးသူ အရိယာတို့ ဖြစ်သည်။ အမြင့်ဆုံးအဆင့် အရိယာတို့၏ အဓိက ရည်မှန်းချက်မှာ သံသရာလွတ်မြောက်ရေး ဖြစ်သော်လည်း ရှေးဦးအဆင့်နှစ်ခု (ပုထုဇဉ်နှင့် ကလျာဏပုထုဇဉ်) တို့အတွက် ဥစ္စာဓန ရှာဖွေရေးကို တားမြစ်ပိတ်ပင်မှု လုံးဝမရှိပါ။ မရှိရုံမျှမက အထိုက်အသင့် အားပေးမှုပင် ရှိသည်ဟု ဆိုနိုင်ပါသည်။ တစ်ခုပဲ ရှိသည်။ ကျင့်ဝတ်နှင့်ယှဉ်၍ ဆောင်ရွက်ကြရန်သာ ရည်ရွယ်သည်။ ဗုဒ္ဓ၏ လွတ်မြောက်ရေး လမ်းသွယ်ရှစ်ခု (မဂ္ဂင်ရှစ်ပါး)မှ ကောင်းစွာအသက်ဝမ်းကျောင်းမှု (သမ္မာအာဇီဝ) မှာ ဤသဘောပင် ဖြစ်ပါသည်။

## ကျင့်ဝတ်တန်ဖိုး

ခေတ်သစ်ဘောဂဗေဒ ပညာ၏ အခြေခံမူတစ်ခုမှာ 'ဖလှယ်မှု' (Exchange) ဖြစ်ပါသည်။ ဖလှယ်မှုတစ်ခု ထမြောက်အောင်မြင်စေရန် သက်ဆိုင်ရာ ဘက်နှစ်ဘက်အနေနှင့် တန်ဖိုးချင်းညီမျှခြေတစ်ခု ဆွဲရသည်။ ဤသို့ ညီမျှခြေချရာတွင် ဘောဂဗေဒပညာက 'စိတ်ကျေနပ်မှု' (Satisfaction) နှင့် ညှိယူကြသည်က များသည်။ ဥပမာ–လူတစ်ယောက်အနေနှင့် မိမိပိုင်ပစ္စည်းတစ်ခုကို အခြားတစ်ခုနှင့် ဖလှယ်တော့မည်ဆိုလျှင် မိမိရမည့်ပစ္စည်းက ပေးနိုင်မည့် စိတ်ကျေနပ်မှုမှာ မိမိ ပေးလိုက်ရမည့်ပစ္စည်းကပေးသော စိတ်ကျေနပ်မှုထက် ပိုမှသာ ဖလှယ်လိုပါလိမ့်မည်။ အနည်းဆုံး စိတ်ကျေနပ်မှုခြင်း ညီမျှဖို့လိုပါသည်။ ဤတွင် မေးဖို့လိုလာသည့် မေးခွန်းမှာ 'စိတ်ကျေနပ်မှု' ကို ဘာနှင့် တိုင်းမည်နည်းဆိုသော ပုစ္ဆာဖြစ်သည်။ ကိုင်တွယ်ထိတွေ့ရသော ရုပ်ဝတ္ထုပစ္စည်းကပေးသည့် စိတ်ကျေနပ်မှုဆိုလျှင် ပြဿနာ မရှိလှပါ။ သို့နှင့်တိုင် အချို့သော စိတ်ကျေနပ်မှုများမှာ ရုပ်ဝတ္ထုပစ္စည်းနှင့် မဆိုင်။ ကိုယ်တွယ်ထိတွေ့မရသည့် အခြားသော တန်ဖိုးများမှလာသည်လည်း ရှိနိုင်သည်။ ဥပမာ–မိဘက သားသမီးကို ပေးသည်မှာ အတုံ့အပြန် ရုပ်ဝတ္ထုပစ္စည်းကို မက်မော၍ မဟုတ်ဖို့ များသည်။ ပေးကမ်းလိုက်ရခြင်းသက်သက်ကိုပင် ကျေနပ်သွားခြင်း ချမ်းမြေ့သွားခြင်းမျိုး ဖြစ်နိုင်သည်။ စိတ်ကျေနပ်မှုကို ရုပ်ဝတ္ထုပစ္စည်းနှင့်သာ ချိတ်ဆက်စဉ်းစားတတ်သော ဘောဂဗေဒသမားက ဤသဘောကို နားမလည်။ အသိအမှတ်မပြု။ သို့ဖြင့် မေတ္တာနှင့် ယှဉ်သော ပေးကမ်းမှုမျိုး၊ အလှူဒါနမျိုးမှာ ခေတ်သစ်ဘောဂဗေဒ၏ အပြင်ဘက်တွင် ရှိနေတော့သည်။ စင်စစ် ရုပ်ဝတ္ထုပစ္စည်းမှလာသော စိတ်ကျေနပ်မှုမှာ တဏှာမှ လာခြင်း ဖြစ်သည်။ ကျင့်ဝတ်မဲ့အပြုအမူကို ဦးတည်သည်က များသည်။ ရုပ်ဝတ္ထုပစ္စည်းနှင့်မဆိုင်သော၊ 'အယူ' ကြောင့် မဟုတ်လော၊ 'အပေး' ကြောင့်ရသော စိတ်ကျေနပ်မှုမှာ ဆန္ဒမှလာခြင်း ဖြစ်သည်။ ကျင့်ဝတ်နှင့်ယှဉ်သော အပြုအမူ ဖြစ်သည်။ ဤသို့သော အပြုအမူမျိုးကိုသာ ထည့်သွင်းစဉ်းစားနိုင်လျှင် ဘောဂဗေဒမှာ ယခုထက်ပို၍ အပြန့်ကျယ်လာနိုင်ပါလိမ့်မည်။ ယခုထက်ပို၍ ပြဿနာ ဖြေ

ရှင်းနိုင်စွမ်း မြင့်မားလာနိုင်ပါသည်။

ခေတ်သစ် ဘောဂဗေဒပညာ၏ နောက်ထပ်အကောက်အယူတစ်ခုမှာ 'ဝယ်လိုအား' (Demand)ဖြစ်ပါသည်။ ဘောဂဗေဒသမားက ဝယ်လိုအားကို 'အသုံးဝင်မှု' (Utility)နှင့် တိုင်းသည်။ ဤနေရာတွင် ဘောဂဗေဒသမားတို့ အာရုံကျသော ပုံပြင်တစ်ခုကို ပြန်ပြောလိုပါသည်။ လူနှစ်ယောက် သင်္ဘောပျက်၍ ပင်လယ်ပြင်ထဲမှ လူသူမရှိသော ကျွန်းလေးတစ်ကျွန်းသို့ ရောက်သွားကြသည်။ တစ်ယောက်တွင် ဆန်တစ်ခွဲပါလာ၍ ကျန်တစ်ယောက်တွင် ရွှေဆွဲကြိုးတစ်ကုံး ပါလာသည်။ သာမန်နေရာနှင့် သာမန်အချိန်တွင် ရွှေဆွဲကြိုးက ဆန်တစ်ခွဲထက် အဆများစွာ တန်ဖိုးရှိသော်လည်း စားစရာ ဘာမှမရှိသော ကျွန်းပေါ်တွင် ဆန်က ပို၍ အသုံးဝင်နေသည်။ ဤသို့ဖြစ်လျှင် အစာအငတ်မခံနိုင်သော ဆွဲကြိုးပိုင်ရှင်က ဆန်ပိုင်ရှင်ကို ဖလှယ်ဖို့ အဆိုပြုရတော့မည်။ ဆန်ပိုင်ရှင်က သူ့ဆန်ကို လုံးဝမပေးဘဲ နေချင်နေမည်။ သို့မဟုတ် ဆန်တစ်ဆုပ်ကို ဆွဲကြိုးတစ်ကုံးလုံးနှင့် လဲချင်လဲမည်။ ဤသည်မှာ ဘောဂဗေဒသမား၏ စဉ်းစားချက် ဖြစ်သည်။

တကယ့်လက်တွေ့တွင် အခြားဖြစ်နိုင်ခြေများလည်း အမြောက်အမြား ရှိနိုင်ပါသည်။ ဆွဲကြိုးပိုင်ရှင်က ဆန်ကို ခိုးစားချင်စားမည်။ သို့မဟုတ် ဆန်ပိုင်ရှင်ကို သတ်ပြီး ဆန်တစ်ခွဲလုံး အပိုင်စီးချင်စီးမည်။ သို့မဟုတ် နှစ်ဦးနှစ်ဖက် ညှိနှိုင်း၍ ခွဲဝေစားသောက်ကြသည်မျိုးလည်း ဖြစ်နိုင်သည်။ ကျင့်ဝတ်ဘက်မှ စဉ်းစားလိုက်လျှင် မတန်တဆ ဖလှယ်သည်မျိုး (ဆန်တစ်ဆုပ် ဆွဲကြိုးတစ်ကုံး) သည်လည်းကောင်း၊ ခိုးဝှက်သတ်ဖြတ်ခြင်းသည်လည်းကောင်း တဏှာနှင့်ယှဉ်သော အပြုအမူများ ဖြစ်သည်။

ညှိနှိုင်းခွဲဝေစားသောက်ခြင်းသည် ဆန္ဒမှလာသော အပြုအမူကောင်း ဖြစ်သည်။ သို့နှင့်တိုင် ခေတ်သစ်ဘောဂဗေဒပညာက ဤအချက်များကို ထည့်မတွက်ပါ။ လူကို စီးပွားရေးသတ္တဝါအဖြစ်သာ မြင်ပြီး ဖလှယ်မှုရှုထောင့်တစ်ခုတည်းမှ ကြည့်မြင်ပါသည်။ စင်စစ် လူသည် လောဘ၊ ဒေါသ၊ မောဟတို့ဖြင့် ကင်းနိုင်ခဲ့သည်ဖြစ်ရာ ကျင့်ဝတ်ဆိုင်ရာ မျက်နှာစာ၏ အကူအညီမပါဘဲ ပြဿနာပြေလည်နိုင်ဖို့ လွယ်လိမ့်မည် မဟုတ်ပါ။ ဤသည်မှာလည်း ခေတ်သစ်ဘောဂဗေဒပညာ၏ နောက်ထပ်အားနည်းချက်တစ်ခု ဖြစ်ပါသည်။


ခေတ်သစ်ဘောဂဗေဒပညာ (အထူးသဖြင့် ကျမ်းရိုးဟောင်းနှင့် ကျမ်းရိုးသစ်ဂိုဏ်း) က လူပုဂ္ဂိုလ်တစ်ဦးချင်းကို အခြေခံယူနစ်အဖြစ် စဉ်းစားကြသည်က များသည်။ လူသည် မိမိလိုအပ်ချက်၊ မိမိစိတ်ကျေနပ်ပျော်ရွှင်မှုအတွက် လွတ်လပ်စွာ စီးပွားရှာဖွေခွင့် ရှိရမည်ဟု ခံယူသည်။ စင်စစ် လူသည် လူမှုပတ်ဝန်းကျင် (လူ့အဖွဲ့အစည်း)၊ သဘာဝပတ်ဝန်းကျင်တို့နှင့် ကင်း၍ရသည်မဟုတ်ပါ။ လူ၊ လူမှုပတ်ဝန်းကျင်၊ သဘာဝပတ်ဝန်းကျင်ဆိုသော ကဏ္ဍသုံးရပ်လုံးကို ထည့်သွင်းစဉ်းစားလိုက်လျှင် လူပုဂ္ဂိုလ်တစ်ဦး၏ လွတ်လပ်မှုတွင် အကန့်အသတ်များ ရှိလာပါသည်။ ဤအကန့်အသတ်များကို လုပ်ပိုင်ခွင့် အာဏာတစ်ရပ်ရပ်နှင့် ချုပ်လိုက်လျှင် ငါ့မင်းငါ့ချင်း စနစ်ဆီသို့ ဦးတည်သွားနိုင်သော်လည်း ဒီအတိုင်းလွှတ်ထား၍လည်း မဖြစ်ပါ။ သို့အတွက် ကျင့်ဝတ်နှင့် ထိန်းညှိဖို့ လိုအပ်ပါသည်။

ဥပမာအနေနှင့် ရှေ့ပိုင်းတွင် ဆိုခဲ့ပြီးသော ဝီစကီတစ်ပုလင်း၏ အကျိုးဆက်များကို ပြန်လည်ဆန်းစစ်ကြည့်ပါမည်။ လူတစ်ယောက်အနေနှင့် အရက်သောက်သုံးမှုမှာ ကြီးကြီးမားမား အပြစ်ဆိုဖွယ် မရှိပါ။ သို့သော် အရက်မူး၍ ရမ်းကားတတ်သူဖြစ်လျှင်မူ သူ့ပတ်ဝန်းကျင်ကို ထိခိုက်ပါသည်။ အသောက်လွန်၍ ကျန်းမာရေးကို ထိခိုက်လျှင် ကျန်းမာရေးစရိတ်တက်ပါသည်။ (အနည်းဆုံး) အရက်နာကျ၍ အလုပ်ကောင်းကောင်း မလုပ်နိုင်လျှင် ထုတ်လုပ်ရေးကို ထိခိုက်ပါသည်။ လူပုဂ္ဂိုလ်တစ်ဦးချင်းနှင့် လူ့အဖွဲ့အစည်းတို့၏ အဆက်အစပ်ဖြစ်သည်။ လူတစ်ယောက်အနေနှင့် အရက်ချက်ရောင်းခြင်းမှာ ကောင်းရောင်းကောင်းဝယ်ဟု ဆိုနိုင်စရာ ရှိပါသည်။ သို့သော် သူ့အရက်ချက်စက်ရုံက လေထုညစ်ညမ်းမှုကို ဖြစ်စေနိုင်ပါသည်။ လူပုဂ္ဂိုလ်တစ်ဦးချင်းနှင့် သဘာဝပတ်ဝန်းကျင်တို့၏ အဆက်အစပ် ဖြစ်သည်။ ဤသို့ ဆက်စပ်နေသော အခင်းအကျင်းတွင် လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ အတ္တအကျိုးစီးပွားကို အဆုံးစွန်ထိ ကြိုးဖြည်လွှတ်သင့်၊ မလွှတ်သင့် စဉ်းစားကြဖို့ ဖြစ်ပါသည်။

ဗုဒ္ဓ၏အလိုအရ ကျင့်ဝတ်ဆိုသည်မှာ ချိန်ခွင်ပင် ဖြစ်သည်။ ဆန့်ကျင်ဘက် သဘောဆောင်နေသော အကျိုးစီးပွားများကို ပဋိပက္ခထိ မရောက်အောင် အတတ်နိုင်ဆုံး သမူဟဘောင်တွင် ထိန်းထားနိုင်ရန် ချိန်ညှိရသော ချိန်ခွင်လျှာ ဖြစ်ပါသည်။ စီးပွားရေးဆိုသည်မှာ လူ၊ လူမှုပတ်ဝန်းကျင်နှင့် သဘာဝပတ်ဝန်းကျင်တို့တွင် လှုပ်ရှားရသည်ဖြစ်ရာ ဤသုံးခုချိန်ခွင်လျှာမှန်ရေးကို မလွဲမသွေ ထည့်သွင်းစဉ်းစားရမည်သာ ဖြစ်ပါသည်။ ဤသဘောကို နောက်ပိုင်း ဘောဂဗေဒပညာရှင်များကိုယ်တိုင်က အသိအမှတ်ပြုစပြုလာနေပြီ ဖြစ်သည်။ ခေတ်သစ် ဂိမ်းသီအိုရီကညွှန်းသော 'သုညမဟုတ်ဂိမ်း' (Non-zero-sum-game) ဆိုသည်မှာလည်း အနှစ်သာရအားဖြင့် ဤသဘောပင် ဖြစ်ပါသည်။ စင်စစ် ဤသည်တို့မှာ လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ ကျော်က ဗုဒ္ဓမြတ်စွာ လမ်းညွှန်ပြခဲ့သော ကျင့်ဝတ်တန်ဖိုးများပင် ဖြစ်တော့သည်။

**ကျော်ဝင်း**

(ယခင်လမှ အဆက်)



# စီးပွားရေးလုပ်ငန်းသုံး ၃၆ ပါး စစ်ဗျူဟာကျမ်း

## (၂၂)

**လူထုစိန်ဝင်း**

**Shutting the Doors to Catch the Thief.**

### တံခါးတွေပိတ်ပြီး သူခိုးဖမ်းတဲ့ဗျူဟာ

အားနည်းတဲ့ရန်သူကို ချေမှုန်းဖို့ အကောင်းဆုံးနည်းလမ်းက ပထမဆုံး ဝိုင်းပတ် ပိတ်ဆို့ထားဖို့ ဖြစ်တယ်။ "ရန်သူထက် ဆယ်ဆတစ်ဆ အားသာနေရင် ဝိုင်းထားလိုက်"လို့ စစ်ပါရဂူ ဆွန်ကျိုက ဆိုခဲ့တယ်။ ယိကျင်းရဲ့ 'ပိုး' ကျမ်းအလိုအရလည်း အားနည်းပေမယ့် လျင်မြန်ဖျတ်လတ်တဲ့ရန်သူကို ထပ်ချပ်မကွာ လိုက်မတိုက်သင့်ဘူး။ ကိုယ့်တပ်ကို စစ်ပန်းစေတယ်လို့ ဆိုထားတယ်။

သူခိုးဖမ်းတဲ့အခါ အရင်ဆုံး ထွက်ပေါက်တွေအားလုံး ပိတ်ပစ်ရမယ်။ လုံအောင်ပိတ်မထားရင် သူခိုးက ထွက်ပေါက်ကိုရောက်ဖို့ ဇွတ်အားတင်းပြီး ပြန်တိုက်လိမ့်မယ်။ ထွက်ပေါက်မရှိတော့ဘူးဆိုတာ သိရင်တော့ တိုက်စိတ် လျော့သွားလိမ့်မယ်။ တိုက်စိတ်လျော့နေတဲ့ ရန်သူကို ဖမ်းရ ပိုပြီးလွယ်ကူတယ်။

သူခိုးဆိုတာက အားနည်းတဲ့ ရန်သူကို ဆိုလိုခြင်း ဖြစ်တယ်။ ရန်သူဟာ အားနည်းပေမယ်လို့ လျင်မြန်ဖျတ်လတ်နေဆဲဖြစ်ရင် လျှပ်တစ်ပြက် ချုံခိုတိုက်ခိုက်တာမျိုး လုပ်နိုင်စွမ်း ရှိနေတတ်တယ်။ ဒီလို ရန်သူမျိုးဟာ အင်မတန် လျင်မြန်ပြီး ခုမြင်ခုပျောက် လုပ်နိုင်စွမ်းတယ်။ အင်အားသေးငယ်ပေမယ်လို့ ကြီးမားတဲ့ အဖျက်စွမ်းအား ရှိနေတတ်တယ်။

ရေးနိုင်ငံရေး ပညာရှင်ကြီးတစ်ဦး

ဖြစ်တဲ့ 'ဂူချီ'က သူ့ကျမ်းစာတစ်အုပ်မှာ "ထွက်ပြေးတဲ့ရန်သူဟာ သေရမှာ မကြောက်တဲ့သူဖြစ်ရင် သူ့စွမ်းအားနဲ့ လူပေါင်းတစ်သောင်းလောက်ကို အန္တရာယ်ပေးနိုင်တယ်"လို့ ရေးထားခဲ့ဖူးတယ်။ သူ့ကိုချေမှုန်းဖို့ အကောင်းဆုံးနည်းလမ်းက သူ့ပြေးပေါက်အားလုံးကို ပိတ်ဆို့ထားခြင်းဖြစ်တယ်။ စစ်ပါရဂူဆွန်ကျိုကလည်း "ရန်သူကို သေမထူးနေမထူး အခြေအနေရောက်အောင် တွန်းမပို့ပါနဲ့"လို့ ဆိုခဲ့တယ်။

## နောက်ခံသမိုင်းကြောင်း

ထန်ခေတ်နိဂုံးပိုင်းမှာ နောက်ဆုံးမင်းဆက်တွေက ညံ့ဖျင်းကြတာကြောင့် တိုင်းပြည်မငြိမ်မသက်ဖြစ်ပြီး တိုင်းသူပြည်သားတွေ ဒုက္ခအမျိုးမျိုး ကြုံတွေ့ကြရတယ်။ ဆင်းရဲသားတွေ တောင်သူလယ်သမားတွေရဲ့ ပုန်ကန်မှုတွေ တစ်ခုပြီးတစ်ခုပေါ်ထွက်လာခဲ့တယ်။ အေဒီ ၈၇၅ ရောက်တော့ 'ထန်စီးကျုံး' ဘုရင်အုပ်စိုးနေတယ်။ အဲဒီအချိန်မှာ 'ဟွမ်ချောင်'ဆိုသူခေါင်းဆောင်တဲ့ ပုန်ကန်မှုကြီးဖြစ်ပြီး သူပုန်များက ချန်အန်းမြို့တော်ကို တိုက်ခိုက်သိမ်းပိုက်လိုက်ကြတယ်။ ထန်ဘုရင်နဲ့ နောက်ပါများ ထွက်ပြေးလွတ်မြောက်ပြီး ချိန်တူးမြို့မှာ စုရုံးကြတယ်။

အေဒီ ၈၈၁ ခုမှာ ဟွမ်ချောင်က ဗိုလ်ချုပ် 'စန်းရန်း'ကို တပ်မှူးခန့်ပြီး ဖုန်ရှန်းမြို့က တိုက်စေတယ်။ စန်းရန်းက ထန်ဘုရင့်တပ်ကို စစ်ရှုံးတပ်ဆိုပြီး အထင်သေး လျှော့တွက်ခဲ့မိတာကြောင့် အကြီးအကျယ် ရှုံးနိမ့်ခဲ့ရတယ်။ ထန်ဘုရင့်တပ်က ထပ်ချပ်မကွာ လိုက်လံတိုက်ခိုက်တာကြောင့် စန်းရန်းရဲ့တပ် သုတ်ခြေတင်ဆုတ်ပြေးခဲ့ရတယ်။ ချန်အန်းပြန်ရောက်ပြီးအခြေအနေအရပ်ရပ်ကို တင်ပြတော့ ဟွမ်ချောင်က မြို့တော်က ဆုတ်ပေးလိုက်ဖို့ ဆုံးဖြတ်လိုက်တယ်။ ချက်ချင်းပဲ ဟွမ်ချောင်ရဲ့တပ်ကြီး နန်းတော်ကို စွန့်ပြီး တောင်တန်းတွေဘက် ဆုတ်ခွာသွားကြတယ်။

ထန်ဘုရင့်တပ်တွေ ရောက်လာတော့ ခုခံသူမရှိတဲ့ မြို့ကြီးကို အလွယ်တကူ သိမ်းပိုက်မိကြတယ်။ စစ်နိုင်တပ်တို့ ထုံးစံအတိုင်း စစ်သားတွေဟာ မြို့ထဲရှိ အိမ်ကြီးအိမ်ကောင်းတွေကို ဝင်ရောက်လုယက်ကြ၊ မိန်းမပျိုတွေကို အနိုင်အထက်ပြုကြလုပ်ကြတော့တယ်။ ညဘက်ရောက်တော့ ဟွမ်ချောင်ရဲ့တပ်များ ရုတ်တရက်ပြန်ရောက်လာပြီး မြို့တံခါးအားလုံးကို ပိတ်ဆို့ထားလိုက်တယ်။ ပြီးတော့ မြို့တွင်းကိုဝင်ပြီး ရန်သူထန်ဘုရင့်တပ်တစ်ခုလုံးကို တိုက်ခိုက်ချေမှုန်းပစ်လိုက်ကြတယ်။ ဒီနည်းနဲ့ ဟွမ်ချောင်က ချန်အန်းမြို့တော်ကို အခိုင်အမာ ပြန်လည်သိမ်းပိုက် ရရှိသွားခဲ့ရတယ်။

## သုံးသပ်ချက်

ရန်သူက အင်အားချည့်နဲ့ပြီး စိတ်ဓာတ်ပျက်ပြားနေချိန်မှာ ဒီဗျူဟာက အင်မတန် သင့်တော်တယ်။ ဗျူဟာ ၁၆ မှာ ဖော်ပြခဲ့တဲ့ 'ရန်သူကို ပြန်ဖမ်းဖို့ လွှတ်ပေးလိုက်တဲ့ဗျူဟာ'နဲ့တော့ ဆန့်ကျင်ဘက်ဖြစ်တယ်။ ၁၆ မှာ ဖော်ပြခဲ့တာက ရန်သူဟာ အင်အားနည်းပေမယ့် ခေါင်းဆောင်ကောင်းရှိနေတဲ့အတွက် အလွယ်တကူ ထောင်ချောက်ထဲ အပိတ်ခံမှာ မဟုတ်တဲ့ အခြေအနေမျိုး ဖြစ်တယ်။ ဒီလို ရန်သူကို ထိပ်တိုက်ရင်ဆိုင်ခြင်းဟာ မမှန်ကန်ဘူး။ ရန်သူရဲ့ ခေါင်းဆောင်ကို ဥပါယ်တံမျဉ်နဲ့ သိမ်းသွင်းဖို့သာ ဆောင်ရွက်သင့်တယ်။

ဗျူဟာ ၂၂ ဖြစ်တဲ့ 'တံခါးပိတ်ပြီး သူခိုးဖမ်းတဲ့ဗျူဟာ'မှာတော့ ရန်သူဟာ လျင်မြန်ဖျတ်လတ်ပေမယ့် ခေါင်းဆောင်ကောင်း မရှိဘူး။ အင်အားလည်း ချည့်နဲ့နေတယ်။ ဒီလိုအခြေအနေမျိုးမှာတော့ အလွယ်တကူ ချေမှုန်းရရှိနိုင်တယ်။ ဒါကြောင့် ဝိုင်းပတ်ပိတ်ဆို့ပြီး တစ်ခါတည်းနဲ့ အပြီးအပိုင် ချေမှုန်းပစ်ဖို့ ဆိုခဲ့ခြင်း ဖြစ်တယ်။

## စီးပွားရေးလောက လက်တွေ့အသုံးချမှု

ဈေးကွက်ထဲမှာ ပြိုင်ဘက်ရဲ့ ထုတ်ကုန်နဲ့ အမှတ်တံဆိပ် (Brand)က ကိုယ့်ထက်အားနည်းနေတယ်ဆိုရင် ဒီလို ပြိုင်ဘက်ကို ထိပ်တိုက်ရင်ဆိုင်ပြီး ဈေးနှုန်းစစ်ပွဲဆင်နွှဲတာမျိုး၊ ပရိုမိုးရှင်းစစ်ပွဲ ဆင်နွှဲတာမျိုး လုပ်ဖို့မလိုဘူး။ ကိုယ့်ထုတ်ကုန်၊ ကိုယ့်အမှတ်တံဆိပ်အားနဲ့ဖိပြီး ဖြည်းဖြည်းချင်း ဖိဝိန်ချုပ်သွားအောင်သာ လုပ်ဆောင်သင့်တယ်။ နာမည်ကြီးကုမ္ပဏီကြီးတွေက ဖွံ့ဖြိုးဆဲနိုင်ငံ ဈေးကွက်ထဲ တိုးဝင်တဲ့အခါမှာ ဒီဗျူဟာကို ကျင့်သုံးလေ့ရှိကြတယ်။ သူတို့က ဈေးပေါပေါ ဒေသခံ ကုန်ပစ္စည်းတွေနဲ့ ဈေးနှုန်းစစ်ပွဲဆင်ပြီး ဝင်လေ့မရှိဘူး။ ကိုယ့်ပစ္စည်းရဲ့ အရည်အသွေး၊ လုပသေသပ်တဲ့ ထုပ်ပိုးမှုစနစ်၊ ကျွမ်းကျင်တဲ့ အရောင်းစနစ်တို့နဲ့သာ ဒေသခံပစ္စည်းတွေကို ဝင်တိုက်လေ့ရှိကြတယ်။ တရုတ်ပြည်ထဲကို နိုင်ငံခြားကုမ္ပဏီကြီးတွေရဲ့ လူသုံးကုန်ပစ္စည်းတွေ၊

**သူခိုးဖမ်းတဲ့အခါ အရင်ဆုံး ထွက်ပေါက်တွေအားလုံး ပိတ်ပစ်ရမယ်။ လုံအောင်ပိတ်မထားရင် သူခိုးက ထွက်ပေါက်ကိုရောက်ဖို့ ဇွတ်အားတင်းပြီး ပြန်တိုက်လိမ့်မယ်။ ထွက်ပေါက်မရှိတော့ဘူး ဆိုတာသိရင်တော့ တိုက်စိတ် လျှော့သွားလိမ့်မယ်။ တိုက်စိတ် လျှော့နေတဲ့ ရန်သူကို ဖမ်းရ ပိုပြီးလွယ်ကူတယ်။**



အချိုရည်တွေ၊ ဘီယာတွေ ဝင်ရောက်လာတော့ ဈေးကြီးကြီးတင်ပြီး ကြော်ငြာအားကောင်းကောင်းနဲ့ ရောင်းချကြတာ ဖြစ်တယ်။ ပြီးတော့ သူတို့ရဲ့ ပစ္စည်းကို ဒေသခံပစ္စည်းတွေကို ဒေသခံကုမ္ပဏီတွေက ဖြန့်ချိနိုင်တဲ့ ဈေးကွက်ထက် အဆပေါင်းများစွာ ပိုပြီးကျယ်အောင် ဖြန့်ချိခဲ့ကြတယ်။

ဒေသခံစီးပွားရေးလုပ်ငန်းရှင်တွေက နိုင်ငံခြားလုပ်ငန်းရှင်တွေရဲ့ ထိုးဖောက်မှုကို ကန့်သတ်ဖို့ တောင်းဆိုခဲ့ကြပေမယ့် မအောင်မြင်ခဲ့ကြဘူး။ မျိုးချစ်စိတ်တစ်ခုတည်း အခြေခံပြီး စီးပွားရေးလုပ်လို့ မဖြစ်ဘူးဆိုတာကို နောက်ပိုင်းကျမှ သဘောပေါက်သွားကြတယ်။ နိုင်ငံခြားကုမ္ပဏီကြီးတွေကို ယှဉ်ပြိုင်ဖို့၊ တိုင်းရင်းသားလုပ်ငန်းရှင်တွေဟာ ထုတ်ကုန်အရည်အသွေး မြင့်လာဖို့၊ ထုပ်ပိုးမှုနဲ့ ရောင်းချမှုစနစ်တွေ တိုးတက်ဖို့၊ ငွေရင်းငွေနှီး အင်အားကြီးမားအောင်လုပ်ဖို့ ဆောင်ရွက်သင့်ကြတယ်လို့ ဖြည်းဖြည်းချင်း သဘောပေါက် နားလည်သွားကြတယ်။

စင်ကာပူနိုင်ငံမှာ 'ရှဲ (Shell)' ရေနံကုမ္ပဏီကြီးလုပ်ကိုင်ပုံကို လေ့လာသင့်တယ်။ ရေနံ၊ ဓာတ်ဆီဈေးကွက်ဆိုတာက ကုမ္ပဏီကြီးတွေ အများအပြား ဝင်တိုးနေကြတဲ့ ဈေးကွက်ကြီး ဖြစ်တယ်။ စင်ကာပူမှာ ရှဲကုမ္ပဏီက ဈေးကွက်ရဲ့ ၄၀ ရာနှုန်းလောက် ရယူထားနိုင်ခဲ့တယ်။ အက်ဆိုတို့၊ ဘီပီတို့၊ ကားလ်တက်နဲ့ မိုဘီးလ်တို့လို ကုမ္ပဏီကြီးတွေက တစ်ဦးတစ်ဦးကို ၁၁ ရာခိုင်နှုန်းက ၁၇ ရာခိုင်နှုန်းကြားသာ ရယူနိုင်ခဲ့ကြတယ်။

ဓာတ်ဆီဝယ်တယ်ဆိုတာက 'တံဆိပ်' ကိုကြည့်ပြီး ဝယ်တာမျိုး မဟုတ်ဘူး။ 'အဆင်ပြေမှု' ကို ကြည့်ပြီး ဝယ်ကြတာ။ ကားမောင်းသွားရင်း ဓာတ်ဆီကုန်တော့မယ်ဆိုတဲ့အခါမှာ တံဆိပ်ကို ရှာတာထက် အနီးဆုံး ဓာတ်ဆီဆိုင်ကိုသာ ရှာကြတာ ဖြစ်တယ်။ အဲဒီလို အဆင်ပြေဆုံး အနီးဆုံးဖြစ်အောင် 'ရှဲ' က ဓာတ်ဆီဆိုင်တွေကို နေရာတိုင်းလိုလိုမှာ ရှိနေအောင် အထူး ဂရုစိုက်လုပ်ဆောင်ခဲ့တယ်။ အဲဒါကြောင့် စင်ကာပူမှာ ရှဲဓာတ်ဆီဆိုင်တွေက တခြား တံဆိပ်ဆိုင်တွေထက် နှစ်ဆမက ပိုပြီးများနေတယ်။ အဲဒါကြောင့် ရှဲက စင်ကာပူမှာ နံပါတ်(၁) နေရာရနေတာ ဖြစ်တယ်။ စင်ကာပူရဲ့ မြေဈေးအိမ်ဈေးက ကြီးလွန်းတာကြောင့် ရှဲကို အမီလိုက်ဖို့ ဘယ်သူမှ မတတ်နိုင်ခဲ့ကြဘူး။ ကုမ္ပဏီတချို့က ဈေးလျှော့ချပြီး ရောင်းတဲ့ဈေးနှုန်း စစ်ပွဲဆင်နွှဲဖို့ ကြိုးစားခဲ့ကြပေမယ့် ရေရှည်ဆွဲပြီး လုပ်နိုင်စွမ်း မရှိတာကြောင့် အောင်မြင်မှု မရခဲ့ကြဘူး။ ဒီနေ့ထိ ရှဲဟာ စင်ကာပူမှာ နံပါတ်(၁) နေရာမှာ ရှိနေဆဲ ဖြစ်တယ်။

ရေနံ၊ ဓာတ်ဆီဈေးကွက်မှာ ကျင့်သုံးတဲ့နည်းဗျူဟာကို နေရာတိုင်း အသုံးချပြီး အောင်မြင်တယ်လို့တော့ မဆိုနိုင်ပါဘူး။ လူသုံးကုန်ပစ္စည်းမျိုးစုံ လက်လီရောင်းချတဲ့ ဈေးကွက်ကြီးမှာတော့ ပြိုင်ဘက်မရှိ တစ်ဦးတည်း လက်ဝါးကြီးအုပ်ထားခြင်းဟာ မသင့်တော်ပါဘူး။ ဒေသခံစီးပွားရေးလုပ်ငန်းကလေးတွေနဲ့ ဒေသခံလူထုရဲ့ မုန်းတီးမှုကို ခံရတတ်ပါတယ်။

'ဓါးရိုးဆမ်း' ရလဒ်ဟာ စစ်တိုက်တဲ့နေရာမှာ သုံးလို့ကောင်းပေမယ့် စီးပွားရေးလုပ်ရာမှာတော့ မသုံးသင့်ပါဘူး။ တန်ပြန်ရိုက်ချက်ထိတတ်ပါတယ်။ ၁၉၉၇ ခုနှစ်က အင်ဒိုနီးရှားမှာ နိုင်ငံခြားစီးပွားရေးလုပ်ငန်းကြီးတွေကို ဆန့်ကျင်တဲ့ အဓိကရုဏ်းကြီးတွေ ဖြစ်ပေါ်လာပြီး နိုင်ငံခြားကုမ္ပဏီတွေ၊ ဆိုင်တွေ မီးရှို့ဖျက်ဆီးခံရတာကို သင်ခန်းစာယူသင့်ကြပါတယ်။

စီးပွားရေးလုပ်ငန်းမှာတော့ 'ရှဥ့်လည်းလျှောက်သာ ပျားလည်းစွဲသာ' ဖြစ်စေတဲ့ Win-Win ဗျူဟာကို လက်ကိုင်ပြုသင့်ကြပါတယ်။ ကိုယ့်လုပ်ငန်းကို တိုးချဲ့ရင်း ဒေသခံလူထုနဲ့ ဒေသခံစီးပွားရေးလုပ်ငန်းများပါ ဖွံ့ဖြိုးတိုးတက်လာအောင်လည်း ဆောင်ရွက်ပေးဖို့ လိုအပ်ကြောင်း သတိပေးလိုက်ပါတယ်။

**လူထုစိန်ဝင်း**

၅-၁၂-၂၀၀၄

■

(ယခင်လမှ အဆက်)



စင်တာဖီးမြို့မှ ရက်အင်ဒီးယန်း မြင်းစီးကြေးပန်းပုရုပ်

# ကျွန်တော် ပန်းချီကုန်သည်

## (၂၇)

ဦးလှဝင်း (လေသူရဲတစ်ဦး)

### ပိဿနိုးတင်ဝင်း

"၁၉၉၃ ခုနှစ်ရောက်တော့ ကျွန်တော့် ဘဝမှာ အပြောင်းအလဲတစ်ခု ရုတ်တရက်ဖြစ်ခဲ့တယ်"

"ဘာ အပြောင်းအလဲ လဲ"

"ပန်းချီဆရာတစ်ယောက်အနေနဲ့ အမေရိကန်ပြည်ထောင်စုကို အလည်အပတ်သွားရောက်ခွင့်ရခဲ့တာပဲ။ ဘယ်လိုရခဲ့တာလဲဆိုတော့...အဲဒီနှစ်အတွင်းမှာ ရန်ကုန်မှာရှိတဲ့ အမေရိကန်သံရုံးက ဦးစီးပြီး ပန်းချီနိုးနှော့ဖလှယ်ပွဲ...Work Shop တစ်ခုပြုလုပ်တယ်။ မြန်မာပန်းချီဆရာတွေကို ဖိတ်တယ်။ ကျွန်တော် သွားတက်တယ်။ အမေရိကန်ဘက်က ဘယ်သူတွေ ဦးဆောင်လဲဆိုတော့ ပန်းချီဆရာမ စူဆန်နဲ့ ပန်းပုဆရာ ရောဘတ်တို့ပဲ။ အနောက်တိုင်းပန်းချီအကြောင်း...မြန်မာပန်းချီအကြောင်းကို ဆွေးနွေးတယ်။ လက်တွေ့ ပန်းချီအတူ ဆွဲတယ်။ ဒီ Work Shop လုပ်နေတဲ့အချိန်မှာ မြန်မာပန်းချီဆရာတွေကို အမေရိကန်ပြည်ထောင်စုကို လွှတ်ဖို့ ရည်ရွယ်ချက် ရှိတယ်ဆိုတာကို ကျွန်တော်တို့ လုံးဝမသိဘူး။ နောက်မှ သိတာ...။ Work Shop ပြီးမှ သိတာ။ ပန်းချီဆရာထဲက ကျွန်တော်နဲ့ ကိုမင်းဝေအောင် အရွေးချယ်ခံရတယ်။ ပန်းပုဆရာကတော့ ကိုဆန်နီငြိမ်းပေါ့။ မြန်မာနိုင်ငံက စထွက်သွားတော့ ကျွန်တော်နဲ့ မင်းဝေအောင် နှစ်ယောက်ထဲ သွားတယ်။ ဝါရှင်တန်ဒီစီကို ရောက်မှ ကိုဆန်နီငြိမ်းက ကျွန်တော်တို့နဲ့ လာပေါင်းတယ်။ သူက ကြိုပြီးရောက်နေတယ် ဆိုပါတော့။ ကျွန်တော်တို့ရဲ့ လေ့လာရေးအစီအစဉ်က ဝါရှင်တန်ကပဲ စပါတယ်"

"ဘာတွေ လေ့လာရလဲ"

"ပုဂ္ဂလိကပန်းချီပြခန်းတွေ သွားကြည့်ဖို့... ပုဂ္ဂလိက ပန်းချီဆရာတွေနဲ့ တွေ့ဖို့ သူတို့ စီစဉ်ပေးတယ်"

"နိုင်ငံတော်ပိုင်ပြခန်းကြီးတွေ မပါဘူးလား"

"ပါပါတယ်။ ဒီလိုဗျာ...လေ့လာဖို့ အစီအစဉ်မှာ အားလုံး သုံးပိုင်းပိုင်းလိုက်တယ်။ နိုင်ငံတော်ပိုင် ပန်းချီပြခန်းကြီးတွေကို လေ့လာဖို့...နောက်...ပုဂ္ဂလိကပိုင် ပန်းချီပြခန်းကြီးတွေကို လေ့လာဖို့...နောက် အမေရိကန် ပုဂ္ဂလိက ပန်းချီဆရာတွေနဲ့



**Asian Art Museum (ဆန်ဖရန်စစ္စကို) စတိုခန်းတွင် သိမ်းဆည်းထားသော အာရှအနုပညာပစ္စည်းများ**

သူတို့ရဲ့ ပန်းချီဆွဲတဲ့အလုပ်ခန်း...(စတူဒီယို)တွေကို လေ့လာဖို့ပဲ။ ဝါရှင်တန်မှာပဲ လေ့လာချင်စရာ ပြတိုက်ကြီးတွေက အများကြီးခင်ဗျား။ ဒီနေရာမှာ ကျွန်တော်တို့ရခဲ့တဲ့...အခြား သာမန်ခရီးသည်တွေထက် သာခဲ့တဲ့ အခွင့်အရေးတစ်ရပ်က... ပြတိုက်တွေမှာ သိမ်းဆည်းထားတဲ့...အများပြည်သူကို ထုတ်မပြသေးတဲ့ အနုပညာပစ္စည်းတွေကိုလည်း ထုတ်ယူကြည့်ခွင့်ရတယ်။ ဓာတ်ပုံရိုက်ခွင့်ရတယ်။ ဒီအပိုင်းက ပိုပြီး အလွန်စိတ်ဝင်စားဖို့ ကောင်းတယ်ခင်ဗျား။ ဘာကြောင့်လဲဆိုတော့ ပြတိုက်တစ်ခုမှာ ပြထားတဲ့ပစ္စည်းတွေဆိုတာက သူတို့ ပြတိုက်တစ်ခုမှာ တကယ်ရှိတဲ့...သူတို့ တကယ်ပိုင်တဲ့ပစ္စည်းတွေရဲ့ သုံးပုံတစ်ပုံလောက်ပဲ ရှိတယ်”

“ကိုတင်ဝင်းတို့က တခြားလူတွေထက် ပိုပြီး ပြည့်ပြည့်စုံစုံ လေ့လာခွင့် မြင်ခွင့်ရခဲ့ကြတာပေါ့”

“မှန်ပါတယ်ခင်ဗျာ။ ဘယ်လို ထူးသွားသလဲဆိုတော့ ပြခန်းအရှေ့ပိုင်းကိုသာ မဟုတ်ဘူး။ ပြခန်းရဲ့ အနောက်ပိုင်းတွေကိုပါ ကြည့်ခွင့်ရတဲ့အတွက် ဥပမာ.. ပန်းချီကားကြီးတစ်ချပ်ကို ပြုပြင်နေတာမျိုးကို လက်တွေ့မြင်ခွင့်ရတယ်။ သူတို့စုတ်နေတဲ့ပန်းချီကားချပ်ဟောင်းတစ်ခုကို ဘယ်လို သိမ်းဆည်းတယ်။ ဘယ်လို ကိုင်တွယ်တယ်။ ဘယ်လို ပြုပြင်တယ်...ဆိုတာတွေကို လက်တွေ့ မြင်ခွင့်ရခဲ့တယ်။ အလွန်စိတ်ဝင်စားဖို့ ကောင်းတယ်။ ဥပမာ...ပန်းချီကားအပေါ်က ဆံချည်မျှင်လောက်ရှိတဲ့ အက်ကြောင်းလေးဟာ သူတို့သုံးတဲ့ မှန်ဘီလူးအောက်မှာ ကြည့်လိုက်တဲ့အခါ အလွန်ကြီးတဲ့ အက်ကြောင်းကြီးအဖြစ် မြင်ရတယ်။ အတွင်းပိုင်းမှာ သုံးထားတဲ့ ပန်းချီဆေးအထပ်ထပ်ကိုလည်း မြင်ရတယ်။ နောက်...ရှေးဟောင်းပစ္စည်းတွေကို သိမ်းဆည်းတဲ့ သိမ်းဆည်းပုံ...။ ဥပမာဆိုပါစို့...တရုတ်ပိုးအင်္ကျီဟောင်းလေးတစ်ထည်ကို ခေါက်သိမ်းလိုက်မယ်ဆိုရင်ပဲ အင်္ကျီကို ခေါက်မယ့်နေရာအားလုံးမှာ ရော်ဘာဖော့တုံးလေးတွေကို စနစ်တကျခံတယ်။ ခေါက်ရာမပေါ်အောင် မပျက်စီးသွားအောင်အတွက်ပေါ့။ မြန်မာတွေရဲ့ အနုပညာပစ္စည်းတွေဆိုရင်လည်း သူတို့ သိမ်းထားတာတွေ အများကြီးပဲ။ စားပွဲအံဆွဲကြီးတွေအထဲမှာ အထပ်လိုက်... အထပ်လိုက်ကို သိမ်းထားတယ်။ ရန်ကုန်ဈေးကွက်မှာ တစ်ခါတစ်ရံသာ တွေ့ရတတ်တဲ့ ရှေးခေတ်သုံးကျောက်ကွင်းတို့... ကြေးလက်နက်တို့ဆိုရင် ဟိုမှာ အများကြီး...။ ဘယ်ခေတ်က... သူတို့ ဘယ်လို ရထားကြလဲ မသိဘူး။ မယုံနိုင်စရာကောင်း

လောက်အောင်ကို သူတို့ စုဆောင်းထားတာကို တွေ့ရတယ်။ အလွန်ရှားပါးတဲ့ မြန်မာ့အနုပညာယဉ်ကျေးမှုပစ္စည်းတွေ… ဥပမာ…အန္တဂူ…"

"ဘာလဲဗျ…အန္တဂူဆိုတာ…"

"ပုဂံခေတ်လက်ရာဗျာ။ အန္တဂူဆိုတဲ့ ကျောက်နဲ့ ထုထားတဲ့ပန်းပု…။ ဗုဒ္ဓဝင်ရှစ်ခန်းကို ကျောက်တုံးပေါ်မှာ ထုထားတာ။ သေးသေးလေးပါ။ အမြင့် ၆ လက်မ အရွယ်လောက်ပဲ ရှိလိမ့်မယ်။ အလွန်လက်ရာမြောက်တဲ့ပစ္စည်း။ ဒီနေ့ ပုဂံပြတိုက်မှာ ဦးလှဝင်း ကြည့်ချင်ရင် သွားကြည့်လို့ ရနိုင်တယ်။ ဒီလို ရှားပါးတဲ့ အန္တဂူကို အမေရိကန်ပြည်ထောင်စုက ပြတိုက်တွေမှာ စုစုပေါင်း ကျွန်တော် ခြောက်ခု တွေ့ခဲ့တယ်။ ဘယ်လို အမေရိကန်ပြည်ထောင်စုကို ရောက်နေကြသလဲ မသိဘူး"

"ဗြိတိသျှကိုလိုနီခေတ်က ရောက်ကုန်ကြတာ ဖြစ်မှာပေါ့"

"ဖြစ်နိုင်ပါတယ်။ ဒီခေတ်မှာ လုံးဝ မြင်တွေ့ခွင့်ရနိုင်တဲ့ ပစ္စည်းတွေမှ မဟုတ်ဘဲ။ ဦးလှဝင်းတောင် ဒီပစ္စည်းရဲ့ နာမည်တောင် မကြားဖူးဘူး မဟုတ်လား"

"ဟုတ်ပါတယ်။ ဒီရှေးဟောင်းပစ္စည်းတွေကို ဓာတ်ပုံရိုက်ယူခဲ့တာတွေ ရှိလား။ ဓာတ်ပုံရိုက်ခွင့်ရော ပေးလား"

"တရားဝင်တော့ ဓာတ်ပုံရိုက်ခွင့် မပေးထားဘူး။ ဒါပေမယ့် ကျွန်တော်တို့ ဓာတ်ပုံရိုက်ကြတဲ့အခါကြတော့လည်း သူတို့ ဧည့်သည်တွေ ဖြစ်နေကြလို့လား မသိဘူး။ ဘာမှ မပြောဘူး။ ဒီတော့ ကျွန်တော်တို့ကလည်း အမှတ်တရ ရိုက်ယူခဲ့ကြတာပေါ့ဗျာ။ နောက်…သူတို့က သူတို့ပြတိုက်မှာရှိတဲ့ ပစ္စည်းတိုင်းရဲ့သမိုင်းကို စနစ်တကျ လေ့လာထားတယ်။ ပြုစုထားတယ်။ ဥပမာ…ပုဂံခေတ် ဆင်းတုဆိုပါတော့…ဆင်းတုလေးမှာ ပြုပြင်ထားတဲ့ နေရာရှိရင် ဘယ်ခေတ် ဘယ်အချိန်က ဘယ်နေရာကို ပြုပြင်ထားတယ်ဆိုပြီး



Asian Art Museum (ဆန်ဖရန်စစ္စကို) တွင် ပြသထားသော မြန်မာပြည်မှ ပုဂံခေတ်လက်ရာ အန္တဂူကျောက် ဗုဒ္ဓဝင်ရှစ်ခန်းပါ ဆင်းတုတော်

တိတိကျကျ မှတ်ချက်ရေးထားတဲ့ စနစ်ကျမှုမှာတော့ အလွန်အတုယူစရာတွေ အဖြစ် မြင်ရတယ်"

"မြို့တစ်မြို့လုံး ပန်းချီကားရောင်းတဲ့ဆိုင်တွေနဲ့ပဲ ပြည့်နေတယ်ဆိုတဲ့ မြို့ကိုရော ရောက်ခဲ့သေးလား"

"ရောက်ခဲ့တာပေါ့ဗျာ။ အဲဒီမြို့ နာမည်က စင်တာဖီးတဲ့။ စင်တာဖီးမြို့က အမေရိကန်ပြည်ထောင်စုရဲ့ မူလ တိုင်းရင်းသားတွေ နေခဲ့ကြတဲ့နေရာ…။ အမေရိကန် …ကောင်းဘွိုင်ရုပ်ရှင်တွေအထဲက လူရိုင်းတွေ အခြေချနေထိုင်ခဲ့ကြတဲ့နေရာ…။ ဒီမြို့က အဆောက်အအုံတွေကလည်း နယူးရော့ခ်မြို့မှာလို အမြင့် မရှိဘူး။ အိမ်တွေက ရွှံ့နဲ့လုပ်ထားတဲ့ အိမ်မျိုးတွေလို နိမ့်နိမ့်လေးတွေ။ အလွန်စိတ်ဝင်စားဖို့ကောင်းတယ်။ ဟိုတယ်ဆိုရင်လည်း နိမ့်နိမ့်လေးတွေပဲ။ အမြင့်ဆုံးဟိုတယ်ဆိုတာ နှစ်ထပ်…သုံးထပ်ပဲ။ အဲဒီမြို့မှာ ပုဂ္ဂလိက ပန်းချီပြတိုက်… Gallery ကြီးပဲ နှစ်ရာ

လောက် ရှိတယ်။ အဲဒီမြို့ရောက်မှပဲ... ကျွန်တော်ရော ကိုမင်းဝေအောင်ပါ... ပန်းချီပြခန်းဆိုတာ စနစ်တကျလုပ်ဖို့ လိုတယ်။ အဆောက်အအုံ ကြီးစရာ မလိုဘူး။ တချို့ပြတိုက်လေးတွေက သေးသေးလေးပဲ။ စနစ်တကျလုပ်တတ်ရင် လှတယ်။ သပ်သပ်ရပ်ရပ် ရှိနိုင်တယ်။ တို့တိုင်းပြည် ပြန်ရောက်ရင် တို့ ပြန်ကြိုးစားကြဦးမှလို့ ဆုံးဖြတ်ကြတယ်။ သဘောပေါက်ကြတယ်။ တိုင်းရင်းသားအနုပညာပစ္စည်းတွေရဲ့ တန်ဖိုးရှိပုံကိုလည်း အဲဒီမြို့ရောက်မှပဲ သဘောပေါက်တယ်။ လူနီ လူရိုင်းတွေရဲ့ အိုးတွေ... ပုတီးတွေ... နောက်... သူတို့ရဲ့ ရိုးရာပစ္စည်းအမျိုးမျိုးတွေဆိုပါတော့...စနစ်တကျ ပြသထားပုံ...ရောင်းဝယ်နေကြပုံတွေက အလွန်စိတ်ဝင်စားဖို့ကောင်းပါတယ်"

"သူတို့ဆီက ပန်းချီအရောင်းဆိုင်မှာ ပန်းပုရော ရောင်းလား"

"ရောရောင်းတဲ့ဆိုင်လည်း ရှိတယ်။ သီးသန့်ရောင်းတဲ့ဆိုင်တွေလည်း ရှိတယ်။ အမျိုးမျိုးရောင်းနေကြတာပဲ။ ကျွန်တော် သတိထားမိခဲ့သလောက် ဒီ စင်တာဖီးမြို့က ခရီးသည်အမျိုးမျိုးကို လာချင်အောင် ဖိတ်ခေါ်ထားတဲ့မြို့။ ကမ္ဘာလှည့်ခရီးသည်တွေသာ မဟုတ်ဘူး။ အမေရိကန်လူမျိုး...ဒေသခံတွေလည်း လာလည်နေကြတာပဲ"

"စင်တာဖီးမြို့မှာ လူနီ လူရိုင်းပန်းချီဆရာ...ပန်းပုဆရာတွေရော ရှိလား"

"သိပ်ရှိတာပေါ့။ ကျွန်တော်တို့အဖွဲ့ကို အဲဒီမြို့လေးကို ပို့လွှတ်ပေးတဲ့ ရည်ရွယ်ချက်ကိုကလည်း ဒေသခံ လူနီပန်းချီဆရာ၊ ပန်းပုဆရာတွေရဲ့ ဘဝနဲ့ ထိတွေ့ခွင့်ရစေလိုလို့ပဲ။ တွေ့လည်းတွေ့ခွင့်ရခဲ့ပါတယ်။ ကျွန်တော်တို့ သွားတွေ့ခဲ့တဲ့ လူနီပန်းချီဆရာဆိုရင်... မြို့ထဲမှာ မနေဘူး။ မြို့ပြင် ငါးမိုင်လောက် အဝေးမှာရှိတဲ့ တောင်စောင်းလေးမှာ ရှေးခေတ်က လူနီ လူရိုင်းတွေ နေခဲ့ကြသလိုပဲ သီးသန့်

**သူတို့ဆီမှာ ပန်းချီဆရာ...ပန်းပုဆရာတွေရဲ့ ဘဝကို ဥပဒေအရကို ကာကွယ်စောင့်ရှောက်ထားပါတယ်။**

အိမ်တစ်လုံးနဲ့ နေတယ်။ တစ်ယောက်ထဲနေတယ်။ ဒါပေမယ့် သူ့မှာ အီးမေးလ်တို့...ဖက်စ်တို့ အစုံရှိနေတဲ့အတွက် သူ တစ်ကမ္ဘာလုံးနဲ့ ဆက်သွယ်လို့ရတယ်။ ဘယ်အချိန်...ဘယ်မြို့...ဘယ်နိုင်ငံမှာ ပြပွဲလုပ်မယ်ဆိုတာတွေကို သူ့အိမ်ငယ်လေးမှာ အေးအေးဆေးဆေးနေရင်း စီစဉ်လို့ရတယ်"

"ကိုတင်ဝင်းတို့က အမေရိကန်ပြည်ထောင်စုအနှံ့ကို ရောက်ခဲ့ကြတာလား"

"အနှံ့တော့ မဟုတ်ပါဘူး။ တော်တော်တော့ စုံပါတယ်။ ပထမဆုံး ဝါရှင်တန်ဒီစီ...နောက်...ဖီလဒီပီးယား...နောက်...နယူးရှော့ခ်...နောက်...ကင်ဆက်စစ်တီး...။ နောက်...စင်တာဖီး...။ နောက်...လော့စ်အင်ဂျလိ...။ နောက်...ဆန်ဖရန်စစ်စကို...။ ဆန်ဖရန်စစ်စကိုကနေပြီး မြန်မာပြည် ပြန်လာခဲ့တာပဲ"

"ဒီခရီးစဉ်ကို ပို့လွှတ်လိုက်တဲ့ ရည်ရွယ်ချက်က ဘာဖြစ်လိမ့်မယ်ထင်လဲ"

"အမေရိကန်လူမျိုး ပန်းချီဆရာတွေရဲ့ ဘဝနဲ့ သူတို့ရဲ့ အနုပညာကို သိအောင်အတွက်လို့ပဲ ထင်တာပဲ"

"သိခွင့်ရော ရလား"

"ရပါတယ်။ သူတို့ဆီမှာ ပန်းချီဆရာ...ပန်းပုဆရာတွေရဲ့ဘဝကို ဥပဒေအရကို ကာကွယ်စောင့်ရှောက်ထားပါတယ်။ ဘယ်လို ကာကွယ်စောင့်ရှောက်ထားသလဲဆိုတော့... ဥပမာအဖြစ် ကျွန်တော် ပြောပြပါမယ်။ ကင်ဆက်စစ်တီးမှာ ဘာဥပဒေထုတ်ထားသလဲဆိုတော့ အစိုးရပိုင် အဆောက်အအုံတိုင်း၊ ရုံးတိုင်းမှာ ပန်းပုရုပ်တုတစ်ခု... ပန်းချီကားတစ်ကား ရှိရမယ်။ သူတို့ ရှင်းပြတာက... အဆောက်အအုံကို စဆောက်ကတည်းက ကုန်ကျမယ့် စရိတ်ရဲ့ တစ်ရာခိုင်နှုန်းကို အနုပညာပစ္စည်းတစ်ခုအတွက် သုံးကိုသုံးရမယ်။ ဥပမာ... ဒေါ်လာတစ်သန်းတန် အစိုးရအဆောက်အအုံတစ်ခုဆောက်ရင် ပန်းပုနဲ့ ပန်းချီကားဝယ်ဖို့အတွက်က ဒေါ်လာ တစ်သောင်းပေါ့။ ဒီလို အတိအကျ သတ်မှတ်ထားပေးတယ်။ တစ်ရာခိုင်နှုန်းဆိုတော့ သုံးရတဲ့ ငွေနအနေနဲ့လည်း မများဘူး။ မိမိလူမျိုး အနုပညာသည်အတွက်လည်း အကျိုးခံစားခွင့်ရှိသွားတာပေါ့"

"ဒီနေရာမှာ ကျွန်တော် မေးခွန်းတစ်ခု မေးချင်ပါတယ်။ အမေရိကန်ပန်းချီဆရာတွေရဲ့ ယေဘုယျဘဝက ဘယ်လိုရှိတယ်လို့ မြင်လဲ"

"အားလုံး ရုန်းကန်နေရတာပဲ။ ဥပမာ...နယူးရှော့ခ်မြို့...။ ဒီမြို့က ပန်းချီဆရာ အများဆုံးရှိတဲ့မြို့။ ဒီမြို့မှာ ပန်းချီဆရာ ငါးထောင်ရှိတယ် ဆိုပါတော့...။ အောင်မြင်တဲ့ပုဂ္ဂိုလ်က ၂၀ လောက်ပဲ ရှိပါတယ်။ ကျန်တာတွေက အောင်မြင်မှုအတွက် ရုန်းကန်နေရပါတယ်။ မြန်မာနိုင်ငံမှာလိုပါပဲ"

"အမေရိကန်ပြည်ထောင်စုကို လေ့လာခွင့်သွားခဲ့ရတဲ့အတွက် မိမိအတွက် ဘယ်လိုအကျိုးရှိခဲ့လဲ"

"ပန်းချီစီးပွားအလုပ်ကို ပိုပြီး စိတ်ဝင်စားလာတယ်။ ပန်းချီစီးပွားအလုပ်ကိုပဲ ဇောက်ချလုပ်တော့မယ်လို့ ဆုံးဖြတ်ခဲ့ပါတယ်။ မြန်မာပြည် ပြန်ရောက်တာနဲ့ ရွှေချည်ထိုး အရောင်းအဝယ်အလုပ်ကို မလုပ်တော့ဘူး။ ရပ်ပစ်လိုက်ပြီး... ဒီနေ့ ဗိဿနိုး ပန်းချီပြခန်း အဆောက်အအုံသစ်ကို ဆောက်တယ်။ ပန်းချီစီးပွားအလုပ်တွေနဲ့ပဲ ပျော်မွေ့နေတော့တယ်။ ပန်းချီအပေါ် စိတ်ဝင်စားမှုတွေဟာ အရင်ကထက် အများကြီး ပိုလာခဲ့တယ်လို့ ဆိုပါတော့"

(ဆက်လက်ဖော်ပြပါမည်)

**ဦးလှဝင်း(လေသူရဲတစ်ဦး)**